(၇၅)နှစ်မြောက်

# မြန်မာနိုင်ငံကြက်ခြေနီအသင်း



# စိန်ရတုအထိမ်းအမှတ်မဂ္ဂဇင်း

၁၉၃၉– ၂၀၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ

## မြန်မာနိုင်ငံကြက်ခြေနီအသင်း နာယက ဦးသိန်းစိန်



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ
## မြန်မာနိုင်ငံကြက်ခြေနီအသင်း နာယက ဦးသိန်းစိန်ထံမှ
## မြန်မာနိုင်ငံကြက်ခြေနီအသင်း (၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ်သို့ပေးပို့သည့်

## သဝဏ်လွှာ

မြန်မာလူမျိုးတို့၏ ပင်ကိုယ်စရိုက်ဖြစ်သော ကြင်နာသနားစိတ်၊ ရိုင်းပင်းကူညီလိုစိတ်၊ ထောက်ပံ့ပေးကမ်းလိုစိတ်တို့သည် မြန်မာမှုနယ်ပယ်တွင် ရေးအစဉ်အဆက်ကပင် ကိန်းအောင်းလျက်ရှိနေခဲ့သည်။ လူသားချင်းစာနာထောက်ထားမှုဆိုသည့် ကရုဏာတရားသည် မြန်မာလူမျိုးတို့အတွက် အထူးတလည်မဟုတ်ဘဲ လူမှုပတ်ဝန်းကျင်အတွင်း နေ့စဉ်လုပ်ဆောင်နေကျသော လူမှုဝတ္တရားများအဖြစ်ရှိနေခဲ့သည်။ အဆိုပါလုပ်ဆောင်မှုများသည် ယနေ့ကမ္ဘာတွင် ရေပန်းစားနေသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လူမှုကရုဏာလုပ်ငန်းများပင်ဖြစ်သည်။

မြန်မာနိုင်ငံအတွင်း လူမှုကရုဏာလုပ်ငန်းများကို စနစ်တကျလုပ်ကိုင်နိုင်စေရန်၊ နိုင်ငံတော်က မြန်မာနိုင်ငံကြက်ခြေနီအသင်း အက်ဥပဒေကို ပြဋ္ဌာန်းပေးခဲ့သည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် နိုင်ငံတကာကြက်ခြေနီလှုပ်ရှားမှုတွင် အမျိုးသားကြက်ခြေနီအသင်း တစ်သင်းအဖြစ် ရပ်တည်ခဲ့ပြီး၊ မြန်မာနိုင်ငံသည်လည်း အမျိုးသားကြက်ခြေနီအသင်းဝင် နိုင်ငံတစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် လူမှုကရုဏာလုပ်ငန်းများကိုဆောင်ရွက်ရာတွင် နိုင်ငံတော်၏ အရံအင်အားအဖြစ် ရပ်တည်ပြီး၊ လူမှုရေး၊ ကျန်းမာရေး၊ ကယ်ဆယ်ရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်နေသည့်အပြင်၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင်လည်း တစ်တပ်တအားပါဝင်ကူညီလျက်ရှိကြသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် စေတနာ့ဝန်ထမ်းလုပ်အားရှင်များကို အခြေခံကာဖွဲ့စည်းထားသောအသင်းဖြစ်သလို၊ လူထု လူတန်းစားအလွှာစုံပါဝင်သော လူမှုကရုဏာအသင်းလည်းဖြစ်သည်။ ပြည်သူလူထု အကျိုးအတွက် ပြည်သူလူထု ပူးပေါင်းပါဝင်လိုသော အသင်းတစ်သင်းဖြစ်စေရန်နှင့် လူမှုကရုဏာလုပ်ငန်းများကိုစိတ်ပါဝင်စားကာ ပူးပေါင်းပါဝင်လိုသူများကို ကျယ်ကျယ်ပြန့်ပြန့်စည်းရုံးကာ ဖွဲ့စည်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် လူမှုကရုဏာလုပ်ငန်းများတွင် မျိုးဆက်သစ်လူငယ်မောင်မယ်များ ပါဝင်လာစေရန်နှင့် လူငယ်များအား လူမှုဝန်ထမ်းစိတ်ဓာတ်များ ကိန်းအောင်းလာစေရေး ပြုစုပျိုးထောင်ပေးရန်လိုအပ်မည်ဖြစ်သည်။ ထို့အပြင် အမျိုးသမီးများလည်း အမျိုးသားများနှင့်တန်းတူပါဝင်လာရေးကိုလည်း အလေးထားဆောင်ရွက်ရမည်ဖြစ်သည်။ လူသားချင်းစာနာထောက်ထားမှုကို အလေးထား ဆောင်ရွက်ခြင်းဖြင့်၊ လူမှုပတ်ဝန်းကျင်နှင့် လူမှုအသိုက်အဝန်းအတွင်း ထိခိုက်နစ်နာစေမှု လျော့ပါးရေးကိုလည်း အလေးထားဆောင်ရွက်သွားရန် တိုက်တွန်းလိုပါသည်။

မြန်မာနိုင်ငံအတွင်း လူမှုကရုဏာလုပ်ငန်းများကို အစဉ်တစ်စိုက်လုပ်ဆောင်လျက်ရှိနေသော မြန်မာနိုင်ငံကြက်ခြေနီ အသင်းသည် အမျိုးသားကြက်ခြေနီအသင်းအဖြစ် နိုင်ငံတကာအလယ်တွင် မားမားမတ်မတ်အသိအမှတ်ပြုရပ်တည်ခဲ့သည်မှာ (၇၅) နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ အဆိုပါ (၇၅) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများသည် နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းစေခဲ့သလို၊ ဆက်လက်ဆောင်ရွက်ပေးရမည့် လူမှုကရုဏာလုပ်ငန်းများကိုလည်း နောင်နှစ်ပေါင်းများစွာတိုင် ဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်း စကားပါးလိုက်ရပါသည်။

## ဒေါက်တာသန်းအောင် ပြည်ထောင်စုဝန်ကြီး ကျန်းမာရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံကြက်ခြေနီအသင်း (၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ်သို့ပေးပို့သည့်

## သဝဏ်လွှာ



မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ (၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အခါသမယတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဝန်ထမ်းများနှင့် စေတနာလုပ်အားရှင်များအားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် နိုင်ငံတော်၏ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာန၏ အရံအင်အားအဖြစ် ခေတ်အဆက်ဆက်ဆောင်ရွက်ပေးခဲ့သည်ကို မှတ်တမ်းတင်ဂုဏ်ပြုရမည်ဖြစ်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံအတွင်း ဖြစ်ပွားခဲ့သော သဘာဝဘေးအန္တရာယ်များ၊ ပဋိပက္ခဖြစ်ပွားမှုများ၊ ကူးစက်ရောဂါကျရောက်မှုများတွင် ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ကြက်ခြေနီမောင်မယ်များအနေဖြင့်ကူညီဆောင်ရွက်ပေးနေကြသည်ကိုတွေ့မြင်နေရပါသည်။ အဆိုပါဆောင်ရွက်မှုများသည် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ **ဆင်းရဲဒုက္ခနည်းပါးသက်သာစေရန်** ဟူသည့်ရည်ရွယ်ချက်ကိုအောင်မြင်စေရန် အကောင်အထည်ဖော်သည့်လုပ်ငန်းများဖြစ်သလို၊ ကျန်မာရေးမြှင့်တင်ရေး၊ ရောဂါဘေးတားဆီးရေးစသည့် ကျန်းမာရေးအထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိနေကြခြင်းပင်ဖြစ်ပါသည်။

ယင်းလုပ်ငန်းများသည် ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ပြည်သူ့ကျန်းမာရေးစီမံကိန်းလုပ်ငန်းများကို အထောက်အကူပြုလျက်ရှိသည့်အတွက် အထူးပင်နှစ်ထောင်းအားရဖြစ်ရပါသည်။ ဆက်လက်၍ နှစ်ပေါင်း ၇၅ နှစ်မှသည် နောင်ရာစုနှစ်များထိတိုင် ပြည်သူလူထု၏အကျိုးကို သယ်ပိုးဆောင်ရွက်ကြမည့် လူမှုကရုဏာအဖွဲ့အစည်းကြီးအဖြစ် ရပ်တည်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းလိုက်ရပါသည်။

## မြန်မာနိုင်ငံကြက်ခြေနီအသင်း (၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ်
## မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာသာလှရွှေ ၏

## ဥယျောဇဉ်



မြန်မာနိုင်ငံကြက်ခြေနီအသင်း (၇၅) နှစ်မြောက်အခါသမယတွင် မြန်မာနိုင်ငံအတွင်းရှိ ကြက်ခြေနီအသင်းဝင်များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များနှင့် စေတနာလုပ်အားရှင်များအားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် စေတနာလုပ်အားရှင်များကိုအခြေခံ၍ နိုင်ငံတော်အတွင်း လူမှုကရုဏာလုပ်ငန်းများကို ဆောင်ရွက်လာခဲ့သည်မှာ စိန်ရတုနှစ်တိုင်ခဲ့ပြီဖြစ်သည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ဆင်းရဲဒုက္ခနည်းပါးသက်သာစေရန် ဟူသည့် ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျန်းမာရေးမြင့်တင်ရန်၊ ရောဂါဘေးတားဆီးရန်နှင့် ဘေးဒုက္ခကျရောက် သူများအားကူညီရန် ဟူသည့် လုပ်ငန်းစဉ် (၃) ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ဘေးဒုက္ခကျရောက်လွယ်သူများအတွက် အများပြည်သူတို့ကိုယ်တိုင်ပါဝင်ဆောင်ရွက်သည့် လူမှုကရုဏာလုပ်ငန်းများကို အချိန်ခါမရွေးလုပ်ဆောင်နိုင်သော အင်အားရှိသည့် အဖွဲ့အစည်းဖြစ်လာစေရန် ဆိုသည့် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ မျှော်မှန်းချက်ကို အလေးထားရန် လိုအပ်မည်ဖြစ်ပါသည်။

ထို့အပြင် မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် နိုင်ငံတစ်ဝန်းရှိ ကြက်ခြေနီစေတနာလုပ်အားရှင်များ၏ စွမ်းပကားဖြင့် အန္တရာယ်ကျရောက်လွယ်သူများ၏ လူမှုအဖွဲ့အစည်းအတွင်း၌လည်းကောင်း၊ တစ်ဦးချင်းအတွက်လည်းကောင်း၊ ကျန်းမာရေးမြင့်တင်ရန်နှင့် ဘေးအန္တရာယ်ကင်းဝေးသော ပတ်ဝန်းကျင်ထူထောင်ရန် ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ပါသည်။ ဘေးဒုက္ခကျရောက်နေချိန်တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ဘေးဒုက္ခကျရောက်နေသူများအား ၄င်းတို့၏ ပုံမှန်ဘဝအမြန်ဆုံး ပြန်လည်ရောက်ရှိစေရန် ကူညီဆောင်ရွက်မည် ဆိုသည့် ရည်ရွယ်ချက်များအတိုင်း လုပ်ငန်းဆောင်ရွက်ချက်များအတိုင်း လုပ်ဆောင်သွားကြရန်လည်း တိုက်တွန်းလိုပါသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ခေတ်ကာလအဆက်ဆက်တွင် နိုင်ငံနှင့် နိုင်ငံသားတို့အတွက် လူမှုကရုဏာလုပ်ငန်းများကို အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့ပါသည်။ ထိုသို့လုပ်ဆောင်ရာတွင် ပြည်သူလူထုအတွင်းမှ စေတနာလုပ်အားရှင်များ၏ အင်အားနှင့်လုပ်အားကိုရယူကာ ကယ်ဆယ်ရေးလုပ်ငန်းများ၊ ကျန်းမာရေးလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အားတက်သရော လုပ်ဆောင်နိုင်ခဲ့ပါသည်။ သို့အတွက် မြန်မာနိုင်ငံကြက်ခြေနီ အသင်း၏ လှုပ်ရှားမှုများသည် သမိုင်းဝင်မှတ်တမ်းများအဖြစ် ရှိနေခဲ့ပါသည်။ ဆက်လက်၍ နိုင်ငံနှင့်လူမျိုးအတွက်အကျိုးပြုနိုင်မည့် လူမှုကရုဏာလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နိုင်ကြရန် တိုက်တွန်းလိုက်ရပါသည်။

သို့

အမျိုးသားကြက်ခြေနီအသင်းများ၏ ဗဟိုကော်မတီများ၊ ဂုဏ်သရေရှိလူကြီးမင်းများ ခင်ဗျား

အပြည်ပြည်ဆိုင်ရာကြက်ခြေနီက မြန်မာနိုင်ငံကြက်ခြေနီအသင်းအား တရားဝင်အသိအမှတ်ပြုကြောင်းကို ကျွန်ုပ်တို့ ဂုဏ်ယူစွာဖြင့် အကြောင်းကြားအပ်ပါသည်။

ဗြိတိသျှအင်ပါယာ၏ ပင်လယ်ရပ်ခြားနယ်မြေတစ်ခုအနေဖြင့် ဖွဲ့စည်းတည်ထောင်ရန် မြန်မာနိုင်ငံသည် ၁၉၃၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် အိန္ဒိယနိုင်ငံမှ ခွဲထွက်သည်ဟု ကျွန်ုပ်တို့သိရှိခဲ့ပါသည်။ ယင်းသတင်း၏ရလဒ်အနေဖြင့် ဘုရင်မကြီး၏အစိုးရက မြန်မာနိုင်ငံသည် ဂျိနီဗာသဘောတူညီချက် (၁၉၂၉ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့)နှင့် ပါဝင်သက်ဆိုင်သည့်နိုင်ငံအဖြစ်ယူဆပါသည်။ အဘယ့်ကြောင့်ဆိုသော် ဗြိတိန်နိုင်ငံသည် စစ်မြေပြင်ရှိတပ်ဖွဲ့များမှ ဒဏ်ရာရသူများနှင့်ဖျားနာသူများ၏အခြေအနေကို ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ဤဂျိနီဗာသဘောတူညီချက်ကို လက်မှတ်ရေးထိုးအတည်ပြုခဲ့သည်။

အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံကြက်ခြေနီဌာနစိတ်ကို ၁၉၃၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် တရားဝင်ဖျက်သိမ်းခဲ့သည်။ ဤလွတ်လပ်သော အမျိုးသားအသင်းကို မြန်မာနိုင်ငံမှတစ်ခုတည်းသော ကြက်ခြေနီအသင်းအဖြစ် မြန်မာနိုင်ငံအစိုးရက တရားဝင်အသိအမှတ်ပြုခဲ့သည်။ ယခင်ကြက်ခြေနီဌာနစိတ်မှအဖွဲ့ဝင်များ ဆန္ဒရှိပါက ဤအဖွဲ့တွင်ဆက်လက်ပါဝင်နိုင်ပါသည်။ ဗြိတိန်ဘုရင်မကြီး၏ အစိုးရကလည်း မြန်မာနိုင်ငံကြက်ခြေနီအသင်းကို တရားဝင်အသိအမှတ်ပြုပြီး ဗြိတိသျှစစ်တပ်၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အကူအညီပေးရန် အသင်းကိုခွင့်ပြုချက်ပေးခဲ့သည်။

၁၉၃၈ ခုနှစ်ကတည်းကရရှိခဲ့သည့် အဆင့်အတန်းနှင့်အညီ မြန်မာနိုင်ငံကြက်ခြေနီအသင်းကထားရှိသည့် ရည်ရွယ်ချက်မှာ စစ်တပ်မှ ဒဏ်ရာရသူများနှင့် ဖျားနာသူများအားပြုစုပေးခြင်း၊ အဆုပ်ရောဂါတိုက်ဖျက်ရေး၊ ကလေးသူငယ်များအား ကူညီစောင့်ရှောက်ရေး ဆေးရုံများအားကူညီရေးနှင့် မိလ္လာနှင့်ရေဆိုးစွန့်ပစ်စနစ်ကောင်းမွန်ရေးစသည်တို့ဖြစ်သည်။

ဂျိနီဗာသဘောတူညီချက်တွင်ပါဝင်သောမူများနှင့် ၁၈၆၃ ခုနှစ်တွင်ကျင်းပသည့် ဂျိနီဗာညီလာခံ၏ ဆုံးဖြတ်ချက်များအရ ဖွဲ့စည်းထားသော ဤအသင်းသည် ယင်း၏လုပ်ငန်းများကို မြန်မာနိုင်ငံနယ်နမိတ်ထဲတွင် ကျယ်ပြန့်စွာလုပ်ကိုင်ဆောင်ရွက်မည်ဖြစ်ပြီး အမျိုးသားကြက်ခြေနီအသင်းများကို ညီညွတ်မှုရှိစေရန် ကျင့်ဝတ်ပိုင်းဆိုင်ရာ အခြေခံမူများကို လိုက်နာကျင့်သုံးမည်ဖြစ်သည်။

အသင်း၏ ဥက္ကဋ္ဌမှာ ဥပဒေပြဋ္ဌာန်းချက်အရ မြန်မာနိုင်ငံ၏ဘုရင်ခံဖြစ်ပြီး၊ ၄င်း၏ ဒု–ဥက္ကဋ္ဌမှာ ပြည်သူ့ကျန်းမာရေးဝန်ကြီး ဖြစ်သည်။ အတွင်းရေးမှူးမှာ ဒေါက်တာဂျေအေအန်ကလဲစရီယာ (စီတီအိတ်ချ်၊ အမ်ဘီဘီအက်စ်၊ ဒီပီအိတ်ချ်)နှင့် ဘဏ္ဍာရေးမှူးမှာ အမ်အေဒဗလျူကာမရွန်ဖြစ်သည်။ အသင်း၏ဌာနချုပ်မှာ ရန်ကုန်မြို့တွင်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီအနေဖြင့် ယခုအသစ်ဖွဲ့စည်းလိုက်သည့် ကြက်ခြေနီအသင်းကို အသိအမှတ်ပြုနိုင်ရန် အတွက် အလွန်ဝမ်းမြောက်မိပါသည်။ အခြားဗဟိုကော်မတီများသည်လည်း မြန်မာနိုင်ငံကြက်ခြေနီအသင်းကို ဝမ်းပန်းတသာ ကြိုဆိုကြရန် တရားဝင်အသိအမှတ်ပြု ထောက်ခံအပ်ပါသည်။

လူကြီးမင်းတို့အပေါ် ကျွန်ုပ်တို့၏ အလေးထားလေးစားမှုသည် အစဉ်အမြဲတည်ရှိနေမည်ဖြစ်ပါသည်။

လေးစားစွာဖြင့်

အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီကိုယ်စား

**မက်စ် ဟူးဘား**

**ဥက္ကဋ္ဌ**

အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီမှ မြန်မာနိုင်ငံကြက်ခြေနီအသင်းအား အမျိုးသားကြက်ခြေနီအသင်းတစ်သင်းအဖြစ် အသိအမှတ်ပြုကြောင်း ပေးပို့သောစာဖြစ်သည်

**မြန်မာနိုင်ငံကြက်ခြေနီအသင်း**
**(၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ်မဂ္ဂဇင်း**

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလတွင် ထုတ်ဝေသည်

# မာတိကာ

မြန်မာနိုင်ငံကြက်ခြေနီအသင်း နာယက၏ သဝဏ်လွှာ
ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ သဝဏ်လွှာ
မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ၏ ဥယျောဇဉ်

## ကဗျာ


**၁၆** အဖျောက်မောင်တွေမွှန်၊ ရဲမြင့်နိုင်(ရန်ကုန်တက္ကသိုလ်)
ခင်သန်းဦး(မကွေး)၊ အောင်ကျော်ဆန်း


## ဆောင်းပါး


၂၅ **ကျွန်တော်နှင့်ကြက်ခြေနီ**
သက်ဆွေ

၂၉ **အမြန်လမ်းထက်က ရှေးဦးပြုစုစွမ်းဆောင်ရှင်(၂)ဦး**

၃၃ **မြန်မာနိုင်ငံသူနာပြုတပ်ဖွဲ့နိဒါန်း**

၃၉ **ကျောင်းကြက်ခြေနီလုပ်ငန်း**

၄၁ **စီစီဝမ် တာပန် ကြုံကုတ်တိုက်ပွဲကြားက**
**ကြက်ခြေနီတပ်ဖွဲ့ဝင်များ**
စိုင်းသာထွန်း(မူဆယ်)

၄၆ **မမေ့နိုင်သော ဆိုဖာရီနို**
ဟင်နရီဒူးနန့်

၄၉ **ရှေးဦးပြုစုနည်းဖြင့်အသက်ကယ်ခဲ့သူ ဟင်နရီဒူးနန့်ဆုရှင်**
စိုင်းအောင်လှိုင်မြင့်

၅၃ **စစ်မြေပြင်ကစခဲ့သည့် ရှေးဦးပြုစုခြင်းသမိုင်းကြောင်း**

၅၇ **အီးဗိုလာ သို့မဟုတ် တစ်ဖက်နိုင်ငံမှပြန်ရောက်သူများ.....**
ရင်ရင်မြ

၅၉ **မြန်မာပြည် အရှေ့တောင်ပိုင်းစီမံချက်**
မြမြမိုး

၆၁ **သဘာဝဘေးအန္တရာယ်နှင့် လူမှုရေးဆိုင်ရာအားပေးကူညီမှု**
ဒေါက်တာမြသန်း

၆၅ **အရွယ်သုံးပါးနှင့်စိတ်ဓာတ်ကျခြင်း**
ဒေါက်တာဝင်းဆွေ

၆၉ **သဘာဝဘေးကြုံတွေ့ခဲ့ရသူများအား နှစ်သိမ့်ဆွေးနွေးခြင်း**
ဒေါက်တာဌေးအောင်

၇၃ **ရင်ဝယ်ခံစား စိတ်လှုပ်ရှား ငယ်ဘဝမှတ်တမ်းများ**
ကြွေနှင်းဖြူ



မြန်မာနိုင်ငံကြက်ခြေနီအသင်း
(၇၅)နှစ်မြောက်အထိမ်းအမှတ် စိန်ရတုမဂ္ဂဇင်းကို
ဦးခင်မောင်လှ
အမှူဆောင်ညွှန်ကြားရေးမှူးက
ထုတ်ဝေပြီး၊
မြန်မာနိုင်ငံကြက်ခြေနီအသင်း
ပုံနှိပ်တိုက်တွင်ရိုက်နှိပ်သည်။

**မျက်နှာဖုံးဒီဇိုင်း**
အောင်မိုး
**အတွင်းစာစီဒီဇိုင်း**
Apex Computer




မြန်မာနိုင်ငံကြက်ခြေနီအသင်း
(ရန်ကုန်ရုံးခွဲ)
အမှတ် ၄၂၊ ကမ်းနားလမ်း၊ ရန်ကုန်မြို့



မြန်မာနိုင်ငံကြက်ခြေနီအသင်း(ဌာနချုပ်)ဆောက်အဦးကို နေပြည်တော် ဒက္ခိဏသီရိမြို့၊ ရာဇသင်္ဂဟလမ်းမကြီး ပေါ်ရှိ မြေ ၉ ဒသမ ၅ ဧကတွင်ဆောက်လုပ်ခဲ့ရာ ကျပ် ၁၅၃၆၁ သိန်း ၄ သောင်းကုန်ကျခဲ့ပြီး၊ ၂၀၀၉ ခုနှစ်၊ မေလ (၈) ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။

## ကာတွန်း


၂၀ မောင်ထင်လင်း၊ မောင်ရွှေဝင်း
ကျောက်ဆူး၊ ထိန်သာ


## ဆောင်းပါး


၇၆ **ကရုဏာပျိုးခင်းလေးများ(သို့)မှုလတန်းကျောင်းကြက်ခြေနီ**
ဒေါက်တာဖြူဖြူအေး

၇၈ **နိုင်ငံကျော်အရီးတောင်းနှင့် ကြက်ခြေနီလက်ဘက်သုပ်**
ကျော်စိုးဦး(မန္တလေး)

၈၁ **ကမ္ဘာ့ကြက်ခြေနီ သမိုင်းမှတ်တိုင်များ**

၈၄ **မြန်မာနိုင်ငံမှ ဖလော်ရင့်နိုက်တင်ဂေးလ်ဆုရှင်များ**

၁၀၈ **ကြက်ခြေနီအမှတ်အသားပေါ်ပေါက်လာပုံနှင့်အသုံးပြုပုံ**

၁၁၃ **ဆရာဝန်ဒေါက်တာဆိုတာဘယ်သူလဲ**
ဒေါက်တာမောင်မောင်ညို

၁၂၁ **ကျွန်တော်နှင့် ကြက်ခြေနီဆွေမျိုးများ**
အောင်ကျော်ကျော်(ကျန်းမာရေးပညာ)

၁၂၄ **ပြည်သူ့ကျန်းမာရေးစီမံကိန်းကြီးနှင့် မြန်မာ့ကြက်ခြေနီ**
ဒေါက်တာအောင်ခင်ဆင့်

၁၂၆ **မြန်မာစရိုက်နှင့်ထပ်တူ ကြက်ခြေနီအခြေခံမှု**
ဒေါက်တာအောင်စိုး

၁၂၉ **အလှမ်းမဝေးခဲ့သည့် ကြက်ခြေနီတီဘီလုပ်ငန်း**
ဒေါက်တာခင်မျိုးမြင့်

၁၃၁ **နာဂစ်လေဘေးပြန်လည်ထူထောင်ရေး**
စိုင်းဖေသိန်း(တောင်ကြီး)

၁၃၄ **ကယ်ဆယ်ရေးအဖွဲ့များအတွက် ကျင့်ဝတ်စည်းကမ်းများ**

၁၃၇ **ဆိုဖာရီနို ရှေးဦးပြုစုခြင်းနှင့်ကျွန်တော်**
တွတ်ပီဒူးနန့်

၁၄၁ **စာနာမှုဖြင့်ကူညီ တို့ကြက်ခြေနီ**
ဒေါက်တာအောင်ကျော်(သွား/ဆရာဝန်)

၁၄၄ **မိသားစုပြန်လည်ဆက်သွယ်ရေးဆိုသည်မှာ**

၁၄၅ **ရင်ထဲကမေ့မရသော နာဂစ်အမှတ်တရများ**
မီးအိမ်ရှင်

၁၅၁ **မိသားစုအတွက်မျှော်လင့်ချက် မပျောက်ကွယ်နိုင်ပြီ**
စုစုလင်း

၁၅၇ **ကြိုတင်ကာကွယ်ခြင်းသည် ရှေးဦးပြုစုခြင်းပင်မည်၏**
ရှင်ဇာနန်(မဟာသိပ္ပံ)

၁၆၅ **ကြက်ခြေနီ၏ နှစ်(၁၅၀) ခရီး**

၁၆၉ **ကြက်ခြေနီဥက္ကဋ္ဌကြီးတစ်ဦး ကြုံဖူးသည့်ရုပ်ပုံလွှာ**
ချစ်ဦး

၁၇၃ **ဝက်သက်ရောဂါနှိမ်နင်းရေးကြိုးပမ်းမှု**
ဒေါက်တာရဲလှ


## ဝတ္ထုတို


၁၁၆ **ဘီပိုး**
မောင်ညိုပြာ

၁၅၃ **ပြုစုမှု မိုင်တိုင်**
လင်း ဆေး(၁)

၁၆၁ **နာမည်ကျန်ခဲ့တယ်**
သွဲ့ထားညို(သက္ကလ)


## မှတ်တမ်း


၈၉ **ဌာနဆိုင်ရာလုပ်ငန်းများ**

၃၂ **အရေးပေါ်ကွပ်ကဲမှု ကြက်ခြေနီစင်တာ**

၇၂ **မြို့နယ်ကြက်ခြေနီအဆောက်အဦးများ**

၁၆၄ **အာစီယံနိုင်ငံ အမျိုးသားကြက်ခြေနီအသင်းများ**


## အင်္ဂလိပ်စာကဏ္ဍ


၁၇၈ မှ
၁၉၂ ထိ


## ကြော်ငြာကဏ္ဍ

# မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌများ



















# မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌများ















# မြန်မာနိုင်ငံကြက်ခြေနီအသင်း
## အမှုဆောင်အဖွဲ့
(၂၀၁၄-၂၀၁၇)




ဒေါက်တာသန်းနုရွှေ(အမှုဆောင်)၊ ဒေါက်တာခင်မေအုန်း(အမှုဆောင်)၊ ဒေါက်တာဒေါ်မြသူ(အချိန်ပြည့်အမှုဆောင်)
ပါမောက္ခဒေါက်တာသာလှရွှေ(ဥက္ကဋ္ဌ)၊ ဒေါက်တာအောင်မွန်(အကျိုးဆောင်အတွင်းရေးမှူး)
ဦးတင်ဦး(အကျိုးဆောင်ဘဏ္ဍာထိန်း)၊ ဦးခင်မောင်လှ(အမှုဆောင်ညွှန်ကြားရေးမှူး)၊ ဒေါက်တာလှမြင့်(အမှုဆောင်)

ရဲမှူးချုပ်သန့်တင့်အောင်(အမှုဆောင်)၊ ဦးစိုးကြည်(အမှုဆောင်)၊

# တော်ဝင်ပန်းမြတ် ကြက်ခြေနီ

## ရဲမြင့်နိုင်(ရန်ကုန်တက္ကသိုလ်)

* မိုး၊ ရေ၊ လေ ဒဏ်သင့်တော့
စွဲချင်ကြ ကရုဏာ
စေတနာလက်ဆောင်ကမ်းလို့ရယ်
ငြိမ်းချမ်းစရာ
ထမင်းထုပ် ငွေသပြာ
နေစရာတနည်း
သွေး၊ ချွေး ကုသိုလ်ရှင်တို့
အကြင်နာ ရင်မှာလွှမ်းတယ်
စွမ်းအင်ပေါင်းစည်း။ ။

* တစ်ကိုယ်ရည် သန့်ရှင်းရေး
ပညာပေး လက်တွေ့ဆောင်
လူမှုဂုဏ် တိမ်ယံမြင့်သို့
ကြွားဝင့်ရအောင်
တစ်ကိုယ်ကောင်း ကြဉ်ရှောင်
ညီနောင်ထုံခပင်း
ရှေးဦးမွန် ကူညီပေးကာ
ဆေးဖက်အပ်နှင်း။ ။

* သူ့လိုအင် ငါဝိုင်းလို့
မရိုင်းခဲ့ ကိုယ်ချင်းစာ

* ငါလိုလျှင် သူဝင်ပံ့မှာပေါ့
မငံ့ခဲ့ပါ။
လူတိုင်းတွက် မေတ္တာ
သစ္စာရှင်နှလုံး
လူထဲမှာ လူလိုဟု
ဗြဟ္မစိုရ် ထီးရိပ်ဝန်းမှာ
ရွှန်းပီတိဖုံး။ ။

* ရန်သူရယ် ဆွေမိတ်ဟု
စေတသိက်မယွင်းယို
တောင်နန်းပျော်မြေအခင်းတို့၊ ချစ်ခြင်းမောက်မို
တံတားခင်း
အားတသင်း ညီအစ်ကို နေညိုပြီမရှိ
အရေးကြုံ သွေးဆုံလောင်းလို့ရယ်
အားမောင်းဆင်၏။ ။

* မြန်မာ့ဟန် မြန်မာမှုပ
စုစည်းကြ လက်စားညီ
အားနည်းသူ ကူပံ့ပိုး
နိုးကြားကိုယ်စီ
အခက်ခဲဘာမထီ ကြက်ခြေနီမာန်ဖွဲ့
စေတနာ မေတ္တာစိတ်တို့
ယိုဖိတ်ကြမြဲ။ ။

* ကြက်ခြေနီစိတ်ထားနဲ့
လုပ်အားက အခြေခံ
ပြည်မြန်မာ တည်ရာသွေးတွေနဲ့
လေးမြတ်ချေငံ
သူစိမ်းမဆံ
ဝန်းရံလို့စုဝေး
ကြက်ခြေနီ တော်ဝင်ပန်းမို့
မြွက်ခြွေသီ ပျော်ရွှင်လန်းခဲ့
ကျက်သရေအညီ တော်ပလင်နန်းမှာ
ရွှန်းတင့်တယ်လေး။ ။



# ကြက်ခြေနီရှေးဦးပြုစုခြင်းပညာ နှင့် ကြက်ခြေနီစေတနာလုပ်အားရှင်

♦ ငွေကြေးတော့၊မချမ်းသာ
ကြက်ခြေနီရှေးဦးပြုစုခြင်းပညာနှင့်
စေတနာသာသူ့မှာရှိ
သူ့မေတ္တာ၊ စမ်းရေပမာလ
အေးမြပါ၏။
လူမျိုးဘာသာ၊ မခွဲခြားပါ
ကြက်ခြေနီအခြေခံမူ (၇)ချက်နှင့်အညီ ကျင့်သုံးကာ
အကြင်နာ၊ ရင်မှာပြည့်
ကြက်ခြေနီစေတနာရှင်၊ ရင်ခွင်ထွေး
နွေးလှပါ၏။
♦ ရွှေငွေ၊ဂုဏ်ခနေလည်းမမက်ပါ
ရှေးဦးပြုစုခြင်းပညာဖြင့်သာ
ကူညီပြုစုယုယသူပျော်မွေ့
ချမ်းမြေ့ပါ၏။
မိဘအသွင်၊ ကရုဏာမေတ္တာစေတနာရှင်
♦ သမားကျော်ကုထုံးပင်၊ ရှုံးလောက်သည့် သူ့လုပ်ငန်းစဉ်
လူအများက လေးစားချစ်ခင်
ရှေးဦးပြုစုခြင်းပညာနှင့် ကြက်ခြေနီစေတနာရှင် လုပ်အားရှင်။

ခင်သန်းဦး (တပ်စုမှူး)
မကွေးမြို့နယ်ကြက်ခြေနီ


ဓါးရှတဲ့ဒါဏ်ရာကမများပါဘူး
သမီး လက်စွမ်းပြတာကများသွားလို့
ကြက်ခြေနီတပ်ဖွဲ့ဝင်တိုင်းဟာ
လူတိုင်းကို ကူညီပြုစုနိုင်ဖို့
အမြဲ သတိ ရှိနေရမယ်
ကြက်ခြေနီဟာသများ
ကာတွန်း ထင်လင်း
ရေနစ်တဲ့သူကို
ဆယ်ပြီးယင်
ဘာလုပ်ရမလဲ
နောက်တခါ
ရေထဲမဆင်းနဲ့လို့
ပြောမယ်ဆရာ
ရှေးဦး
သူနာပြု




မင်းတို့ အလုပ်က..ပိုက်ဆံ ရလားဟင်..
တို့ရဲ့စေတနာကို ငွေနဲ့တန်ဖိုးဖြတ်လို့ မရဘူးကွ.....
မောင်ရွှေဝင်း
ဒါဖြင့်ယင် ဘာရှိသေးလဲ..
ကြက်ခြေနီ စိတ်ဓါတ်ရှိသေး တာပေါ့...
ရှင့်ကလေးက ဖွေးဖွေးခြင်း စကားပြော တယ်လေ..
ကြက်ခြေနီ တပ်ဖွဲ့ထဲ ဝင်မယ်..တဲ့..



# ကြက်ခြေနီနှင့်လခြမ်းနီလှုပ်ရှားမှု၏ အခြေခံမူ(၇)ချက်

## လူသားချင်း စာနာထောက်ထားခြင်း

ကမ္ဘာပေါ်ရှိ မည်သည့်နေရာတွင်မဆို လူမှုဒုက္ခများကို တားဆီးရန်နှင့်ကြုံတွေ့ရပါကလည်း လျော့နည်းသက်သာစေရန် ဆောင်ရွက်သည်။





## ခွဲခြားမှု မရှိခြင်း

တစ်ဦးချင်းစီ၏ ဆင်းရဲဒုက္ခနည်းပါးသက်သာစေရန် ဆောင်ရွက်ရာတွင် နိုင်ငံသား၊ လူမျိုး၊ ဘာသာရေး ယုံကြည်မှု၊ လူတန်းစား၊ နိုင်ငံရေး ခံယူချက်တို့နှင့် ပတ်သက်၍ ခွဲခွဲခြားခြား မပြုပါ။




## ကြားနေခြင်း

စစ်ပွဲများ၌လည်းကောင်း၊ နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေး သို့မဟုတ် ဝါဒရေးရာ အငြင်းပွားမှုများ၌လည်းကောင်း ဘက်လိုက်မှု မရှိဘဲ ကြားနေသည်။



## လွတ်လပ်ခြင်း

ကြက်ခြေနီသည် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများတွင် အစိုးရ၏ အရန်အင်အားသဖွယ် ဆောင်ရွက်ပြီး နိုင်ငံ၏ ဥပဒေများကို လေးစားလိုက်နာလျက် မိမိ၏ လွတ်လပ်မှုကို ထိန်းသိမ်းထားသည်။




## စေတနာ့ဝန်ထမ်း အကျိုးဆောင်ခြင်း

လုပ်ငန်းဆောင်ရွက်မှုအတွက် အကျိုးအမြတ် ရရှိရေးဆန္ဒ အလျဉ်းမရှိသော စေတနာ့ဝန်ထမ်း ကယ်ဆယ်ရေး လှုပ်ရှားမှုဖြစ်သည်။




## စည်းလုံးညီညွတ်ခြင်း

နိုင်ငံအတွင်း တစ်ခုတည်းသော ကြက်ခြေနီ သို့မဟုတ် လခြမ်းနီအသင်းအဖြစ် စည်းလုံးညီညွတ်စွာ ဆောင်ရွက်ပြီး လူတိုင်းပါဝင်ခွင့်ရှိသည်။



## ကမ္ဘာတစ်ဝန်း ပျံ့နှံ့ခြင်း

ကမ္ဘာတစ်ဝန်းတွင် လှုပ်ရှားဆောင်ရွက်သည့် လုပ်ငန်းဖြစ်သည်။


The Red Cross is a light showing
the right way in darkness.
It is our duty to see to it that it
does not go out.
by Albert Schuweitzer
အမှောင်ခွင်း၍ အလင်းဆောင်
လမ်းမှန်ရောက်အောင်
ရှေ့ဆောင်ကာလှုပ်ရှား
ကြက်ခြေနီများ။
လှုပ်ရှားမှုအလင်းရောင်
မကွယ်ပျောက်အောင်
စွမ်းဆောင်ကာတာဝန်များ
ဒို့ရဲ့မှာန်အား။ ။
အောင်ကျော်ဆန်း



# ကျွန်တော်နှင့်ကြက်ခြေနီ

သက်ဆွေ

ကျွန်တော့်ဘဝမှာ ဝန်ထမ်းတစ်ယောက်အနေနဲ့ နှစ်အကြာမြင့်ဆုံးလုပ်ခဲ့တဲ့ အဖွဲ့အစည်းကတော့ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း(ဌာနချုပ်)ဖြစ်ပါတယ်။ ၁၉၇၂ ခုနှစ်ကနေ ၁၉၈၇ ခုနှစ်အထိ ၁၅ နှစ်ကြာ လက်ထောက်အတွင်းရေးမှူး တာဝန်ကို ထမ်းဆောင်ခဲ့ပါတယ်။ အဲဒီအချိန်က မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဟာ စေတနာ့ဝန်ထမ်းတွေနဲ့ ဖွဲ့စည်း တည်ထောင်ထားတဲ့ အသင်းဖြစ်ပေမယ့် ကြက်ခြေနီဌာနချုပ် ဝန်ထမ်းတွေဟာ လခစားဝန်ထမ်းတွေ ဖြစ်ပါတယ်။ ကြက်ခြေနီဗဟိုကောင်စီ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့နဲ့ ပြည်နယ်၊ တိုင်းကြက်ခြေနီအသင်းတွေ၊ ကြက်ခြေနီအသင်း ဝင်တွေ၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်တွေကတော့ စေတနာ့ ဝန်ထမ်းတွေ ဖြစ်ကြပါတယ်။

အဲဒီအချိန်က ကြက်ခြေနီဌာနချုပ်ရုံးအဖွဲ့ရဲ့ အကြီး အကဲဟာ အမှုဆောင်အတွင်းရေးမှူး ဖြစ်တာကြောင့် လက်ထောက်အတွင်းရေးမှူးရာထူးအနေနဲ့ ဒုတိယအကြီးအကဲ လို့ဆိုရပါတယ်။ ကျွန်တော့်အသက် ၂၇ နှစ်လောက်မှာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဌာနချုပ်ရဲ့ လက်ထောက် အတွင်းရေးမှူး ရာထူးမှာ ရွေးချယ်ခန့်ထားခြင်းခံခဲ့ရပါတယ်။ ဒီအသက်အရွယ်မှာ ဒီလိုတာဝန်မျိုးထမ်းဆောင်ခဲ့ရတော့ ဖိလစ်ပိုင်ကြက်ခြေနီအသင်းက မေးခဲ့တဲ့ မေးခွန်းလေးကို ပြန်သတိရမိလိုက်ပါတယ်။

အလုပ်ဝင်ခါစက လူငယ်ကြက်ခြေနီလုပ်ငန်းတွေ လေ့လာဖို့ ဖိလစ်ပိုင်နဲ့ဂျပန်နိုင်ငံတွေကို လေ့လာရေးခရီး သွားခဲ့စဉ်ကဖြစ်ပါတယ်။ ဖိလစ်ပိုင်ကြက်ခြေနီ အသင်းကကိုယ်စားလှယ်တွေ၊ စေတနာ့ဝန်ထမ်း တွေနဲ့တွေ့ဆုံဆွေးနွေးခဲ့တုန်းက အမှတ်မထင် မေးလိုက်တဲ့ မေးခွန်းလေးပါ။ မေးလိုက်တဲ့ မေးခွန်းက .

“ဒီအသက်အရွယ်နဲ့ ဒီလိုအဆင့်မြင့်တဲ့ တာဝန်ကို ထမ်းဆောင်ရတာဟာ ငယ်ငယ်ကတည်းက ကြက်ခြေနီ စေတနာ့ဝန်ထမ်း ပရဟိတအလုပ်တွေမှာ ထူးထူးချွန်ချွန် အချိန်ပေးလုပ်ခဲ့လို့ မဟုတ်လား”တဲ့။

အဲဒီတုန်းက ကျွန်တော်ဘာမှ ပြန်အဖြေ မပေးခဲ့ပါ ဘူး။ မေးတဲ့သူကို ပြုံးပြီးကြည့်နေမိခဲ့ပါတယ်။ ဆိတ်ဆိတ် နေတာ ဝန်ခံတာပဲလို့ယူဆသလား မသိခဲ့ပါဘူး။ ဘာမှဆက် မမေးတော့ပါဘူး။ အမှန်တကယ်တော့ ကျွန်တော့်ရင်ထဲက မလုံစိတ်တွေကြောင့် မျက်နှာပေါ်မှာအပြုံးတွေပေါ်လာခဲ့တာ ပါ။ သူတို့အထင်တကြီး မျှော်လင့်ထင်မှတ်ထားတာနဲ့ ကျွန်တော့် ဘဝအဖြစ်မှန်က လုံးလုံးကြီးကွာခြားနေလို့ပါဘဲ။

စေတနာ့ဝန်ထမ်းလုပ်ငန်းတွေနဲ့ ပက်သက်လို့ ဌာနချုပ်မှာလာပြီး အလုပ်လျှောက်တဲ့အချိန်ထိ ကြက်ခြေနီ ဆိုတာ ဘာရယ်လို့ရေရေရာရာ မသိခဲ့ပါဘူး။ ပြန်ကြားရေး တာဝန်ယူရမဲ့ ရာထူးတနေရာ လစ်လပ်တယ်ဆိုတော့ ကိုယ် ဝါသနာပါတဲ့ စာပေနဲ့ဆက်နွယ်နေတယ်ဆိုပြီး အလုပ် လျှောက်ခဲ့တာပါ။

ဒါပေမဲ့...

ယနေ့အထိ ကြက်ခြေနီ ပရဟိတစေတနာ့ဝန်ထမ်း စိတ်ဓာတ်ကို နှလုံးသားမှာ စွဲမြဲနေခဲ့တာကတော့ ကြက်ခြေနီ ဌာနချုပ်မှာ တာဝန်ထမ်းဆောင်စဉ် ကြက်ခြေနီစေတနာ့ ဝန်ထမ်းတပ်ဖွဲ့ဝင်တွေကြောင့်ပါ။

ဌာနချုပ်မှာစတင်တာဝန်ယူရတဲ့အခါ ကြက်ခြေနီ ပြန်ကြားရေး၊ စည်းရုံးရေးနှင့် သင်တန်းလုပ်ငန်းတွေကို ဦးဆောင်ကြီးကြပ်ရမှာဖြစ်တော့ အရင်တုန်းက မလေ့လာ

မသိရှိခဲ့တဲ့ ကြက်ခြေနီအကြောင်းကို အပြင်းအထန်လေ့လာရပါတော့တယ်။ ဟောပြောပွဲတွေမှာ သင်တန်းတွေမှာပို့ချနိုင်အောင် စေတနာ့ဝန်ထမ်း ကြက်ခြေနီရဲဘော်၊ ရဲမေ တွေက မေးမြန်းခဲ့ရင်ပြန်ဖြေကြားနိုင်အောင် ဖတ်ရမှတ်ရ မေးမြန်းရပါတယ်။ ဒီမှာတင်ကြက်ခြေနီနဲ့ပတ်သက်လို့ စာအုပ်စာတမ်း မှတ်တမ်းတွေ ရှားပါးတာတွေ့ခဲ့ရပါတယ်။ ကြက်ခြေနီသမိုင်းကို လေ့လာတဲ့အခါမှာ ကြက်ခြေနီကို စတင်တည်ထောင်ခဲ့တဲ့ ကြက်ခြေနီရဲ့ ဖခင်လို့ဆိုရမဲ့ 'ဟင်နရီဒူးနန့်' အကြောင်း ကြက်ခြေနီသန္ဓေတည်ခဲ့တဲ့ 'ဆိုဖါရီနိုစစ်ပွဲ' စတဲ့အဖြစ်အပျက်တွေနဲ့ ပတ်သက်ပြီးဖတ်ရမဲ့ ကိုးကားရမဲ့စာအုပ်၊မှတ်တမ်းတွေ လုံးဝမရှိသလောက် ရှားပါးလှပါတယ်။ ဒါကြောင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီ ကော်မတီ နဲ့ ဆက်သွယ်ပြီး လိုအပ်တဲ့စာအုပ်မှတ်တမ်းတွေ ရအောင်ကြိုးပမ်းခဲ့ရပါတော့တယ်။

အဲဒီအချိန်က ကနေ့ကာလလို ကိုယ်ထူကိုယ်ထ စေတနာ့ဝန်ထမ်းအဖွဲ့တွေ များများစားစားမရှိသလို စည်းကမ်းတကျနဲ့ ပီပီပြင်ပြင်ဖွဲ့စည်းထားတဲ့အဖွဲ့ဆိုလို့ မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးပဲရှိခဲ့တာပါ။

ကြက်ခြေနီလူငယ်တွေဟာ စိတ်ဓာတ်မွန်မြတ်ရုံသာမကပဲစည်းကမ်းလိုက်နာမှု၊အမိန့်နာခံမှုတွေမှာပါ တိကျမှုတွေရှိတာကြောင့် ကြက်ခြေနီတပ်ဖွဲ့တွေဟာ နိုင်ငံအနှံ့မှာ အများပြည်သူတွေရဲ့ မြတ်နိုးလေးစားမှုခံယူရရှိနေကြတာဖြစ်ပါတယ်။ပေးအပ်တဲ့တာဝန်ကို တသွေမသိမ်းထမ်းဆောင်မှု၊ ချမှတ်တဲ့စည်းကမ်းကို တိတိကျကျလိုက်နာမှု၊ အထက်ရဲ့ အမိန့်ကို ဖီဆန်မှုမပြုတာတွေကြောင့် ကြက်ခြေနီစေတနာ့ဝန်ထမ်းတပ်ဖွဲ့ဝင်တွေဟာ ထင်ပေါ်ခဲ့တာလည်းဖြစ်ပါတယ်။ အလုပ်၊ တာဝန်ရှောင်နေကြတဲ့လူတွေထဲမှာ ကြက်ခြေနီ စေတနာ့ဝန်ထမ်းတွေမပါကြပါဘူး။ ကိုယ့်ကိုမခိုင်းမှာ၊တာဝန်မပေးမှာကို ပူပန်နေကြတဲ့သူတွေပါ။

ကြက်ခြေနီအသင်းတပ်ဖွဲ့ဟာကျန်းမာရေးရဲ့ အရန်အင်အားပါ။ ကျန်းမားရေးဝန်ထမ်းတွေ မပြည့်စုံတဲ့အခါမှာ ကြက်ခြေနီစေတနာ့ဝန်ထမ်းတွေက ဖြည့်ဆည်းပံ့ပိုးပေးကြဖို့ဖြစ်ပါတယ်။ အရေးပေါ်တစ်စုံတစ်ရာဖြစ်လာခဲ့ရင် ကုသပေးနိုင်မဲ့ ကျန်းမာရေးဝန်ထမ်းတွေဆီမရောက်မီ ကြက်ခြေနီ စေတနာ့ဝန်ထမ်းတွေကရှေးဦးစွာ အသက်ကယ်ပေးကြရတာဖြစ်ပါတယ်။ ဒါကြောင့်ကြက်ခြေနီစေတနာ့ဝန်ထမ်းတွေ အနေနဲ့ မတက်မဖြစ်တဲ့ပညာရပ်ကတော့'ရှေးဦးသူနာပြုပညာရပ်' ဖြစ်ပါတယ်။ဘယ်နေရာ၊ဘယ်အချိန်ခါမဆို ရရာပစ္စည်းနဲ့ဆေးဝါးမပါဘဲ လူနာကိုအခြေအနေဆိုးဝါးမသွားအောင်၊ သက်တောင့်သက်သာဖြစ်အောင် အမြန်ဆုံးဆေးရုံ၊ ဆေးခန်း ကျန်းမာရေးဝန်ထမ်းဆီပို့ပေးနိုင်အောင် လုပ်ဆောင်ပေးနိုင်တဲ့ ပညာရပ်ဖြစ်ပါတယ်။

ကြက်ခြေနီသူနာပြုတပ်ဖွဲ့ကို တပ်ဖွဲ့ပုံစံဖွဲ့စည်းထားတာကြောင့် အခြေခံစစ်ရေးပြပညာကို တတ်မြောက်ကြဖို့ လိုပါတယ်။အခုလိုတပ်ဖွဲ့ပုံစံဖွဲ့ပြီး လုပ်ဆောင်ကြတာဟာ သဘာဝဘေးအန္တရာယ်၊ လူကြောင့်ဖြစ်တဲ့ ဘေးအန္တရာယ်စတဲ့ ဒုက္ခဘေးတခုခု ဆိုက်ရောက်လာတဲ့အခါမှာ စေတနာ့ဝန်ထမ်းတွေဟာ စနစ်တကျနဲ့ လျင်လျင်မြန်မြန် ထိထိရောက်ရောက် ဒုက္ခသည်တွေကို ကယ်ဆယ်ပံ့ပိုးပေးနိုင်ကြမှာဖြစ်ပါတယ်။ ဒါကြောင့် ကယ်ဆယ်ရေးလုပ်ငန်းတွေမှာ စေတနာ့ဝန်ထမ်း ပါဝင်ကူညီပေးနေကြတဲ့ ကြက်ခြေနီတွေရဲ့ စစ်ရေးပြပညာကိုလည်း တတ်မြောက်ထားကြရမှာဖြစ်လို့ စနစ်တကျ လေ့လာ သင်ကြားပေးရခြင်းလည်းဖြစ်ပါတယ်။

ကြက်ခြေနီဌာနချုပ်မှာ လက်ထောက်အတွင်းရေးမှူးအဖြစ် စတင်တာဝန်ယူပြီး လုပ်ပြီးတဲ့အခါမှာတော့ စေတနာ့ဝန်ထမ်း ကြက်ခြေနီစိတ်ဓာတ်တွေဟာ ကျွန်တော့်ရင်ထဲ၊နှလုံးသားထဲမှာ စွဲမြဲကိန်းအောင်းလာခဲ့ပါတော့တယ်။

မိမိအတ္တကိုယ်ကျိုးကိုမကြည့်ဘဲ အများအကျိုးကို တတ်စွမ်းသမျှသယ်ပိုးရမယ်ဆိုတဲ့ မေတ္တာ၊ ကရုဏာ၊ စေတနာစိတ်တွေ ပေါ်လာအောင်ဦးဆောင် လမ်းညွှန်ပြခဲ့သူတွေကတော့ ကြက်ခြေနီစေတနာ့ဝန်ထမ်း၊ သူနာပြုတပ်ဖွဲ့ရဲဘော်၊ရဲမေလေးတွေပဲဖြစ်ပါတယ်။ သူတို့လေးတွေနဲ့ နီးနီးကပ်ကပ်လုပ်ကိုင်ခွင့်ရ လာတာနဲ့အမျှ သူတို့လေးတွေရဲ့ အလွန်မွန်မြတ်လှတဲ့မေတ္တာ၊ ကရုဏာစိတ်တွေကို လေးစားတန်ဖိုးထားလာမိပါတယ်။ ကိုယ့်ယူနီဖောင်း၊ တူညီဝတ်စုံကို ကိုယ့်ပိုက်ဆံနဲ့ကိုယ်ဝယ်ဝတ်၊ အခကြေးငွေတပြားတချပ်မှ မရဘဲ အများအကျိုးကို ပေပေကြေကြေ စေတနာထက်ထက်သန်သန်နဲ့လုပ်နေကြတာ မြင်ရတွေ့ရလေကိုယ့်သိက္ခာ ကိုယ်မလုံသလိုခံစားခဲ့ရပါတယ်။ ဘာပြုလို့လဲဆိုတော့ ကျွန်တော်က ကြက်ခြေနီဌာနချုပ်ကတာဝန်ရှိတဲ့နေရာအဆင့်မှာ အလုပ်လုပ်ရပေမဲ့ သူတို့လို စေတနာ့ဝန်ထမ်း မဟုတ်ပါဘူး ကြက်ခြေနီရန်ပုံငွေထဲကပေးတဲ့ လခကိုရယူနေတဲ့ လခစားဝန်ထမ်းဖြစ်နေလို့ပါ။ ဒီအသိဝင်လာတဲ့ အချိန်ကစပြီး ကြက်ခြေနီရဲ့ လခစားဝန်ထမ်းဖြစ်တဲ့ ကျွန်တော့်အနေနဲ့ ငွေကြေးတပြားတချပ်မှမရယူပဲ စေတနာသက်သက်နဲ့ ကရုဏာလုပ်ငန်းတွေလုပ်နေတဲ့ ကြက်ခြေနီအသင်းဝင်တွေ၊

တပ်ဖွဲ့ဝင်ရဲဘော်၊ရဲမေတွေထက်ပိုပြီး ပင်ပန်းခံကြိုးစားလုပ်မယ်ဆိုတဲ့ သံဓိဋ္ဌာန်ချခဲ့ပါတယ်။

ဒီသံဓိဋ္ဌာန်ကို ပိုမိုခိုင်မာသွားစေခဲ့တာကတော့ စေတနာ့ဝန်ထမ်းသူနာပြုတပ်ဖွဲ့ဝင်တွေနဲ့ အနီးကပ် ပထမဦးဆုံးတွေ့ကြုံသိမြင်ခွင့်ရတဲ့ 'တိုးအေးသဘော်' မှောက်တုန်းကပါ။ အဲဒီအချိန်က မေမြို့ပြင်ဦးလွင် (ပွဲကောက်စခန်းမှာ) စံပြကြက်ခြေနီစခန်းဖွင့်နေတာကြောင့် ဌာနချုပ်ကလူကြီးတွေဟာ စံပြကြက်ခြေနီစခန်းရောက်နေကြပါတယ်။ တိုးအေးသဘော်မှောက်တဲ့ ရန်ကုန်မြို့ ပန်းဆိုးတန်းဆိပ်ကမ်းနဲ့ ကြက်ခြေနီရုံးချုပ်ဟာ သိပ်မဝေးတာကြောင့် သဘော်မြုပ်ပြီးတာနဲ့ချက်ချင်းဆိုသလို ပန်းဆိုးတန်းဆိပ်ကမ်း ရောက်သွားခဲ့ပါတယ်။ အလုပ်ဝင်တာလပိုင်းပဲရှိတာကြောင့် အတွေ့အကြုံမရှိသေးလို့ ဘယ်ကစဘာလုပ်ရမှန်းမသိပါဘူး။

တနေရာရာမှာ ဘေးဒုက္ခတခုခု ဖြစ်ပြီဆိုရင် ကြက်ခြေနီတပ်ဖွဲ့ဝင်တွေကိုစုစည်းဖို့၊ခေါ်ဖို့မလိုပါဘူး၊ သတင်းကြားရတာနဲ့ ကြက်ခြေနီတပ်ဖွဲ့ဝင်တွေဟာရောက်ရာဒေသကနေအခင်းဖြစ်တဲ့နေရာကို အမြန်ဆုံးရောက်လာလေ့ရှိပါတယ်။ အလွန်ချစ်စရာကောင်းတဲ့မေတ္တာစိတ်ပါ။ လှိုင်မြစ်ထဲမှာ တိုးအေးသဘော်မှောက်တဲ့သတင်း ကြားရတာနဲ့ မြို့နယ်အသီးသီး တပ်ဖွဲ့ဝင်တွေဟာ ပန်းဆိုးတန်းဆိပ်ကမ်းကို တဖွဲဖွဲရောက်လာခဲ့ကြပါတယ်။ သက်ဆိုင်ရာတာဝန်ရှိသူတွေနဲ့အတူ လှိုင်မြစ်ထဲမှာကယ်ဆယ်ရေးလုပ်ငန်းတွေချက်ချင်းအားသွန် ခွန်စိုက်လုပ်ပေးခဲ့ကြပါတယ်။

မြစ်ထဲမှာ နစ်မြုပ်သေဆုံးသွားခဲ့ကြတဲ့ ခရီးသည်တွေရဲ့အလောင်းတွေကို လှိုင်မြစ်ထဲမှာ မော်တော်ဘုတ်ကလေးတွေနဲ့ ခေါက်တုန့်ခေါက်ပြန်လိုက်ရှာပြီးဆယ်ရပါတယ်။နေ့ရောညပါတစ်ပတ် ဆယ်လောက်အထိ လုပ်ကြရပါတယ်။ ရက်ကြာလာတဲ့အမျှတွေ့ရှိတဲ့ အလောင်းတွေဟာလဲ အနံ့အသက်တွေဆိုးဆိုးဝါးဝါးထွက်ပြီး ကိုင်တွယ်လို့မရအောင်ဖြစ်ခဲ့ကြပါတယ်။ ဒါပေမဲ့ကြက်ခြေနီတပ်ဖွဲ့ဝင်တွေဟာလက်အိပ်မပါ၊ နှာခေါင်းစည်းမပါဘဲနဲ့ မရွံမရှာဆယ်ယူခဲ့ကြပါတယ်။ ကြေကြေကွဲကွဲနဲ့ ဝမ်းနည်းပူဆွေးငိုကြွေးနေကြတဲ့ ဆွေမျိုးအရင်းအချာတွေတောင် အလောင်းဆယ်လို့ရတဲ့အခါ အနံ့ဆိုးဝါးလို့မကပ်ကြပေမဲ့သွေးသားဘာမှ မတော်စပ်တဲ့ ကြက်ခြေနီလူငယ်တွေက ပယ်ပယ်နယ်နယ်ကိုင်တွယ်ပြီး ဆေးရုံကြီး ရေခဲတိုက်သို့ ပို့ပေးခဲ့ကြပါတယ်။

တပတ်လောက်နေ့ရောညပါ ကယ်ဆယ်ရေးလုပ်ငန်းတွေကိုကရုဏာရှင် ကြက်ခြေနီလူငယ်လေးတွေနဲ့အတူလုပ်ရင်း အတွေ့အကြုံမရှိတဲ့ကျွန်တော့်အတွက် ဆိုးဝါးတဲ့ အနံ့အသက်တွေဟာ နှာခေါင်းထဲမှာစွဲနေခဲ့ပါတယ်။ ရက်တော်တော်ကြာကြာအောင် စားသောက်မရတဲ့အထိဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ ကြက်ခြေနီလူငယ်လေးတွေကတော့ ကျွန်တော့်လိုမဟုတ်ပါဘူး၊ဆိပ်ကမ်းမှာနေရင်း မြို့နယ်တွေကပို့ပေးလာတဲ့ ထမင်းထုပ်တွေကို အားရပါးရဖြေစားနေပါတယ်။ မရွံမရှာကိုင်တွယ်ထားတာတွေကိုလည်း ဂရုမစိုက်ကြပါဘူး။ ရရာရေနဲ့ပဲ လက်ကိုဆေးကြောပြီး စားသောက်ကြပါတယ်။ အဲဒီအချိန်က အထက်တန်းကျောင်းတွေမှာ အတန်းတင်စာမေးပွဲ ဖြေဆိုကြရတဲ့အချိန်ဖြစ်ပါတယ်။စာမေးပွဲဖြေရမဲ့ လူငယ်လေးတွေကို ညဘက်ပြန်ခိုင်းပေမဲ့မပြန်ကြပဲ ကမ်းနားက လမ်းဘေးဓါတ်မီးတိုင်အောက်မှာ စာဖတ်ပြီး အလှည့်ကျကယ်ဆယ်ရေးလုပ်ကြပါတယ်။ ဘယ်လိုတုံ့ပြန်မှုမျိုးမှမမျှော်လင့်ပဲ လူတိုင်းမလုပ်နိုင်တဲ့ မလုပ်ချင်ကြတဲ့အလုပ်တွေကိုစိတ်ထက်ထက်သန်သန်နဲ့ လုပ်ဆောင်ကြတဲ့ စေတနာ့ဝန်ထမ်း ကြက်ခြေနီရဲဘော် ရဲမေတွေရဲ့ လုပ်ဆောင်မှုတွေကို အခုပြန်တွေးမိရင်း၊ ရေးရင်းကနေတောင်မှ ရင်ထဲမှာလှိုက်လှိုက်လှဲလှဲ ခံစားချီးကျူးနေမိပါတယ်။

တုန့်ပြန်မှုတစုံတရာမမျှော်လင့်ပဲ မေတ္တာအပြည့်အဝနဲ့တိုးအေးသဘော်မှောက်ရာမှာကူညီခဲ့ကြတဲ့ ကြက်ခြေနီတပ်ဖွဲ့ဝင်တွေကို မြန်မာနိုင်ငံကြက်ခြေနီအသင်းက အမြင့်ဆုံးဆုဖြစ်တဲ့ထူးချွန်ဆုအဆင့်(၁) တံဆိပ်တွေ ချီးမြှင့်ပေးအပ်ဂုဏ်ပြုခဲ့ပါတယ်။

အဲဒီအချိန်ကစလို့နှစ်ပေါင်း ၁၅ နှစ်ကြာ မြန်မာနိုင်ငံအနှံ့ပြည်နယ်၊တိုင်းတွေမှာ သဘာဝဘေးအန္တရာယ်ကျရောက်တဲ့အခါ နိုင်ငံတော်ကထောက်ပံ့တဲ့ ကယ်ဆယ်ရေးပစ္စည်းတွေ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) နိုင်ငံတကာကြက်ခြေနီနဲ့လခြမ်းနီအသင်းများအဖွဲ့ချုပ် (IFRC) အမျိုးသားကြက်ခြေနီအသင်းတွေက လှူဒါန်းကြတဲ့ ပစ္စည်းတွေကို ဒေသခံကြက်ခြေနီသူနာပြုတပ်ဖွဲ့မှူးတွေ ဦးဆောင်တဲ့ ကြက်ခြေနီလူငယ်လေးတွေနဲ့အတူ ဒုက္ခသည် ပြည်သူတွေကို ကူညီထောက်ပံ့ပေးနိုင်ခဲ့တဲ့ ပီတိတွေကိုယနေ့ ထက်တိုင်ဝမ်းသာကြည်နူးစွာခံစားနေရဆဲပါ။

ကျွန်တော်ခရီးသွားတဲ့အခါတိုင်း ရောက်တဲ့နေရာတိုင်းမှာလှိုက်လှဲစွာ ကြိုဆိုခဲ့ကြတဲ့ကြက်ခြေနီလူငယ်လေးတွေကြောင့် ကျွန်တော့်ရင်ထဲမှာ နွေးထွေးနေဆဲပါ။

ကြက်ခြေနီလူငယ်လေးတွေရဲ့ ရှေးဦးသူနာပြုစုခြင်းဆိုင်ရာကျွမ်းကျင်မှုတွေ၊ ကျန်းမာရေးပညာပေးသဘာဝဘေး

အန္တရာယ်ကယ်ဆယ်ရေးသင်တန်းတွေနဲ့အတူ အခြေခံစစ်ရေးပြ ပညာရပ်တွေကို စာတွေ့လက်တွေ့သင်ကြားပေးတဲ့ ရှေးဦးပြုစုအခြေခံ သင်တန်း၊ မွမ်းမံနဲ့ နည်းပညာသင်တန်းတွေကို ဦးဆောင်ဖွင့်လှစ်ဖို့ မြို့နယ်တွေ၊ ပြည်နယ်နဲ့တိုင်းတွေ၊ အထက်တန်းကျောင်း၊ တက္ကသိုလ်၊ ကောလိပ်၊ ဝန်ထမ်း တက္ကသိုလ်စတဲ့ နေရာတွေသွားရောက်ရတဲ့အခါ တိုင်းမှာလည်း ဖြူစင်တဲ့ကရုဏာရှင်လူငယ်လေးတွေနဲ့ အနီးကပ် ရင်းနှီးစွာတွေ့ဆုံခဲ့ရတာတွေကိုလည်း အလွန်အားရကျေနပ်မိခဲ့ပါတယ်။

နှစ်စဉ်ကျင်းပပေးခဲ့တဲ့ စံပြကြက်ခြေနီစခန်းတွေနဲ့ မေလ ၈ ရက် ကမ္ဘာ့ကြက်ခြေနီအခမ်းအနားတွေမှာတော့ ဝေးလံခေါင်းပါးတဲ့ အရပ်ဒေသတွေကကရုဏာရှင် လူငယ်လေးအပါအဝင်သူတို့လေးတွေနဲ့ နေ့ညမပြတ် လက်ရေတပြင်စီး အတူစခန်းဝင်ခဲ့ရတော့ ပိုသံယောဇဉ် ကြီးမားခဲ့ရပါတယ်။

ကျွန်တော့်ရဲ့ စာပေဝါသနာအရ ကြက်ခြေနီစာစောင်တွေကို မှန်မှန်ဖြန့်ဝေနိုင်ခဲ့သလို ကြက်ခြေနီလူငယ်လေးတွေအတွက် ဗဟုသုတဖြစ်အောင် ရေးသားထုတ်ဝေခဲ့တဲ့ “သားသားမီးမီး ကြက်ခြေနီ”၊ “ဟင်နရီဒူးနန့် ဆုတံဆိပ်ရှင်များ”၊ “ဟင်နရီဒူးနန့်(သို့မဟုတ်) စွန့်ဝံ့သူ” စာအုပ်တွေဟာ ကျွန်တော့်ဘဝရဲ့စာပေမှတ်တိုင်တွေဖြစ်ခဲ့ပါတယ်။

အနုပညာနယ်ပယ်က ကျွန်တော်နဲ့ ခင်မင်ရင်းနှီးကြတဲ့ အနုပညာရှင်တွေပံ့ပိုးပေးလို့ ကမ္ဘာ့ကြက်ခြေနီနေ့ ဓာတ်လမ်းပမာနာဆင် စရာကဏ္ဍတွေနဲ့ အသံလွှင့်ဓာတ်လမ်းတွေဟာ လေလှိုင်းမှာ နှစ်စဉ်ပျံ့လွှင့်ခဲ့ပါတယ်။ အဲဒီအချိန်က မြန်မာနိုင်ငံမှာ ရုပ်မြင်သံကြားမပေါ်သေးတာကြောင့် မြန်မာ့အသံရဲ့ အသံလွှင့်ဓာတ်လမ်းတွေကို ပြည်သူတွေက စိတ်ဝင်တစားစောင့်စား နားထောင်လေ့ရှိပါတယ်။ ကိုယ်တိုင် ဓာတ်ညွှန်းရေးစီစဉ်ထုတ်လွှင့်ခဲ့တဲ့ ဓာတ်လမ်းလေးတွေကြောင့်ကြက်ခြေနီ လူငယ်လေးတွေအားကျစရာ၊ ဂုဏ်ယူစရာတွေဖြစ်ခဲ့တဲ့အတွက် ကျေနပ်နေမိပါတယ်။ ထုတ်လွှင့်ခဲ့တဲ့ ကြက်ခြေနီအသံလွှင့်ဓာတ်လမ်းတွေကို စုစည်းပြီး “အဖြူရောင် မေတ္တာပေါ်က အနီရောင်နှလုံးသား” စာအုပ်လည်းအမှတ်တရထုတ်ဝေနိုင်ခဲ့ပါတယ်။

ကျွန်တော့်ကြက်ခြေနီ လုပ်သက်တလျှောက်မှာ မြန်မာနိုင်ငံက စေတနာ့ဝန်ထမ်းကြက်ခြေနီလူငယ်လေးတွေနဲ့ အနီးကပ်ကြက်ခြေနီ လုပ်ငန်းတွေအတူလုပ်ခွင့်ရသလို အာရှတိုက်က ဟင်နရီဒူးနန့် ဆုတံဆိပ်ကို ပထမဆုံးချီးမြှင့်ခံရတဲ့ ဂျပန်နိုင်ငံက ဟင်နရီဒူးနန့်ဆုရှင် မစ္စက်ဆာချီကိုဟာရှီမိုတို (ကွယ်လွန်)နဲ့တွေ့ဆုံပြီး သူမရဲ့ အလွန်လေးစားစရာကောင်းတဲ့ ကြက်ခြေနီစိတ်ဓါတ်စေတနာ၊ အတွေ့အကြုံတွေသိရှိနားလည်ခွင့်ရခဲ့တာ ကျွန်တော့်အတွက် အလွန်တန်ဖိုးမဖြတ် နိုင်တဲ့ဘဝအတွေ့အကြုံလည်းဖြစ်ခဲ့ပါတယ်။ ဒါကြောင့် အခွင့်အခါ ကြုံကြိုက်ခဲ့စဉ်က မိမိအသက်ကို ပဓါနမထားဘဲ လူတစ်ယောက်ရဲ့ အသက်ကို စွန့်စွန့်စားစား ကယ်တင်ခဲ့တဲ့ ကချင်ပြည်နယ် ကြက်ခြေနီက စိုင်းအောင်လှိုင်မြင့် (ကွယ်လွန်)ကို ဟင်နရီဒူးနန့် ဆုတံဆိပ်ချီးမြှင့်ခံရအောင် အဆင့်ဆင့်တင်ပြပြီး ကြိုးပမ်းပံ့ပိုးပေးခဲ့လို့ မြန်မာနိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးနိုင်ခဲ့ပါတယ်။ အာရှတိုက်က ဟင်နရီဒူးနန့်ဆုတံဆိပ်ရှင်သူတို့နှစ်ဦးကို ဂျပန်နိုင်ငံ၊ တိုကျိုမြို့တော်မှာ တွေ့ဆုံနိုင်အောင်စီစဉ်ပေးနိုင်ခဲ့တဲ့ အတွက်လည်း ဝမ်းသာပီတိဖြစ်ခဲ့ရပါတယ်။

ကြက်ခြေနီစိတ်ဓါတ် အမြစ်တွယ်လာတာကြောင့် ကြက်ခြေနီလူငယ်လေးတွေလိုပဲ ဘယ်လောက်ပဲဝေးလံပါစေ၊ ဘယ်လောက်ပဲကြမ်းတမ်းခက်ထန်ပါစေ၊ ဘယ်လောက်ပဲပင်ပန်းပါစေ၊ ကြက်ခြေနီကရုဏာလုပ်ငန်းတွေကို လုပ်ဆောင်ရင်းက Way Lan Kaung Phya နယ်စပ်ကယ်ဆယ်ရေး စခန်းတစ်ခုက ဦးနှောက်ငှက်ဖျားရောဂါ စွဲကပ်လာတဲ့အချိန်မှာတော့ ကျွန်တော့်ကိုယ်ကျွန်တော် “သေလူ” လို့သတ်မှတ်လိုက်ပါတယ်။ ဒါပေမဲ့ ဘေးဒုက္ခရောက်နေတဲ့ ပြည်သူတွေနဲ့ စေတနာရှင် ကြက်ခြေနီလူငယ်လေးတွေရဲ့ကြီးမားတဲ့ မေတ္တာတရားကြောင့် ကျွန်တော် ပြန်ကျန်းမာအသက်ရှင်လာတာလို့ ကျွန်တော့်ရင်ထဲမှာ ယနေ့အထိ စွဲမှတ်ယုံကြည်နေခဲ့ပါတယ်။

အကြောင်းကြောင်းကြောင့် ကြက်ခြေနီနဲ့ ခွဲခွာခဲ့တာ အခုဆိုနှစ်ပေါင်း ၃၀ နီးပါး ရှိခဲ့ပါပြီ။ “ကျေးရွာအနှံ့ ကြက်ခြေနီ ခရီးဆန့်ရမည်”စတဲ့ ကြက်ခြေနီလူငယ်လေးတွေရဲ့ သီချင်းသံတွေဟာ ကျွန်တော့်နားထဲမှာ၊ ရင်ထဲမှာ အခုတိုင်ပျံ့လွှင့်နေဆဲပါ။ ကြက်ခြေနီတာဝန် မထမ်းဆောင်တော့ပေမယ့် ကြက်ခြေနီ မေတ္တာ၊ စေတနာစိတ်ဓါတ် အပြည့်အဝနဲ့ ပြည်တွင်းပြည်ပရောက်ရာဒေသတွေက ပရဟိတစေတနာ့ဝန်ထမ်းလုပ်ငန်းတွေမှာ တတ်စွမ်းသမျှ ကူညီပေးနေဆဲပါ။ ဘယ်လိုပဲ ကြက်ခြေနီနဲ့ အနေဝေးဝေး ဘယ်မျှပင် အသက်အရွယ်ရရ၊ ရင်ထဲမှာစွဲညိနေတဲ့ မွန်မြတ်သန့်စင်လှတဲ့ ကြက်ခြေနီ ပရဟိတစိတ်ဓါတ်ကတော့ နှလုံးသားမှာ ထာဝရရှင်သန်နေမှာဖြစ်ပါတယ်။

ဒီဘဝမှာသာမက သံသရာမှာပါ အကျိုးဖြစ်စေမဲ့ ကြက်ခြေနီစိတ်ဓါတ်ပေါက်ဖွားလာအောင်

(စာမျက်နှာ ၁၃၃ သို့)

၂၀၁၄ ခုနှစ် အောက်တိုဘာလ (၁)ရက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်ပူးပေါင်း၍ လူမှုကရုဏာလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည့် နယ်ပယ်အသီးသီးမှ သူများအတွက် ရဲချုပ်၏ ဂုဏ်ထူးဆောင်ဆုကို မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ သူနာတင်ယာဉ်လုပ်ငန်းမန်နေဂျာ ဒေါ်နီနီမိုးနှင့် ဖြူးမြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှ ဒေါ်သန်းသန်းမြင့် တို့ရရှိခဲ့သည်။



# အမြန်လမ်းထက်က ရှေးဦးပြုစုစွမ်းဆောင်ရှင် အမျိုးသမီးများ

ဂုဏ်ပြုခံရခြင်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ပါအတိုင်းဖော်ပြခဲ့သည်။

ဖြူးမြို့နယ် ကြက်ခြေနီတပ်ဖွဲ့ဝင် ဒေါ်သန်းသန်းမြင့်၏ ဂုဏ်ထူးဆောင်ဆုရရှိသည့် ဖြစ်စဉ်မှာ ၂၅–၅–၂၀၁၃ ရက်နေ့ နံနက် ၀၆း၃၀ နာရီတွင် ဇောဓိကုန်း အမြန်လမ်းရဲစခန်းအပိုင် ရန်ကုန်–မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၁၂၅/၃ နှင့် ၁၂၅/၄ အကြား ကိုးဂွကျေးရွာတွင် ယာဉ်တိမ်းမှောက်မှုဖြစ်ကြောင်း သတင်းအရ စခန်းမှူး ရဲအုပ်သန်းဇော်ပါ တပ်ဖွဲ့ဝင် ၇ ဦး၊ဖြူးမြို့ အမြန်လမ်းရဲစခန်းမှူး ရဲအုပ်ဝင်းထွဋ်အောင် ဦးစီးတပ်ဖွဲ့ဝင်များ၊ ဖြူးမြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှ ဒေါ်သန်းသန်းမြင့် ဦးစီးသော ကြက်ခြေနီတပ်ဖွဲ့ဝင်များပူးပေါင်းပြီး အခင်းဖြစ်သည့်နေရာသို့ထွက်ခွာခဲ့ကြပါသည်။

အခင်းဖြစ်ပွားသည့်နေရာသို့ ရောက်ရှိသည့်အခါ ရန်ကုန်ဘက်မှ နေပြည်တော်ဘက်သို့ ယာဉ်မောင်း သီဟအောင် မောင်းနှင်သော ဖဃ/၇၀၈၅ မန်းရွှေမြို့တော် ခရီးသည်တင်မှန်လုံယာဉ်သည် မောင်းနှင်လာစဉ် ယာဉ်မောင်းမှာ အိပ်ငိုက်ပြီး လမ်းလယ်ကျွန်းကို ကာရံထားသည့် ကွန်ကရစ်တုံးများအား ဝင်ရောက်တိုက်မိပြီး ချောင်းအတွင်းသို့ ထိုးကျတိမ်းမှောက်နေသည်ကို တွေ့မြင်ရသည်။

ယာဉ်ပေါ်တွင်ပါရှိသည့် ခရီးသည် ၂၆ ဦးအနက် သံဃာတော် တစ်ပါး၊ အမျိုးသား ၅ ဦး၊ အမျိုးသမီး ၅ ဦး၊ စုစုပေါင်း ၁၁ ဦး သေဆုံးပြီး အမျိုးသား ၁၁ ဦး၊ အမျိုးသမီး ၄ ဦး၊ စုစုပေါင်း ၁၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ ဖြူးမြို့နယ် ကြက်ခြေနီအသင်းမှ ဒေါ်သန်းသန်းမြင့် ဦးစီးသည့် ကြက်ခြေနီတပ်ဖွဲ့ဝင်များသည် အမြန်လမ်းရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းပြီး အခင်းဖြစ်ပွားသည့်နေရာရှိ ထိခိုက်ဒဏ်ရာရရှိသူများအား ကယ်တင်ခြင်း၊ ရှေးဦးပြုစုခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ၊ ကြက်ခြေနီသူနာတင် ယာဉ်ဖြင့် ဆေးရုံ/ဆေးပေးခန်းသို့ လိုက်ပါ ပို့ဆောင် ခြင်းများကို တာဝန်သိကြက်ခြေနီတပ်ဖွဲ့ဝင် တစ်ဦးအနေဖြင့် မိမိတတ်မြောက် ထားသည့် ရှေးဦးပြုစုခြင်းပညာရပ်ဖြင့် လူနာများ၏ အသက်ရှင်သန်

နိုင်ရေးနှင့် ဒဏ်ရာရရှိမှုအခြေအနေများ ပိုမိုမဆိုးဝါးစေရန် အတွက် အစွမ်းကုန် ပြုစုဆောင်ရွက်ပေးခဲ့ပါသည်။

ဖြူးမြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှ ဒေါ်သန်းသန်းမြင့် သည် အခင်းဖြစ်ပွားသည့်နေရာသို့ တာဝန်သိကြက်ခြေနီတပ်ဖွဲ့ဝင်တစ်ဦး ပီသစွာဖြင့် အချိန်မီရောက်ရှိပြီး ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းကာ သေဆုံး/ဒဏ်ရာရရှိသူများအား အချိန်နှင့်တစ်ပြေးညီ ကယ်ထုတ် ရွှေ့ပြောင်းခြင်း၊ ဖြူးဆေးရုံသို့လိုက်ပါ ကြပ်မတ်ပို့ဆောင်ခြင်း၊အခင်းဖြစ်အရပ်မှသက်သေခံပစ္စည်းများအား မပျောက်ပျက်အောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးခြင်း၊ အမျိုးသမီးတစ်ဦးအနေဖြင့် မကြောက်မရွံ့၊ မရွံရှာဘဲ ဒဏ်ရာရရှိသူများအား ပြုစုစောင့်ရှောက်သည့်အပြင် သေဆုံးသူအများအား လည်းစွမ်းစွမ်းတမံတာဝန်သိစွာဖြင့် ရဲတပ်ဖွဲ့ဝင်များနှင့်အတူ စိတ်ရောကိုယ်ပါ အပင်ပန်းခံ၍ ကူညီစောင့်ရှောက်မှုများကို ဆောင်ရွက်ခဲ့ခြင်းကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၏ ဂုဏ်ထူးဆောင်ဆုကို ချီးမြှင့်ခံရခြင်းဖြစ်သေသည်။

ဒေါ်သန်းသန်းမြင့်သည် ၁၉၇၁–ခုနှစ် အခြေခံပညာအထက်တန်းကျောင်းတွင် ဖွင့်လှစ်သည့် ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းကို တက်ရောက်ပြီး ဖြူးမြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့တွင် တပ်ဖွဲ့ဝင် အဖြစ်မှ တပ်ခွဲမှူးအဆင့်အထိ အဆင့်ဆင့်တာဝန်ထမ်းဆောင်ခဲ့ပါသည်။

၂၀၁၁ ခုနှစ် နိုဝင်ဘာလမှစတင်၍ ရန်ကုန်နေပြည်တော် ၁၁၅ မိုင် ရပ်နားစခန်းရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အုပ်ချုပ်ရေးမှူးရုံး၌ ဖြူးမြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင် ၁၂ ဦးဖြင့် အမြန်လမ်းမကြီး တစ်လျှောက် မော်တော်ယာဉ်မတော်မဆဖြစ်မှုများတွင် နေ့/ည အချိန်ပြည့် တာဝန်ထမ်းဆောင်ခဲ့သည်။





၂၀၁၃ ခုနှစ် မတ်လမှ ၂၀၁၄ ခုနှစ် ဇွန်လအထိ စင်္ကာပူနိုင်ငံကြက်ခြေနီအသင်းမှ ဆောက်လုပ်လှူဒါန်းသည့် မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အရေးပေါ်ရှေးဦးပြုစုခြင်းစခန်း ၁၁၅ မိုင်တွင် ရှေးဦးသူနာပြု တာဝန်အဖြစ်ကြက်ခြေနီစေတနာလုပ်အားရှင် နေ့/ည ၄ ဦးစီအား ဦးဆောင်ကာ ယာဉ်မတော်တဆ ဖြစ်ရပ်များနှင့် ရုတ်တရက်ထိခိုက်ဒဏ်ရာရရှိသော ခရီးသွားပြည်သူ ၃၀၀ ဦးကျော်အား ရှေးဦးပြုစုခြင်းပညာများဖြင့် ပြုစုပေးနိုင်ခဲ့ပြီး အချိန်နှင့်တစ်ပြေးညီ ဆေးရုံများသို့ ပို့ဆောင်ပေးခြင်းဖြင့် ခရီးသွားပြည်သူများ၏ အသက်များစွာကို ကယ်တင်နိုင်ခဲ့ပြီး ယခုလက်ရှိ ရှေးဦးပြုစုခြင်းနှင့်အန္တရာယ်ကင်းရှင်းရေးဌာနတွင် သင်တန်းအရာရှိအဖြစ်မိမိတတ်မြောက်ထားသည့် ရှေးဦးပြုစုခြင်းပညာရပ်များကို ပြည်သူလူထုအတွင်း ဖြန့်ဝေပေးလျှက်ရှိပါသည်။

သူနာတင်ယာဉ်ဝန်ဆောင်မှုလုပ်ငန်း မန်နေဂျာ ဒေါ်နီနီမိုး၏ ဂုဏ်ထူးဆောင်ဆုရရှိသည့် ဖြစ်စဉ်မှာ ၂၀–၈–၂၀၁၄ ခုနှစ် နေ့လည် ၁၄း၁၅ နာရီအချိန်တွင် ရန်ကုန်–မန္တလေး အမြန်လမ်းမိုင်တိုင်အမှတ် ၂၂၁/၁ နှင့် ၂၂၁/၂ အကြားတွင် နေပြည်တော်မှ မန္တလေးသို့ တင်လင်းအောင် မောင်းနှင်လာသည့် 1 G/1494 JJ ခရီးသည်တင် မှန်လုံယာဉ်သည် မိုးရွာသွန်းမှုကြောင့် စလစ်ဖြစ်ပြီး အရှိန်မထိန်းနိုင်ဘဲ ဘာရီယာတုံးများအား တိုက်ကာ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိ တိမ်းမှောက်ကြောင်းသတင်းကို မြန်မာနိုင်ငံကြက်ခြေနီအသင်း သူနာတင်ယာဉ်လုပ်ငန်း မန်နေဂျာ ဒေါ်နီနီမိုးထံသို့ သတင်းရောက်ရှိလာပါသည်။

သူနာတင်ယာဉ်လုပ်ငန်း မန်နေဂျာ ဒေါ်နီနီမိုးသည် သတင်းရလျှင်ရချင်း မိမိလက်အောက်ရှိ ရှေးဦးပြုစုသူများကို အမြန်စုစည်းကာ မြန်မာနိုင်ငံကြက်ခြေနီအသင်း သူနာတင်ယာဉ် နှစ်စီးဖြင့် အခင်းဖြစ်ပွားသည့်နေရာသို့ ချက်ချင်းထွက်ခွာခဲ့ပါသည်။

အခင်းဖြစ်ပွားသည့်နေရာသို့ ရောက်ရှိသည့်အခါတွင် ရှေးဦးပြုစုသူများဆောင်ရွက်ရမည့် ဝတ္တရားများအတိုင်း ဆန်းစစ်ခြင်းများဆောင်ရွက်ခဲ့ရာတွင် ယာဉ်ပေါ်ပါ အမျိုးသား ၁၈ ဦး၊ အမျိုးသမီး ၁၁ ဦး၊ စုစုပေါင်း ၂၉ ဦးအနက် အမျိုးသား ၁၂ ဦး၊ အမျိုးသမီး ၅ ဦး စုစုပေါင်း ၁၇ ဦးမှာ ဒဏ်ရာအသီးသီး ရရှိနေသည်ကို တွေ့မြင်ရလေသည်။

ဒေါ်နီနီမိုးသည် မိမိနှင့်အတူ ရှေးဦးပြုစုသူများကို ဦးဆောင်ကာ ဒဏ်ရာရရှိသူများအား ကယ်ထုတ်ခြင်း၊ သူနာတင်ယာဉ်ပေါ်တွင်ပါရှိသည့် ရှေးဦးပြုဆေးအိတ်မှ ဆေးပစ္စည်းများဖြင့် ထိခိုက်ဒဏ်ရာရရှိသူများအား ပြုစုပေးခြင်း၊ ဆေးရုံသို့အသင်းပိုင် သူနာတင်ယာဉ်ဖြင့်အချိန်မီ ပို့ဆောင်ပေးခြင်းကို ဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းသူနာတင်ယာဉ် ဝန်ဆောင်မှုလုပ်ငန်း မန်နေဂျာဒေါ်နီနီမိုးသည် အခင်းဖြစ်သည့်နေရာသို့ အချိန်နှင့် တပြေးညီ သူနာတင်ယာဉ်နှစ်စီးဖြင့်ရောက်ရှိလာပြီးဒဏ်ရာရရှိသူများအား ကယ်ထုတ်ခြင်း၊ ရှေးဦးပြုစုခြင်းများဆောင်ရွက်ပေးခြင်း၊ ဆေးရုံသို့ အချိန်မီပို့ဆောင်ပေးခြင်း၊ ဒဏ်ရာရရှိသူများ၏ မိသားစုဆွေမျိုးများရောက်လာသည်အထိလိုအပ်သော ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးခြင်း။ ရဲတပ်ဖွဲ့ဝင်များနှင့်အတူ ဒဏ်ရာရရှိသူများ၏ အသုံးအဆောင်ပစ္စည်းများအား ဝိုင်းဝန်းစောင့်ရှောက်ပြီး မိသားစုဆွေမျိုးများထံ လွှဲပြောင်းပေးသည်အထိ ပါဝင်ဆောင်ရွက်ခြင်း၊ လူမှုကရုဏာအသင်းဝင်ပီသစွာ ကြောက်လန့်ရွံ့ရှာခြင်းမရှိဘဲ စိတ်ရောကိုယ်ပါ နွေးထွေးပျူငှာစွာဖြင့် ဒဏ်ရာရရှိသူများ၏ အသက်များကို အချိန်မီ စွမ်းစွမ်းတမံ ကယ်တင်ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၏ဂုဏ်ထူးဆောင်ဆုကို ချီးမြှင့်ခံရခြင်းဖြစ်ပေသည်။

ဒေါ်နီနီမိုးသည် ၁၉၇၀ ခုနှစ်တွင် အထက(၁) ပြည်မြို့တွင်ဖွင့်လှစ်သည့် ရှေးဦးပြုစုခြင်းသင်တန်းများအားတက်ရောက်ခဲ့ပြီး ပြည်မြို့နယ်ကြက်ခြေနီတပ်ဖွဲ့သို့ ဝင်ရောက်ခဲ့ပြီး ၁၉၈၃ ခုနှစ်တွင်တပ်စုမှူးအဆင့်၊ ၁၉၈၇ ခုနှစ်တွင်ဒုတိယတပ်ခွဲမှူးအဆင့်၊ ၂၀၀၇ ခုနှစ်တွင် တပ်ခွဲမှူးအဆင့်၊ ၂၀၀၇–၂၀၀၉ ခုနှစ်များတွင် ဦးစီးမှူး (တတိယတန်း)အဖြစ်၊ ၂၀၀၉–၂၀၁၀ခုနှစ်များတွင် ဦးစီးမှူး (ဒုတိယတန်း) အဖြစ်လည်းကောင်း၊ ၂၀၁၀ ခုနှစ်တွင် ဦးစီးမှူး(ပထမတန်း)အဖြစ်လည်းကောင်း၊ တာဝန်များကို ထမ်းဆောင်စဉ်ကာလအတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် သဘာဝဘေးအန္တရာယ်များတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများအပြင်နှင့် လူမှုကရုဏာလုပ်ငန်းများကို ထူးချွန်စွာ ဆောင်ရွက်နိုင်ခဲ့သည်။

ထို့အပြင် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ချီးမြှင့်သည့် လုပ်ရှားမှုအကောင်းဆုံးဆု(၂၀၀၉)၊ ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှချီးမြှင့်သည့် ပူးပေါင်းကူညီဆောင်ရွက်ခဲ့သည့်ဆုများကို ၂၀၀၉ နှင့် ၂၀၁၀ ခုနှစ်တွင်လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ထူးချွန်အမျိုးသမီးကြက်ခြေနီအဖြစ် ဂုဏ်ပြုဆု(၂၀၀၉) ခုနှစ်တွင် ရရှိခဲ့သည့်အပြင် အခြားသောဂုဏ်ပြုဆုများစွာကိုလည်း ရရှိခဲ့ပါသည်။

၂၀၁၃ ခုနှစ်မေလ ၂ ရက် နေ့မှ စတင်ပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ် သူနာတင်ယာဉ် ဝန်ဆောင်မှုလုပ်ငန်း မန်နေဂျာအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး သူနာတင်ယာဉ် ၃ စီးဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းနှင့် အမြန်လမ်းမကြီးပေါ်တွင် ဖြစ်ပွားသော ယာဉ်မတော်တဆဖြစ်စဉ်များနှင့် ဆိုင်ကယ်မတော်တဆဖြစ်မှုများတွင် ထိခိုက်ဒဏ်ရာရရှိသူများအား အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်မှုများ ပြုလုပ်ပေးနိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း သူနာတင်ယာဉ် ဝန်ဆောင်မှုလုပ်ငန်းကို ဦးဆောင်ကာ ၂၀၁၃ ခုနှစ်၊မေလမှ ၂၀၁၄ ခုနှစ်အထိ လူနာ ၁၆၅၆ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၃၈၉ ဦးအား ဆေးရုံသို့အချိန်မီ ပို့ဆောင်ပေးနိုင်ခဲ့ခြင်းဖြင့် လူ့အသက်ပေါင်းများစွာကို ကယ်တင်နိုင်ခဲ့ပါသည်။



# အရေးပေါ်ကွပ်ကဲမှု ကြက်ခြေနီစင်တာ

## Red Cross Emergency Operations Center(RC EOC)

ကြက်ခြေနီအရေးပေါ်ကွပ်ကဲမှုစင်တာကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလအတွင်းက နေပြည်တော်ရှိ မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ် ဘေးဒုက္ခစီမံခန့်ခွဲရေးဌာနတွင် ဖွင့်လှစ်ကာ လုပ်ငန်းများကိုစတင်ဆောင်ရွက်ခဲ့ပါသည်။

အရေးပေါ်ကွပ်ကဲမှုကြက်ခြေနီစင်တာသည် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သော လေဖိအားနည်းရပ်ဝန်းသတင်းများ၊ မုန်တိုင်းသတင်းများ၊ မြေငလျင်သတင်း၊ ဆူနာမီသတိပေးခြင်း၊ မိုးများခြင်း၊ အချိန်အခါမဟုတ်မိုးရွာနိုင်ခြင်း အစရှိသော သတင်းများကို အချိန်ပြည့်ဆက်သွယ်စောင့်ကြည့်ခြင်းများ ထူးခြားမှုများဖြစ်ပေါ်ပါက အထက်အဆင့်ဆင့်သို့ အချိန်နှင့်တပြေးညီတင်ပြခြင်းနှင့် ဆုံးဖြတ်ချက်များရယူခြင်း ပြည်နယ်တိုင်းဒေသကြီးများမှတဆင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များထံအရောက် သတင်းပေးပို့ကာ အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများကို ကြက်ခြေနီတပ်ဖွဲ့ဝင်များအင်အားဖြင့် ဆောင်ရွက်လျက်ရှိပါသည်။



အရေးပေါ်ကွပ်ကဲမှုကြက်ခြေနီစင်တာသည် အစိုးရသတင်းဌာနများမှ ထုတ်ပြန်သောသတင်းများနှင့် အခြားပြည်တွင်း ပြည်ပသတင်းဌာနများမှ ထုတ်ပြန်သောသတင်းများ၊ လူမှုကွန်ယက် စာမျက်နှာများပေါ်မှ သတင်းများကိုလည်း စောင့်ကြည့်ဆောင်ရွက်လျက်ရှိပါသည်။

မြို့နယ်အသီးသီးရှိ ကြက်ခြေနီတပ်ဖွဲ့ဝင်များမှလည်း ၄င်းတို့မြို့နယ်အတွင်း ဘေးဖြစ်ပွားမှုများကိုလည်း အချိန်နှင့်တပြေးညီ တယ်လီဖုန်း၊ ဖက်စ်၊ အီးမေးလ် စသဖြင့် ဌာနချုပ်အရေးပေါ်ကွပ်ကဲမှုကြက်ခြေနီစင်တာရှိ အရေးပေါ်တယ်လီဖုန်းနံပါတ် ၀၉-၈၆၃၆၆၀၃၊ ဖက်စ် ၀၆၇-၄၁၉၃၀၉ သို့ သတင်းပေးပို့ကာ အသေးစားဘေးဖြစ်ပွားမှုများအား ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တုံ့ပြန်ဆောင်ရွက်ပြီး အလတ်စားနှင့် အကြီးစားဘေးဖြစ်ပေါ်ပါက ဌာနချုပ်မှ အရေးပေါ်ဆန်းစစ်သုံးသပ်ရေးအဖွဲ့များအားစေလွှတ်ခြင်း၊ အရေးပေါ်အထောက်အပံ့၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများကိုလည်း အချိန်နှင့်တပြေးညီ ဆောင်ရွက်လျက်ရှိပါသည်။

### t a&;ay: uyurluuajcepiwmoquo , &e

အရေးပေါ်ဖုန်း- ၀၉-၈၆၃၆၆၀၃၊
ဖက်စ်/ဖုန်း - ၀၆၇-၄၂၉၃၀၉
ဖုန်း- ၀၉-၄၀၁၆၀၀၈၄၇၊ ၀၉-၇၉၅၉၀၀၇၄၅၊

mrcs.kyawsanwin@gmail.com

mrcs.dm.dmo@gmail.com

မြန်မာနိုင်ငံတွင် သူနာပြုလုပ်ငန်းကို စိန့်ဂျွန်းသူနာပြုတပ် St. John Ambulance Bridage က စတင်ပြီး ဆောင်ရွက်ခဲ့သည်။ စိန့်ဂျွန်းသူနာပြုတပ်၏ဌာနချုပ်မှာ လန်ဒန်မြို့တွင်တည်ရှိပြီး ယင်းလက်အောက်ခံတပ်ဖွဲ့ တစ်ခုဖြစ်သည်။

# မြန်မာနိုင်ငံသူနာပြုတပ်ဖွဲ့နိဒါန်း



စိန့်ဂျွန်းသူနာပြုတပ်သည် မြန်မာနိုင်ငံတွင် လွန်ခဲ့သော နှစ်များစွာကပင် ရှိခဲ့သော်လည်း၊ ၁၉၁၆ ခုနှစ်မှသာ သူနာပြုတပ်ဖွဲ့ လုပ်ငန်းများကို တွင်ကျယ်စွာ လုပ်ကိုင်နိုင်ကြသည်။ ထိုနှစ်တွင် မြန်မာပြည် ဘုရင်ခံ ဆာဟူးစတီဖင်ဆင် Sir Hugh Stephenson၏ တိုက်တွန်းချက်အရ ဟိုက်ကုတ်တရားရေးဝန်ကြီး ဦးဘဦး က ဦးဆောင်၍ ပြန်လည်အသက်သွင်းခဲ့သည်။

ထို့နောက် မြန်မာပြည်ဘုရင်ခံ ဆာအာချီဘော်ကော်ဘရိမ်း Sir Archibald Cochrane လက်ထက်တွင် ဘုရင်ခံနှင့်၊ ဘုရင်ခံကတော်တို့ ကမကထလုပ်၍ စိန်ဂျွန်းသူနာပြုတပ် အတွက် အလှူငွေများ ကောက်ခံရာ ငွေပေါင်းကျပ် တစ်သိန်းခန့် ရရှိခဲ့သည်။ ထိုငွေဖြင့် သူနာ ပြုတပ်အတွက် လိုအပ်သော ဝတ်စုံနှင့် ကရိယာတန်ဆာပလာများကို ဝယ်ယူ ခဲ့သည်။ ထို့အပြင်ဘုရင်ခံ၏အကူအညီဖြင့် သူနာတင်မော်တော်ယာဉ် ၈ စီးကိုရရှိသောအခါ၊ သူနာပြုလုပ်ငန်းမှာ အထူးတလည် တွင်ကျယ်လာခဲ့သည်။

### စိန်ဂျွန်းသူနာပြုတပ်ဖွဲ့

ရန်ကုန်မြို့ပေါ်တွင်သာ ရှိခဲ့ပြီး အင်အား ၄၀ခန့် ရှိသည်။ ရန်ကုန်အရှေ့ပိုင်းတပ်ရင်း၊ တိုင်းရင်းသားတပ်ရင်း၊ ဘားမား မူဆလင်တပ်ရင်း၊ ကန်တော်ကလေးတပ်ရင်း များရှိခဲ့ပြီး၊ ကြက်ခြေနီဘင်ခရာ တီဝိုင်းတစ်ခု ရှိခဲ့သည်။ တပ်ဖွဲ့ဝတ်စုံမှာကာကီရောင် အင်္ကျီနှင့် ဘောင်းဘီတို၊ ခြေစွပ်အရှည်၊ ဖော့ဦးထုပ်(ပိကက်)အထူ အဖြူရောင်ကို ဝတ်ဆင်ခဲ့ကြသည်။

တပ်ဖွဲ့လူပ်ရှားမှုအဖြစ် ရှေးဦးသူနာပြုသင်တန်းများဖွင့်လှစ်ခြင်း၊ ဒါဘာပွဲ၊ လှေပြိုင်ပွဲများတွင် တာဝန်ချထားခြင်းများအပြင်၊ နှစ်စဉ် ဇန်နဝါရီလ (၁)ရက်နေ့၌ နှစ်သစ်ကြိုဆိုပွဲအဖြစ်၊ စစ်ရေးပြ အခမ်းအနားကို မိုင်ဒါကွင်းတွင် ပြုလုပ်ကြသည်။

ပထမကမ္ဘာ့စစ်အတွင်း ကျဆုံးခဲ့သော စစ်သည်တော်များအား ရည်စူးကာ၊ စိန်ဂျွန်းသူနာပြုတပ်ဖွဲ့ဝင်များသည် ရန်ကုန်တိရိစ္ဆာန်ဥယျာဉ် အတွင်းရှိ ဝိတိုရိယဘုရင်မကျောက်တိုင်သို့ နှစ်စဉ် နိုဝင်ဘာလ ၁၁ ရက်၊ စစ်ပြီးဆုံးခြင်းအထိမ်းအမှတ်နေ့ Armistce Day ရောက်တိုင်းသွားရောက်အလေးပြုကြသည်။ ယင်းကျောက်တိုင်ကို

၁၉၁၈ ခုနှစ်၊နိုဝင်ဘာလ ၁၁ ရက်နေ့၊နံနက် ၁၁ နာရီတွင် ပထမကမ္ဘာစစ်ပြီးဆုံးခဲ့သည့် အထိမ်း အမှတ်အဖြစ် ဝိတိုရိယဘုရင်မကြီး မြန်မာနိုင်ငံသို့လာရောက်စဉ် စိုက်ထူခဲ့သည်။ လူမျိုးရေး အဓိကရုဏ်းများတွင်လည်း သူနာပြုစုရေးတာဝန်များကို ထမ်းဆောင်ခဲ့ကြသည်။ စစ်ကြိုခေတ်လူမျိုးရေးအဓိကရုဏ်းများဖြစ်ပွားစဉ်၊ စကော့မကက် (ယခု ဗိုလ်ချုပ်အောင်ဆန်းဈေး) ရှေ့ရှိ၊ မဂိုလမ်း (ယခု ရွှေဘုံသာလမ်း) ပလက်ဖောင်းပေါ်တွင် နေ့ည ၂၄နာရီပတ်လုံး၊ သူနာပြုတပ်ဖွဲ့ဝင်များသည် တာဝန်ထမ်းဆောင်ပေးခဲ့ကြသည်။ အရေးပေါ်လူနာများ ရှိပါက ရှေးဦးပြုစုပေးကာ ဆေးရုံသို့ပို့ဆောင်ပေးခဲ့သည်။

ထို့အပြင် ဂျူဗလီဟောတွင် ပြုလုပ်သော၊ ပြခန်းများနှင့် ပြပွဲများတွင် လူထုစောင့်ရှောက်ရေး တာဝန်ယူခဲ့ကြပြီး၊ ဘီအေအေဂရောင်းဘောလုံးကွင်း(အောင်ဆန်းအားကစားကွင်း) ဘောလုံးပွဲများနှင့် လူထုစည်းဝေးပွဲများတွင်ဆေးအဖွဲ့တာဝန်များကို ထမ်းဆောင်ခဲ့ကြသည်။

## ဒုတိယကမ္ဘာစစ်ကြိုခေတ်

ဒုတိယကမ္ဘာစစ်မဖြစ်မီကတည်းကပင် စစ်ဘေးအန္တရာယ်ကာကွယ်ရေး၊ အထူးတာဝန်များကို သူနာပြုတပ်ဖွဲ့ဝင်များ လေ့ကျင့်ထားကြသည်။ စိန်ဂျွန်း သူနာပြုတပ်ဖွဲ့ဌာနချုပ်ဖြစ်သော မြူနီစပယ်ရုံးကြီး (ယခုမြို့တော်ခန်းမအနောက်ဖက်)တွင် တပ်ဖွဲ့ဝင်များစုရုံးကာ၊ ဗုံးကျပြီးနောက် ထိခိုက်ဒဏ်ရာရသူများအား အရေးပေါ်လူနာကောက်ခြင်း နှင့် ပြုစုခြင်းကို လက်တွေ့ လေ့ကျင့်ကြသည်။ ယင်းကို သင်တန်းဆရာများနှင့် သူနာပြုများက သင်ကြားပေးခဲ့ကြသည်။

သရုပ်ပြလေ့ကျင့်မှုများကို ရန်ကုန်မြို့တော်ပတ်ဝန်းကျင်ရှိ အလုံဝှိုက်တော (ယခုအနောက်ပိုင်းဆေးရုံကြီး)၊ ပြည်လမ်း၊ စိန့်ဖီလိုမီနာ ကျောင်း (ယခုအထက ၂-စမ်းချောင်း)၊ စိန်ပေါ် ကျောင်း (ယခုအထက ၆-ဗိုလ်တထောင်)၊ ဘုတ်ကလပ် (ယခုအင်းလျားတက္ကသိုလ်လှေလှော်အသင်း)၊ မြေနီကုန်း၊ စပတ်လမ်းထိပ် (ယခု ဗိုလ်အောင်ကျော်လမ်း)၊ မြန်မာ့အလင်းစာပုံနှိပ်တိုက်ရှေ့၊ လမ်းမတော် ၉ လမ်း၊ မြူနီစပယ်ကျောင်း စသည့်နေရာ အနှံ့အပြားတွင် လေ့ကျင့်မှုများကို ပြုလုပ်ခဲ့ကြသည်။

တပ်ဖွဲ့ဌာနချုပ်တွင် တပ်ဖွဲ့ဝင်များစုကြပြီး၊ စီစဉ်ထားသော မော်တော်ကားသုံးစီးဖြင့် လေ့ကျင့်မှုစတင်ရန် နေရာယူကြသည်။ ပထမဆုံးမော်တော်ကားသုံးစီးဖြင့် လေ့ကျင့်မှုစတင်ရန် နေရာယူကြသည်။ ပထမဆုံး မော်တော်ကားမှာ အမိုက်ကားဖြစ်ပြီး၊ လူနာအဖြစ် သရုပ်ဆောင်မည့် အလုပ်သမားများ ပါဝင်သည်။ ဒုတိယမော်တော်ကားတွင် သူနာပြု တပ်ဖွဲ့ဝင်များ လိုက်ပါရပြီး၊ တတိယသီးသန့်ကားတွင်မူ သင်တန်းဆရာများနှင့် သူနာပြုများလိုက်ပါလာကြသည်။

ဗုံးကျပြီဟုအရေးပေါ်အကြောင်း ကြားလိုက်သည် နှင့် မြူနီစပယ်အမှိုက်ကားက အလျင်ထွက်သွားကာ၊ သတ်မှတ်ထားသောနေရာများတွင် သွေးထွက်သံယိုနှင့် လူနာများအဖြစ် မြူနီစပယ်အလုပ်သမားများကသရုပ်ဆောင် ကြသည်။ အမှန်တကယ် သရုပ်တူအောင် လူသာမက၊ ဇနားရုပ်စ်တွင် ပြုလုပ်သည့် လူပုံစံတုများကိုပါ အသုံးပြု ခဲ့ကြသည်။

အဆိုပါလူနာများအား သူနာပြုတပ်ဖွဲ့ဝင်များက၊ သင်တန်းတွင် သင်ကြားပေးထားသည့် ရှေးဦးပြုစုနည်းများဖြင့် ပြုစုပေးကြသည်။ အဆိုပါလေ့ကျင့်မှုများသည် စစ်အတွင်းကာလ ရှောင်တခင်ကြုံတွေ့ကြရသောအခါ ရဲစွမ်း သတ္တိရှိရှိနှင့် သွေးသံရဲရဲ လူနာများကို စနစ်တကျ ပြုစု ပေးနိုင်ရန်ဖြစ်သည်။

## စစ်ကာလအတွင်းဆောင်ရွက်မှုများ

ဒုတိယကမ္ဘာစစ်ကြီးအတွင်း စိန်ဂျွန်းသူနာပြုတပ်ဖွဲ့ဝင်များသည်၊ အစိုးရအမှုထမ်းများအပါအဝင် ဖွဲ့စည်းထား သော **'လေကြောင်းဘေးအန္တရာယ်ကာကွယ်ရေးတပ်ဖွဲ့'** ARB များနှင့်အတူ လက်တွဲဆောင်ရွက်ခဲ့ကြသည်။ရန်ကုန် နယ်နိမိတ်အတွင်း ပါဝင်သော ကျောက်မြောင်း၊ ၉-လမ်း၊ မြူနီစပယ်ရုံး၊ အနောက်ကြည့်မြင်တိုင်၊ ဘုတ်ကလပ်၊ စိန်ပေါ်၊ မြန်မာ့အလင်းပုံနှိပ်တိုက်ရှေ့၊ ဗိုလ်တထောင်၊ ဒလ စသည့် နေရာတို့တွင် သူနာပြုစခန်း(၈)ခု ဖွင့်လှစ်ကာ ပြုစုပေးခဲ့ကြသည်။

၁၉၄၁ ခုနှစ်၊ ဇန်နဝါရီ ၂၃ ရက်နေ့တွင်

ဂျပန်တပ်များက ရန်ကုန်တစ်မြို့လုံးကို ဗုံးကြဲခဲ့ရာ၊ သူနာပြု တပ်ဖွဲ့ဝင်များသည် ဗုံးဆံများ၊ စက်သေနတ်သံများကြားတွင် မကြောက်မရွံ့ လူနာများအား ဇန်နဝါရီ (၂၅) ရက်နေ့အထိ နေ့ညပြုစုကူညီခဲ့ကြသည်။ သူနာတင်ကား မလုံလောက် သဖြင့် လန်ချားများဖြင့် လူနာများကို တင်ကာ ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြသည်။

ဗြိတိသျှအစိုးရမထွက်ခွာမီ အရေးပေါ်ဆေးဝန်ထမ်း တပ်ဖွဲ့ EMS မှ ဒေါက်တာဘရွတ် Dr Broach က သူနာပြုတပ်ဖွဲ့ဝင်များအား မွမ်းမံသင်တန်းများ ဖွင့်လှစ် သင်ကြားပေးသည်။ ဗြိတိသျှတပ်များ ဆုတ်ခွာပြီးနောက် စိန့်ဂျွန်းသူနာပြုတပ်ဖွဲ့ဝင်များအား ဆုငွေ ၃၅ ကျပ်စီပေး အပ်ခဲ့သည်။ သူနာပြုတပ်ဖွဲ့ယူနီဖောင်းကိုလည်း ရှပ်အင်္ကျီ အပြာရောင်၊ ဘောင်းဘီ အပြာရောင်နှင့် ဖော့ဦးထုပ် အပြာ ရောင်ကို ဝတ်ဆင်ရန် အကြံပေးခဲ့သည်။

နောင်အခါတွင် စိန့်ဂျွန်းသူနာပြုတပ်ဖွဲ့ဝင်များသည် ဗမာ့တပ်မတော် သူနာပြုတပ်ဖွဲ့များတွင်လည်းကောင်း၊ အာရှလူငယ်အဖွဲ့များတွင်လည်းကောင်း၊ အိန္ဒိယလွတ်လပ်ရေး တပ်မတော် တို့တွင် ခေါင်းဆောင်ခဲ့ကြသည်။

စစ်အတွင်း စိန့်ဂျွန်းသူနာပြုတပ်၏ ဌာနချုပ်ကို ရန်ကုန်မြူနီစပယ်ရုံး အောက်တွင်ထားရှိခဲ့ပြီး ရှေးဦးသူနာပြု စခန်းများကို ရန်ကုန်မြို့အနှံ့အပြားတွင် ထားရှိခဲ့သည်။ရန်ကုန်ကောလိပ်တွင် စိန့်ဂျွန်းသူနာပြုတပ်၏လက်အောက်ခံ 'ရန်ကုန်ကောလိပ် သူနာပြုတပ်ခွဲ' တစ်ခုကိုဖွဲ့စည်းထားရှိ သည်။ ထို့အပြင် အခကြေးငွေမယူဘဲ ရန်ကုန်ဇရိယာ အတွင်း ရှေးဦး သူနာပြု ဆေးခန်းပေါင်း ၂၀ ကိုလည်းဖွင့်လှစ်ခဲ့သည်။ ၁၉၄၂ ခုနှစ်ဂျပန်များ ဝင်ရောက် လာသောအခါ စိန့်ဂျွန်းသူနာပြုတပ်၏ လုပ်ငန်းများကို ရပ်စဲခဲ့သည်။

## ထားဝယ်မြို့မသူနာပြုတပ်

၁၉၃၆ ခုနှစ်၊ ထားဝယ်မြို့တွင် **'ထားဝယ်မြို့မ သူနာပြုတပ်ဖွဲ့'** ကိုဖွဲ့စည်းခဲ့သည်။ သူနာပြုတပ်၏ ဗိုလ်ချုပ်(ခေါင်းဆောင်)မှာ ဘိလပ်ပြန်ဆရာဝန်ကြီး လင်ကြည်ထို ဖြစ်သည်။ ထို့နောက် ၁၉၃၇ ခုနှစ်တွင် ဦးကောကြည်ဟန် က သူနာပြုတပ်ဗိုလ်ချုပ်အဖြစ် တာဝန်ယူခဲ့သည်။

၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ (၈)ရက်နေ့ ညနေ(၃) နာရီခန့်တွင် ဂျပန်စစ်လေယာဉ်များ၊ ထားဝယ်လေယာဉ်ပျံကွင်းအနီး ဗုံးကြဲချရာတွင် သူနာပြုတပ်ဖွဲ့ဝင်များ သည် ရဲရဲဝံ့ဝံ့ ထိခိုက်ဒဏ်ရာရသူများအား ကူညီပေးခဲ့ကြသဖြင့် တနင်္သာရီ ဝန်ရှင်တော်မင်းကြီး၏ ချီးကျူးဂုဏ်ပြုခြင်းကို ခံခဲ့ရသည်။ ၁၉၄၂ ခုနှစ် ဇန်နဝါရီလ (၁၉) ရက်နေ့ ထားဝယ်ခရိုင်မှ ဗြိတိသျှ စစ်တပ်များ ဆုတ်ခွာသွားသည်အထိ မြို့သူမြို့သား များအား စောင့်ရှောက်ပေးကာ ဆေးရုံကြီးတွင် ဆရာဝန် သူနာပြုဆရာမ များ ထွက်ပြေးတိမ်းရှောင်ပြီးသည်အထိ တာဝန်ယူပေးခဲ့ကြသည်



ဂျပန်တပ်များ ထားဝယ်မြို့ကို သိမ်းပိုက်ပြီးနောက် ၁၉၄၂–ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့မှစ၍ ဗမာ့ လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ)လက်အောက်ခံ စစ်မြေပြင်သူနာပြုတပ်ဖွဲ့ တစ်ဖွဲ့ကို ပြန်လည်ဖွဲ့စည်း လေ့ကျင့် ပေးခဲ့ရာ ထားဝယ်မြို့မ သူနာပြုတပ်သားများ ပါဝင်ခဲ့ကြ သည်။ စစ်မြေပြင်သူနာပြုတပ်ဖွဲ့သည် ဗမာ့လွတ်လပ်ရေး တပ်မတော် မော်လမြိုင်သို့ အရောက်တွင် ပထမအသုတ် အဖြစ် သူနာပြုတပ်သားများသည် စစ်တပ်နှင့်လိုက်ပါ သွားပြီး ကျန်ခဲ့သောတပ်ဖွဲ့ဝင်များကိုမူ အခြေအနေအရ မြို့ပြဆိုင်ရာ လေကြောင်းကာကွယ်ရေး အတွက် အထူး သင်တန်းများပေးကာ ထားဝယ်မြို့ပေါ်တွင် ထားခဲ့သည်။

၁၉၄၅ခုနှစ်၊ စက်တင်ဘာလတွင် ဗြိတိသျှ တပ်သားများ ထားဝယ်ခရိုင်ကို ပြန်လည် သိမ်းပိုက်ပြီးသောအခါ မူလရှိခဲ့သော ထားဝယ်မြို့မ သူနာပြုတပ်ဖွဲ့

ကို မဖျက်သိမ်းဘဲ ရန်ကုန်ရှိ စိန့်ဂျွန်း သူနာပြုတပ်ဖွဲ့နှင့် ပူးပေါင်းခဲ့သည်။

ဂျပန်ခေတ်တွင် ဗမာ့ဝန်ထမ်းသူနာပြုတပ် မဟာဗမာသူနာပြုတပ်၊ ကျူးဒန်းသူနာပြုတပ် အစရှိသည်တို့သည် ပြည်သူလူထုအတွက် ကယ်ဆယ်ရေးနှင့် သူနာပြုလုပ်ငန်း များကို ဆောင်ရွက်ခဲ့ကြသည်။

## ရွှေလယ်ရွာ သူနာပြုတပ်

ဂျပန်ခေတ် မြန်မာနိုင်ငံအလယ်ပိုင်း မိတ္ထီလာခရိုင်တွင်လည်း မြန်မာအမျိုးသမီးများ သူနာပြုတပ်ဖွဲ့စည်းကာ ကူညီခဲ့ကြသည်။ ထိုစဉ်က မိတ္ထီလာမြို့ အနောက်တောင်ဘက် ၁၀ မိုင်အကွာရှိ ရွှေလယ်ရွာတွင် အမျိုးသမီးသူနာပြုတပ်ကို ဖွဲ့ကာ နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲဝင်နေကြသော အမျိုးသားမောင်ဖွားတို့အား ထောက်ပံ့ကူညီမှုများ ပြုလုပ် ခဲ့ကြသည်။

ထိုစဉ်က ဂီတလောကတွင် ထင်ရှားကျော်ကြားခဲ့သော နန်းတော်ရှေ့ဆရာတင်မှာ ရာဇဝတ်အုပ်အဖြစ် မိတ္ထီလာမြို့တွင် တာဝန်ထမ်းဆောင်လျက်ရှိရာ ရွှေလယ်ရွာ အမျိုးသမီးသူနာပြုတပ်ဖွဲ့ကို တေးသီချင်းရေး၍ ဂုဏ်ပြုခဲ့သည်။

### ရွှေလယ်ရွာ သူနာပြု အမျိုးသမီးသီချင်း

ကျွန်ုပ်တို့ရွာရောက်ရအောင် × တစ်ခါ တစ်ခေါက် တော့ဖြင့် လာစေချင်တာ × ပိုးလုံချည် ပိုးအင်္ကျီ ရက်ရ သည့် ပျိုးဖျန်းကညာ × (သစ္စာမေတ္တာ ချစ်ပါသော် ကမျိုး ချစ်ဗမာ× ဒါကြောင့်မို့လည်း ရွှေလယ်ရွာ × တစ်ကမ္ဘာ လုံးကျော်ခဲ့တာ)၂

သူနာပြုအသင်း အမည်နဲ့သာ × စာရင်းအမည် နဲ့သာ× သီချင်းအမည်မှည့်ကာ × နန်းတော်ရှေ့ ဆရာတင်စီ ကာ × မကြာခင် တည်လာတာ ကျွန်ုပ်တို့ရွာ ကိုယ့်မောင် ကိုယ့်ဖွားတွေ ရှေ့ကစစ်တိုက်သူ× ရွှေ လယ်ရွာ အမျိုးသမီးများ ဝိုင်းဝန်းကူ × ×

(သစ္စာမေတ္တာ ချစ်ပါသော် မျိုးချစ်ဗမာ× ဒါကြောင့်မို့လည်းရွှေလယ်ရွာ× တစ်ကမ္ဘာလုံးကျော်ခဲ့တာ)၂

## မိုးကောင်းသူနာပြုတပ်

ကချင်ပြည်နယ်၊ မိုးကောင်းမြို့တွင် ဒုတိယကမ္ဘာစစ်မဖြစ်မီ အမျိုးသမီးသူနာပြုတပ်ကို ဖွဲ့စည်းခဲ့သည်။ ဒုတိယကမ္ဘာစစ်ဖြစ်လာသောအခါ ထိုအမျိုးသမီးသူနာပြုတပ်ဖွဲ့သည် အထူးအရေးပါ အရာရောက်သော သူနာပြုတပ်ကလေးဖြစ်ခဲ့သည်။ ခေါင်းဆောင်ဖွဲ့စည်းသူမှာ မြန်မာနိုင်ငံ၏ ပထမဆုံး ဖလော်ရင့်နိုက်တင်ဂေးလ်ဆုရှင် ဒေါ်ခင်အုန်းမြ ဖြစ်သည်။

ထိုအချိန်က ရန်ကုန်မြို့ကို ဖက်ဆစ်ဂျပန်တို့ ဗုံးချခဲ့ရာ၊ အောက်ပြည်အောက်ရွာမှ လူမျိုးပေါင်းစုံ စစ်ပြေးဒုက္ခသည်မြောက်များစွာ မိုးကောင်းမြို့သို့ ရောက်လာကြသည်။ အမျိုးသမီးသူနာပြုတပ်ဖွဲ့ဝင် များသည် နေ့စဉ် မီးရထားဆိုက်ချိန်၌ စစ်ပြေးဒုက္ခသည်များအား ဟင်းသီးဟင်းရွက်၊ ပလာတာ၊ ရေနှင့်ဆေးဝါးများ ဝေငှပြီး မြို့တွင်းတွင်လှည့်လည်၍ လူနာများအား လိုက်လံရှာဖွေကာ ဇရပ်များ၊ သစ်ပင်ရိပ်များအောက်တွင် ဆေးထည့်ကာ ပြုစုပေးခဲ့ကြသည်။

မိုးကောင်းဆေးရုံတွင် ဆရာဝန်၊ ဆရာမ၊ အလုပ်သမား မရှိ၊ ဗုံးများချသဖြင့် လုံခြုံသောနေရာတွင် သွားရောက်ခိုလှုံနေကြသည်။ သူနာပြုတပ်ဖွဲ့ဝင်များသည် ဆေးရုံသို့နေ့စဉ်သွားရောက်ကာ စစ်ပြေးဒုက္ခသည် လူနာများအား ပြုစုပေးခဲ့ကြသည်။

## ပြည်သူ့သူနာပြုတပ်မတော်

ဗြိတိသျှခေတ် နှင့် ဂျပန်ခေတ်ကာလ စိန့်ဂျွန်း သူနာပြုတပ်ကို ‘ ပြည်သူ့သူနာပြုတပ်မတော် ’ BAB Burma Ambulance Brigade အမည်ဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ ပြည်သူ့သူနာပြုတပ်မတော်၏ ဖွဲ့စည်းပုံ စည်းမျဉ်း ဥပဒေအပိုဒ် (၃၀) အရ အုပ်ချုပ်ရေးကောင်စီက တပ်မတော်ဖွဲ့စည်းပုံ စည်းမျဉ်းဥပဒေကို သတ်မှတ်ပြဋ္ဌာန်းခဲ့သည်။

ပြည်သူ့ သူနာပြုတပ်မတော်သို့ ဝင်ရောက်ရန် လိုအပ်သည့်အရည်အချင်းသတ်မှတ်ချက်များမှာ–

(က) စိန့်ဂျွန်းသူနာပြုအသင်းမှသော်လည်းကောင်း၊ မြန်မာပြည်ပြည်သူ့ သူနာပြုအသင်းမှသော်

လည်းကောင်း အောင်လက်မှတ်ရသူဖြစ်ရမည်။

(ခ) အသက် ၁၇ နှစ်ကျော်၍ ၅၅ နှစ်အတွင်း ဖြစ်ရမည်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်၍ ကိုယ်လက်အင်္ဂါ ကျန်းမာသန်စွမ်းသူ တစ်ယောက်ဖြစ်ရမည်။

ပြည်သူ့သူနာပြုတပ်မတော်တွင် ယောကျ်ားသူနာပြု တပ်ခွဲ နှင့် အမျိုးသမီးသူနာပြုတပ်ခွဲ ဟူ၍ သီးခြားဖွဲ့စည်း ထားရှိသည်။

တပ်ဗိုလ်များမှအပ ယောကျ်ားသူနာပြုတပ်ခွဲတွင် အနည်းဆုံး ၁၆ ယောက်၊ အမျိုးသမီးတပ်ခွဲတစ်ခုတွင် အနည်းဆုံး တပ်သူ ၁၂ ယောက်ပါဝင်ဖွဲ့စည်းထားသည်။

ပြည်သူ့သူနာပြုတပ်မတော်သည် ၁၉၅၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၉၊ ၁၀ နှင့် ၁၁ ရက်နေ့များတွင်'ပြည်သူ့သူနာပြုတပ်မတော်အလံတော်နေ့များ' အဖြစ် သတ်မှတ်ပြီး၊ ရပ်ကွက်တိုင်းသို့အလှူခံထွက်ကြသည်။

ပြည်သူ့သူနာပြုတပ်မတော်သားများသည် မြန်မာနိုင်ငံအရပ်ရပ်တွင် ဆူပူမှုများကြောင့် ဖြစ်ပေါ်လာသော ဒုက္ခသည်များအတွက် ကယ်ဆယ်ရေးစခန်းများတွင် ကျန်းမာရေး၊ ဆေးဝါးကုသရေးများကို ဆောင်ရွက်ပေးနိုင်ခဲ့ရုံသာမက အစိုးရတပ်မတော်များ ပြန်လည်ရုတ်သိမ်းပြီးသောနယ်များတွင်လည်း ဆေးဝါးကုသရေး၊ ရောဂါကာကွယ်တားဆီးရေးလုပ်ငန်းများကိုဆောင်ရွက်ခဲ့ကြသည်။

ပြည်သူ့သူနာပြုတပ်မတော်သည် မြန်မာနိုင်ငံအတွင်း သူနာပြုလုပ်ငန်းကို လန်ဒန်မြို့ရှိ စိန့်ဂျွန်းသူနာပြုတပ်ဖွဲ့၏ ဌာနချုပ်နှင့် ဆက်သွယ်ဆောင်ရွက် ခဲ့သည်။

တပ်မင်းချုပ်အဖြစ် တာဝန်ယူခဲ့သော တရားရေးဝန်ကြီး ဦးဘဦးက တပ်ဖွဲ့၏လုပ်ငန်းများကို မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးနှင့် ပူးပေါင်းလုပ်ဆောင်ရန် ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ လွတ်လပ်ရေးရပြီးနောက် ၁၁နှစ်ကြာသည်အထိ သီးခြား ဖွဲ့စည်းရပ်တည်ခဲ့သည်။

## အသင်းကြီးနှင့် သူနာပြုတပ်ဖွဲ့ ပူးပေါင်းခြင်း

တရားရေးဝန်ကြီး ဦးဘဦးသည် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဥက္ကဋ္ဌ ဖြစ်လာသောအခါ ယခင်က အုပ်ချုပ်ခဲ့သော သူနာပြုတပ်ဖွဲ့ကို ကြက်ခြေနီအသင်းနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့သည်။

လွတ်လပ်ရေးရပြီးနောက် မြန်မာနိုင်ငံရှိ စိန့်ဂျွန်းသူနာပြုတပ်ဖွဲ့သည် လန်ဒန်မြို့ရှိဌာနချုပ်နှင့်အဆက်ဖြတ်ကာ 'မြန်မာနိုင်ငံ သူနာပြုတပ်ဖွဲ့' အဖြစ်ပြောင်းလဲခေါ်ဝေါ်ကာ ဖွဲ့စည်းခဲ့သည်။

၁၉၅၉ ခုနှစ်တွင် ပြည်ထောင်စုပါလီမန် ဥပဒေပြုလွှတ်တော်က ၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း အက်ဥပဒေကိုပြဌာန်းကာ ယခင်က တသီးတခြားဖြစ်နေသော မြန်မာနိုင်ငံသူနာပြုတပ်ဖွဲ့ကို မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ပူးပေါင်း ဆောင်ရွက်စေခဲ့သည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း အက်ဥပဒေအရ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏အောက်တွင် **မြန်မာနိုင်ငံ သူနာပြုတပ်ဖွဲ့**' ဟု တစ်ခုတည်းသော အဖွဲ့အစည်းသာ ရှိရမည်ဆိုသည့်အတိုင်း ဖွဲ့စည်းရေး၊ အုပ်ချုပ်ရေး၊ ရာထူးခန့်ထားရေး၊ ထုတ်ပယ်ရေး၊ လေ့ကျင့်ရေး စသည့်ကိစ္စများကို ဆောင်ရွက်ရန် '**မြန်မာနိုင်ငံသူနာပြုတပ်ဖွဲ့ အခြေခံစည်းမျဉ်း**' ကိုရေးဆွဲပြဌာန်းခဲ့သည်။

မြန်မာနိုင်ငံသူနာပြုတပ်ဖွဲ့ ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်မှာ ကြက်ခြေနီအသင်းမှချမှတ်ပေးသော အောက်ပါကြက်ခြေနီလုပ်ငန်းများအား အကောင် အထည်ဖော်ရန်ဖြစ်သည်။

(က) စစ်မြေပြင်တွင် ထိခိုက်ဒဏ်ရာရသူများနှင့် ဖျားနာသူများကိုစောင့်ရှောက်ရေး၊

(ခ)စစ်မက်ဖြစ်ပွားချိန်တွင် အတိဒုက္ခ ရောက်သော ပြည်သူပြည်သားများအား ကူညီစောင့်ရှောက်ရေး၊

(ဂ) ငြိမ်းချမ်းစဉ်အခါတွင် ဖြစ်ပွားသည့်ရောဂါအန္တရာယ်ဘေး၊ ဝတ်မွတ်ခေါင်းပါးခြင်းဘေး၊ မီးဘေး၊ ရေဘေး၊ လေဘေးအန္တရာယ်များကြောင့် ဖြစ်ပွားသောဘေးဒုက္ခတွင်ဝင်ရောက် ကူညီစောင့်ရှောက်ရေးတို့နှင့်

(ဃ) ကြက်ခြေနီအသင်းကြီးမှ ချမှတ်ထားသော အခြားစေတနာ့ဝန်ထမ်း လုပ်ငန်းတို့တွင် ကိုယ်ထိလက်ရောက် ဆောင်ရွက်လုပ်ကိုင်ခြင်းများအပြင်–

သူနာပြုတပ်ဖွဲ့သည် အရပ်သားများနှင့် လက်နက်ကိုင်တပ်ဖွဲ့များစပ်ကြားတွင် အဆက်အသွယ်အဖြစ်ဆောင်ရွက်လျက် ပြည်ထောင်စုမြန်မာနိုင်ငံ လက်နက်ကိုင်တပ်ဖွဲ့များနှင့် ညှိနှိုင်း၍ စေတနာ့ဝန်ထမ်း

ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

သူနာပြုတပ်ဖွဲ့သည် ရှေးဦးပြုစုခြင်းပညာ၊ လူနာသယ်ယူခြင်းပညာများတိုးပွားရန်နှင့်လက်တွေ့တတ်မြောက်ခြင်း၊ ထိုပညာများဖြင့် ပြည်သူလူထုအား လိုအပ်သည့်အချိန်တွင် အကူအညီပေးနိုင်ရန် ဖြစ်သည်။


မြန်မာနိုင်ငံသူနာပြုတပ်ဖွဲ့ကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ပြည်နယ်၊ တိုင်းနှင့်မြို့နယ်အသီးသီးရှိ ကြက်ခြေနီ အသင်းခွဲများကတာဝန်ခံကာ ဖွဲ့စည်းခဲ့သည်။


မြန်မာနိုင်ငံကြက်ခြေနီသူနာပြုတပ်ဖွဲ့နှင့် ပတ်သက်၍ လေ့လာကြည့်မည်ဆိုပါက ၁၉၁၆–၁၉၃၇ ထိ ဗြိတိသျှ ကိုလိုနီခေတ်နှင့် အိန္ဒိယအစိုးရခေတ်တွင် စိန့်ဂျွန်းသူနာပြုတပ်ဖွဲ့အနေဖြင့်လှုပ်ရှားခဲ့သည်။

၁၉၃၈ မှ ၁၉၄၂ ထိ ဗြိတိသျှခေတ်မှ ဂျပန်မဝင်မီကာလတွင် မြန်မာနိုင်ငံသူနာပြုတပ်ဖွဲ့အဖြစ်လည်းကောင်းရှိခဲ့ပြီး၊ ဂျပန်ခေတ်တွင် တပ်ဖွဲ့လှုပ်ရှားမှု ပျက်ပြားခဲ့သည်။


၁၉၄၆ မှ ၁၉၄၈ ထိ ကက်စဘီခေတ်မှလွတ်လပ်ရေးအကြိုကာလထိ မြန်မာပြည်ပင်လယ်ရပ်ခြား စိန့်ဂျွန်းသူနာပြုတပ်အဖြစ်လှုပ်ရှားခဲ့သည်။

၁၉၄၅ မှ ၁၉၅၉ လွတ်လပ်ရေးရရှိပြီး မြန်မာနိုင်ငံကြက်ခြေနီ အက်ဥပဒေပေါ်လာသည်အထိ မြန်မာနိုင်ငံ ပြည်သူ့သူနာပြုတပ်မတော်အဖြစ် ရပ်တည်ခဲ့သည်။ ၁၉၆၀ မှ ယနေ့အထိ မြန်မာနိုင်ငံသူနာပြုတပ်ဖွဲ့အဖြစ် ရပ်တည်ခဲ့သည်။





မြန်မာနိုင်ငံကြက်ခြေနီသူနာပြုတပ်ဖွဲ့ရာထူးတံဆိပ်နှင့်ဂုဏ်ထူးဆောင်တံဆိပ်များ





# ကျောင်းကြက်ခြေနီလုပ်ငန်း

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ၁၉၇၂ ခုနှစ်နောက်ပိုင်းတွင် 'လူငယ်ကြက်ခြေနီအသင်း' များအား **'ကျောင်းကြက်ခြေနီအသင်း'**များအဖြစ်အမည်ပြောင်းကာ ဆောင်ရွက်စေခဲ့သည်။

ကျောင်းကြက်ခြေနီအသင်းများကို ကျောင်းများတွင် စနစ်တကျဖွဲ့စည်းနိုင်ရန် လိုအပ်သည့်အတွက် ၁၉၇၂ ခုနှစ်၊ စက်တင်ဘာ (၃၀) ရက်နေ့တွင် ကျင်းပသော မြန်မာနိုင်ငံကြက်ခြေနီအသင်း ဒုတိယအကြိမ်ဗဟိုကောင်စီအစည်းအဝေးက အခြေခံပညာရေး ညွှန်ကြားရေးမှူးချုပ်ကိုယ်တိုင် ဥက္ကဋ္ဌ အဖြစ်ပါဝင်သော **'ကျောင်းကြက်ခြေနီရေးရာကော်မတီ'** ကို ဖွဲ့စည်းပေးခဲ့သည်။




အဆိုပါကျောင်းကြက်ခြေနီရေးရာ ကော်မတီသည် ပြည်ထောင်စုတစ်ဝန်းလုံးရှိ ကျောင်းများတွင် ကျောင်း ကြက်ခြေနီ အဖွဲ့များကို ကျယ်ပြန့်စွာ ဖွဲ့စည်းနိုင်ရန် **'ကျောင်းကြက်ခြေနီလမ်းညွှန်'** စာအုပ်ကို ၁၉၇၄ ခုနှစ်၊ ဇွန်လတွင် ထုတ်ဝေပေးခဲ့သည်။

ကျောင်းကြက်ခြေနီအသင်း၏ ရည်ရွယ်ချက်မှာ–

၁။ ကျောင်းကြက်ခြေနီအသင်းများသည် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ အရန်အင်အားများ ဖြစ်လာစေရန်၊

၂။ တူညီသော ရည်မှန်းချက်ဖြင့် ညှိနှိုင်းစုပေါင်းဆောင်ရွက်သည့် အလေ့အကျင့်များ ပြုစုပျိုးထောင်ပေးရန်၊

၃။ လူငယ်အချင်းချင်း ချစ်ခင်လေးစားစွာ ပေါင်းသင်းဆက်ဆံတတ်စေရန်၊

၄။ ကြက်ခြေနီကရုဏာ လုပ်ငန်းများတွင် ကိုယ်တိုင်ပါဝင် ဆောင်ရွက်တတ်စေရန်၊

၅။ မိမိနှင့် မိမိပတ်ဝန်းကျင်တို့၏ ကျန်းမာရေးအခြေအနေ ကောင်းမွန်အောင် ဖန်တီးပေးစေရန်၊

၆။ ကရုဏာကိုရှေးရှုလျက် ရိုင်းပင်းကူညီ လိုစိတ်၊ လူမှုဝန်ထမ်းစိတ်နှင့် ကြက်ခြေနီလုပ်ငန်းများ ဆောင်ရွက် နေရခြင်းကို ဂုဏ်ယူတတ်သော စိတ်ဓာတ်များ ဖြစ်လာအောင် လေ့ကျင့်ပြုစုပျိုးထောင်ပေးရန်၊

၇။ ကိုယ်ချင်းစာတရားကို လူ့ကျင့်ဝတ်အနေဖြင့် စာသင်ခန်းအတွင်း အပြင်တို့တွင် ကျင့်သုံးဆောင်ရွက်ရန် ဖြစ်သည်။

ကျောင်းကြက်ခြေနီလုပ်ငန်းများကို ကျောင်းလက်တွေ့ဖွံ့ဖြိုးရေးကဏ္ဍတွင်ပါဝင်သည့် ကျောင်းကျန်းမာရေးလုပ်ငန်း၏ တစ်စိတ်တစ်ဒေသအဖြစ် ဆောင်ရွက်ရန်ဖြစ်ပြီး ကျန်းမာရေးလုပ်ငန်းများ ဖြစ်သော တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင် သန့်ရှင်းရေး၊ ရောဂါဘေးကာကွယ်ရေး၊ အစာအဟာရဓာတ် ပြည့်စုံရေး၊ မတော်တဆ ဘေးအန္တရာယ်တားဆီးရေး၊ ရှေးဦးပြုစုခြင်းနှင့် အိမ်တွင်းသူနာပြုပညာများသင်ကြားရေး၊ ကျောင်းတွင်းရှေးဦးသူနာပြု ဆေးခန်းများ ဖွင့်လှစ်၍ ကျောင်းသားအချင်းချင်း ကူညီပြုစုရေးကို လူငယ်တိုင်း ကျောင်းသားဘဝကပင် စတင်သိရှိနားလည်ရန်ဖြစ်သည်။

ကျောင်းကြက်ခြေနီအသင်းများကို အထက်တန်းနှင့် အလယ်တန်းကျောင်းများတွင် ဖွဲ့စည်းဆောင်ရွက်စေခဲ့ပြီး မူလတန်းကျောင်းများတွင်မူ ကျောင်းသား၊ ကျောင်းသူများသည် အသက်အရွယ်ငယ်လွန်းသဖြင့် ကျောင်းကြက်ခြေနီအသင်းဟူ၍ တိတိလင်းလင်း မဖွဲ့စည်းနိုင်ခဲ့ပေ။

ကျောင်းကြက်ခြေနီအသင်း၏ဖွဲ့စည်းပုံမှာ–

**နာယက**

ကျောင်းအုပ်ဆရာကြီး/ဆရာမကြီး

**၁။ ဥက္ကဋ္ဌ**
ကျောင်းကျန်းမာရေး
တာဝန်ခံဆရာ/ဆရာမ
**၂။ ဒု-ဥက္ကဋ္ဌ**
ဆရာ/ဆရာမ
**၃။ အတွင်းရေးမှူး**
ကျောင်းသား/ကျောင်းသူ
**၄။ တွဲဘက်အတွင်းရေးမှူး (၁)**
ကျောင်းသား/ကျောင်းသူ
**၅။ တွဲဘက်အတွင်းရေးမှူး (၂)**
ကျောင်းသား/ကျောင်းသူ
**၆။ စည်းရုံးရေးမှူး**
ကျောင်းသား/ကျောင်းသူ
**၇။ လေ့ကျင့်ရေးမှူး**
ကျောင်းသား/ကျောင်းသူ
**၈။ ဘဏ္ဍာရေးမှူး**
ဆရာ/ဆရာမ
**၉။ တွဲဘက်ဘဏ္ဍာရေးမှူး**
ကျောင်းသား/ကျောင်းသူ

## မူလတန်းကျောင်းကြက်ခြေနီ

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် မူလတန်းကျောင်းကြက်ခြေနီ အသင်းများကို စတင်ဖွဲ့စည်းနိုင်ရန်အတွက် ၂၀၀၀ ပြည့်နှစ်တွင် ရှေ့ပြေး သုံးမြို့နယ်အဖြစ် ရန်ကုန်တိုင်း ကမာရွတ်၊ ဒဂုံနှင့် ဗဟန်းမြို့နယ်များရှိ မူလတန်းကျောင်း(၁၀)ကျောင်းတွင် မူလတန်းကျောင်းကြက်ခြေနီလုပ်ငန်းများကို စတင်အကောင်အထည်ဖော်ခဲ့ပါသည်။

ထိုသို့ အကောင်အထည်ဖော်ရာတွင် စနစ်တကျ စီမံဆောင်ရွက်နိုင်ရန်အတွက် မူလတန်းကျောင်းကြက်ခြေနီအသင်းဖွဲ့စည်းပုံကို သတ်မှတ်ခဲ့သည်။

ယင်းဖွဲ့စည်းပုံမှာ–

**နာယက**
ကျောင်းအုပ်ကြီး
ဥက္ကဋ္ဌ၊ ကျောင်းအကျိုးတော်ဆောင်အသင်း

**၁။ ဥက္ကဋ္ဌ**
ကျောင်းကျန်းမာရေး
တာဝန်ခံဆရာ/ဆရာမ
**၂။ ဒု-ဥက္ကဋ္ဌ**
ဆရာ/ဆရာမ
**၃။ အတွင်းရေးမှူး**
ကျောင်းသား/ကျောင်းသူ
**၄။ တွဲဘက်အတွင်းရေးမှူး (၁)**
ကျောင်းသား/ကျောင်းသူ
**၅။ တွဲဘက်အတွင်းရေးမှူး (၂)**
ကျောင်းသား/ကျောင်းသူ
**၆။ စည်းရုံးရေးမှူး**
ကျောင်းသား/ကျောင်းသူ
**၇။ လေ့ကျင့်ရေးမှူး**
ကျောင်းသား/ကျောင်းသူ
**၈။ ဘဏ္ဍာရေးမှူး**
ဆရာ/ဆရာမ
**၉။ တွဲဘက်ဘဏ္ဍာရေးမှူး**
ကျောင်းသား/ကျောင်းသူ

အဖွဲ့ဝင်ဦးရေကို ကျောင်းအလိုက်သင့်လျော်သလိုသတ်မှတ်ကာ ဖွဲ့စည်းရန်ဖြစ်သည်။ မူလတန်းကျောင်းကြက်ခြေနီအသင်း ဖွဲ့စည်းပြီးသော ကျောင်းများသည် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ပြဋ္ဌာန်းထားသော မူလတန်းကျောင်း ကြက်ခြေနီ လက်စွဲပါညွှန်ကြားချက်အတိုင်း မူလတန်းကျောင်းကြက်ခြေနီသင်တန်းကို ဖွင့်လှစ်ခဲ့ပါသည်။

အဆိုပါသင်တန်းတွင် မူလတန်းအရွယ် ကလေးငယ်များအား ကြက်ခြေနီစိတ်ဓာတ်၊ ကြက်ခြေနီ ပေါ်ပေါက်လာပုံ ကြက်ခြေနီ စေတနာလုပ်ငန်းရှင် ဆိုသည်မှာ စသည့်အကြောင်းအရာများကို သိရှိအောင် ကဗျာလင်္ကာများဖြင့် သင်ကြားပေးသည့်အပြင်၊ ရှေးဦးပြုစုနည်းများကိုလည်း သင်ကြားပေးသည်။

၂၀၀၀ မှ ၂၀၀၂ ခုနှစ်အတွင်း မြို့နယ် ၉၃ ခု ရှိ၊ ကျောင်းပေါင်း ၅၂၂ ကျောင်းတွင် မူလတန်းကျောင်းကြက်ခြေနီသင်တန်းများကို ဖွင့်လှစ်ခဲ့ပြီး ကျောင်းသားကျောင်းသူ ၂၉၃၈၅ ဦးတက်ရောက်ခဲ့ကြသည်။

## သမိုင်းမှတ်တမ်းတင်ဆောင်ရွက်မှုများ



# စီစီဝမ် တာပန် ကြူကုတ်တိုက်ပွဲကြားမှ ကြက်ခြေနီတပ်ဖွဲ့ဝင်များ

**စိုင်းသာထွန်း(မူဆယ်)**

၁၉၈၆ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့ နံနက်စောစော၊ ရွှေလီနယ် မောရှမ်းမြေပေါ် နှင်းများထူထပ်အုံ့ဆိုင်းပြီး တောင်တန်းကြီးများကို မတွေ့မြင်နိုင်အောင် မှိုင်းညို့မှောင်မည်းလျက်နေသော်လည်း အမြောက်သံ၊ မိုင်းသံ၊ သေနတ်သံများ ပေါက်ကွဲဆူညံပြီး မြေထုကြီး တုန်ဟီးသွားသည်အထိ၊ လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲ မြည်ဟိန်းသံ အဆက်မပြတ် တစ်ဒိန်းဒိန်းနှင့် စက်လက်သံလည်းပြင်းထန်စွာ မနားတမ်းပစ်ခတ်လျက် ကျည်ပေါက်ကွဲသံများ ဆူညံလျက်ရှိ၏။

တိုက်ပွဲစလျှင်စခြင်း ၁၅ ကုတင်ဆန့်ဆေးရုံသည် ဒဏ်ရာရတပ်မတော်သားများ၊ ရှေ့တန်းလုပ်အားရှင်များ၊ ကျေးရွာသူ ကျေးရွာသားများ၏ နာကျင်စွာအော်ဟစ် ညီးထွားသံမိုးသို့လျှံသည်အထိ ပွက်ပွက်ဆူညံသံများနှင့်အတူ ကုတင် ၁၀၀ ဆေးရုံကြီးသို့နှယ် လူနာကုတင်ပေါ်တွင်လည်းကောင်း၊ မြေကြီးအောက်တွင်လည်းကောင်း၊ လဲလျောင်းနေနေကြသည်ကို မြင်တွေ့သည့်ပြင်၊ ဆေးရုံအပြင် ဝရံတာ၌ ပြည့်လျှံပွတ်သိပ်လှဲအိပ်နေကြရသည်။ ဆေးရုံရှေ့ရှိ အ-မ-က(၂) ကျောင်း၏စာသင်ခန်းများတွင် ကုတင်မရှိ မြေပြင်၌ ဒဏ်ရာရ လူနာများလှဲအိပ်ကာ အမှတ်(၂)စစ်ဆေးရုံပမာ ဖြစ်သွားရရှာသည်။

ခြေပြတ်၊ လက်ပြတ်၊ ခန္ဓာကိုယ်၌ ဒဏ်ရာပြည့်နှက်၍ သွေးယိုထွက်နေသော လူနာများအား နေ့မနား ညမအိပ်ပြုစုစောင့်ရှောက်နေကြသူများမှာ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များဖြစ်သည်။

ဆရာဝန်ကြီးဒေါက်တာကြည်စိုး (မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ)သည် တိုက်ပွဲစဖြစ်ဖြစ်ခြင်း ဆေးရုံအတွင်း၌ ဒဏ်ရာရရှိသူ တပ်မတော်သားများနှင့် ရှေ့တန်းလုပ်အားရှင်များ၊ ရွာသူရွာသားများ လွန်စွာများပြားပြည့်နှက်နေ၍ ကုသပြုစုမည့်သူ လုံးဝမလုံလောက်ကြောင်း သိသော်လည်း၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များကို အမိန့်စာထုတ်၍ လာရောက်ကူညီခြင်းလုပ်ရပ်အားမစွန့်စားဝံ့။ တိုက်ပွဲကြီးထဲမှကျည်ဆံသည် မည်သူ့ကို မှန်စေ၊ ဘယ်အဖွဲ့ကိုမထိစေနှင့်ဟု ရှင်းပြပြောကြားအမိန့်ချနိုင်ခြင်းမရှိ။ အမိန့်ဖြင့် သူနာပြုတပ်ဖွဲ့များအား ဆင့်ခေါ်တာဝန်ပေးပါက မတော်တဆကျည်ခ၍ ကြက်ခြေနီတပ်ဖွဲ့ဝင် တစ်ယောက်ယောက် ကျဆုံးခဲ့သည်ရှိသော် ဆိုသော အတွေးသည် ရှေ့ဆက်မတွေးဝံ့တော့ချေ။

ရင်ထဲ၌ လှိုက်လှိုက်လှဲလှဲ မျှော်နေတုန်း အလှဆုံးရောက်လာဆိုသလို ကြက်ခြေနီသူနာပြုတပ်ခွဲမှူး စိုင်းသာထွန်းသည်၊ ဝတ်စုံအပြည့်ဖြင့် တပ်ဖွဲ့ဝင်ရဲဘော် ၁၀ ဦး ရဲမေ

၅ ဦးနှင့်အတူ ဆေးရုံသို့ရောက်လာပြီး၊ လူနာများအား ဝင်ရောက်ပြုစုကာ လိုအပ်သော ဆောင်ရွက်ရမည့် လုပ်ငန်းများကို စီမံခန့်ခွဲညွှန်ကြားမှုကြောင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များသည် ၎င်းတာဝန်ကျရာတာဝန်များ ထမ်းဆောင်ရန်အတွက်၊ သွက်လက်လျှင်မြန်သေသပ်စွာ လှုပ်ရှားလျှက်ရှိကြသည်။ ဒု–တပ်ခွဲမှူး စိုင်းစောစိန်လည်း အလှူပွဲ၌အလှူခံနေစဉ် အိမ်သို့ လျှင်မြန်စွာပြန်ပြီး ဝတ်စုံပြည့်ဝတ်ဆင်၍ ဆေးရုံသို့ ရောက်ရှိလာရာ အားလုံးအားတက်ဝမ်းသာကြသည်။

တိုက်ပွဲဖြစ်သည့်နေ့မှစ၍ တပ်ခွဲမှူးစိုင်းသာထွန်းနှင့် ဒုတပ်ခွဲမှူး စိုင်းစောစိန်တို့သည် အိုးပစ်အိမ်ပစ် မိသားစုနှင့်ခွဲ၍ ၈၆ ရက်လုံးလုံး ဆေးရုံတွင် နေ့နေ့ညည အချိန်ပြည့် တာဝန်ထမ်းဆောင်နေပါသည်။ တပ်ခွဲမှူးမှ အမိန့်ထုတ်ခေါ်ခြင်း၊ ညွှန်ကြားချက်ဖြင့် လာရောက်စေခြင်း လုံးဝမရှိဘဲ ကြက်ခြေနီတပ်ဖွဲ့ဝင်ရဲဘော်၊ ရဲမေများသည် တူညီဝတ်စုံဝတ်ဆင်၍ ၎င်းတို့ အသိစိတ်ဓါတ်ဖြင့် တိုက်ပွဲ၌ဒဏ်ရာရစစ်သည်များ (ရှေ့တန်းလုပ်အားရှင်များ၊ တိုက်ပွဲဒေသတွင်းကျရောက်သော ဒဏ်ရာရ ကျေးရွာသူကျေးရွာသားများအား ပြုစုကူညီပံ့ပိုးမှုအမျိုးမျိုးပေးကြသည်။

တပ်ခွဲမှူး စိုင်းသာထွန်းနှင့်ဒုတပ်ခွဲမှူး စိုင်းစောစိန်နည်းတူ တပ်ဖွဲ့ဝင် ရဲဘော်ရဲမေများသည်လည်း အချိန်ပြည့် ဆေးရုံတွင်အိပ်၍ နေ့နေ့ညည ဒဏ်ရာရလူနာများကို လိုအပ်သော ပြုစုကုသမှုအတိုင်း ညီအစ်ကိုမောင်နှမအရင်းကဲ့သို့ ကြင်နာယုယ အားပေးစကားပြော၍ ပြုစုကုသပြီး ပို့ဆောင်ရမည့်နေရာသို့ စောင့်ရှောက်လိုက်ပို့ဆောင်ပေးကြသည်။

ရှေ့တန်းတွင်ဒဏ်ရာရရှိထားသော တပ်မတော်သားများ၊ လူနာများရှိပါက တပ်ခွဲမှူးကိုယ်တိုင် ဦးဆောင်၍ ရှေ့တန်းစစ်မြေပြင်ထိသွားရောက်ပြီး လူနာများအား အရင်ဆုံးဒဏ်ရာအမျိုးအစားအလိုက် လိုအပ်သောရှေးဦးပြုစုနည်းဖြင့် ဆောင်ရွက်ပြီး ကားဖြင့်သော်လည်းကောင်း၊ ထော်လာဂျီဖြင့်သော်လည်းကောင်း၊ မုဆိုးထမ်းစင်ဖြင့်လည်းကောင်း ဘေးအန္တရာယ်ကင်းလွတ်ရာသို့ အမြန်ဆုံးနည်းဖြင့်သယ်ပို့ကာ ဆက်လက်ပြီး ဆေးရုံ၊ ဘေးကင်းသောကျေးရွာ ကျန်းမာရေးဌာနသို့ လူနာများကို ပို့ဆောင်ကြပါသည်။

မူဆယ်ဆေးရုံတွင်လည်း ညအိပ်၍ လူနာများကို ပြုစုရာ၊ သွေးလိုအပ်လာပါက သွေးလှူဒါန်းပေးပြီး အနားမယူဘဲ ဆက်လက်တာဝန်ထမ်းဆောင်ကြသည်။ တိုက်ပွဲဖြစ်ပွားစဉ်ကာလ ရှေ့တန်း၌ လူနာများ သွားသယ်ရာတွင် လက်နက်ကြီးဖြင့်ပစ်ခတ်ခြင်းကို ၃ ကြိမ်ခံရပြီး ဆေးရုံတွင် ဒဏ်ရာရ တပ်မတော်သားများအား ညအိပ်ပြုစုစောင့်ရှောက်စဉ်၊ လက်နက်ငယ်များဖြင့် ဆေးရုံသို့ဝင်ရောက် ပစ်ခတ်ခြင်းကို ၂ ကြိမ်ခံရပါသည်။ ရှေ့တန်းတွင် ဒဏ်ရာရလူနာများအား သွားရောက်သယ်ရာတွင်လည်းကောင်း၊ လေယာဉ်ကွင်းရှိရာ ပွိုင့် (၄၅၆၁)တောင်ကုန်းသို့ လူနာများအားပို့ဆောင်ရာတွင်လည်းကောင်း၊ ယာဉ်တန်းရှိရာ နမ့်ပေါ်ချောင်းသို့ လူနာများ သွားပို့ရာတွင်လည်းကောင်း၊ ထမင်းငတ်ခြင်း၊ အစာငတ်ခြင်းဒဏ်၊ ဆာလောင်ခြင်းဒုက္ခ ခံရသည့်ဖြစ်ရပ်သည် ကြက်ခြေနီတပ်ဖွဲ့ဝင်များအတွက် ရိုးနေသောဖြစ်စဉ်လေးဖြစ်ပါသည်။

ကိုယ်ခန္ဓာနေရာအနှံ့၌ နေရာကွဲပြားကာ ဒဏ်ရာရသော တပ်မတော်သားများသည်၊ အချို့လက်ဖြင့် ထမင်းမစားနိုင်၍ ကြက်ခြေနီရဲဘော်များမှ နေ့စဉ် မျက်နှာသစ်သွားတိုက်ပေးခြင်း၊ ထမင်းခွံ့ကျွေးခြင်း၊ အပေါ့သွားချင်ပါက အကူအညီပေးခြင်းများရှိခဲ့သည်။

ကြက်ခြေနီတပ်ဖွဲ့မှူး စိုင်းသာထွန်းသည် ရှေးဦးပြုစုခြင်း နည်းပြသင်တန်းတက်ရောက်ပြီးခြင်း၊ နည်းပြမွမ်းမံသင်တန်း တက်ရောက်အောင်မြင်ပြီးခြင်း၊ ကြက်ခြေနီတပ်ဖွဲ့တွင် နှစ်ရှည်ကြာမြင့်စွာ တာဝန်ထမ်းဆောင်ခဲ့ပြီး လူနာပြုစုခြင်း အတွေ့အကြုံရင့်ကျက်သူတစ်ဦးဖြစ်၍၊ မိုင်းနင်းမိသော တပ်မတော်သားအရာရှိမှ တပ်သားအထိ၊ ခြေထောက်အရိုးများကို ဒေါက်တာကြည်စိုး၊ ဒေါက်တာတင်ရန့်တို့အား ညနက်သည်အထိ လွှဖြင့်ကူညီဖြတ်ပေးခြင်း၊ ဒဏ်ရာချုပ်ရာတွင်ကူညီခြင်း၊ လက်နက်ကြီးစများကို ကူထုတ်ပေးခြင်း၊ ဆေးထည့်ပေးခြင်း၊ပတ်တီးပတ်ပေးခြင်း၊ ဆေးပေးခြင်း၊ တောင်ပေါ်ရှေ့တန်းတိုက်ခိုက်သောနေရာ၌ လူနာသွားရောက်သယ်ယူပါက ဆရာဝန်၊ ဆရာမများ မလိုက်နိုင်ကြ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များသာ တပ်မတော်သားများနှင့်အတူသွားရသဖြင့် တပ်ခွဲမှူး၊ဒုတပ်ခွဲမှူး(နည်းပြ) နှစ်ဦးသည် ဒဏ်ရာရ၍နာကျင်စွာအော်ဟစ်နေသော တပ်မတော်သားများ၊ ရှေ့တန်း လုပ်အားရှင်များကို ဆေးထိုးပေးခြင်း၊ ဆေးကျွေးခြင်း၊ လိုသလိုကြပ်စည်းပေးခြင်း၊ သွေးတိတ်နှောင်ကြိုးချည်နှောင်ပေးခြင်း၊ ပုလင်းကြီးသွင်းပေးခြင်းများ ပြုစုပေးကြရသည်။

တပ်မ (၉၉)မှ ဆေးမှူးဗိုလ်ကြီးမျိုးအောင်နှင့် ရဲဘော် ၂ ဦးရောက်လာမှ လူနာပြုစုမှု အနည်းငယ်သက်သာလာတော့သည်။ တိုက်ပွဲကာလ ၃ ပုံ၊ ၂ ပုံရောက်မှ မင်္ဂလာဒုံစစ်ဆေးရုံမှ ပါရဂူများရောက်လာသဖြင့် မိမိတို့ ကြက်ခြေနီတပ်ဖွဲ့သည် လူနာများအားပြုစုပေးခြင်း၊ ဆေးရုံသို့ရောက်လာစေရေး အတွက်သယ်ဆောင်ပေးခြင်း၊ ရဟတ်ယာဉ်၊ ယာဉ်တန်းများ ရှိရာသို့ စောင့်ရှောက်ပို့ဆောင်ပေးခြင်း၊ လိုအပ်သော အဝတ်အစားများ၊ အသုံးအဆောင်များကို မြို့သူမြို့သားများထံမှ တစ်အိမ်ဝင် တစ်အိမ်ထွက် အလှူခံ၍ ခွဲဝေပေးခြင်း၊ သွေးလိုပါက သွေးလှူရှင်များရှာဖွေပေးခြင်း စသည့်ပံ့ပိုးမှန် တာဝန်ထမ်းဆောင်နိုင်၍ ကြက်ခြေနီမောင်မယ်များ ပင်ပန်းမှု အနည်းငယ် သက်သာလာတော့သည်။

၄င်းအချိန်မှစ၍ တပ်မ(၉၉) မှဆေးမှူး ဗိုလ်ကြီး မျိုးအောင်သည် မိမိကြက်ခြေနီတပ်ဖွဲ့ဝင် ရဲဘော်၊ ရဲမေများကို စစ်ဆေး၍ အားဆေးသွင်းပေးခြင်း၊ အားဆေးတိုက်ကျွေးခြင်း၊ လိုအပ်မည့်ဆေးများ နေ့စဉ်တိုက်ကျွေးခြင်းစသည်ဖြင့် ပင်ပန်းခဲ့သော ကြက်ခြေနီတပ်ဖွဲ့ဝင် ရဲဘော်၊ ရဲမေများအား ပြန်လှန်၍ ပြုစုခြင်းကို မြင်တွေ့ရ၍ မျက်ရည်ပင်ဝဲမိ၏။

တိုက်ပွဲကြီးပြီးဆုံးကာ တရားသောစစ်ဆင်နွှဲ၍ တပ်မတော်ကြီးမှအောင်ပွဲခံပြီး ဗကပမှ သိမ်းထားသောနယ်မြေများ အားလုံးပြန်လည်သိမ်းဆည်းရရှိကာ နိုင်ငံတော်၏အချုပ်အခြာ အာဏာ ဥပဒေစိုးမိုးသော မြို့ရွာများဖြစ်လာစတွင် ဗဟုသုတမရှိ၊ ဆေးပညာ၊ ကျန်းမာရေးဆိုင်ရာအသိ လုံးဝမရှိသော ကျောင်းသား၊ ကျေးရွာတောင်ပေါ်ရှိ လူရွယ်များအား ကြက်ခြေနီ အခြေခံရှေးဦးပြုစုခြင်းပညာ၊ အခြေခံလက်နက်မဲ့စစ်ပညာများ၊ အခြားဗဟုသုတအကြောင်းအရာများကို ကြက်ခြေနီနည်းပြတပ်ခွဲမှူး စိုင်းသာထွန်း၊ ကြက်ခြေနီနည်းပြ စိုင်းစောစိန်နှင့်အတူ ဆရာမကြီးဒေါ်ခမ်းအောင်၊ တပ်ဖွဲ့ဝင်



ရဲဘော်၊ ရဲမေ ၁၂ ဦးခန့်သည် မုန်းပေါ်၊ကြူကုတ်–နမ့်တောင်း ကျေးရွာသို့ တစ်နေရာ ၁၅ ရက်ညအိပ် သင်တန်းပို့ချပေးခဲ့ကြပါသည်။ သင်တန်းပို့ချပြီးနောက် ကြက်ခြေနီတပ်ဖွဲ့ဝင်များ အားစည်းရုံး၍ ငွေများ၊ အဝတ်အထည်များ၊ အသုံးအဆောင် ပစ္စည်းများစုဆောင်း၍ မုန်းပေါ်ကျေးရွာတစ်ခေါက်၊ ကြူကုတ် (ပန်ဆိုင်း)သို့တစ်ခေါက်၊ နမ့်ခမ်း မန့်ဟီးရိုးသို့ တစ်ခေါက်ခရီး ကြမ်းလမ်းလျှောက်၍၊ ကျေးရွာအရောက်သွားပြီး လူငယ်တွေ့ဆုံပွဲများပြုလုပ်ကြသည်။ ခရီးကြမ်းသွားရာလမ်းတလျှောက်ရှိ ကျေးရွာများထဲတွင် ဆင်းရဲသောအဖိုးအို၊ အဘွားအိုများကို ငွေများ၊ ပစ္စည်းများလှူဒါန်းပံ့ပိုးပေးအပ်ခြင်း၊ ကျန်းမာရေးပညာပေးဟောပြောမှုများ ပြုလုပ်ခြင်း စသည့် လူမှုရေးလုပ်ငန်းများကို မူဆယ်မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့သည် စေတနာ့ဝန်ထမ်းစိတ်ဓါတ်အပြည့်ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။

**စစ်ဆင်ရေးကာလ၌ မြင်တွေ့သိရှိသော**
**အံ့ဖွယ်ထူးခြား ချက်များ။**

ကြက်ခြေနီတပ်ဖွဲ့ဝင်များ တပ်ခွဲမှူးမှတပ်သားအဆင့်ထိ၊ မိမိအသိစိတ်ဓာတ်ဖြင့် ၈၆ ရက်ကြာ (မိသားစုရှိပါက) မိသားစုများနှင့်ခွဲ၍ အိုးပစ်အိမ်ပစ် ကိုယ်ကျိုးစွန့်၍ မေတ္တာ၊ ကရုဏာ၊ အကြင်နာ၊ သနားညှာတာမှု၊ စေတနာစိတ်ဓာတ် အပြည့်ဖြင့် ညီကိုမောင်နှမရင်းကဲ့သို့ ညင်သာစွာကိုင်တွယ်၊ ပြုစုခြင်း၊ ညတွင် မူဆယ်မြို့တွင်း၌ ကြက်ခြေနီတပ်ဖွဲ့ဝင်နှင့် တပ်မတော်သားများ၊ ပြည်သူ့ရဲတပ်ဖွဲ့များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဆေးရုံမှဆရာဝန်နှင့် ဆေးရုံဝန်ထမ်းများသာ ကျန်ရှိတော့သည်။ မြို့တွင်းရှိလူနာများသည် တရုတ်ပြည် ဂျဲဂေါင်ကွင်းပြင်တွင် သွားရောက်အိပ်စက်ကြသည်။

ကြက်ခြေနီတပ်ဖွဲ့ဝင်များသည် နေ့နေ့ညည ဒဏ်ရာရစစ်သည်များအား အိမ်မပြန်ဘဲ၊ ဆေးရုံတွင်အိပ်စက်၍ ပြုစုပေးသည့်အပြင်၊ လူနာများကို သွားရောက်သယ်ယူခြင်း၊ လေယာဉ်ကွင်းရှိရာ တောင်မြင့်ကြီးဆီလည်းကောင်း၊ ယာဉ်တန်းများရှိရာသို့လည်းကောင်း၊ သယ်ပို့ပေးခဲ့သည်။ မိဘများကလည်း တားမြစ်ခြင်းမရှိဘဲ ခွင့်လွှတ်သောစိတ်ဓာတ်ဖြင့် ဆေးရုံသို့လာရောက်၍ အသီး၊ မုန့်ပဲသရေစာများကို လာရောက်ကာဝေပေးခဲ့ကြသည်။

ကြက်ခြေနီတပ်ဖွဲ့ဝင်များသည် ၈၆ ရက်ကြာထိ ဒဏ်ရာရ လူနာများအား နေ့မနားညမအိပ် ကူညီပြုစုခြင်း၊

သွေးလှူဒါန်းခြင်း၊ မနားဆက်တိုက် မြင့်မားသောတောင်ပေါ်ရှိ လူနာများကို သွားရောက်သယ်ယူပို့ဆောင်ပေးခြင်း၊ လူနာ သွားရောက် သယ်ဆောင်စဉ် လက်နက်ကြီးပစ်ခတ်ခံရသော် လည်း၊ တစ်ဦးတစ်ယောက်မှ သေဆုံးထိခိုက်ခြင်း ဖျားနာခြင်း လုံးဝမရှိ မဖြစ်ခဲ့ကြပါ။

မြန်မာနိုင်ငံ အရှေ့မြောက်ပိုင်းတစ်ခွင်၌ သမိုင်းဝင် တိုက်ပွဲကြီးတွင် သူနာပြုတပ်ဖွဲ့ဝင်များနှင့်အတူ (ကြက်ခြေနီ ကော်မတီဒေါ်အယ်ခမ်းအောင်)သည်၊ ဒဏ်ရာရတပ်မတော် သားများ၊ လုပ်အားရှင်များ၊ ကျေးရွာသူ/သားများအား စစ်နယ် မြေထိ သွားရောက်သယ်ဆောင်ပြုစုခြင်းသည် ၄င်း၏ဆေးရုံ ဆရာမ တာဝန်တစ်ရပ်ဟု မသတ်မှတ်ဘဲ နေ့ညအချိန်အခါ မရွေး၊ အန္တရာယ်စက်ကွင်း လွတ်ကင်းခြင်း ရှိ မရှိမတွေး၊ ကြမ်းတမ်းသောလမ်းများ၊ နက်ရှိုင်းသောချောက်ကမ်းပါး၊ မြင့်မားသော တောင်တန်းကြီး၊ ရွှံ့နွံဗွက်အိုင်၊ ရေချောင်းမြောင်း ကြား၊ ခက်ခဲသောလမ်းခရီးကြမ်းကို၊ ပင်ပင်ပန်းပန်းဖြတ်သန်း သွားလာလုပ်ကိုင်နိုင်ခြင်းမှာ အကြင်နာတရား၊ ကရုဏာ စိတ်ထား၊ သနားညှာတာစိတ်၊ ဖြတ်သန်းလာခဲ့သော ဘဝ အတွေ့အကြုံတွင် သောင်းကျန်းသူများကြောင့် ပြည်သူများ ဆင်းရဲဒုက္ခရောက်ရခြင်းကို မြင်တွေ့ခဲ့ရမှု၊ မိဘ ဆွေမျိုးညီကို မောင်နှမများနှင့်ခွဲ၍ တရားသောစစ်ဆင်နွှဲကာ ဒဏ်ရာရပြီး ညည်းတွားနေသည့် တပ်မတော်သားများ၊ ပြည်သူလူထုများ ပြုစုသူကင်းမဲ့နေခြင်းကြောင့် စိတ်တင်းပြီး ကြက်ခြေနီတပ်ဖွဲ့ ရဲဘော်/ရဲမေ များနှင့်အတူ ဆင်းရဲပင်ပန်းစွာ စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။

ဆရာမကြီး ဒေါ်အယ်ခမ်းအောင်သည် ၁၉၆၈ ခုနှစ် သောင်းကျန်းသူ ဗကပများ မုန်းပေါ်၊ ကြူကုတ်(ပန်ဆိုင်း) တိုက်ပွဲတွင် ဒေါက်တာစိုင်းထွန်းအေး ခေါင်းဆောင်သောအဖွဲ့ တွင် အမျိုးသမီးတစ်ဦးဖြစ်သော်လည်း မိုးကြီးလေကြီးထဲတွင် နေ့ညမပြတ် ဒဏ်ရာရတပ်မတော်သားများအား၊ လက်နှိပ် ဓာတ်မီး၊ ဖယောင်းတိုင်မီးအလင်းရောင်ဖြင့်သာ ပြုစုကုသခဲ့ ရသည်။

၁၉၈၀ ခုနှစ်၊ ဧပြီလ၌ မူဆယ်မြို့ကို ဗကပများ ဝင်ရောက်တိုက်ခိုက်စီးနင်းစဉ် ဆရာမဒေါ်အယ်ခမ်းအောင်နှင့် ကျန်းမာရေးဝန်ထမ်းအချို့သည် ထွက်ပြေးတိမ်းရှောင်ခြင်း မရှိဘဲ ဆေးရုံတွင် ဒဏ်ရာရတပ်မတော်သားများအား၊ရန်သူ လက်မှ ကယ်တင်ကူညီပြုစု ကုသကာကွယ်ပေးခဲ့ရသည်။

မူဆယ်မြို့နယ်သည် သောင်းကျန်းသူ ဗကပများ ကြီးစိုးသောင်းကျန်းသောနယ်မြေဖြစ်သဖြင့် တိုက်ပွဲငယ်များ၌ ပါဝင်ကူညီပြုစုကုသခဲ့သည့် အကြိမ်ပေါင်းများစွာကြုံခဲ့ရသည်။

၁၉၈၆ ခု၊ နိုဝင်ဘာလတွင် ဖြစ်ပွားသော စီစီဝမ်၊ တာပန်၊ ကြူကုတ်၊ မုန်းပေါ်တရားသောစစ်ဆင်နွှဲရာ၌ တိုက်ပွဲ အစမှအဆုံးထိ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့်အတူ ဒဏ်ရာရ တပ်မတော်သားများ၊ ရှေ့တန်းလုပ်အားရှင်များ၊ ရွာသူ/ ရွာသားများအား သွားရောက်ပြုစုကုသ သယ်ယူပို့ဆောင်ခြင်း၊ ကရုဏာ၊ စေတနာ၊ လူမှုဝန်ထမ်းလုပ်ငန်းကို အစွမ်းကုန် ကြိုးစားဆောင်ရွက်ခဲ့ပုံသည် မိမိတို့ကြက်ခြေနီတပ်ဖွဲ့ ရဲဘော်/ ရဲမေများ၏အသည်းနှလုံးတွင် ထာဝစဉ်ထင်ဟပ်နေခဲ့သည်။

မိမိတို့၏ကြက်ခြေနီမောင်မယ်များနှင့်အတူ မူဆယ်သမဝါယမဆေးခန်းမှ ဆရာမဒေါ်ထုဆိုင်သည်စွမ်းစွမ်း တမံစေတနာ့ဝန်ထမ်း ကူညီပံ့ပိုးမှုကြောင့် အသက်ချမ်းသာရာရ ကြသည့် တပ်မတော်သားများပြည်သူလူထုဦးရေသည်နည်းလှ



မည်မဟုတ်ပေ။ တောင်ကြိုတောင်ကြားတောတောင်များထဲ၌ လူနာများသွားရောက် သယ်ယူပြုစုစဉ်၌လည်း လိုက်ပါကူညီ ဆောင်ရွက်ပေးခဲ့သည့်အပြင်၊ ဒဏ်ရာရရဲဘော်များအတွက် သွေးလိုသဖြင့် (အသက်ပြည့်သွေးလှူနိုင်သူများရှားနေချိန်) ညတွင်းချင်း ကြက်ခြေနီတပ်ခွဲမှူး ကိုယ်တိုင်သွားရောက် ခေါ်ဆောင်၍ သွေးလိုအပ်သောဒဏ်ရာရတပ်မတော်သားများ အတွက် သွေးလှူဒါန်းပြီး၊ ညမနား နေ့မနားဆက်လက်၍ တတ်ကျွမ်းသောဆေးပညာဖြင့် တရားသောစစ်ဆင်နွှဲပြီး၊ ဒဏ်ရာသူတပ်မတော်သားများ၊ ပြည်သူလူထုများအား ပြုစုက သပေးခဲ့သည်။ သို့အတွက် ကျန်းမာရေးထိခိုက်ကာ တိုက်ပွဲပြီး သည်အထိ ပုံမှန်ကျန်းမာရေးပုံမှန်မရသေးဘဲ ဆေးဝါးအချိန်မှန် သောက်ရဆဲဖြစ်နေသည်။ သမဝါယမဆေးခန်းမှ ဆရာမ

ဒေါ်ထုဆိုင် သည်လည်း မိမိတို့ကြက်ခြေနီတပ်ဖွဲ့ဝင် ရဲဘော်/ရဲမေများ၏ အသည်းနှလုံးတွင် ဂုဏ်ပြုမှတ်တမ်းတင်ထားခြင်းရှိနေဆဲ။ ဆရာမသည် မည်သည့် အထက်အာဏာပိုင်အဖွဲ့အစည်း၏ ဂုဏ်ပြုလွှာချီးမြှင့်ခြင်းမခံရသော်လည်း ကရုဏာ၊ စေတနာတပ်ဖွဲ့အတွင်း၌ သတင်းမွှေးနေဆဲဖြစ်၏။

ရွှေလီချိုင့်ဝှမ်း မောရှမ်းဌာနီ၊ အရှေ့ပိုင်းဒေသသည် ဗကပ သောင်းကျန်းသူများ၏ ဖိနှိပ်အနိုင့်ထက်စီးနင်း မင်းမူဆူပူထကြွ အဖျက်လုပ်ငန်းမှန်သမျှလုပ်နေသည့်ကာလတွင် လမ်းပန်းဆက်သွယ်ရေးကြမ်းတမ်းပြီး လမ်းခရီးသွားလာမှုခက်ခဲနေသောဒေသဖြင့် စီစီဝမ်၊ တာပန်၊ မိုင်းပေါ်၊ ကြူကုတ်ဒေသ စိုးမိုးအောင်ဟိန်းနှင့်အောင်ဟိန်းမိုးစစ်ပွဲ တိုက်ခိုက်ဆင်နွှဲရာ၌ ရှေ့တန်းတပ်မတော်သားများ၊ ရှေ့တန်းလုပ်အားရှင်များအား ပြည်သူလူထုမှ ထမင်းများ၊ အစားအစာများ၊ ရိက္ခာပစ္စည်းများ ပေးပို့ထောက်ပံ့ရာတွင်လည်းကောင်း၊ ဒဏ်ရာရတပ်မတော်သားများ၊ ပြည်သူလူထုများအား သွားရောက်ကယ်ယူသယ်ဆောင်ရာ၌လည်းကောင်း၊ ကားများမသွားနိုင်သည့် တောင်ပေါ်လမ်း၊ ချိုင့်ခွက်ပြည့်နှက်သော မြေနီလမ်း၊ ကားလမ်းမရှိ တောင်ကြားအတိုင်း ရေချောင်းများအတိုင်း သောင်းကျန်းသူဗကပများ၏ လက်နက်ကြီးအန္တရာယ်လွတ်ကင်းရန် မောင်းနှင်သွားလာရသောကြောင့် ကားကြီးကားလတ်များ (ဥပမာ ဟီးနိုး၊ ဂျီအမ်စီစသည့် ကားကြီး၊ ဒိုင်နာ၊ မှန်လုံစသည့် ကားလတ်) သွားလာနိုင်ခြင်းမရှိနေရာ ဒေသကာလအခြေအနေအရ စေတနာ၊ ကရုဏာတပ်ဖွဲ့ဝင်များသည် လိုအင်ဆန္ဒပြည့်ဝစေရန်၊ ဒေသခံတိုင်းရင်းသားမိဘပြည်သူများ၊ မွန်မြတ်သောမေတ္တာစေတနာ သဒ္ဓါစိတ်ထားအပြည့် ဖြူစင်စွာဖြင့် ပံ့ပိုးကူညီလှူဒါန်းထောက်ပံ့သော ထမင်းထုပ်၊ အစားအစာ၊ ဆေးဝါး၊ ရိက္ခာများ ရှေ့တန်းတွင် တိုက်ပွဲဆင်နွှဲနေကြသော တပ်မတော်သားများ၊ ရှေ့တန်းလုပ်အားရှင်များထံ ချောမောစွာရောက်သွားနိုင်ရန် ဆောင်ရွက်နိုင်သည့်ယာဉ်မှာ အင်ဂျင်တပ် လယ်ထွန်စက်ပုံသဏ္ဌာန်နှင့်တူသော နောက်တွဲထွေလာပါရှိသောယာဉ် (ထော်လာဂျီ) သည် အဓိကအသုံးဝင်ဆုံး၊ အားအကိုးရဆုံးဖြစ်ပေသည်။

ရိက္ခာ၊ ဆေးဝါး၊ ထမင်း၊ ရေဘူးလိုအပ်သောအသုံးအဆောင်ပစ္စည်းများ သယ်ပို့ရန်အတွက်လည်းကောင်း၊ ရှေ့တန်းနယ်မြေမှ ဒဏ်ရာရလူနာများအား သွားရောက်သယ်ယူပို့ဆောင်ရန်အလည်းကောင်း၊ လိုအပ်လာပါက ထော်လာဂျီယာဉ်ငယ်အသင်း တာဝန်ခံ ဦးမြသန်း(ကွယ်လွန်)အား မတွေ့တွေ့အောင်ရှာပြီး အကူအညီတောင်းရသည်။ ဦးမြသန်း (ကွယ်လွန်)သည် ဓွဲကောင်းကောင်းဖြင့်ကြိုးစားကာ ထော်လာဂျီယာဉ်ရရှိရေးအတွက် ထော်လာဂျီပိုင်ရှင် ယာဉ်မောင်းများအား ခယတောင်းပန်ခြင်း၊ စိတ်ကျေနပ်အောင် အကျိုးအကြောင်းရှင်းပြခြင်း၊ အခွင့်အရေးရရှိနိုင်ရန် အာမခံချက်ပေးခြင်းစသည်တို့ဖြင့် အာဏာပိုင်အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ လိုအပ်သော ယာဉ်အရေအတွက်အတိုင်းပြည့်အောင်ရှာဖွေပေးခဲ့သည်။ သူ့အမည်ကိုမည်သည့်အဖွဲ့အစည်းမှ မှတ်တမ်းတင် မထားခဲ့သော်လည်း မိမိတို့ကြက်ခြေနီတပ်ဖွဲ့မှ ဂုဏ်ပြုမှတ်တမ်းတင်ထားပါသည်။

၁၉၈၆–ခု၊ စီစီဝမ်၊ တာပန်၊ ကြူကုတ်၊ မုန်းပေါ်ဒေသတွင်ပြုလုပ်သော ရဲမင်းအောင်နှင့် အောင်ဟိန်းမိုးစစ်ဆင်ရေးကာလတစ်လျှောက်လုံး ပြီးဆုံးသည်အထိ မိမိတို့၏ ကြက်ခြေနီတပ်ဖွဲ့အား အဖက်ဖက်မှ ကူညီစောင့်ရှောက် ပံ့ပိုးကာကွယ်ပေးခဲ့သော တိုင်းမှူး၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဗျူဟာမှူးများဖြစ်ကြသော ဗိုလ်မှူးကြီးလှမြင့်ဆွေ၊ ဒု–ဗိုလ်မှူးကြီးကိုလေး၊ ဗိုလ်မှူးကြီးလွန်းမောင်၊ ဗျူဟာ(၉၉၁)(၉၉၂)(၉၉၃)၊ တပ်မ(၉၉) တပ်မမှူး ဗိုလ်မှူးကြီးမောင်သင့်၊ တပ်မ(၉၉) တပ်မဆေးမှူး ဗိုလ်ကြီးမျိုးအောင်နှင့် ရဲဘော်ကြည်စိန်၊ ရဲဘော်စိုးဝင်း၊ လူနာများကို ရဟတ်ယာဉ်ကွင်းရှိရာ ပွိုင့် (၄၅၆၁) တောင်ကုန်းသို့ ပို့ဆောင်ရာတွင် ကြက်ခြေနီတပ်ဖွဲ့ဝင်ကလေးများ ထမင်းအငတ်ခံ စောင့်ဆိုင်းနေရကြောင်း သိရှိသော လေယာဉ်မှူး ဗိုလ်မှူးဘုန်းမြင့်ဆွေနှင့် တပ်ကြပ်ကြီး မင်းနွယ်တို့မှ ခေါက်ဆွဲထုပ်၊ မုန့်ထုပ်များ လေယာဉ်နှင့်အတူ သယ်ယူလာပြီး ကျွေးမွေးခြင်း၊ ရှမ်း/မြောက် ကြက်ခြေနီ ကြီးကြပ်မှုကော်မတီမှပစ္စည်းများ ပံ့ပိုးပို့ဆောင်ပေးလာခြင်း၊ ကြက်ခြေနီဌာနချုပ်မှလိုအပ်သောပစ္စည်းများ ထောက်ပံ့ပေးပို့ခြင်းနှင့်အတူ ချီးကျူးဂုဏ်ပြုလွှာများပေးပို့ခြင်း၊ မြို့ပေါ်ဌာနဆိုင်ရာအသီးသီးမှ လိုအပ်ချက်များကို ထောက်ပံ့ကူညီပေးခြင်းတို့အား မူဆယ်မြို့နယ်ကြက်ခြေနီအသင်းနှင့် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှအစဉ်ကျေးဇူးတင်ဝမ်းမြောက်စွာဖြင့် မှတ်တမ်းတင်ဂုဏ်ပြုလျက်ရှိနေပါသည်။

စိုင်းသာထွန်း(မူဆယ်)



# မမေ့နိုင်သော ဆိုဖာရီနို

## ဟင်နရီဒူးနန့်ရေးသည်

၁၈၅၉ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့၏ နေရောင်အောက်တွင်၊ စိတ်ကူး၍ပင်မရနိုင်သည့် အလွန်ရက်စက်ဖွယ်၊ မြင်ကွင်းတစ်ခုကို တွေ့ရ၏။ စစ်မြေပြင်တွင် လူသေနှင့် မြင်းသေကောင်တို့မှာ ပြန့်ကြဲလျက်ရှိ၏။ ဆိုဖာရီနိုမြို့၏ အစွန်ဘက် လမ်းဘေး ဝဲယာရှိ ရေမြောင်းများ၊ လှိုမြောင်များ၊ ချုံပုတ်များနှင့် မြက်ခင်းများတွင်၊ အတုံးအရုံးနှင့် အသေကောင်များမှာ မြင်ကောင်းဖွယ်မရှိချေ။

သီးနှံခင်းများနှင့် ဂျုံစိုက်ခင်းများသည်၊ ခြေဖြင့်နင်းချေခဲ့ကြသဖြင့် လဲလျောင်းပျက်စီးနေ၏။ သစ်သီးဝလံ အခင်းများ၏ ခြံစည်းရိုးများမှာလည်း ချိုးဖျက်ဆွဲငင်ခြင်း ခံထားရသဖြင့် ပျက်စီးနေ၏။ ရေအိုင်တို့သည်လည်း သွေးများဖြင့် ရောကာ၊ နီရဲနေပြီး အဝေးသို့စီးဆင်းလျက်ရှိသည်။

ဆိုဖာရီနိုမြို့ကလေးသည် သေနတ်များ၊ ဗုံးများ၊ လက်ပစ်ဗုံးများ ဒဏ်ကြောင့် ယမ်းငွေ့များဝေကာ၊ မြို့ပျက်ငယ်လေးအဖြစ် ကျန်ရစ်ခဲ့၏။ နေအိမ်များ၏နံရံတွင် ရမ်းကားစွာပစ်ခတ်ထားသော လက်နက်များကြောင့်ပျက်စီးလျက်ရှိသည်။

ရှာသူရှာသားများမှာ တိုက်ပွဲဖြစ်ပွားနေစဉ်ကာလ၊ တစ်ဆယ့်နှစ်နာရီခန့် မြေအောက်ကျင်းများတွင်၊ အလင်းရောင်နှင့် အစာရေစပြတ်လတ်ကာ၊ ပုန်းအောင်းနေရာမှ ထွက်လာကြ၏။ ဆင်းရဲသောလယ်သမားများသည်။ အချိန်ရှည်လျားစွာဖြစ်ပွားခဲ့သော တိုက်ပွဲကို လေးလံထိုင်းမှိုင်းစွာ၊ အောင့်အည်းသည်းခံပြီး စောင့်စားနေခဲ့ကြရသည်။

မြေပြင်တွင် လက်နက်အပိုင်းအစများ၊ ကိရိယာ အတိုအစများ၊ သွေးများပေးကြံလျက်ရှိနေ၏။ ကံဆိုးရှာသူ ဒဏ်ရာရ စစ်သားများမှာ စကားမပြောနိုင်ဘဲ၊ အသားအရေဖြူဖတ်ဖြူလျော်ဖြစ်ကာ ဝေဒနာခံစားနေကြ၏။ တချို့မှာ စိုးရိမ်ရလောက်အောင်ဖြစ်နေပြီး၊ ငေါင်တောင်တောင် စူးစိုက်ကြည့်နေ၏။ ညှိုးငယ်သော မျက်လုံးများနှင့် ကူညီမည့်သူကို စောင့်စားနေကြ၏။

အချို့သောသူတို့မှာ အာရုံကြောထိခိုက်ကာ၊ စိုးရိမ်ဖွယ်တက်နေကြ၏။ အချို့မှာ ကွဲဟနေသော မီးလောင်နာများကြောင့်၊ နာကျင်မှု ဝေဒနာခံစားနေကြရ၏။ အားလုံးသော

မသေမရှင်လူနာများသည် သေမင်းကိုစောင့်စားနေကြသည်။

ကပ်စတီလီအုံးမြို့ရှိ ဘုရားရှိခိုးကျောင်းများ၏၊ ကျောက်ပြားခင်းထားသော ကြမ်းပြင်ထက်တွင်၊ နိုင်ငံစုံမှ လူမျိုးစုံဖြစ်သော ဂျာမန်၊ ပြင်သစ်၊ အာရပ်၊ ဆလပ်လူမျိုးများသည်၊ ဘေးချင်းကပ်လျက်လဲလျောင်းနေကြ၏။ ယာယီအားဖြင့်ထားရှိသော ဘုရားကျောင်းများအတွင်း၊ တစ်ဦးနှင့်တစ်ဦးနီးကပ်စွာ နေရကာ လှုပ်ရှား၍မရနိုင်လောက်အောင်ပင် ရှိနေ၏။ အားအင်များ ယုတ်လျော့နေသည့်အပြင်၊ ပြင်းထန်သောဝေဒနာများကို ခံစားနေရသဖြင့်၊ အော်ဟစ်ကြွေးကြော်ငိုယိုသံများသည် ဟိန်းနေသောဘုရားကျောင်း အဆောက်အအုံထဲတွင် ပဲ့တင်သံများပင်ထွက်ပေါ်လျက်ရှိနေသည်။

သူတို့သည် ညပေါင်းများစွာ အိပ်ရေးပျက်ခဲ့ပြီး၊ မောပန်းနေကြသော်လည်း သက်တောင့်သက်သာ မနေနိုင်ရှာကြပေ။ မခံမရပ်နိုင် ခံစားရသော ဒဏ်ရာများကြောင့်၊ လူ့ဘဝကို အဆုံးသတ် စွန့်လွှတ်ရမည့်အခြေအနေတွင်၊ ဆရာဝန်များကိုသာ အော်ဟစ်အကူအညီတောင်းနေကြလေသည်။

တတိယမြောက် နပိုလီယန်လက်အောက်ခံ ပြင်သစ်စစ်သားများနှင့်၊ ဒုတိယမြောက် ဆာဒီးနီယမ်းဘုရင် ဗစ်တာအီမြူရယ်၏ စစ်သားများ၊ စုစုပေါင်း ၁၇၀,၀၀၀ တို့သည် ၁၅ နာရီကြာ တိုက်ခိုက်ခဲ့ကြ၏။ သေဆုံး ဒဏ်ရာရသူ ၄၀,၀၀၀ ရှိပြီး၊ ၁၉ ရာစုတွင် သွေးထွက်သံယိုမှု အများဆုံးသော စစ်ပွဲတစ်ခုဖြစ်သည်။

စစ်မြေပြင်သို့ရောက်သွားသော ဟင်နရီဒူးနန့်သည်၊ အနီးအနားရွာများရှိ အိမ်ရှင်များကို စည်းရုံးနိုင်ခဲ့၏။ အိမ်တိုင်းတွင် ဒဏ်ရာရသူ စစ်ဗိုလ်လူနာများကို၊ သူမတို့ တတ်အားသရွေ့ပြုစုပေးနေကြ၏။ လူနာများ၏ ခြေလက်အင်္ဂါ အစိတ်အပိုင်းများကို၊ ဖြတ်တောက်ကုသရန် မစွမ်းဆောင်နိုင်ကြသော်လည်း၊ အစာရေစာငတ်မွတ်နေသော လူနာများအတွက်၊ ရေနှင့် အစားအစာများကို ကျွေးမွေးခဲ့ကြ၏။ ပြီးနောက် ညစ်ပေရေနေသော ဒဏ်ရာများနှင့်၊ လောက်တွယ်နေသော ခန္ဓာကိုယ်ကို ဆေးကြော သုတ်သင်ကာ၊ ဆေးထည့်ပေးပြီး ပတ်တီးစည်းနှောင်ပေးခဲ့ကြသည်။



အမျိုးသမီးများသည် အော့အန်လောက်အောင် အနံ့ဆိုးများဖြင့် ဖုံးလွှမ်းပြီး၊ ပုပ်အိုက်နေသော လူနာတို့၏ အော်ဟစ်ဆူညံသံများကြားတွင်ပင် ပြုစုပေးခဲ့ကြသည်။ မကြာမီကူညီမည့် စေတနာ့ဝန်ထမ်းအဖွဲ့တစ်ခုကို ဖွဲ့စည်းနိုင်ခဲ့သည်။ သူတို့သည် အခြေအနေမဆိုးရွားသော်လည်း၊ အော်ဟစ်နေသူတို့အားဦးစွာပြုစုပေးကြသည်။

မျက်နှာပေါ်တွင် အုံနားနေသည့် ယင်ကောင်များကြောင့် မည်းနေပြီး၊ မျက်စိသူငယ်အိမ်တို့မှာ လှုပ်ရှားရန် မစွမ်းနိုင်တော့ဘဲ၊ သနားဖွယ် မျက်စိများ ကလယ်ကလယ်ရှိနေကြ။ အချို့မှာတရွရွလှုပ်ရှားနေသော လောက်ကောင်များဖြင့် ဖုံးအုပ်နေသည့်အကျီ၊ ဘောင်းဘီများကို ဝတ်ထားဆဲဖြစ်သည်။

ဆိုဖာရီနိုစစ်မြေပြင်သည် အီတလီမြောက်ပိုင်း လွမ်ဘာဒီဒေသတွင်ရှိသည်။ ၁၈၅၉ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့တွင် တိုက်ပွဲစတင်သည်။

အဖွဲ့အနေနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို၊ အလိုအပ်ဆုံးနေရာတွင် ဦးစားပေးလုပ်ဆောင်ရန် စီစဉ်ကြ၏။ လူနာများအား နေရာချထားရန် ဘုရားကျောင်းများကို ရွေးချယ်ခဲ့၏။ ဤနေရာတွင် စစ်သည်လူနာ ၅၀၀ ဆန့်ပြီး၊တစ်ရာခန့်မှာ အပြင်ဖက် ကောက်ရိုးများပေါ်တွင် ထားနိုင်သော ဘုရားကျောင်းတစ်ခုလည်းပါဝင်သည်။

အမျိုးသမီးများသည် ဘုရားကျောင်းဝင်းအတွင်း ဝင်၍၊ ရေခွက်များကို ကိုင်ဆောင်ကာ လူနာတစ်ဦးချင်းစီအား



ရေတိုက်ခြင်း၊ ဒဏ်ရာများကို ဆေးကြောပေးခြင်းကို လက်မလည်အောင်ပင်လုပ်ပေးနေရ၏။ အနီးအနား ပတ်ဝန်းကျင်မှ အမျိုးသားများကလည်း၊ နီးစပ်ရာ လက်ဆွဲပုံး၊ရေအိုး၊ ရေခွက်များကို ကောက်ယူကာ လိုအပ်သောရေကို ဖြည့်တင်းပေးနေကြသည်။

လူနာများအား ဆေးကြောသန့်စင်ပြီးနောက်၊ ထောက်ပံ့ရေးအဖွဲ့ဝင်များက အသင့်ချက်ပြုတ်ထားသော၊ စွပ်ပြုတ်ရည်ကို တိုက်ကျွေးပေးကြ၏။ အချို့မှာမူ ဝွမ်းလိပ်ထုတ်ကြီးများကို အလွယ်တကူယူနိုင်ရန်၊ သင့်လျော်သောနေရာတွင် စုပုံပေးထားကြ၏။ သို့ရာတွင် ပတ်တီးနှင့် အတွင်းခံအထည်များ၊ ရှပ်အကျီများမှာမူ ရှားပါးလွန်းလှသည်။

ဤစစ်မြေပြင်တွင် လူနာအဖြစ်ရောက်ရှိနေသူတို့မှာ အသက် ၁၈ နှစ်မှ ၂၀ အရွယ်၊ လူငယ် မည်ရွေ့မည်မျှရှိနေသည်ကို ခန့်မှန်း၍မရပေ။ ဂျာမနီနှင့် ဩစတြီးယားနိုင်ငံအရှေ့ပိုင်းမှ အတင်းအဓမ္မဆင့်ခေါ်ခံရပြီး၊ ရန်သူ့နယ်မြေတွင် သံ့ပန်းအဖြစ် စိတ်ဆင်းရဲမှုကြီးစွာ ခံစားနေရရှာသော လူငယ်များ၏ မိခင်များသိရှိပါမူ၊ မည်မျှစိတ်ထိခိုက်ရမည်ကို ကရုဏာသက်မိသည်။

ကပ်စတီလီအုန်းမြို့သူများသည် ဟင်နရီဒူးနန့်၏၊ လူမျိုးမရွေး ကူညီနေမှုကို အတုယူကာ၊ မိမိလူမျိုးမဟုတ်သည့် တိုင်းတစ်ပါးသားများကို၊ သနား ကြင်နာစွာပြုစုနေကြရင်း ပါးစပ်မှလည်း ပြင်သစ် စကားဖြင့် ***တွတ္တီဖရာတလ္လီ – အားလုံးညီအစ်ကိုတွေပါ*** ဟုပြောဆို လုပ်ကိုင်ပေးနေကြ၏။ ထိုသို့ ကြောက်ရွံ့တုန်လှုပ်ရမည်ကို မသိဘဲ၊ ကရုဏာထားကာ စေတနာအပြည့်ဖြင့်ဆောင်ရွက်ခဲ့ကြသည့် လူမျိုးမရွေး ဘာသာမရွေး ပြုစုစောင့်ရှောက်ရမည်ဆိုသည့် ကြက်ခြေနီစိတ်ဓာတ်သည် ဆိုဖာရီနိုစစ်မြေပြင်က စတင်ပေါ်ပေါက်ခဲ့သည်မဟုတ်ပါလား။





## ရှေးဦးပြုစုနည်းဖြင့်အသက်ကယ်ခဲ့သူ
## ဟင်နရီဒူးနန့်ဆုရှင်
## စိုင်းအောင်လှိုင်မြင့်၏
## ကိုယ်တွေ့ပြောပြချက်

၁၉၇၆ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်၊မွန်းလွဲ ၂ နာရီခန့်က မြစ်ကြီးနားမြို့တစ်ဖက်ကမ်း၊ ခတ်ချိုကျေးရွာကို ရောက်နေတုန်း၊ ဧရာဝတီမြစ်ဘက်က 'ဝုန်း' ဆိုတဲ့ အသံကြီး ကြားရပြီး ရွာသူရွာသားတွေ ကမ်းပါးကိုအပြေးအလွှား သွားကြတာကိုတွေ့ရပါတယ်။

ကျွန်တော်တို့ကြက်ခြေနီတွေမှာက 'ဝုန်း' 'ဒိုင်း' ဆိုတဲ့ အသံတွေကြားရင်၊ ဘယ်သူဘာများဖြစ်နေပြီလဲဆိုတဲ့ ကြင်နာတတ်တဲ့ စိတ်ထားလေးတွေရှိကြတယ်။ ကျွန်တော်ကိုယ်တိုင်ကလည်း ဒီစိတ်ထားလေးက မွေးရာပါဖြစ်နေတော့၊ ရွာသားတွေ ပြေးတဲ့ဘက်ကိုလိုက်ပြီး ပြေးကြည့်မိပါတယ်။ ဖြစ်တဲ့နေရာနဲ့ ကျွန်တော်ရောက်နေတာကတော့ တစ်မိုင်နီးပါးလောက် ဝေးပါတယ်။ ဒါပေမယ့် စက်ဘီးနဲ့မို့ ခဏလေးရောက်သွားပြီး ကမ်းပါးပေါ်ကလူတွေကို မေးမိပါတယ်။

တပ်မတော်ကကားတစ်စီး တစ်ဖက်ကမ်းကူးဖို့၊ ကူးတို့ဖောင်ပေါ်အတက်မှာ ဘရိတ်ချော်ပြီး ဖောင်ပေါ်က မြစ်ထဲအရှိန်လွန်ထိုးကျသွားတယ်လို့ သိလိုက်ရပါတယ်။ ကမ်းပေါ်ရှိတဲ့ လူတွေဟာ ကားထဲတွင် လူပါမပါကို ဘယ်သူမှ မစူးစမ်းတဲ့အတွက် မသိကြပါဘူး။ ကယ်ဆယ်ရေးအတွက် ဆောင်ရွက်ဖို့လည်းသတိမရကြလို့ ကျွန်တော် ဆိပ်ကမ်းကိုဆင်းပြီး ဖောင်ပေါ်မှ ဝိုင်းကြည့်နေကြတဲ့ လူအုပ်ကိုမေးကြည့်မိပါတယ်။

ဖောင်ပေါ်ကလူများက ကျွန်တော့်ကို ကားထဲမှာ လူပါသွားကြောင်း၊ နှစ်ယောက်လိုလို တစ်ယောက်လိုလို အတိအကျမသိကြောင်းပြောပြကြပါတယ်။ သူတို့တွေထဲမှာ ဘယ်တစ်ဦးတစ်ယောက်ကမှ ကယ်ဆယ်ဖို့ မကြိုးစားဘဲ၊ အော်ဟစ်ပြောဆိုဝေဖန်နေကြပါတယ်။

ကျွန်တော် သူတို့ကို အပြစ်တင်ချင်သလိုဖြစ်လာပါတယ်။ ဒါပေမယ့် အပြစ်မတင်လိုက်မိပါဘူး။ သူတို့ကို အပြစ်မတင်မိဘဲ ရေထဲကိုဆင်းဖို့ အဝတ်အစားတွေချွတ်လိုက်တော့၊ အတွင်းခံစွပ်ကျယ်ရဲ့ ဘယ်ဘက်ရင်အုံပေါ်မှာ အနီရောင်ကြက်ခြေခတ်အမှတ်တံဆိပ်နဲ့ဖြစ်နေလို့ ဘေးကလူတွေက 'ကြက်ခြေနီလာပြီဟေ့' ဆိုတဲ့ အားကိုးသံပါပါနှင့် ဘေးဖယ်ပေးကြတယ်။ ကျွန်တော် ရေထဲဆင်းပြီး ထိုလူကိုဆယ်ဖို့ ဖောင်ပေါ်က အခြေအနေကိုကြည့်ပါတယ်။ မြစ်ရေကကြည်လင်နေတာကြောင့် ရေအနက် ၁၈ ပေ၊ ပေ ၂၀ လောက်မှာ ကားပက်လက်ဖြစ်နေတာကို မြင်ရပါတယ်။ ရေစီးကလည်း သိပ်သန်နေပါတယ်။

ဒါပေမယ့် ကျွန်တော်ဟာ ကားထဲပါသွားတဲ့ လူတစ်ယောက်ရဲ့ အသက်ကယ်ဆယ်ဖို့ စိတ်စောနေပြီး၊ ရေထဲချက်ချင်းဆင်းကာ၊ ကားတံခါးကိုဖွင့်ရန် အတန်တန်ကြိုးစားပါတယ်။ ဒါပေမယ့်ကားက ပက်လက်ဖြစ်နေလို့ တံခါးဖွင့်မရဘဲ ခြေထောက်နဲ့လိုက်စမ်းရာက အပေါက်တစ်ခုကိုတွေ့ရပါတယ်။ ခြေနဲ့စမ်းကြည့်တော့ ကိုယ်တုံးလုံးနဲ့လူကိုတွေ့ရတယ်။

ကျွန်တော်ဟာရေထဲမှာ ကြာကြာမနေနိုင်အောင် နားတွေက နာလာပါတယ်။ ကားထဲကလူကို ရေထဲက ခက်ခက်ခဲခဲ ဆွဲထုတ်ခဲ့ပြီး ရေပေါ်ရောက်ခဲ့ပါတယ်။ လူနာကို ကျွန်တော့်ကျောပေါ်တင်ပြီး ဘယ်လက်နဲ့ထိန်းပါတယ်။ ညာလက်ကိုတော့ ဖောင်ကူတို့ပေါ်ကလူတွေပစ်ပေးတဲ့ ကြိုးကို ကိုင်ပြီး ဖောင်ဆီရောက်အောင် သယ်ယူခဲ့ရပါတယ်။

ဖောင်ပေါ်ရှိတဲ့လူတွေက ရေနစ်သူ လူနာရဲ့လက်ကို ဝိုင်းဝန်းဆွဲတင်လို့ လူနာဖောင်ပေါ်ရောက်သွားခဲ့ပါတယ်။ လူတွေကတော့ ထုံးစံအတိုင်းပါပဲ။ ဖောင်ပေါ်ကိုလူနာ ရောက်သွားတာနဲ့ လူနာရှိရာကိုပဲ ဝိုင်းအုံသွားကြပါတယ်။ ကျွန်တော်ကိုတော့ ဆွဲတင်ဖို့ မပြောပါလေနဲ့ ဝိုင်းကြည့်ဖော်တောင် မရကြတော့ပါဘူး။ ရေထဲက ယက်ကန်ယက်ကန်နဲ့ ကျွန်တော် ဖောင်အောက်မှာ ကျန်ရစ်ခဲ့ပါတယ်။



**စိုင်းအောင်လှိုင်မြင့် နှင့် ရဲဘော်ခင်မောင်အေး**

တကယ်လို့သာ ခြေကုန်လက်ပန်းကျလို့ မြုပ်သွားမယ်ဆိုရင်တော့၊ နှစ်ယောက်စလုံး အနိစ္စသဘောကို လွန်ဆန်လို့ရတော့မှာမဟုတ်တော့ပါဘူး။ ကျွန်တော့် ခန္ဓာကိုယ်ဟာ ရေထဲမှာ ယက်ကန်ကျန်ရစ်ပေမယ့်၊ ကျွန်တော့် စိတ်က အပေါ်ကြီးရောက်နေပြီ ဖြစ်တဲ့အတွက်၊ ကျွန်တော်ဟာ ဖောင်ကြိုးကိုတွန်းတဲ့ မော်တော်ဘုတ်ရဲ့ ပဲ့ပိုင်းကနေ တက်ခဲ့ပြီး၊ ဝိုင်းအုံနေတဲ့လူအုပ်ကြားက လူနာကို ကျွန်တော်တတ်ထားတဲ့ ရှေးဦးပြုစုနည်းနဲ့စတင်ပြုစုခဲ့ပါတယ်။ ပထမလူနာကို မှောက်လျက်အနေအထားနဲ့ သူ့ကျောပေါ်ကခွပြီး၊ ကျွန်တော်ရဲ့ လက်ကို သူ့ရဲ့ဝမ်းဗိုက်အောက်မှာ ယှက်သန်းလျက်ဆွဲပါတယ်။ ဝမ်းဗိုက်ထဲက ရေများအကုန်ထွက်ဖို့ ခဲယဉ်းနေတာကြောင့်၊ ဘေးကဝိုင်းအုံနေတဲ့လူတွေထဲက နှစ်ယောက်ကို၊ အကူအညီတောင်းရပါတယ်။

ဒီလူနှစ်ယောက်ကို လူနာမှောက်လျက် အနေအထားဖြစ်အောင် မခိုင်းပါတယ်။ ပြီးတော့ ကျွန်တော်က လူနာရဲ့ဝမ်းဗိုက်အောက်မှာ ခေါင်းလျှိုပြီး လူနာရဲ့ခေါင်းကို အောက်စိုက်ထားကာ ရေကိုထုတ်ပစ်ပါတယ်။

ရေ၊ အန်ဖတ်၊ အညစ်အကြေးတွေဟာ နှာခေါင်း၊ ပါးစပ်၊ စအိုတို့က ပန်းထွက်လာပါတယ်။ ရေကုန်လောက်မှ လူနာကိုအသာအယာ ပြန်ချပေးပါတယ်။ ပြီးတော့ကျွန်တော် လူနာကို ပက်လက်အနေအထားရောက်အောင် လှန်လိုက်ပြီး ပြုစုဖို့ အခြေအနေမှန်ကို စူးစမ်းပါတယ်။

တစ်ချိန်ထဲမှာပဲ ကျွန်တော့်နားထဲမှာ 'ငါတို့လူတော့ မရတော့ဘူးကွာ မွေးတဲ့အခါ ချေးစိမ်းပန်းတယ်၊ သေတဲ့အခါ ချေးစိမ်းပန်းတယ်' မရတော့ဘူးဆိုတဲ့ အသံတွေကြားရပါတယ်။ 'ဟေ့ရဲဘော်ရေနစ်တဲ့လူဆိုရင် ပက်လက် မထားရဘူးကွ' 'ဟေ့ကောင် လူနာသွေးထွက်လွန်လိမ့်မယ်ကွ' သတိပေးကြပါတယ်။ သူတို့သတိမထားမိတဲ့ အရေးကြီးဆုံးအချက်ကျန်ပါသေးတယ်။

အဲဒီအချက်ကတော့ ဒီလူနာဟာ အသက်မရှူတော့ပါဘူး။ နှလုံးခုန်နှုန်းရပ်နေပါတယ်။ သူအသက်ပြန်မရှူတော့ရင် စက္ကန့်ပိုင်းအတွင်း မိနစ်အနည်းငယ်ပိုင်းအတွင်းမှာ သေဖို့သာကျန်ပါတော့တယ်။ သူတို့သတိပေးချက်ကို ကျွန်တော်သတိထားမိပေမယ့် ကျွန်တော့်အတွက် ပြုစုရမယ့် အရေးကြီးဆုံး အချက်က လူနာအသက်ပြန်ရှူဖို့ ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်လူနာကို ပက်လက်အနေအထားမှာထားတယ်။ ပြီးတော့ အသက်ရှူလမ်းကြောင်းဖြောင့်အောင်လုပ်တယ်။ လူနာရဲ့ လကျာဘက်ဘေးမှာ ကျွန်တော်ဝင်ထိုင်ပြီး အသက်ရှူအားကူပေးဖို့ ဖြစ်ပါတယ်။ ဒါပေမယ့် လူနာရဲ့ပါးစပ်ထဲမှာ အန်ဖတ်တွေ ရှိနေသေးလို့ လက်နှစ်ချောင်းနဲ့ ကလော်ထုတ်ခဲ့ရပါတယ်။ နှာခေါင်းက နှပ်ချေးတွေကလည်း ထမင်းလုံးတွေနဲ့ အုံ့ဖွဲ့နေပါတယ်။ မျက်ခုံးအထက်ကည်း သွေးတွေပြစ်ခဲနေပါတယ်။

ကျွန်တော် အသက်ရှူအားကူပေးတဲ့နည်း ၄ နည်း လောက်တတ်ပေမယ့်၊ အလွယ်ကူဆုံးနဲ့ အထိရောက်ဆုံးဖြစ်တဲ့ ပါးစပ်က ပါးစပ်ကို အသက်ရှူအားကူနည်းပဲ သုံးပါတယ်။ ရဲဘော်က ရှေ့တန်းကပြန်လာတော့ နှုတ်ခမ်းမွှေးက

လက်တစ်ဆစ်လောက် ရှည်နေတယ်။ ဒါပေမယ့် ကျွန်တော် မရွံမရှာဘဲ လူနာရဲ့နှာခေါင်းကို ဘယ်လက်နဲ့ ညှစ်ထားပြီး ပါးစပ်ကို လေပြင်းပြင်းနဲ့ငုံ့ပြီးမှုတ်ပါတယ်။

လူနာရဲ့ အဆုတ်ထဲလေဝင်တော့ ဝမ်းဗိုက်ကြီးကို တွေ့ရပါတယ်။ ဖောင်းတက်လာတဲ့ ဝမ်းဗိုက်ကိုပဲ ညာလက်နဲ့ ပြန်နှိပ်လိုက်ပါတယ်။ လေတွေက နှာခေါင်းနှင့်ပါးစပ်က ပြန်ထွက်လာတယ်။ တစ်ခါပြန်မှုတ် ပြန်နှိပ် အကြိမ်ကြိမ် လုပ်တာကြောင့် လူနာဟာအသက်ရှူနိုးကြားလာပြီး နှလုံးလဲ ပြန်ခုန်လာပါတယ်။ နှလုံးမခုန်သေးတာကြောင့် နှလုံးခုန် နှိုးဆွပေးခဲ့ရပါတယ်။

တချို့ဝိုင်းအုံကြည့်နေတဲ့ သူတွေကတော့ လူနာ အစိမ်းသေသေပြီဆိုပြီး သားသမီးတွေကို လက်ဆွဲပြီး ပြေးကြ တဲ့လူတွေလဲတွေ့ခဲ့ရပါတယ်။ လူနာအခြေအနေကို ကျွန်တော် တစ်ယောက်ကလွဲလို့ ဘယ်သူမှမသိကြပါဘူး။ သူ့အခြေအန အတော်အတန်ကောင်းလာပြီဖြစ်လို့ သူ့ကို ပထမနည်းအတိုင်း ပြန်ထမ်းပြီး ဖောင်ပေါ်ကနေဆင်းပါတယ်။ ကျောက်ဆောင် ကိုဖြတ်ပါတယ်။ ပြီးနောက်ကုန်းပေါ်ကိုတက်ပြီး ကံအား လျော်စွာ ကုန်တင်ကားတစ်စီးနဲ့ ဆေးရုံပို့ဖို့ ကြိုးစားခဲ့ပါတယ်။ တနင်္ဂနွေနဲ့ကြုံနေလို့ ခတ်ချိုကျေးလက်ဆေးခန်း မဖွင့်ပါဘူး။ ဒါကြောင့် လေးမိုင်ကျော်ဝေးတဲ့ ဝိုင်းမော်မြို့နယ် ပြည်သူ့ ဆေးရုံကို ပို့ပေးရမှာ ဖြစ်ပါတယ်။ ရရာကုန်တင်ကားနဲ့ပဲ ကားဆရာကို အကူအညီတောင်းခဲ့ရပါတယ်။

လူနာကိုကားရဲ့ရှေ့ခန်းထဲမှာ ခြေကိုအရင်သွင်းပြီး၊ နောက်ကလိုက်လာတဲ့ ရဲဘော်နှစ်ယောက်ကို မ ခိုင်းပါတယ်။ ကျွန်တော်ကားထဲ ဝင်ထိုင်ပြီးမှ ထောက်ထားတဲ့ဒူးပေါ် လူနာ ကို မှောက်တင်ကာ ဦးခေါင်းကိုနှိမ့်ထားပါတယ်။ အသက်ရှူ လမ်းကြောင်းကိုလည်း ဖြောင့်အောင်ထားပေးပါတယ်၊ ကားကို မောင်းခိုင်းပြီး တစ်လမ်းလုံး လူနာအသက်ရှူမရှူ အခြေအနေ ကြည့်နေရပါတယ်။

လမ်းမှာဂျစ်ကားတစ်စီး ထပ်တွေ့တာနဲ့ မြန်မြန် ရောက်အောင် ကျွန်တော်အကူအညီ ထပ်တောင်းရပါတယ်။ လူနာကို ကုန်တင်ကားပေါ်က ဂျစ်ကားပေါ် ပြောင်းစဥ်မှာ ရေနဲ့အန်ဖတ်တွေပြန်ထုတ်လိုက်တော့ ရေ၊ အန်ဖတ်၊ အညစ် အကြေးတွေထပ်ကျလာပြီး၊ ကျွန်တော့်တစ်ကိုယ်လုံး ပေကျံနေ ပါတော့တယ်။ လူနာဟာ အသက်ရှူနှုန်း ပိုမိုမှန်ကန် လာတာကြောင့် စိတ်ချရတဲ့အနေအထားဖြစ်နေပါတယ်။ အဖော်ဖြစ်သူ ရဲဘော်တင်လှမှာ အလွန်စိုးရိမ်နေတဲ့အတွက် သူ့ကို တစ်လမ်းလုံး အားပေးစကားပြောခဲ့ရပါတယ်။ ဆေးရုံ ရောက်ချိန်မှာ ညနေ ၄ နာရီခန့်ရှိနေပြီ။ ကျွန်တော်လူနာကို ဆေးရုံထဲ ထမ်းခေါ်သွားခဲ့တယ်။

ဆေးရုံမှာ ဝိုင်းအုံလာတဲ့သူတွေ ရှိလာပြန်ပါတယ်။ သူတို့အထဲက အမျိုးသမီးတစ်ယောက်ဆီက စောင်တစ်ထည် တောင်းပြီး လူနာကိုခြုံထားလိုက်တယ်။ မကြာခင်မှာ လူနာ ပါးစပ်ဟလာတယ်။ လျှာထုတ်လာတယ်။ လျှာဖျားမှာ သွေးစက်လေးတွေပေါ်လာတယ်။ ကျွန်တော်ချက်ချင်း အသိ တစ်ခုဝင်လာပါတယ်။

လူနာသတိရပြီထင်တယ်ဆိုတဲ့ အသိပါပဲ။ လူနာကို ဆေးရုံအထိလိုက်ပို့ပေးခဲ့ပေမယ့် သူ့နာမည်ကို မသိခဲ့သေး ပါဘူး။ အဖော်ဖြစ်သူကို မေးတဲ့အခါမှ ရဲဘော်ခင်မောင်အေး လို့သိရပါတယ်။ ‘ကိုခင်မောင်အေး ခင်ဗျားအခု ဆေးရုံ ရောက်နေပြီ သက်သာသလိုနေပါ၊ ခဏလေးသက်သာသွား မယ်၊ ဘာမှမတွေးနဲ့ဦး၊ သက်သာသလိုနေဦး’ လို့ အားပေး စကားပြောခဲ့ပါတယ်။

မကြာပါဘူး ဆရာဝန်ရောက်လာတယ်။ ကျွန်တော် ဟာ ပြိုင်ပွဲဝင်နေသလို ဆရာဝန်ရှေ့မှာ မတ်တပ်ရပ်ပြီး၊ ဖြစ်ပျက်ပုံကို အသေးစိတ်အစီရင်ခံပါတယ်။ ကျွန်တော့်ကို ဆရာဝန်က ကျေးဇူးတင်ကြောင်းပြောပါတယ်။

ရှေးဦးပြုစုခြင်းဆိုတာက ဆရာဝန်ဆီ မရောက်မီနဲ့၊ ဆေးဝါးအကူအညီမရမီ၊ လူနာဒဏ်ရာအခြေအနေ သက်သာ အောင်ပြုစုခြင်း။ အခုတော့ ဆရာဝန်ရောက်ပြီး ဆေးဝါးအကူ အညီလည်းရပြီဖြစ်တဲ့အတွက် ကျွန်တော် တင်းထားတဲ့စိတ်ကို လျှော့ချလိုက်ပါတယ်။

၁၉၇၇ ခုနှစ်၊ ရှမ်းနီးယားနိုင်ငံ ဘူခါရက်မြို့တွင် ကျင်းပသော (၂၃) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာကြက်ခြေနီ ညီလာခံတွင် ချီးမြှင့်သော ဟင်နရီဒူးနန့်ဆုကို မြန်မာနိုင်ငံမှ စိုင်းအောင်လှိုင်မြင့် ကရရှိခဲ့သည်။ အဆိုပါဆုရစဉ်က စိုင်းအောင် လှိုင်မြင့်မှာ အသက် ၂၁ နှစ်အရွယ်သာရှိသေးပြီး၊ ကမ္ဘာ့အသက် အငယ်ဆုံး ဆုတံဆိပ်ပိုင်ရှင်ဖြစ်ခဲ့သည်။ ၁၉၅၉ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် မြစ်ကြီးနားမြို့နယ် ခေါင်ဖူးကျေးရွာတွင် မွေးဖွားခဲ့ပြီး၊ ငယ်နာမည် မောင်တင်လှိုင်ဖြစ်သည်။ ဗုဒ္ဓဘာသာ ရှမ်းလူမျိုးဖြစ်သည်။ ၁၉၈၅ ခုနှစ် မတ်လ ၂၅ ရက်နေ့တွင် ဦးနှောက်အမြှေးပါးရောင်ရောဂါဖြင့်ကွယ်လွန်ခဲ့သည်။ ခန္ဓာကိုယ်ကို ဆေးတက္ကသိုလ်(၁)ရန်ကုန်သို့လှူဒါန်းခဲ့သည်။

## အများအတွက်ကြက်ခြေနီ

- မြို့တကာ နယ်တကာ အဆုံး
  ကျေးရွာအနှံ့ဆီ၊
  အများပြည်သူလူထုအားနဲ့
  အမြဲဆောင်ရွက်မည် ၊
  တို့ ကြက်ခြေနီ တို့ ကြက်ခြေနီ ၊ ၊
  ဆင်းရဲဒုက္ခကင်းစေ /ရ မည် ။

- ကျန်းမာကာလူအများ စိတ်ပျော်ရမည် ၊
  စိတ်ဓာတ်မွန်ရည် အကြင်နာတရားနဲ့
  အမြဲကူပေးမည် ၊
  တို့ ကြက်ခြေနီ တို့ ကြက်ခြေနီ ၊
  အများအတွက်ထမ်းရွက်ခဲ့ကြသည် ။ ၊

- မှန်းကာတွေး တွေးဆရည် ၊
  ကျန်းမာရေး အလေးဂရုတည် ၊
  စေတနာလုပ်ငန်းများနဲ့
  လူမှုအကျိုးဆောင်မည် ။


- ကျန်းမာကာလူအများ စိတ်ပျော်ရမည် ၊
  စိတ်ဓာတ်မွန်ရည် အကြင်နာတရားနဲ့ ၊
  အမြဲကူပေးမည် ၊
  တို့ ကြက်ခြေနီ တို့ ကြက်ခြေနီ ၊
  အများအတွက်ထမ်းရွက်ခဲ့ကြသည် ။

## အသည်းလေးဖြူတဲ့ကြက်ခြေနီ

- လူတိုင်းကိုကူညီမည် တို့ ကြက်ခြေနီ ၊
  စေတနာတရားနဲ့ ပြည့်ဝမည် ၊
  ပြည်သူများအတွက် အမြဲရပ်တည် ၊
  အသည်းလေးဖြူသည် အမြဲပေးကူမည်
  ပြည်သူ့ ရင်နှစ် စံပြကြက်ခြေနီ ။

- လူလူချင်းတရားချစ်ကြည် ၊
  ကရုဏာထားလို့ ဝိုင်းဝန်းသည်
  ရိုင်းပင်းကူညီ ၊
  နိုင်ငံအကျိုးထမ်းရွက်မည် ၊
  မြင့်မြတ်သောစိတ်ဓာတ်ညီ တို့ကြက်ခြေနီ
  မြို့ရွာအနှံ့ ခရီးဆန့်မည်
  အလှစိတ်လေး မွေးလို့အတည် ၊
  ပြည်သူတွေချစ်တဲ့ ကြက်ခြေနီ ။

- လူတိုင်းကိုကူညီမည် တို့ကြက်ခြေနီ ၊
  စေတနာတရားနဲ့ ပြည့်ဝမည် ၊
  ပြည်သူများအတွက် အမြဲရပ်တည် ၊
  အသည်းလေးဖြူသည် အမြဲပေးကူမည်
  ပြည်သူ့ ရင်နှစ် စံပြကြက်ခြေနီ ။





# စစ်မြေပြင်ကစခဲ့သည့် ရှေးဦးပြုစုခြင်းသမိုင်းကြောင်း

ကြက်ခြေနီနှင့် ရှေးဦးပြုစုခြင်းအတတ်သည် ဒွန်တွဲလျက်ရှိနေသည်။ ကြက်ခြေနီတိုင်းရှေးဦးပြုစုခြင်းအတတ်ကို တတ်မြောက်ကာ၊ ဒုက္ခရောက်သူတို့အား ကူညီပေးနိုင်ကြသလို လူတိုင်းရှေးဦးပြုစုနည်းကို တတ်မြောက်နိုင်ရေးကိုလည်း ကြက်ခြေနီအသင်းများက တာဝန်ယူကာ လေ့ကျင့်သင်ကြားပေးနေကြသည်။

### စစ်ပွဲကို အခြေပြု

ရှေးဦးပြုစုခြင်းအတတ်မှာ စစ်ပွဲကိုအခြေပြုကာ ပေါ်ပေါက်လာခဲ့သည်။ စစ်ပွဲများ၏ ရှေ့တန်းစစ်မျက်နှာတွင် ဒဏ်ရာရစစ်သည်များအား၊ နောက်တန်းရှိဆေးရုံ၊ ဆရာဝန်များထံ သယ်ယူပို့ဆောင်စဉ်ကာလအတွင်း အခြေအနေပိုရှဲမဆိုးအောင် အသက်မဆုံးရှုံးအောင် ဆောင်ရွက်ပေးသည့် ဆေးအတတ်ပညာနည်းစနစ်ဖြစ်သည်။ စစ်အေးကာလတွင်မူ အရပ်ဘက်၌လည်း တွင်ကျယ်စွာအသုံးဝင်ခဲ့သည်။

### စတင်တီထွင်

ရှေးဦးပြုစုနည်းများကို စတင်တီထွင်သူမှာ ဒေါက်တာ အက်စ်မတ်ချ် Dr.Esmarch ဖြစ်ပြီး ဂျာမန်စစ်တပ်၏ ဆေးမှူးချုပ်အဖြစ် ပြင်သစ်နှင့်ပရပ်ရှားစစ်ပွဲကာလတွင် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ထို့နောက် ဘာလင်မြို့အနီးရှိ စစ်ဆေးရုံတွင် အုပ်ချုပ်ရေးနှင့်ခွဲစိတ်ကုဆရာဝန်တစ်ဦး အဖြစ် ဆောင်ရွက်ခဲ့သည်။ ဒေါက်တာအက်စ်မတ်ချ်သည် စစ်မြေပြင်မှတွေ့ရှိချက်များကိုအခြေပြုကာ **'ထိခိုက်ဒဏ်ရာများအတွက် ရှေးဦးပြုစုခြင်း'** နှင့် **'စစ်မြေပြင်မှရှေးဦးပြုစုနည်းများ'** စာအုပ်နှစ်အုပ်ကိုရေးသားပြုစုခဲ့သည်။

### သုံးထောင့်ပတ်တီး

စစ်ပွဲကာလအတွင်း စစ်မြေပြင်တွင်၊ ဆေးအဖွဲ့များ အသုံးပြုရန် ဆေးဝါးပစ္စည်းများနှင့်၊ ဆေးဘက်ဆိုင်ရာ ကရိယာများကို၊ လွယ်ကူပေါ့ပါးစွာ သယ်ယူနိုင်ရန်အတွက် ကျန်းမာရေးနှင့်ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများက အမျိုးမျိုးစမ်းသပ်တီထွင်ထုတ်လုပ်ခဲ့ကြ၏။ ကြက်ခြေနီငါးဦးကော်မတီမှ ဒေါက်တာလူးဝစ်အပီးယားသည် စစ်မြေပြင်မှ လူနာများအား ဆေးရုံသို့သယ်ယူရန်၊ သူနာတင်လှည်းကလေးကို ပုံစံရေးဆွဲတီထွင်ခဲ့သည်။ ၁၉၃၁ ခုနှစ်တွင် ဆွစ်ဇာလန်မှ ဒေါက်တာမေရာ Dr.Mayar က သုံးထောင့်ပတ်တီးကိုတီထွင်ခဲ့သည်။

### ပြုစုနည်းများ

၁၈၇၀ ပြည့်နှစ်တွင် ဗြိတိန်ကြက်ခြေနီအသင်းက ဦးဆောင်ပြီး၊ စစ်ပွဲများအတွင်း နေထိုင်မကောင်းသောသူများ

နှင့် ဒဏ်ရာရသူများအားပြုစုနည်းကို၊ ညှိနှိုင်းဆွေးနွေးကာ တီထွင်ခဲ့ကြသည်။ ယင်းနှစ်တွင်လက်ထောက်ဆရာဝန် တစ်ဦးဖြစ်သူ ဒေါက်တာအေမော့ဖ်ဖစ် Dr.A.Moffitt က၊ စစ်မြေပြင်တွင် နေထိုင်မကောင်းသူများနှင့် ဒဏ်ရာရသူများ အားပြုစုနည်းလမ်းညွှန်စာအုပ်ကို ပုံနှိပ်ထုတ်ဝေခဲ့သည်။ အဆိုပါ လက်ဆွဲစာအုပ်တွင် ခန္ဓာဗေဒ၊ ပတ်တီးနှင့် ပတ်တီး စည်းနည်းများ၊ အနာကိုဆေးထည့်ပေးခြင်း၊ ထိခိုက်မှုနှင့် ဒဏ်ရာအမျိုးမျိုး၊ ဒဏ်ရာရသည့်အခါ ဦးစွာပြုစုပေးခြင်း နှင့်လူနာသယ်ဆောင်နည်းအမျိုးမျိုးကို ဖော်ပြပါရှိသည်။

## စိန့်ဂျွန်းသူနာပြု

၁၈၇၇ ခုနှစ်တွင် စိန့်ဂျွန်းသူနာပြုအသင်း (St. John Ambulance Association) ကိုတည်ထောင်ခဲ့၏။ အဓိကရည်ရွယ်ချက်မှာ အမျိုးသား၊ အမျိုးသမီးများနေထိုင် မကောင်းသူနှင့် ထိခိုက်ဒဏ်ရာရသူများကို စနစ်တကျ ပြုစု စောင့်ရှောက်နိုင်ရေး လေ့ကျင့်ပေးရန်၊ ထိခိုက်ဒဏ်ရာရသူများ အားပြုစုပေးရန်၊ ရှေးဦးပြုစုနည်းများကိုသင်ပြပေးနိုင်ရန်၊ သူနာပြုလုပ်ငန်းများနှင့် သူနာတင်ယာဉ်များအတွက် ဆေးနှင့် ပစ္စည်းကိရိယာများကို ဖြန့်ဖြူးပေးရန်ဖြစ်သည်။

## သင်ခန်းစာပို့ချ

ထိုသို့ စိန့်ဂျွန်းသူနာပြုအနေဖြင့် ထိခိုက်ဒဏ်ရာများ အားပြုစုပေးသည့်နည်းစနစ်များကို ရှေးဦးပြုစုခြင်း သင်ခန်း စာတစ်ခုအဖြစ်ပို့ချပေးခဲ့သည်။ ထိုသင်ကြားမှုတွင် ဒေါက်တာ မော့ဖ်ဖစ်၏ လက်စွဲစာအုပ်ကို လက်ကိုင်ပြုကာ သင်ကြားခဲ့ သည်။ ဒဏ်ရာများအား ဖုံးအုပ်စည်းနှောင်ရန်အတွက် သုံးထောင့်ပတ်တီးကို စတင်အသုံးပြုခဲ့ကြသည်။ ထို့နောက်ပိုင်း တွင် ပတ်တီးလိပ်များကို တီထွင်ကာ အသုံးပြုလာခဲ့သည်။

၁၈၇၈ခုနှစ်တွင် ဆေးတပ်မှ ဆရာဝန်တစ်ဦးဖြစ်သူ မေဂျာပီတာရှဲပရိုက် Major Peter Shepherd ရေးသော ရတ်တရက်ဝေဒနာခံစားမှုနှင့် ထိခိုက်ဒဏ်ရာရမှုများကို ပြုစုပေးခြင်းစာအုပ်ကို ပထမအကြိမ်အဖြစ် စိန့်ဂျွန်းသူနာပြု အသင်းကပုံနှိပ်ထုတ်ဝေခဲ့သည်။

## အသုံးအနှုန်းစတင်

၁၈၇၉ ခုနှစ်တွင် စိန့်ဂျွန်းသူနာပြုအသင်းမှ ရှေးဦး ပြုစုခြင်း First Aid ဟူသော အသုံးအနှုန်းကို အင်္ဂလန်နိုင်ငံ တွင် ပထမဆုံးဆေးဘက်ဆိုင်ရာ ဝေါဟာရအဖြစ် သတ်မှတ် သုံးစွဲခဲ့ကြသည်။ ၁၈၉၄ ခုနှစ်တိုင်အောင် ရှေးဦးပြုစုသူ First Ader ဟူသောစကားလုံးကို မသုံးစွဲခဲ့ကြသော်လည်း ရှေးဦး ပြုစုခြင်း သင်တန်းတက်ရောက်ခဲ့သူများအား အောင်လက်မှတ် များကိုပေးအပ်ခဲ့သည်။

## လက်စွဲစာအုပ်

၁၈၈၂ ခုနှစ်တွင် ဒေါက်တာအက်စ်မတ်ချ် ရေးသား ထားသော သူနာပြုသင်ခန်းစာ ၅ ခုကို ၊ ဂျာမန်ဘာသာမှ အင်္ဂလိပ်သို့ပြန်ဆိုကာ First Aid to The Injured အမည် ဖြင့် ဗစ်တိုးရီးယားဘုရင်မ၏သမီးတော် ခရစ်စတိန်း က တာဝန်ယူကာ ဆမစ်အယ်ဒါကုမ္ပဏီက ပုံနှိပ်ထုတ်ဝေခဲ့သည်။ ၁၈၈၅ ခုနှစ်တွင် ယင်းအမည်ဖြင့်ပင် ဒေါက်တာရောဘတ် ဘရေ့က တည်းဖြတ်ပြီး စိန့်ဂျွန်းသူနာပြုအသင်း၏ လက်စွဲ စာအုပ်အဖြစ်ထုတ်ဝေခဲ့သည်။

## စိန့်အင်ဒရူးသူနာပြု

၁၈၈၂ ခုနှစ်တွင် စကော့တလန်၌ စိန့်အင်ဒရူး သူနာပြုအသင်း St. Andrew Ambulance Associationကို တည်ထောင်ခဲ့သည်။ တည်ထောင်ရသည့် ရည်ရွယ်ချက်မှာ စစ်ပွဲကာလနှင့် ငြိမ်းချမ်းစဉ်ကာလတွင် ဖြစ်ပေါ်သော နေထိုင် မကောင်းခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းများကို သက်သာပျောက် ကင်းစေရေးနှင့် ယင်းသူနာပြုပညာများ တိုးတက်မြင့်မား စေရန်ဖြစ်သည်။ အဆိုပါအသင်းမှ ၁၈၉၁ ခုနှစ်တွင် ဆာဂျော့ချ်ဘီဆန် ရေးသော ရှေးဦးပြုစုခြင်းစာအုပ်ကို လက်စွဲ စာအုပ်အဖြစ် ထုတ်ဝေခဲ့ပြီး ၁၈၉၄ ခုနှစ်တွင် သင်တန်းဆင်း လက်မှတ်များကိုထုတ်ပေးခဲ့သည်။

## ပြောင်းလဲဆန်းသစ်လာသော ရှေးဦးပြုစုခြင်းသဘောတရား

ရှေးဦးပြုစုခြင်းအတတ်ပညာသည် ကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှု၏ ပုံရိပ်တစ်ခု ဖြစ်သည်။ ရှေးဦးပြုစုခြင်း သည် စစ်ပွဲများ၊ မငြိမ်မသက်ဖြစ်ပွားမှုများနှင့် နေ့စဉ် လူနေမှု ဘဝတွင် လူသားများဖြစ်သည့် မိသားစုဝင်များ၏ အသက်နှင့် ခန္ဓာကိုယ်ကိုမြဲအောင် အကာအကွယ်ပေးနိုင်သော နည်းစနစ် များဟု နားလည်သဘောပေါက်ကြသည်။

ထို့အပြင် ကြီးမားကျယ်ပြန့်စွာ ဖြစ်ပေါ်သော အရေးပေါ်ကိစ္စများဖြစ်သည့် ဝမ်းလျှော ဝမ်းပျက်ရောဂါ၊ ငှက်ဖျားရောဂါ၊ ပြင်းထန်သော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများနှင့် မတော်တဆဖြစ်ပွားမှုကြောင့် ဖြစ်ပွားသည့် ထိခိုက်အနာတရဖြစ်မှုများကိုလည်း ပြုစုပေးနိုင်သည့် နည်းပညာဖြစ်ကြောင်း လွန်ခဲ့သော ဆယ်စုနှစ်အနည်းငယ် ကတည်းကပင်လက်ခံခဲ့ကြသည်။

## နားလည်မှုလွဲမှား

သို့သော်လည်းအာရှနှင့် အခြားကမ္ဘာ့နိုင်ငံများအနေ နှင့် ထိုသို့ ရှေးဦးပြုစုခြင်းကို အမျိုးမျိုးနားလည်မှု လွဲမှားစွာ ရှိခဲ့ကြသည်။ First Aid ခေါ် ရှေးဦးပြုစုခြင်း၏အဓိပ္ပါယ်ကို

အမျိုးမျိုးဖွင့်ဆိုခဲ့ကြသည်။

First Aid စာလုံး၏ရှေ့တွင် စကားလုံးတစ်ခုကို ထည့်သွင်းတပ်ဆင်ကာ အမည်ပေးခဲ့ကြသည်။

ထိခိုက်ဒဏ်ရာရမှုများအတွက် Traditional First Aid ဟူ၍လည်းကောင်း၊ မဖွံ့ဖြိုးသေးသောကျေးလက်ဒေသအတွက် Community Based First Aid ဟူ၍လည်းကောင်း၊ အမည်နာမနှင့်အဓိပ္ပါယ်များ ဖွင့်ဆိုထားကြသည်။ ထိုသို့ အမျိုးမျိုးအဓိပ္ပါယ်ဖွင့်ဆိုမှုများသည် အမျိုးသားကြက်ခြေနီအသင်းများအကြားတွင် တစ်ပြေးညီမဖြစ်ဘဲ ရှိနေကြသည်။

## ပေါ်လစီချမှတ်

သို့အတွက် အမျိုးသားအသင်းများအား (၂)နှစ် အချိန်ယူကာ၊ လေ့လာသုံးသပ်စေခဲ့ပြီး ၁၉၉၉ ခုနှစ်၊ အောက်တိုဘာလတွင် ဂျီနီဗာမြို့၌ ကျင်းပသော (၁၂) ကြိမ်မြောက် ကြက်ခြေနီနှင့်လခြမ်းနီအသင်းများဖယ်ဒရေးရှင်း၏ အထွေထွေညီလာခံကြီးတွင် ရှေးဦးပြုစုခြင်းဆိုင်ရာ ပေါ်လစီကို ချမှတ်ခဲ့သည်။ အကွဲကွဲအပြားပြား ဖွင့်ဆိုနေကြသော ရှေးဦးပြုစုခြင်းဆိုင်ရာ လုပ်ငန်းများနှင့် ချဉ်းကပ်ဆောင်ရွက်မှုများကိုလည်း တစ်ခုတည်းဖြစ်အောင်သတ်မှတ်ခဲ့သည်။

## ကျန်းမာရေးအလေးထား

ရှေးဦးပြုစုခြင်းသည် လူထုအား အကူအညီပေးခြင်းနှင့် လူထု၏ကျန်းမာရေးကို အလေးထားမြှင့်တင်ပေးခြင်းဖြစ်သည်။ ထိခိုက်အနာတရဖြစ်မှုနှင့် ရောဂါဖြစ်ပွားမှုကို ကာကွယ်ခြင်း၊ ကျန်းမာသောနေထိုင်မှုဘဝကို မြှင့်တင်ပေးခြင်းနှင့် လူထုအများပါဝင်ဆောင်ရွက်မှုကို တုံ့ပြန်မှုပေးခြင်းတို့ဖြစ်သည်။

ယင်းသည် လူထု၏ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းပင်ဖြစ်သည်။ သို့အတွက် ယခင်ကသမားရိုးကျ ထိခိုက်အနာတရဖြစ်သည့်အခါမှသာ ပြုစုပေးရန်ရည်ရွယ်ခဲ့ရာမှ ယခုခေတ်ကာလတွင် ရှေးဦးပြုစုခြင်းသည် လူထုကိုအခြေပြုသော လူမှုရေးဆိုင်ရာနှင့်ကျန်းမာရေးကိစ္စများပါ ပါဝင်လာခဲ့သည်။

## စာအုပ်ထုတ်ဝေ

ထို့ကြောင့် အမျိုးသားကြက်ခြေနီနှင့်လခြမ်းနီအသင်းများသည် ယခင်ကသတ်မှတ်ပြဋ္ဌာန်းခဲ့ကြသောရှေးဦးပြုစုခြင်းနှင့် ပတ်သက်သည့်အကြောင်းအရာများကို ပြန်လည်သုံးသပ်ကာ **'လူထုအတွင်းရှေးဦးပြုစုခြင်း'** **"First Aid in the Community"** စာအုပ်ကို အာဖရိကနိုင်ငံများအတွက် ဗြိတိသျှ၊ ဂျာမန်၊ ဆွီဒင် ကြက်ခြေနီအသင်းတို့၏ ပံ့ပိုးမှုဖြင့် ဖက်ဒရေးရှင်းက တာဝန်ယူကာ ပြုစုထုတ်ဝေခဲ့သည်။

## ဆီလျော်အောင်ပြုပြင်

အဆိုပါစာအုပ်ကို ၁၉၉၃ ခုနှစ် မေလတွင် ကျင်းပသော ပီကင်းညီလာခံတွင်တက်ရောက်လာကြသောဒေသတွင်း အမျိုးသားကြက်ခြေနီနှင့်လခြမ်းနီအသင်းတို့က မိမိတို့ အာရှဒေသနှင့်ဆီလျော်အောင် ပြုပြင်ထုတ်ဝေရန်တောင်းဆိုခဲ့ကြသည်။ ထိုသို့လက်စွဲစာအုပ်ထုတ်ဝေရန်အတွက် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တွင် အခြေစိုက်သော ဒေသဆိုင်ရာဖက်ဒရေးရှင်းကိုယ်စားလှယ်ရုံးက ကမကထပြုကာ ဆောင်ရွက်ခဲ့သည်။



လူထုအတွင်း ရှေးဦးပြုစုခြင်း CBFA စာအုပ်ဖြစ်မြောက်ရေးတွင် ပါဝင်ကူညီကြသော အမျိုးသားကြက်ခြေနီနှင့်လခြမ်းနီအသင်းများမှာ လာအို၊ အင်ဒိုနီးရှား၊ မလေးရှား၊ မွန်ဂိုလီးယား၊ နီပေါ၊ ပါကစ္စတန်၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ မြန်မာ၊ အိန္ဒိယ၊ ကမ္ဘောဒီးယား၊ စင်ကာပူနှင့် သီရိလင်္ကာတို့ဖြစ်သည်။

## မြန်မာပြန်ဆို

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် First Aid in the Community ( A Manual for Red Cross and Red Crescent Volunteer in Asia) ကို 'လူထုအတွင်း ရှေးဦးပြုစုခြင်းလက်စွဲစာအုပ်' အဖြစ် ဘာသာပြန်ဆို ထုတ်ဝေခဲ့သည်။ ယင်းလက်စွဲစာအုပ်တွင် အပိုင်း(၄)ပိုင်းပါရှိပါသည်။ အပိုင်း(၁)တွင် ကျွန်ုပ်တို့၏နယ်မြေလူထုအကြောင်း၊ အပိုင်း (၂)တွင်

# မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ် အဆောက်အအုံသမိုင်း



မြန်မာနိုင်ငံကြက်ခြေနီအသင်းအဖြစ် တည်ထောင်ရပ်တည်ခဲ့သော ၁၉၃၇ ခုနှစ်တွင် အသင်းပိုင်ရုံးစိုက်ရာအဆောက်အဦးဟူ၍သီးခြားမရှိခဲ့ပေ။ ရန်ကုန်မြို့ ဟိုက်ကုတ်တရားရုံးကြီးရှိ ကော်မရှင်နာမင်းကြီးရုံး အဆောက်အအုံကို အသင်းဌာနချုပ်အဖြစ်သုံးခဲ့သည်။

၁၉၅၇-ခုနှစ်၊ ဧပြီလ ၃ ရက်နေ့မှအစပြု၍ ဌာနချုပ် ၆ ထပ် အဆောက်အအုံဆောက်လုပ်ရေးကို စတင်ခဲ့ရာ၊ ကုန်ကျစရိတ် ၁၀ သိန်းကျော်ခန့်မှန်းပြီး၊ ကန်ထရိုက်တာ ဦးမြသန်းနှင့်ဗိသုကာပညာရှင် မစ္စတာစီဂျေတော်ရန့်စ်တို့ကို အပ်နှံဆောက်လုပ်စေခဲ့သည်။

ကြက်ခြေနီဌာနချုပ်အဆောက်အအုံ အုတ်မြစ်ချပွဲ အခမ်းအနားကို ၁၉၅၇ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ နာယက ဒေါက်တာဘဦး တက်ရောက်ကာ အုတ်မြစ်ချပေးခဲ့သည်။

ယင်းအခမ်းအနားသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု၊ ဝန်ကြီးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နိုင်ငံခြားသံတမန်များနှင့် ရန်ကုန်မြို့ပေါ်ရှိ မျက်နှာဖုံးလူကြီးများတက်ရောက်ခဲ့ကြသည်။

၁၉၅၉-ခုနှစ်၊ အောက်တိုဘာလတွင် ၆ ထပ်ရှိသော ကြက်ခြေနီအဆောက်အဦးမှာဆောက်လုပ်ပြီးစီးခဲ့သည်။

အနှစ် ၄၄ နှစ်ပြည့်သည့် ၂၀၀၁ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့တွင် ပြန်လည်မွမ်းမံပြင်ဆင်ခဲ့သည်။

သဘာဝဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေး၊ အပိုင်း (၃)တွင် ရှေးဦးပြုစုနည်းများအပြင်၊ ကူးစက်ရောဂါများအကြောင်း၊ အပိုင်း(၄)တွင် ပဏာမကျန်းမာရေးစောင့်ရှောက်မှုနှင့်ပက်သက်သောအချက်အလက်များပါဝင်သည်။

## နည်းပြမွေးထုတ်

မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ဖယ်ဒရေးရှင်းတို့ ပူးပေါင်းအစီအစဉ်အရ လူထုအတွင်းရှေးဦးပြုစုခြင်း၊ ဗဟိုအဆင့်နည်းပြ Core Trainer သင်တန်းကို ၁၉၉၈ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့မှ ဇူလိုင်လ ၁ ရက်နေ့ထိ၊ အသင်းဌာနချုပ်တွင် ပထမဆုံးဖွင့်လှစ်ခဲ့သည်။ အဆိုပါသင်တန်းသို့ ဌာနချုပ်၊ ပြည်နယ်/တိုင်းအဖွဲ့၊ တပ်မတော်ဆေးတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာနနှင့်ပြည်ခိုင်ဖြိုးတို့မှသင်တန်းသား ၃၁ ဦး တက်ရောက်ကြပြီး ဗဟိုနည်းပြ အသိအမှတ်ပြုလက်မှတ်များကိုပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြည်နယ်နှင့်တိုင်းများတွင် နည်းပြသင်တန်း Training of Trainer (TOT) များကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။ ယနေ့အချိန်တွင် မြန်မာနိုင်ငံကြက်ခြေနီသင်တန်းအနေဖြင့် သမာရိုးကျရှေးဦးပြုစုခြင်း Traditional First Aid ကိုအခြေခံ၊ အဆင့်မြင့်နှင့်နည်းပြသင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိသကဲ့သို့ ပြောင်းလဲဆန်းသစ်လာသော လူထုအတွင်းရှေးဦးပြုစုခြင်းသင်တန်းကိုလည်း၊ ကျန်းမာရေးဗျူဟာများနှင့်အညီ ဖွင့်လှစ်ခဲ့သည်။



မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ကျန်းမာရေးလုပ်ငန်းများ၊ ကယ်ဆယ်ရေးလုပ်ငန်းများတွင် လူထုကိုအခြေခံ၍ အကောင်အထည်ဖော်လျက်ရှိပေရာ လူထုအတွင်းရှေးဦးပြုစုခြင်း ပညာများပြန့်ပွားရေးကို စီမံချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေပေသည်။



# အိုးပြန်အိုး သို့မဟုတ် တစ်ဖက်နိုင်ငံမှ ပြန်လည်ရောက်သူများအား အကူညီပေးရေးစီမံချက်

ရင်ရင်မြ
MRCS/UNHCR SE Proje

ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသစီမံချက်ကို မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးတို့သည် ၁၉၉၅ ခုနှစ်မှ ၂၀၁၄ ခုနှစ်၊ဖေဖော်ဝါရီလအထိ ဆယ်စုနှစ်နှစ်စုတိုင် နှစ်စဉ်သဘောတူ စာချုပ်ချုပ်ဆို၍ မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်နှင့်ရသေ့တောင်မြို့နယ်အတွင်း တဖက်နိုင်ငံ(ဘင်္ဂလားဒေ့ရှ်)မှ ပြန်လည်ရောက်သူများအနက် အထူးတလည် ဘေးဒုက္ခကျရောက်လွယ်သူများ (EVI) Extremely Vulnerable Individual တို့အားထိုက်သင့်သလိုကူညီထောက်ပံ့ခြင်း အစီအစဉ်များပါဝင်သော စီမံချက်လုပ်ငန်းဖြစ်ပါသည်။

စီမံချက်၏ လုပ်ငန်းတာဝန်များမှာ တစ်ဖက်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများအနက် (EVI)များကို လက်ခံရေးစခန်းတွင် စီစစ်လက်ခံပြီး ယင်းတို့၏ မူလနေထိုင်ခဲ့သည့် ကျေးရွာများသို့ ပြန်လည်ပို့ဆောင်ခြင်း၊ ယင်းကျေးရွာများတွင် အတည်တကျ နေထိုင်နိုင်ရန်အတွက် လိုအပ်သော အထောက်အပံ့ အကူအညီများ (ဝင်ငွေတိုးလုပ်ငန်းများ) အသက်မွေးကြောင်း(Skill Development Training) သင်ကြားပေးခြင်း၊ အရေးပေါ်မီးဘေး၊ ရေဘေး၊ လေဘေးသင့်ခံရသူများအတွက် ငွေနှင့်ပစ္စည်းထောက်ပံ့ခြင်း၊ အသက်မွေးဝမ်းကြောင်းလုပ်ငန်း၊ အတတ်ပညာ သင်ကြားတတ်မြောက်သူအား မတည်ငွေထောက်ပံ့ခြင်းတို့အား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

အထူးတလည် ဘေးဒုက္ခကျရောက်လွယ်သူများ (EVI)ကို စံသတ်မှတ်ချက်အနေဖြင့် အိမ်ထောင်ဦးစီးမုဆိုးမများ၊ ဆွေမျိုးမဲ့ အမျိုးသမီးငယ်များ၊ အဖော်မဲ့ကလေးသူငယ်များ၊ အဖော်မဲ့ သက်ကြီးရွယ်အိုများနှင့် ကိုယ်အင်္ဂါမသန်စွမ်းသူများဟူ၍ စံသတ်မှတ်ချက်အရ ဦးစားပေးသည့် (Beneficiaries) အကျိုးခံစားခွင့်ရရှိသူများဖြစ်ပါသည်။

လုပ်ကွင်းဒေသအနေဖြင့် မောင်တောမြို့နယ် စီမံချက်မန်နေဂျာရုံး(၁)မောင်တောနှင့် ဘူးသီးတောင်မြို့နယ်များတွင် ဒေသဖွံ့ဖြိုးရေးရုံး ၁၃ ရုံး၊ စစ်တွေကြားစခန်း၊ ရုံး ၁ ဖြစ်သည့် အဆောက်အဦး ၁၅ ခုဖြင့်တည်ရှိ၍ လုပ်ငန်းဆောင်ရွက်မှုများအား စီမံခန့်ခွဲခဲ့ပါသည်။

ဖွဲ့စည်းပုံဝန်ထမ်းအင်အားအနေဖြင့် စီမံချက်ဝန်ထမ်းများအား လုပ်ကွင်းဒေသအသီးသီးတွင် ဒေသခံများဖြင့်ခန့်အပ်ခြင်းနှင့် ရန်ကုန်စီမံချက်ညှိနှိုင်းရေးမှူးရုံးခွဲတွင် ခန့်အပ်ခြင်းကို မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဦးဆောင်လမ်းညွှန်မှုဖြင့် တာဝန်အသီးသီးခန့်အပ်ခွဲဝေဆောင်ရွက်နိုင်ခဲ့ပါသည်။

ဝန်ထမ်းများ ရွေးချယ်ခန့်အပ်ခြင်းအား နှစ်ပိုင်းခွဲခြားခဲ့ပါသည်။ ဒေသခံများနှင့်လုပ်ကွင်းဒေသရှိ ပြန်လည်ဝင်ရောက်လာသူများအနက် သင့်လျော်သည့် ရာထူးအလိုက် ခန့်အပ်ရန်အဆိုပြုခြင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်တွင် ရွေးချယ်ခန့်အပ်ခြင်းဖြစ်ပါသည်။ ဌာနချုပ်တွင် တာဝန်ထမ်းဆောင်သော ဒုတိယအမှူဆောင်

ညွှန်ကြားရေးမှူးရာထူး၊ လ/ထ ညွှန်ကြားရေးမှူးရာထူး၊ စာရေးရာထူးနှင့် ညစောင့်အထွေထွေလုပ်သား၊ ယာဉ်မောင်းဝန်ထမ်းများအား အလှည့်ကျ ၆ လတစ်ကြိမ် အုပ်ချုပ်ရေးပိုင်းတာဝန်များ ဆောင်ရွက်ခဲ့ပါသည်။ ယင်းတို့မှာ လ/ထ စီမံချက်မန်နေဂျာရာထူး၊ သင်တန်းကြီးကြပ်ရေးမှူးရာထူး၊ ဒေသဖွံ့ဖြိုးရေးအရာရှိရာထူး၊ ကွန်ပျူတာကျွမ်းကျင်ရာထူးနှင့် ယာဉ်မောင်းရာထူးတို့ကို Second -ment အထူးတာဝန်ပေးအပ်သော ဝန်ထမ်းများအဖြစ် သွားရောက်ထမ်းဆောင်ကြပါသည်။

၂၀၀၁ ခုနှစ်မှစ၍ အသက်မွေးဝမ်းကျောင်းသင်တန်းပေးခြင်းတွင်၊ သင်တန်းသားစံသတ်မှတ်၍ သင်တန်းများ အဓိကထားဖွင့်လှစ်ခဲ့ပြီး ဝင်ငွေတိုးလုပ်ငန်းများရပ်ဆိုင်းခဲ့ပါသည်။ ၂၀၀၄ ခုနှစ်မှစ၍ တစ်ဖက်နိုင်ငံမှ ဝင်ရောက်ခြင်း Voluntarily Repatraition ရပ်ဆိုင်းခဲ့ပါသဖြင့် လက်ခံရေးစခန်းတွင် လက်ခံခြင်းနှင့် နေအိမ်အသီးသီး ပို့ဆောင်ခြင်းရပ်နားခဲ့ပါသည်။ ၂၀၀၄ ခုနှစ်တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်မှ ဝန်ထမ်းများ အလှည့်ကျသွားရောက် တာဝန်ထမ်းဆောင်ခြင်းကို မဆောင်ရွက်တော့ပါ။ ဝန်ထမ်းများလျှော့ချခြင်းနှင့် ဆက်လက်၍ အသုံးပြုရန်မလိုတော့သည့် အဆောက်အဦး ၈ ခုဖြစ်သည့် ဒေသဖွံ့ဖြိုးရေးရုံး ၇ ရုံးနှင့် စစ်တွေကြားစခန်းရုံး ၁ ရုံးအား၊ ၂၀၀၄ ခုနှစ်တွင်ပထမအကြိမ် ရခိုင်ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် သက်ဆိုင်ရာဘူးသီးတောင်၊ မောင်တောမြို့နယ် ကြက်ခြေနီရုံးခွဲသို့ လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

၂၀၀၈ ခုနှစ်မှစ၍ အကောင်အထည်ဖော်သည့် လုပ်ငန်းများကို ပြင်ဆင်ဖြည့်စွက်ဆောင်ရွက်ခဲ့ပါသည် မိသားစုရပ်တည်ရေးတွင် လိုအပ်ချက်ရှိနေသူများအား အသက်မွေးဝမ်းကြောင်းပညာသင်ကြားပေးခြင်းနှင့် ဘေးအန္တရာယ်ကျရောက်သူများအတွက် အရေးပေါ်အထောက်အပံ့အကူအညီများပေးခြင်း၊ ဒေသအတွင်းရှိ ဘာသာရေးခေါင်းဆောင်များ ရပ်ရွာနှင့်ကျေးလက်ခေါင်းဆောင်များ၏စိတ်နေသဘောထား တဖြည်းဖြည်းပြောင်းလဲလာစေရေး၊ အမျိုးသမီးနှင့် အပျိုဖော်ဝင် မိန်းကလေးများအပေါ်တွင် ၎င်းတို့က ချမှတ်ထားရှိသော တားမြစ်ကန့်သတ်ချက်များ နည်းပါးစေခြင်း၊ စီမံချက်ပိုင် ဒေသဖွံ့ဖြိုးရေးရုံးများကို ပိုမိုအသုံးချခြင်းဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသတွင် လူသားအထောက်အကူပြုလုပ်ငန်းများ၊ ပိုမိုထိရောက်အောင်မြင်စေခြင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်၍ရည်မှန်းချက်အရ အောင်မြင်မှုရရှိခဲ့ပါသည်။

အသက်မွေးဝမ်းကျောင်းသင်တန်းကို အဆင့် (၁)၊ အဆင့်(၂)ဟူ၍ ခွဲခြားသတ်မှတ်ပါသည်။

အဆင့်(၁)သင်တန်းပြီးမြောက်သူ၏ ထက်ဝက်ကို စွမ်းရည်ပေါ်မူတည်အခြေပြု၍ ရွေးချယ်ပြီး အဆင့်(၂) သို့ တက်ရောက်ခွင့်ပြုပါသည်။ သင်တန်းကာလမှာ ဇာထိုးပန်းထိုးသင်တန်းအဆင့် (၁)၊ အပ်ချုပ်သင်တန်းအဆင့် (၁)နှင့်(၂) တို့ကို နှစ်လ သတ်မှတ်ထားပါသည်။

မုန့်ဖုတ်လုပ်ငန်း အဆင့်(၁)၊ (၂) ဇာထိုးပန်းထိုး အဆင့်(၂)နှင့် ပိုက်ထိုးသင်တန်းအဆင့် (၁) အဆင့်(၂)တို့ကို တစ်လသင်တန်းအဖြစ်သတ်မှတ်သင်ကြားခဲ့ပါသည်။

သင်တန်းတက်ရောက်သူများအား WFP (World Food Program) မှ ရိက္ခာထောက်ပံ့မှုပေးခဲ့ပါသည်။ သင်တန်းပြီးမြောက်၍ တစ်နိုင်တစ်ပိုင် ဝင်ငွေရလုပ်ငန်းလုပ်နိုင်ရေးအတွက် မတည်ပစ္စည်းနှင့် ငွေကြေးထောက်ပံ့ခြင်းတို့ဖြင့် အောင်မြင်မှုရလဒ်များ ပေါ်ထွက်ခဲ့ပါသည်။

၂၀၁၄ ခုနှစ်၊ဖေဖော်ဝါရီလတွင် လုပ်ငန်းများပြီးဆုံး၍ စာချုပ်ချုပ်ဆိုခြင်းမရှိတော့ပါ။ စီမံချက်ပိုင်အဆောက်အဦ (၇) ခု မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များ ပုံသေပိုင်ဆိုင်ပစ္စည်းများအားလုံးကို မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်နှင့် ရခိုင်ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီဝင်တို့ပါဝင်သည့် လွှဲပြောင်းလက်ခံရေးအဖွဲ့ ဖွဲ့စည်း၍ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်ကြက်ခြေနီအသင်းခွဲ ဥက္ကဋ္ဌများ ထံသို့ အပြီးသတ်လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

**ရင်ရင်မြ**

MRCS/UNHCR SE Project











# စိန်ရတုကြက်ခြေနီ နှင့် မြန်မာပြည်အရှေ့တောင်ပိုင်း ဒေသစီမံချက်




**မြမြမိုး**

ကြက်ခြေနီရဲ့ စွမ်းပကားက မြန်မာတပြည်လုံး အနှံ့ ရှိလို့နေသည့်အထဲ ကျွန်မတို့ မြန်မာနိုင်ငံကြက်ခြေနီ အသင်းနှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီး ရုံးတို့ ပူးပေါင်းဆောင်ရွက်သည့် စီမံချက်နေရာလေးသည် မြန်မာပြည်မြေပုံကိုကြည့်လျှင် အောက်ခြေက မဏ္ဍိုင်သဖွယ် ရပ်တည်ပေးတဲ့ နေရာလေးဖြစ်တဲ့ မွန်ပြည်နယ်၊ ကရင် ပြည်နယ် နှင့် တနင်္သာရီတိုင်းဒေသကြီးတို့အတွင်း ဝေးလံ ခေါင်ဖျားကျေးရွာများ၌ တစ်ထောင့်တစ်နေရာကနေ လူမှု၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို UNHCR ၏ဦးတည်အုပ်စု များသို့ ရည်ရွယ်၍ အကောင်အထည်ဖော် လုပ်ဆောင် ပေးခဲ့တာ ၂၀၀၄ ခုနှစ်မှစခဲ့တာ ယခု ၂၀၁၄ ခုနှစ်ဆိုရင် ဆယ်စုနှစ်တစ်စုကို ဖြတ်ခဲ့လို့လာပါပြီ၊ အကောင်အထည် ဖော်ဆောင်ရွက်သည့် လုပ်ငန်းကြီးအနေဖြင့် အခိုင်အမာ တည်ဆောက်ရေးလုပ်ငန်း (Hard Ware) ပိုင်းနှင့် အသိပညာပေးလုပ်ငန်း (Soft Ware) ပိုင်းဟူ၍ နှစ်ပိုင်းခွဲ၍ အကောင်အထည်ဖော် လုပ်ဆောင်ပေးနေပါသည်။

အခိုင်အမာတည်ဆောက်ရေးအပိုင်းအနေနှင့် ကျေးရွာ မူလတန်းစာသင်ကျောင်းများအား မွန်ပြည်နယ် တွင် (၂၅) ကျောင်း၊ ကရင်ပြည်နယ်တွင် (၄၀) ကျောင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတွင် (၃၁) ကျောင်း စုစုပေါင်း မူလတန်းကျောင်းပေါင်း (၉၆) ကျောင်းကို လည်းကောင်း၊ ကျေးလက်ကျန်းမာရေးဆေးပေးခန်း ဌာနခွဲများအား မွန်ပြည်နယ်တွင် (၂၂)ခု၊ ကရင်ပြည်နယ်တွင် (၃၉)ခုနှင့် တနင်္သာရီတိုင်းဒေသကြီးတွင် (၂၂) ခု စုစုပေါင်း ကျေးလက် ကျန်းမာရေး ဆေးပေးခန်းဌာနခွဲပေါင်း(၈၃) ခုတို့အား လည်းကောင်း၊ အကောင်အထည်ဖော် ဆောက်လုပ်ပေး ခဲ့ပါသည်။ ကျောင်းအိမ်သာများကိုလည်း မွန်၊ ကရင်၊ တနင်္သာရီတိုင်း ဒေသကြီးများအတွင်းရှိ မူလတန်းကျောင်း များတွင် ကျောင်းအိမ်သာ (၂၁၂) လုံး ဆောက်လုပ်ပေးခဲ့ ပါသည်။

အသိပညာပေး လုပ်ငန်းပိုင်းအနေနှင့်ကတော့ မူလတန်းကျောင်း ဆောက်လုပ်ပေးခြင်းကို အခြေခံ၍ ၄င်း ကျေးရွာများတွင် မွေးစမှ ၅နှစ်အတွင်းရှိ ကလေးမိဘများ အား ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်မှု ပြုစုစောင့်ရှောက်ခြင်း သင်တန်း၊ ကျေးလက်ကျန်းမာရေးဆေးပေးခန်း ဌာနခွဲကို အခြေပြု၍ ကျေးရွာလူထုအား ဘဝတစ်သက်တာသိမှတ် စရာ သင်တန်း (ရောဂါဘယ ကာကွယ်တားဆီးရေး



အခြေခံရှေးဦးပြုစုခြင်းဘာသာရပ်၊ မိုင်းအန္တရာယ်ပညာပေး နှင့် သူတစ်ပါးထိခိုက်နစ်နာမှု ကာကွယ်တားဆီးရေး အသိ ပညာပေး) သင်တန်းများကိုလည်းကောင်း၊ မူလတန်းကျောင်း အိမ်သာဆောက်လုပ်ခြင်းကို အခြေပြု၍ ကျောင်းသားများ နှင့် ကျေးရွာသူရွာသားများအား သန့် ၄ သန့် သင်တန်း၊ အဆောက်အဦများအတွက် ကျေးရွာများတွင် အဆောက်အဦ ပြုပြင်ထိန်းသိမ်းရေး ကော်မတီများ ဖွဲ့စည်းပြီးအခြေခံ စာရင်းကိုင်သင်တန်း၊ လူထုအခြေပြုစွမ်းဆောင်ရည်သင်တန်း များကို မွန်၊ ကရင်၊ တနင်္သာရီတိုင်း ဒေသကြီးအတွင်း မြို့နယ်ပေါင်း (၂၄) မြို့နယ်ရှိ ကျေးရွာပေါင်း(၈၃၇)ရွာ သို့ လိုက်လံသွားရောက်၍ ပညာမျှဝေခဲ့ရာသင်တန်း အကျိုး ခံစားခွင့် ရှိသူပေါင်း ၅၂၅၄၉ ဦးအား မျှဝေခဲ့ပြီးဖြစ်ပါသည်။



ဒါ့အပြင် ကြက်ခြေနီရဲ့ လူမှုကရုဏာလုပ်ငန်း ထဲက မိုင်းထိလူနာများအား ဆေးကုသစရိတ်များပံ့ပိုး ကူညီပြီး ပြန်လည်သန်စွမ်းမှုများရရန် ကြက်ခြေနီ ဘားအံ ခြေတုစက်ရုံသို့ လူနာများအား လွှဲပြောင်းပေးတာ ယနေ့ အထိပါဘဲ စီမံချက်မှ ဆောက်လုပ်ပေးထားသည့် အဆောက် အဦများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြုပြင်ထိန်းသိမ်း ရေးကော်မတီသို့ အရင်းမပျောက် မျိုးစေ့ရန်ပုံငွေ ချပေးခဲ့တာ အခုဆိုရင် အသီးအပွင့်များခံစားနေရသည့် ကျေးရွာများ မနည်းလှပါ။

ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်ရပ်ရွာ အကျိုး သယ်ပိုးထမ်းဆောင်ရန် စီမံချက်မှ တစ်ဖက်တစ်လမ်းက အကောင်အထည်ဖော် ကူညီခဲ့သလို ကျေးရွာမှလည်း တစ် တပ်တစ်အားပါဝင်ခဲ့လို့ ဝမ်းသာကြည်နူး ပီတိဖြစ်ခဲ့ ရပါသည်။



ခုတော့ ဒီဒေသကြီးတွေမှာ မွန်၊ ကရင်၊ ပအို့၊ ဗမာ လူမျိုးစုံသလို ဘဝမျိုးလည်းစုံလှတယ် အဲသလို ဘဝစုံကြား သူတို့ဘဝ၊ သူတို့ကျေးရွာတိုးတက်ဖို့ အလင်း ရောင်ခြည်များ သမ်းလာတာတွေ့ရသလို ကြက်ခြေနီရဲ့ ရည်ရွယ်ချက်ဖြစ်တဲ့ **"ဆင်းရဲဒုက္ခ နည်းပါးသက်သာစေရေး"** ဒို့အရေးလို့ ကျေးရွာ စေတနာလုပ်အားရှင်များမှ ကြွေးကြော် လျှက် မိမိကျေးရွာဘက်စုံ ဖွံ့ဖြိုးတိုးတက် စည်ပင်သာယာ ရေးအတွက် ယနေ့မှစကြက်ခြေနီ စိန်ရတုနှစ်များဆီသို့ အောင်မြင်မှု များစွာမျှော်လင့်လျှက်.....

**မြမြမိုး**
**Documentation & Training Officer**

# သဘာဝဘေးအန္တရာယ်နှင့် လူမှုရေးဆိုင်ရာအားပေးကူညီမှု

**ဒေါက်တာမြသန်း**



လူ့ဘဝဇာတိရလာပြီဆိုကတည်းက ဇရာ၊ ဗျာဓိ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿဆိုတဲ့ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်တရားကို မလွှဲမသွေတွေ့ဆုံရမှာဖြစ်ပါသည်။ သင်္ခါရဆိုသော ဖြစ်ပျက်နိယာမတရားကလည်းအားလုံးသည် အနိစ္စမမြဲတဲ့သဘောကြောင့် ဆင်းရဲဒုက္ခရောက်ခြင်း၊ ကိုယ်မပိုင်တဲ့အစိုးမရတဲ့သဘော ကိုယ်ဖြစ်ချင်သလို မဖြစ်ရတဲ့တရားကလည်း အမှန်သစ္စာတရား ဖြစ်ပါတယ်။

လူသားတိုင်းတွေ့ကြုံရတဲ့ ဒုက္ခကို လက်ခံလိုကြတာလည်းသဘာဝပါပဲ ဒုက္ခနှင့် ကြုံလို့လာရင် မိမိတို့ရဲ့ ဖြစ်စဉ်တွေကို နည်းတမျိုးမျိုးနှင့်ခံစားရပြီး စိတ်ဓါတ်ဖောက်ပြန်ခြင်း၊ ကဆင့်ကလျားဖြစ်ခြင်း၊ စိတ်ဆင်းရဲခြင်း၊ စိုးရိမ်ပူပန်ခြင်း၊ ငိုကြွေးခြင်းသောကကို ရင်မှာပိုက်ပြီးပေါက် ကွဲထွက်ခြင်း၊ စိတ်ဓါတ်ကျခြင်း၊ ရူးသွပ်သွားခြင်း၊ နောက်ဆုံးမခံစားနိုင်ဘဲ သေကြောင်းကြံခြင်း၊ ကိုယ့်ကိုကိုယ်ငြင်းဆဲခြင်း၊ သူတစ်ပါးကို ရန်ပြု ဒုက္ခပေးခြင်းတွေဖြစ်လာကြပါတယ်။ စိတ္တေနနီယျတေ လောကော ဆိုသည့်တရားအတိုင်း စိတ်သည်လောကကို ဦးဆောင်နေခြင်းဖြစ်ပါသည်။

လူသားတိုင်း နေ့စဉ် နေထိုင်မှုသွားလာလှုပ်ရှားမှု၊ စားဝတ်နေရေး၊ လူမှုဆက်ဆံရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးကိစ္စ၊ သဘာဝဘေးအန္တရာယ်ဖြစ်သော လေဘေး၊ ရေဘေး၊ မီးဘေး၊ မုန်တိုင်းဘေး၊ ငလျင်ဘေး၊ ကပ်ရောဂါဘေး၊ မိုးခေါင်ရေကြီးခြင်း၊ အစုလိုက်အပြုံလိုက်သတ်ဖြတ်ခြင်းဘေး၊ ကား၊ ရထား၊ လှေ၊ သင်္ဘော၊ လေယာဉ်စသည်တို့ မှောက်ခြင်း၊ ပျက်ခြင်း၊ အလုပ်ခွင်တွင်း အထက်အောက်ဆက်ဆံရေးလုပ်ငန်းခွင်ဘေးဥပါဒ်အန္တရာယ်များ ကျရောက်ခြင်း၊ ဘေးများနေ့စဉ် ကြားသိ၊ ဖတ်ရှုနေရာ ကမ္ဘာတစ်ခွင် နေရာလပ်မရှိအောင်ဖြစ်နေပါသည်။

ယနေ့တစ်နေ့ထက်တစ်နေ့ ဘေးအန္တရာယ်များ ပိုမိုအဖြစ်များလာတာ၊ ကမ္ဘာအနှံ့ရာသီဥတုဖောက်ပြန်မှုကြောင့် ကမ္ဘာကြီးပူနွေးလာပါသဖြင့် မိုးခေါင်ရေရှား၊ ကပ်ရောဂါအသစ်အဆန်းများ၊ မိုးကြိုးဘေး မီးတောင်များပေါက်ကွဲဘေး၊ မြေပြိုမှု၊ အိုဇုန်းလွှာပေါက်၍ Green house effect ဖန်လုံအိမ်ဓါတ်ငွေ့တွေများပြားမှုတွေ ဖြစ်ပွားလာသဖြင့် စိတ်ပိုင်းဆိုင်ရာ၊ လူမှုရေးပိုင်းဆိုင်ရာ စိတ်ဓါတ်များပိုမိုပျက်ပြားလာတာတွေ့ရပါသည်။

လက်တွေ့နဖူးတွေ့ဒူးတွေ့ မြန်မာနိုင်ငံဧရာဝတီ၊ နှင့်ရန်ကုန်တိုင်းသို့ ၂–၅–၂၀၀၈ နာဂစ်မုန်တိုင်း၊ ၂၄–၁၀–၂၀၁၀ ဂိရိမုန်တိုင်း၊ ၂၄–၃–၂၀၁၁ တာလေ၊ ကျိုင်းတုံ၊တာချီလိတ်ပြင်းထန်သော ငလျင်အန္တရာယ်နှင့် မကွေးတိုင်းရေကြီးမှုစသည့် ထူးထူးခြားခြားမကြုံဘူးတဲ့ အန္တရာယ်တွေ ကိုယ်တွေ့ရင်ဆိုင်ခဲ့ရပါသည်။ မိုးကြိုးပစ်၍ သေဆုံးသူဦးရေမှာလည်း တိုးတက်နေသလို ယနေ့တိုင် ရာသီဥတုတွေဖောက်ပြန်ပြီး ပူအိုက်နေတာခံစားနေကြရပါတယ်။

စာရေးသူ ကျွန်မကိုယ်တိုင် မြန်မာနိုင်ငံကြက်ခြေနီအသင်း စိတ်လူမှုရေးရာဆိုင်ရာစီမံချက် Psycho -social support project မှာဝင်ရောက်တာဝန်ထမ်းဆောင်ရာ ပြန်လည်ထူထောင်တဲ့ကာလ တစ်နှစ်ကြာသည်အထိ၊ ဌာနေစေတနာ့ဝန်ထမ်းကြက်ခြေနီများ ကျေးရွာမြို့အားလုံးကို သင်တန်းများအသစ်ပို့ချခြင်း၊ ထပ်ဆင့်ပွားသင်တန်းများကို ဧရာဝတီတိုင်း ၈ မြို့နယ်မှာ ကိုယ်တိုင်ဆင်းပြီး၊ ကျေးရွာတွေကို မော်တော်ဘုတ်နှင့်ကွင်းဆင်းကာဆောင်ရွက်ခဲ့ကြသည်။

ပြန်လည်၍သတိရအမှတ်ရစရာမှာ ကိုယ်တိုင်ရေနစ်ဖူးသကဲ့သို့ ရေနစ်မည့်လက္ခဏာကိုလည်း ဗေဒင်လက္ခဏာဆရာများကဟောထားတာလည်းရှိ၊ ကိုယ်တိုင်ရေမကူးတတ်ပါဘဲ စွန့်စွန့်စားစားရေလမ်းခရီး ကျေးရွာတွေသွားရတာ ကိုယ်တိုင် Anxiety, Fears စိတ်ပူကြောင့်ရွံ့စွာ ကြိမ်ချောင်းကြီးကျေးရွာကို မူးအမောင်းသမားကမောင်း၍ ကျွန်မနှင့် H.O အမျိုးသမီး ၂ ယောက်၊ သားငယ် RCV တစ်ယောက် မော်တော်ခရီးထွက်သည့်နေ့ ကမ်းမမြင်လမ်းမမြင် လေကတိုက် လှိုင်းပေါ်က စက်လှေကလူးလိုက်နဲ့ ဘုရားတရားတွေရွတ် ပင်လယ်သမုဒ္ဒရာစောင့်နတ်တွေတိုင်တည် အများအကျိုးကိုယ်ကျိုးစွန့်ပြီး သစ္စာ၊ သမာဓိ၊ မေတ္တာတရားရှေ့ထားလာရောက်ကူညီတာဖြစ်၍ ဘေးကင်းပါစေလို့ ဆုတောင်း၊ အရပ် ၁၀ မျက်နှာမေတ္တာပို့နဲ့ စိတ်ရောကိုယ်ပါပင်ပန်းနေပါတယ်။ ကိုယ်တိုင် စိတ်ဝေဒနာအဖြားဖြား ခံစားနေရင်း ဘုတ်၏ပန်ကာကြိုးကြောင့် ဘုတ်ကလေး ရေထဲမျောနေတာ Life Jacket ဝတ်၍ လက်ကလည်းမော်တော်ဘုတ်ကို တင်းတင်းကိုင်ပြီးစိတ်ထွက်ပေါက်ဖြစ်တဲ့ ရတနာ ၃ ပါး၊ တရားစာရွတ်ကာအာရုံကိုပြောင်းပြီး RCY လေးတွေ စာသင်ပေးရင်း ကြောက်စိတ်ကိုဖျောက်ပစ်လိုက်ပါတယ်။ Self Coping ကိုယ်တိုင်လုပ်ရပါတယ်။

အပေါ်အဝတ်မပါဗလာနဲ့လူငယ်လေးတွေ ချမ်းချမ်းဆီးဆီး ပင်လယ်လှေကလေးနှင့်ငါးဖမ်းပိုက်ပစ်တဲ့ မြင်ကွင်းကလည်း၊ ကိုယ်ချင်းစာသနား၊ မေတ္တာစိတ်နှင့် ကရုဏာစိတ်တွေပွားလာပါတယ်။ ငါ့ရဲ့ကျေးဇူးရှင် တောင်သူလယ်သမား၊ ရေလုပ်သားတွေပဲ၊ ငါတို့စားဖို့ ဆင်းရဲနဲ့ ငရဲကို ဘဝနဲ့ရင်းပြီး ပြည်သူတွေကိုလုပ်ကျွေးနေပါလားလို့ ကျေးဇူးတရားကိုဦးထိပ်ထားမေတ္တာပို့ရင်းခရီးနှင်ခဲ့ပါတယ်။ နာဂစ်ဖြစ်တော့လည်း ကွမ်းခြံကုန်းဘက်ကို သံအမတ်ကြီးအငြိမ်းစား ဆရာဦးမောင်မောင်စိုးတင့်၏ NGO အဖွဲ့မှာငွေ ၆၀၀၀၀ ထည့်ပြီးရှိသမျှတွေအလှူခံအဝတ်အိတ်နှင့် ကိုယ်တိုင်လှူခဲ့တဲ့ ကုသိုလ်ကိုလည်းပီတိခံစားမိပါတယ်။ လပွတ္တာကျေးရွာလေးကနာဂစ်ဒဏ်ခံ သမီးလေးတစ်ယောက် အဖြစ်အပျက်မေးကြည့်တော့ Flash back ပြန်လည်ခံစားနေရတာတွေ့ရပါတယ်။ ကလေးမလေးက မိသားစု ၃ ယောက်လုံးသေပြီး၊ အပျိုအရွယ်သမီးတစ်ယောက်သာကျန်ခဲ့တဲ့ဖြစ်ရပ်ကိုကြားရတာ ကိုယ်တိုင်ကြေကွဲဝမ်းနည်းစရာပါ။ သူကိုယ်တိုင် လှိုင်းကကယ်လို့သစ်ပင်ထိပ်ဖျားသွားပြီးတင်နေတာ တစ်ညလုံး လေတွေတိုက်ခိုက်ခိုက်တုန်၍ သစ်ပင်ကိုမြဲစွာဖက်တွယ်ပြီးနေတုန်း အဖေကညီမလုပ်သူကိုလှမ်းပြီး အပေါ်ကိုပစ်ပေးချိန် လှိုင်းကတက်ညီမလေးမျောပါသွားပုံ၊ သူကိုယ်သူ ငါအသုံးမကျလို့မိအောင်မဖမ်းလို့ ဆို ကိုယ့်ကို ကိုယ်အပြစ်တင်မကျေမနပ်ဖြစ်ပုံ၊ မျှောပါလာတဲ့အတုံးကြီးမှာ အမေက လှိုင်းအရိုက် ရေလှိုင်းထဲပါသွားလို့ ရေကူးပြီးဆယ်ပေမယ့် မရတာ၊ အဖေနှင့်သမီးချောင်းကမ်းတစ်ဖက်စီရဲ့ အပင်ပေါ်တွေကနေ တစ်ယောက်နှင့်တစ်ယောက်ရှိကြောင်းအသံပေးရင်း လေပြင်း၊ မိုးပြင်း၊လှိုင်းပြင်းထန်လို့ အသံတွေပျောက်ပြီး လေငြိမ်၊ လှိုင်းငြိမ်၊ ရေပြန်ကျချိန်မှာ မိုးလင်းလို့လာတော့ အဖေရဲ့သစ်ပင်ကြီး အမြစ်မကျန်လဲနေတာတွေ့ရပြီး အဖေ ပျောက်ကွယ်သွားတာသိရပါသည်။ လှိုင်းပုတ်ထားလို့တင်နေတဲ့တွေ့တဲ့သက်န်းတွေ၊ မြွေအရေခွံအိတ်တွေဝတ်ပြီး လူတွေစုလာမှ လွတ်ရာကျန်သေးတဲ့

အိမ်ပေါ်တက်နေကြပြီး ပင်လယ်ရေထဲကခေါက်ဆွဲခြောက် သေပြီးပွလာတဲ့ ဝက်တွေစုပေါင်းချက်စား၊ မသန့်တဲ့ရေတွေ သောက်ရတဲ့ဖြစ်စဉ်လေးတွေပြောပြီး ကံကောင်းလို့သူမသေဘဲ ကျန်တဲလူတွေရဲ့ ငိုကြွေးသံ၊ အော်ဟစ်သံတွေကြားနေရ ပေမယ့် သူ့မှာမငိုနိုင်ဘဲ ကြောင်နေတာ နောက်တော့ တိုးလှေ ကြီးတစ်စင်းကကယ်ဆယ်လို့ လပွတ္တာမြို့ဆိပ်ကမ်းရောက် လာတယ်။ ဂါးလှေက ဗမာစကားမပြောတတ်တဲ့လူတွေက သူတို့ကို ကြင်နာယုယပြီး အစားအသောက်တွေ ချက်ကျွေး ကြ၊ နောက်မြို့က အဖွားကိုအရှာထွက်ပြီး ဘုန်းကြီးကျောင်း ကိုရောက်လာကာ အဖွားကိုတွေ့သဖြင့်အတူ တည်းခိုရပါ တယ်လို့ပြောပြတော့ ကိုယ်တိုင်ရင်ထဲမှာ မဖော်ပြနိုင်အောင် ခံစားမိပါတယ်။ ယခုကလေးမလေး ရန်ကုန်အထည်ချုပ် စက်ရုံမှာစက်ချုပ်နေတာတွေ့လို့ မေးကြည့်တော့ကြာလာသည် နှင့်အမျှ ဗုဒ္ဓတရားနှင့်ဖြေသိမ့်နိုင်တာတွေ့ရပါတယ်။ တစ်ယောက်သော သမီးလေးကလည်း ကြိမ်ချောင်းကြီးရွာမှာ ဖြစ်ပြီး ကလေးမလေးက ရင်တွင်းခံစားချက်ကို burn out အော်ကြီးဟစ်ကျယ်ပြန်ပြောပြလို့ သမီးကစက်ချုပ်တတ် တယ်လို့ပြောတော့ သူ့အမေကိုလုပ်ချင်လျှင် မိတ်ဆွေအထည် ချုပ်စက်မှာပြောပေးမယ်လို့ ပြောခဲ့ပြီး H.O လေးကိုပို့ခိုင်း လို့အလုပ်ဝင်ရောက်လုပ်ကိုင်နေပါသည်။

Nargis Program (PSP) အဆုံးအမသတ်ခင်မှာ ဂီရိ Giri မုန်တိုင်း ရခိုင်ဝင်ပြန်ပြီကြားရောဒုက္ခပါပဲ၊ ရခိုင် ကလည်း လေယာဉ်မှလွဲလို့ ရေလမ်းခက်ခဲတဲ့ ပင်လယ်ခရီး ကြမ်းဖြစ်လို့စိတ်ဆင်းရဲလိုက်တာ ဒါပေမယ့် စေတနာ၊မေတ္တာ အပြည့်အဝဖြင့် အဝတ်တွေအလှူခံပြီး မြေပုံ၊ ပေါက်တော၊ စစ်တွေ ၃ မြို့နယ်ကို စီမံချက်ဝင်ရမည်ဖြစ်၍ Pamphelets, pasters ပစ္စည်းတွေကိုပထမဦးဆုံး 2IC တွေအဖွဲ့ အားခြင်း ချက်ခြင်းစေလွှတ်သဖြင့် လူကြုံနှင့်ပေးပြီး၊ သင်တန်းပို့ချရန် PSP ပေးရန်စုဆောင်းပြင်ဆင်ပြီး H.O သီရိမွန်၊ ထွေးထွေး ငြိမ်း၊ ဒေါက်တာကောင်းမြသန်းတို့နှင့် လေယာဉ်စီးကာ စစ်တွေရောက်ပြီး သင်တန်းအမြန်ပို့ချပါသည်၊ ရခိုင်ကကြို တင်ပြင်ဆင်မှုအားကောင်း၍ အသေအပျောက်နည်းပြီး စိတ်ပိုင်းဆိုင်ရာခံနိုင်ရည်ရှိကြပါသည်။ ဘာသာစကားကခဲလို့ ကြားရတာဆက်သွယ်မှုအနည်းငယ်ခက်ခဲပါသည်။ ပေါက် တောမြို့နယ်သို့ အဝေးကြီးက ရေကြောင်းနှင့်အဆင့်ဆင့် လာရတာ ခရီးလမ်းကြာပါသည်။ သူတို့တွေအားလုံးအား သင်ကြားရာ၌ ကိုယ့်အားကိုယ်ကိုး Enpowerment ရရှိ အောင်ကစားနည်း၊ဦးဆောင်နည်း၊ပြိုင်ဆိုင်မှု၊ ဘေးအန္တရာယ် ကြိုတင်ကာကွယ်မှု၊ ဖြစ်လာလျှင် အန္တရာယ်ကင်းအောင် ဆက်သွယ်ရေး PSP ကျန်းမာရေး၊ ပညာရေး၊ လုံခြုံရေး၊ သန့်ရှင်းရေး၊ ရေကောင်းရေသန့်၊ အိမ်သာနှင့်အရေးပေါ်ဆောင် ရွက်ချက်များကို ကိုယ်တိုင်ပါဝင်လှုပ်ရှား ကစားနည်းဖြင့်ပေါက် တောမြို့ အ.ထ.ကဆရာ၊ ဆရာမများ၊ မြို့နယ်ပညာရေးမှူး နှင့်ဌာနေကြက်ခြေနီအဖွဲ့တွေပံ့ပိုးမှု စစ်တွေတာဝန်ခံ G1 ကြီး၏ ပံ့ပိုးကူညီမှု ဆေးရုံအုပ်ကြီး စိတ်အထူးကုဆရာဝန်ကြီး တွေနှင့်ရေသန့်ဌာနတို့ပူးပေါင်းကာ ဆေးစိမ်ခြင်ထောင်၊ water Send ပေးပြီး ဟောပြောပွဲကို သာစည်ကုန်းရွာသို့ ဘုတ်မှတဆင့် ကဇင်းရိုးမှာ ဖိနပ်မပါ ပုဇွန်ကန် ၂ ကန်ကြား မှခက်ခဲစွာသွား၍ မူလတန်းကျောင်းက ခနော်ခနဲ့အထိရောက် သွားပြီး ရေကန်ဆေးခပ် ခြစ်ညည်းရိုးခပ်ပြီး ပညာပေးရာ တစ်ရွာလုံး သက်ကြီးရွယ်အိုကလေးပါမကျန်အားတက်သရော မေးသမျှမေးခွန်းတွေကိုဖြေဆိုနိုင်တာ ဝမ်းမြောက်ဖွယ်တွေ့ရ၍ ပီတိဖြစ်ရပါတယ်။ မာတီစာရဲ့ကူညီမှုနဲ့ တစ်ရွာလုံးအမိုး အကာပြာပြာ ယင်လုံအိမ်သာလေးတွေ သပ်ရပ်တဲ့ သာစည် ကုန်းရွာမှ မူလတန်းကျောင်းလေးအတွက် ကိုယ်ပိုင်ငွေကို ကျောင်းအုပ်ဆရာကြီးထံ ငွေလှူဒါန်းပြီးကလေးများအား ကစားအတွက် ဘောလုံးများကို လှူဒါန်းခြင်း ပေါက်တောနှင့် မြေပုံမှ သင်တန်းသူများကို မိန်းမဝတ်အင်္ကျီနှင့် ထမီများအား ဝေငှပေးခြင်း၊ ကြက်ခြေနီ PSP ထောက်ပံ့မှုမှ ဦးထုတ်၊ကျောပိုး အိတ်၊ အင်္ကျီများ၊ စာရေးကရိယာများဝေငှပေးခဲ့ပါသည်။

ပြည်တွင်းရဲ့အားသည် ပြည်တွင်းမှာပင်ရှိတယ်ဆိုတဲ့ အတိုင်း မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီး၏ ဦးဆောင်မှု ဌာနေလုပ်အားရှင်များ စိတ်ပါဝင်စားတက်ကြွစွာဖြင့် အာဏာ ပိုင်များ၊ အခြားအဖွဲ့အစည်းအသီးသီးတို့နှင့် ပူးပေါင်းပြီးတစ်ဦး တစ်ယောက်မှသည် တစ်ရွာလုံး၊ တစ်မြို့လုံး၊ တစ်ပြည်လုံး သဘာဝဘေးအန္တရာယ်အမျိုးမျိုးကို သတိတစ်လုံးအရှိသုံးပြီး အမြဲတန်းကြိုတင်ပြင်ဆင်အသင့်အနေအထားဖြင့် ဆောင်ရွက်ဖို့ အထူးလိုအပ်ပါသည်။ သို့မှသာ မိမိတို့တိုင်းပြည်သဘာဝဘေး မှကင်းဝေး၍ ကိုယ်စိတ်နှစ်ပါးချမ်းသာမည်ဖြစ်ကြောင်း မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီး၏ ကျေးရွာအရောက်ခရီး ပေါက်အောင်မြင်မှုများ ထွန်းတောက်အောင် ဆောင်ရွက်မှုများ ကိုဂုဏ်ပြုကြိုဆိုလိုက်ပါသည်။

**ဒေါက်တာမြသန်း**

# ကြက်ခြေနီလှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံ များ









## Myanmar Red Cross Activities Photo Section





# ရှယ်သုံးပါးနှင့် စိတ်ဓာတ်ကျခြင်း

ဒေါက်တာဝင်းဆွေ

ကမ္ဘာပေါ်တွင် လူသန်းပေါင်း ၁၀၀ တို့သည် ပြင်းထန်သော စိတ်ကျရောဂါကို ခံစားနေကြရသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အစီရင်ခံစာအရ သိရှိရပါသည်။

စိတ်ကျရောဂါဆိုသည်မှာ စိတ်ဓာတ်ကျဆင်းမှု လွန်ကဲခြင်းကြောင့် ပျော်ရွှင်မှုများ ဆိတ်သုဉ်းလာကာ နောက်ဆုံးတွင် ဝေဒနာအဆင့်သို့ ရောက်ရှိလာခြင်းကိုဆိုလိုပါသည်။ အနောက်ဥရောပတွင် မိမိကိုယ်မိမိ သတ်သေသူ ၁၀၀,၀၀၀ခန့် အနက်မှ သုံးပုံနှစ်ပုံသည် စိတ်ကျရောဂါကြောင့် ဖြစ်သည်ဟု လေ့လာသူများ အဆိုအရသိရှိရပါသည်။ အချိန်မီ ကုသမှု မရရှိခဲ့လျှင် လွန်စွာကြောက်မက်ဖွယ်ရာ ကောင်းသော ရောဂါဆိုး တစ်ခုပင် ဖြစ်ပါတော့သည်။

လူတိုင်းသည် ဘဝတစ်သက်တာတွင် အခက်အခဲများ၊ ဆုံးရှုံးမှုနှင့် ရင်ဆိုင်ကြရသည့် အခါတိုင်း 'စိတ်ဓာတ်ကျလိုက်တာ၊ ကံဆိုးလိုက်တာ သေတောင်သေလိုက်ချင်ပါရဲ့' ဟု နှုတ်မှ ထုတ်ဖော် ညည်းညူခဲ့ကြဖူးပေသည်။ ယင်းသည် အခက်အခဲတစ်ခုခုကို တုံ့ပြန်သောလူတို့၏ သာမန်တုံ့ပြန်မှု တစ်ခုသာဖြစ်ပြီး အချိန်အနည်းငယ်အတွင်းမှာပင် ပျောက်ကွယ်သွားပါသည်။ တုံ့ပြန်မှုလွန်ကဲလာမှသာ ဝေဒနာသည် အဆင့်သို့ ရောက်ကြရလေသည်။

စိတ်ကျရောဂါသည် မြို့နေလူတန်းစားများတွင်ပိုမိုအဖြစ်များပါသည်။ ယင်းတို့တွင် အနောက်တိုင်းဆန်သည့် လူနေမှုစနစ်များကြောင့် လူမှုဒုက္ခများ ပြားခြင်းနှင့်တသီးတခြားနေတတ်သည့် အလေ့အကျင့်များကြောင့် ဖြစ်ပေသည်။ ပညာတတ်လူတန်းစားများ အထူးသဖြင့် စိတ်ရောဂါကုဆရာဝန်များတွင် ပိုမိုဖြစ်ပွားသည်ဟုလည်း တိကျစွာ လေ့လာထားသော မှတ်တမ်းများတွင် ဖော်ပြထားပေရာ ကုသမှုများ မျှော်မှန်းသလိုဖြစ်မလာခြင်း၊ ရောဂါဆုံးဖြတ်ချက်များ မတင်မကျဖြစ်ရခြင်း၊ မမျှော်လင့်ဘဲ လူနာဆုံးရှုံးရခြင်းများသာမက မိသားစုတာဝန်၊ အလုပ်တာဝန်များ ပိခြင်းနှင့် လူနာများ၏စိတ်သောက ဖြစ်ပွားပုံများကို မကြာခဏ ကြုံတွေ့ကြားသိနေတတ်ပေရာ ယင်းသောကများ ကုသသူအပေါ် လွှမ်းမိုး၍လာခြင်းဖြင့် သာမန်ပုဂ္ဂိုလ်များထက် အဆပေါင်းများစွာ စိတ်လှုပ်ရှားမှုကို ခံစားကြရခြင်းကြောင့် ဖြစ်ပေသည်။ မိမိလူနာအပေါ်ထားရှိသည့် စာနစိတ်၊ သနားကြင်နာစိတ်များကို အခြေခံ၍ စိတ်ဆင်းရဲမှု ဒဏ်ကိုလူနာ၊ လူနာ၏မိသားစုများနည်းတူ ခံစားမိရာက နောက်ဆုံး မိမိပါ ဝေဒနာသည်ဘဝသို့ ရောက်ရပေတော့သည်။

ယေဘုယျအားဖြင့် စိတ်ကျရောဂါသည် လူ့ဘဝတွင် အရွယ်သုံးပါးစလုံး၌ ဖြစ်ပွားနိုင်ပါသည်။ ဖြစ်ပွားပုံ နှင့် ရောဂါပြင်းထန်မှု အတိမ်အနက်သာ ကွာခြားပေသည်။

## ပထမအရွယ်

မျိုးရိုးစဉ်ဆက်။ စိတ်ကျရောဂါဖြစ်ပွားသည့် လူများတွင် ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းသည် မျိုးရိုးကြောင့်ဖြစ်သည်ဟု ယူဆကြသည်။ ဝေဒနာသည်များ၏ မျိုးရိုးစဉ်ဆက်တွင် စိတ်ကျသူများအပြင် စိတ်ကြွသူများ၊ အရက်စွဲသူများ၊ မိမိကိုယ်မိမိ သေကြောင်း ကြံစည်သူများပါ တွေ့ရတတ်ပါသည်။

**ကလေးဘဝ**။ ။ နုနယ်လှသည့်ကလေးဘဝတွင် ဖြစ်ပွားခဲ့သော စိတ်ပိုင်းဆိုင်ရာ ခံစားမှုများသည်

သူတို့ကြီး ပြင်းလာသောအခါ တန်ပြန်တတ်ပါသည်။ ပြိုကွဲနေသည့် မိသားစုမှ ပေါက်ဖွားလာသော ကလေး (ဥပမာ)လူမမယ်အရွယ်တွင် မိဘတစ်ဦးဦး သေဆုံးခြင်း၊ တကွဲစီဖြစ်ခြင်းကြောင့်မွေးစားခံရခြင်း၊ အရက်သောက်သော ဖခင်ထံမှ ချစ်ခင်ကြင်နာမှု မရရှိခြင်း၊ စွန့်ပစ်ခံရခြင်း စသည်များတွင် စိတ်ဓာတ်အားဖြင့် အားငယ်လာ၍ မလုံမခြုံဖြစ်လေရာက စိတ်ကျရောဂါကို ခံစားကြရပေသည်။ ကလေးများတွင် စိတ်ဓာတ်ကျဆင်းခြင်းကို တိုက်ရိုက်မပြကြဘဲ အပြုအမူနှင့်ပြတတ်ပေရာ ကြမ်းတမ်းရက်စက်ခြင်း၊ လေးနှစ်ကျော်သည်အထိ ဆီးဝမ်းမလွတ်ခြင်း၊ အစားမစားခြင်း၊ စားစရာမဟုတ်သည်ကို စားခြင်း ဥပမာ–(သဲ၊စက္ကူ)၊ ညညမအိပ်ခြင်း၊စကားမပြောခြင်း၊ ဗိုက်နာခေါင်းကိုက်သည်ဟုပြောခြင်း စသည့်လက္ခဏာများသည် ကလေးတို့၏ စိတ်ဆင်းရဲမှုဒဏ်ကို တိုင်းတာပြသောလက္ခဏာများပင် ဖြစ်လေသည်။

**ကျောင်းသာဘဝ**။ ။စိတ်မချမ်းမြေ့ခဲ့သည့် ကလေးများသည် ကျောင်းသားဘဝတွင်လည်း ကျောင်းပြေးခြင်း၊ အိမ်မှထွက်ပြေးခြင်း၊ ဆိုးသွမ်းခြင်း၊ ဆေးလိပ်သောက်ခြင်းတို့ဖြင့် သူတို့၏ စိတ်ဆင်းရဲမှုဒဏ်ကို ဖော်ပြကြပေသည်။

**လူငယ်ဘဝ**။ ။လူပျိုပေါက်၊ အပျိုပေါက်ဘဝ၊ ကျောင်းသားကြီးဘဝမှဒုတိယအရွယ်သို့ မကူးပြောင်းမီ ကာလအတွင်း အများအားဖြင့်ပညာရေး၊ အချစ်ရေးကိစ္စများကြောင့် စိတ်ကျရောဂါဖြစ်ပွားတတ်ပါသည်။ စိုးရိမ်ကြောင့်ကြမှု လွန်ကဲသောသူတို့တွင် ပိုမိုဖြစ်ပွားတတ်ပါသည်။ စိတ်ကျမှုအခြေအနသည် များစွာမပြင်းထန်လှသော်လည်း ယင်းရောဂါကြောင့်ငယ်ငယ်ရွယ်ရွယ် နှင့် အိမ်ထောင်ကျခြင်း၊ အိမ်ထောင်ကျပြီးလျှင်လည်း အိမ်ထောင့်ရေး ပြိုကွဲတတ်ခြင်းများဖြစ်တတ်ပေရာအရေးကြီးလှပေသည် အခြေမကျသေးမီ စိတ်ကူးယဉ် တတ်သည့်အရွယ်တွင် မျှော်မှန်းသလိုမဖြစ်ဘဲ စာမေးပွဲကျခြင်း၊ ချစ်သူနှင့်ကွေကွင်းရခြင်း၊ ခန္ဓာကိုယ်နှင့် လိင်ပိုင်းဆိုင်ရာ အစော်ကားခံရခြင်း စသည်တို့ကြောင့် စိတ်ဆင်းရဲမှုဒဏ်ကို ခံစားရင်း စိတ်ကျရောဂါဖြစ်လာပါသည်။ ယင်းကိုတုံ့ပြန်စိတ်ကျရောဂါဟု ခေါ်ပါသည်။ ယင်းအရွယ်တွင် ရောဂါရပါက ဖွတ်တရွတ်နိုင်လှသည့် ဆုံးဖြတ်ချက်များကြောင့် ပြဿနာကိုရှောင်လွှဲရန် အိပ်ဆေးအလွန်အကျွံသောက်ခြင်း များကိုလည်း ပြုလုပ်တတ်ကြပေသည်။

## ဒုတိယအရွယ်

လူ့လောကဇာတ်ခုံတွင် ကျင်လည်ရသည့်ကာလအတွင်း စိတ်လှုပ်ရှားဖွယ်ရာအများဆုံး ကြုံတွေ့ရသည့် အရွယ်သည်ကား ဥစ္စာရှာဖွေရသည့် ဒုတိယအရွယ်ပင် ဖြစ်သည့်အတိုင်း စိတ်ကျဝေဒနာသည်လည်း ဤအရွယ်တွင် ပြင်းထန်လှသည့် စိတ်ကျရောဂါသာ အဖြစ်များပေသည်။

အရွယ်ကောင်းတုန်း အချိန်တွင် ရောဂါဖိစီးမှုအပြင်းထန်ဆုံး ခံစားကြရ၍လည်း လူနာ၏မိသားစုသာမက တိုင်းပြည်အတွက်ပါ များစွာ နစ်နာလှပေသည်။ ကလေးဘဝက စိတ်မချမ်းမြေ့ခဲ့သူများတွင် ပိုမိုတွေ့မြင်ကြရပေသည်။ အမျိုးသမီးများတွင် သွေးဆုံးခါနီးအချိန်၌ စိတ်ကျရောဂါ အဖြစ်များပေသည်။

လူနာသည်ကြီးစွာသော စိတ်ဆင်းရဲမှုကြောင့် စိတ်ဓာတ်ကျခြင်း၊ စိတ်ပိုင်းရောရုပ်ပိုင်းပါ နှေးကွေးခြင်း၊ ညဥ့်နက်ပိုင်းတွင် အိပ်မပျော်သဖြင့် နံနက်အစောကြီးနိုးခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပိန်ခြင်း၊ လင်စိတ်သားစိတ်ကုန်ခန်းခြင်း၊ ဝမ်းချုပ်ခြင်း၊ စိတ်ဝင်စားမှုနည်းပါးလာခြင်း၊ အာရုံစူးစိုက်၍မရခြင်း၊ မပြောပလောက်သည့်ကိစ္စအတွက် မိမိကိုယ်မိမိ အပြစ်ရှိသည် ထင်ခြင်း၊ ခွင့်မလွှတ်နိုင်ခြင်း၊ ဆောက်တည်ရာမရဖြစ်ခြင်း၊ တစ်ခါတစ်ရံ လှို့ဆော်မဲ့ အာရုံမှားများ hallucinations မှ နှိမ့်ချပြစ်တင် ကြိမ်းမောင်းသည့် အသံများကို ကြားလာတတ်ရာက နောက်ဆုံးတွင် စိတ်ဆင်းရဲမှုဒဏ်ကို မခံစာနိုင်တော့ဘဲ ဘဝကိုအရှုံးပေးကာ မိမိကိုယ်မိမိ အဆုံးစီရင်

သွားတတ်ပေသည်။

တချို့လူနာများတွင်မူ နေးကွေးမှုများလွန်ကဲလာပြီး စကားလဲမပြော၊အစားလဲမစား၊ အိပ်လဲမအိပ်၊ လှုပ်ရှားမှုလဲ မရှိတော့ဘဲ တစ်နေရာတည်းတွင် ပုံစံတစ်မျိုး တည်းဖြင့် သာနေပေတော့သည်။ ယင်းကို စတူပါ(stupor)ဟုခေါ်ပါသည်။ မစားမသောက်သည့်ဒဏ်ကြောင့် လူနာမှာ အားအင်ကုန်ခန်းလာကာ ခန္ဓာကိုယ်တွင်း ခုခံမှုစွမ်းအင်မှာလည်း လျော့နည်းလာပါသည်။ ပြင်ပမှရောဂါ ပိုးများမှာလည်း အလွယ်တကူဝင်ရောက်လာပြန်ရာ အရေးပေါ်ကုသမှုများ မပြုလုပ်ပါက အသက်အန္တရာယ်နှင့် ကြုံတွေ့ရပါတော့သည်။

## တတိယအရွယ်

အသက်အရွယ်ကြီးရင့်လာ၍ ဇရာထောင်းသည့်အခါတွင် တွယ်တာစရာများ ဆုံးရှုံးခြင်းကြောင့် အထီးကျန်ဘဝတွင် စိတ်ကစဝေဒနာကို ခံစားလာကြပြန်သည်။ သားသမီးများ အိုးအိမ်ခွဲ၍ သွားခြင်းကြောင့် ကြည့်ရှုမည့်သူမရှိခြင်း၊ ငယ်စဉ်ကလိုအလုပ်မလုပ်နိုင်တော့၍ စီးပွားရေးချို့တဲ့လာခြင်း၊ ဥစ္စာပစ္စည်းများ ထုခွဲရောင်းချရခြင်း၊ အိမ်ထောင်ဖက်ဆုံးရှုံးခြင်း၊ ငယ်ပေါင်းများ လုပ်ဖော်ကိုင်ဖက်များကွယ်လွန်သွားခြင်း၊ ယခင်ကလိုမပေါက်ရောက်တော့ခြင်း၊ မိမိကိုယ်မိမိ အဘိုးကြီး အဘွားကြီးဖြစ်ပါကလားဟု မြင်လာခြင်းတို့ကြောင့် စိတ်ဓာတ်ကျဆင်းမှုများ ဖြစ်ပေါ်လာတတ်ပါသည်။ စိတ်ဝေဒနာရှင် အဘိုး၊ အဘွားတို့တွင် ညညမအိပ်၊ ဂနာမငြိမ်၊ ဆောက်တည်ရာမရဖြစ်ခြင်း၊ ဘာမေးမေး 'မသိဘူး' ဟု ဖြေတတ်ပေရာ သူငယ်ပြန်သောရောဂါနှင့် မမှားယွင်းရလေအောင် သတိပြုရပါမည်။ အကြောင်းမူ စိတ်ကျဝေဒနာမှာ ကုသ၍ ပျောက်ကင်းပြီး သူငယ်ပြန်ရောဂါမှာမူ ကုသရန်ခက်ခဲခြင်း၊ ပျောက်ကင်းရန်ခက်ခဲခြင်းကြောင့် ဖြစ်ပါသည်။

## အသိရခက်သောစိတ်ကျရောဂါ

တချို့လူနာများတွင် စိတ်ပိုင်းဆိုင်ရာရောဂါများ မပြဘဲ ခန္ဓာကိုယ်လက္ခဏာများနှင့် လာတတ်ပေရာ ခန္ဓာကိုယ်ရောဂါများနှင့် လွန်စွာမှားယွင်းတတ်ပါသည်။ ယင်းကဲ့သို့ လူနာများကို အထွေထွေရောဂါကုဆေးရုံ ပြင်ပလူနာဌာနများ၊ ဆေးခန်းများတွင် အများဆုံးတွေ့မြင် ရတတ်ပါသည်။ ရောဂါလက္ခဏာများမှာလည်း တိကျမှုမရှိဘဲမောသည်၊ ရင်တုန်သည်၊ ခေါင်းကိုက်သည်၊ မျက်နှာတစ်ခြမ်းကိုက်သည်၊ ဇက်ကြောတက်သည်၊ ရင်ဘတ်နာသည်၊ လည်ပင်းတစ်ဆို့ဆို့နေသည်၊ ဗိုက်နာသည်၊ အသက်ရှူမဝဖြစ်သည်၊ မျက်စိမှုန်လာသည်၊ ဆီးများခဏခဏသွားသည်၊ အိပ်မပျော်၊အားနည်းသည်စသည်ဖြင့် ခန္ဓာကိုယ်လက္ခဏာများကိုသာ ပြောတတ်ပေရာ အားဆေးများသာ ထိုးကြရင်း မပျောက်သည့်အဆုံးမှသာ စိတ်ရောဂါကုဆရာဝန်များ ထံသို့ ရောက်လာတတ်ပေသည်။

## ရောဂါကြောင့် စိတ်ကျခြင်း

နာတာရှည်ရောဂါများတွင် လူမှုရေးဆုံးရှုံးမှုများကြောင့်လည်းကောင်း၊ ပစ်ပယ်ခံကြရ၍ လည်းကောင်း စိတ်ကျသည့်ဝေဒနာကို ခံစားကြပါသည်။ ကင်ဆာရောဂါသည်များ၊ လေဖြတ်နေသူများ၊ ရှုမက်တွိုက် အဆစ်ရောင်ရောဂါသည်များ၊ သွေးအားနည်းရောဂါသည်များ၊ ဗိုင်းရပ်စ်အသည်းရောင်ရောဂါသည်များ၊ ခန္ဓာအစိတ်အပိုင်းတစ်ခုခု (ဥပမာ–မျက်စိ၊နား) ချွတ်ယွင်းနေသူများတွင် အများဆုံးတွေ့ရတတ် ပါသည်။ ဆေးဝါးများထဲတွင်လည်း အထူးသဖြင့် သွေးကျဆေးများ၊ စိတ်ငြိမ်ဆေးများနှင့် ပဋိသန္ဓေတားဆေးများသည် စိတ်ဓာတ်ကျဆင်း စေတတ်၍သတိချပ်သင့်ပါသည်။

## ကုသ၍ပျောက်ကင်းပါသည်

စိတ်ရောဂါများထဲတွင် စိတ်ကျရောဂါသည် ကုသရေးဘက်တွင် အားရစရာအကောင်းဆုံးနှင့်ရာခိုင်နှုန်းပြည့် ပျောက်ကင်းသော ဝေဒနာတစ်ခု ဖြစ်ပါသည်။ မည်မျှပင်ပြင်းထန်စေကာမူ စနစ်တကျ ကုသပါက အကောင်းပကတိသို့ ပြန်ရောက်ပါသည်။

ထို့ထက်ပင် နောက်တစ်ကြိမ် မဖြစ်ပွားရလေအောင် ကြိုတင်ကာကွယ်နိုင်သော ခေတ်မီဆေးဝါးများပင် ပေါ်ပေါက်နေပြီ ဖြစ်ပါသည်။

ကုသသူ ဆရာဝန်များအတွက်မူ စိတ်ကျခြင်းကို အဓိကအားဖြင့် နှစ်မျိုးခွဲခြားတတ်ရန် လိုအပ်ပါသည်။ပထမအမျိုးအစားမှာ အကြောင်းတစ်ခုခုကြောင့် စိတ်ကျခြင်းဖြစ်ပြီး၊ဒုတိယအမျိုးအစားမှာအကြောင်းမဲ့ စိတ်ကျခြင်းဖြစ်ပါသည်။ အကြောင်းတစ်ခုခုကြောင့် စိတ်ကျခြင်း(ဥပမာ–စီးပွားရေး၊အိမ်ထောင်ရေးကြောင့် စိတ်ကျခြင်း) ဖြစ်တတ်ပါသည်။ ယင်းသို့စိတ်ကျခြင်းကို ကုသရာတွင် ဆေးဝါးများသည်အဓိကမကျဘဲ အသိတရား ရရှိလာစေရန် ဖျောင်းဖျပြောဆိုခြင်း (Cognitive Behavioral Therapy)၊ နှစ်သိမ့်ဆွေးနွေးခြင်း(Counseling)၊စသည့် စိတ်ကုထုံးများ (Psychotherapy) သည် အဓိကကျလှပေသည်။ စိတ်ဓာတ်တက်ကြွသောဆေးများ ပေးလိုပါလျှင် ယင်းစိတ်ကုထုံးများနှင့် မသက်သာမှ ပေးစေလိုပါသည်။

ဒုတိယအမျိုးအစားဖြစ်သည့် အကြောင်းမဲ့ စိတ်ကျခြင်းအတွက်မူ စိတ်တက်ကြွဆေးများကိုသုံးလမှ ခြောက်လထိပေးရန်လိုအပ်ပါသည်။ SSRI ခေါ် စီရိုတိုနင်ဓာတုပစ္စည်းများအပေါ် အကျိုးသက်ရောက်မှုရှိသော ဆေးများကို ပေးရပါသည်။ ဥပမာ Fluoxetine,Fluvoxamin, Citalopram, Paroxetine) စသည်များဖြစ်ပါသည်။ ယင်းဆေးများသည် Platelets ခေါ် သွေးဥများ၏ အနည်ထိုင်မှုကို နှောင့်နှေးစေသဖြင့် အစာအိမ်ရောဂါရှိသူများ (သို့မဟုတ်) အကိုက်အခဲပျောက်ဆေးများနှင့် ရောစပ်လျှင် အစာအိမ်တွင် သွေးယိုစီးခြင်း ဖြစ်ပေါ်နိုင်သဖြင့် သတိနှင့်ပေးရန် လိုအပ်ပါသည်။ အိပ်စေသည့် သတ္တိမရှိသဖြင့် နံနက်ပိုင်းတွင် ပေးလျှင်ပိုမိုသင့်တော် ပါသည်။ ညဘက်အိပ်မရသော ဝေဒနာရှင်များတွင်မူ Benzodiazepines (BDZ) ခေါ် Diazepam, Lorazepam ကဲ့သို့ဆေးများ Nonbenzodiazepines ခေါ် Zolpeden ကို ညဘက်တွင် ရေတိုပေးနိုင်ပါသည်။ သုံးပတ်နှင့်တစ်လအတွင်း သက်သာပျောက်ကင်းလို့လာပါသည်။ ရောဂါသက်သာ ပျောက်ကင်းပြီဆိုလျှင်လည်း Maintenance အဖြစ် အထက်ပါဆေးနှစ်မျိုးကို အနိမ့်ဆုံး အလေးချိန် dose တွင် သောက်ခိုင်းစေပြီး သုံးလခန့်ဆက်လက်သောက်ရမည်ဖြစ်ပါသည်။ စိတ်ကျရောဂါမှာ ကုသလျှင် အကောင်းဆုံး နှင့် ရာခိုင်နှုန်းပြည့် ပျောက်ကင်းစေသည့် ရောဂါဖြစ်ပါသည်။ အထွေထွေရောဂါကုဆရာဝန်များ အနေဖြင့် မိမိဘာသာကုသ ကြည့်စေလိုပါသည်။ တစ်ဖက်ကလည်း သေကြောင်းကြံစည်သည့် လူနာများကိုတွေ့ တတ်ပေရာ ဆေးများကို နှစ်ပတ်ထက် လူနာလက်ထဲ တွင် မထားစေဘဲ နှစ်ပတ်တစ်ကြိမ် ပြန်ကြည့်ရန် လိုအပ်ပါသည်။ သက်သာပျောက်ကင်းချိန် သုံးလမှ ခြောက်လခန့်ရှိပြီ ဆိုပါက အထက်ပါ ဆေးဝါးများကို tailed off ဖြည်းဖြည်းချင်း လျှော့ချကာ ဖြတ်ပေးရမည် ဖြစ်ပါသည်။

**ဒေါက်တာဝင်းဆွေ**

## ကြက်ခြေနီစိတ်ဓာတ်

| | |
|---|---|
| မေတ္တာရှေ့ထား | Loving-kindness |
| အကြင်နာပွား | Sympathy |
| စာနာပေးရာ | Empathy |
| မြတ်စေတနာ | Goodwill |

## ကြက်ခြေနီလုပ်အားရှင်

| | |
|---|---|
| သနားကြင်နာ | Sympathy |
| ကိုယ်ချင်းစာ | Empathy |
| ပြုစုပေးရာပညာရှာ | Capacity |

အမှတ်တရနဲ့အနာတရဖြစ်ခဲ့ရတဲ့ နာဂစ်မုန်တိုင်း ဂီရိမုန်တိုင်းတွေ ရဲ့နောက် ရေကြီးတာ၊ မီးလောင်တာ၊ ငလျင်လှုပ်တာတွေကြောင့် ကျွန်တော်တို့ မြန်မာပြည်မှာသဘာဝဘေးအန္တရာယ်တွေ တွေ့ကြုံတွေ့ခဲ့ရတာတွေအမျိုးမျိုးရှိခဲ့ပါတယ်။ ဒီလိုကြုံတွေ့ရတဲ့အခါတိုင်းလည်း စေတနာရှင်အများပြည်သူနဲ့အတူ မြန်မာနိုင်ငံကြက်ခြေနီအသင်းက အသင်းသူ အသင်းသားတွေ ပါဝင်ကူညီခဲ့ကြ၊ ကယ်ဆယ်ရေးလုပ်ငန်းတွေ လုပ်ဆောင်ခဲ့ကြတာတွေ ရှိခဲ့တာကိုတွေ့ရပါတယ်။ ဒီလို ကူညီကယ်ဆယ်ခဲ့ကြရာမှာ ရုပ်ပိုင်းဆိုင်ရာ အထောက်အပံ့တွေဖြစ်တဲ့ရေ၊ အစားအစာ၊အဝတ်အစား၊ အသုံးအဆောင်၊ ဆေးဝါးတွေ ထောက်ပံ့တာမျိုး ရှိသလို စိတ်ပိုင်းဆိုင်ရာအထောက်အပံ့အနေနဲ့ "နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း" ဆိုတဲ့အရေးပါတဲ့ ကူညီကယ်ဆယ်ရေးလုပ်ငန်းကိုလုပ်ဆောင်ပေးရတတ် တာလည်း ရှိတတ်ပါတယ်။

# သဘာဝဘေးအန္တရာယ်ကြုံတွေ့ခဲ့ရသူများအား နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း

**ဒေါက်တာဌေးအောင်**

နှစ်သိမ့်ဆွေးနွေး ပညာပေးရာမှာ တတ်ကျွမ်းနားလည်သူတွေဖြစ်တဲ့ စိတ်ကုခန်းပညာရှင်တွေ၊ စိတ်ရောဂါ အထူးကုဆရာဝန်တွေ၊ လေ့ကျင့်ပေးထားတဲ့ စိတ်ကျန်းမာရေးအထူးပြု သူနာပြုတွေ ကိုယ်တိုင်ကနေ ပေးနိုင်ရင်တော့ ပိုပြီး အဆင်ပြေတတ်ပါတယ်။ ဒါပေမယ့် သဘာဝဘေးအန္တရာယ်ဆိုတာ ဘယ်နေရာ၊ ဘယ်အချိန်မှာ ဘယ်လောက်ပြင်းပြင်းထန်ထန်ကျရောက်မယ်ဆိုတာ မသိနိုင်တာမို့ ဖြစ်ပွားတဲ့နေရာမှာ အထက်က ဖော်ပြခဲ့တဲ့ ကျွမ်းကျင်သူတွေ ရှိချင်မှ ရှိနိုင်မှာပါ။ ရှိနေဦးတော့ လုံလုံလောက်လောက် ရှိချင်မှရှိမှာပါ။ဒီတော့ သဘာဝဘေးအန္တရာယ်တွေ ကျရောက်တိုင်း ဖြစ်လေရာအရပ်ကို အချိန်မီ ရောက်ရှိသွားတတ်တဲ့ ကြက်ခြေနီတပ်ဖွဲ့ဝင်တွေအနေနဲ့ ရုပ်ပိုင်းဆိုင်ရာ အထောက်အပံ့တွေ ထောက်ပံ့ ပေးနေချိန်မှာ စိတ်ပိုင်းဆိုင်ရာ အထောက်အပံ့ ဖြစ်စေမယ့် "နှစ်သိမ့် ဆွေးနွေး ပညာပေးခြင်း" လုပ်ငန်းကို တချိန်တည်း လုပ်ဆောင်ပေးခဲ့ရင် ကျွဲကူးရေပါ။ တစ်ချက်ခုတ် နှစ်ချက် ပြတ်မယ့် ကိစ္စဖြစ်လာ ပါလိမ့်မယ်။

## ဘယ်လိုနှစ်သိမ့်ဆွေးနွေးပညာပေးမလဲ

နှစ်သိမ့်ဆွေးနွေးဖို့နေရာဟာ ဆေးရုံ၊ ဆေးခန်း တစ်ခုခုရဲ့ ဆိတ်ငြိမ်တဲ့အခန်းတစ်ခုခု ဖြစ်ရင်တော့ အကောင်းဆုံးပေါ့။ ဒါပေမယ့် လုပ်ငန်းလိုအပ်ချက်အရ ဒီလိုနေရာမျိုး သီးသန့်မရနိုင်ရင်လည်း ကယ်ဆယ်ရေးစခန်းက နဲနဲလူရှင်းတဲ့ ထောင့်တစ်နေရာရာမှာ ဒီအစီအစဉ်ကို လုပ်လို့ရပါတယ်။ ပုံစံကျကျ စားပွဲ ကုလားထိုင်နဲ့မှ မဟုတ်ပါဘူး။ ဖျာလေးတစ်ချပ် ခင်းလို့ဘဲဖြစ်ဖြစ်၊ ဒါမှမဟုတ် အရိပ်ရတဲ့ သစ်ပင်အောက်က သစ်ငုတ်တိုပေါ်မှာ ထိုင်လို့ဘဲဖြစ်ဖြစ် စကားပြောလို့ဖြစ်ရင် ရပါတယ်။ အဓိက က စကားပြောကြရာမှာဆိုတော့ စကားပြောရင် တစ်ယောက်နဲ့ တစ်ယောက်ကြားနိုင်တဲ့ အကွာအဝေးမှာ ရှိဖို့နဲ့ ပတ်ဝန်းကျင်ကဆူညံသံတွေ သိပ်မရှိဖို့ကလိုရင်းပါ။

နှစ်သိမ့်ဆွေးနွေး ပညာပေးတယ်လို့ ဆိုရာမှာ တစ်ဦးချင်း နှစ်သိမ့်ဆွေးနွေး ပညာပေးတာက အုပ်စုလိုက် နှစ်သိမ့်ဆွေးနွေး ပညာပေးတာထက် ပိုပြီး ထိရောက်မှုရှိတတ်ပါတယ်။ အုပ်စုလိုက်ဆိုရင် အများရှေ့မှာ သိပ်မပြောတတ်တဲ့ သူတွေအတွက် မထိရောက်ဘဲရှိတတ်ပါတယ်။ ဒါပေမယ့် အုပ်စုလိုက် နှစ်သိမ့်ဆွေးနွေးပညာပေးရင် သာတဲ့အချက်က ဒုက္ခရောက်နေတာ ငါတစ်ယောက်ထဲ မဟုတ်ပါလား။ ငါလို လူစားအများကြီးဘဲဆိုပြီး စိတ်သက်သာရာ ရတတ်တာလည်း ရှိပါတယ်။

ဆိုရင် လည်း သူ့ဆီကအချက်အလက်တွေ မရယူခင် ကိုယ့်ဟာကိုယ် မိတ်ဆက်ပေးပါ။ ဘာအတွက် ဒီလို တွေ့ရတယ်၊ ဘယ်လိုရည်ရွယ်ချက်ရှိတယ် ဆိုတာကို လည်း ပြောပြရပါမယ်။ နှစ်သိမ့်ဆွေးနွေးပညာပေးဖို့ တွေ့တာပါလို့ ဆိုရင်လည်း တစ်ချို့ဒါမျိုး ကိစ္စတွေ နဲ့ မကြုံဘူးရင် နားလည်မှာ မဟုတ်ပါဘူး။ "ဦးလေး၊ အဒေါ်၊ အစ်မ၊ ညီမအနေနဲ့ ဒီ ဒုက္ခဘေးခံစားခဲ့ရတာကို ကြားခဲ့သိခဲ့ရပါတယ် အတော်လေးခံစားရမယ်လို့လဲ တွေးမိပါတယ်။ တစ်ချို့ ကိစ္စတွေက သူများကို ပြောပြလိုက်ရင် ရင်ထဲနဲနဲ ပေါ့သွားတတ်တယ်။





နှစ်သိမ့်ဆွေးနွေး ပညာပေးတာလုပ်နိုင်ဖို့ လိုအပ်တဲ့သူတွေကို ပထမအဆင့်အနေနဲ့ စိစစ်ဖေါ်ထုတ်ရပါမယ်။ ကယ်ဆယ်ရေး စခန်းတာဝန်ခံတွေ၊ ကျန်းမာရေးဝန်ထမ်းတွေရဲ့ အကူအညီနဲ့ ဒီအဆင့်ကို ဆောင်ရွက်နိုင်ပါတယ်။ အစားအသောက်၊ အနေအထိုင်၊ အမူအယာထူးခြားနေတဲ့သူတွေ၊ ပြောင်းလဲနေတဲ့သူတွေ၊ ဆုံးရှုံးမှုများတဲ့သူတွေ၊ အသက်ငယ်လွန်းသူတွေနဲ့ ကြီးလွန်းသူတွေကို ဦးစားပေးသင့်ပါတယ်။ နှစ်သိမ့်ဆွေးနွေး ပညာပေးရမယ့် သူတွေကို ဒီလိုဖေါ်ထုတ်ပြီးရင် တော့ အဲဒီသူတွေနဲ့ ယုံကြည်မှု၊ ရင်းနှီးမှုရအောင် ဦးဆုံးကြိုးစားရပါမယ်။အတော်အတန် ရင်းနှီးလာမှသာ နှစ်သိမ့်ဆွေးနွေး ပညာပေးတာကို အကောင်အထည် ဖေါ်ဖို့သင့်ပါတယ်။

နှစ်သိမ့်ဆွေးနွေး ပညာပေးလုပ်ငန်းစပြီ ကျွန်တော်/ကျွန်မကို ရော အဲဒီလို ပြောပြပါလား။" ဆိုပြီး မေးတာ၊ ပြောတာက ပိုပြီး အဆင်ပြေတတ် နားလည် လက်ခံတတ်ကြပါတယ်။

အဲဒီကနေဆက်ပြီး သူ့ရဲ့အဖြစ်အပျက်၊ အခက်အခဲ၊ ဆုံးရှုံးမှုတွေကိုမေးပေး၊ နားထောင်ပေးရပါမယ်။ အဲဒီလို နားထောင်နေရင်းနဲ့ စာနာထောက်ထားတဲ့ အပြုအမူ၊အပြောအဆိုတွေပြပေး၊ ပြောပေးရင် ပိုပြီးထိရောက်တတ်ပါတယ်။"အော်ဟုတ်လား?၊" "အတော်ဆိုးတာဘဲနော်၊""အေးဗျာ.. စိတ်မကောင်းပါဘူး"စသည် စသည်ဖြင့်ပေါ့။

အခက်အခဲကို မေးတယ်ဆိုရာမှာလည်း သူ့ရဲ့မိသားစု၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး ကိစ္စတွေမှာ ထောင့်စုံကနေ စိတ်ဝင်တစား၊ ကိုယ်ချင်းစာပြီးမေးဖို့လိုပါတယ်။ တစ်ချို့အချက်တွေကို ပြော

ချင်စိတ်မရှိသေးပုံပေါ်နေရင် အတင်းအဓမ္မ မမေးသင့်ပါဘူး။ လိုအပ်ရင် နောင်ပိုမို ရင်းနှီးလာမှ မေးဖို့ ကြိုးစားသင့်ပါတယ်။ တစ်ချို့ ပြောတတ် ဆိုတတ်နဲ့ ကိုယ်တိုင်လည်း ကြွကြွခိုင်ခိုင် ရင်ဆိုင်နိုင်သူတွေကိုတော့ သူတို့နဲ့ဘဝတူတွေကို စည်းရုံးပေးဖို့၊ အားပေးနိုင်ဖို့ သူတို့ အချင်းချင်းတွေ့ဆုံပေး၊ အတွေ့အကြုံချင်း ဖလှယ်ပေးစေရင် အကျိုးရှိတတ်ပါတယ်။

## ဆုံးပါးခဲ့သူများကို တမ်းတပူဆွေးနေသူများ

ကံကြမ္မာဆိုးကြောင့် တစ်ချို့မိသားစုတွေမှာ မိသားစုထဲက အတော်များများ ဆုံးရှုံးခဲ့ရပြီး ကျန်ရစ်သူတွေမှာ ဖြေမဆယ်နိုင် ဖြစ်နေတတ်ပါတယ်။ ကံကောင်းစွာနဲ့ ကျန်ခဲ့တယ်လို့ ပြောလို့ရသလို ကံဆိုးစွာနဲ့ ကျန်ခဲ့တာလို့ ခံယူတတ်သူတွေလည်း ရှိတတ်ပါတယ်။ ငါပါအတူ သေသင့်တာ ဆိုပြီး အသက်ရှင် ကျန်ရစ်နေတာကိုဘဲ အပြစ်တစ်ခုလို ခံစားနေ တတ်တာမျိုးတွေလည်း ရှိတတ်ပါတယ်။ ဒီလို ကိစ္စတွေအတွက်လည်း "နှစ်သိမ့်ဆွေးနွေး ပညာပေးခြင်း" လုပ်ငန်းက လိုအပ်ချက်တစ်ခုပါ။

ဒီလိုကိစ္စအတွက်ဆိုရင် သူတို့ကို ကြင်ကြင်နာနာ ဆက်ဆံပြီး ဆုံးရှုံးခဲ့သူတွေနဲ့ ကျန်ရစ်ခဲ့သူတွေအကြား ဆက်ဆံရေး အခြေအနေကို အရင်ဆုံး သိအောင် မေးမြန်းရပါမယ်။ ဆုံးရှုံးခဲ့သူတွေနဲ့ ပတ်သက်တဲ့ အခြေအနေတွေကို အတတ်နိုင်ဆုံး ပြည့်ပြည့်စုံစုံ ရင်ဖွင့်ပြောစေဖို့ တိုက်တွန်းပေးပါ။ အဲဒီသူတွေနဲ့ ပတ်သက်ခဲ့တဲ့ အမှတ်တရ ပစ္စည်းလေး တစ်ခုခုကို သိမ်းထားနိုင်ဖို့ စီစဉ်ပေးနိုင်ပါတယ်။ အမှတ်တရပစ္စည်း ဆိုတာမှာ ဆုံးသွားတဲ့ကလေးငယ်ရဲ့ ကစားစရာအရုပ်လေး ဖြစ်နိုင်သလို၊ ခါတ်ပုံလေး တစ်ပုံလည်း ဖြစ်နိုင်ပါတယ်။ ဒီလိုကိစ္စတွေအတွက် အကောင်းဆုံးသမားတော်က အချိန်ဆိုတဲ့ သမားတော်ပါဘဲ။ ဒီတော့အချိန်က မကုစားနိုင်ခင်မှာ အိပ်နိုင်၊ စားနိုင်အောင် မဖြစ်သင့်တဲ့ကိစ္စတွေ မဖြစ်ရလေအောင် စီစဉ်ပေးဖို့က လိုရင်ပါဘဲ။

## အခက်အခဲတွေအတွက်

ဘဝဆိုတာ အခက်အခဲတွေ ရှိစမြဲပါ။ သဘာဝဘေးအန္တရာယ် ကြုံတွေ့ခဲ့ရသူတွေမှာတော့ မမျှော်လင့်ဘဲ အိမ်လုံးကျွတ်၊ ရွာလုံးကျွတ် ဖြစ်တတ်တာမျိုးဆိုတော့ အခက်အခဲတွေက အများကြီးပိုတတ်ပါတယ်။ လတ်တလောအတွက်ရော ရေရှည်အတွက်ပါ အခက်အခဲတွေက တန်းစီ နေမှာပါ။လတ်တလော စားဖို့၊ ဝတ်ဖို့၊နေဖို့ ပူနေရသလို ရေရှည်မှာ ရင်ဆိုင်ရမယ့် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ပြဿနာတွေ ကဏ္ဍစုံမှာ ရှိနေမှာပါ။

ဒါတွေအတွက် ကာယကံရှင် ဖြေရှင်းနိုင်မယ့် နည်းလမ်းတွေကို သူ့ဆီကဘဲ မေးမြန်းရင်း ဖေါ်ထုတ်ပေးရပါ့မယ်။ နည်းလမ်းတိုင်းရဲ့ ကောင်းကွက်၊ ဆိုးကွက် တွေကို ရှင်းပြ၊ ဆွေးနွေးပေးနိုင်ပါတယ်။ ဘယ်နည်းလမ်းကို သုံးမယ် ဆိုတာကိုတော့ "နှစ်သိမ့်ဆွေးနွေး ပညာပေးခြင်း" လုပ်ငန်းရဲ့ ထုံးစံအတိုင်း ကာယကံရှင်ကိုယ်တိုင်က ဆုံးဖြတ်စေဖို့ ဖြစ်ပါတယ်။ ဆုံးဖြတ်လိုက်တဲ့ နည်းလမ်းအတိုင်း အကောင်အထည် ဖေါ်ရာမှာတော့ တတ်နိုင်သလောက် ကူညီပေးတာမျိုးကိုတော့ လုပ်ပေးလို့ရပါ တယ်။

ဒီလောက်ဆိုရင် သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့လို့ စိတ်ပိုင်းဆိုင်ရာ ဒုက္ခဝေဒနာ ကျရောက် နေသူတွေကို ဘယ်လို "နှစ်သိမ့် ဆွေးနွေး ပညာပေး" နိုင်တယ်ဆိုတာ အကြမ်းသဘော သိလောက်ပြီ ထင်ပါတယ်။ ဒီလိုအလုပ်မျိုးကို ကြက်ခြေနီတပ်ဖွဲ့ဝင်တွေက ဦးဆောင် လုပ်ပေးနိုင်သလို တခြားစိတ်ဝင်စားတဲ့ ရွာခံတွေကိုပါ စည်းရုံး လုပ်ဆောင်ခိုင်းလို့လဲ ရပါတယ်။ တကယ်တန်းလုပ်ဖို့ လိုရင်း ကတော့ ကူညီချင်စိတ်ဆိုတဲ့ ကြက်ခြေနီစိတ်ဓါတ်ပါဘဲလို့ဆိုပါရစေ။ သဘာဝဘေး အပေါင်းမှ ကင်းဝေးနိုင်ကြပါစေ။

**. ဒေါက်တာဋ္ဌေးအောင်၊**

# မြို့နယ်ကြက်ခြေနီအသင်း အဆောက်အဦးစာရင်း

| စဉ် | ပြည်နယ်/တိုင်း | မြို့နယ် | အဆောက်အဦ |
|---|---|---|---|
| ၁ | ကချင် | မိုးကောင်း | 2 storied |
| ၂ | | ဝိုင်းမော် | 1 storied |
| ၃ | | ချီဖွေ | 1 storied |
| ၄ | | ဟိုပင်(ခွဲ)မိုးညှင်းမြို့ | 1 storied |
| ၅ | | နမ္မတီး(ခွဲ) မိုးကောင်းမြို့ | 1 storied |
| ၆ | | ဖားကန့် | 1 storied |
| ၇ | | တာမခံရွာ၊ ဖားကန့်မြို့ | 1 storied |
| ၈ | | ကာမိုင်း(ခွဲ)၊ ဖားကန့်မြို့ | 1 storied |
| ၉ | | ဟောင်ပါးရွာ၊ ဖားကန့်မြို့ | 1 storied |
| ၁၀ | | ဆန်းကြယ်ရွာ၊ ဖားကန့်မြို့ | 1 storied |
| ၁ | ကယား | လွိုင်ကော် | one & a half |
| ၁ | ကရင် | ဘားအံ | one & a half |
| ၂ | | ကြာအင်းဆိပ်ကြီး | 1 storied |
| ၃ | | ကော့ကရိတ် | 1 storied |
| ၄ | | မြဝတီ | 1 storied |
| ၁ | ချင်း | ဟားခါး | 1 storied |
| ၂ | | မင်းတပ် | 2 storied |
| ၃ | | မတူပီ | 1 storied |
| ၁ | မွန် | သထုံ | 1 storied |
| ၂ | | ကျိုက်မရော | 1 storied |
| ၃ | | ကျိုက်ခမီ | 1 storied |
| ၁ | ရခိုင် | ဘူးသီးတောင် | 1 storied |
| ၂ | | မောင်တော | unknown |
| ၃ | | ရသေ့တောင် | 1 storied |
| ၄ | | ကျောက်ဖြူ | 1 storied |
| ၅ | | ကျောက်တော် | 1 storied |
| ၆ | | မာန်အောင် | 1 storied |
| ၇ | | မြေပုံ | Proposed 1 storied |
| ၈ | | သံတွဲ | ဆောက်လုပ်ဆဲ (၁၄.၁၂.၁၂) report by UThan Tun (Att-2iC) |
| ၁ | ရှမ်း(မြောက်) | နမ့်ခမ်း | 1 storied |
| ၁ | ရှမ်း(ရှေ့) | ကျိုင်းတုံ | 1 storied |
| ၂ | | တာလေမြို့နယ်(ခွဲ) | 1 storied |
| ၃ | | မိုင်းဖြတ် | 1 storied |
| ၄ | | တုံတာမြို့နယ်ခွဲ | 1 storied |
| ၅ | | မိုင်းတုံ | 1 storied |
| ၆ | | မိုင်းပျဉ်း | 1 storied |
| ၇ | | တာချီလိတ် | 1 storied |
| ၈ | | မိုင်းဆတ် | 1 storied |
| ၁ | ပဲခူး(ရှေ့) | ဒိုက်ဦး | 35×20 feet |
| ၂ | | ကျောက်ကြီး | 18×20 feet |
| ၁ | ပဲခူး(နောက်) | ပြည် | 1 storied |
| ၂ | | ပန်းတောင်း | 1 storied |
| ၃ | | ဥသျှစ်ပင် | 2 storied (not finished yet) |
| ၄ | | ဓိုးကုန်း | 2 storied |
| ၅ | | အုတ်ဖို | 24×27 feet |
| ၆ | | မိုးညို | 1 storied |

စာမျက်နှာ (၈၈) သို့

မြန် င်ကြက်ခြေနီအသင်းရဲ့ စိန်ရတုမဂ္ဂဇင်းထုတ်ဖို့ ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာ စတာတွေရေးသား ညွှန်ကြားရေးမှူးက အသိပေးလာတော့ ဘာအကြောင်းအရာများရေးရင်ကောင်းမလဲ စဉ်းစားရင်း ကျွန်မရဲ့ငယ်စဉ်ဘဝက ကြက်ခြေနီတစ်ယောက် ဖြစ်လာစေခဲ့တဲ့အချက်တွေကို ပြန်လည်စဉ်းစားရင်း မှတ်တမ်းတစ်ခုကို ရေးသားချင်စိတ် ဖြစ်လာခဲ့ပါသည်။

# ရင်ခုန်ခံစားစိတ်လှုပ်ရှား ငယ်ဘဝမှတ်တမ်းများ

## ကြွေနှင်းမြူ

သချောစဉ်းစားရင် ကျွန်မ တို့ ငယ်စဉ် ဒုတိယတန်းအရွယ်က သင်ခဲ့ရတဲ့ သူနာပြုတပ်သား မောင်မှတ် ဆိုတာလေးကနေ ကျွန်မ ကို ကြက်ခြေနီဖြစ်စေခဲ့တယ် ဆိုရင် လွန်လွန်းတယ် မထင်စေချင်ပါဘူး ကြက်ခြေနီ ရောင်းရင်းတို့ရေ။

ကျွန်မက ငယ်ငယ်ထဲက သိလိုစိတ်၊ တတ်လိုစိတ်၊ ကိုယ်တိုင်ပါဝင်လိုစိတ်တွေ များလွန်းလို့ ကမ္ဘာပေါ်မှာ စိတ်အရှည်ဆုံး (ကျွန်မအတွက်ပြောတာပါ) ကျွန်မ အဖေက မေးသမျှကို ခရေစေ့တွင်းကျ လူကြီးတစ်ယောက်ကို ရှင်းပြသလို ရှင်းပြပါတယ်။ ကျွန်မအမေကတော့ သားသမီး (၃)ယောက်နဲ့ ခင်ပွန်းအတွက် နိစ္စဒူဝတာဝန်တွေများလွန်းလို့ ကျွန်မမေးရင် စိတ်မရှည်တတ်ပါဘူး။ ကျွန်မအဖေကို မေးခဲ့တဲ့ မေးခွန်းပေါင်း မြောက်မြားစွာထဲမှာ သူနာပြုတပ်သား ဆိုတာ ဘာလုပ်ရတာလဲ ဖေကြီးဆိုတဲ့ မေးခွန်းလဲပါခဲ့ပါတယ်။(အဖေကပြန်ပြောလို့သိခဲ့ရတာပါ)

ကျွန်မတို့ခေတ်က ဒီနေ့ခေတ် ကလေးတွေလို အားကျစရာ ကြည့်စရာ Superman, Batman, Power ranger movies တွေ၊ ဂိမ်းစက်စတာမျိုးတွေ မရှိပါဘူး။ တပ်မတော်သား အဖေရဲ့ အိပ်ရာဝင် ပုံပြင်ထဲက အဖေကြုံခဲ့တဲ့တိုက်ပွဲတွေ၊ သူရဲကောင်းတွေ၊ ဗုဒ္ဓရဲ့သိကောင်းစရာတွေနဲ့ အဖေကဖတ်ဖို့ လမ်းညွှန်ခဲ့တဲ့ စာအုပ်တွေဆီကသာ ကျွန်မတို့ရဲ့ မျှော်လင့်ချက်နဲ့ ပျော်ရွှင်မှုတွေကို ရှာဖွေခဲ့ကြရပါတယ်။ စာဖတ်ရင်းနားမလည်နိုင်တာတွေကို ဖေဖေက ရှင်းပြရင်း ဆက်စပ် ဆုံးမလေ့ရှိတဲ့ စကားတွေထဲမှာ သူများ ကိုကူညီတတ်တဲ့ သူကဂုဏ်ရှိသလို လူအများရဲ့ ချီးမွမ်းမြှောက်စားမှုကိုခံရတယ်၊ ဒုက္ခရောက်သူကို ကူညီစောင့်ရှောက်ခြင်းဖြင့် ကိုယ့်ဒုက္ခတွေကိုလွန်မြောက်စေတယ် ဆိုတာတွေက ကျွန်မရဲ့ နှလုံးသားမှာ ကရုဏာတရား ပေါက်ပွားစေခဲ့ပါတယ်။

၁၉၈၄ ခုနှစ်ရဲ့ နွေရာသီကျောင်းပိတ်ရက်မှာ မကွေးမြို့နယ် ကြက်ခြေနီအသင်းရဲ့ အခြေခံရှေးဦးပြုစုခြင်း သင်တန်းတက်ဖို့ အဖေကလိုက်ပို့ခဲ့ပါတယ်၊ အဲဒီတုန်းက ကျွန်မက စတုတ္ထတန်းဖြေပြီးချိန် ဖြစ်ပါတယ်၊ သင်တန်းက (၁၄) ရက်တက်ရပါတယ်၊ ပထမ (၇) ရက်က ရှေးဦးပြုစုခြင်းဘာသာရပ်တွေ သင်ကြားပြီး နောက်(၇)ရက်က စစ်ရေးပြနဲ့ လူနာသယ်ဆောင်နည်းတွေပေါ့၊ သစ်ပင်ရိပ်တွေအများကြီးရှိတဲ့ အမက (၁၀)ကန်သာရပ်ကွက်ထဲမှာ လေ့ကျင့်ခဲ့ရတဲ့ ရက်တွေဟာ ကျွန်မအဖေနဲ့အမေပြီးရင် ဒုတိယနွေးထွေးတဲ့ မေတ္တာရိပ်ကိုခံစားခဲ့ရတဲ့နေရာမို့ ကျွန်မတစ်သက်တာ အမှတ်တရ သင်တန်းတစ်ခု ဖြစ်ပါတယ်။

အဲဒီတုန်းက မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ရဲ့

မြို့နယ်တပ်ခွဲမှူးက ဆရာကြီး ဦးလှစိန်ပါ၊(အခုတော့ မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ် စီမံရေးရာဌာန ရဲ့ ဌာနမှူးကြီးဘဝနဲ့ အငြိမ်းစားယူပြီး မန္တလေးမှာဘဲ နေပါတယ်) ကျွန်မရဲ့ အကြင်နာလက်တစ်စုံကို ပိုင်ဆိုင်ဘို့ လေ့ကျင့်ပေးခဲ့တဲ့ လက်ဦးဆရာဆိုရင်လဲ မမှားဘူးပေါ့ရှင်။

ကျွန်မတို့ခေတ်က အခြေခံရှေးဦးပြုစုခြင်း သင်တန်းဖွင့်ပြီးနောက် တပ်ဖွဲ့ဝင်အဖြစ် လေ့ကျင့်ပေးဖို့ ခရီးကြမ်း လေ့ကျင့်ခြင်းဆိုပြီး ( ဒီခေတ် အသုံးအနှုန်းဆိုရင်တော့ Team Building လုပ်တာပေါ့ရှင်) ထိုစဉ်အခါက မြို့နဲ့အနည်းငယ် အလှမ်းဝေးတဲ့ မြသလွန်ဘုရားမြောက်ဘက် က တောအုပ်လေးထဲကို သွားရပါတယ်၊ သွားတဲ့ လမ်းကြောင်းတွေကို ပဟေဠိ ဂုက်စာများနဲ့ လမ်းကြောင်း ရှာဖွေသွားကြရပါတယ်၊ လမ်းကြောင်း တစ်ခုဆုံးလိုက် ဂုက်စာတစ်ခုကို ဖော်လိုက်နဲ့ တပ်ခွဲတစ်ခုနဲ့ တစ်ခု သွားရတဲ့လမ်းကြောင်း မတူသလို သတ်မှတ်စခန်းကို ဝင်ရတဲ့လမ်းကြောင်းလဲ မတူပါဘူး။

ကျွန်မဘဝရဲ့ ပထမဆုံးသွားရတဲ့ ခရီးစဉ်ဖြစ်သလို စိတ်လှုပ်ရှားစွာ သင်ယူခဲ့ရတာတွေ စခန်းချနေတဲ့ (၂)ရက် မှာ စွမ်းရည်မျိုးစုံ ပြိုင်ဆိုင်ခဲ့ရတာတွေဟာ တပ်ဖွဲ့ဝင်ဘဝစတင်ခဲ့တဲ့ လွမ်းစရာတစ်ခုပါ၊ နောက်ထပ်အမှတ်တရတစ်ခုက ဒီခရီးစဉ်ကိုသွားဖို့ တပ်ဖွဲ့ဝင်တိုင်းက ကိုယ့်အိမ်က ဆန်(၂)ဗူး၊ ဆီ(၁၀) သား၊ ငါးခြောက်(၅)ကျပ်သား၊ ဘဲဥ(၂)လုံး၊ ကြက်သွန်နီ (၂) လုံးစီကို တပ်ခွဲလိုက် တပ်ခွဲမှူးတွေဆီကို ခရီးမသွားခင် အပ်နှံရပါတယ်။ စခန်းချတဲ့(၂)ရက်စာအတွက်ပေါ့၊ ခရီးသွားတဲ့နေ့ကတော့ မနက်အစောကြီး အိမ်ကနေ အင်ဖက်နဲ့ ထမင်းထုပ် တစ်ထုပ်စီကိုလဲတပ်ခွဲမှူးဆီ အပ်လိုက်ရပါတယ်၊ ပြီးတော့ မှ နေ့လည်ထမင်းစားချိန် မှာ ထမင်းထုပ်တွေ ပြန်ဝေပေးတဲ့အခါ ကိုယ်ယူလာတဲ့ ထမင်းထုပ်မဟုတ်တော့ဘဲ ဟင်းကောင်းတဲ့သူက မကောင်းတဲ့ သူဆီ ဝေမျှပေးရင်း စားခဲ့ကြရတာလဲ ကျွန်မအတွက် မမေ့နိုင်စရာ မှတ်တမ်းတစ်ခု ဖြစ်ခဲ့ပါတယ်၊ ဒီမှာ ရခဲ့တဲ့သင်ခန်းစာတွေက စီမံခန့်ခွဲမှု၊ဆင့်ကဲအုပ်ချုပ်မှုနဲ့ ဆင့်ကဲသတင်းပို့စနစ် (ယခုတော့ Planning, Management, Collaboration, Reporting ဆိုပြီး ရေလဲသုံးနေကြတဲ့ စကားလုံးတွေပေါ့) ဒါတွေကို မိတ်ဆက်ခံစားခဲ့ရပါတယ်။ ဒါတွေကတော့ရှေးဦးပြုစုခြင်း (အခြေခံ) သင်တန်းဆင်းပြီး တပ်ဖွဲ့ဝင်ဖြစ်စေဖို့ ကြိုးစားခဲ့တဲ့ အစပြုခရီးစဉ်ပါပဲ။

တပ်ဖွဲ့ဝင်ဖြစ်လာပြီး တစ်နှစ်အကြာမှာ ရှေးဦးပြုစုခြင်း(သာမန်) အဆင့် သင်တန်းဖွင့်တော့ မယ်ဆိုတော့ စာမေးပွဲစစ်ပါတယ်၊ အရည်အချင်းစစ်တာလဲအောင်မှ တပ်ဖွဲ့ဝင်အဖြစ်လဲ အနည်းဆုံးတစ်နှစ် လုပ်သက်ရှိမှတက်ရပါတယ်၊ ကျွန်မတက်ခွင့်မရခဲ့ပါဘူး၊ ကျွန်မထက် လုပ်သက်များပြီး အတွေ့အကြုံများတဲ့ အကိုတွေ၊ အမတွေ တက်ခဲ့ကြပါတယ်၊ကျွန်မမတက်ခဲ့ရပေမဲ့ သင်တန်းကို နေ့တိုင်းသွားပြီး နားထောင်ပါတယ်၊ နောင်နှစ်ဖွင့်ရင် ငါတက်နိုင်ရမယ်ဆိုပြီးတော့ပေါ့လေ၊ ဒါပေမယ့်လည်း ၁၉၈၇ ခုနှစ်ကျမှပဲ ရှေးဦးပြုစုခြင်း(သာမန်)အဆင့်သင်တန်း တက်ခွင့်ရခဲ့ပါတယ်၊ အားခဲ ခဲ့တဲ့ သင်တန်းမို့ ထူးချွန်(၁၀)ဦးထဲမှာ ကျွန်မရွေးချယ် ခံခဲ့ရတဲ့အပြင် မြို့နယ်ကြက်ခြေနီအသင်းရဲ့ နည်းပြအကူအဖြစ် တာဝန်ပေးခံခဲ့ ရပါတယ်။

မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင် တစ်ယောက်ရဲ့ လှုပ်ရှားမှုကလဲ အတော်များလှပါတယ်၊ သေချာတာကတော့ အိမ်မှာကျောင်းစာကလွဲပြီး ဘာမှမလုပ်ရတဲ့ ကျွန်မ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင် ဘဝမှာ တံမြက်စည်းလှည်း၊ အမှိုက်ကျုံး၊ မြောင်းပုပ်ဆယ်၊ ချက်ရေးပြုတ်ရေး ကူညီရင်းနဲ့ အိမ်မှုကိစ္စတွေ တတ်မြောက်လာခဲ့ပါတယ်၊ (ဒါပေမယ့် ကျွန်မရဲ့ဟင်းချက်လက်ရာကတော့ ကမ္ဘာကျော် စားဖိုမှူးတွေတောင် ဒီနေ့အထိ ကျွန်မလက်ရာကို မမီသေးပါဘူး)

မြို့နယ်ကြက်ခြေနီရဲ့ အမာခံတပ်ဖွဲ့ဝင်အဖြစ် ပိုခိုင်မာလေ ကျွန်မအမေရဲ့ ဆူပူကြိမ်းမောင်းမှုတွေ ခံရတာများလေလေ ဖြစ်ရတာလဲ ကြက်ခြေနီတပ်ဖွဲ့ဝင်ရဲ့ အလှအပတစ်ခုထင်ပါရဲ့။ အရင်က စာသင်ခန်းထဲမှာ ပထမ၊ဒုတိယကိုလှည့်ယူနေတဲ့ကျွန်မကနောက်ဆုံးက ရေရင်တော့ တတိယအဆင့်ထိ ကျသွားချိန်မှာတော့ အမေ့ရဲ့ဒေါသက မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ ဖြစ်လာပါတယ် (တပ်ဖွဲ့ဝင်များရဲ့ ၉၉% ကတော့ ဒီလိုဘဲ ထင်ပါတယ်)

အဲဒီနှစ်မှာဘဲ ကျွန်မက မြင်သာရပ်ကွက်ရဲ့ တပ်ခွဲမှူး ဖြစ်လာပါတယ်၊ ရပ်ကွက်အလိုက် ဖွဲ့စည်းခဲ့တဲ့ တပ်ခွဲတွေ အချင်းချင်း အပြိုင်အဆိုင် စည်းရုံးလေ့ကျင့်ကြရင်း ကမ္ဘာ့ကြက်ခြေနီနေ့မှာ ပြိုင်ဘို့ အပြင်းအထန် လေ့ကျင့်ကြပါတယ်၊ ဒီခေတ်အခေါ်တော့ Scenario Exerciseပေါ့၊ အဲဒီတုန်းကတပ်ခွဲအလိုက် မီးလောင်ပြင်ကယ်ဆယ်ရေးစနစ် ဆိုတာကို ပြိုင်ကြတာ ကိုယ့်ကိုယ်ကိုတကယ့် သရုပ်ဆောင်တွေလို သဘောထားပြီး ပြိုင်ဆိုင်ခဲ့ကြတဲ့စနစ်ဟာ အခုတော့ ပြည်နယ်/တိုင်း အဆင့်တွေတောင် သမိုင်းကြောင်းတောင် ပျောက်လုနီးပါးပါဘဲ။

ကျွန်မအတွက် အပျော်ဆုံးလေ့ကျင့်မှုကတော့ စစ်မြေပြင် ထမ်းစင်လူနာကောက်ပါဘဲ၊ ဘာကြောင့်လဲဆိုတော့ ကျွန်မကလူသေးတဲ့အတွက် လူနာလုပ်ပြီး ထမ်းစင် လိုက်စီးရလို့ပါဘဲ၊ စစ်မြေပြင် ထမ်းစင်ကောက်ရင်း အကိုကြီး၊ အမကြီးများ ယူနီဖောင်းဘောင်းဘီကွဲတာကို စနောက်ရင်း ပျော်ခဲ့ရတာလဲ ပြန်လည်တမ်းတမိတဲ့ မှတ်တမ်းတစ်ခုပါဘဲ၊ ဒီလိုပျော်မွေ့နေတာကို မကျေနပ်တဲ့ အမေက မြို့နယ်တပ်ခွဲမှူး ဆရာကြီးဦးလှစိန်ကို သွားတွေ့ပြီး ရန်တွေ့တော့ ဆရာက စည်းကမ်းအသစ် ထုတ်ပါတယ်၊ ကိုးတန်း / ဆယ်တန်း ကျောင်းသား တပ်ဖွဲ့ဝင်များ အပတ်စဉ် စနေ၊ တနင်္ဂနွေ နှစ်ရက်သာလှုပ်ရှားမှုတွင် ပါဝင်ရန်၊ အလယ်တန်း ကျောင်းသားများ ညနေပိုင်းတွင် ကျောင်းမှ ပါလာသော အိမ်စာများ မပြီးလျှင် စစ်ရေးပြ လှုပ်ရှားမှုမလုပ်ရ၊ ရုံးမှာဘဲ ကျောင်းစာကို အရင်လုပ်ပြီးမှသာစစ်ရေးပြ လေ့ကျင့်ရမယ်တဲ့လေ။ အဲဒီတုန်းက ဆရာ့ကို မကျေနပ်ခဲ့ပေမယ့်လဲ ပြန်မပြောရဲခဲ့ပါဘူး၊ အခုတော့ဆရာ့စေတနာကြောင့်မကွေးကြက်ခြေနီက ခပ်ညံ့ညံ့မဟုတ်ဘူး ဆိုတာတော့ မှတ်တမ်းကျန်ခဲ့ပြီး ကျွန်မကဌာနချုပ်မှာ နေရာတစ်နေရာရှိနေတာဟာ ဆရာများရဲ့ Management တစ်ခုဘဲ ဆိုတာ နားလည်ပြီး အဝေးရောက်ဆရာ့ကို အကြိမ်ကြိမ် ဦးခိုက်မိပါတယ်။

၁၉၈၉ခုနှစ်မှာတော့ မကွေးမြို့နယ်အတွင်းမှာရှိတဲ့ကျေးရွာ (၄၇) ရွာကို ကျေးရွာအုပ်စုအလိုက် ရွာသားများကို စုဆောင်းပြီး အခြေခံရှေးဦးပြုစုခြင်းနဲ့အခြေခံစစ်ရေးပြသင်တန်းကို ကျေးရွာအုပ်စု တစ်စုကို (၇)ရက်စီ လှည့်ပြီးသင်ကြားတဲ့အခါ နည်းပြ (၅)ဦးစီ အဖွဲ့ဖွဲ့ပြီးစေလွှတ်ပါတယ်၊ တစ်ချို့ ရွာတွေက ကားလမ်းမပေါက် (အဲဒီအချိန်အခါက) တော့ ကျောပိုးအိတ် လွယ်ပြီး တစ်နေကုန်အောင် လမ်းလျှောက်မှ သင်တန်းပေးရမယ့် ရွာကိုရောက်ခဲ့တာတွေ အခုပြန်ပြောပြရင် တပ်ဖွဲ့ဝင်တွေက ပုံပြောတယ်ထင်ကြမှာပါ၊ ဒီလိုသွားခဲ့ရပေမယ့် အပြန်ခရီးကျရင် လှည်းနဲ့မြို့အရောက်ပြန်ပို့ပေးကြရင်း ရွာသားများနဲ့ အလွမ်းသယ်လို့ မဆုံးအောင် ဖြစ်ခဲ့ကြတာတွေကလည်း ကြက်ခြေနီဘဝရဲ့မှတ်တမ်းတစ်ခုပါဘဲ။

ကျွန်မမှတ်မိသလောက်တော့ ကျေးရွာအရောက် ခရီးပေါက်ခဲ့တဲ့ အကြိမ်ရေဟာ အကြိမ် (၃၀) အထက်မှာ ရှိခဲ့ပေမယ့် ကားနဲ့အရောက်သွားနိုင်ခဲ့တဲ့နေရာ ကတော့ (၄)ရွာ ထက်မပိုခဲ့ပါဘူး၊ ကျေးရွာခရီးစဉ်ပြီးတော့ မြို့ပေါ်မှာရှိတဲ့ အထက်တန်းကျောင်းနဲ့ အလယ်တန်းကျောင်းတွေကို သင်တန်းပေးတဲ့ အချိန်ဟာ ၁၉၉၅–၉၆ စာသင်နှစ်မှာပါ၊ ၁၉၉၅ ခုနှစ်ရဲ့ ထူးချွန်ကြက်ခြေနီ လူငယ်တွေ့ဆုံပွဲကိုလဲ

**စာမျက်နှာ ၈၀ သို့**



# ကရုဏာပျိုးပင်လေးများ (သို့မဟုတ်) မူလတန်းကျောင်းကြက်ခြေနီ

ဒေါက်တာဖြူဖြူအေး

မူလတန်းဖတ်စာထဲက ပုံပြင်တစ်ပုဒ်ပင် ကျွန်မတို့ မှတ်မိပါသည်။ သရက်ပင်စိုက်ပျိုးနေသော အဘိုးအို..။ ပုံပြင်၏အကျဉ်းချုပ်မှာ အဘိုးအိုသည် သရက်ပျိုးပင်ကလေးကို စိုက်ပျိုးနေခြင်းမှာ မိမိစားသုံးရန်မဟုတ် နောင်လာ နောက်သားများ စားသုံးကြစေလိုသောစေတနာဖြင့် စိုက်ပျိုးခြင်း ဖြစ်ပါသည်။ အသက်အရွယ်အရ ဘဝအတွေ့အကြုံအချို့ကို ဖြတ်သန်းရသောအခါ အပြိုင်အဆိုင် များလှသော ခေတ်ကြီးထဲတွင် အဘိုးအိုကဲ့သို့ လူစားမျိုးရှိသည်ကိုတွေ့ရသည်။ မျက်မှောက်ကာလ မိမိ၏ အကျိုးစီးပွားအတွက်မဟုတ် ...အနာဂတ်ကာလ နှောင်းလူတို့အတွက်ရည်ရွယ်သော လုပ်ရပ်များ၏နောက်ကွယ်မှ စေတနာကောင်းတို့ကို နှစ်သက်စွာလေးစားမိပါသည်။ ရှားတော့ ရှားသည် သို့သော်လည်း ဤကဲ့သို့သူများ တကယ်ရှိပါသည်။ သူတို့ကိုမြင်တိုင်း သူတို့အကြောင်းကြားသိရတိုင်း သရက်ပျိုးပင်ကလေးဘေးက ယောင်တစောင်းနှင့် အဘိုးအိုကို မြင်ယောင်မိသည်။ မြင့်မြတ်သောစေတနာတရားတို့ကို မြတ်နိုးစိတ်ဖြင့် ကြည်ညိုမိပါသည်။

မိမိအကျိုးစီးပွားကို ငဲ့ကွက်ခြင်းမရှိ၊ အတိဒုက္ခရောက်နေကြသူများကို အချိန်၊ ငွေ၊ လူအင်အားများ စိုတ်ထုတ်ကာ ကူညီပံ့ပိုး၍ ဆောင်ရွက်ပေးသည်ကို "လူမှုကရုဏာလုပ်ငန်း"ဟု အမည်တပ်မည် ဆိုပါကမှားမည်မထင်။ ကြက်ခြေနီ၏ ကရုဏာရှေ့ထားသောစိတ်ဓါတ်ကိုစတင်ဖော်ထုတ်နိုင်ခဲ့သူမှာ "ဟင်နရီဒူးနန့်" ပင်.. တကယ်တော့ သူသည် စီးပွားရေးသမားတစ်ဦးဟုသိရသည် စီးပွားရေးကိစ္စအတွက် လုံးပန်းရင်းမမျှော်လင့်ပဲ "ဆိုဖာရီနို" စစ်ပွဲသို့ ရောက်သွား၏ စစ်၏အနိဋ္ဌာရုံများကို နဖူးတွေ့ ဒူးတွေ့ ခံစားရင်း သွေးပျက်ဖွယ်အာရုံများ၊ အတိဒုက္ခ ဆင်းရဲမှုများသည် သူ၏ကရုဏာစိတ်မြတ်ကို လှုပ်နိုးသကဲ့သို့ ရှိသည်။

ကရုဏာစိတ်၏စေ့ဆော်မှုဖြင့် သူသည် ကုန်သည်တစ်ဦးအဖြစ်မှ ရုတ်ချည်းပြောင်းလဲသွားသည်။ စစ်ပွဲအတွင်း ထိခိုက်ဒဏ်ရာရသူများကို ကိုယ်တိုင်ကိုယ်ကျ ပြုစုသည်။ ပစ္စည်းဥစ္စာဖြင့် ပံ့ပိုးပေးသည်။ ဤမျှဖြင့်အားမရနိုင် . . ထက်သန်သောစိတ်စေတနာ၏ တွန်းအားဖြင့် ဤလုပ်ငန်းမျိုးကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန် ရှေ့သို့လှမ်းခဲ့သည်။ စိတ်တူသဘောတူသူတို့ကို စည်းရုံးကာ အဖွဲ့တစ်ဖွဲ့ဖြစ်အောင် ကြိုးရွယ်သည်။ ကမ္ဘာ့နိုင်ငံအနှံ့အပြားတွင် အဖွဲ့ဝင် သန်းနှင့်ချီ၍ ရှိသော ကြက်ခြေနီ လခြမ်းနီအသင်းများ ကို ကနဦးအစတွင် ဟင်နရီဒူးနန့် အပါအဝင် (၅) ဦးဖြင့် စတင်ခဲ့သည်မှာ အံ့သြစရာဖြစ် သကဲ့သို့ အံ့သြစရာလည်း မဟုတ်ပါချေ။ အံ့သြစရာ ဖြစ်ရသည်မှာ (၅) ဦးမှသည် သန်းချီသောအင်အား တိုးတက်များပြားလာအောင် စည်းရုံးနိုင်သောစွမ်းရည် ဖြစ်၏။ အံ့သြစရာမဟုတ်သည်ကိုအနည်းငယ်ရှင်းပြပါရစေ။ လူဆိုသော

သတ္တဝါသည် သဘာဝနှစ်မျိုးရှိကြောင်း ဆုံးမသြဝါဒများတွင် မှတ်သားခဲ့ဖူးပါသည်။ ၎င်းသဘာဝ နှစ်မျိုးမှာ ဆန့်ကျင်ဖက် အကောင်းသဘာဝနှင့်အဆိုးသဘာဝ ဟုဆိုပါစို့ .....။ အကောင်းသဘာဝသည် စာနာသော၊ နူးညံ့သိမ်မွေ့သော၊ ယဉ်ကျေးသော ထိုထက်ပို၍ မေတ္တာ၊စေတနာနှင့်ကရုဏာတရားတို့ ပြည့်လျှမ်းသော သဘာဝဖြစ်သည်။တနည်းအားဖြင့် မြင့်မြတ်သော သဘာဝ၊ ဤသဘာဝသည် လူ၏ဗီဇတွင်တည်ရှိပြီး ဖြစ်လေရာ ပတ်ဝန်းကျင်ကောင်း(သို့မဟုတ်) ပတ်ဝန်းကျင် စေ့ဆော်မှုတစ်ခုခုနှင့် တွေ့ထိလိုက်ချိန်တွင် အလိုလိုနိုးထလာပါသည်။ မြင့်မြတ်သောစိတ်တို့ဖြင့် မေတ္တာကရုဏာရှေ့ထားကာ အပြောအဆိုအပြု အမူတို့ ပြောင်းလဲလာတတ်သည်။ မြင့်မြတ်သောစိတ်တို့ဖြင့် မေတ္တာ ကရုဏာရှေ့ထားကာ အပြောအဆို အပြုအမူ တို့ပြောင်းလဲလာတတ် သည်။ ဟင်နရီဒူးနန့်နှင့်အဖွဲ့ သည်လည်း မိမိတို့၏ ကရုဏာစိတ်များကို ဖော်ထုတ်ကာ ကရုဏာလုပ်ငန်းများကို မီးရှူးတန်ဆောင် ပြခဲ့ခြင်းဖြင့် ကမ္ဘာ့လူသားတို့၏ ကရုဏာစိတ်တို့ကို လက်ဆင့်ကမ်းလင်းလက်စေခဲ့ခြင်းဖြစ်ပါသည်

"ဆင်းရဲဒုက္ခနည်းပါးသက်သာစေရန်" ဟူသော ရည်ရွယ်ချက်ဖြင့် ကမ္ဘာတဝန်းရှိ ရည်ရွယ်ချက်တူမျှသော ကရုဏာရှင်များ ပူးပေါင်းပါဝင်ကာ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကြက်ခြေနီ၊ လခြမ်းနီအသင်းများ ပေါ်ပေါက်လာခဲ့ပါသည်။

ယနေ့ကာလသည် ရုပ်ပိုင်းဆိုင်ရာတိုးတက်မှု အလွန်လျှင်မြန်သော ကာလဖြစ်၏။ ရုပ်ဝတ္ထုပစ္စည်း တိုးတက်မှုများလေလေ စိတ်ပိုင်းဆိုင်ရာတိုးတက်မှု လိုအပ်လေလေဟုဆိုပါကငြင်းနိုင်ဖွယ်မရှိပါ။ လူသားအချင်းချင်းကရုဏာတရားဖြင့် ဖေးမကူညီသော စိတ်ပိုင်းဆိုင်ရာတိုးတက်သည့် ပတ်ဝန်းကျင်လိုအပ်ပါသည်။ ဤသို့ဆိုလျှင် အနာဂတ်ကာလအတွက် ကျွန်မတို့သည် ကရုဏာပျိုးပင်ကလေးများ လိုအပ်မည်မှာ မလွဲမသွေ ပစ္စုပ္ပန်ကာလကတည်းက ပျိုးထားမှဖြစ်ပေမည်။ အနာဂတ်ကာလအတွက်ဟု ဆိုလျှင် အနာဂတ်တွင်ဦးဆောင်မည့် ကလေးငယ်များကို ငယ်စဉ်ကာလကတည်းက ကရုဏာတရားကို နှလုံးသားဝယ် ပျိုးထားခြင်းကို ဆောင်ရွက်ကြရမည် ဖြစ်သည်။ ဆောင်ရွက်ရန် ကျွန်မတို့အားလုံးတွင် တာဝန်ရှိသည်ဟုခံယူပါသည်။

မြန်မာနိုင်ငံတွင် အသက် ၅နှစ်မှ ၁၀ နှစ် အထိအရွယ်သည် မူလတန်းကျောင်းသားအရွယ်ဖြစ်သည်။ မိသားစုဘဝထဲမှသည် သက်ရွယ်တူ စုဝေးရာ "စာသင်ကျောင်း" သို့ စတင်ဝင်ရောက်ချိန်ဖြစ်သည်။ သင်ကြားမှုလေ့လာမှု အလွန်ထက်မြက်ချိန် အရာရာကို စူးစမ်းလေ့လာ အတုခိုးတတ်သည့်အချိန် တစ်နေ့တာကာလ၏ တစ်ဝက်မျှကို စာသင်ကျောင်းတွင် ကုန်ဆုံးချိန် ဆရာ၊ ဆရာမတို့ကို စံပြပုဂ္ဂိုလ်များ အဖြစ် နမူနာထားသည့် အချိန်ကာလဖြစ်ပါသည်။ ဤကာလတွင် အလေ့အကျင့်ကောင်းများ ဖန်တီး၍ အကောင်းဆုံးအချိန်ဖြစ်သည်။ ထို့အတူ စိတ်ဓါတ်ကောင်းများကို လေ့ကျင့်ပျိုးထောင်ရန် အကောင်းဆုံး အချိန်လည်းဖြစ်ပါသည်။ အဆိုပါအားသာချက်များကို အမိအရဖမ်းဆုပ်ကာ ဉယျာဉ်မှူးနှင့်တူသော ဆရာ ဆရာမတို့၏သင်ကြားမှုစွမ်းရည်၊ စေတနာတို့နှင့် ပေါင်းစပ်လိုက်ပါက အလွန်လှပသော ကရုဏာပျိုးပင် ကလေးများ ရရှိမည်မှာမလွဲပင်။ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအနေဖြင့် လွန်ခဲ့သော နှစ်အနည်းငယ်က "မူလတန်းကျောင်း ကြက်ခြေနီ" စီမံချက် ချမှတ်ဆောင်ရွက်ပါသည်။ စတင်ဆောင်ရွက်ပြီဟု သတင်းကောင်း ကြားခဲ့ရဖူးပါသည်။ ယခုထက်ပို၍ တိုးတက်ပြန့်ပွားစေလိုပါသည်။ နိုင်ငံတော်မှ ကျောင်းသားလူငယ်များအား အားထားမြေတောင်မြှောက်ပေး နေသည့် ယနေ့ခေတ်တွင် ကရုဏာပျိုးပင်ကလေးများကို တစ်ပါတည်းထည့်သွင်းပေးခြင်းဖြင့် အနာဂတ်တွင် ငြိမ်းချမ်းရေးကို သူတို့ဆက်လက်ဆောင်ရွက်သွားကြမည်ဖြစ်ရာ ကရုဏာပျိုးပင်များ ပျိုးထောင်နိုင်ပါစေကြောင်းနှင့် ရှင်သန်ဖွံ့ဖြိုးအောင် ဆောင်ရွက်နိုင်ပါစေကြောင်း အလေးအနက်ဆန္ဒပြု တိုက်တွန်းလိုက်ရပါသည်။

**ဒေါက်တာ မြမြအေး**

# နိုင်ငံကျော်အရီးတောင်းနှင့်
# ကြက်ခြေနီလက်ဘက်သုပ်

ကျော်စိုးဦး(မန္တလေး)

ကမ္ဘာမှာဆို မိမိအကျိုးစီးပွားတွေကို စွန့်လွှတ် အနစ်နာခံမှုတွေကြောင့် ဟင်နရီဒူးနန့်ကို ကမ္ဘာကအသိ အမှတ်ပြုခဲ့ပြီး ကြက်ခြေနီရဲ့ဖခင်ကြီး သို့မဟုတ် ကမ္ဘာ့နိုဘယ်ဆုရှင် အဖြစ် ချီးမြှောက်ခဲ့သည်။ ကျွန်တော်တို့နိုင်ငံတွင်လည်း မြစ်ရေပြင်ကျယ်ထဲကို ထိုးကျသောကားအတွင်းမှ ရဲဘော်လေး တစ်ဦးကို သက်စွန့်စံဖျား ကယ်တင်ခဲ့သော စိုင်းအောင်လှိုင်မြင့်ကိုလည်း ဟင်နရီဒူးနန့်ဆုကို ချီးမြှင့်ခဲ့ပြန်သည်။ ဒီလိုပါပဲထူးချွန်သူ ဂုဏ်ပြုထိုက်သူတို့အား ဂုဏ်ပြုနေသည်က နေရာဌာန အမျိုးအစားများစွာပင်။လတ်တလော ကျွန်တော်တို့နိုင်ငံတွင်ပင် လူမှုရေးဆိုင်ရာ ထူးချွန်ဆုများ သာသနာရေးဆိုင်ရာ ထူးချွန်ဆုများကိုချီးမြှင့်နေကြလေပြီ...။ဒီသဘောတရားတွေကို ကျွန်တော်တို့ အားလုံးကြိုဆိုကြရမည်မဟုတ်ပါလား။ ဒ့ါကြောင့်လည်း နိုင်ငံတစ်နိုင်ငံ၏ အဓိက မဏ္ဍိုင်တစ်ခုဖြစ်သော ပညာရေးမဏ္ဍိုင်တွင်ပင် လျှင်ကလေး ဗဟိုပြုပညာသင်စနစ်များ၊ ကလေးများကိုချီးမွမ်းပြောဆိုသင်ကြားမှုများကိုစတင်ကာ ပညာပန်းရနံ့တွေနဲ့ နိုင်ငံတော်အနာဂါတ်လမ်းတွေကို ခင်းကျင်းကြလေပြီ...။

ဒါဆိုကမ္ဘာကို ရင်ဘောင်တန်းကာ အများအကျိုးကို ၁၉၃၇ ခုနှစ်မှာသီးခြားစတင်ကာ မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးရဲ့လူမှုကရုဏာလုပ်ငန်းကြီး (၇၅) နှစ်ပြည့်မွေးနေ့ စိန်ရတုမင်္ဂလာအတွက်ကော ကျွန်တော်တို့ ဂုဏ်ပြုကြဖို့ ထိုက်တန်လှပေသည်။ ဒီလိုလူထုအတွက် တန်ဖိုးသိပ်ကိုကြီးမားပြီး လူမှုကရုဏာလုပ်ငန်းကြီးအတွက် ဂုဏ်ပြုကြိုဆိုဖို့ စိန်ရတု စာစောင်ထုတ်ဝေဖို့ မြန်မာနိုင်ငံကြက်ခြေနီ အသင်းကြီးရဲ့ သားသမီးကောင်းရတနာတွေဖြစ်တဲ့ ကျွန်တော်တို့ အခုမှ စိတ်ကူးပုံဖော်ကာ လက်တွေ့ အခုမှ ဆောင်ရွက်ခဲ့ကြတာပါ...။ ဒီလိုစိတ်ကူးတွေကို လွန်ခဲ့နှစ် (၂၁) လောက်ကတည်းက ဘဘဦးကျော်သိန်း + ဒေါ်ကြွယ်ကြွယ်တို့ရဲ့ နိုင်ငံကျော်အရီးတောင်းလ္ဘက် မိသားစုတို့က စိတ်ကူးပုံဖော်ကာ သူတို့ရဲ့လူ့အသက်သွေးကြောအတွက် အဟာရ စားသောက်ဖွယ်မှာ နာမည်တံဆိပ်တစ်ခုပေးကာ ခပ်နိုပ်ဂုဏ်ပြုခဲ့ပြီးသားပါ...။ ဒါတောင်မန္တလေးသား ကြက်ခြေနီသားကောင်းတွေဖြစ်တဲ့ ကျွန်တော်တို့ သတိမထားမိခဲ့ကြ။

ဘာလို့ကြက်ခြေနီလ္ဘက်သုပ်လို့ နာမည်ပေးခဲ့ပါသလဲ......။ ရည်ရွယ်ချက်တစ်ခုတော့ ရှိကြရမည်မဟုတ် ပါလားစာချစ်သူရယ်.....။ ကျွန်တော်ဒီနေ့ အင်တာဗျူးဖို့ ကြိုးစားခဲ့ပြီး အရီးတောင်းရဲ့ ပိုင်ရှင်တွေနဲ့တွေ့မှ ကျွန်တော့် မျက်လုံးတွေကြယ်တွေလတွေ မြင်သွားရလောက်အောင် သိပ်ကို တုန်လှုပ်အံ့သြမိခဲ့ရပါတယ်... ပျော်ရွှင်မှုတွေရော ဝမ်းနည်းမှုတွေပါ အရာအားလုံးဟာ ဒွန်တွဲလို့ လွန်စွဲနေခဲ့ပြန်ပါတယ်.. ဘာလို့လည်း.....စဉ်းစားမရ......။ ကြက်ခြေနီ အမည်နာမတစ်ခုကို ကျွန်တော်တို့ ကြက်ခြေနီစေတနာ လုပ်အားရှင်တိုင်းရဲ့ရင်မှ အစဉ်တွယ်ညီနေမှာပါ...။သို့သော် ပုထုဇဉ်သဘောတရားမို့ သဘောထားခြင်း မတိုက်ဆိုင်လို့ ကြက်ခြေနီကို စွန့်ခွါသွားကြရတဲ့အခါ ဒီ ကြက်ခြေနီ ဆိုတဲ့ အမည်နာမတစ်ခုကို မေ့ဖျောက်ပစ်ကြမယ် ...... သို့တည်းမဟုတ် ..... ဘယ်လိုအကြောင်းတရားနဲ့ပဲ ဖြစ်ဖြစ် မေ့ပစ်နိုင်အောင် ကြိုးစားမိကြမယ် မဟုတ်ပါလား.....။ အခု ကျွန်တော်တို့ ကြက်ခြေနီကို သိပ်ချစ်တယ် ... ဒီထက် အရီးတောင်း လ္ဘက်၊ ပဲကြော်၊ ပဲလှော်မိသားစုတို့က ဒီထက်တောင် ပိုကြပါသေး လားလို့ ...... သိခဲ့ရ ... တွေ့ခဲ့ရလို့ပါပဲ...။

ကျွန်တော့်ရှေ့မှာတင်ထားတဲ့ တစ်နေ့စားကြက်ခြေနီဆိုတဲ့ လ္ဘက်သုပ်တစ်ပွဲကို ကျွန်တော် မမှိတ်သောမျက်လုံးအစုံနဲ့ ငေးကြည့်ရင်း ဘဘဦးကျော်သိန်း+ဒေါ်ကြွယ်ကြွယ် အရီးတောင်း မိသားစုတို့ရဲ့ ကြက်ခြေနီအပေါ်မှာထားရှိနေတဲ့ သံယောဇဉ်ကြီးတွေနဲ့ လ္ဘက်ပုဂံပြားကို ကျော်လွန်လို့ ဟင်နရီဒူးနန့်အပါအဝင် ကြက်ခြေနီစေတနာ လုပ်အားရှင် များကိုလည်းကောင်း၊ ကြက်ခြေနီကိုဖေးမ လက်တွဲခေါ်ဆောင်ကာ ကူညီခဲ့ လှူဒါန်းခဲ့ နေရာပေးခဲ့ကြသူ စေတနာရှင် အပေါင်းကိုပါ မြင်ယောင်ရင်း ကျွန်တော့်မျက်ဝန်းတွင် အရာဝတ္တုတွေ စုစည်းလို့ ပါးပြင်ပေါ်မှာ တစ်စတစ်စ လိမ့်ဆင်းလို့ လာခဲ့ရချေပြီ.... ဘာမှန်းမသိ ကျွန်တော်လက်တစ်ဘက်နဲ့ သုတ်ကြည့်လိုက်တော့မှ အော်.... ကျွန်တော် မျက်ရည်တွေကျနေခဲ့ရပါပြီကော စာချစ်သူ..။ ဝမ်းသာလို့ ကျခဲ့မိတဲ့ ဒီမျက်ရည်တွေဟာ

ရောဝတီမြစ်ပြင်ကြီးထက် သာသလို ခါကာဘိုရာဇီတောင်ထိပ်ကိုတောင် လွှမ်းမိုးသွားနိုင်ပါရဲ့.......။

နိုင်ငံကျော်အရှီးတောင် လှော်ကမ်သားစုတို့က ဒီလှော်ကက်သုပ်နည်းကို သေချာတီထွင်ကာ ကြက်ခြေနီလို့ ဘာကြောင့်များ သူတို့ စားသောက်ကုန်စည်ရဲ့ အရှေ့မှာ နာမည်ပေးရသလည်း စဉ်းစားမိ တွေးတတ်တွေးမိ လာပါတယ်။

ဒါနဲ့အရှီးတောင်းလှော်ကကြက်သွန်ကြော်၊ ပဲကြော်နှင့် နှမ်းလှော် မိသားစုတို့နဲ့ ကံကောင်းစွာတွေ့ဆုံပြီး သိချင်တာတွေ မေးမြန်းခွင့်ရခဲ့ပါတယ် ......။ အရှီးတောင်း ဆိုင်ပိုင်ရှင်များဖြစ်တဲ့ ဘဘဦးကျော်သိန်း+ ဒေါ်ကြွယ်ကြွယ် (သား) ဦးသိန်းမြင့်+ ဒေါ်ခင်တိုးဥမ္မာ မိသားစုတွေနဲ့ တွေ့ဆုံခွင့်ရခဲ့ရပါတယ်...။ အစ်ကိုကြီး ဦးသိန်းမြင့်က သေချာအချိန်ပေးပြီး ရှင်းပြခဲ့လို့ သူ့ပြောစကားတွေ မဆုံးခင်မှာပဲ ကျွန်တော်ကြည်နူး နေမိသလို သူတို့ရင်ထဲက ကြက်ခြေနီသံယောဇဉ် ကြိုးတစ်မျှင်ကိုလည်း အလေးအနက်ဂါရဝပြုမိပါရဲ့...။ ဘာသာမျိုးစုံ လူမျိုးစုံ စားသုံးနိုင်အောင် ထူးခြားတဲ့အရသာအမျိုးမျိုးကို ပေးထားတယ်.... တဲ့..လေ။ ကြည့်ပါဦး လှော်ကက်သုပ်တစ်ပွဲကို မြင်ရုံနဲ့ ဘယ်လို လူတွေကများ ရသတဏှာကိုထိမ်းနိုင် ကြမှာမို့လည်း......။

အစ်ကိုကြီးဦးသိန်းမြင့် သေချာရှင်းပြတယ်...။ ဒီနာမည်ပေးရတဲ့ ကနဦးကတော့ကျွန်တော်တို့ မန္တလေး မျက်စိနားနှာခေါင်းဆေးရုံကြီး ဖောင်ဒေးရှင်းချတဲ့ နှစ် ကျွန်တော် ထင်တယ်.. (၁၉၉၃)လောက်ကပေါ့ဗျာ.. အဲ့ဒီမှာ ဝိုင်းဝန်း သန့်ရှင်းရေးတွေလုပ်ကြရတယ်.. ဒီမှာတင် .. လုပ်အားပေး နေတဲ့ ကြက်ခြေနီလေးတွေ အပါအဝင် လုပ်အားပေးအဖွဲ့တွေ အားလုံးကို လှော်ကက်သုပ်လေးဧည့်ခံ လျှုဒါန်းဖို့ ဖေဖေတို့ဆီ အကူအညီတောင်းတာနဲ့ ....ကျွန်တော်တို့က.... လှော်ကက်သုပ်နဲ့ ကြက်ခြေနီရဲဘော်လေးတွေအတွက် စေတနာဖြူစင်စွာ အကောင်းဆုံးဧည့်ခံပေးခဲ့ပါတယ်... ဒီလှော်ကက်သုပ်မှာ ခရမ်းချဉ်သီး လုံးဝမသုံးပဲ... ငရုပ်သီးဆိုလည်း ခပ်ပါးပါးလေးပေါ့.... တအားစပ်ရင် လူတိုင်းမစားနိုင်ဘူးမဟုတ်လား လူတိုင်းစားနိုင် အောင် ခပ်ပါးပါးလေးပဲ... တင်ပြီးခါတိုင်းသုပ်နည်းတွေနဲ့ တမူကွဲပြားစွာစီစဉ်ပေးပါတယ်....။ကြက်ခြေနီကပဲ ကျွန်တော် တို့ကို သံယောဇဉ်နှောင်ကြိုးတစ်ချောင်းနဲ့ ချည်နှောင်လိုက် တာလား .. ကျွန်တော်တို့ကပဲ...ကြက်ခြေနီကို ချည်နှောင်မိ တာလား.... သေချာတာတစ်ခုကတော့... ကြက်ခြေနီဆိုတဲ့ အမှတ်လက္ခဏာတစ်ခုကို ကျွန်တော်တို့ ဖြူစင်စွာဂုဏ်ပြု လိုက်ခြင်းပါပဲ... အဲဒီနောက်မန္တလေးဈေးချိုတော် ရွှေဆိုင်တန်း တွေကိုဧည့်ခံပွဲတွေ.... အခြားနေရာဌာနတွေမှာလုပ်တဲ့ ဧည့်ခံပွဲ တွေက မန္တလေးမျက်စိနားနှာခေါင်းဆေးရုံကြီးမှာ ကြက်ခြေနီ လေးတွေကို ဧည့်ခံတဲ့အတိုင်း အဲဒီလိုပဲလုပ်ပေးပါဆိုပြီး အော်ဒါတွေ မှာလာကြတော့တာပါပဲ... ဒါနဲ့...ကြက်ခြေနီ လှော်ကက်သုပ်ဆိုတဲ့ ဒီသံယောဇဉ် တစ်ချောင်းနာအမည်နာမလေးကို ကျွန်တော်တို့ရဲ့ စားသောက်ကုန်ပစ္စည်းမှာ ဖြူစင်စွာ ချည်နှောင်မိခဲ့တာပါပဲ...ဟု ရယ်ရယ်မောမောဖြင့် မမောနိုင်စွာ ပြောပြခဲ့ ပါတယ်....။

သူဆက်ပြောပြရာတယ်...ကျွန်တော်တို့နိုင်ငံတော် ကြီးမှာ ကြက်ခြေနီတွေ၊ မီးသတ်တွေသိပ်ကို လိုအပ်တယ်....။ နိုင်ငံတကာကိုကြည့် ဒီလိုအဖွဲ့အစည်းတွေကို နိုင်ငံတော်ကရော လူထုကပါသေချာအားပေးနေရာပေး ကြတယ်ဗျ....။ကျွန်တော် တို့နိုင်ငံမှာက အားပေးမှုတွေလိုသေးမယ်လို့ ကျွန်တော် ထင်တယ်... ဒီလိုအဖွဲ့အစည်း တွေသိပ်ကို လိုအပ်ပါတယ် ...တကယ်ရှိထိုက်တဲ့အဖွဲ့ အစည်းတွေမို့ ဂုဏ်လည်းယူတယ် .... လေးလည်းလေးစားမိတယ်.....တကယ်ပါဗျာ......။

သူ့စကားတွေအဆုံးမှာ သူတို့ပေးခဲ့တဲ့ ကြက်ခြေနီ လှော်ကက်သုပ်အမည်နာမနဲ့အတူ ဒီလိုအဖွဲ့အစည်းတွေကို အားပေး ကူညီဖေးမမြှောက်စားကြဖို့ လိုအပ်ပါတယ်ဆိုတဲ့ စကား တစ်ခွန်းဟာ ကျွန်တော်တို့ ကြက်ခြေနီစေတနာ လုပ်အားရှင် တွေရဲ့ စိတ်ဓာတ်ခွန်အားတွေ လူမှုအကျိုးပြု လုပ်ငန်းတွေ အတွက် ရှေ့ဆက်ရမယ့် အနာဂတ်အတွက် သေချာပေါက် ခိုင်မြဲနေအောင် စေ့စော်တိုက်တွန်းအားပေးနေသလို ဒီစိတ်ဓာတ် တွေ အစဉ်ခိုင်မြဲနေတော့မှာပါ အစ်ကိုတို့... ကျွန်တော့်စိတ်ထဲမှာ တီးတိုးရေရွတ်မိပါတယ်...။

ကြက်ခြေနီကိုဂုဏ်ပြုကာ အမည်နာမပေးထားတဲ့ ဒီကြက်ခြေနီလှော်ကက်သုပ်လေးကို မန္တလေးရွှေမြို့တော်ကြီးရဲ့ အရှီးတောင်းဆိုင်ခွဲတိုင်းမှာ ရရှိနိုင်မှာဖြစ်ပါတယ်..။

စာချစ်သူ...ကျွန်တော်တို့ရဲ့မိခင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီးရဲ့ (၇၅) နှစ်ပြည့် စိန်ရတုမွေးနေ့ မင်္ဂလာအခါသမယကြီးမှာ သားကောင်းတစ်ယောက်ပီသစွာ ကျေးဇူးဆပ်ဖို့ ကြက်ခြေနီစေတနာလုပ်အားရှင်များရဲ့ ကိုယ်စား မန္တလေးကနိုင်ငံကျော်အရှီးတောင်း ချီနှောင်ထားသော ကြက်ခြေနီလှော်ကက်သုပ် သံယောဇဉ်နှောင်ကြိုးတစ်မျှင် ဒီဆောင်းပါး လေးနဲ့ ဂုဏ်ပြုလက်ဆောင်ပေးလိုက်ပါတယ်...။

**ကျော်စိုးဦး (မန္တလေး)**

## ကမ္ဘာကသိသည့်ကြက်ခြေနီ

လူတိုင်းလူတိုင်း တစ်ဦးနဲ့တစ်ဦးမှီ ။
အကြင်နာတရားလေးတွေ ကိုယ်စီကိုယ်စီ ။
တူညီစွာ အသိစိတ်ဓာတ်မွေးရင် ။
ဘဝလမ်းချမ်းမြေ့မှာ မလွဲဘူးယုံကြည် ။

အခက်အခဲဟူသမျှ အမြဲလက်တွဲမည် ။
အသက်ချင်းလဲစရာ ကြုံလာပါစေ ။
နိုင်ငံဂုဏ်မြှင့်သထက်မြှင့်မည် ။
ကမ္ဘာကသိသည် တို့ ကြက်ခြေနီ ။

ငြိမ်ချမ်းတဲ့တို့ရဲ့မြေ တူညီရှင်လန်းထာဝစဉ် ။
မွေးရာပါအသိစိတ်တွေ စိုးမိုးလို့နေသည် ။

သားကောင်းတစ်ယောက် ထွန်းတောက်ပြီ ။
နိုင်ငံတော်ရဲ့ဂုဏ်အင် ။
ကမ္ဘာ့အလည်မှာ ကြွားဝင့်စရာ ။
တို့က အတုယူမည် ။

## ကြက်ခြေနီ

ကမ္ဘာတစ်ဝန်းလုံးမှာ ကြက်ခြေနီ၊ မပျက်မသွေရှေ့ကိုချီ၊
မြန်မာနိုင်ငံတစ်ဝန်းလုံးအတည် ဖွဲ့စည်းခဲ့ပါသည် ။
လူမှုရေးတွေ မနေးဆောင်ရွက်မည်
ကူညီဝိုင်းပြီ တိုင်းပြည်အတွက်အတည်၊
ဆင်းရဲခြင်းတွေကင်းဝေးကြရန်၊
စိတ်ရည်သန်လို့စောင့်ရှောက်မည်၊
မွန်မြတ်သောလုပ်ငန်းတစ်ရပ်မို့
ဝိုင်းဝန်းလို့ဖြင့်လုပ်ဆောင်ပါမည်၊
ပြည်သူအလုံးစည်းရုံးလို့ အပြုံးပန်းတွေဝေဆာသည်၊
(အသက်သေပစီ အထက်ဘဝေဆီ၊
မပျက်မသွေဖီ ကြက်ခြေနီ
ကျေးရွာအရောက် တို့ခရီးပေါက်ရမည် ကြက်ခြေနီ)
အလုပ်သမားကြီးများ လယ်သမားကြီးများ၊
အင်အားရှိသမျှ ဝိုင်းကာကူညီ၊
ကျောင်းသူတွေ ကျောင်းသားတွေ ပေါင်းစုပါဝင်သည် ။
တာဝန်သိသိ သစ္စာရှိရှိ၊ လူထုအတွက်ဆို
အစဉ်အမြဲကြည့်မည် ။
မြန်မာနိုင်ငံကြက်ခြေနီ မျှော်မှန်းချက်မူတည် ။
ပရဟိတလုပ်ငန်းတစ်ရပ်မို့ ။
မဆုတ်တမ်းတက်လို့ ရှေ့ကိုသာချီ၊
အောင်မြင်လာမည် ကြက်ခြေနီ ဆုံးထိကမ္ဘာတိုင်တည်၊
(အသက်သေပစီ အထက်ဘဝေဆီ --------
---------------------- ကြက်ခြေနီ)

**စာမှတ်နှာ ၇၅ မှ**

ကျွန်မတက်ရောက်ခဲ့ရတဲ့နှစ်ပါဘဲ၊ ကျောင်းတွေမှာ အခြေခံသင်တန်းတွေ ဖွင့်ရတော့ တစ်ချိန်က အခြေခံသင်တန်းတက်ပြီး အစပြုခဲ့တဲ့ ကြက်ခြေနီ တပ်သားဘဝကို ပြန်လည်အမှတ်ရရင်း ကျွန်မရဲ့ဆရာများကဲ့သို့ တပ်ဖွဲ့ဝင်ဖြစ်လာမယ့် ကျောင်းသားများကို ပြန်လည်သင်ကြားရင်း ကျွန်မရဲ့ဆရာတွေကို လွမ်းတတ်ခဲ့ပါပြီ၊ (ဆရာဦးလှစိန် ကတော့ မန္တလေးကို ၁၉၉၀ ခုနှစ် ထဲက ပြောင်းသွားခဲ့ပြီး ကျွန်မတို့ရဲ့ စစ်ရေးပြ ဆရာ ဦးဘိုကြီးကတော့ မအိုဆေးဆိုတဲ့ အရက်ကြောင့် ကွယ်လွန်သွားခဲ့ပါပြီ) ဆရာတွေက ကျွန်မတို့ကို တစ်ကျပ်ဖိုး အပြည့်သင်ပေးခဲ့ပေမယ့် ဖွဲ့စည်းပုံ ပြောင်းတာနဲ့ လူတွေ ပြောင်းသွားတဲ့အခါ ကျွန်မတို့ရဲ့ ဆောင်ရွက်မှုတွေဟာ ၇၅ ပြားဖိုးပဲ ဆောင်ရွက်နိုင်ခဲ့ပါတယ်၊ ၇၅ ပြားဖိုးပဲရှိတဲ့ကျွန်မတို့က ဆက်သင်ပေးတော့ ၅၀ ပြားဖိုးပဲကျန်တယ် ထင်ပါရဲ့ အခုတော့ မြို့နယ်ကြက်ခြေနီအသင်းတွေမှာ တပ်စုတစ်စုစာ ပြည့်အောင်တောင် မနည်းစည်းရုံးရေးဆင်းနေကြရပါတယ်၊ ခေတ်ကာလကလဲ ပြောင်းလဲခဲ့ပြီကိုး၊ တမ်းတသလောက်သာ မှတ်တမ်းရေးရရင်တော့ တစ်ထောင့်တစ်ည ပုံပြင်တောင် ရှုံးနိုင်လောက်လို့ လက်ဦးဆရာ ဆရာကြီးဦးလှစိန်ပြောခဲတဲ့ အပြုံးမျက်နှာ၊ အကြင်နာလက်၊ကရုဏာနှလုံးသား၊ မွန်မြတ်သောစိတ်ထားနှင့် လောကအလှဆင်သူ ကြက်ခြေနီ တပ်ဖွဲ့ဝင်များရဲ့ဘဝကို နားလည်နိုင်ကြပါစေလို့ ဆုတောင်းရင်း ရင်ခုန်ခံစား၊ စိတ်လှုပ်ရှားစရာ၊ ငယ်ဘဝမှတ်တမ်းများကို ပြန်လည်တမ်းတမိပါတယ်။

**ကြွေနှင်းဖြူ**

# ကမ္ဘာ့ကြက်ခြေနီ သမိုင်းမှတ်တိုင်များ



### ဆိုဖာရီနိုစစ်ပွဲ

အီတလီနိုင်ငံမြောက်ပိုင်း၊ လွမ်ဘာဒီဒေသရှိ ဆိုဖာရီနို၌ ၁၈၅၉ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့တွင်ဖြစ်ပွားခဲ့ပြီး ၁၅ နာရီကြာမြင့်ခဲ့ကာ ၁၉ ရာစုအတွင်း သွေးထွက်သံယိုမှု အများဆုံးသော စစ်ပွဲများအနက် တစ်ခုဖြစ်သည်။ တတိယမြောက် နပိုလီယန်၏ ပြင်သစ်နှင့် ဆာဒင်းနီးယမ်းဘုရင် ဒုတိယမြောက် ဗစ်တာအင်မင်နျူရယ်၏ ဆာဒင်းနီးယမ်း စစ်တပ်အင်အား ၁၅၀,၀၀၀ နှင့် သြစတြီးယန်းဘုရင် ပထမမြောက်ဖရစ်စစ်ဂျို့စ်ပေါ်၏ သြစတြီးယန်း စစ်တပ်အင်အား ၁၇၀,၀၀၀ တို့ ရင်ဆိုင်ခဲ့ရာ ဒဏ်ရာရသူနှင့် သေဆုံးသူ ၄၀,၀၀၀ ခန့်ရှိသည်။

### ဟင်နရီဒူးနန့်

ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့တွင် ၁၈၂၈ ခုနှစ်၊ မေလ ၈ရက်နေ့တွင် မွေးဖွားခဲ့၏။ အသက်၃၄ နှစ်တွင် စီးပွားရေးကိစ္စဖြင့် တတိယမြောက်နပိုလီယန်အား တွေ့ဆုံရန်သွားစဉ် ဆိုဖာရီနိုစစ်မြေပြင်သို့ ရောက်ရှိခဲ့၏။ စစ်ပွဲတွင် ပြုစုသူကင်းမဲ့နေသော နှစ်ဖက်စလုံးမှ ဒဏ်ရာရစစ်သည်များအား ရင်နင့်ဖွယ် တွေ့မြင်ရပြီးနောက် လာရင်းကိစ္စကိုမေ့ပျောက်ကာ စာနာစိတ်ဖြင့် ကူညီပြုစုခဲ့၏။ ထို့နောက် ဆိုဖာရီနို သတိရဖွယ်စာအုပ်ကို ရေးသားကာ စစ်တပ်များတွင် ဆေးအဖွဲ့များ ထားရှိရေးကို စည်းရုံးလှုံ့ဆော်ခဲ့၏။ ကြက်ခြေနီ၏ ကနဦးအဖွဲ့ဖြစ်သော ဂျီနီဗာလူကြီးလူကောင်းများအဖွဲ့ (ငါးဦးကော်မတီ) တွင် အတွင်းရေးမှူးအဖြစ် တာဝန်ယူခဲ့၏။ ကြက်ခြေနီလုပ်ငန်းကို လုပ်နေရသဖြင့် ကိုယ်ပိုင်စီးပွားရေးကိုပစ်ပယ်ခဲ့ရာမှ ဒေဝါလီခံရပြီး အညတရဘဝသို့ ရောက်ခဲ့၏။ အနှစ် ၃၀ လုံးလုံး ဆင်းရဲမွဲတေစွာ နေသွားခဲ့ပြီး အသက် ၈၂ အရွယ် ၁၉၁၀ ပြည့်နှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။




### ဆိုဖာရီနိုသတိရဖွယ်စာအုပ်

ဆိုဖာရီနိုစစ်မြေပြင်သို့ ကိုယ်တိုင်ရောက်ရှိပြီး မျက်မြင်ကိုယ်တွေ့ကြုံခဲ့ရသော စစ်မြေပြင်၏ အနိဋ္ဌာရုံများကို ဟင်နရီဒူးနန့် ရေးသားထားသော စာအုပ်ဖြစ်၏။ စစ်မြေပြင်တွင် ထိခိုက်ဒဏ်ရာရသူများအား ဥပေက္ခာမပြုဘဲ၊ ပြုစုစောင့်ရှောက်နိုင်ရန် စစ်တပ်ဆေးအဖွဲ့များကို နိုင်ငံ တိုင်းတွင် ဖွဲ့စည်းထားရှိရန်နှင့် ယင်းဆေးအဖွဲ့များအား ကြားနေအဖွဲ့အဖြစ် အကာအကွယ်ပေးနိုင်ရန် တိုက်တွန်း ရေးသားထား၏။ အဆိုပါစာအုပ်ကို ပြင်သစ်ဘာသာဖြင့် ရေးသားထားပြီး ၁၈၆၂-ခုနှစ်၊ နိုဝင်ဘာလတွင် ပုံနှိပ် ထုတ်ဝေခဲ့၏။ စာမျက်နှာ ၁၀၀ ပါရှိပြီး၊ ပထမအကြိမ် အဖြစ် အုပ်ရေ (၁၆၀၀) ရိုက်နှိပ်ခဲ့သည်။ ထို့အပြင် ဂျာမန်၊ အင်္ဂလိပ်၊ ဒတ်ချ်၊ နော်ဝေ၊ စပိန်၊ အက်ပါရန်တို့ ဂျပန် ဘာသာများဖြင့် ဘာသာပြန်ဆိုကာ ထုတ်ဝေခဲ့သည်။

### ဂျီနီဗာလူကြီးလူကောင်းများအဖွဲ့

ဟင်နရီဒူးနန့် ရေးသားထုတ်ဝေခဲ့သော 'ဆိုဖာရီနိုသို့သတိရဖွယ်' စာအုပ်ပါ အချက်အလက်များနှင့် စိတ်ကူးများကို အကောင်အထည်ဖော်ရန်အတွက် ဂျီနီဗာလူ

ထုဖွံ့ဖြိုးရေးအသင်းဥက္ကဋ္ဌဖြစ်သူ ဂုတ်စတော့မွိုင်နီယာက ဦးဆောင်၍ ၁၈၆၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ဖွဲ့စည်း၏။ ငါးဦးကော်မတီဟုခေါ်ဆိုခဲ့၏။ အဆိုပါကော်မတီတွင် တရားသူကြီးဂုတ်စတော့မွိုင်နီယာ၊ ဒေါက်တာ သီအိုမွိုင်နီယာ၊ ဗိုလ်ချုပ်ကြီးဟင်နရီဒူးဖော၊ ဒေါက်တာ လူးဝစ်အပီးယားနှင့် ဟင်နရီဒူးနန့်တို့ပါဝင်၏။ ကြက်ခြေနီ၏ ပထမဆုံးသောအဖွဲ့ဖြစ်ပြီး၊ နောက်ပိုင်းတွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (အိုင်စီအာစီ)ဟုခေါ်တွင်သည်။





## ပထမဆုံးကြက်ခြေနီအသင်း

၁၈၆၃ ခုနှစ်၊ အောက်တိုဘာလတွင် ဂျီနီဗာတွင် ပြုလုပ်သော အစည်းအဝေးအပြီး နှစ်လအကြာတွင် ဂူးတင်းဘတ်ဟု ခေါ်သောဂျာမန်ပြည်နယ်ကလေးတွင် ပထမဆုံးကြက်ခြေနီအသင်းကို ဖွဲ့စည်းခဲ့၏။ နောက်ပိုင်း ဂျာမနီတွင် ကြက်ခြေနီအသင်းများကို ဆက်လက်ဖွဲ့စည်းခဲ့ကြသည်။

## ပထမဆုံးကြက်ခြေနီလက်ပတ်

၁၈၆၄ ခုနှစ်၊ ပရတ်ရှားနှင့်ဒိန်းမတ် စစ်ဖြစ်ပွားစဉ် ငါးဦးကော်မတီမှ ဒေါက်တာလူးဝစ်အပီးယားအား ဒဏ်ရာရသူများကို ပြုစုရန် စေလွှတ်ခဲ့ရာ အဝတ်ဖြူ ကြက်ခြေနီ လက်ပတ်ကို ဝတ်ဆင်၍ စစ်တလင်းသို့ ပထမဆုံးသွားရောက်ခဲ့သည်။



## ကြက်ခြေနီအခြေခံမှု (၇) ချက်

၁၉၆၅ ခုနှစ်၊ ဗီယင်နာမြို့တွင် ပြုလုပ်သော အကြိမ် (၂၀) မြောက် နိုင်ငံတကာ ကြက်ခြေနီညီလာခံကြီးက ကြက်ခြေနီအခြေခံမှု (၇) ချက်ကို သတ်မှတ်ခဲ့သည်။

## ဂျီနီဗာသဘောတူစာချုပ်

ဂျီနီဗာသဘောတူစာချုပ်များသည် လူသားအချင်းချင်း စာနာထောက်ထားမှုကို အခြေခံကာ သဘောတူရေးဆွဲခဲ့ကြသော ဥပဒေများဖြစ်၏။ ၁၈၆၄ ခုနှစ်၊ ဩဂုတ်လ (၈) ရက်နေ့တွင် ကျင်းပသော သံတမန်ညီလာခံတွင် ဥရောပ ၁၂ နိုင်ငံတို့ လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့၏။ ပထမစာချုပ်ကို ၁၈၆၄၊ ဒုတိယ စာချုပ်ကို ၁၉၀၆၊ တတိယစာချုပ်ကို ၁၉၂၉ ခုနှစ်နှင့် စတုတ္ထစာချုပ်ကို ၁၉၄၉ ခုနှစ်တွင် ချုပ်ဆိုခဲ့၏။ ၁၉၄၉ ခုနှစ်၊ ဩဂုတ်လ (၁၂) ရက် ဂျီနီဗာသဘောတူ စာချုပ်များဟု ခေါ်တွင်၏။ နောက်ဆက်တွဲပုဒ်မ ၁၁–ခုအပါ အဝင် ပုဒ်မပေါင်း ၄၂၉ ခုပါရှိ၏။ ယနေ့ထိ ၁၈၅ နိုင်ငံ အစိုးရများက လက်မှတ်ရေးထိုး ထားကြသည်။



## လူမှုကရုဏာဥပဒေ

လူမှုကရုဏာဥပဒေသည် စစ်ပွဲတွင် ပါဝင်ပတ်သက်ခြင်းမရှိသော သူများနှင့် စစ်ပွဲတွင် ဆက်လက်တိုက်ပွဲဝင်နိုင်ခြင်း မရှိသောသူများအား အကာအကွယ်ပေးသည့် ဥပဒေပြဋ္ဌာန်းချက်ဖြစ်၏။ ဂျီနီဗာသဘောတူစာချုပ်များ အပါအဝင် အခြားသောကန့်သတ်တားဆီးရေး ဥပဒေများကို စုပေါင်းရေးဆွဲထား၏။ ၁၉၉၃ ခုနှစ်၊ ဩဂုတ်လ (၃၁) ရက်နေ့မှ စက်တင်ဘာလ (၁) ရက်နေ့အထိ ဂျီနီဗာမြို့တွင်ကျင်းပသော စစ်ဘေး ဒုက္ခသည်များ ကာကွယ်စောင့်ရှောက်ရေးညီလာခံတွင် စစ်အင်အားစုတိုင်း လူမှု

ကရုဏာဥပဒေကို လေးစားလိုက်နာခြင်း စစ်၏ရက်စက်ကြမ်းကြုတ်မှုကို လျော့ပါးအောင် ဆောင်ရွက်သင့်ကြောင်း ဆွေးနွေးခဲ့ကြသည်။

**ပထမဆုံးကမ္ဘာ့ကြက်ခြေနီနေ့**

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖယ်ဒရေးရှင်းမှ ၁၉၄၈ ခုနှစ်၊ မေလ (၈) ရက် ဟင်နရီဒူးနန့်၏ မွေးနေ့တွင် ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားကို စတင်ကျင်းပခဲ့သည်။

**စာရေးဆရာနှင့် ကြက်ခြေနီ**

ကမ္ဘာကျော်စာရေးဆရာ 'အားနက်ဟင်းမင်းဝေး' သည် အသက် ၁၉ နှစ်အရွယ် ၁၉၁၇ ခုနှစ်က အမေရိကန်နှင့် ဂျာမနီတို့၏ စစ်ပွဲအတွင်း အမေရိကန် သူနာတင်ယာဉ်အားမောင်းနှင်ခဲ့၏။ စစ်ပွဲကာလ ကြက်ခြေနီတို့၏ မေ့မရနိုင်သောလုပ်ရပ်များကို "A Farewell to Arms လက်နက်ကိုတော့တော်ပါပြီ" အမည်ဖြင့် စာအုပ်ရေးသားခဲ့၏။ အဆိုပါစာအုပ်ရေးသားပြီး ဟင်းမင်းဝေးမှာ ကမ္ဘာကျော်စာရေးဆရာကြီး ဖြစ်လာခဲ့သည်။

**ရှေးဦးပြုစုနည်း စတင်တီထွင်သူ**

ရှေးဦးပြုစုနည်းကို စတင်တီထွင်သူမှာ ဂျာမန်စစ်တပ်၏ ဆေးမှူးချုပ်ဖြစ်သော ဒေါက်တာ အက်စ်မတ်ချ်ဖြစ်ပြီး စစ်မြေပြင်မှ တွေ့ရှိချက်များကို အခြေပြုကာ ထိခိုက်ဒဏ်ရာများအတွက် ရှေးဦးပြုစုခြင်းနှင့် စစ်မြေပြင်မှ ရှေးဦးပြုစုနည်း စာအုပ်နှစ်အုပ်ကို ရေးသား ပြုစုခဲ့သည်။

**သူနာတင်ယာဉ်နှင့် သုံးထောင့်ပတ်တီး**

စစ်မြေပြင်တွင် ဆေးတပ်ဖွဲ့ဝင်များ အလွယ်တကူသယ်ယူအသုံးပြုနိုင်ရန် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများက စမ်းသပ်တီထွင်ခဲ့ကြသည်။ ကြက်ခြေနီငါးဦးကော်မတီဝင် ဒေါက်တာလူးဝစ်အပီးယားသည် စစ်မြေပြင်မှလူနာများအား ဆေးရုံသို့သယ်ယူရန် သူနာတင်လှည်းကို ဒီဇိုင်းရေးဆွဲတီထွင်ခဲ့၏။ ဆွစ်ဇာလန်မှ ဆရာဝန်တစ်ဦးဖြစ်သူ ဒေါက်တာမေရာက ၁၈၃၁ ခုနှစ်တွင် သုံးထောင့် ပတ်တီးကို တီထွင်ခဲ့သည်။

**ရှေးဦးပြုစုခြင်းအသုံးအနှုန်း**

၁၈၇၉ ခုနှစ်တွင် စိတ်ဂျွန်းသူနာပြုအသင်းမှ ရှေးဦးးပြုစုခြင်း First Aid ဟူသော အသုံးအနှုန်းကို အင်္ဂလန်နိုင်ငံတွင် ပထမဆုံး ဆေးဘက်ဆိုင်ရာ ဝေါဟာရအဖြစ်သတ်မှတ်သုံးစွဲခဲ့၏။ ရှေးဦးပြုစုခြင်းသင်တန်းတက်ရောက်ခဲ့သူများအား အောင်လက်မှတ်များကိုပေးအပ်ခဲ့သည်။

**ဟင်နရီဒူးနန့်ဆုတံဆိပ်**

ကြက်ခြေနီ လူမှုကရုဏာလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သူများအား ဂုဏ်ပြုချီးမြှင့်ရန် ဟင်နရီဒူးနန့်ဆုတံဆိပ်ကို ဩစတြေးလျကြက်ခြေနီ အသင်းမှ အဆိုပြုခဲ့ပြီး ၁၉၆၅ ခုနှစ်၊ အကြိမ် ၂၀ မြောက် နိုင်ငံတကာ ကြက်ခြေနီ ညီလာခံက ချီးမြှင့်သွားရန်ဆုံးဖြတ်ခဲ့၏။ ၁၉၆၉ ခုနှစ်မှ စတင်၍ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီမှ ချီးမြှင့်ခဲ့သည်။

**ဖလော်ရင်နိုက်တင်ဂေးလ်ဆုတံဆိပ်**

သူနာပြုလုပ်ငန်းကို သူမတူအောင် ကြင်နာယုယမှုဖြင့်ပြုစု၍ လူနာများအပေါ် စေတနာထားကာ ထူးချွန်သည့် အရည်အချင်းရှိသော သူနာပြုအား ဂုဏ်ပြုနိုင်ရန် ဟန်ဂေရီ ကြက်ခြေနီအသင်းမှ အကြံပြုတင်ပြခဲ့၏။ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီသည် ပထမဆုံး ဖလော်ရင့်နိုက်တင်ဂေးလ်ဆုတံဆိပ်ကို ၁၉၂၀ ပြည့်နှစ်၊ မေလ ၁၂ ရက်နေ့တွင်ကျရောက်သော ဖလော်ရင့်နိုက်တင်ဂေးလ်၏ နှစ်တစ်ရာပြည့်မွေးနေ့တွင် စတင်ချီးမြှင့်ခဲ့သည်။







**သူနာပြု ဆရာမကြီး ဗိုလ်ဒေါ်ခင်အုန်းမြ**

အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ အမြဲတမ်း ကော်မရှင်သည် ၁၈ ကြိမ်မြောက် ဖလော်ရင့်နိုက်တင်ဂေးလ် ဆုတံဆိပ်ကို ၁၉၆၃ ခုနှစ်တွင် ချီးမြှင့်ရာ၊ မြန်မာနိုင်ငံမှ သူနာပြုဆရာမကြီး ဗိုလ်ဒေါ်ခင်အုန်းမြ ရရှိခဲ့သည်။

ရောဂါများဖြစ်သည့် ဝမ်းရောဂါ၊ ကျောက်ရောဂါများ ဖြစ်ပွားလျက်ရှိသော်လည်း ကူးစက်ခံရမည်ကိုကြောက်ရွံ့ခြင်းမရှိဘဲ ဝေဒနာသည်များအား ပြုစုကုသပေးခဲ့သည်။

မိုးကောင်းဆေးရုံတွင် ဆရာဝန်၊ ဆရာမ၊ အလုပ်သမားများ မရှိသည့်အတွက် ဒေါ်ခင်အုန်းမြနှင့် ကြက်ခြေနီ အမျိုးသမီးတပ်ဖွဲ့ဝင်များသည် ဆေးရုံတွင် လိုအပ်ချက်ကို တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသည်။

၁၉၄၂ခုနှစ်တွင်ဗမာ့တပ်မတော် (လွတ်လပ်ရေးတပ်မတော်) ဗိုလ်ဖုန်းမြင့်တပ်သည် မိုးကောင်းမြို့သို့ ရောက်ရှိလာရာတပ်အတွင်း မကျန်းမာသူရဲဘောများအား ပြုစုပေးခဲ့ကြသည်။ ဂျပန်တပ်မတော် မိုးကောင်းမြို့သို့ ရောက်လာသောအခါ ဒေါ်ခင်အုန်းမြသည် ကြက်ခြေနီတပ်ဖွဲ့ဝင် အမျိုးသမီးများကို ဦးဆောင်လျက်၊ ဦးမန်းတောင် ခေါ် မန်းဦးတောင်၌နှင့်တောင်ပေါ်ရွာတွင် သူနာပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ဂျပန်ဆေးရုံကြီးစတင်ဖွင့်သည်မှ စက်သေနတ်၊ ဗုံးဒဏ်ကြောင့် မီးလောင်ပျက်စီးသည်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး နောက်ဆုံးမှဆေးရုံကို စွန့်ခွာခဲ့သည်။ အဆိုပါဆေးရုံတွင် တာဝန်ထမ်းဆောင်စဉ် တောတောင်များအတွင်း တောရိုင်းတိရစ္ဆာန်များ

# မြန်မာနိုင်ငံမှ ဖလော်ရင့်နိုက်တင်ဂေး ဆုရှင်များ

မြန်မာနိုင်ငံ၏ ပထမဆုံးဖလော်ရင့်နိုက်တင်ဂေးလ်ဆုရှင် သူနာပြုဆရာမကြီး ဗိုလ်ဒေါ်ခင်အုန်းမြကို အဘ ရှေ့နေကြီး ဦးဦးဖေ၊ အမိဒေါ်ခင်တို့မှ ၁၉၂၂ ခုနှစ်တွင် ရှမ်းပြည်နယ် နမ္မတူဘော်တွင်း၌ မွေးဖွားခဲ့သည်။

၁၉၃၈ ခုနှစ်တွင် ကချင်ပြည်နယ်၊ မိုးကောင်းမြို့၌ အမျိုးသမီး ကြက်ခြေနီသူနာပြုတပ်ဖွဲ့ကို ဦးဆောင်ဖွဲ့စည်း ခဲ့၏။ ဒုတိယကမ္ဘာစစ် အတွင်း အဆိုပါသူနာပြုတပ်ဖွဲ့သည် အရေးပါအရာရောက်သောအဖွဲ့ဖြစ်ခဲ့၏။ အိန္ဒိယပြည် လီဒိုလမ်းမှတစ်ဆင့် တရုတ်ပြည်သို့ စစ်ပြေးဒုက္ခသည်များ ရောက်ရှိလာရာ၊ ယင်းအထဲမှ ထိခိုက်ဒဏ်ရာရသူများနှင့် နာမကျန်းဖြစ်နေသူများအား စက်သေနတ်၊ ဗုံးသံများကြားမှ စွန့်စွန့်စားစား ပြုစုပေးခဲ့ကြ၏။ ထိုအချိန်တွင် ကူးစက်ပေါများခြင်းကြောင့် ကျားများနှင့် ကြုံတွေ့ခဲ့ရသည့်အပြင် ဗုံးဒဏ်ကြောင့်လူနာနှင့်အတူ ဗုံးခိုကျင်းပိခြင်းများကို အကြိမ်ကြိမ်ကြုံခဲ့ရသော်လည်း အသက်ဘေးမှ လွတ်မြောက်ခဲ့သည်။

ဒေါ်ခင်အုန်းမြသည် လွဲလောချောင်းမှ လှေကလေးဖြင့် ညအချိန်တွင် တစ်ဖက်ကမ်းသို့ကူးခဲ့ပြီး၊ အမိုးအကာမပါသော မီးရထားကိုစီးကာ စစ်အတွင်း ကွဲကွာသွားသော မိခင်ကြီးအား လိုက်ရှာခဲ့၏။ ပင်ဘောရွာကလေးတွင် မိခင်နှင့် ပြန်လည်ဆုံတွေ့ခဲ့၏။ထိုရွာကလေးသည် တောင်ခြေအနီးတည်ရှိပြီး အိန္ဒိယနယ်စပ်မှ ပြေးလာသော စစ်ပြေးဒုက္ခသည် များ ခိုလှုံရာနေရာဖြစ်၏။ ယင်းတွင် ထိခိုက်ဒဏ်ရာရသူများ နှင့် နာမကျန်းသူများအားပြုစုစောင့်ရှောက်ပေးခဲ့သည်။

ထို့နောက်အင်းတော်မြို့တွင် ဗမာ့ကာကွယ်ရေးတပ်မတော်ဆေးအဖွဲ့သို့ ဝင်ရောက်ခဲ့သည်။ ဗမာ့ကာကွယ်ရေးတပ်မတော်ပဲခူးစံပြဆေးရုံတွင် သူနာပြုဆရာမအဖြစ် တာဝန်ထမ်းဆောင်ခဲ့၏။

၁၉၄၅ခုနှစ်၊ မတ်လ ၂၇ ရက်တွင်ဆင်နွှဲခဲ့သော ဂျပန်တော်လှန်ရေးတွင် တိုင်း(၄)ဆေး တပ်ဖွဲ့တွင်ပါဝင်၍ စစ်သည်လူနာများအား ပြုစုစောင့်ရှောက်ပေးပြီး လိုရာခရီးဆက်နိုင်ရန် စီစဉ်ပေးခဲ့သည်။

ထိုကဲ့သို့ စွန့်စွန့်စားစားတာဝန်ထမ်းဆောင်ခဲ့သည့်အတွက် စစ်သေနာပတိချုပ်၏ ဂုဏ်ထူးဆောင် လက်မှတ်ချီးမြှင့်ခြင်းကို ခံရသည်။

၁၉၄၅ ခုနှစ်၊ ပဲခူးမြို့၊ ပြည်သူ့ဆေးရုံတွင် သားဖွားဆရာမသင်တန်းကိုတက်ရောက်ခဲ့၏။ ၁၉၄၈–၄၉ ခုနှစ်ကျန်းမာရေးဆရာမသင်တန်း တက်ရောက်နေစဉ် အင်းစိန် တိုက်ပွဲကြောင့် ပညာရေးကိုစွန့်လွှတ်ကာ ရှေ့တန်းစစ်မျက်နှာဆေးရုံတွင် စေတနာ့ဝန်ထမ်းသူနာပြုဆရာမအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ငြိမ်းချမ်းစဉ်ကာလရောက်မှသာ ပညာရေးကို ဆက်လက်သင်ကြားခဲ့၏။ ထို့နောက် ၁၉၅၄ မှ ၁၉၅၈ ခုနှစ်ထိ မင်္ဂလာဒုံစစ်ဆေးရုံတွင် သူနာပြုဆရာမအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၅၂ ခုနှစ်၊မော်လမြိုင်ပြည်သူ့ဆေးရုံတွင် သူနာပြုဆရာမသင်တန်းကို ဆက်လက်သင်ကြားပြီး ၁၉၅၄ မှ ၁၉၅၈ ခုနှစ်ထိ အမှတ် (၇) လူနာလက်ခံရေးတပ်နှင့် တပ်နယ်ဆေးရုံတွင် သူနာပြုဆရာမကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့၏။ ၁၉၅၈ ခုနှစ်ဒီဇင်ဘာလ ၁ ရက်နေ့မှ ၁၉၈၂ ခုနှစ်အထိ ဒုတိယဗိုလ်မှဆရာမမှူး ဗိုလ်မှူးအဆင့်အထိ အမှတ်(၂)တပ်မတော်ဆေးရုံတွင် တာဝန်ထမ်းဆောင်ခဲ့သည်။

ထိုစဉ် စစ်ဆေးရုံတွင်အမှုထမ်းခဲ့သော သူနာပြုဆရာမကြီးဗိုလ်ခင်အုန်းမြသည် သူနာပြုသင်တန်းမတက်ရောက်မီ စစ်အတွင်း၌ပင်၊ စက်သေနတ်၊ ဒဏ်ရာရသူများအားတတ်သိသမျှ ရှေးဦးသူနာပြုပညာဖြင့် ဝေဒနာသည်များအား အသက်စွန့်ပြီးပြုစုစောင့်ရှောက်ကာကယ်ဆယ်ပေးခဲ့သည်။ မိန်းမသားပင်ဖြစ်လင့်ကစား တော်လှန်ရေးကာလအတွင်း စစ်ပြေးဒုက္ခသည်များနှင့် ထိခိုက်ဒဏ်ရာရကာနာမကျန်းဖြစ်နေသော စစ်သည်များအား သူနာပြုအတတ်ပညာဖြင့်ပြုစုပေးခဲ့သည့်အတွက် အမျိုးသမီးများအနက် တစ်ဦးတည်းသောလွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယအဆင့်)ကို နိုင်ငံတော်မှ ချီးမြှင့်ခဲ့သည်။

ဖလော်ရင့်နိုက်တင်ဂေးလ် ဆုတံဆိပ်ရွေးချယ်ရန် အတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် သင့်လျော်ဆုံးသူနာပြုတစ်ဦးကို၊ ဆုရွေးချယ်ရေးအဖွဲ့သို့ တင်ပြရမည်ဖြစ်ရာ၊ များပြားလှသော ထူးချွန်စေတနာရှင် သူနာပြုများအနက်မှ ရွေးချယ်ရန် မလွယ်ကူဘဲရှိခဲ့၏။

မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဌလည်းဖြစ်ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးလည်းဖြစ်သော ဗိုလ်မှူးကြီးလှဟန်အား ရွေးချယ်ပေးရန် မေတ္တာရပ်ခံ ခဲ့သည်။

၄င်းအနေဖြင့် အရည်အချင်းပြည့်ဝပြီး အသင့်တော်ဆုံးဟု ယူဆသည့် သူနာပြုဆရာမကြီး ဒေါ်ခင်အုန်းမြအား ထောက်ခံတင်ပြ ခဲ့သည်။ သို့နှင့် အဆင့်ဆင့် ဆက်လက် ပေးပို့တင်ပြခဲ့ရာ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီက ဗိုလ်ဒေါ်ခင်အုန်းမြအား ၁၉၆၃ ခုနှစ်၊ မေလ ၁၂ ရက်နေ့ (ဖလော်ရင့်နိုက်တင်ဂေးလ်မွေးနေ့) တွင် ရွေးချယ်ခံရကြောင်း ကြေညာခဲ့သည်။ သို့နှင့် မြန်မာနိုင်ငံအတွက် ပထမဆုံးသော ဖလော်ရင့်နိုက်တင်ဂေးလ်ဆုရှင် ပေါ်ထွန်းခဲ့သည်။

ဒေါ်ခင်အုန်းမြသည် တပ်မတော်မှဗိုလ်မှူး (သူနာပြုဆရာမကြီး) အဆင့်ဖြင့် အငြိမ်းစားယူခဲ့သည်။ ထို့နောက် မြန်မာနိုင်ငံကြက်ခြေနီအသင်းတွင် အကြံပေးပုဂ္ဂိုလ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ အသက် ၉၂ နှစ်အရွယ် ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။



**အထက်တန်း သူနာပြု ဒေါ်အမ်ယောနမ်**

၁၉၉၃ ခုနှစ်၊ မေလ ၁၂ ရက်နေ့တွင် ချီးမြှင့်သော ဖလောရင့်နိုက်တင်ဂေးလ်ဆုတံဆိပ်

ရွေးချယ်ပွဲတွင် မြန်မာနိုင်ငံမှ သူနာပြုဆရာမတစ်ဦး ထပ်မံ ချီးမြှင့်ခြင်း ခံခဲ့ရ၏။ ဆုချီးမြှင့်ခံရသူမှာ ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ် ပြည်သူ့ဆေးရုံ တွင် တာဝန်ထမ်းဆောင်နေသော အထက်တန်း သူနာပြုဆရာမ ဒေါ်အမ်ယောနမ် ဖြစ်သည်။

ဒေါ်အမ်ယောနမ်ကို ၁၉၄၄ ခုနှစ်တွင် အဘ ဦးအမ် လိပ်ယော်၊ အမိ ဒေါ်လန်ထောင်းတို့မှမွေးဖွားခဲ့၏။ ၁၉၆၂ ခုနှစ် တွင် နမ်းခမ်းမြို့သာသနာပြုဆေးရုံ၌ သူနာပြုနှင့်သားဖွားသင်တန်း ကိုတက်ရောက်သင်ကြားခဲ့သည်။

၁၉၆၈ ခုနှစ်မှ ၁၉၇၂ ခုနှစ်ထိ လားရှိုးပြည်သူ့ဆေးရုံ တွင်အမှုထမ်းခဲ့သည်။ ယင်းနောက်မူဆယ်၊ သီပေါ၊ သိန္နီ၊ ကြူကုတ်မြို့များတွင် တာန်ထမ်းဆောင်ခဲ့၏။ ၁၉၈၀ ပြည့်နှစ်တွင် အရိုးအထူးကုသူနာပြု ၉ လသင်တန်းနှင့် အရန်သားဖွားဆရာမ နည်းပြသင်တန်းကို ရန်ကုန်မြို့တွင် တက်ရောက်ခဲ့သည်။

၁၉၈၆ ခုနှစ်၊ ရှမ်းပြည်နယ်အတွင်း သောင်းကျန်းသူများ ကြောင့် နယ်မြေအေးချမ်းမှုလျော့နည်းလာခဲ့ရာ တပ်မတော်မှ စီစီဝမ်းဒေသ၊ တာပန်ဒေသတို့တွင် ရဲမင်းအောင်စစ်ဆင်ရေး၊ အောင်မိုးဟိန်းစစ်ဆင်ရေးတို့ဖြင့် နှိမ်နှင်းခဲ့ရသည်။

၁၉၈၆ခုနှစ်၊ နိုဝင်ဘာလ၁၆ ရက်နေ့တွင် မူဆယ်မြို့၌ တိုက်ပွဲအကြီးအကျယ်ဖြစ်ပွားခဲ့၏။ထိုအချိန် ဒေါ်အမ်ယောနမ်သည် သိန္နီဆေးရုံ၌ အရန်သားဖွားဆရာမ သင်တန်းကိုပို့ချလျက်ရှိ၏။ ပြည်နယ်ကျန်းမာရေးဌာနမှ ပြန်ခေါ်ခဲ့ရာ စစ်ယာဉ်တန်းဖြင့် လိုက်ပါခဲ့ရ၏။ ဒဏ်ရာရစစ်သည်များအား စစ်ဘက်နယ်ဘက်မှ ဆရာဝန်များ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များနှင့်အတူ နေ့ညတာဝန်ယူ ပြုစုပေးခဲ့ရသည်။

အရေးကြီးသောလူနာများအား ရဟတ်ယာဉ်ဖြင့် လားရှိုး၊ ပြင်ဦးလွင်၊ ရန်ကုန်မြို့ဆေးရုံများသို့ ပို့ဆောင်ပေးနိုင်ရန် စီစဉ်ပေးခဲ့ ရပြီး ကိုယ်တိုင်လည်းလိုက်ပါကာ ပြုစုကုသပေးခဲ့ရ၏။ အချို့ လူနာများကို ကုန်းလမ်းမှ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့ ရ၏။ အရေးပေါ်လူနာများကို အခင်းဖြစ်ပွားရာနေရာ၌ပင် အရေးပေါ် ခွဲစိပ်ကုသမှုပြုလုပ်ခဲ့ရာ ယင်းခွဲစိပ်ကုသမှုများတွင် ပါဝင်ကူညီလုပ်ကိုင်ပေးခဲ့သည်။

၁၉၈၆ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့မှ ၁၉၈၇ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့ထိ၊ စစ်သည်လူနာပေါင်း ၆၀၀ ကျော်ကို ပြုစုပေးခဲ့ရ၏။ လူနာ ၁၄၀ ကျော်အား ခွဲစိတ်ကုသမှု ပြုလုပ်ရာ တွင် အကူအညီပေးခဲ့ရ၏။ တပ်မတော်မှ ကြူကုတ်ကို ပြန်လည် သိမ်းပိုက်ပြီးသောအခါ ကြူကုတ်တွင် ယာယီဆေးခန်း ဖွင့်လှစ်ရာ မူဆယ်မှကြူကုတ်သို့သွားရောက်ကာ တာဝန်ထမ်းဆောင် ခဲ့သည်။

ကြူကုတ်တွင် ဆေးခန်းဖွင့်လှစ်ပြီးနောက် အလင်းဝင်လာသူ ၅၀၀ကျော်နှင့် တိုင်းရင်းသားစစ်ပြေး ဒုက္ခသည်များ၏ ကျန်းမာရေးအတွက် အချိန်ပြည့် ပြုစုကုသမှုများ ပြုလုပ်ခဲ့ရသည်။ အဆောက်အဦး မရှိသည့်အတွက် ထင်းများသိုလှောင်ထားရှိရာတဲ အတွင်း၊ ထင်းပုံကြားတွင်ပင် မွေးလူနာများကို ဗိုက်ခွဲ မွေးပေးခဲ့ရသည်။ အဆိုပါ အရေးပေါ်ဖွင့်လှစ်ခဲ့ သည့် ဆေးရုံမှာ ဆက်လက် ထားရှိသည့်အတွက် ဒေါ်အမ်ယောနမ်မှာ အချိန် ၃ နှစ် တာ ကြာမြင့်စွာ နေထိုင်ပြီး တာဝန်ထမ်းဆောင် ခဲ့သည်။

အဆိုပါလုပ်ဆောင်ချက်များကြောင့် ဒေါ်အမ်ယောနမ်အား ဖလော်ရင့်နိုက်တင်ဂေးလ် ဆု တံဆိပ်ကို အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီမှ ရွေးချယ်ချီးမြှင့်ခဲ့သည်။



**သားဖွားဆရာမ ဒေါ်သိန်းရီ**

၂၀၀၁ ခုနှစ် ၃၈ ကြိမ်မြောက် ဖလောရင့် နိုက်တင်ဂေးလ် ဆုတံဆိပ်ချီးမြှင့်ပွဲတွင် မြန်မာနိုင်ငံမှ သားဖွားဆရာမဒေါ်သိန်းရီ ရွေးချယ်ချီးမြှင့်ခြင်း ခံရသည်။

သားဖွား ဆရာမဒေါ်သိန်းရီသည် စစ်ကိုင်းတိုင်း၊ ဟုမ္မလင်းမြို့နယ်၊ သောင်သွပ်တိုက်နယ် ဆေးရုံတွင် သားဖွားဆရာမ တစ်ဦးအဖြစ် တာဝန် ထမ်းဆောင်နေသူ ဖြစ်၍။ မီးလောင်နေသော နေအိမ်အတွင်းမှ အသက် ၈ နှစ်အရွယ် ကလေးငယ်အား စွန့်စွန့်စားစားကယ်ခဲ့သည့်အတွက် ဆုတံဆိပ်ချီးမြှင့်ခံရခြင်းဖြစ်သည်။

၁၉၉၅ခုနှစ်၊ ဧပြီလ ၂ ရက်နေ့၊ ညနေ ၃ နာရီခန့်က၊ ဆရာမဒေါ်သိန်းရီနေထိုင်ရာ သောင်သွပ်ကျေးရွာတွင် တစ်ရပ်ကွက်တည်းနေသော ဆေးစပ် ဆရာ၏ နေအိမ်မှစ၍ မီးလောင်ကျွမ်းခဲ့၏။ ထိုအချိန် က ဆရာမဒေါ်သိန်းရီမှာ အခြားရပ်ကွက်မှ အိမ်တစ်အိမ်သို့ သွားရောက်လျက်ရှိရာ မီးလောင်နေကြောင်း ကြားသိရ၍ မိမိနေအိမ်သို့ အပြေးလာခဲ့သည်။

နေအိမ်နှင့် နီးကပ်လာသည်နှင့်အမျှ လမ်းဘေးတစ်ဖက်တစ်ချက်တွင် မီးတောက်မီးလျှံများလာ၏။ မီးအရှိန်လည်းပို၍ မြင့်မားလာသည်ကိုတွေ့ရ၏။ မိတ်ဆွေ ဆေးစပ်ဆရာ၏ နေအိမ်သည်လည်း မီးတောက်များ တဟုန်းဟုန်း တောက်လောင်နေသည်။ အိမ်အတွင်းဖက်တွင် တစ်ကိုယ်လုံး မီးလောင်လျက်၊ မီးတောက်များကြားတွင် ထွက်မတတ်ဖြစ်နေသော ကလေးငယ်တစ်ဦးအားတွေ့ရပြန်သည်။

အဆိုပါကလေးမှာ ဆေးစပ်ဆရာ၏ တူမတော်သူဖြစ်၏။ ဆရာမဒေါ်သိန်းရီသည် အိမ်ဝတွင် ရုတ်တရက် ရပ်တန့်သွားပြီး၊ အိမ်တွင်းပိတ်မိနေသော ကလေးငယ်အား ကယ်တင်မှဖြစ်မည်ဟူသော အတွေးဝင်လာ၏။ ထို့နောက် အသက်အန္တရာယ်ကို လုံးဝသတိမထားမိတော့ဘဲ မီးတောက်မီးလျှံများကြား အိမ်တွင်းသို့အပြေးအလွှား ဝင်ခဲ့၏။ ကလေးငယ်ထံချဉ်းကပ်ကာ မယူပွေ့ဖက်ပြီး မီးတောက်များကြားမှ ပြန်ထွက်နိုင်ရန်ကြိုးစားသည်။

ထွက်လမ်းများနှင့် လမ်းဘေးတစ်ဖက်တစ်ချက်တွင်လည်း မီးတောက်များ တောက်လောင်နေ၏။ အသက်သာဆုံးဖြစ်မည့် လမ်းစပ်နေရာသို့ပင် ခုန်ကျော်ကူးသွားရန် ခက်ခဲနေ၏။ မတတ်သာသည့်အဆုံးတွင် ကလေးကို တင်းကြပ်စွာ ပွေ့ဖက်လျက်၊ ၄င်း၏ကိုယ်ကို လမ်းမဘက်သို့ လိမ့်ချလိုက်၏။ လမ်းမပေါ်အရောက်တွင် နှစ်ဦးစလုံး သတိမေ့မြောသွားခဲ့၏။ ထိုစဉ်အရပ်မှ ဝိုင်းဝန်းလာကြပြီး နှစ်ဦးစလုံးကို မီးလွတ်ရာသို့ သယ်ထုတ်သွားကြသည်။

ကလေးအား မီးတောက်အတွင်းမှ ဝင်ရောက်ကယ်ဆယ်စဉ်၊ ဆရာမဒေါ်သိန်းရီ၏ ခြေ၊ လက်၊ ဦးခေါင်း၊ မျက်နှာနှင့် နောက်ကျောတို့တွင် ပြင်းထန်စွာ မီးလောင်ကျွမ်းမှု ခံခဲ့ရ၏။ မီးလွတ်ရာအိမ်သို့ ရောက်ပြီးနောက် နှစ်နာရီခန့်အကြာတွင် ကလေးမှာ သေဆုံးသွားခဲ့၏။ သတိမရတစ်ချက် ရတစ်ချက်ဖြစ်နေသော ဆရာမဒေါ်သိန်းရီအား ဖောင်းပြင်ဆေးရုံသို့ပို့ခဲ့၏။ ယင်းဆေးရုံတွင် ဧပြီလ ၂ ရက်နေ့မှ ၁၁ ရက်နေ့ထိ ဆေးဝါးကုသမှုခံယူခဲ့ရသည်။

ဆက်လက်၍ မုံရွာအထွေထွေရောဂါကုဆေးရုံကြီး၌ ဧပြီလ ၁၂ ရက်နေ့တွင် ဆေးဝါးကုသမှုခံယူခဲ့ရာ မျက်စိများမှာ ဖွင့်မရသေးဘဲရှိနေ၏။ ဆေးရုံတက်ရောက်စဉ် အစာမစားနိုင်သည့် အတွက် ပိုက်ဖြင့်ဆေးရည်များ အကြောဆေးများကို သွင်းခဲ့ရသည်။ ဆေးရုံရှိ ဆရာဝန်နှင့် ဆရာမများ၏ ကြပ်မတ်ကုသပေးမှုကြောင့် ကျန်းမာရေး အခြေအနေ တိုးတက်ကောင်းမွန်လာခဲ့၏။ အဆိုပါ ဆေးရုံတွင် ၁၀ လကြာ ဆေးကုသမှုကို ခံယူခဲ့သည်။

မုံရွာ အထွေထွေကုဆေးရုံမှတစ်ဆင့် ၁၉၉၆ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးသို့ ပြောင်းရွှေ့ကာ မီးလောင်ဒဏ်ရာကြောင့် လည်ပင်းတွင်အကြောကပ်သွားခြင်း၊လက်များမီးလောင်ကျွမ်းခံရခြင်းစသည့် ဒဏ်ရာများကို ပလတ် စတစ်ဆာဂျရီနည်းဖြင့် အစားထိုးပြုပြင်ကာ တစ်လတာကုသမှုခံခဲ့ရာ လက်များပြန်လည်လှုပ်ရှားနိုင်ခဲ့၏။ ထို့နောက် ၁၉၉၇ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့မှ မေလ ၁၃ ရက်နေ့ထိ အဆိုပါဆေးရုံတွင်ပင် ဆေးဝါးကုသမှုကို ထပ်မံခံယူခဲ့သည်။

သားဖွားဆရာမဒေါ်သိန်းရီကို အဘဦးထွန်းစိန်၊ အမိ ဒေါ်နန်းလိပ်တို့မှ ၁၉၅၁ ခုနှစ်တွင် မွေးဖွားခဲ့၏။ ၁၉၇၃ ခုနှစ် အောက်တိုဘာလတွင် သားဖွားဆရာမ သင်တန်းကို အောင်မြင်ခဲ့သည်။ ၁၉၇၅ ခုနှစ် မေလတွင် နန်းယွန်းမြို့နယ် လုံခိုင်ကျန်းမာရေးဌာနတွင် သားဖွားဆရာမအဖြစ် စတင်အမှုထမ်းခဲ့သည်။ ၁၉၇၇ ခုနှစ်တွင် တမူးမြို့နယ် သနန်ကျေးလက်ကျန်းမာရေးဌာန၊ ဖိုင်လင်းဌာနခွဲတွင်လည်းကောင်း၊ ၁၉၈၂ ခုနှစ်တွင် ဟုမ္မလင်းမြို့နယ် ကျန်းမာရေးဌာန၌လည်းကောင်း၊ ၁၉၈၃ ခုနှစ်တွင် ဟုမ္မလင်းမြို့နယ် သောင်သွပ်တိုက်နယ် ကျန်းမာရေးဌာနတွင်လည်းကောင်း၊ သားဖွားဆရာမအဖြစ် ၂၆ နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သည်။

**စာမျက်နှာ ၇၂ မှ**

| စဉ် | ပြည်နယ်/တိုင်း | မြို့နယ် | အဆောက်အဦ |
|---|---|---|---|
| ၇ | | မင်းလှ | 18×36 feet |
| ၈ | | သာယာဝတီ | 2 storied |
| ၉ | | လက်ပံတန်း | 1 storied |
| ၁ | မကွေး | ရေစကြို | 1 storied |
| ၂ | | ပခုက္ကူ | 1 storied |
| ၃ | | ပွင့်ဖြူ | 2 storied |
| ၄ | | မြိုင် | 1 storied |
| ၅ | | မင်းဘူး | 2 storied |
| ၆ | | မြို့သစ် | 1 storied |
| ၇ | | တောင်တွင်းကြီး | 1 storied 40×20 ×12 feet |
| ၁ | မန္တလေး | မိုးကုတ် | 1 storied |
| ၂ | | ပုသိမ်ကြီး | 1 storied |
| ၃ | | ညောင်ဦး | 1 storied |
| ၄ | | မိတ္ထီလာ | 1 storied |
| ၅ | | ပျော်ဘွယ် | 2 storied |
| ၆ | | ပြင်ဦးလွင် | 1 storied |
| ၇ | | စဉ့်ကူး | 1 storied |
| ၁ | နေပြည်တော် | ပျဉ်းမနား | 1 storied |
| ၂ | | လယ်ဝေး | building construction started on 1st sept,13 |
| ၁ | စစ်ကိုင်း | ဟုမ္မလင်း | 1 storied |
| ၂ | | ကလေး | 2 storied |
| ၃ | | ရွှေဘို | 3 storied |
| ၄ | | ဒီပဲယင်း | 2 storied |
| ၅ | | တမူး | 1 storied |
| ၆ | | ကောလင်း | 1 storied |

| စဉ် | ပြည်နယ်/တိုင်း | မြို့နယ် | အဆောက်အဦ |
|---|---|---|---|
| ၇ | | ဝန်းသို | 1 storied |
| ၈ | | မုံရွာ | 2 storied |
| ၁ | ရန်ကုန် | ဗဟန်း | flat |
| ၂ | | မြောက်ဥက္ကလာပ | 1 storied |
| ၃ | | တောင်ဥက္ကလာပ | apartment |
| ၄ | | သာကေတ | apartment |
| ၅ | | ဒဂုံမြို့သစ်(တောင်ပိုင်း) | 1 storied |
| ၆ | | လှိုင်သာယာ | 1 storied |
| ၇ | | ကျောက်တန်း | 1 storied |
| ၈ | | မှော်ဘီ | 2 storied |
| ၉ | | သုံးခွ | storied50×4 |
| ၁၀ | | ခရမ်း | 1 storied |
| ၁၁ | | ကွမ်းခြံကုန်း | 2 storied |
| ၁၂ | | ကျောက်တံတား | 1 storied |
| ၁ | ဧရာဝတီ | မြန်အောင် | 1 storied |
| ၂ | | ဟင်္သာတ | 1 storied |
| ၃ | | ရေကြည် | 1 storied |
| ၄ | | မအူပင် | 2 storied |
| ၅ | | ညောင်တုန်း | 1 storied |
| ၆ | | ဝါးခယ်မ | 1 storied |
| ၇ | | လပွတ္တာ | 2 storied |
| ၈ | | မြောင်းမြ | 1 storied |
| ၉ | | မော်လမြိုင်ကျွန်း | 1 storied |
| ၁၀ | | ဘိုကလေး | 3 storied |
| ၁၁ | | ဖျာပုံ | 2 storied |
| ၁၂ | | ကျုံပျော် | 1 storied |
| ၁၃ | | ကျောင်းကုန်း | 2 storied |
| ၁၄ | | ကျိုက်လတ် | CBHFA (290 Lakh) |
| ၁ | တနင်္သာရီ | ထားဝယ် | 2 storied |
| ၂ | | ဘုတ်ပြင်း | 1 storied |
| ၃ | | ကော့သောင်း | 2 storied |

**Decument Section**

# မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဌာနအလိုက်ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ



## စီမံရေးရာဌာန

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏စီမံရေးရာဌာနကို အရာထမ်း ၅ ဦး၊အမှုထမ်း ၆၂ ဦး စုစုပေါင်း ၆၇ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။ ရုံးအဖွဲ့၊ မော်တော်ယာဉ်အဖွဲ့၊ အဆောက်အဦးထိန်းအဖွဲ့၊ လုံခြုံရေးအဖွဲ့၊ သန့်ရှင်းရေးအဖွဲ့၊ဥယျာဉ်အဖွဲ့၊ စားရိပ်သာအဖွဲ့ စသည်ဖြင့် ဌာနစိတ်များ ဖွဲ့စည်းထားရှိသည်။ ထို့အပြင် လူနာတင်ယာဉ်ဝန်ဆောင်မှုလုပ်ငန်း၊ အင်ဂျင်နီယာယူနစ်၊ စာကြည့်တိုက်မှဝန်ထမ်းများ၏ လုပ်ငန်းကြီးကြပ်မှုနှင့် အုပ်ချုပ်မှုကိစ္စများကိုလည်းဆောင်ရွက်ပေးသည်။ ဝင်ငွေရစီးပွားရေးလုပ်ငန်းများဖြစ်သော ပုံနှိပ်လုပ်ငန်း၊ ကြက်ခြေနီပစ္စည်းအရောင်းဆိုင်လုပ်ငန်း၊ ရေသန့်လုပ်ငန်း၊ ဝန်ထမ်းများ၏ အုပ်ချုပ်မှုကိစ္စများကိုလည်းတာဝန်ယူဆောင်ရွက်ပေးရပါသည်။

စီမံရေးရာဌာနသည် အသင်းသို့ဝင်ရောက်အမှုထမ်းခွင့်ရရှိသူများအား ခန့်အပ်ခြင်း၊ ရာထူးပြောင်းရွှေ့ခြင်း၊ ရာထူးတိုးခြင်း၊ နုတ်ထွက်ခြင်း၊ ရပ်စဲခြင်းကိစ္စရပ်များ၊ အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ခြင်း၊ သင်တန်းပြုလုပ်ခြင်း၊ လုပ်ငန်းစွမ်းရည်မြှင့်သင်တန်းတက်ခြင်း၊ ခွင့်ခံစားခြင်း စသည်တို့အတွက် ရုံးအမိန့် အပိုင်း(၁)၊ အပိုင်း(၂)များ ထုတ်ပြန်ပေးခြင်းကိုလည်းဆောင်ရွက်ပေးရပါသည်။

ထို့အပြင် အချိန်ပြည့်အမှုဆောင်အဖွဲ့ဝင်များ၊ ဝန်ထမ်းများ၏ ခရီးသွားလာမှုများကို မှတ်တမ်းတင်စာရင်းသွင်းခြင်း၊ ပြည်ပမှဝင်ရောက်လာမည့် မိတ်ဘက် ကြက်ခြေနီနိုင်ငံခြားသားများ ပြည်တွင်းသို့ဝင်ရောက်ခွင့်ရရှိရေး၊ ပြည်တွင်းခရီးသွားလာခွင့်ရရှိရေး၊ ပြည်ထောင်စုဝန်ကြီးများအား ဂါရဝပြုတွေ့ဆုံခွင့်ရရှိရေးကိစ္စများကိုဆောင်ရွက်ပေးသည်။

အသင်းမှတာဝန်ယူကျင်းပသော အခမ်းအနားများဖြစ်သည့်၊ နိုင်ငံလုံးဆိုင်ရာညီလာခံ၊ ဗဟိုကောင်စီအစည်းအဝေးများကိုလည်းကောင်း၊ ဘာသာရေးအခမ်းအနားများဖြစ်သည့် ဝါဆိုသင်္ကန်းကပ်လှူခြင်း၊ ကထိန်သင်္ကန်းကပ်လှူခြင်း၊ မြန်မာနှစ်ဆန်း ၁ ရက်နေ့ အန္တရာယ်ကင်းပရိတ်ရွတ်ခြင်း စသည့်အခမ်းအနားကိုလည်း အခြားဌာနများနှင့်ညှိနှိုင်း၍တာဝန်ခံဆောင်ရွက်ပေးရပါသည်။

ထို့အပြင် ၂ လတစ်ကြိမ်ကျင်းပသည့် ဝန်ထမ်းဆန္ဒဖော်ထုတ်ပွဲအခမ်းအနား၊ လစဉ်ကျင်းပပြုလုပ်သည့် အချိန်ပြည့်အမှုဆောင်အဖွဲ့ဝင်များနှင့် ညွှန်ကြားရေးမှူးများ၊ ဌာနမှူးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ၊ အစည်းအဝေး မှတ်တမ်းလိုက်ခြင်း၊ ဌာန/ဌာနခွဲများ၏ လစဉ်အစီရင်ခံစာများကိုအမှုဆောင်အဖွဲ့အား တင်ပြနိုင်ရန် ပြုစုပေးခြင်း၊ ဗဟိုကောင်စီအားတင်ပြမည့် အမှုဆောင်အဖွဲ့၏ အစီရင်ခံစာများကို ရေးသားတည်းဖြတ်ခြင်းများကိုလည်းဆောင်ရွက်ပေးရပါသည်။

နှစ်စဉ် မတ်လ ၂၇ ရက်နေ့၌ ကျင်းပပြုလုပ်သည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းကိုယ်စားပြု စစ်ရေးပြတပ်ခွဲ ပါဝင်ချီတက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးခြင်း၊ ပြည်နယ်တိုင်းဒေသကြီးများမှတပ်ဖွဲ့ဝင်များအား စုစည်းခြင်းမှ အခမ်းအနားအပြီး၊ ၎င်းတို့နေအိမ်များသို့ပြန်ရောက်သည်အထိ စီစဉ်ဆောင်ရွက်ပေးရပါသည်။

ထို့အပြင် ကြက်ခြေနီဌာနချုပ်ဝန်ထမ်းများအားအရေးပေါ်တုံ့ပြန်ကယ်ဆယ်ရေးအဖွဲ့များဖွဲ့စည်းပြီး၊ အဖွဲ့များခွဲ၍ အသင့်ပြင်ဆင်စုဖွဲ့ခြင်း၊ ပြည်နယ်/တိုင်းဒေသကြီးအသီးသီးမှ တပ်ဖွဲ့ဝင်များအတွက် အရာရှိခန့်အပ်လွှာရရှိရေးနှင့်အရာရှိစီစစ်ရေးကတ်ရရှိရေးတင်ပြနိုင်စေရန်စည်းကမ်းချက်သတ်မှတ်ပြဌာန်းပေးခြင်း၊ သတ်မှတ်ချက်နှင့်ကိုက်ညီသော လျှောက်ထားမှုများအား တပ်ဖွဲ့မှူးချုပ်ထံတင်ပြ၍ အရာရှိစီစစ်ရေးကတ်နှင့်အရာရှိခန့်အပ်လွှာများရရှိအောင်ဆောင်ရွက်ပေးရပါသည်။

၂၀၁၃ ခုနှစ်တွင် ထူးခြားစွမ်းဆောင်မှုတွင် နှစ်အတန်ကြာဆောင်ရွက်ဖြစ်ခဲ့သည့် အမှုဆောင်ဂုဏ်ထူးဆောင်နှင့် တပ်ဖွဲ့ဝင်ဂုဏ်ထူးဆောင် ၁၅ နှစ်၊ ၃၀ နှစ်၊ အရည်အချင်းပြည့်မီသူများအား ဂုဏ်ထူးဆောင်တံဆိပ်များရရှိအောင် အဆင့်ဆင့်စီစစ်၍ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

## ရှေးဦးပြုစုခြင်းနှင့် အန္တရာယ်ကင်းရှင်းရေးဌာန

မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီး၏ သင်တန်းဌာနကို ၂၀၀၁ ခုနှစ်ဇွန်လ ၁ ရက်နေ့တွင်သင်တန်းဌာနကို စတင်ဖွဲ့စည်းခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် ကျန်းမာရေးဌာန၊ ၂၀၀၉ ခုနှစ်တွင် အဖွဲ့အစည်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးဌာနတို့၏ဖွဲ့စည်းပုံများတွင် သင်တန်းယူနစ်အဖြစ် ထည့်သွင်းပြီး လုပ်ငန်းများကို ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၂ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် သင်တန်းဌာနအား ရှေးဦးပြုစုခြင်းနှင့် အန္တရာယ်ကင်းရှင်းရေးဌာန First Aid and Safety Services Division အဖြစ် အမည်ပြောင်းလဲခဲ့သည်။

ရှေးဦးပြုစုခြင်းနှင့်အန္တရာယ်ကင်းရှင်းရေးဌာနသည် ၁။ နိုင်ငံအဝှမ်း ရှေးဦးပြုစုခြင်းပညာရပ်များပျံ့နှံ့စေရေးအတွက် ကြက်ခြေနီစေတနာလုပ်အားရှင်များနှင့် ရပ်ရွာလူထုအတွက် အကျိုးရှိ၍ထိရောက်သော ရှေးဦးပြုစုခြင်းသင်တန်းများဖွင့်လှစ်သင်ကြားနိုင်စေရန်။

၂။ ရှေးဦးပြုစုခြင်းပညာရပ်များကို လက်ဆင့်ကမ်း သင်ကြားပေးနိုင်မည့် အရည်အချင်းပြည့်ဝသည့် ရှေးဦးပြုစုခြင်းနည်းပြများ မွေးထုတ်ပေးနိုင်ရန်။

၃။ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ပြင်ပအဖွဲ့အစည်းများအတွက်ဖွင့်လှစ်သော ရှေးဦးပြုစုခြင်းသင်တန်းများသည် ဝင်ငွေတိုးလုပ်ငန်းတစ်ရပ်အဖြစ် တည်ရှိနေစေရန် စသည့်ရည်မှန်းချက်များကိုချမှတ်ပြီး ဌာနချုပ်ရှိဌာနအသီးသီး၊ ပြည်နယ်နှင့်တိုင်းဒေသ ကြီးကြက်ခြေနီကြီးကြပ်မှုကော်မတီများနှင့် ပူးပေါင်းပြီး ရည်မှန်းချက်အောင်မြင်အောင် ဆောင်ရွက်လျက်ရှိပါသည်။

**အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများမှာ** ၁။ ရှေးဦးပြုစုခြင်း (အခြေခံ/ သာမန်/ နည်းပြ) သင်တန်း ၂။ အခြေခံပညာဆရာ/ဆရာမများအတွက် ရှေးဦးပြုစုခြင်း(နည်းပြ) သင်တန်း ၃။ရှေးဦးပြုစုခြင်း(နည်းပြ-မွမ်းမံ)သင်တန်း ၄။ လူထုအခြေပြုရှေးဦး



ပြုစုခြင်း(နည်းပြ) သင်တန်း ၅။ လူထုအခြေပြုရှေးဦးပြုစုခြင်း(မွမ်းမံ)သင်တန်း ၆။ သင်ကြားဆက်သွယ်မှုဆိုင်ရာကျွမ်းကျင်မှုသင်တန်း ၇။ စိတ်ပိုင်းလူမှုပိုင်းဆိုင်ရာအားပေးကူညီမှုသင်တန်း ၈။ ရေပြင်သက်ကယ်(နည်းပြ) သင်တန်း ၉။ လူထုအခြေပြုရှေးဦးပြုစုခြင်း(အမြဲတေ) သင်တန်း ၁၀။ အိမ်တွင်းမတော်တဆထိခိုက်ခြင်းမှ ကာကွယ်ခြင်း (ပံ့ပိုးသူ)သင်တန်း ၁၁။ လမ်းပေါ်တွင် မတော်တဆထိခိုက်ခြင်းမှ ကာကွယ်ခြင်း(ပံ့ပိုးသူ)သင်တန်း ၁၂။ အထူးရှေးဦးပြု စုခြင်း (နည်းပြ/မွမ်းမံ) သင်တန်း ၁၃။အသင်းအဖွဲ့တည်ဆောက်ခြင်း နှင့်ဦးဆောင်ခြင်း ဘာသာရပ်သင်တန်း ၁၄။ လူထုလှုပ်ရှားမှုအသွင်ဖြင့် စည်းရုံးလှုံ့ဆော်အကောင်အထည်ဖော်ခြင်း ဘာသာရပ်သင်တန်း ၁၅။ ဝင်ငွေ ရရှေးဦးပြုစုခြင်း(အခြေခံ/မွမ်းမံ) သင်တန်း ၁၆။ ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ် ရှေးဦးပြုစုခြင်းစွမ်းရည်ပြိုင်ပွဲ များကို ဖွင့်လှစ်ပေးလျက်ရှိပါသည်။

## လူမှုကရုဏာလုပ်ငန်းဆိုင်ရာ ပြန်ကြားဆက်သွယ်ရေးဌာန

ပြန်ကြားဆက်သွယ်ရေးဌာနကို ၂၀၀၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှ စတင်ကာ တည်ထောင်ခဲ့သည်။ စေတနာလုပ်အားရှင်များနှင့်ပြည်သူလူထုအား ကြက်ခြေနီဆိုင်ရာအသိပညာပြန့်ပွားရေးနှင့် သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းများကိုဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လှုပ်ရှားမှုပုံရိပ်များကို မှတ်တမ်းတင်ခြင်း၊ မီဒီယာများနှင့်ချိတ်ဆက်ဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင် မိသားစုပြန်လည်ဆက်သွယ်ပေးရေး၊ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးခဲ့ပါသည်။

ကြက်ခြေနီအသိပညာပြန့်ပွားရေးလုပ်ငန်းများကို ပြည်နယ်/တိုင်းဒေသကြီးများမှ ကြက်ခြေနီခေါင်းဆောင်များဖြစ်သည့် ပြည်နယ်/တိုင်းဒေသကြီးအဆင့် ကျန်းမာရေးဦးစီးဌာနမှူးများ၊ ရဲတပ်ဖွဲ့မှူးကြီးများ၊ ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ ကြက်ခြေနီတပ်ဖွဲ့ဦးစီးမှူး (ပထမတန်း)များ၊ ဦးစီးမှူး (ဒုတိယတန်း) များ၊ မြို့နယ်အဆင့် ကျန်းမာရေးဦးစီးမှူးများ၊ ရဲတပ်ဖွဲ့မှူးများ၊ မြို့နယ်ပညာရေးမှူးများ၊ တက္ကသိုလ်/ကောလိပ်နှင့် ကျောင်းကြက်ခြေနီဆရာ/ဆရာမများ၊ ကြက်ခြေနီတပ်ဖွဲ့မှတပ်ရင်းမှူးများအတွက် ကြက်ခြေနီအသိပညာပြန့်ပွားရေးအလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်၊ တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းများအဆင့်မြင့်စည်းရုံးရေးသင်တန်းကျောင်း၊ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်းများတွင်လည်း ကြက်ခြေနီလှုပ်ရှားမှုအသိပညာများကို ဟောပြောပို့ချခဲ့သည်။ ဌာနချုပ်ရှိ အခြားသောဌာနများမှ ဖွင့်လှစ်သည့် သင်တန်းများတွင် ကြက်ခြေနီလှုပ်ရှားမှုအကြောင်းဟောပြောခြင်း၊ အခြားသောလူမှုရေးအသင်းအဖွဲ့များ၊ မီဒီယာများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်/ကောလိပ်များတွင်လည်း ကြက်ခြေနီအကြောင်းသိကောင်းစရာများ ဟောပြောပို့ချခဲ့ပါသည်။ ၂၀၀၉ ခုနှစ်တွင် စာစောင် ၂၂ အုပ်ပါဝင်

သောကြက်ခြေနီအသိပညာပြန့်ပွားရေးစာစုံ (Red Cross Movement Dissemination Kit) ကို ဖြန့်ဝေနိုင်ခဲ့သည်။

ပြန်ကြားဆက်သွယ်ရေးလုပ်ငန်းများအနေဖြင့် သတင်းထုတ်ပြန်ခြင်း၊ လူထုအတွက် ကျန်းမာရေး စောင့်ရှောက်ရေး မှတ်သားဖွယ်ရာသတင်းအချက်အလက်များ၊ သဘာဝဘေးသတိပေးချက်များ၊ သတိပြုဆင်ခြင်ဖွယ်ရာ သတင်းအချက်အလက်များကို ပိုစတာများ၊ လက်ကမ်းစာစောင်များ၊ ဘီလ်ဘုတ်များနှင့် ဖြန့်ဝေအသိပေးကြော်ငြာပေးခြင်း၊ မီဒီယာများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်းတို့ကိုဆောင်ရွက်လျှက်ရှိပါသည်။

ခေတ်နှင့်အညီအသင်း၏လှုပ်ရှားမှုများကို အချိန်နှင့်တပြေးညီထုတ်ပြန်ကြေညာနိုင်ရန် ကိုယ်ပိုင်အင်တာနက်ဝက်ဆိုက်၊ လူမှုကွန်ယက်များ ဖြစ်သောဖေ့စ်ဘွတ် (Facebook) ယူးကျု့ (Youtube) တွတ်တာ (Twitter) ဝက်ဆိုက်များကိုလွှင့်တင်ထားရှိသည်။ ထူးခြားသော အထိမ်းအမှတ်၊ အခမ်းအနားများတွင် ဓာတ်ပုံပြပွဲများကိုလည်းပြုလုပ်ပေးလျှက်ရှိပါသည်။ ထို့ပြင်ကြက်ခြေနီစေတနာ့လုပ်အားရှင်များ၏ မြို့နယ်အလိုက်လူမှုကရုဏာအကူအညီဆောင်ရွက်နေမှုများ၊ ရုံးချုပ်မှဆောင်ရွက်လျှက်ရှိသောလူမှုကရုဏာလုပ်ငန်းများကို အများပြည်သူသိရှိစေရန် မြန်မာနိုင်ငံကြက်ခြေနီအသင်းသတင်းဂျာနယ်ကို ၂၀၀၇ ခုနှစ်မှစတင်ကာ နှစ်လလျှင်တစ်ကြိမ် ထုတ်ဝေလျှက်ရှိပါသည်။

နိုင်ငံလုံးဆိုင်ရာညီလာခံသို့တင်သွင်းသည့်အစီရင်ခံစာ၊ ဗဟိုကောင်စီ အစည်းအဝေးသို့ တင်သွင်းသောအစီရင်ခံစာ၊ လုပ်ဖော်ကိုင်ဖက် အမျိုးသားအသင်းများနှင့် အခြားသောအဖွဲ့အစည်းများအတွက် ပေးပို့ရသော မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ လစဉ်၊ နှစ်ဝက်၊ နှစ်စဉ်အစီရင် ခံစာများကို ပြန်ကြားဆက်သွယ်ရေးဌာနကတာဝန်ယူရေးသားတင်ပြလျှက်ရှိပါသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းအတွက် သတင်းအချက်အလက်နှင့် နည်းပညာပံ့ပိုးထိန်းချုပ်မှုများကို ဌာနကတာဝန်ယူကာဆောင်ရွက်ပေးလျှက်ရှိပါသည်။ လူမှုကရုဏာအကူအညီများကို ခေတ်မှီမြန်ဆန်စွာ ဆောင်ရွက်နိုင်ရန်နှင့်လေ့လာဆည်းပူးမှုများ ပြုလုပ်နိုင်ရန် ၂၀၀၈ ခုနှစ်မှစတင်ကာ ဌာနချုပ်ရှိ ဌာနအားလုံးအတွက် အင်တာနက်ရရှိအောင်ဆောင်ရွက်ပေးခဲ့သည်။ ထို့ပြင် သတင်းအချက်အလက်နည်းပညာ ကွာဟချက်ကြောင့် မလိုလားအပ်သော ဆုံးရှုံးနစ်နာမှုများ မဖြစ်ပေါ်စေရန် ဘေးဒုက္ခအဖြစ်လွယ်ဆုံးသောဒေသအချို့တွင် အင်တာနက်လိုင်းများတပ်ဆင်ပေးခဲ့ပြီး သတင်းအချက်အလက်များကို ရုံးချုပ်သို့အချိန်နှင့်တပြေးညီဆက်သွယ်ပေးပို့ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဌာနတွင်းရှိဝန်ထမ်းများ စွမ်းဆောင်ရည် တိုးတက်စေရန်၊ မိမိတို့ကိုယ်တိုင် ပြည်တွင်း ပြည်ပမှအရည်အသွေးမြင့် သင်တန်းများကို တက်ရောက်လျှက်ရှိသကဲ့သို့ အစီရင်ခံစာများတွင် အသုံးပြုလျှက်ရှိသောဓာတ်ပုံများနှင့်လှုပ်ရှားမှုဓာတ်ပုံမှတ်တမ်းများ အရည်အသွေးကောင်းမွန်စေရန် ရုံးချုပ်ရှိ ဝန်ထမ်းများအားနှင့် မြို့နယ်များရှိ စေတနာလုပ်အားရှင်များအား ဓာတ်ပုံပညာသင်တန်းများပို့ချခြင်း၊ ပြန်ကြားဆက်သွယ်ရေးသင်တန်းများပို့ချခြင်း၊ မြန်မာ နိုင်ငံကြက်ခြေနီအသင်း၏ အုပ်ချုပ်မှုပိုင်းနှင့် အကြီးတန်းစီမံခန့်ခွဲရေးအပိုင်းတွင် တာဝန်ယူထားကြသူများအတွက် မီဒီယာများနှင့် ချိတ်ဆက်ဖြေဆိုရာတွင် အဆင်ပြေစေရန် ပြောရေးဆိုခွင့်ရှိသူ သင်တန်းများ၊ အသိပညာပြန့်ပွားရေးနည်းပြသင်တန်းများနှင့် ကြက်ခြေနီစေတနာ့လုပ်အားရှင်များအတွက် သတင်းအချက်အလက်နှင့် နည်းပညာသင်တန်းများကို ပို့ချပေးခဲ့ပါသည်။

အသင်း၏ဂုဏ်သတင်း၊ ပုံရိပ်ကို ညှိုးနွမ်းကျဆင်းခြင်းတို့မှကာကွယ်နိုင်ရန် မြန်မာနိုင်ငံကြက်ခြေနီအသင်းဝန်ထမ်းများ၊ စေတနာ့လုပ်အားရှင်များအတွက် ပြန်ကြားဆက်သွယ်ရေးမူဝါဒများကို ၂၀၁၄ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်း နိုင်ခဲ့ပါသည်။ ပြန်ကြားဆက်သွယ်ရေးဌာနကို ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် လူမှုကရုဏာလုပ်ငန်းဆိုင်ရာ ပြန်ကြားဆက်သွယ်ရေးဌာနဟု အမည်ပြောင်းကာ လုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်.

## ဘေးဒုက္ခစီမံခန့်ခွဲရေးဌာန

ဘေးဒုက္ခစီမံခန့်ခွဲရေးဌာနသည် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏အ ဓိကလုပ်ငန်းစဉ်(၃)ရပ် အနက် ဘေးဒဏ်ကျရောက်သူများအား ကူညီထောက်ပံ့ခြင်းလုပ်ငန်းကိုဆောင်ရွက်ပါသည်။ ကြိုတင်ပြင်ဆင်ခြင်း၏ ထိရောက်မှုကို ဖေါ်ထုတ်လာကြသည့် နောက်ပိုင်းတွင် ဘေးဒဏ်မကျရောက်မီ ဘေးအန္တရာယ် လျော့ပါးရေး လုပ်ငန်းများကို သာမန်အချိန်များတွင်ပင် ပိုမို ဆောင်ရွက်လာကြသည်။ ခေတ်ကာလနှင့်အညီ ယခင်ကပင်ရေးဆွဲ



ထားသော ဘေးဒုက္ခစီမံခန့်ခွဲရေးမူဝါဒကို ၂၀၁၀ခုနှစ်တွင် ပြန်လည် သုံးသပ်ပြင်ဆင် ခဲ့ကြပါသည်။ ကြက်ခြေနီ အခြေခံမူ ၇ ချက်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ မဟာဗျူဟာ ၂၀၁၅ နှင့် ဘေးဒုက္ခစီမံခန့်ခွဲရေး မူဝါဒတို့နှင့်အညီ ဘေးဒုက္ခစီမံခန့်ခွဲရေးဌာန အနေဖြင့် အောက်ပါ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်–

– ဘေးဒဏ်ကြောင့် ထိခိုက်ဆုံးရှုံးကြရသော အိမ်ထောင်စုများအား ကယ်ဆယ်ရေး အိမ်သုံးပစ္စည်း၊ မိသားစုကျန်းမာသန့်ရှင်းရေးပစ္စည်း၊အမျိုးသမီးသုံးပစ္စည်း၊ ကိုယ်ဝန်ဆောင်သုံးပစ္စည်းများ ထောက်ပံ့ခြင်း။

– ကယ်ဆယ်ရေးအိမ်သုံးပစ္စည်းများအားဝယ်ယူဖြည့်တင်းခြင်း။

– အမျိုးသားကြက်ခြေနီအသင်း၏ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ (NDRT) နှင့် အရေးပေါ် ကယ်ရေးအဖွဲ့ (ERT) သင်တန်းဖွင့်လှစ်ပို့ချပြီး ဖွဲ့စည်းခြင်း၊ အသင့်ပြင်ဆင်ခြင်း၊ အရေးပေါ်တွင် ယင်းအဖွဲ့များအား တာဝန်ပေးခြင်း။

– အရေးပေါ်ကယ်ဆယ်ရေးနှင့်စပ်ဆိုင်သော အထောက်အကူပြုသင်တန်းများ၊ စီမံချက်ဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်း။

– အရေးပေါ်အမိုးအကာအတွက် တာပေါ်လင်၊ ရွက်ဖျင်တဲ၊ လက်သုံးပစ္စည်းထုပ်များထောက်ပံ့ ခြင်း။

– ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ် လျော့ပါးရေး စီမံချက်၊ကျောင်းအခြေပြုဘေးအန္တရာယ်လျော့ပါးရေး စီမံချက်များ၊ မြို့ပြအခြေပြုဘေးအန္တရာယ် လျော့ပါးရေး စီမံချက်များကို အကောင်အထည် ဖေါ်ဆောင်ရွက်ခြင်း။ သဘာဝဘေးအရေးပေါ်ကွပ်ကဲရေးဌာန လုပ်ငန်းများဖြစ်သော ကြိုတင်သတိပေးခြင်း၊ အရေးပေါ်အခြေအနေတွင်ကွပ်ကဲခြင်း၊ အကူအညီများထောက်ပံ့ ပို့ဆောင်ပေးခြင်း၊ အသုံးစရိတ်များ ထောက်ပံ့ခြင်း။

– ဘေးကြီးများအတွက်ကယ်ဆယ်ရေး ဆောင်ရွက်ခြင်းအပြင် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။

– သဘာဝဘေးများသာမက လူ့ပယောဂကြောင် ဖြစ်ပွားသောပဋိပက္ခများ၊ လက်နက်ကိုင်ပဋိပက္ခများ အစရှိသော အခြေအနေများကြောင့် ဆင်းရဲဒုက္ခကျရောက်ကြသူများအား ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ကူညီဆောင်ရွက်ပေးခြင်း။

ယင်းလုပ်ငန်းများအပြင်ဘေးအန္တရာယ် လျော့ပါးရေးလုပ်ငန်းများနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း(IFRC)၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီ ကော်မတီ (ICRC)၊ မိတ်ဖက်ကြက်ခြေနီအသင်းများ (PNSs)၊ ဌာနဆိုင်ရာများ၊ ကုလသမဂ္ဂနှင့်အပြည်ပြည်



ဆိုင်ရာအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းအဖွဲ့များ နှင့် ပူးပေါင်းဆောင်ရွက်ပါသည်။ ဘေးအန္တရာယ် လျှော့ပါးရေးလုပ်ငန်းအဖွဲ့ (DRRWG) တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း ကိုယ်စားပြုပြီးဦးဆောင်ကော်မတီဝင် (Steering Committee)အဖြစ် ဆောင်ရွက်လျက်ရှိပါသည်။

**ထူးခြားသောစွမ်းဆောင်မှုများ**

ဘေးဒုက္ခစီမံခန့်ခွဲရေးဌာန အနေဖြင့် အောက်ပါတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်–

– မြန်မာနိုင်ငံကြက်ခြေနီအသင်းပိုင် ဗဟိုသိုလှောင်ရုံ (သံလျှင်)ကို ဂျပန်နိုင်ငံ ကြက်ခြေနီအသင်း၏ ထောက်ပံ့မှု၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း ၏ မြေတန်ဖိုး ရင်းနှီးမြှုပ်နှံမှုဖြင့်တည်ဆောက်နိုင်ခဲ့ပါသည်။

– အရေးပေါ်စီမံခန့်ခွဲမှု ရန်ပုံငွေကို အရင်းမပျောက်မတည်ငွေ အမေရိကန်ဒေါ်လာ (၄၀၀၀၀၀)ရရှိအောင် စည်းရုံးစာရင်းဖွင့်နိုင်ခဲ့ပြီး ယင်းငွေမှ အတိုးများကို ကယ်ဆယ်ရေးလုပ်ငန်းများတွင် သုံးစွဲနိုင်ခြင်း။

– အရေးပေါ် ကွပ်ကဲရေးဌာန (EOC) ကို နေပြည်တော်တွင် စမ်းသပ်ဆောင်ရွက်လျက်ရှိပြီး မကြာမီ ရန်ကုန်မြို့တွင်ပါ ဖွင့်လှစ်ရန်စီစဉ်ဆောင်ရွက်နိုင်ခြင်း။

– ရခိုင်ပြည်နယ် လူမျိုးရေးပဋိပက္ခနှင့် ကချင်ပြည်နယ် တိုက်ပွဲများကြောင့် အိုးအိမ်စွန့်ခွာကြရသူများအား အထူးစီမံချက်ရုံးများ ဖွင့်လှစ်ထောက်ပံ့နိုင်ခြင်း။ အလားတူမိတ္ထီလာတွင် ဖြစ်ပွားသော ပဋိပက္ခအတွက် ထောက်ပံ့မှုများ ကိုဆောင်ရွက်ခြင်း။

– စီမံချက်ဒေသများတွင် အသင်းခွဲများ ဖွံ့ဖြိုးရေးကိုဆောင်ရွက်ပေးသည့်ပြင် မြေပုံမြို့နယ်အသင်းခွဲရုံး၊ မင်းပြားမြို့နယ်အသင်းခွဲရုံး၊ ဝမြို့နယ်အသင်းခွဲရုံး၊ သံတွဲမြို့နယ်အသင်းခွဲရုံး၊ ကျောင်းကုန်းမြို့နယ်အသင်းခွဲရုံး၊ ကျုံပျော်မြို့နယ်အသင်းခွဲရုံး၊ ကျောက်တန်းမြို့နယ်အသင်းခွဲရုံး၊ မင်းလှမြို့နယ်အသင်းခွဲရုံးများကို ဆောက်လုပ်ပေးခဲ့ခြင်း။

– စီမံချက်ဒေသ ပြည်နယ်–တိုင်းအသင်းခွဲ (၄)ခု၊ မြို့နယ်အသင်းခွဲ (၉)ခုတွင် အသင်းခွဲများ၏ လုပ်ငန်းရေရှည်တည်တံ့စေရန် ဝင်ငွေရလုပ်ငန်းများအတွက် ရင်းနှီးငွေများ ထောက်ပံ့ပေးခြင်း။



## ဘဏ္ဍာရေးဌာန

ဘဏ္ဍာရေးဌာနကို ၁.၁.၂၀၀၄ နေ့မှစတင်၍ ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။ ၄င်းမတိုင်မီက ငွေစာရင်းဌာန အမည်ဖြင့် ဖွဲ့စည်းထားခဲ့သော်လည်း စာရင်းပိုင်းဆိုင်ရာကျွမ်းကျင်သူများမဟုတ်ဘဲ၊ စီမံရေးရာဌာနမှ ဝန်ထမ်း (၃)ဦး/(၄)ဦးခန့်ကိုသာ တာဝန်ပေးအပ်ထားခြင်းဖြစ်၍ ငွေအသွင်း/အထုတ်ကိုသာ ကိုင်တွယ်ဆောင်ရွက်နိုင်ပါသည်။ လချုပ်စာရင်းများ၊ နှစ်ချုပ်စာရင်းများနှင့် အလှူရှင်များထံသို့ ပေးပို့ရမည့် ဘဏ္ဍာရေးအစီရင်ခံစာ (Donor Financial Report) များကို ပြုစုတင်ပြနိုင်ခြင်းမရှိသဖြင့် လည်းကောင်း၊ အလှူရှင်မိတ်ဖက်အဖွဲ့အစည်းများ များပြားလာသဖြင့်လည်းကောင်း ဘဏ္ဍာရေးဌာနကိုဖွဲ့စည်းရန်လိုအပ်လာသဖြင့် ၁.၁.၂၀၀၄ ရက်နေ့မှစတင်၍ ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။

စတင်ဖွဲ့စည်းသည့် ၁.၁.၂၀၀၄ ရက်နေ့၌ ဘဏ္ဍာရေးဌာနတွင် ဌာနမှူး(၁)ဦး၊ ဘဏ္ဍာရေး အရာရှိ (၁)ဦးနှင့် ငွေကိုင်(၁)ဦးကိုသာခန့်ထားနိုင်ခဲ့ပြီး၊ ၂၀၀၄ ခုနှစ် နှစ်ကုန်တွင်ဌာနမှူး(၁)ဦး၊ ဘဏ္ဍာရေးအရာရှိ(၂)ဦး၊ လက်ထောက်ဘဏ္ဍာရေးအရာရှိ(၂)ဦးနှင့်ငွေကိုင်(၁)ဦး၊ စုစုပေါင်းဝန်ထမ်း (၆)ဦးအထိ တိုးမြှင့်ခန့်ထားခဲ့ပါသည်။

၃။ ၂၀၀၄ခုနှစ်မှစတင်၍ ဘဏ္ဍာရေးဌာန၏ တာဝန်များဖြစ်သော လချုပ်အစီရင်ခံစာ၊ နှစ်ချုပ်အစီ ရင်ခံစာ၊ အလှူရှင်များအတွက် ဘဏ္ဍာရေးအစီရင်ခံစာတို့ကို အချိန်နှင့် တပြေးညီပြုစုပေးပို့ခဲ့နိုင်ပြီး၊ အလှူရှင်မိတ်ဖက်အဖွဲ့အစည်းများ တဖြေးဖြေးတိုးတက်များပြား

လာသည်နှင့်အညီ၊ ဘဏ္ဍာရေးဌာန၏လုပ်ငန်းတာဝန်များ များပြားလာသဖြင့် ၂၀၁၄ခုနှစ် အောက်တိုဘာလ၊ လကုန်တွင် ဘဏ္ဍာရေးဌာန၏ ဝန်ထမ်းဦးရေကို (၂၄)ဦး အထိ တိုးမြှင့်ခန့်ထားနိုင်ခဲ့ပါသည်။

ဘဏ္ဍာရေးဌာနမှ ပြုစုရေးသွင်းသော စာရင်းဇယားများအား ၂၀၀၅ခုနှစ်မှစတင်၍ Peachtree Accounting Software ဖြင့် ရေးသွင်းနိုင်ခဲ့ပါသည်။ ၎င်း Peachtree Accounting Software မှာ ငွေကြေးသုံးစွဲမှုပမာဏနည်းပါးစဉ်က အဆင်ပြေချောမွေ့သော်လည်း တစ်နှစ်ထက်တစ်နှစ် အလှူရှင် မိတ်ဖက်အဖွဲ့အစည်းများ တိုးတက်များပြားလာခြင်းနှင့် ငွေကြေးသုံးစွဲမှု ပမာဏများပြားလာခြင်းတို့ကြောင့် ၎င်း Software အား ဆက်လက်သုံးစွဲရန် အဆင်မပြေသဖြင့် ၎င်းထက်ပိုမိုကောင်းမွန်သည့် Accounting Software အား စုံစမ်းရှာဖွေခဲ့ပြီး၊ အလှူရှင် အရေအတွက် စာရင်းအကန့်အသတ်မရှိ၊ ငွေကြေးသုံးစွဲမှုပမာဏ စာရင်းအကန့်အသတ်မရှိ၊ စီမံချက်လုပ်ငန်းအရေအတွက် စာရင်းအကန့်အသတ်မရှိ ပြုစုရေးသွင်းနိုင်သော Microsoft Dynamic Navision Accounting Software အသစ်အား၂၀၁၃ခုနှစ်ဇန်နဝါရီလမှ စတင်၍ အသုံးပြုနိုင်ခဲ့ပါသည်။

၎င်း Navision Accounting Software (NAV) မှာ Online Service ဖြင့် Control ပြုလုပ်ထားခြင်းဖြစ်ပြီး၊ နီပေါနိုင်ငံမှ ကျွမ်းကျင်ပညာရှင်များမှ ဘဏ္ဍာရေးဌာန၏ ဝန်ထမ်းများကို ၎င်း Software အသုံးပြုနည်းနှင့် စာရင်းရေးသွင်းပြုစုနည်းများကို လာရောက်သင်ကြားပို့ချပေးခြင်း၊ လက်တွေ့လေ့ကျင့်ရေးသွင်းစေခြင်းဖြင့် ၎င်း NAV Accounting Software အားအောင်မြင်စွာအသုံးပြုနိုင်ခဲ့ပြီး၊ ဘဏ္ဍာရေးအစီရင်ခံစာများကို အချိန်နှင့်တပြေးညီ ယခင်ထက် ပိုမို လျင်မြန်စွာ ရေးသွင်း ပြုစုနိုင်ပြီဖြစ်ပါသည်။

ဘဏ္ဍာရေးဌာနသည် အထက်ပါစာရင်းရေးသွင်းပြုစုခြင်းများအပြင် ဌာနချုပ်မှဝန်ထမ်းများ၊ စီမံချက်မြို့နယ်များရှိဝန်ထမ်းများနှင့် ကြက်ခြေနီစေတနာ့လုပ်အားရှင်များအား ဘဏ္ဍာရေးဆိုင်ရာလုပ်ထုံးလုပ်နည်း သင်တန်းများနှင့် ဘဏ္ဍာရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို Cyclone Nargis Operation ပြန်လည်ထူထောင်ရေးလုပ်ငန်းများပြီးစီးပြီးနောက် ၂၀၁၂ခုနှစ်မှစတင်၍ တစိုက်မတ်မတ်ဆောင်ရွက်ခဲ့ရာ၊ ၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ် အောက်တိုဘာလကုန်အထိ ဘဏ္ဍာရေးဆိုင်ရာသင်တန်း ၆၆ ကြိမ်၊ သင်တန်းသား ၁၀၉၂ ဦးကို ပို့ချနိုင်ခဲ့ပါသည်။

ထို့ပြင် ၁၉၉၃ ခုနှစ်ကတည်းက ထုတ်ပြန်ထားခဲ့သော ဘဏ္ဍာရေးစည်းမျဉ်းမှာလက်ရှိခေတ်ကာလအခြေအနေ၊ ငွေကြေးသုံးစွဲမှုပမာဏများနှင့်ဆီလျော်မှု မရှိတော့သဖြင့် ခေတ်ကာလအခြေအနေနှင့် လိုက်လျောညီထွေမည့် ဘဏ္ဍာရေးစည်းမျဉ်းအသစ်ကို ပြန်လည်ရေးဆွဲပြီး ၂၀၀၈ခုနှစ်တွင် ပြဋ္ဌာန်းအတည်ပြုနိုင်ခဲ့ပါသည်။ ထို့ပြင် Cyclone Nargis Operation ကာလအတွင်းတွင် လည်းကောင်း၊ Cyclone NargisOperation ပြီးစီး သွားသည့်နောက်ပိုင်းကာလတွင် ဆက်လက်ဆောင်ရွက်သည့် စီမံချက်လုပ်ငန်း အသီးသီးအတွက်လည်းကောင်း၊ ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက် Financial Guide Line များကိုလည်း အချိန်နှင့်တပြေးညီ ပြုစုအတည်ပြုပေးခဲ့ပြီး၊ ၎င်း Guide Line နှင့်အညီ ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။





## အဖွဲ့အစည်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးဌာန

### (ယခင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ညှိနှိုင်းဆောင်ရွက်ရေးယူနစ်)

၁၉၉၃ ခုနှစ်တွင် ဗဟိုကောင်စီမှ ပြင်ဆင်ရေးဆွဲအတည်ပြုခဲ့သောဖွဲ့စည်းပုံအရ အမှုဆောင်ညွှန်ကြားရေးမှူးနှင့်ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူးများပါဝင်သော ၄၇ ဦးဖြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်အား ဖွဲ့စည်းပြင်ဆင်ခဲ့သည်။ ပြင်ဆင်ထားသောဖွဲ့စည်းပုံအရ စီမံရေးရာဌာန၊ ဘဏ္ဍာရေးဌာန၊ ပြန်ကြားဆက်သွယ်ရေးဌာန၊ စည်းရုံးရေးဌာနစသောဌာန ၄ ခုဖြင့် တိုးချဲ့ဖွဲ့စည်းခဲ့သည်။

၁၉၉၇ ခုနှစ်တွင် မြို့နယ်အဆင့်ကြက်ခြေနီတပ်ခွဲတစ်ခွဲဖွဲ့စည်းပုံအား တပ်ရင်းအဆင့်တိုးမြှင့် ဖွဲ့စည်းရန်နိုင်ငံတော်အဆင့်ညွှန်ကြားချက်အရ မြို့နယ်/ ပြည်နယ်နှင့်တိုင်းများသို့ ညွှန်ကြားခဲ့သည်။ ၎င်းညွှန်ကြားချက်အရ မြို့နယ်များရှိ ကြက်ခြေနီတပ်ဖွဲ့ဝင်အင်အားသည် စာရင်းဇယားအရ တစ်သိန်းခြောက်သောင်းကျော်အထိရှိသော်လည်း လက်တွေ့အခြေအနေတွင် ကြက်ခြေနီတပ်ဖွဲ့ဝင် အင်အားမှန်ကို နည်းပါးစွာတွေ့ရှိရပါသည်။

၂၀၀၃ ခုနှစ် တွင် British RC ၏ ပံ့ပိုးကူညီမှုဖြင့် အသင်းခွဲလေ့လာဆန်းစစ်မှု Survey အား မြို့နယ် ၄၀ မြို့နယ်တွင်ပြုလုပ်ခဲ့ပြီး ၂၀၀၄ ခုနှစ်တွင် အသင်းခွဲဆန်းစစ်လေ့လာမှုအစီရင်ခံစာကိုထုတ်ပြန်ခဲ့သည်။ ၎င်း အစီရင်ခံစာအရ ဌာနချုပ်တွင် အသင်းခွဲ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်နိုင်ရန် ဌာနတစ်ခုရှိရန်လိုအပ်ကြောင်း သိရှိလာခဲ့သည်။

အလားတူ ၂၀၀၆ ခုနှစ်တွင်ဖက်ဒရေးရှင်း(ဂျီနီဗာရုံး)မှ ပေးပို့ခဲ့သော NS Assessment မေးခွန်းလွှာများအား ဖြေဆိုခဲ့သည့်အတွက် မြန်မာနိုင်ငံကြက်ခြေနီ၏ Branch Development လုပ်ငန်းများနှင့် Organizational Development လုပ်ငန်းများအား ဆောင်ရွက်ရန်အတွက် ညှိနှိုင်းရေးမှူးနှစ်ဦးအား လစာထောက်ပံ့မှုဖြင့် **ဖွံ့ဖြိုးတိုးတက်ရေးနှင့် ညှိနှိုင်းဆောင်ရွက်ရေးယူနစ်** အား စတင်တည်ထောင်ရန် ဖက်ဒရေးရှင်း(မြန်မာရုံး)မှ ကမ်းလှမ်းလာခဲ့ပါသည်။ ၎င်း ကမ်းလှမ်းချက်အရ မြန်မာနိုင်ငံကြက်ခြေနီအသင်း အချိန်ပြည့်အမှုဆောင်အဖွဲ့နှင့် ဗဟိုကောင်စီ၏ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ရာတွင်လည်းကောင်း၊ အသင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပံ့ပိုးကူညီရာတွင်လည်းကောင်း၊ ဌာနချုပ်ရှိဌာနအသီးသီးနှင့်ပြည်နယ်/တိုင်း၊ ခရိုင်နှင့် မြို့နယ်ကြက်ခြေနီအသင်းခွဲများအား ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ညှိနှိုင်းဆောင်ရွက်ရေးယူနစ် (Deve-lopment and Coordination Unit) ကို **၂၀၀၅ခုနှစ် ဧပြီလ ၁ ရက်နေ့**တွင် စတင်တည်ထောင်ခဲ့ပါသည်။ ၎င်းယူနစ်သည် အသင်းခွဲဖွံ့ဖြိုးတိုးတက်ရေး၊ လူငယ်နှင့်ကြက်ခြေနီ စေတနာလုပ်အားရှင်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ဥပဒေပြင်ဆင်ရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်ခဲ့ပြီး အသင်းခွဲဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အား ရွေ့ပြေး ၁၇ မြို့နယ်တွင် ၂၀၀၅ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ သုံးနှစ် စမ်းသပ်ဆောင်ရွက်ခဲ့သည်။



၂၀၀၆ ခုနှစ်တွင် အရေးပေါ်အခြေအနေတွင် အဆင့်သင့်ရရှိနိုင်သော လေ့ကျင့်ထားသော ကြက်ခြေနီစေတနာလုပ်အားရှင်အင်အားမှန်ကို သိရှိနိုင်ရန်အတွက် ကြက်ခြေနီစေတနာလုပ်အားရှင် မှတ်ပုံတင်ကဒ်ဖြည့်သွင်းခြင်းစနစ် Manual Red Cross Volunteer Registration system အားစတင်ခဲ့သည်။ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ညှိနှိုင်းဆောင်ရွက်ရေးယူနစ်၏ စီမံချက်ရန်ပုံငွေထောက်ပံ့မှုဖြင့် ကြက်ခြေနီ လူမှုကရုဏာလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့ကြသည့် ထူးချွန်ကြက်ခြေနီ ၁၆၂ ဦးအား ၂၀၀၆ ခုနှစ်မေလတွင်ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲစခန်းသွင်းကျင်းပ၍ ဂုဏ်ပြုပေးခဲ့သည်။ အသင်းခွဲဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် ၂၀၀၅–၂၀၀၇ အားဖြင့်

ရှေ့ပြေးစီမံချက် မြို့နယ် ၁၇ မြို့နယ်နှင့် အခြား ၁၀ မြို့နယ်မှ ကြက်ခြေနီခေါင်းဆောင် ၁၁၅ ဦးအား အခြေခံ၊ သာမာန်နှင့် Project Planning Process and Project Cycle Management သင်တန်းများပို့ချလေ့ကျင့်ပေးနိုင်ခဲ့ခြင်း၊ လူငယ်သွေးလှူရှင်စုဆောင်းရေးအစီအစဉ်(Pledge 25)အား ကြက်ခြေနီလူငယ် ၁၁၇ ဦးနှင့် စတင်ဆောင်ရွက်ခဲ့ခြင်း၊ ကျောင်းကြက်ခြေနီလှုပ်ရှားမှုများ အတွက် ၂၀၀၆–၂၀၀၇ တွင် ၈၇ မြို့နယ်နှင့်၂၀၀၈–၂၀၀၉ တွင် ၂၇ မြို့နယ်တို့မှမြို့နယ်ပညာရေးမှူးများနှင့် ဆရာ/ဆရာမ ၄၅၆ ဦးအား ကျောင်းကြက်ခြေနီလှုပ်ရှားမှုလုပ်ငန်းများအား အသိပေးရှင်းလင်းတင်ပြခြင်း ဆောင်ရွက်နိုင်ခဲ့သည်။

၂၀၀၈ ခုနှစ်တွင် ကြက်ခြေနီအသင်းဝင်စည်းရုံးရေးလက်ကမ်းစာစောင်နှင့် ပိုစတာများရိုက်နှိပ်ဖြန့်ဝေခြင်း၊ တပ်ဖွဲ့ဝတ်စုံစည်းမျဉ်းစာအုပ်နှင့် ကျောင်းဆရာ/ ဆရာမများ/မြို့နယ်ပညာရေးမှူးများနှင့်တက္ကသိုလ်/ ကောလိပ်များအတွက် လုပ်ငန်းအသိပေးရှင်းလင်းတင်ပြ ခြင်းလက်စွဲများကိုရေးသားဖြန့်ဝေခဲ့သည်။

၂၀၀၈ ခုနှစ်မှ စတင်ကာ နှစ်စဉ်ထူးချွန်ကြက်ခြေနီလူငယ် ၅၀ ဦးအား လူငယ်ခေါင်းဆောင်သင်တန်းကိုဖွင့်လှစ်လေ့ကျင့်ပေးခဲ့ပြီး လေ့ကျင့်ပေးထားသော လူငယ်ခေါင်းဆောင်များမှ ကြက်ခြေနီအသိပညာဖြန့်ဝေခြင်း၊ လူငယ်ကြက်ခြေနီအသင်းဝင်သစ်များစည်းရုံးခြင်း၊ ပုံမှန်သွေးလှူဒါန်းခြင်း၊ တက္ကသိုလ်/ကောလိပ် ကြက်ခြေနီအသင်းခွဲများဖွဲ့စည်းခြင်း၊ ရှေးဦးပြုစုခြင်းသင်တန်းများဖွင့်လှစ်ရာတွင် ကူညီခြင်းနှင့်လူထုအခြေပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းတို့ပြုလုပ်ခဲ့ကြသည်။

၂၀၀၈ ခုနှစ် နာဂစ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်သည့်အခါ ကြက်ခြေနီစေတနာလုပ်အားရှင်များ၏ အခန်းကဏ္ဍသည် အထူးအရေးပါသကဲ့သို့ ဖွံ့ဖြိုး တိုးတက်ရေးနှင့် ညှိနှိုင်းဆောင်ရွက်ရေးယူနစ်၏ အခန်း ကဏ္ဍနှင့်လုပ်ဆောင်မှုစွမ်းရည်သည်လည်း ပိုမိုထင်ရှားလာခဲ့သည်။ ကြက်ခြေနီစေတနာလုပ်အားရှင်များ၏ စိတ်ဓာတ်နှင့် စွမ်းဆောင်ရည်သည် အမျိုးသားကြက်ခြေနီလခြမ်းနီအသင်းတစ်ခုကို ပြောင်းလဲမှုပေးနိုင်ကြောင်းတင်ပြခဲ့သော Fostering Voluntary services in a changing National Society စာတမ်းသည် ၂၀၁၀ ခုနှစ်တွင် ဂျော်ဒန်နိုင်ငံ အာမန်မြို့တွင် ကျင်းပခဲ့သော 8th Asia Pacific Conference တွင် ကြက်ခြေနီနှင့် လခြမ်းနီအဖွဲ့များအတွက် စိတ်ဝင်စားစွာဆွေးနွေးသောခေါင်းစဉ်တစ်ခုဖြစ်လာခဲ့သည်။

၂၀၁၀ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ညှိနှိုင်း ဆောင်ရွက်ရေးယူနစ်အား အဖွဲ့အစည်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးဌာနအဖြစ် တိုးမြှင့်ဖွဲ့စည်းခဲ့ပါသည်။

၂၀၁၀ ခုနှစ်တွင်Swedish ကြက်ခြေနီ၏ကူညီမှုဖြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းမဟာဗျူဟာ ၂၀၁၁–၂၀၁၅ အားရေးဆွဲခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် ထူးချွန်ကြက်ခြေနီစခန်းအား နေပြည်တော်တွင်လည်းကောင်း၊ ၂၀၁၃ ခုနှစ်တွင် မွန်ပြည်နယ် မော်လမြိုင်မြို့တွင်လည်းကောင်း၊ ၂၀၁၄ ခုနှစ်တွင် ရန်ကုန်တိုင်းလှိုင်မြို့နယ်နှင့် နေပြည်တော်တွင်လည်းကောင်းဖွင့်လှစ်ခဲ့သည်။ ၂၀၁၄ ခုနှစ်မေလတွင် ထူးချွန်ကြက်ခြေနီစခန်းအား ရန်ကုန်တိုင်းအမှတ် ၂ စစ်ကြောရေးစခန်း ဘုရင့်နောင်တွင်ကျင်းပခဲ့ပါသည်။





# ကျန်းမာရေးဌာန

## လူထုအခြေပြုငှက်ဖျားရောဂါကာကွယ်ရေးစီမံချက်
**Community based program for Malaria prevention**

လူထုအခြေပြု ငှက်ဖျားရောဂါကာကွယ်ရေး စီမံချက်ကို UNOPS/Global Fund ထောက်ပံ့မှုဖြင့် ၂၀၁၁ ခုနှစ်၊ ဧပြီလမှစတင်ကာ ရှမ်းပြည်နယ်အတွင်းရှိ တောင်ကြီး၊ ဟိုပုံး၊ ဆီဆိုင်၊ လဲချား၊ ကွန်ဟိန်း၊ နမ့်စန်၊ မိုင်းကိုင်၊ ရပ်စောက်၊ ဖယ်ခုံ၊ ရွာငံမြို့နယ် ၁၀ ခုတွင် ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ မြို့နယ်များတွင် ပြည်သူလူထုအား တာရှည်ခံ ဆေးစိမ်ခြင်ထောင် အခမဲ့ဖြန့်ဝေပေးခြင်း။ အခမဲ့ ရောဂါရှာဖွေကာ ဆေးကုသပေးခြင်း၊ ကျန်းမာရေးအသိ ပညာပေးဟောပြောပွဲများပြုလုပ်ခြင်း၊ စေတနာလုပ်အားရှင်များ အား ငှက်ဖျားရောဂါကာကွယ်ရေး သင်တန်းများပို့ချခြင်းကို ဆောင်ရွက်လျက်ရှိသည်။

၂၀၁၁ခုနှစ်တွင် ကျေးရွာ ၃၀၀၊ ၂၀၁၂ ခုနှစ် တွင် ကျေးရွာ၆၀၀၊၂၀၁၃ခုနှစ်တွင်ကျေးရွာ၆၀၀၊ ၂၀၁၄ ခုနှစ်တွင် ကျေးရွာ၇၂၀၊ စုစုပေါင်းကျေးရွာ၇၂၀တွင် အခမဲ့ရောဂါ ရှာဖွေကာပေးပြီး၊ ရောဂါသည်များအား ဆေးကုသပေးနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

## မိခင်မွေးကင်းစကလေးနှင့် ၅ နှစ်အောက် ကလေးငယ်များကျန်းမာရေးစောင့်ရှောက်မှုစီမံကိန်း
**Community Based Maternal, New Born and under 5 Children Health Program**

၂၀၁၂ ခုနှစ် ဇန်နဝါရီမှစတင်၍ 3MDG ထောက်ပံ့ မှုဖြင့် မင်းတပ်မြို့တွင်လည်းကောင်း၊ ဗြိတိန်၊ ဒိန်းမတ်၊နော်ဝေ၊ဆွီဒင်၊ ဩစထရီးယားနိုင်ငံတို့၏ Consortium အထောက်အပံ့ဖြင့် စစ်ကိုင်း၊ မိုးကုတ်၊ ဖလမ်း၊ မတူပီမြို့နယ်များရှိ ကျေးရွာပေါင်း၇၈ရွာရှိ လူဦးရေစုစုပေါင်း ၃၀၀၀၀ ကို ဦးတည်လျက်လည်းကောင်း၊ ဥရောပသမဂ္ဂ အထောက်အပံ့ဖြင့် ဖလမ်းမြို့နယ်အတွင်း လည်းကောင်း ဆောင်ရွက်နေသည်။

စီမံချက်လုပ်ငန်းများမှာ ကိုယ်ဝန်စောင့်ရှောက်ခြင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ခြင်း၊ ၅နှစ်အောက်ကလေးများ အား အခြေခံကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊အရေးပေါ် လူနာညွှန်းပို့ဆောင်ပေးခြင်း၊ ပဏာမကျန်းမာရေးစောင့် ရှောက်မှုပေးခြင်း၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း များဖြစ်သည်။

## အိပ်ချ်အိုင်ဗွီဆိုင်ရာ လူထုအခြေပြုကျန်းမာရေး ဖွံ့ဖြိုးမှုစီမံချက်
**Community Based Health Development HIV**

၂၀၀၅ ခုနှစ်မှစတင်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း နှင့် ဒိန်းမတ်ကြက်ခြေနီအသင်းတို့ ပူးပေါင်းဆောင်ရွက်လျက် ရှိသည်။ စီမံချက်မြို့နယ်များမှာ စစ်ကိုင်း၊ မိုးကုတ်၊ ရွှေဘို၊ စဥ့်ကူး၊ ညောင်ဦးမြို့နယ်များဖြစ်သည်။

စီမံချက်လုပ်ငန်းများမှာ အိပ်ချ်အိုင်ဗွီကူးစက်ခံရသူ အချင်းချင်းထောက်ပံ့ကူညီစောင့်ရှောက်ပေးခြင်း၊ ဆေး ကုသစရိတ်၊ ဆေးဝါးထုတ်ယူစရိတ်ပံ့ပိုး၊ ဆေးဝါးရရှိရေး ကူညီပေးခြင်း၊ အိမ်တိုင်ရာရောက်ပြုစုစောင့်ရှောက်ပေးခြင်း၊



ကျန်းမာရေးအသိပညာပေးခြင်း၊ ဝင်ငွေတိုးလုပ်ငန်းများ ဖြစ်သည့် ယက်ကန်းလုပ်ငန်း၊ ကျောက်ပန်းချီလုပ်ငန်း၊ ကျောက်ပုတီးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ငွေစုငွေချေးလုပ်ငန်း၊ ပင်မင်းလုပ်ငန်းဆောင်ရွက်နိုင်ရန်ငွေ ကြေးထောက်ပံ့မှု ပေးလျက်ရှိပါသည်။၂၀၁၄ ခုနှစ်တွင် အိပ်ချ်အိုင်ဗွီကူးစက် ခံသူများပါဝင်သော ကိုယ်အားကိုယ်ကိုးအဖွဲ့များကိုဖွဲ့စည်း ပြီး၊ ဝင်ငွေတိုးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက် နိုင်ရန် စီစဉ်ထားရှိသည်။

## ခြေတုလက်တုဆိုင်ရာပြန်လည်သန်စွမ်းရေး ဌာန(ဖားအံ)
**Hpa-an Orthopaedic Rehabilitation Centre**



မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အိုင်စီအာစီ တို့ ပူးပေါင်းကာ ခြေတုလက်တုဆိုင်ရာ ပြန်လည်သန်စွမ်းရေး ဌာန (ဖားအံ)ကို ၂၀၀၃ ခုနှစ်မှစတင်၍ ကရင်ပြည်နယ် ဖားအံမြို့နယ်၊ လှာကမြင်ကျေးရွာအုပ်စု၊ တဝန်သံကျေးရွာ တွင် ဖွင့်လှစ်ခဲ့သည်။ လူနာများအတွက် အိပ်ဆောင်ဖြင့် ရှိပြီး၊ ၅၂ ကုတင်ရှိ ပြန်လည်သန်စွမ်းရေးဌာန တစ်ခုဖြစ်ကာ ဝန်ထမ်းပေါင်း ၄၈ ဦးရှိသည်။ အဆိုပါဌာနတွင် ကရင်၊ မွန်၊ ကယား၊ တနင်္သာရီ၊ ပဲခူး(အရှေ့)စသည့် ပြည်နယ်/ တိုင်းဒေသကြီးတို့မှ လူနာများကိုရှာဖွေ တပ်ဆင်ပေးလျက် ရှိပါသည်။

ခြေတုလက်တုဆိုင်ရာ ပြန်လည်သန်စွမ်းရေးဌာန တွင် ခြေတု ခြေဖဝါး လက်တု၊ အားပြုကရိယာများကို ထုတ်လုပ်ပေးလျက်ရှိသည်။ ၂၀၀၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်ထိ ခြေတုလက်တုတပ်ဆင်ပေးခဲ့သူပေါင်း ၅၃၁၇ဦး ရှိခဲ့ပြီး၊ ဌာနမှ ခြေတုလက်တုပေါင်း ၈၁၇၀၊ အားပြုကိရိ ယာ ၁၁၄၊ လက်ထောက် ဂျိုင်းထောက် ၁၁၉၃၀ ကို ထုတ်လုပ် တပ်ဆင်ပေးနိုင်ခဲ့သည့်အပြင် ဘီးတပ်ကုလားထိုင် ၁၁၂ခု ကိုလည်း ထောက်ပံ့ပေးခဲ့သည်။

ခြေတုလက်တုဆိုင်ရာ ပြန်လည်သန်စွမ်းရေးဌာန သည် ခြေတုလက်တု၊ အားပြုကိရိယာ၊ လက်ထောက်၊ ဂျိုင်းထောက်၊ ဘီးတပ်ကုလားထိုင်များကို အခမဲ့ထောက်ပံ့ ပေးခြင်း၊ ခြေတုတပ်ဆင်သူများအား လာရောက်တပ်ဆင်စဉ် အသွားအပြန်ခရီးစရိတ်နှင့် နေထိုင်စားသောက်စရိတ် ထောက်ပံ့ပေးသည်။ နှစ်စဉ် ဧပြီနှင့်မေလတွင် နွေရာသီ ကလေးများအား ခြေတုတပ်ဆင်ရေးအစီအစဉ်ကို ပြုလုပ် ပေးနေသည်။ ထို့အပြင်ဒေသအနှံ့ ခြေတုပြုပြင်ရေးအစီအစဉ် mobile repair service ကိုလည်း အကောင်အထည် ဖော်လျက်ရှိရာ စီမံချက်ဝင်မြို့နယ်များသို့ သွားရောက်ကာ ခြေတုပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါ သည်။

## လူထုအခြေပြုကျန်းမာရေးစီမံချက်
Community Based Health and Resilience Project (CBHR)

၂၀၁၁ ခုနှစ် ဇွန်လမှစတင်၍ ဩစတြေးလျ ကြက်ခြေနီ၏ ထောက်ပံ့မှုဖြင့်၊ လူထုအခြေပြုကျန်းမာရေး စီမံချက်ကို မကွေးတိုင်း တောင်တွင်းကြီးမြို့နယ်တွင် ကျေးရွာ ၅ ရွာ၊ ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ ဥသျှစ်ပင်မြို့တွင်ကျေးရွာ ၉ ရွာရှိ လူဦးရေစုစုပေါင်း ၁၀၀၀၀ အတွက်၊ ကျောင်းအခြေပြုကျန်းမာရေး၊ တစ်ကိုယ်ရည်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး မြင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။



စီမံချက်လုပ်ငန်းအဖြစ် ကျောင်းကျန်းမာရေး အထောက်အကူပြုပစ္စည်း၊ ကျန်းမာရေးပညာပေးခြင်း၊ ကျန်းမာရေးအလေ့အကျင့်များ ပြုစုပျိုးထောင်ပေးခြင်း၊ ပြည်သူလူထုအခြေပြုကျန်းမာရေး၊ တစ်ကိုယ်ရည်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး မြင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးနေသည်။ ထို့အပြင် ဆေးစိမ်ခြင်ထောင်နှင့် ခြင်ထောင် စိမ်ဆေးပြားများကိုလည်း ဝေငှပေးလျက်ရှိသည်။

ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးမြင့်တင်ခြင်း လုပ်ငန်းများဖြစ်သည့် ရေတွင်းရေကန်ပြုပြင်ခြင်း၊ အသစ်တူး ဖော်ပေးခြင်း၊ အိမ်သာခွက်နှင့်ပိုက်များ ဖြန့်ဝေပေးခြင်း၊ စာသင်ကျောင်းအိမ်သာများ ဆောက်လုပ်ပေးခြင်းများကို ပြုလုပ်ပေးနေပါသည်။

၂၀၁၃ ခုနှစ်မှစတင်၍ ဩစတြေးလျကြက်ခြေနီ၏ ထောက်ပံ့မှုဖြင့် CBHR-WIN Project ကို စတင် အကောင်အထည်ဖော်လျက်ရှိရာ စာသင်ကျောင်းများတွင် (မသန်စွမ်းကလေးငယ်များ အတွက်ပါ ရည်ရွယ်သော) အိမ်သာများ ဆောက်လုပ်ပေးခြင်း၊ လက်ဆေးရာတွင် အသုံးပြုသောပစ္စည်းများ ထောက်ပံ့ပေးခြင်းကို ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင်ကျေးရွာအတွင်း သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ရေတွင်းရေကန်များ ပြုပြင်တည်ဆောက်ပေးခြင်း၊ တုံကင်များတပ်ဆင်ပေးခြင်း၊ ကျေးရွာလူထုအတွက် ရေစင်နှင့်ရေဖြန့်ဝေမှု အစီအစဉ်များ ဆောင်ရွက်ပေးခြင်း၊ အမှိုက်ကန်များ တည်ဆောက်ပေးခြင်း၊ ယင်လုံ အိမ်သာများ စနစ်တကျ သုံးစွဲလာစေရန် ပညာပေးခြင်း၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ နည်းပညာနှင့်ပစ္စည်းများထောက်ပံ့ခြင်းကို ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ လုပ်ငန်းများဆောင်ရွက်ရာတွင် ဒေသခံလူထု ပူးပေါင်းပါဝင်လာနိုင်ရန် ကျေးရွာကော်မတီများကို ဖွဲ့စည်းဆောင်ရွက်စေခဲ့ပါသည်။

## လူထုအခြေပြုတီဘီရောဂါကာကွယ်စောင့်ရှောက်ရေး လုပ်ငန်း

### Community Based Care Tubercusis Project

မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ဖက်ဒရေးရှင်းတို့ ပူးပေါင်းဆောင်ရွက်သော လူထုအခြေပြုတီဘီရောဂါ ကာကွယ် စောင့်ရှောက်ရေးလုပ်ငန်း စီမံချက်ကို ၂၀၁၅–၂၀၁၁ထိ ရန်ကုန်တိုင်း သာကေတ၊ မရမ်းကုန်း၊ သင်္ကန်းကျွန်း၊ တွံတေး၊ ဒလ၊ လှိုင်၊ ကွမ်းခြံကုန်း၊ ဧရာဝတီတိုင်း ဒေးဒရဲ၊ ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်၊ မော်ကျွန်း၊ လပွတ္တာ၊ ငပုတော၊ ပုသိမ်မြို့နယ်များတွင် ဆောင်ရွက်ခဲ့သည်။

စီမံချက်လုပ်ငန်းများအဖြစ် တီဘီလူနာများအား အိမ်တိုင်ရာရောက် ကျန်းမာရေးပညာပေးခြင်း၊ တီဘီပိုးတွေ့လူနာနှင့်အတူနေ မိသားစုအား ပညာပေးခြင်း၊ သံသယရှိသောလူနာများအား ကျန်းမာရေးဌာနသို့ ညွှန်းပို့ပေးခြင်း၊ ဆေးသောက်ပျက်ကွက် လူနာများအား ညွှန်းပို့ပေးခြင်း၊ လူနာများအတွက် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ခြင်းများ ပြုလုပ်ခဲ့သည်။ ၂၀၁၂ ခုနှစ်မှစတင်ကာ မြန်မာနိုင်ငံကြက်ခြေနီအသင်းရံပုံငွေဖြင့် ပုသိမ်မြို့နယ်တွင် ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းလျက် နေပြည်တော်တိုင်း တပ်ကုန်း၊ လယ်ဝေး၊ မန္တလေးတိုင်း ရမည်းသင်း၊ ပျော်ဘွယ်၊ စဉ့်ကိုင်၊ ရန်ကုန်တိုင်း ကျောက်တန်း၊ ကော့မှူး၊ တွံတေး၊ သုံးခွ၊ စစ်ကိုင်းတိုင်း ဒီပဲယင်း၊ ရေဦး၊ ယင်းမာပင်၊ ရွှေဘို၊ ရှမ်းပြည်နယ် နောင်ချို၊ ကျောက်မဲ၊ သီပေါမြို့နယ် များရှိ တီဘီရောဂါ သံသယရှိသူများအား ရှာဖွေဖော်ထုတ်ပေးခြင်းနှင့် မြို့နယ်ဆေးရုံသို့ ညွှန်းပို့ပေးခြင်း၊ ရောဂါရှိသူများအား DOTS ရောဂါကုထုံးနှင့်အညီ ဆေးသောက်မပျက်ကွက်ရန် ကြီးကြပ်ပေးခြင်း သို့မဟုတ် ကိုယ်တိုင် ဆေးတိုက်ကျွေးခြင်း တို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

## လူထုအခြေပြုကျန်းမာရေးနှင့် ရှေးဦးပြုစုခြင်းစီမံကိန်း

### Community Based Health and First Aid Programe

၂၀၁၀ ခုနှစ်တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ဖက်ဒရေးရှင်း (အလှူရှင် ဆွီဒင်၊ ဟောင်ကောင်၊ဖင်လန်နိုင်ငံ) ထောက်ပံ့မှုဖြင့် လူထုအခြေပြုကျန်းမာရေးနှင့် ရှေးဦးပြုစုခြင်းစီမံကိန်းကို နေပြည်တော်လယ်ဝေး၊ မြောင်းမြ၊ ဝါးခယ်မ၊ ကျိုက်လတ်၊ လပွတ္တာ၊ မအူပင်၊ တောင်ကုတ် ပေါက်ခေါင်းမြို့နယ်ရှိ ကျေးရွာပေါင်း ၁၃၄ ရွာတွင် ဆောင်ရွက်ခဲ့သည်။ ၂၀၁၃ခုနှစ် နောက်ပိုင်းတွင် လှိုင်ကော်၊ ဒီးမော့ဆို၊ တွံတေး၊ ဒလ၊ ရွှာင်၊ ပေါက်ခေါင်း၊ မိုင်းဖြတ် မြို့နယ်များရှိကျေးရွာ ၁၉၆ ရွာတွင် တိုးချဲ့ဆောင်ရွက်လျက်ရှိပါသည်။ မြို့နယ်ကွင်းဆင်း ကြီးကြပ်ရေးမှူးနှင့် လက်ထောက်များကို ခန့်ထားဆောင်ရွက်လျက်ရှိသည်။

စေတနာလုပ်အားရှင်များအား လူထုအခြေပြုကျန်းမာရေးနှင့် ရှေးဦးပြုစုခြင်းနည်းပြသင်တန်းကို ပို့ချကာ စီမံချက်လုပ်ငန်းများကို အကောင်အထည်ဖော်ခဲ့သည်။



အဆိုပါ စေတနာလုပ်အားရှင်များအားသည် ရပ်ရွာလူထု၏ ဒေသတွင်း ဖော်ထုတ်ရရှိသော ဦးစားပေးပြဿနာများ ကို ရှာဖွေဖော်ထုတ်ပြီး ရပ်ရွာ၏လိုအပ်ချက်များကို ဆောင်ရွက်ပေးခဲ့သည်။ ထိုသို့ဆောင်ရွက်ရာတွင် ရေတွင်း၊ ရေကန်၊ တူးဖော်ပြင်ဆင်၊ အိမ်သာ၊ ကျောင်းအိမ်သာ၊ လမ်းခင်း၊ တံတားဆောက်၊ မီးသတ်ရေကန် တည်ဆောက်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကြက်ခြေနီစေတနာလုပ်အားရှင်များက (၁၀)အိမ်ကို တစ်ယောက်နှုန်းတာဝန်ယူလျက် ဦးစားပေးကျန်းမာရေး ပြဿနာများကို ပညာပေးခြင်း၊ ပြုစုပေးခြင်း၊ ညွှန်းပို့ပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိသည်။

## ကလေးသူငယ်အကာအကွယ်ပေးရေးစီမံချက်
Child Protection Project

မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ယူနီဆက်တို့ ပူးပေါင်းဆောင်ရွက်သည့် ကလေးသူငယ် အကာအကွယ်ပေးရေး စီမံချက်ကို ၂၀၀၆ စက်တင်ဘာလမှ စတင်ဆောင်ရွက်ခဲ့သည်။ စီမံချက်လုပ်ငန်းများအဖြစ် ရပ်ရွာအခြေပြု ကလေးသူငယ် အကာအကွယ်ပေးရေးဆိုင်ရာ သိမြင်နားလည်မှု မြှင့်တင်ရေး၊ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် လက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်နေသော အသက် ၁၈နှစ်အောက် ကလေးသူငယ်များနှင့် ပတ်သက်၍ အသိပညာပေးခြင်းနှင့် မိသားစုပြန်လည်ပေါင်းစည်းပေးရေး၊ ထောက်ပံ့မှုလုပ်ငန်းများအပြင် မိုင်းအန္တရာယ် အသိပညာပေးခြင်းနှင့် ထိခိုက်ခံရသော ကလေးငယ်များအား ထောက်ပံ့မှုပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

၂၀၁၃ ခုနှစ်တွင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေ၊ ညောင်ဦး၊ ကရင်ပြည်နယ် ဖားအံ၊ မွန်ပြည်နယ် သထုံ၊ ရခိုင်ပြည်နယ် စစ်တွေ၊ မြေပုံ ၆ မြို့နယ်အတွင်းရှိ ကျေးရွာ ၇၅ ရွာ အသိပညာပေး ဆွေးနွေးပွဲ အကြိမ် ၁၀၁၀ ပြုလုပ်နိုင်ခဲ့သည်။ မြို့နယ်ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီအဖွဲ့များနှင့် ချိတ်ဆက်ကာ ကလေးသူငယ်ဖြစ်ရပ်များကို ကူညီဖြေရှင်းပေးနိုင်ခဲ့သည်။ ကလေးစစ်သား ၈၁ ဦးအား မိသားစုပြန်လည်ပေါင်းစည်းပေးပြီး အထောက်အပံ့များပေးနိုင်ခဲ့ပါသည်။ မိုင်းအန္တရာယ်ထိခိုက်သောကလေး ၁၉ ဦးအား ထောက်ပံ့မှုပေးနိုင်ခဲ့သည်။ စီမံချက်ကျေးရွာ ၇၅ ရွာတွင် ဝင်ငွေတိုးလုပ်ငန်းဆောင်ရွက်ပေးခြင်း၊ ကလေးသူငယ်အပန်းဖြေနေရာတစ်ခုကို မန္တလေးတိုင်း မဟာအောင်မြေမြို့နယ်တွင် ဖွင့်ခဲ့ရာ ကလေး ၁၀၀ ဦးလာရောက်ခဲ့သည်။ ကလေးသူငယ်အကာအကွယ်ပေးရေးဆိုင်ရာ ဖြစ်ရပ် ၉၃ ခုအား မြို့နယ်များရှိ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီနှင့် ချိတ်ဆက်ဖြေရှင်းပေးနိုင်ခဲ့သည်။ စီမံချက်လုပ်ငန်းများကို ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၄ ခုရှိ မြို့နယ် ၁၉ ခုတွင် ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

## အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ (ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး)
Emergency Respond Team (WatSan)

၂၀၀၈ ခုနှစ်တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အိုင်စီအာစီ၊ အိုင်ဖက်အာစီတို့ ပူးပေါင်းဆောင်ရွက်ခဲ့သည်။ နာဂစ်ဆိုင်ကလုန်း ဘေးဒုက္ခကျရောက်မှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖြစ် ဘိုကလေး၊ မော်ကျွန်း၊ ပုသိမ်၊ လပွတ္တာ၊ မအူပင်၊ ဒေးဒရဲ၊ ဖျာပုံ၊ မြောင်းမြ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များတွင် စတင်ဆောင်ရွက်ခဲ့သည်။ ထို့အပြင် ဂီရိဆိုင်ကလုန်း၊ တာလေမြေငလျင်၊ ပခုက္ကူရေဘေး၊ ရခိုင်ပဋိပက္ခနှင့် မိတ္ထီလာပဋိပက္ခများတွင် ရေဖြန့်ဝေရေး၊ အရေးပေါ်အိမ်သာဆောက်ပေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

၂၀၁၃ ခုနှစ်မှ စတင်ကာ နော်ဝေကြက်ခြေနီအသင်း၏ ထောက်ပံ့မှုဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီး ၉ ခုဖြစ်သော ရခိုင်၊ ရန်ကုန်၊ ဧရာဝတီ၊ မကွေး၊ စစ်ကိုင်း၊



မော်လမြိုင်၊ ရှမ်းအရှေ့၊ နေပြည်တော်တွင် အရေးပေါ် ရေသန့်စက်များ Emergency Response Equipment အား အသင့်ပေးပို့ထားရှိသည်။ အဆိုပါစက်များအား အရေးပေါ်အခြေအနေတွင် ဒေသခံစေတနာလုပ်အားရှင်များ အနေဖြင့် ကျွမ်းကျင်စွာအသုံးပြုတတ်စေရန် သင်တန်းများကိုပို့ချပေးထားပါသည်။ အဆိုပါသင်တန်းတွင် ကယ်ဆယ်ရေးတဲ ဆောက်လုပ်ခြင်း၊ အရေးပေါ်အများသုံး အိမ်သာများ ဆောက်လုပ်ခြင်း၊ ရေအရည်အသွေး စစ်ဆေးခြင်း၊ ရေသန့်စက်မောင်းနှင်ခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းမှုမြှင့်တင်ခြင်း၊ ကူးစက်တတ်သောရောဂါပိုးမွှားများကို နှိမ်နှင်းခြင်း၊ ရေဆိုးရေညစ်များအား စနစ်တကျစွန့်ပစ်ပေးခြင်းနှင့် အမှိုက်များအား စနစ်တကျခွဲခြားကာစွန့်ပစ်ခြင်း စသည့်အကြောင်းအရာများကို ပို့ချပေးခဲ့သည်။

**လိင်မှုဆိုင်ရာမျိုးဆက်ပွားကျန်းမာရေးစီမံချက်**
Sexual and Reproductive Health Project

မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ကုလသမဂ္ဂလူဦးရေရံပုံငွေအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် လိင်မှုဆိုင်ရာနှင့်မျိုးဆက်ပွားကျန်းမာရေးစီမံချက်ကို ၂၀၁၀ ခုနှစ်မှစတင်ဆောင်ရွက်ခဲ့သည်။ အရေးပေါ်ဘေးအန္တရာယ်ကျရောက်မှုများတွင် ကြုံတွေ့နိုင်သည့် မျိုးဆက်ပွားကျန်းမာရေး ပြဿနာများကို ကူညီဆောင်ရွက်နိုင်ရန် လူမှုကရုဏာလုပ်ငန်းများကို ဆောင်ရွက်နေကြသည့် ဌာနဆိုင်ရာနှင့် စေတနာလုပ်အားရှင်များအား လေ့ကျင့်ပေးရန်နှင့် မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ ပစ္စည်းများကို အသင့် သိုလှောင်ထားရှိရန်ဖြစ်သည်။ စီမံချက်လုပ် ငန်းများကို ပြည်နယ်နှင့်တိုင်းဒေသကြီးများဖြစ်သော မန္တလေး၊ မကွေး၊ ပဲခူး၊ ရန်ကုန်၊ ရှမ်းနှင့် ရခိုင်တို့တွင် ဆောင်ရွက်လျက်ရှိပါသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး ၇ ခု၌ အရေးပေါ်



ဘေးအန္တရာယ်ကျရောက်မှုများတွင် ဆောင်ရွက်ပေးရမည့် မျိုးဆက်ပွားကျန်းမာရေးသင်တန်း Minimum Initial Service Package for Reproductive Health in Crisis Situations (MISP)များကိုဖွင့်လှစ်ခဲ့ပါသည်။ အဆိုပါသင်တန်းများသို့ ကျန်းမာရေးဦးစီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်းနှင့် အစိုးရမဟုတ်သော လူမှုရေးအသင်းများ နိုင်ငံတကာအင်ဂျီအိုအဖွဲ့များမှ အဖွဲ့ဝင်များတက်ရောက်ခဲ့ကြသည်။

အဆိုပါ ဌာနဆိုင်ရာနှင့် လူမှုရေးအသင်းများမှ MISP သင်တန်းရရှိပြီးသူများသည် ပြည်နယ်နှင့်တိုင်းဒေသကြီးများ၏ MISP-RRT တုန့်ပြန်ရေးအဖွဲ့များတွင် အဖွဲ့ဝင်များအဖြစ်ပါဝင်ကာ ဘေးဒုက္ခကျရောက်မှုများတွင် သွားရောက်ကူညီပေးကြမည်ဖြစ်သည်။



**လူထုအခြေပြု ရေကောင်းရေသန့် တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးစီမံချက်**
Based Water Sanitation and Hygiene Promotion

၂၀၁၂ ခုနှစ်မှ စတင်ကာ ဖက်ဒရေးရှင်းနှင့် ဩစတြေးလျကြက်ခြေနီတို့ထောက်ပံ့မှုဖြင့် ဆောင်ရွက်လျက်ရှိသည်။ စီမံချက်မြို့နယ်များမှာ ရေစကြို၊ ပျော်ဘွယ်၊ ငါန်းဇွန်၊ နွားထိုးကြီး တို့ဖြစ်သည်။ အဆိုပါမြို့နယ်များတွင် ယင်လုံအိမ်သာဆောက်လုပ်ခြင်း၊ အဝီစိတွင်းနှင့် ရေလှောင်ကန်တူးဖော်တည်ဆောက်ပေးခြင်း၊ ကျောင်းအိမ်သာနှင့် ကျောင်းတွင်းရေလှောင်ကန်များ တည်ဆောက်ပေးသည့်အပြင် လူထုပူးပေါင်းပါဝင်သော တစ်ကိုယ်ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ အမူအကျင့်ပြောင်းလဲရေးသင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိပါသည်။

## ထောက်ပံ့ပို့ဆောင်ရေးနှင့်ဝယ်ယူဖြည့်တင်းရေးဌာန


မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ထောက်ပံ့ပို့ဆောင်ရေးဌာနသည် ပြည်နယ်နှင့်တိုင်းဒေသကြီးများအတွင်း ဘေးအန္တရာယ်ကျရောက်ချိန်တွင် အကျိုးခံစားခွင့်ရှိသူများထံသို့ အချိန်နှင့်တပြေးညီ ကယ်ဆယ်ရေးပစ္စည်းများရရှိရေး၊ ကယ်ဆယ်ရေးပစ္စည်းများအား စနစ်တကျသိုလှောင်ခြင်း၊ ပို့ဆောင်ပေးခြင်း၊ ဝယ်ယူဖြည့်တင်းပေးခြင်း၊ အကောက်ခွန်ဆိုင်ရာရှင်းလင်းရေးလုပ်ငန်းများကိုဆောင်ရွက်ပေးခြင်း၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် ဝယ်ယူဖြည့်တင်းရေးဆိုင်ရာလုပ်ငန်းများတွင် အရည်အသွေးပြည့်ဝပြီး၊ လုပ်ငန်းကျွမ်းကျင်သော စေတနာ့လုပ်အားရှင်များရရှိရေး၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဌာနများ/ဌာနခွဲများ၊ စီမံချက်များ၊ စီမံကိန်းများ၏လုပ်ငန်းများအောင်မြင်ရေးအတွက်အထောက်၊ အပံ့ပေးနိုင်ရေးရည်မှန်းပြီး လုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။

၂၀၀၈ ခုနှစ်နာဂစ်မုန်တိုင်း နောက်ပိုင်းမှစ၍ ထောက်ပံ့ပို့ဆောင်ရေးနှင့် ဝယ်ယူဖြည့်တင်းရေးဌာန သည် ဘေးဒုက္ခစီမံခန့်ခွဲရေးဌာနအောက်တွင် ယူနစ်တစ်ခုအဖြစ်သာရှိလာခဲ့ပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်တွင် ကောင်းမွန်စွာသိုလှောင်ထားနိုင်သော ကိုယ်ပိုင်သိုလှောင်ရုံမရှိခဲ့ပါသဖြင့် ကုန်သွယ်ရေးနှင့်လယ်ယာစိုက်ပျိုးရေးပိုင်သိုလှောင်ရုံများ၊ ပုဂ္ဂလိကပိုင်သိုလှောင်ရုံများအား ငှားရမ်းပြီး သိုလှောင်ရုံ စီမံခန့်ခွဲရေးလုပ်ငန်းများကိုဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၀ခုနှစ်တွင် ထောက်ပံ့ပို့ဆောင်ရေးနှင့် ဝယ်ယူဖြည့်တင်းရေးဌာနသည်ဘေးဒုက္ခစီမံခန့်ခွဲရေးဌာန အောက်မှ စီမံရေးရာဌာန

### (28 )Warehouses List in MRCS

| | | |
|---|---|---|
| 1. | Kachin State | Myitkyina |
| 2. | Kayarh State | Loikaw |
| 3. | Kyin State | Hpa-han |
| 4. | Chin State | Ha Kar |
| 5. | Mon State | Mawlamyaine |
| 6. | Sagaing Division | Sagaing |
| 7. | Sagaing Division | Kalay |
| 8. | Bago Division | Bago |
| 9. | Bago Division | Pyay |
| 10. | MagwayDivision | Magway |
| 11. | Mandalay Division | Mandalay |
| 12. | Tanintharyi Division | Myeik |
| 13. | Tanintharyi Division | Dawei |
| 14. | Yangon Division | Yangon |
| 15. | Rakhine State | Sittwe |
| 16. | Rakhine State | Kyukphyu |
| 17. | Rakhine State | Thandwe |
| 18. | Shan State (East) | Kyaing Tong |
| 19. | Shan State (South) | Taunggyi |
| 20. | Stan State (North) | Lashio |
| 21. | Ayeyarwady Division | Pathein |
| 22. | Ayeyarwady Division | Laputta |
| 23. | Ayeyarwady Division | Bogale |
| 24. | Ayeyarwady Division | Myaumya |
| 25. | Ayeyarwady Division | Wakema |
| 26. | Ayeyarwady Division | Pyapon |
| 27. | Nay Pyi Taw | Naypytaw |
| 28. | Yangon Main WH | Thanlyin |

**MRCS-Warehouses Location in Myanmar**



အောက်တွင် ယူနစ်တစ်ခုအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပြီး ထောက်ပံ့ပို့ဆောင်ရေးနှင့်ဝယ်ယူဖြည့်တင်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ်မှတွင် ထောက်ပံ့ပို့ဆောင်ရေးနှင့် ယ်ယူဖြည့်တင်းရေးဌာနသည် ယူနစ်အဖြစ်မှ ဌာနတစ်ခုအဖြစ် သီးခြားရပ်တည်ခဲ့သည်။ ပြည်နယ်/တိုင်းဒေသကြီးမှ စေတနာ့ဝန်ထမ်းများ၏ လုပ်အားဖြင့်သိုလှောင်ရုံ ၂၈ လုံးအဖြစ်တိုးမြင့်ဆောင်ရွက်လာနိုင်ပြီး မြန်မာနိုင်ငံတစ်ဝှမ်း ထောက်ပံ့ပို့ဆောင်ရေးနှင့် ဝယ်ယူဖြည့်တင်းရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏အဓိကသိုလှောင်ရုံဖြစ်သော သန်လျင်သိုလှောင်ရုံကို ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်တွင် ဂျပန်နိုင်ငံကြက်ခြေနီအသင်း၏ ရံပုံငွေဖြင့် ၁၁.၁၀.၂၀၁၁ နေ့တွင် တည်ဆောက်ခဲ့ပါသည်။ နေပြည်တော်ဌာနချုပ်တွင် ဌာနချုပ်သိုလှောင်ရုံကို ၂၀၁၃ခုနှစ်၊ ဇွန်လတွင် ဟောင်ကောင်ကြက်ခြေနီအသင်း၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီ အသင်းများဖက်ဒရေးရှင်းနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းပိုင်ရံပုံငွေဖြင့် ဆောက်လုပ်ပြီးစီးခဲ့ပြီးဖြစ်ပါသည်။ အဓိကသိုလှောင်ရုံ ၂ ခုဖြစ်သော သန်လျင်သိုလှောင်ရုံနှင့် နေပြည်တော်သိုလှောင်ရုံများသည် နိုင်ငံတကာစံနှုန်းအတိုင်း ကုန်ပစ္စည်းများကို Manual အပိုင်းအပြင်၊ Logic Software ဖြင့်စနစ်တကျ သိုလှောင်ထိန်းသိမ်းထားရှိပါသည်။

ထောက်ပံ့ပို့ဆောင်ရေးဌာနသည် မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီး၏ ဌာနများ၊ ဌာနခွဲများ၊ စီမံချက်စီမံကိန်းများ၏ ဝယ်ယူရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အသင်းကြီး၏သတ်မှတ်ထားသောလုပ်ထုံးလုပ်နည်းများနှင့်အညီ စံချိန်မှီ၊ အရည်အသွေးမှီသော ကယ်ဆယ်ရေးသုံးပစ္စည်းများအပြင် မိသားစုသုံးပစ္စည်းများ၊ တကိုယ်ရည်သန့်ရှင်းရေးသုံးပစ္စည်းများ၊ အမျိုးသမီးသုံးပစ္စည်းများ၊ အရေးပေါ်ကလေးမွေးဖွားခြင်းတွင် အသုံးပြုသောပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ကျောင်းသူ/သားများအတွက် တကိုယ်ရည်သုံးပစ္စည်းများ၊ အရေးပေါ်နေထိုင်ရေး အဆောက်အဦးဆောက်လုပ်ရန် ကိရိယာများ၊ ရေးဦးပြုစုခြင်းဆေးအိတ်များ၊ ရာဘာဖိနပ်များ၊ ဆေးဝါးများ၊ လူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးသုံးပစ္စည်းများ၊ အရေးပေါ်ကယ်ဆယ်ရေးသုံးပစ္စည်းများအပြင် Incentive Materials စသောလိုအပ်သောပစ္စည်းများကို ပြည်တွင်းတွင် ဝယ်ယူပေးခဲ့ပါသည်။ ပြည်တွင်းမှ မရရှိသော ကယ်ဆယ်ရေးပစ္စည်းများအား ပြည်ပမှဝယ်ယူရန်စီစဉ်ပေးခြင်း၊ အခြားသောနိုင်ငံများမှ မြန်မာနိုင်ငံသို့ တင်သွင်းခွင့်နှင့်ပတ်သတ်သော အကောက်ခွန်ဆိုင်ရာ ရှင်းလင်းရေးလုပ်ငန်းများနှင့် အခြားဝန်ဆောင်မှုများ ဆောင်ရွက်ပေးခဲ့ပါသည်။ အထက်ပါဝယ်ယူပေးသော ပစ္စည်းများကို အကျိုးခံစားခွင့် ရှိသူများလက်ထဲသို့ရောက်အောင်ပို့ဆောင်ပေးလျက်ရှိပါသည်။

## နိုင်ငံတကာဆက်ဆံရေးရေးဌာန

၁၉၉၆ ခုနှစ်တွင် နိုင်ငံတကာဆက်သွယ်ရေးဌာနစိတ်ကို စတင်ဖွဲ့စည်းခဲ့ပြီး နိုင်ငံတကာဆက်သွယ်ရေးလုပ်ငန်းနှင့်ပတ်သက်သော လုပ်ငန်းများအတွက် ကျန်းမာရေးဝန်ကြီးဌာနသို့ ခွင့်ပြုမိန့်တောင်းခံခြင်း၊ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့သို့တင်ပြခြင်း၊ ရ–သုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ဘဏ္ဍာရေးခွင့်ပြုမိန့်တောင်းခံခြင်း၊





နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ အပြည်ပြည်ဆိုင်ရာရန်ကုန်လေဆိပ် စသည့်ဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာသံရုံးတွင် ဗီဇာထုတ်ယူခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏လုပ်ငန်းဆောင်ရွက်မှုများ ကျယ်ပြန့်လာသည်နှင့်အမျှ နိုင်ငံတကာနှင့်ဆက်သွယ်ဆောင်ရွက်ရမှုများလည်း တိုးတက်များပြားလာခဲ့ကာ ၂၀၁၄ ခုနှစ်တွင် နိုင်ငံတကာဆက်ဆံရေးဌာနအဖြစ်ပြောင်းလဲခဲ့ပါသည်။

စီမံကိန်း၊စီမံချက်များအတွက် အသင်းနှင့်မိတ်ဖက်အဖွဲ့အစည်းများ နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးနိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနသို့ ခွင့်ပြုမိန့်တောင်းခံခြင်း၊ ကြက်ခြေနီလှုပ်ရှားမှုအတွင်းရှိ အဖွဲ့များ (သို့) လှုပ်ရှားမှုပြင်ပမှအဖွဲ့များက ဆက်သွယ်လာပါက တာဝန်ခံအဖြစ် ဆောင်ရွက်ကာ သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်နိုင်ရန်စီစဉ်ပေးခြင်း၊ ထို့ပြင် ပြည်ဝင်ခွင့်ကိစ္စရပ်များနှင့်ပတ်သက်၍ ဆောင်ရွက်ပေးပါသည်။

ကြက်ခြေနီလှုပ်ရှားမှု မိတ်ဖက်ကိုယ်စားလှယ်များ လုပ်ငန်းကိစ္စဖြင့် ပြည်တွင်းခရီးသွားလာလိုပါက အဆင်ပြေချောမွေ့စေရန် ကျန်းမာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ခရီးသွားလာခွင့် တောင်းခံလွှာများ ပြင်ဆင်ပေးပို့ခြင်း၊ ခွင့်ပြုမိန့်ကျသည်အထိ ဆောင်ရွက်ပေးကာ မိတ်ဖက်အဖွဲ့အစည်းများကို ပံ့ပိုးကူညီပေးသည်။

နှစ်စဉ်ပုံမှန် ဘတ်ဂျက်ရေးဆွဲခြင်းနှင့် အခါအားလျော်စွာပေါ်ပေါက်လာသော နိုင်ငံတကာဆက်သွယ်ရေးဌာန၏ လိုအပ်ချက်များအတွက် ဘတ်ဂျက်နှင့်လုပ်ငန်းသုံးကြိုတင်ငွေတောင်းခံလွှာ ပြင်ဆင်တောင်းခံပေးခြင်း မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအတွက် ကြိုဆိုရေးကိစ္စများ စီစဉ်ပေးခြင်း၊ အစည်းအဝေးပွဲများ ဖြစ်မြောက်စေရန် စီစဉ်ပေးခြင်းနှင့် ကိုယ်စားလှယ်များအတွက် အသင်း၏အမှတ်တရလက်ဆောင်ပေးခြင်း တို့ကိုလည်းဆောင်ရွက်ပါသည်။ ထို့ပြင် ကိုယ်စားလှယ်များအတွက် လိုအပ်ပါက လေဆိပ်သို့ကြိုပို့ပေးခြင်းနှင့်ပြည်ပသို့ထွက်ခွာမည့်ဝန်ထမ်းများ အရေးကြီးစာရွက်စာတမ်းများ (လေယာဉ်လက်မှတ်၊ ဗီဇာ၊ အသက်အာမခံကြေး) ၄င်းတို့နှင့်အတူ တစ်ပါတည်းသေချာစွာပါရှိနိုင်ရေးအတွက် ကူညီပေးလျက်ရှိပါသည်။

## လူနာတင်ယာဉ်ဝန်ဆောင်မှုယူနစ်

မြန်မာနိုင်ငံကြက်ခြေနီအသင်း လူနာတင်ယာဉ်ဝန်ဆောင်မှုလုပ်ငန်းသည် အရေးပေါ်အခြေအနေပေါ်ပေါက်နေသောလူနာတိုင်းအတွက် စနစ်တကျ ရှေးဦးပြုစုမှုရရှိကာ ဆေးရုံသို့ အချိန်မီ သယ်ဆောင်ကုသနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။ ရန်ကုန် မန္တလေးအမြန်လမ်းမကြီးပေါ်တွင် ဖြစ်ပွားလျက်ရှိသော ယာဉ်မတော်တဆမှုများ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း ဖြစ်ပွားလျက်ရှိသော၊ ယာဉ်တိုက်မှုများ၊ ဆိုင်ကယ်မတော်တဆမှုများအတွက် ၂၄ နာရီ လူနာတင်ယာဉ် ဝန်ဆောင်မှုလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်တွင် သူနာတင်ယာဉ် ဝန်ဆောင်မှုလုပ်ငန်းကို ၂၀၁၃ ခုနှစ် မေလမှ စတင်၍ စင်္ကာပူနိုင်ငံကြက်ခြေနီအသင်းမှ လှူဒါန်းသော လူနာတင်ယာဉ် ၃ စီးဖြင့် နေပြည်တော် အမြန်လမ်းမကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း ယာဉ်မတော်တဆထိခိုက်မှုများနှင့် အရေးပေါ်လူနာပို့ဆောင်မှုများကို သတင်းရရှိသည်နှင့် ချက်ချင်းကူညီမှုများ ပေးလျက်ရှိပါသည်။ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလကုန်ထိ လူနာပေါင်း ၁၆၇၄ ဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူ ၃၇၈ ဦးအား ကူညီပြီး အချိန်မီ ဆေးရုံသို့ ပို့ဆောင်ပေးနိုင်ခဲ့ပါသည်။



## လူထုအခြေပြု အန္တရယ်ကင်းရှင်းရေးနှင့် ဘေးအန္တရာယ် ကြံ့ကြံ့ခံနိုင်မှု စီမံကိန်း (CSR)

ဤစီမံကိန်းကို မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ အနာဂါတ်တွင် ဆောင်ရွက်သွားနိုင်ရန်၊ စမ်းသပ်ဆောင်ရွက်သည့်အနေဖြင့် ၂၀၁၃နှစ်၊ နှစ်ကုန်ပိုင်းမှ ဦးဆောင်ကော်မတီနှင့် လုပ်ငန်းကော်မတီများဖွဲ့စည်း၍ စီမံကိန်းကို မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဆောင်ရွက်ရန် ရွေးချယ်ခဲ့ပါသည်။

မွန်ပြည်နယ်တွင်စတင်၍ မြို့နယ်နှစ်ခုဖြစ်သည့် ကျိုက်မရောနှင့်ချောင်းဆုံမြို့နယ်တို့ကို ပြည်နယ် CSR ကော်မတီမှ ရွေးချယ်ပြီး မြို့နယ် CSR ကော်မတီမှ ကျေးရွာ (၅)ရွာကိုရွေးချယ်ခဲ့သည်။ ရွာများမှ စေတနာလုပ်အားရှင် ၃ ဦးကို အမာခံရွေးချယ်ကာ အခြေခံရေးဦးပြုစုခြင်းသင်တန်းများပေးကာ စည်းရုံးခဲ့သည်။

အဆင့်ဆင့်သော လုပ်ငန်းကော်မတီ အစည်းအဝေးကို ဌာနချုပ်တွင်ဆောင်ရွက်ခဲ့ပြီး၊ အန္တရာယ်ကျရောက်လွယ်မှုနှင့် စွမ်းဆောင်ရည်ဆန်းစစ်ခြင်း၊ သင်တန်း(VCA)များကို မြို့နယ် ၂ ခုနှင့် ရွာ ၅ ရွာစီမှ စေတနာလုပ်အားရှင်များနှင့် မြို့ပေါ်မှကြက်ခြေနီစေတနာလုပ်အားရှင်တို့ကိုပို့ချပေးခဲ့သည်။ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ဘေးအန္တရာယ်စီမံခန့်ခွဲရေး၊ မြို့ပေါ်နှင့်ကျောင်းအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး သင်တန်းများကို ဖွင့်လှစ်ပေးခဲ့သည်။ ကျေးရွာများ၏ အိမ်ထောင်စုအားလုံး လွှမ်းခြုံ အောင် ဆောင်ရွက်ခဲ့၍ ရပ်ရွာလူထု၏ ကြိုတင်ပြင်ဆင်မှု၊ စွမ်းရည်မြင့်မားလာမှုနှင့် ကြံ့ကြံ့ခံနိုင်စွမ်းရှိခြင်းတို့ကို ဆက်လက်၍ ဌာနများနှင့် ညှိနှိုင်းကာ အကောင်အထည်ဖော်လျက်ရှိပါသည်။

ဆက်လက်၍ စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းများကို ဘက်ပေါင်းစုံ (Multi sector Monitoring & Evaluation) ဆောင်ရွက်ပြီး အစီရင်ခံရေးသားတင်ပြမည်ဖြစ်သည်။ မွန်ပြည်နယ်၏ သင်တန်းအတွေ့အကြုံများကိုယူ၍ ၂၀၁၅ နှစ်ဦးပိုင်းတွင် ပဲခူးတိုင်းဒေသကြီးတွင် CSR ဝန်ထမ်းများ တိုးချဲ့ခန့်ထား၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## မိသားစုပြန်လည်ဆက်သွယ်ပေးရေးဌာန

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ၁၉၉၉ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီနှင့်ပူးပေါင်း၍ ကြက်ခြေနီအကြောင်းကြားစာလုပ်ငန်းကိုဆောင်ရွက်ခဲ့ပါသည်။ ၂၀၀၈ ခုနှစ် မြန်မာနိုင်ငံတွင်ဖြစ်ပေါ်ခဲ့သော နာဂစ်ဆိုင်ကလုန်းမုန်တိုင်းတွင် လူပေါင်း ရှစ်သောင်းလေးထောင့်ငါးရာ သေဆုံးခဲ့ပြီး ငါးသောင်းသုံးထောင်ရှစ်ရာ ပျောက်ဆုံးခဲ့သည်။ လူပေါင်း ၂ သန်းကျော် ထိခိုက်နစ်နာခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာနဦးဆောင်မှုဖြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ၂၀၀၈ ခုနှစ် မေလ (၈) ရက်နေ့တွင် မိသားစုပြန်လည်ဆက်သွယ်ပေးရေးဌာနကိုစတင်တည်ထောင်ခဲ့ပါသည်။ ထို့နောက် ၂၀၀၉ ခုနှစ် မတ်လ ၃၁ ရက်နေ့ထိ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ၏ လုပ်ငန်းပိုင်းဆိုင်ရာ နည်းပညာပံ့ပိုးမှု၊ ငွေကြေးထောက်ပံ့မှုတို့ဖြင့် နာဂစ်ဆိုင်ကလုန်းမုန်တိုင်း အကျိုးဆက်ကြောင့် မိသားစုနှင့်အဆက်အသွယ် ပြတ်နေသူများ၊ ဂရုစိုက်မှုပိုမိုလိုအပ်သည့် အုပ်ထိန်းသူမဲ့ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ ကိုယ်အင်္ဂါမသန်စွမ်းသူများ၊ ဒဏ်ရာရ(သို့)ဖျားနာနေသူများကို မိသားစုဝင်များနှင့်အဆက်အသွယ်ရရှိစေရန် ဆောင်ရွက်ပေးခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် ဘေးရန်ကင်းကွာရှိနေကြောင်း သတင်းစကားပေးခြင်း၊ မှတ်ပုံတင်ခြင်းနှင့်ဖုန်းဆက်အကြောင်းကြားခြင်းများပြုလုပ်ခဲ့သည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် မိသားစုပြန်လည်ဆက်သွယ်ပေးရေးလုပ်ငန်း



များကို ဖျာပုံမြို့၊ ဘိုကလေးမြို့၊ လပွတ္တာမြို့နှင့် မော်လမြိုင်ကျွန်း မြို့များတွင် အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်ပေးနိုင်ခဲ့သည်

လူဦးရေ ၅၂၇၆ ဦးအား ဘေးရန်ကင်းကွာ ရှိကြောင်း တစ်ဦးချင်းမှတ်ပုံတင်နိုင်ခဲ့ပြီး ၎င်းတို့၏ သတင်းအချက်အလက်များကို အများပြည်သူသိရှိအောင် ကြော်ငြာပေးနိုင်ခဲ့သည်။

လူဦးရေ ၄၄၇ ဦးအား (ဖုန်းဆက်အကြောင်းကြားခြင်း၊ သတင်းအချက်အလက်များ ဖြန့်ဝေပေးခြင်းနှင့် ဘေးရန်ကင်းကွာရှိနေကြောင်းစာရင်းများ ကြော်ငြာပေးခြင်း နည်းလမ်းတို့ဖြင့်) ပြန်လည်ဆက်သွယ်ပေးနိုင် ခဲ့ပါသည်။

မိသားစုနှင့်ကွဲကွာနေသည့် ကလေးသူငယ် ၄၂၇ ဦး၏စာရင်းကို လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လိုအပ်သည့် ကူညီစောင့်ရှောက်မှုများရရှိနိုင်ရေးအတွက် လွှဲပြောင်းပေးပို့ခဲ့ပါသည်။

အုပ်ထိန်းသူ/လူကြီး အဖော်မပါသော ကလေးသူငယ် ၅၈ ဦးကို မှတ်ပုံတင်နိုင်ခဲ့ပြီး ၁၂ ဦးအား မိသားစုနှင့် ပြန်လည်ပေါင်းစည်းပေးနိုင်ခဲ့ပါသည်။


ပျောက်ဆုံးနေသူအား ရှာဖွေပေးရန် တောင်းခံလွှာ ၃၇ ခုကို လက်ခံရရှိခဲ့ပြီး၊ ၃ ဦးအားမိသားစုနှင့် ပြန်လည်ပေါင်းစည်းပေးနိုင်ခဲ့သည်။

၂၀၁၀ ခုနှစ် မေလ(၈)ရက်နေ့တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဆောင်ရွက်လျက်ရှိသော မိသားစုပြန်လည်ဆက်သွယ်ပေးရေးလုပ်ငန်းစဉ်များကို ကမ္ဘာလုံးဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီအသင်းများ ကွန်ယက်မှတစ်ဆင့် မိတ်ဖက်အမျိုးသားကြက်ခြေနီအသင်း ၁၈၇ နိုင်ငံက သိရှိနိုင်ရေးအတွက် ကြေညာနိုင်ခဲ့သည်။ ယင်းအခမ်းအနားကို ကျန်းမာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးတက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် မိသားစုပြန်လည်ဆက်သွယ်ပေးရေး အခြေခံသင်တန်း ၁၅ ကြိမ်နှင့် နည်းပြသင်တန်း ၁ ကြိမ်ဖွင့်လှစ်နိုင်ခဲ့သည်။ သင်တန်းသား ၄၁၀ ဦးတက်ရောက်ခဲ့သည်။ အရေးပေါ်အခြေအနေတုံ့ပြန်ရေးလုပ်ငန်း ဆောင်ရွက်နိုင်ရန် စေတနာလုပ်အားရှင် ၁၇ ဦးကို လေ့ကျင့်တာဝန်ပေးထားသည်။ မိသားစုပြန်လည်ဆက်သွယ်ပေးရေး လက်စွဲစာအုပ်ကို အင်္ဂလိပ်မြန်မာ ၂ ဘာသာဖြင့် ထုတ်ဝေခဲ့သည်။ အဆိုပါလက်စွဲစာအုပ်ကို အမျိုးသားကြက်ခြေနီနှင့်လခြမ်းနီအသင်း ၁၈၇ နိုင်ငံများတွင် လက်စွဲစာအုပ်အဖြစ် အသုံးပြုကြမည်ဖြစ်သည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်း မိသားစုပြန်လည်ဆက်သွယ်ပေးရေးမဟာဗျူဟာ ၂၀၁၅-၂၀၂၀ ကိုလည်း ရေးဆွဲနိုင်ခဲ့ပြီးဖြစ်သည်။

ကချင်ပြည်နယ်အတွင်း ကယ်ဆယ်ရေးပစ္စည်းများအား ကယ်ဆယ်ရေးစခန်းများအရောက်သယ်ပို့ပေးခဲ့နေစဉ်





# ကြက်ခြေနီအမှတ်အသားပေါ်ပေါက်လာပုံနှင့် အသုံးပြုပုံများ

ဟင်နရီဒူးနန့်၏ ဆိုဖာရီနိုသတိရဖွယ် စာအုပ်ထွက်ရှိပြီး၊ ၁၈၆၃ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ ဟုခေါ်တွင်မည့်၊ ဂျီနီဗာလူကြီးလူကောင်းများအဖွဲ့ကို ဖွဲ့စည်းခဲ့၏။ ယင်းအဖွဲ့က ဦးဆောင်ကာ ဂျီနီဗာမြို့တွင်၊ နိုင်ငံတကာ ဆွေးနွေးပွဲတစ်ရပ်ကိုကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် စစ်မြေပြင်၌ စေတနာ့ဝန်ထမ်း သူနာပြုစုသူများသည်၊ လူနာများပြုစုစောင့်ရှောက်ရာတွင်၊ မည်သည့်ဖက်မှ ဘက်မလိုက်ကြောင်း သိရှိရန်၊ ထင်ရှားပြီး ကြားနေအမှတ်သားတစ်ခု သတ်မှတ်ရန် လိုအပ်ကြောင်း ဆွေးနွေးခဲ့ကြ၏။ ယင်းအမှတ်အသားသည် ရှင်းလင်းပြတ်သားပြီး၊ အဝေးမှမြင်လျှင် သိနိုင်ရမည့်အပြင်၊ ရန်သူမိတ်ဆွေ မခွဲခြားသည့်သဘောသက်ရောက်သော အမှတ်အသား ဖြစ်ရန် လည်းလိုအပ်သည်။



ရှေးအခါက အလံဖြူကို လက်နက်ချသူနှင့် စေ့စပ်ဆွေးနွေးသူများက သုံးစွဲခဲ့ကြ၏။ ထုံးတမ်းဓလေ့ဥပဒေအရ အလံဖြူပြသူအား၊ အရှုံးပေးအညံ့ခံသူအဖြစ် သတ်မှတ်ကြသည်။ ထို့အပြင် တိုက်ခိုက်မှု သို့မဟုတ် ငြင်းခုံမှုများတွင်လည်း၊ အလံဖြူကိုပြကာ စေ့စပ်ဆွေးနွေးခဲ့ကြသည်။

ဂျီနီဗာလူကြီး လူကောင်းများအဖွဲ့၏ ငါးဦးကော်မတီဝင်တစ်ဦးဖြစ်သူ၊ ဒေါက်တာလူးဝစ်အပီးယားက အကြံပြုရာတွင်၊ စစ်မြေပြင်ဆေးအဖွဲ့များသည် အဖြူရောင်အောက်ခံပေါ်တွင်၊ အနီရောင်ကြက်ခြေခတ် အမှတ်အသားပါသော လက်ပတ်ကို သင့်လျော်မည်ဖြစ်ကြောင်းတင်ပြခဲ့သည်။

ထို့အပြင် ကြက်ခြေနီအတွေးအခေါ်နှင့် ယင်းလုပ်ငန်းကို စတင်လုပ်ကိုင်ခဲ့သူ၊ ဟင်နရီဒူးနန့်မှာ ဆွစ်ဇာလန်နိုင်ငံသားဖြစ်ခြင်းနှင့်၊ နိုင်ငံတကာကြက်ခြေနီအစည်းအဝေးကို ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့တွင် စတင်ကျင်းပခဲ့ခြင်းတို့ကြောင့်၊ ဂုဏ်ပြုသည့်အနေဖြင့် ဆွစ်ဇာလန်နိုင်ငံအလံကို ပြောင်းပြန်လှန်ကာ၊ အဖြူရောင်အောက်ခံတွင် အနီရောင်ကြက်ခြေခတ်ကို ပြောင်းလဲကာ သတ်မှတ်သင့်ကြောင်း အကြံပြုခဲ့ကြသည်။

၁၈၆၄ ခုနှစ်တွင်ကျင်းပသော သံတမန်ညီလာခံတွင်၊ ဥရောပ ၁၂ နိုင်ငံတို့က လက်မှတ်ရေးထိုးကာ၊ ဂျီနီဗာအများသဘောတူစာချုပ်ကို ချုပ်ဆိုခဲ့သည်။ ယင်းစာချုပ်အရ ကြက်ခြေနီအမှတ်အသားကို လက်နက်ကိုင်အဖွဲ့များ၏

ဆေးတပ်ဖွဲ့များက၊ ကြားနေအမှတ်အသားအဖြစ် သတ်မှတ်သုံးစွဲရန် ပြဋ္ဌာန်းခဲ့သည်။

ကြက်ခြေနီအမှတ်အသားကို ၁၈၆၄ ခုနှစ်တွင် ဖြစ်ပွားသော၊ ရှဲယ်ဆင်းနှင့် ဟော်စတာနံစစ်ပွဲတွင် ပရပ်ရှား၊ ဩစတြီးလီးယားနှင့် ဒိန်းမတ် စစ်မြေပြင်ဆေးအဖွဲ့များက ပထမဆုံးအသုံးပြုခဲ့၏။ ထိုစစ်ပွဲသို့ ငါးဦးကော်မတီမှ ဒေါက်တာလူးဝစ်အပီးယားကိုစေလွှတ်ခဲ့ရာ၊ ကြက်ခြေနီလက်ပတ်ကို တပ်ဆင်ကာ သွားရောက်ခဲ့၏။ သို့နှင့်ကြက်ခြေနီဟူသော အမည်သညာသည်၊ ကမ္ဘာတစ်ဝန်းတွင် ကျယ်ပြန့်လာကာ နိုင်ငံအတော်များများက လက်ခံသုံးစွဲလာကြသည်။

သို့သော် တူရကီနိုင်ငံကမူ ကြက်ခြေနီအမှတ်အသားသည်၊ ခရစ်ယာန်ဘာသာရေးအမှတ်အသားနှင့် ဆင်တူသယောင်ရှိနေ၏၊ သို့အတွက် အစ္စလာန်ဘာသာ ကိုးကွယ်သော နိုင်ငံများအနေနှင့်၊ မိမိတို့ အထွတ်အမြတ်အမှတ်အသားဖြစ်သော လခြမ်းနီအမှတ်အသားကို ကြက်ခြေနီအစား အသုံးပြုရန်တင်ပြခဲ့သည်။

၁၈၇၆ ခုနှစ်၊ အော်တိုမင်အင်ပါယာ ဘော်လကန်ဒေသတွင်ဖြစ်ပွားသော ရုရှားနှင့်တူရကီစစ်ပွဲတွင်၊ လခြမ်းနီအမှတ်အသားကို တူရကီဆေးအဖွဲ့များက စတင်အသုံးပြုခဲ့၏။ လခြမ်းနီအမှတ်အသားကို အသုံးပြုရန် ရွေးချယ်ချယ်ခဲ့သည်။

၁၈၉၈ ခုနှစ်တွင် ဖြစ်ပွားသော စပိန်နှင့် အမေရိကန်စစ်ပွဲတွင် စစ်သင်္ဘောများ၌၊ ကြက်ခြေနီအလံကို စတင်အသုံးပြုခဲ့ကြပြီး၊ ပထမကမ္ဘာစစ်အတွင်း၌လည်း ဆေးအဖွဲ့များရှိဆရာဝန်၊ သူနာပြု၊ သူနာတင်ယာဉ်နှင့် ယာဉ်မောင်းသူတို့ကြက်ခြေနီတံဆိပ်ကိုတပ်ဆင်ခဲ့ကြသည်။

ပါရှားနိုင်ငံ (အီရန်နိုင်ငံ)ကမူ မိမိတို့နိုင်ငံ အမှတ်အသား



ဖြစ်သော၊ ခြင်္သေ့နှင့်နေဝန်းနီအမှတ်အသားကို အသုံးပြုရန်တင်ပြလာ၏။ သို့အတွက် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီက ၁၈၂၄ ခုနှစ်တွင် အသုံးပြုခွင့်ပေးခဲ့၏။ သို့သော်လည်း ၁၉၈၀ ပြည့်နှစ်တွင်မူ လခြမ်းနီအမှတ်အသားကိုပြောင်းလဲသုံးစွဲခဲ့သည်။

၁၉၂၉ ခုနှစ် ဂျီနီဗာအများသဘောတူစာချုပ်တွင်၊ အဆိုပါနိုင်ငံများ၏ တောင်းဆိုချက်များကို သီးသန့်ထည့်သွင်းစဉ်းစားကာ၊ ၁၉၄၉ ခုနှစ်တွင် ပြန်လည်သုံးသပ်ရေးဆွဲကြရာ ပထမစာချုပ်၏ အပိုဒ် ၃၈ အရ၊ အဖြူရောင်အောက်ခံ တွင် ကြက်ခြေနီ၊ လခြမ်းနီ၊ ခြင်္သေ့နှင့်နေဝန်းနီအမှတ်အသားများကို အသုံးပြုရန် ဆုံးဖြတ်ခဲ့ကြသည်။

ကြက်ခြေနီနှင့်လခြမ်းနီဟူ၍ အမှတ်အသား ၂ မျိုးကိုသုံးစွဲနေကြသော်လည်း၊ အဓိပ္ပါယ်၊ ရည်ရွယ်ချက်၊ လုပ်ငန်းရပ်များမှာအတူတူပင်ဖြစ်၏။ အမျိုးသားကြက်ခြေနီအသင်း၊ အမျိုးသားလခြမ်းနီအသင်းဟူ၍ သတ်မှတ်ခေါ်ဝေါ်ကြ၏။ အစ္စလန်ဘာသာ ကိုးကွယ်သောနိုင်ငံများက လခြမ်းနီအမှတ်အသားကို အသုံးပြုကြပြီး၊ အခြားဘာသာ ကိုးကွယ်သောနိုင်ငံများတွင် ကြက်ခြေနီတံဆိပ်ကိုသုံးစွဲခဲ့ကြ၏။ ရုရှနိုင်ငံတွင်မူ တံဆိပ်နှစ်မျိုးစလုံးကို အသုံးပြုသည်။

ကြက်ခြေနီလှုပ်ရှားမှုတွင် ကြက်ခြေနီနှင့်လခြမ်းနီအမှတ်အသားကို၊ လက်ခံအသုံးပြုလာခဲ့ရာမှ၊ အစ္စရေးနိုင်ငံကအနီရောင်ခရစ္စတယ် အမှတ်အသားကို အသုံးပြုခွင့်ပေးရန်တောင်းဆိုတင်ပြလာ၏။

သို့နှင့် ၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာလတွင် ကျင်းပသောအပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီအသင်းများ ညီလာခံတွင်၊ အဆိုပါတံဆိပ်အား ၁၉၄၉ ခုနှစ်၊ ဂျီနီဗာအများသဘောတူစာချုပ်၏ နောက်ဆက်တွဲ တတိယစာချုပ်အဖြစ်လက်ခံခဲ့ကြသည်။

အဆိုပါ အနီရောင်ခရစ္စတယ်အမှတ်အသားမှာ၊ စတုရန်းပုံ အနီရောင်ဘောင်သဏ္ဍာန်ဖြစ်ပြီး၊ အဖြူရောင်အောက်ခံပေါ်တွင်ရေးဆွဲထားကာ၊ ထောင့်တစ်ခုဖြင့်ထောင်ထားသည့်ပုံဖြစ်သည်။ အဓိပ္ပါယ်မှာ လူမျိုးရေး၊ ဘာသာရေးနှင့် အခြားမည်သည့် ဩဇာသက်ရောက်မှုမှမရှိခြင်းကိုဖော်ညွှန်းသည်။

ယင်းကို ၂၀၀၆ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့မှ ၂၃

ရက် နေ့ထိ၊ ဆွစ်ဇာလန်နိုင်ငံ ဂျီဗာနီဗာမြို့တွင် ကျင်းပသော၊ ၂၉ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီ အသင်းများညီလာခံမှ အတည်ပြုကာလက်ခံခဲ့၍။ ထို့အပြင် အစ္စရေးနိုင်ငံနှင့် ပါလက်စတိုင်းနိုင်ငံတို့အား အမျိုးသား ကြက်ခြေနီအသင်းများအဖြစ်အသိအမှတ်ပြုခဲ့သည်။ အဆိုပါ ကြက်ခြေနီအမှတ်အသား အသစ်တစ်ခုဖြစ်သော၊ အနီရောင် ခရစ္စတယ်အမှတ်အသား Red Crystal ကို အစ္စရေးနိုင်ငံ ကအသုံးပြုလျက်ရှိသည်။

ကြက်ခြေနီနှင့် လခြမ်းနီအမှတ်အသား သည် စစ်မက်ဖြစ်ပွားချိန် ၌ လည်းကောင်း၊ ဘေး အန္တရာယ်ကျရောက်ချိန် တွင်လည်းကောင်း၊ ကြက်ခြေနီလှုပ်ရှားမှုတွင် ပါဝင်သော၊ အပြည်ပြည် ဆိုင်ရာကြက်ခြေနီကော် မတီ(အိုင်စီအာစီ)၊အပြည် ပြည်ဆိုင်ရာကြက်ခြေနီ နှင့်လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း၊ အမျိုးသား ကြက်ခြေနီနှင့်လခြမ်းနီ အသင်းများမှ လူပုဂ္ဂိုလ် များနှင့် တပ်မတော်ဆေး ဝန်ထမ်းများက၊ လူသား ချင်းစာနာထောက်ထားမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရသည်။



*Protective Used*



*Indicative Used*

ကြက်ခြေနီအမှတ်အသားသည် ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများ၏ အမှတ်အသားမဟုတ်ပေ။ ထိုအမှတ်အသား ကို မည်သူတို့က၊ မည်သည့်အချိန်တွင်၊ မည်သို့အသုံးပြုရ မည်ကို၊ နိုင်ငံတကာဥပဒေနှင့် သက်ဆိုင်ရာ နိုင်ငံဥပဒေများ တွင် ပြဋ္ဌာန်းပေးထား၏။ ကြက်ခြေနီလှုပ်ရှားမှုတွင် ပါဝင် နေသူများအနေဖြင့်၊ ဤအမှတ်အသားကို အသုံးပြုနေခြင်း သည် ကြက်ခြေနီအခြေခံမူ (၇)ချက်နှင့်အညီ လုပ်ကိုင်နေခြင်း ဖြစ်ကြောင်း အဓိပ္ပါယ်သက်ရောက်စေသည်။

ဂျီနီဗာအမျိုး သဘောတူစာချုပ်များအရ ပေါ်ပေါက် လာသော၊ ကြက်ခြေနီနှင့်လခြမ်းနီအမှတ်အသားကို–

၁ ။ *ရည်ညွှန်းဖော်ပြလိုမှု*
*Indicative Used*

၂ ။ *အကာအကွယ်ရယူလိုမှု*
*Protective Used* အတွက် အသုံးပြုသည်။

**ရည်ညွှန်းဖော်ပြလိုမှုအတွက် အသုံးပြုခြင်း။**

ငြိမ်းချမ်းစဉ်ကာလ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း၊ အမျိုးသား ကြက်ခြေနီနှင့်လခြမ်းနီအသင်း များ၊ ယင်းတို့နှင့် ဆက်နွယ်ကာ ကြက်ခြေနီလှုပ်ရှားမှုတွင် ပါဝင် ပတ်သက်နေသော၊ လူပုဂ္ဂိုလ် များ၊ အဆောက်အဦးများ၊ ယာဉ် များတွင် တပ်ဆင်နိုင်သည်။ ရည်ညွှန်းဖော်ပြလိုမှုအတွက် ကြက်ခြေနီအမှတ်အသားကို တပ်ဆင်ဖော်ပြရာတွင်၊ အဆိုပါ လူပုဂ္ဂိုလ်၊အဆောက်အဦး၊ပစ္စည်း ကရိယာတို့သည်၊ ကြက်ခြေနီ အဖွဲ့ သို့မဟုတ် ကြက်ခြေနီပိုင်လုပ်ငန်းများနှင့် နီးနွယ် ပတ်သက်နေရမည်ဖြစ်သည်။ ရည်ညွှန်းဖော်ပြလိုမှုအတွက် ရည်ရွယ်ကာ အသုံးပြုသည့်အတွက်၊ ဂျီနီဗာအမျိုးသဘောတူ စာချုပ်များ သို့မဟုတ် ယင်းနောက်ဆက်တွဲစာချုပ်များအားဖြင့် ရရှိနိုင်သည့်၊ အကာအကွယ်ပေးမှုမျိုးကို ခံစားပိုင်ခွင့် မရရှိ နိုင်ပေ။ ရည်ညွှန်းဖော်ပြခြင်းမျိုး ဖြစ်သည့်အတွက် တပ်ဆင်ချိတ်ဆွဲသည့်အခါ တပ်ဆင်သူ သို့မဟုတ် ပစ္စည်း အရွယ်အစားထက်နှိုင်းစာလျှင် အချိုးအစားမှာ သေးငယ် ရမည်။ (ဥပမာ–ရင်ထိုးတံဆိပ်)

ရည်ညွှန်းဖော်ပြမှုအတွက်အသုံးပြုသော အမှတ်အသားကို၊ လက်မောင်းပတ်၊ အဆောက်အအုံခေါင်မိုး စသည်တို့တွင် ဖော်ပြအသုံးပြုခွင့်မရှိပါ။ အကာအကွယ်ရရှိရန် ရည်ရွယ်အသုံးပြုသော၊ အမှတ်အသားဖြင့် ပုံမှားရိုက် အသုံးပြုခြင်းမျိုးလုံးဝမရှိစေရန် ရှောင်ကြဉ်ရမည်ဖြစ်သည်။ ကြက်ခြေနီနှင့်ပိုင်ဆိုင်ပတ်သက်မှုကို ရည်ညွှန်းဖော်ပြသော အမှတ်အသားတံဆိပ်ကိုအသုံးပြုရာတွင်၊အသုံးပြုခြင်းသည် ဥပဒေပြဋ္ဌာန်းချက်နှင့်ညီရမည်။ လုပ်ငန်းဆောင်ရွက်မှုများမှာ ကြက်ခြေနီအခြေခံမူများနှင့်ကိုက်ညီရမည်ဖြစ်သည်။

## အကာအကွယ်ရယူလိုမှုအတွက်အသုံးပြုခြင်း

စစ်မက်ဖြစ်နေစဉ် ဂျီနီဗာအများသဘောတူစာချုပ်များနှင့် ယင်းနောက်ဆက်တွဲ စာချုပ်များအရ အကာအကွယ်ရရှိရန် အတွက်အသုံးပြုခြင်းဖြစ်၏။ ယင်းသို့အသုံးပြုရာတွင် နှစ်ဖက်စစ်တိုက်သူများ၏ အမျိုးသားကြက်ခြေနီအသင်းဝင်များ၊ ဆေးဘက်ဆိုင်ရာပုဂ္ဂိုလ်များ၊ အိုင်စီအာစီကိုယ်စားလှယ်များ၊ ဆေးရုံဆေးခန်းများ၊ ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းလမ်းများတွင် အသုံးပြုမည့်၊ သူနာတင်ယာဉ်များတွင် တပ်ဆင်ရသည်။

အကာအကွယ်ရရှိရန်အတွက် ရည်ရွယ်သည့် အမှတ်အသားဖြစ်သည့်နှင့်အညီ၊ အဝေးကမြင်သာစေရန် ထင်ရှားစွာရေးဆွဲရ၏။ ရေးဆွဲချိတ်ဆွဲထားသောအဆောက်အဦး၊ အရာဝတ္ထုများနှင့် နိုင်းစာလျှင် အချိုးအစားအားဖြင့် ကြီးမားရမည်။ (ဥပမာ–ဆေးရုံခေါင်မိုးတွင် ရေးဆွဲထားခြင်း)၊ ကြက်ခြေနီအမှတ်အသား၏ အကာအကွယ်ပေးမှုတန်ဖိုးအား အလွဲသုံးပြုခြင်းမှကာကွယ်ရန်အတွက်၊ အောက်ပါအခြေအနေမျိုးတွင် သာတပ်ဆင်ချိတ်ဆွဲရမည်ဖြစ်သည်။

- အသုံးပြုသူများသည် သက်ဆိုင်ရာအာဏာပိုင်၏ ခွင့်ပြုချက်အရ အသုံးပြုခြင်းဖြစ်ရမည်။
- အသုံးပြုသူများသည် သက်ဆိုင်ရာအာဏာပိုင်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့်အသုံးပြုရမည်။
- ဆေးဘက်ဆိုင်ရာလုပ်ငန်းများအတွက် အသုံးပြုခြင်းဖြစ်ရမည်။

## ကြက်ခြေနီအမှတ်အသားကို မည်သူတို့အသုံးပြုခွင့်ရှိသနည်း။

ငြိမ်းချမ်းစဉ်ကာလတွင် ရည်ညွှန်းဖော်ပြလိုမှုအတွက်၊ ကြက်ခြေနီအမှတ်အသားကို အောက်ပါအဖွဲ့အစည်းများ အသုံးပြုခွင့်ရှိသည်။

အမျိုးသားကြက်ခြေနီနှင့် လခြမ်းနီအသင်းများသည်၊ ၁၉၉၁ ခုနှစ်၊ အမျိုးသားအသင်းများ တံဆိပ်အမှတ်အသားအသုံးပြုခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များအရ အသုံးပြုခွင့်ရှိသည်။ အသုံးပြုရာတွင် ကြက်ခြေနီအခြေခံမူများနှင့်အညီဖြစ်ရမည်။ ၊ အကူအညီလိုအပ်သူများကို ခွဲခြားမှုမရှိဘဲ၊ စေတနာလုပ်အားပေးအဖြစ် ဆောင်ရွက်ပေးရမည်။

အမျိုးသားကြက်ခြေနီအသင်းများသည် ကြက်ခြေနီအမှတ်အသားအသုံးပြုခြင်းဆိုင်ရာ ပြဋ္ဌာန်းချက် အပိုဒ်(၂၃) အပိုဒ်ခွဲ (၁)နှင့် (၂)တို့အရ၊ လုပ်ငန်းနှင့်ရန်ပုံငွေရှာဖွေရေးအတွက် အသုံးပြုနိုင်သည်။ ထို့အပြင် ပြဋ္ဌာန်းချက် အပိုဒ်(၂၃) အပိုဒ်ခွဲ(၃)နှင့် အပိုဒ်(၂၄)၊ (၂၅) အရ၊ ပုဂ္ဂလိကအကျိုးအမြတ်ခံစားရရှိမှုအတွက် မဟုတ်ဘဲ၊ လူမှုရေးလုပ်ငန်းများကို ကြက်ခြေနီနှင့် ပူးပေါင်းဆောင်ရွက်သော အခြားအဖွဲ့အစည်းများလည်း အသုံးပြုခွင့်ရှိသည်။

သူနာတင်ယာဉ်များနှင့် ရှေးဦးပြုစုပေးသောဌာနများ အနေဖြင့် အမျိုးသားကြက်ခြေနီအသင်း၏ ဥပဒေပြဋ္ဌာန်းချက်များနှင့်ညီညွတ်ပါက တပ်ဆင်ခွင့်ပြုသည်။ သို့သော် အခမဲ့ဝန်ဆောင်မှုပေးခြင်းမျိုးဖြစ်ရမည်။

ငြိမ်းချမ်းစဉ်ကာလတွင် ကြက်ခြေနီအမှတ်အသားကို၊ အကာအကွယ်ရရှိရန် အတွက်အောက်ပါတို့တွင် အသုံးပြုခွင့်ရှိသည်။

အမျိုးသားကြက်ခြေနီအသင်းများ၏ ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းများဖြစ်သော၊ ဆေးရုံများ၊ ရှေးဦးပြုစုပေးသည့်စခန်းများ၊ ဆေးဘက်ဆိုင်ရာအတွက်အသုံးပြုမည့်၊ မော်တော်ယာဉ်၊ သင်္ဘော၊ လေယာဉ်ပျံစသည့်ယာဉ်များတွင် သက်ဆိုင်ရာအာဏာပိုင်၏ သဘောတူညီမှုဖြင့် တပ်ဆင်အသုံးပြုခွင့်ရှိသည်။

စစ်မက်ဖြစ်ပွားနေချိန်တွင် ရည်ညွှန်းဖော်ပြသော၊ ကြက်ခြေနီအမှတ်အသားကို အမျိုးသားကြက်ခြေနီနှင့်လခြမ်းနီအသင်းများကသာ အသုံးပြုခွင့်ရှိ၏။ ထိုသို့အသုံးပြုရာတွင်

ရှုပ်ထွေးဝေဝါးမှု မရှိစေရန် သတိပြုရမည်ဖြစ်ပြီး၊ လက်ပတ်နှင့် အဆောက်အဦးခေါင်မိုးတွင် တပ်ဆင်ခြင်း မပြုလုပ်ရပါ။

စစ်မက်ဖြစ်ပွားနေစဉ် အကာအကွယ်ရရှိရန်အတွက်၊ ကြက်ခြေနီအမှတ်အသားကို အောက်ပါတို့တွင် အသုံးပြု တပ်ဆင်နိုင်သည်။

– စစ်တပ်များ၏ ဆေးတပ်ဖွဲ့များ၊
– အမျိုးသားကြက်ခြေနီနှင့်လခြမ်းနီအသင်းများသည် သက်ဆိုင်ရာအစိုးရစစ်ဘက်ဆိုင်ရာဆေးအဖွဲ့၏ အရန်အင်အားအဖြစ် အသိအမှတ်ပြုထားပါက




အသုံးပြုနိုင်သည်။ သို့သော် စစ်ဘက်ဆိုင်ရာဆေးအဖွဲ့များ၏ သတ်မှတ်ချက်များကို လေးစားလိုက်နာဆောင်ရွက်ရမည်။

ဂျီနီဗာအများသဘောတူစာချုပ်များအရလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ လူမှုကရုဏာဥပဒေအရ၊ ကြက်ခြေနီအမှတ်သားနှင့်အလံကို ခွင့်ပြုခြင်း မရှိသော အောက်ဖော်ပြပါ အသုံးပြုခြင်းများကို၊ လွဲမှားစွာအသုံးပြုမှု (သို့မဟုတ်) အလွဲသုံးစားပြုမှု (Misuse) ဟုသတ်မှတ်သည်။

– **အတုအယောင်ပြုလုပ်ခြင်း**(Imitation)
ကြက်ခြေနီအမှတ်အသား (သို့မဟုတ်)တံဆိပ်နှင့် အလားတူ ထင်ယောင်ထင်မှားဖြစ်စေသည့် ပုံသဏ္ဌာန်နှင့်အရောင်ဖြင့် အမှတ်အသား ပြုလုပ်ကာ အသုံးပြုနေမှုများ၊

– **အခွင့်မပြုခြင်း**(Usurpation)
သက်ဆိုင်ခြင်းမရှိသူများနှင့်အဖွဲ့အစည်းများက၊ ကြက်ခြေနီအမှတ်အသားကို တပ်ဆင်ဖော်ပြ အသုံးပြုနေမှု၊ (စီးပွားရေးအဖွဲ့အစည်း၊ ပြင်ပဆေးရုံ ဆေးခန်း၊ ဆေးတိုက်၊ ဆေးဆိုင်၊ သာမန်ပုဂ္ဂိုလ်၊ အစိုးရမဟုတ်သောအဖွဲ့အစည်း)

– **သစ္စာမဲ့ခြင်း** (Perfidy)
ကြက်ခြေနီအမှတ်အသား (သို့မဟုတ်) အလံကို အကာအကွယ်ယူ၍၊ စစ်သည်၊ လက်နက်ခဲယမ်းများအားသယ်ဆောင်ခြင်းသည် ကြီးစွာသော ချိုးဖောက်မှုဖြစ်သည်။






# ဆရာဝန် ဒေါက်တာဆိုတာ ဘယ်သူလဲ

ဒေါက်တာမောင်မောင်ညို

**အချီး**

တစ်ခေတ်က 'ဒေါက်တာ' ဆိုလျှင် ဆရာဝန်ပဲ ဟုထင်ကြသည်။ ၁၉၈၈ ခု အရေးအခင်းကာလက ထိုစဉ်က သမ္မတဒေါက်တာမောင်မောင်ကို ဆရာဝန်ထင်၍ဝေဖန်ကြသူများလည်း ရှိခဲ့သည်။ နောက်မှ ဥပဒေပါရဂူဘွဲ့ရ ရှေ့နေကြီးဖြစ်သည်ကို သိသွားကြသည်။

မှန်သည်။ မြန်မာလူမျိုးတို့သည် ဝေါဟာရတစ်လုံး၏ အဓိပ္ပါယ်ကို စုံစေ့စွာမသိဘဲ ပြောချင်ကြ၊ သုံးချင်ကြသည်။ 'ဒေါက်တာ'ဟူသော ဝေါဟာရကို ဆရာဝန်နှင့် အပူးတွဲသိကြ၊သုံးကြ၏။ဒေါက်တာထင်အောင်၊ ဒေါက်တာဗမော်ဆိုသော အမည်များကို သူတို့မသိကြပေ။ နှစ်ယောက်စလုံးဆရာဝန်မဟုတ်၊ ပါရဂူဘွဲ့(Ph.D.)ရ ပုဂ္ဂိုလ်များဖြစ်ပါသည်။ ဒေါက်တာထင်အောင်မှာ အင်္ဂလိပ်စာပါရဂူ၊ နာမည်ကြီးရန်ကုန်တက္ကသိုလ်က ပါမောက္ခချုပ်၊ စာရေးသူတို့ တက္ကသိုလ်ဝင်တန်းတွင် သုံးသောအင်္ဂလိပ်စာအုပ် Thirty Burmese Tales ရေးသားပြုစုသူဖြစ်သည်။ အင်္ဂလိပ်စာ၊ သမိုင်း၊ မနုဿဗေဒ အားလုံးကျွမ်းသူဖြစ်သည်။ နောင်တွင် သီဟိုဠ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးဖြစ်၏။

ဒေါက်တာဗမော်ကား တစ်ချိန်က ဒုတိယကမ္ဘာစစ်မဖြစ်မီက မြန်မာနိုင်ငံအစိုးရဝန်ကြီးချုပ် တစ်ဦးဖြစ်ခဲ့သည်။ မလိုသူများက သူ့အား 'မီးတုတ်မီးတုတ် ရှူးရှူး ဗမော်ဗမော် အို့အို့' ဟူ၍ နှိမ့်ချပြောဆိုခဲ့သည်။ နောင်တွင် သူသည် မြန်မာထွက်ရပ်ဂိုဏ်း၏ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းအထက်က၊ နောက်ဂျပန်ခေတ် မြန်မာနိုင်ငံအစိုးရအဓိပတိ (ဝန်ကြီးချုပ်)၊ ဗိုလ်ချုပ်အောင်ဆန်း၏ ဂျပန်တော်လှန်ရေးလုပ်ငန်းများကို သိလျက်မသိချင်ယောင်ဆောင်ကာနေခဲ့သူ၊ နောက်ဆုံး ဂျပန်တွေကဖမ်းကာခေါ်သွားခံရသူ။ မြန်မာမျိုးချစ် နိုင်ငံ့ခေါင်းဆောင်တစ်ဦးပင်ဖြစ်သည်။ သူ၏ အင်္ဂလိပ်စကားပြော၊ လေယူလေသိမ်းကို ဗိုလ်ချုပ်အောင်ဆန်းက အတုခိုးလေ့ကျင့်ခဲ့သည်။

ယခုမြန်မာနိုင်ငံ၌ 'ဒေါက်တာ' ဟူသော ဝေါဟာရကိုဆရာဝန်တွေကို သာမကပါရဂူဘွဲ့ရသူ အားလုံးကို သုံးနေပါသည်။ နာမည်ကြီးတက္ကသိုလ်များက သင်တန်းတက်၍ ဥပဒေစည်းမျဉ်းနှင့်ညီစွာရသူရော၊ ဘယ်လို ရမှန်းမသိဘဲ ဘယ်တက္ကသိုလ်ကမှန်းမသိသော ပါရဂူ ပိုင်ရှင် များလည်း ရှိပါသည်။ မိမိဂုဏ်နှင့် မိမိပါဘဲ။

## "ဆရာဝန်ဒေါက်တာ' ဟူသည်

မြန်မာနိုင်ငံ၌ ဆရာဝန်များကို 'ဒေါက်တာ' တပ်၍ ခေါ်ရန်ခွင့်ပြုထားသည်။ ဤဆရာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) လူကိုဆေးကုသောဆရာဝန် (M.B.B.S.)ဘွဲ့ရ (အတိုကောက်စာလုံးတွေ နောက်မှာ အစက်(full Stop) ပါပါသည်။

(၂) သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်ဘွဲ့ရ B.D.S. ဤအမည်ကိုခေါ်ရသည်မှာ ဆောင့်ပါသည်။ တိုတိုနှင့် ဗမာဆန်သော(မြန်မာမဟုတ်ပါ၊ဗမာပါ) သွားဆရာဝန်ဘွဲ့ရ။

(၃) တိရစ္ဆာန်ဆေးကုဆရာဝန်ဘွဲ့ရ (B.V.Sc.)

(၄) ပါရဂူဘွဲ့ရ (Ph.D) နှင့်အခြားDoctorateများ ဥပမာM.D.,D.Sc.,D.MED.Sc. စသည်

(၅) ဂုဏ်ထူးဆောင် Doctorate ဘွဲ့ရသူများ ဥပမာD.Litt. ရဆရာကြီး ဦးဖေမောင်တင်၊ ဆရာကြီး ဒေါက်တာသန်းထွန်း(သမိုင်း)

ဤတွင် စာရေးသူယခုပြောချင်သည်မှာ ဆရာဝန် 'ဒေါက်တာ' ဘွဲ့ရသူများနှင့် ပက်သက်၍ ဖြစ်ပါသည်။

## ဆရာဝန်ဒေါက်တာဟူသည်မည်သူလဲ

ဆရာဝန်ဒေါက်တာဟူသည် မြန်မာနိုင်ငံဆေးကောင်စီ ၌တရားဝင်မှတ်ပုံတင်ထားသော ဆေးပညာဘွဲ့ရ ပုဂ္ဂိုလ်ဖြစ်သည်။ သို့ဖြစ်၍ အောက်ပါဘွဲ့ရသူများသာ မှတ်ပုံတင်(ဆမ)ရနိုင်ပါသည်။

(၁) M.B,B.S မြန်မာနိုင်ငံမှပေးသောဘွဲ့နှင့် အလားတူ အသိအမှတ်ပြု အခြားနိုင်ငံဘွဲ့များ ဥပမာ အိန္ဒိယ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်

(၂) M.B ဥပမာ ကာလကတ္တားတက္ကသိုလ်

(၃) M.D (မလေးရှား)

(၄) L.M.P (Licenciate of Medical Practice) (ရှေးအိန္ဒိယနှင့် မြန်မာနိုင်ငံဆေးကျောင်းကပေး)

(၅) အခြားအသိအမှတ်ပြု ဆေးပညာဘွဲ့ ဥပမာ အရှေ့ဥရောပ Bulgariz, Russia စသည်

**ဆရာဝန်'ဒေါက်တာ' တစ်ဦး၏လုပ်ပိုင်ခွင့်များ**

(၁) မိမိအမည်ရှေ့မှာ'ဒေါက်တာ' တပ်ခွင့်ရှိသည် အင်္ဂလိပ်လို Dr ဟုရေးရ၏။အစက်(full stop) မပါ။ အမေရိကန်လိုမူအစက်ပါ၏ Dr.

(၂) ဆေးခန်းဖွင့်နိုင်သည်။

(၃) ဆေးကုသနိုင်သည်။

(၄) ဆေးလက်မှတ် (Medical Certficate) ထိုးပေးနိုင်သည်။

(၅) မွေးလက်မှတ်၊ သေဆုံးလက်မှတ် ထိုးနိုင်သည်။

(၆) ဆေးအညွှန်း(Prescription) ရေး၍ဆေးပေး နိုင်သည်။

(၇) ဆေးပညာပေးဆောင်းပါး၊ ဝတ္ထု၊စာအုပ်စသည်ကို 'ဒေါက်တာ' တပ်၍ ရေးနိုင်သည်။

(၈) တရားရုံးမှာ 'ကျွမ်းကျင် သက်သေ' (Expert Witness) အဖြစ် သက်သေခံနိုင်သည်။

(၉) ဆေးပညာ၊ ကျန်းမာရေးနှင့် ပက်သက်သော အစည်းအဝေး၊လုပ်ငန်းလှုပ်ရှားမှုများ၌ တရားဝင် လွတ်လပ်စွာ ပါဝင်နိုင်သည်။ ဦးဆောင်နိုင်သည်။

အထက်ပါအတိုင်းဆောင်ရွက်နိုင်ရန် ဆရာဝန် 'ဒေါက်တာ' သည် ဆရာဝန်ပဋိညာဉ် (Medical Ethic)နှင့် ဆရာဝန်များလိုက်နာဆောင်ရွက်အပ်သော အပြုအမူ (Code of Conduct) ကိုလိုက်နာရသည်။ စာရေးသူ ဆရာဝန် ဖြစ်စက ၁၉၆၁ ခုနှစ်၊ ဧပြီလတွင် ဆရာဝန်မှတ်ပုံတင်လုပ်ရာ မှတ်ပုံတင်မှူး ဦးပုက ဆရာဝန်ပဋိညာဉ်စာအုပ်တစ်အုပ်၊ လိုက်နာအပ်သော စည်းမျဉ်းများနှင့် မြန်မာနိုင်ငံဆေးကောင်စီ လက်မှတ်တစ်ခုထုတ်ပေးပါသည်။ ထိုစဉ်က စာရေးသူ၏ ဆရာဝန် အမှတ်မှာ ၁၇၄၈ ဖြစ်ပါသည်။စာရေးသူ ရှမ်းပြည်နယ် ရွှေ့တန်းတစ်နေရာတွင် ရောက်နေ၍ နောက်ကျမှမှတ်ပုံတင်ရသည်။ စာရေးသူထက် နောက်ကျ အောင်သူများမှာ နံပတ် ၁၀၀၀ အောက်မှာရှိကြသည်။

**ဆရာဝန်ပဋိညာဉ် (Hippocratic Oath)**

မြန်မာနိုင်ငံမှာသာမက ကမ္ဘာတလွှားမှဆရာဝန်များ သည်ဆေးပညာဖခင်ကြီးဟစ်ပိုကရေးတီးစ်(Hippo craties) ၏ ပဋိညာဉ်ကို ဆရာဝန်ဖြစ်လျှင် ရွက်ဆိုကြရသည်။စာရေးသူ မှာ ၁၉၆၁ခုဒီဇင်ဘာလက ရန်ကုန်တက္ကသိုလ်ဆေးကောလိပ် (ယခု ဆေးတက္ကသိုလ် ၁) ၏ မဟာဌာမှူး ပါမောက္ခ ဒေါက်တာ မောင်ကလေး တိုင်ပေးသော ဟစ်ပိုကရေတီးစ် ပဋိညာဉ်ကို အင်္ဂလိပ်လိုရွက်ဆိုခဲ့ပါသည်။ မြန်မာပြန်အနက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

'ကျွန်ုပ်သည် အပိုလို၊ အက်စ်ကလဲပီးယပ်စ်၊ ဟိုင် ဂျီယာ၊ပနာဆီယ်နှင့် နတ်ဘုရားများကို သက်သေထား၍ တိုင်တည်ပါအံ့ (သစ္စာပြုပါအံ့)

(၁) ကျွန်ုပ်သည် ကျွန်ုပ်အား ဤပညာသင်ကြားပေးခဲ့ သော ဆရာသမားများကို ကျွန်ုပ်၏ မိဘများကဲ့သို့ ရိုသေပါအံ့။ သူတို့လိုအပ်ပါက ကျွန်ုပ်၏ ဝင်ငွေမှ မျှ၍ ထောက်ပံ့ပါအံ့။

(၂) ဆရာသမားများ ကလေးများကိုကျွန်ုပ်၏ မောင်နှမ များကဲ့သို့ ယူဆဆက်ဆံပါအံ့။သူတို့သင်ယူလိုလျှင် ဤဆေးပညာကို သင်ကြားပေးပါအံ့။ သို့သော် အခြားသူများကိုမူ စည်းမျဉ်းစည်းကမ်းနှင့်အညီသာ သင်ကြားပေးပါအံ့။

(၃) ကျွန်ုပ်သည်ဂီလာနပုဂ္ဂိုလ်များကို လိုအပ်သော အစာ အာဟာရညွှန်းပါအံ့။ မည်သည့်အခါမျှ သူတို့ဘေး ဒုက္ခမရောက်စေရ။

(၄) ကျွန်ုပ်သည်မည်သူ့ကိုမျှ သေစေသောဆေး၊ နည်းနာ တို့ကိုမညွှန်းပါ။ မိန်းမတစ်ယောက်ကို ကိုယ်ဝန် ဖျက်ချရန် မကူညီပါ။

(၅) ကျွန်ုပ်သည် ကျောက်တည်သောပုဂ္ဂိုလ်များကို ခါးသုံး၍မကုပါ။ သူတို့ကိုကျွမ်းကျင်သော ကျောက်ကုသူ များထံ လွှဲပေးပါမည်။

(၆) ကျွန်ုပ်သည် မည်သည့်အိမ်ကိုဝင်ဝင် ဂီလာန ပုဂ္ဂိုလ် ၏ အမျိုးကိုသာ ရှေးရှုပါမည်။ မည်သည့်အခါမျှ သူဘေးအန္တရာယ်မဖြစ်စေရပါ။ မည်သည့်အခါမျှ မိန်းမများကို မလွန်ကျူးပါ။

(၇) ကျွန်ုပ်ဆေးကုသစဉ်အတွင်း၌ မြင်ရ၊ ကြားရသမျှ

ကို လည်းကောင်း၊ ဆေးကုသမှုအပြင်ဘက်တွင် ကြားရစဉ်ကို လည်းကောင်း မည်သူ့ကိုမျှ ဖြန့်ဝေ မပြောကြားပါ။

(၈) ဤပိဋိဉာဉ်ကို ကျွန်ုပ်ကောင်းစွာစောင့်ထိန်းက ကျွန်ုပ်အား အောင်မြင် အသက်ရှည်အောင် စောင့်ကြပ် စောင်မပါလော့။ ကျွန်ုပ်ဖောက်ဖျက်က ဆန့်ကျင်ဘက် ဆိုးကျိုးကိုသာရပါစေသား။

**ဆရာဝန်များလိုက်နာအပ်သည့် အပြုအမူ စည်းမျဉ်း စည်းကမ်းများ**

ဤသည်မှာ ယူကေနိုင်ငံ အင်္ဂလန်ဆေးကောင်စီ (General Medical Council) မှ ထုတ်ဝေသော စည်းကမ်းဥပဒေများ(Code of Conduct) အတိုင်းဖြစ်သည်။ အိန္ဒိယ၊ မြန်မာ၊ မလေးရှားစသော ရှေးဗြိတိသျှ အင်ပိုင်ယာ အတွင်းက နိုင်ငံများ၏ ဆေးကောင်စီများက လည်းထုတ်ပြန်သည်။ စာရေးသူမှာ ဤစည်းကမ်းနှစ်ခါသုံးခါ ရဖူးသည်။ ပထမ ၁၉၆၁ ခုနှစ်က ဆရာဝန်ဖြစ်စ၊ နောက်တော်လှန်ရေး ကောင်စီလက်ထက် ၁၉၆၅–၆၆ ခု လောက်က၊ နောက် ၁၉၈၉–၉၀ နဝတ လက်ထက်က၊ အကျဉ်းမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ဆရာဝန်အလုပ်ကို ဆရာဝန်ပဋိညာဏ်စည်းမျဉ်း နှင့် အညီ လူနာကိုကြင်နာစွာ၊ ရိုးသားစွာ ဆက်ဆံ ကုသပါ။

(၂) မိမိ၏ ဆေးပညာဗဟုသုတအရည်အချင်းကို အမြဲ မြင့်အောင်၊ ခေတ်မီအောင် ကြိုးစားပါ။

(၃) လူနာမှတ်တမ်းများ ကောင်းစွာထားပါ။

(၄) လူနာနှင့် သူ၏ဆွေမျိုးမိဘများနှင့် ကောင်းစွာ ဆက်ဆံပါ။

(၅) လူနာ၏ လျှို့ဝှက်ချက်များကို ကောင်းစွာ စောင့်ထိန်းပါ။

(၆) လိုအပ်ပါက လူနာအတွက် ဒုတိယဆရာဝန်၏ အကြံဉာဏ်ကိုရယူပါ။ သူ့ထံလူနာကို လွှဲပေးပါ။

(၇) မိမိ၏လုပ်ဖော်ကိုင်ဘက် အခြားဆရာဝန်များနှင့် ခင်မင်ရင်းနှီးစွာနေပါ။

(၈) လူနာအတွက် ကုန်ကျစရိတ် သက်သာအောင်အမြဲ ရှေးရှု ဆောင်ရွက်ပါ။

(၉) မိမိနာမည်ကျော်ရန် မိမိတော်ကြောင်းတတ်ကြောင်း မကြော်ငြာပါနှင့်။

(၁၀) နိုင်ငံ၏ ကျန်းမာရေး၊ ကမ္ဘာ့ကျန်းမာရေးလုပ်ငန်း များတွင် တတ်နိုင်သလောက်ပါဝင် ဆောင်ရွက်ပါ။

**အထူးမှတ်သားစရာများ**

**(၁) ဆရာဝန်၏ ကိုယ်ရည်ကိုယ်သွေး**

လူနာ၏ကြည်ညိုအားကိုးမှုရရန် ဝတ်စားဆင်ယင်ပါ။ ယဉ်ကျေးစွာပြောဆိုနေထိုင်ပါ။

**(၂) ဆေးခန်းနှင့် ဆေးကုဌာန**

ဆေးခန်းနှင့်ဆေးကုဌာနသည် လူရိုသေရှင်ရိုသေဖြစ်သော အဆောက်အဦနေရာဌာနဖြစ်ရမည်။ မိမိ၏ အမည်နှင့်ဘွဲ့ကို သေချာရှင်းလင်းစွာ ဖတ်၍ရရုံရေးသားထားပါ။ ဆိုင်းဘုတ်ကြီးများမတပ်ရ။ အသုံးပြုသော ဆေးခန်းပစ္စည်းများသန့်သန့် ရှင်းရှင်းသပ်ရပ်ခေတ်မီနေရမည်။

**(၃) မိမိ၏ လိပ်စာကဒ်ပြား**

ဆရာဝန်၏ လိပ်စာကဒ်ပြားမှာ အမည်နှင့်ဘွဲ့၊ တွေ့ဆုံနိုင်ချိန်နှင့် နေရာဒေသ၊ တယ်လီဖုန်းအမှတ်၊ အီးမေးလ်စသည်တို့သာ ပါရမည်။ အခြားအပိုစာသား ကြော်ငြာများမပါရ။

**(၄) လူနာမှတ်တမ်းများ**

လူနာမှတ်တမ်းများကို သေချာစွာ မိမိဘာသာရေးသား၍ စနစ်ကျစွာ သိမ်းထားရမည်။ မိမိမှတပါး အခြားသူများ ထုတ်ယူဖတ်ရှုခြင်းမပြုစေရ။

**(၅) တားမြစ်ဆေးဝါးများ**

ဆရာဝန်က ကြည့်ကြပ်ပေးရသော တားမြစ်ဆေးဝါး၊ မူးယစ်ဆေးဝါးများကို ဘီရိုတွင်ထည့်၍သော့ခတ်သိမ်းထားပါ။ မိမိ၏ ခွင့်ပြုချက်မရဘဲ မည်သူမျှမယူစေရ၊ မသုံးစွဲစေရ။

**(၆) ဆရာဝန်၏ ဆေးစာရေးစာရွက်များ**

ဆရာဝန်၏အသုံးမပြုသောဆေးစာရွက်၊ ဆေးညွှန်းစာရွက် စာအုပ်များကို လုံခြုံစွာသိမ်းထားရမည်။ ကြိုတင်၍ လက်မှတ်ထိုးမထားရ၊ လိုသည့်အခါမှ ဆေးညွှန်းရေး၊ ဆေးစာရေးပြီး မိမိကိုယ်တိုင် လက်မှတ်ထိုးရမည်။ လက်မှတ်ကိုတံဆိပ် (Seal) လုပ်မထားရ၊ မည်သူ့ကိုမျှ ကိုယ်စားမထိုး၊ ခွင့်မပေးရ။

**(၇) ဆေးကုမ္ပဏီ အသက်အာမခံကုမ္ပဏီများနှင့် ဆက်ဆံမှု**

သူတို့၏ အမြတ်ငွေအတွက် မလုပ်ရ၊ မကြော်ငြာရ၊ လူနာ၏ အကျိုးသာ ပထမရှေးရှုရမည်။ အဓိကထားရမည်။

**ဒေါက်တာမောင်မောင်ညို**



# ဘီပိုး

မောင်ညိုပြာ

(၁)

တစ်နေ့တော့ တော်တော့်ကို အမေးအမြန်းထူတဲ့ သူငယ်ချင်းတစ်ယောက် ကျွန်တော့် အလုပ်ခွင်သို့ အလည် အပတ်ရောက်လာပါတယ်။ အမေးအမြန်းထူတယ်လို့ပြော တာက သက်သက်ညှာညှာ ပြောတာပါ။ နည်းနည်းမညှာ မတာ ပြောရရင် အင်မတန် စပ်စုတဲ့လူပါပဲ။ စိတ်မရှည်တဲ့ အခါမျိုးပြောသလို ပြောရမယ်ဆိုရင် အလိုက်ကန်းဆိုး မသိ တတ်တဲ့လူ၊ အာချောင်တဲ့လူ၊ အပေါက်အစပ်များတဲ့လူ၊ အဲသည်လိုပြောရမယ် ထင်ပါတယ်။ ကြည့်၊ အခုပဲ။

'ဘီပိုးဆိုတာဘာလဲ'

'ဘီပိုးဆိုတာဗိုင်းရပ်(စ်)တစ်မျိုးပါပဲ။အသည်းရောဂါ တစ်မျိုးပေါ့. . . အနေအထိုင်မသန့်ရှင်းရင်၊ အရက်သေစာ သောက်စားရင်၊ တစ်ကိုယ်ရေ သန့်ရှင်းမှုမရှိရင်၊ ကိုယ်ခံအား မကောင်းရင်၊ ပထမတော့ အသည်းကျွတ်ရောဂါ CIRRHOSIS OF LIVER ဖြစ်မယ်။ နောက်တော့ အသည်း ကင်ဆာဖြစ်သွားနိုင်တာပေါ့။ ဒါပေမယ့် လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က ရုပ်မြင်သံကြားမှာ မြန်မာဆရာဝန်ကြီး

သုံးယောက်က၊ ဘီပိုးနဲ့ပတ်သက်ပြီး သိပ်ကြောက်စရာမလိုပါဘူးတဲ့။ ဆောင်ရန်၊ ရှောင်ရန် တွေကို လိုက်နာမယ်ဆိုရင် သက်တမ်းစေ့နေနိုင်တယ်လို့ ဆိုပါတယ်။ အသည်းအားဆေးတွေတော့ စားရလိမ့်မယ်လို့ ဆိုပါတယ်။ ကျွန်တော်မှတ်မိသလောက် ခင်ဗျားကို ပြောပြရတာပါ။

'ကာကွယ်ဆေးရောရှိသလား'

'ရှိတာပေါ့ RECOMBINANT HEPATITIS B VACCINE လို့ခေါ်တယ်။ နိုင်ငံအမျိုးမျိုး က ထုတ်လုပ်နေကြတာပါ။ ဘီပိုးကကာကွယ်ဆေးရှိတယ်။ ပျောက်အောင်ကုသတဲ့ဆေးမရှိဘူး။ HIV နဲ့ ကွာတာကတော့ HIV က ကာကွယ်ဆေးလည်းမရှိသလို၊ ကုသဆေးလည်းမရှိဘူး။ ဘယ်လောက်ပဲကောင်းအောင်နေနေ သက်တမ်းစေ့ မနေရရှာဘူး။'

HIV ဝေဒနာရှင်က ဘယ်လောက်ထိ အသက်ရှင်နိုင်မှာလဲ။ နောက်ပြီး ခင်ဗျားတို့ဓာတ်ခွဲတော့ ဘယ်နှစ်ရာခိုင်နှုန်း လောက်တွေ့လဲ

အို..လျှာရှည်လိုက်တဲ့လူ။ ဒီလူ ဆေးဂျာနယ်တွေ၊ ဆေးဆောင်းပါးတွေ မဖတ်ဖူးလား မသိဘူး။ ထိုအချိန်တွင် နိုင်ငံခြားမှာ အလုပ်သွားလုပ်မည့်သူ (၁၀)ယောက်ရောက်လာတယ်။ ကျွန်တော့်အလုပ်က ဆီး၊ ဝမ်း၊ သွေး၊ သလိပ်စစ်ဆေးတဲ့ ဓာတ်ခွဲမှူး။ ခန့်ခန့်ညားညား ပြောမည်ဆိုလျှင် ရောဂါရှာဖွေရေး ပညာရှင်။ နိုင်ငံခြား အလုပ်သွားလုပ်မည့်သူများကို ကာလသားရောဂါ၊ HIV၊ ဘီပိုး၊ စီပိုးများကိုရှာဖွေဖော်ထုတ်ပေးရသောတာဝန်။ နိုင်ငံခြားသို့ သွားရောက်အလုပ်လုပ်မည့်လုပ်ငန်းကို ကျွန်တော်တို့က ရှီးဂျေ့(စ်)ဟုခေါ်သည်။ ကျွန်တော်တို့ဆေးခန်းတွင် ဓာတ်မှန်ခန်း၊ အာထရာဆောင်း၊ အီး၊စီ၊ဂျီ၊ ဓာတ်ခွဲခန်းဆိုပြီး အရေးအကြီးဆုံး ဌာနစိတ်(၄)ခုရှိသည်။ ထို(၄)ခုစလုံးအောင်မှသာ နိုင်ငံခြားအလုပ် သွားလုပ်မည့်လူကို ဆရာဝန်မကြီးက FIT FORM ထုတ်ပေးသည်။ အမှန်ကတော့ ဓာတ်ခွဲခန်းမှ သွေးစစ်ထားသော အဖြေသည် အရေးကြီးဆုံးဖြစ်သည်။ HIV ပိုးရှိလျှင်၊ ဘီပိုးရှိလျှင်၊ စီပိုးရှိလျှင်၊ ကာလသားရောဂါရှိနေလျှင်၊ ဆေးစစ်မအောင်သောလူ UNFIT ဆိုပြီး ဆရာဝန်မကြီးက နိုင်ငံခြားကိုပို့မည့် ဆေးစစ်ချက်စာရွက်တွင် ရေးလိုက်ပါသည်။

သူ့ကို အဲဒီအကြောင်းတွေ ရှည်ရှည်ဝေးဝေး ရှင်းပြလိုက်ပါတယ်။

ဒါနဲ့ . .ဘီပိုးလို့ ဘာလို့ခေါ်တာလဲ။ မှားနေတယ်။ အများအားဖြင့် တောမြွေတွေမှာတောင် မြွေဟောက်၊ မြွေစိမ်း၊ မြွေပွေး လို့ခေါ်ကြတယ်။ ပိုးဘီလို့ခေါ်ဖို့ကောင်းတယ်။

အလုပ်မအားရတဲ့ကြားတဲ၊မလိုအပ်ဘဲ အမေးအမြန်း အင်မတန်ထူတဲ့လူပဲ။

ဘယ်လိုပဲခေါ်ခေါ် အရေးမကြီးပါဘူး။ သဘောပေါက်ရင်ပြီးတာပါပဲ။ ဒါပေမယ့် အသားကျနေတဲ့ အခေါ်အဝေါ်က ပိုပြီး နားယဉ်ပါတယ်။ ဒီလိုဆိုရင် စပါးကြီးမြွေတို့၊ ရေမြွေတို့ကျတော့ မြွေကအနောက်မှာ ရောက်နေပြန်ရော။ နေဦး ကျွန်တော်အလုပ်လုပ်ပါရစေဦး။ အလုပ်ပါးသွားရင် ခင်ဗျားကို ကျွန်တော်သေသေချာချာ ရှင်းပြပါ့မယ်။

ကျွန်တော်က လက်ထောက်ဓာတ်ခွဲမှူး ဖောက်ထားသော သွေးပုလင်းများကိုယူပြီး HIV ဗိုင်းရပ်(စ်)၊ ဗိုင်းရပ်(စ်)၊ စီတို့ကို ဓာတ်ခွဲနေပါတယ်။ စောစောက ဖော်ပြထားသလို ရှီးဂျေ့တွေက လူ(၂၀) အပြင်၊ နောက်ထပ် နောက်ထပ် အဖွဲ့ဖွဲ့ရောက်လာပါတယ်။ ကျွန်တော့်မိတ်ဆွေကတော့ လွတ်နေတဲ့ကုလားထိုင်မှာထိုင်ပြီး ကျွန်တော့်ကိုသူသိချင်တာတွေ အရိပ်သုံးပါးနားမလည်ဘဲ မေးခွန်းတွေ မေးနေဆဲပါပဲ။ နေဦး..နေဦး..ဒီမှာအလုပ်များနေလို့..လို့ တားထားရတယ်။

'လက်ဖက်ရည်ဆိုင်သွားမယ်'

'မအားဘူး၊ ဘာမှမပြီးသေးဘူး'

'ခဏကလေးပါ'

'အလုပ်ပြီးရင် သွားကြတာပေါ့'

'ခဏလေးပါ'

'အလုပ်မပြီးသေးဘဲ သွားရင် ဆရာဝန်မကြီး ဆူလိမ့်မယ်'

'ကိုယ်က ဒီရှီးဂျေ့နဲ့သွေးစစ်တဲ့ကိစ္စ စိတ်ဝင်စားလို့ပါ။ ဥပမာ ပိုးဘီတို့ ပိုးစီတို့ ရှိလျက်သားနဲ့ မရှိဘူးလို့ အဖြေ မှားထုတ်ပေးရင် ဆက်လက်ပြီး ဘာတွေဖြစ်လာမလဲ'

'ကျွန်တော်တို့က ဘီပိုး၊ စီပိုးခေါ်နေကြပါ။ ခင်ဗျားက ပိုးဘီ၊ ပိုးစီ လို့ဆိုလိုက်တော့ ကျွန်တော်က ဘာမှန်းမသိသလိုဖြစ်သွားတယ်။ ထားပါတော့ ပိုးဘီ၊ ပိုးစီ ပိုးHIVတို့ ရှိလျက်သားနဲ့ မရှိဘူးလို့မှားပြီးအဖြေထုတ်ပေးလိုက်ရင် ဆရာဝန်မကြီးက FIT ဆိုပြီး ဆေးအောင်တယ်ဆိုပြီး ထောက်ခံချက် ပေးလိုက်ရော အဲဒီ ရှီးဂျေ့ နိုင်ငံခြားထွက်သွားရော၊ ဟိုရောက်တာနဲ့ ဟိုက ဓာတ်ခွဲမှူးကအဖြေမှန်မမှန် သွေးပြန်စစ်တယ်'

'အဲဒီတော့'

'အဲဒီတော့ မြန်မာပြည်ကို ပြန်လွှတ်လိုက်တာပေါ့၊ ပြန်လွှတ်လိုက်တော့ မလေးရှားဆိုရင် (၁၀) သိန်းလောက် ဆုံးရော၊ စင်္ကာပူဆိုရင် သိန်း (၃၀) လောက်ဆုံးရော၊ ဂျပန်ဆိုရင် သိန်း (၁၀၀) နီးပါးလောက်ဆုံးရော'

'အဲဒီတော့'

'အဲဒီတော့ FIT FORM ကထုတ်ပေးတဲ့ ဆေးခန်းကို နိုင်ငံခြားနဲ့ ဆက်ထားတဲ့ အေဂျင်စီတွေက ပြဿနာလာရှာတတ်ပါတယ်။ လျှော်ပေးရမယ်။ ဘာညာဆိုပြီး ရှိုးရှော့ အလုပ်သမားကလည်း ဂွိဂွမ်လာလုပ်မယ်၊ တရားစွဲမယ်လို့ အပြောခံရမယ်။ ဒီကိစ္စမှာ တာဝန်အရှိဆုံးကဓာတ်ခွဲမှူးပဲလေ။ ကဲကဲ..ကျွန်တော် အလုပ်ပြီးတော့ သေသေချာချာ ရှင်းပြပါ့မယ်။ ခင်ဗျား ဧည့်ခန်းမှာသွားပြီးစောင့်နေပါ'

ကျွန်တော်အလုပ်အကိုင် အထိုက်အလျောက်ပြီးတယ်ဆိုရင်ပဲ သူ့ကို လက်ဖက်ရည်ဆိုင်ခေါ်သွားပြီး သူ့မေးခွန်းများအားလုံး အကြုံးဝင်မည့် အဖြေများကို တစ်ထိုင်တည်း ပြောပြလိုက်ပါတော့တယ်။

(၂)

'မသူဇာတင်ရေ'

'ရှင်'

'ဒီနေ့သွေးစစ်တဲ့အထဲမှာ မောင်ကျော်မောင်အောင်လားလို့ ဖုန်းလာနေတယ်'

မသူဇာတင်ဆိုတာ ကျွန်တော့်လက်ထောက်ပါ။ သူက ကျွန်တော်ဓာတ်ခွဲပြီးလို့ သူ့ကိုမှတ်ခိုင်းထားတဲ့ မှတ်စုစာအုပ်ကို လှန်ကြည့်ပါတယ်။ တကယ်လို့လူနာဟာ HIV နဲ့ ကျတယ်ဆိုရင် သူ့နာမည်နဲ့ တည့်တည့်မှာ အနီရောင်ထင်းထင်း နဲ့ REACTIVE လို့ မှတ်သားလိုက်ပါတယ်။ B ပိုးနဲ့ဆေးကျရင် လူနာ နာမည်တည့်တည့်မျဉ်းကြောင်းပေါ်မှာ Hbs=REACTIVE လို့ရေးချလိုက်ပါတယ် မသူဇာတင်ဟာ စာအုပ်မှာကြည့်ပြီး လှမ်းအော်လိုက်ပါတယ်။

'မအောင်ဘူး။ ကျတယ်'

'ဘာနဲ့ ကျတာလဲတဲ့ မေးနေလို့'

'ကာလသားရောဂါနဲ့ကျတာ'

မသူဇာတင်ဟာ အရှေ့ကောင်တာက ဆရာမတွေကြားလောက်အောင် အော်ပြောလိုက်တယ်။ နောက်နေ့ကျတော့ အဲဒီကာလသားရောဂါရှိတဲ့ ကောင်လေးရောက်လာပါတယ် ကာလသားရောဂါပိုး တော်တော်များများလားလို့ လာမေးပါတယ်။

ဆေးထိုးရင် ပျောက်မယ်။ ပျောက်ရင် နိုင်ငံခြားမှာ သွား အလုပ်လုပ်လို့ရမယ်။ B ပိုးတို့၊ C ပိုးတို့ HIV ပိုးတို့ကတော့ ပျောက်အောင်ကုလို့ မရတော့၊ နိုင်ငံခြားမှာ သွားလုပ် လုပ်ဖို့ အိပ်မက်ဟာမဖြစ်နိုင်တော့ဘူး။ ဓာတ်မှန်မှာ တီဘီရောဂါတွေ့တယ်ဆိုရင်၊ ဆေးထိုး၊ ဆေးသောက်ပျောက်နိုင်တယ်။ ပျောက်တဲ့အခါ ရှိုးရှော့ သွားလုပ်လို့ရတယ်။ ရက်နောက်ဆုတ် သွားတာပဲရှိတယ်။

ကျွန်တော်ရှင်းပြလိုက်ရပါတယ်။ B ပိုး၊ C ပိုး၊ HIV ပိုး တွေက TRANSMITTED DISEASE တွေမို့ ကူးစက်ရောဂါဆိုတော့ နိုင်ငံခြားက လုံးဝလက်မခံဘူး။

တစ်ချို့များ ဘီပိုးရှိတယ်၊ ဆေးမျိုးစုံရှာသောက်တယ်၊ တိုင်းရင်းဆေး၊ အင်္ဂလိပ်ဆေး၊ နိုင်ငံခြားဆေး သောက်တယ်။ ပြောသံကြားတာနဲ့ ကောင်းလိမ့်နိုးနိုး ဝယ်သောက်တယ်။ ကြိုးကြိုးစားစားသောက်တယ်။ ဘယ်လောက်ခါးခါး မြိုချတယ်။ ဘာလို့လဲဆိုရင် သေရမှာကြောက်လို့ မဟုတ်ဘူး။ နိုင်ငံခြားမှာ အလုပ်သွား လုပ်ချင်လို့ပေါ့။ တစ်ချို့မိန်းကလေးတွေ သိပ်သနားစရာကောင်းတယ်။

အမေ..သမီး အမေပင်ပန်းတာ မကြည့်ရက်ဘူး။ သမီး ရှိုးရှော့သွားပြီး အမေ့ကို လုပ်ကျွေးမယ်။ သမီး ဒီနေ့ နိုင်ငံခြား အလုပ်ရှာဖွေရေး အေဂျင်စီကို သွားမယ်။ အမေဆင်ပေးထားတဲ့ ဆွဲကြိုးနဲ့ လက်ကောက်တွေရောင်းပြီး ရှိုးရှော့ သွားမယ်။ အမေဘာမှ လုပ်စရာမလိုတော့ဘူး။

အဲဒီလိုပြောပြီး ကျွန်တော့်ဆီမှာ သွေးလာစစ်တဲ့ အဆင့်ကိုရောက်ပြီ။ နိုင်ငံခြားအလုပ်သွားလုပ်ဖို့ အစီအစဉ်တွေကို ဖြတ်သန်းရမှာ သွေးစစ်တဲ့ အဆင့်ကိုရောက်ပြီ။ စစ်ပြီ၊ အို...ဘီပိုး ရှိနေပါရောလား။ သူ့ကိုပြောပြလိုက်တယ်ဆိုရင် (၁၀) တန်းစာမေးပွဲကျတဲ့ ကျောင်းသူတစ်ယောက်လို မျက်ဝန်းမျိုး၊ သူ့မျက်နှာပေါ် မှာတွေ့ရတယ်။ သိပ်အားငယ်သွားရှာပြီ။ ပြီးတော့ ရှိုးရှော့သွားမယ့်လူ သုံးလေးဆယ်ကြားထဲမှာ ဆေးမအောင်ဘူးဆိုတော့ အများက သနားသလိုလို ဝိုင်းကြည့်တာလည်းခံရတယ်။ နောက်လူပြောများတဲ့ ဆေးနည်းတွေကိုသောက်တယ်။ ပိုက်ဆံလည်း အမိပွါယ်မရှိ ကုန်လုပ်ပြီ။ သွေးလာပြန်စစ်ကြည့်တယ်။ ဒီမိန်းကလေးလိုပဲ။ တစ်ခြားလူတွေလည်း ဘီပိုးရှိတယ်ဆိုရင် ရှိုးရှော့သွားနိုင်အောင် ဆေးတွေမျိုးစုံလျှောက်သောက်တယ်။ သွေးလာပြန်စစ်တယ်။ ကောင်းသွားတယ်ဆိုတာ တစ်ယောက်မှမတွေ့ဖူးဘူး။ သေချာတယ်။ မပျောက်ဘူး။ ကျွန်တော်ကိုယ်တိုင်

နှစ်ပေါင်းများစွာ ဘီပိုးစစ်လာတဲ့ ခာတ်ခွဲမှူးဆိုတော့ သိတာပေါ့ စစ်လာတဲ့ လူတစ်သိန်းလောက်ရှိပြီလေ။

တစ်နေ့တော့လူတစ်ယောက် ရှီးဂျော့သွားဖို့အတွက် သွေးလာစစ်တယ် အေးဂျင့်လည်း လိုက်လာတယ်။ ဘီပိုးရှိနေပြီ။

ဟာ..ကျွန်တော် ဆေးခန်းတစ်ခန်းမှ ဘီပိုးစစ်တယ်။ မရှိဘူးဆိုလို့ ကာကွယ်ဆေးတွေထိုးပြီးပြီ။

'ဘယ်လိုဖြစ်တာလဲဆရာ'

ခင်ဗျားဟိုမှာ စစ်ကတည်းကရှိနေတာပါ။ စစ်တာမှားနေလို့ဖြစ်မယ်။ ဒီမှာတော့မှားလို့မဖြစ်ဘူး။ ငွေဆယ်သိန်း၊ သိန်းနှစ်ဆယ်ရင်နှီးထားတဲ့ကိစ္စဆိုတော့ မှားလို့ မဖြစ်ဘူး မှားရင် ပြဿနာအကြီးအကျယ် တက်သွားမယ်။ နိုင်ငံခြားရောက်သွားရင် သွေးချက်ချင်း ပြန်စစ်မှာဆိုတော့...

ဘီပိုးကို ခာတ်ခွဲခန်း အသုံးအနှုန်းနဲ့ Hbs Agလို့ ခေါ်တယ်။ စီပိုးကို HCV လို့ခေါ်တယ်။ HIVကို RETRO VIRUS လို့လည်းခေါ်တယ်။ RETRO ကို အင်္ဂလိပ်မြန်မာအဘိဓာန်မှာ လှန်ကြည့်တော့ 'နောက်ကြောင်းပြန်လိုက်ခြင်း' လို့တွေ့ရတယ်။ အင်မတန် အရုပ်ဆိုးတဲ့ ရောဂါအတွက် သိပ်လှတဲ့အသုံးအနှုန်းပဲ။ အဲဒီလူ ဘာတွေမှားခဲ့သလဲပေါ့။

(၃)

တစ်နေ့ ကျွန်တော့်သူငယ်ချင်း စာရေးဆရာတစ်ယောက် ရောက်လာတယ်။ ကိစ္စကသူ့သမီးကိစ္စ ကုမ္ပဏီတစ်ခုမှာ အလုပ်လျှောက်ထားတယ်တဲ့။ ကုမ္ပဏီက ဆေးခန်းတစ်ခန်းမှာ သွေးသွားစစ်ခိုင်းတယ် တဲ့။

'ဆရာ..လုပ်ပါဦး။ ကျွန်တော့်သမီးက ဘီပိုးရှိနေတယ်။ မွေးကတည်းကပေါ့။ ဟိုတစ်ခါလည်း ဆရာ့ဆီမှာ လာစစ်ဖူးတယ်လေ။ အဲဒါဆရာရယ်။ အခု သမီး သွေးသွားစစ်မယ့် ဆေးခန်းမှာ ဆရာ့အသိရှိလား'


သူက ကျွန်တော့်ကို ရိုရိုသေသေ လေးလေးစားစား တင်ပြနေပါတယ်။ သူ့မျက်နှာက အလွန်ရိုးသားတဲ့ ကျေးလက်ဆန်တဲ့မျက်နှာမျိုး၊ လေသံကလည်း ကျောင်းဆရာကို တပည့်က အစီရင်ခံနေတဲ့ လေသံမျိုး။ အတုလုပ် အရုပ်ဆောင်တာမျိုးမဟုတ်ဘူး။ အစစ်။ ဆွေမျိုးတစ်ယောက် ပြဿနာ တက်နေသလို ခံစားလိုက် ရပါတယ်။ ညီအစ်ကို အရင်းတစ်ယောက်ရှေ့မှောက်မှာ ဒုက္ခရောက်နေသလိုပဲ ခံစားရတယ်။ အသံကြားသနားပါစေ၊ မျက်နှာမြင် ချစ်ခင်ပါစေ ဆိုတဲ့လူစားမျိုး၊ ပြီးတော့ သူက စာတစ်စောင်လည်း ပေးလာတယ်။ စာထဲမှာလည်း သူတို့ သားအဖသုံးယောက် မနည်းကြိုးကိုရုန်းကန် စားသောက်နေရတဲ့ အကြောင်းပါတယ်၊ ရင်ထဲက တိုက်ရိုက် စီးဆင်းလာတဲ့ ဝါကျတွေပါပဲ။ သူ့စာဖတ်ပြီး ကျွန်တော်တောင် မျက်ရည်စို့သွားတယ်။ သူ့ဇနီး၊ သားကြီးကိုမွေးတော့ ဗိုက်ခွဲမွေးရတဲ့ အကြောင်း သွေးသုံးပုလင်း သွင်းရတဲ့အကြောင်း၊ အဲဒီမှာ ဘီပိုးဝင်သွားတဲ့ အကြောင်း။ သူ့သားမှာရော သမီးမှာပါ ဘီပိုးရှိတဲ့ အကြောင်းတွေ ကလေးတွေအစား သူသာဖြစ် လိုက်ပါတော့လားတဲ့။ လွန်ခဲ့တဲ့ (၆) လလောက်က သူ့ဇနီးဆုံးသွားခဲ့တယ်တဲ့။ ဆုံးသွားချိန်မှာ ကလေးတွေအရွယ်ရောက်နေပါပြီ။ သမီးရော၊ သားရော၊ ဘွဲ့တွေရကြပြီး သမီးက နိုင်ငံခြားက ဒီမှာလာဖွင့်တဲ့ဒီပလိုမာတစ်ခု (U.K) ရထားတဲ့အကြောင်း အဲဒီဆေးခန်းမှာ ဆရာ့အသိရှိရင် ဘီပိုးမရှိဘူးလို့ အဖြေထုတ်ပေးပါမယ့်အကြောင်း သူ့စာထဲမှာ ရေးထားတာ အင်မတန်သနားစရာ စာနာထောက်ထားစရာ ကောင်းလှပါတယ်။

ကျွန်တော်လည်း သူ့ကို သနားလွန်းတာနဲ့ ဟိုမှာ သွေးစစ်ပေးမယ့်ခာတ်ခွဲမှူး ကျွန်တော့်သူငယ်ချင်းထံ စာတစ်စောင်ရေးပေးလိုက်တယ်။ မလုပ်သင့်မှန်းသိပေမယ့် သူ့ကို သနားလွန်းလို့ သစ္စာဖောက်တယ်ပဲပြောပြော မိတ်ဆက်စာ ရေးပေးလိုက်ပါတယ်။


အခုလာတဲ့လူရဲ့သမီး ဘီပိုးရှိတယ်။ အဲဒါ ခင်ဗျားကူညီပါ။ ဘီပိုးရှိရင် ကုမ္ပဏီက မခန့်ဘူးလို့ပြောတယ်။ ခင်ဗျားဖြစ်နိုင်ရင် NON REACTIVE ထုတ်ပေးစေလိုပါတယ်။ ပြည်တွင်းအလုပ်ပဲဗျာ။ အန္တရာယ်တော့ သိပ်မရှိဘူးလို့ ထင်ပါတယ်။ ကျွန်တော် ခင်ဗျားကို လာတွေ့ဦးမယ်။ သတိရတယ်ဗျာ။

ကျွန်တော်မိတ်ဆက်စာကို ရေးပေးပြီးတဲ့နောက်မှာ အားအင်တွေ အလွန်ဆုတ်ယုတ်သွားပါတယ်။ ခာတ်ခွဲခန်းမှူးတစ်ယောက်အနေနဲ့ရော စာရေးဆရာတစ်ယောက်အနေနှင့်ရော ယခုလိုမလုပ်သင့် မှန်းသိပါတယ်။ သိပေမယ့်ဒီလူ့အသံ၊ မျက်နှာပေး၊ စကားလုံးရွေးချယ်မှုတွေကို စာနာထောက်ထားလွန်းလို့ပါ။ သူ့စကားတွေ အလုံးတစ်ရာမှာ 'ဆရာ'က ဆယ်လုံးလောက်ပါတယ်။ အပြစ်လုပ်ထားလို့ အသနားခံတဲ့ ပုံစံမျိုးမို့ မိတ်ဆက်စာရေးပေးလိုက်ပါပြီ၊ အော်..မေ့နေလို့။ သူ့နာမည်မပြောရသေးဘူး။ သူ့နာမည်က 'ကိုသင်းအောင်'ပါ။

## ကြက်ခြေနီစာအုပ်မိတ်ဆက်








| | | |
|---|---|---|
| **ဟင်နရီဒူးနန့် (သို့) စွန့်ဝံ့သူ** | **လူမှုကရုဏာလုပ်ငန်းနှင့်ကြက်ခြေနီလှုပ်ရှားမှု** | **အညတရသည့်သည်နှင့်ကြက်ခြေနီဝတ္ထုတိုများ** |
| **သက်ဆွေ** | **တက္ကသိုလ်ဇော်ထူးဦး** | **တက္ကသိုလ်ဇော်ထူးဦး** |
| အလင်းသစ်စာပေ | ပန်းစကားစာပေ | ပန်းစကားစာပေ |
| ၂၀၁၄ ဧပြီလ | ၂၀၁၃ မတ်လ | ၂၀၁၄ မေလ |
| (၃၀၀၀ ကျပ်) | (၁၅၀၀ ကျပ်) | (၁၅၀၀ ကျပ်) |

နောက်တစ်နေ့ကျတော့ သူရောက်လာတယ်။ ခေါင်းငိုက်စိုက်ကျလို့ပေါ့။ သူ့ကိုမြင်တာနဲ့ ကိစ္စမအောင်မြင်မှန်းသိသာတယ်။ သူကနှုတ်က မပြောဘဲ စာတစ်စောင်ပေးတယ်။

'ဆရာ... ဆရာ့သူငယ်ချင်းက သူမလုပ်ရဲဘူးတဲ့။ အဲဒီလိုလုပ်လို့ အရင်က ဓာတ်ခွဲမှူးတစ်ယောက်ပြုတ် သွားပြီတဲ့။ ပြီးတော့ သူကိုယ်တိုင်လည်း ဘိပိုးရှိတယ်တဲ့။ ကျွန်တော့်ကို လက်ဖက်ရည်တိုက်ပြီး တောင်းပန်လိုက်ပါတယ်။ ဆရာ့ကိုလည်း ပြောပြလိုက်ပါတဲ့။ ဆရာရယ် ...ကျွန်တော့်သမီး သမီးပညာတွေအများကြီး သင်ခဲ့တယ် နိုင်ငံခြားကပေးတဲ့ ဒီပလိုမာလည်းရထားတယ်။ အဲဒါတွေဟာ ဒီ ဘိပိုးလေးတစ်ခုတည်းရှိတာနဲ့ အလကား ဖြစ်ကုန်ပြီလား ဆရာ။ တစ်နေ့ ကျွန်တော့်သမီး အလုပ်ရရင် ကျွန်တော်တို့ သားအဖတွေ မငတ်တော့ဘူးဆိုတဲ့ အတွေးတွေဟာ ရေစုံမျော ခဲ့ပါပြီဆရာ။

သူ့စာကိုဖတ်ပြီးတဲ့နောက် ကျွန်တော် အကြံတစ်ခု ရသွားတယ်။

'ခင်ဗျား ဒီလိုလုပ်၊ အလုပ်ခန့်ဖို့ အာဏာအရှိဆုံးလူကို ခင်ဗျား ဝင်တွေ့လိုက် ကျွန်တော့်ကို ချဉ်းကပ်သလို၊ ခင်ဗျား သူ့ကိုပြောပြပါ။ တိုတိုနဲ့ ထိရောက်တဲ့ စာတစ်စောင် လုပ်ပေးလိုက်ပါ အဆင်ပြေနိုင်စရာရှိတယ်။ဒါလူတိုင်းလုပ်လို့ မရပေမယ့် ခင်ဗျားပုံစံဆိုရနိုင်တယ်။ ဟုတ်ပြီနော်။ နှစ်ရက်လောက်ကြာတော့ သူက ကျွန်တော့်ထံအလာ ကျွန်တော်က မုန့်ဝယ်ဖို့အထွက်မှာ ကိုသင်းအောင်နဲ့ လမ်းမှာဆုံတယ်။

'ဟိတ်..ဟိတ်..ဘယ်နှယ့်လဲ။ သမီးအလုပ်'

'အဆင်ပြေတယ်ဆရာ။ ငါးသောင်းရတယ်။ ကော်ဖီနှစ်ကြိမ်တိုက်တယ်။ နံနက်စာထမင်းလည်းကျွေးတယ်။ ဟင်း နှစ်မျိုးနဲ့တဲ့။ တစ်နှစ်ကို လစာတစ်သောင်းတိုးမယ်တဲ့။ ခရီးစရိတ်လည်း တစ်နေ့ ငါးရာပေးတယ်။ သမီးကပြောတယ်။ သမီးက ဟင်းကောင်းကောင်းနဲ့ စားနေရပေမယ့် အဖေနဲ့ မောင်လေး ငတ်နေတာကို သမီး စဉ်းစားမိတိုင်း ထမင်းစားနေရင်း မျိုမကျဘူးတဲ့ အခုကျွန်တော် အဲဒီအကြောင်းပြောဖို့ ဆရာ့ဆီလာနေတာပါ။

(၄)

ကျွန်တော်က အမေးအမြန်းထူတဲ့ ကျွန်တော့ မိတ်ဆွေကို အထက်ပါအတိုင်း သုတ၊ ရသတွေကို ပြောပြလိုက်ပါတယ်။

'ကျွန်တော်ပြောပြတဲ့အထဲမှာ ခင်ဗျားမေးခွန်းရဲ့ အဖြေတွေ ပါကောင်းပါရဲ့။ ကဲ.....ကျွန်တော်တို့ သွားကြရအောင်'

'ကောင်မလေးနာမည်က ဘယ်သူလဲ'

'မသိဘူး။ မမှတ်မိဘူး၊ ဘာလုပ်ဖို့လဲ'

သနားလို့ပါ။ ဒါနဲ့ ခင်ဗျားအမျိုးသမီး နေကောင်းလား'

'ခင်ဗျား အဲဒီမေးခွန်းကို
အရင်ဆုံးမေးဖို့ကောင်း တာပေါ့။'

**မောင်ညိုပြာ**

# ကျွန်တော်နှင့်ကြက်ခြေနီဆွေမျိုးများ

အောင်ကျော်ကျော် (ကျန်းမာရေးပညာ)

ကြက်ခြေနီလုပ်ငန်းဟာ လူသားတို့ရဲ့ မိဆိုင်၊ ဖဆိုင်၊ မွန်မြတ်တဲ့လူမှုရေးလုပ်ငန်းတစ်ခုဖြစ်ပါတယ်။ ဒါကြောင့် ဖြူစင်သန့်ရှင်း အပြစ်ကင်းတဲ့ ကြက်ခြေနီ စိတ်ဓါတ်ပိုင်ရှင် လူသားအားလုံးဟာ သွေးသားရင်းခြာ များဘဲ ဖြစ်ကြတယ်။ ကြက်ခြေနီဖခင်ကြီးဟင်နရီဒူးနန့်ရဲ့ နှလုံးသားကိုပဲ့တင်ထပ်စေခဲ့တဲ့ "All are brothers လူသားအားလုံးဟာ ညီအစ်ကိုတွေပါဘဲ" ဆိုစကားဟာ ငြိမ်းချမ်းရေးရနံ့တို့ ကြိုင်လှိုင်နေသလို ကြက်ခြေနီချစ်ညီ ကို မောင်နှမတစ်တွေရဲ့ မေတ္တာတေးသံလည်း မြိုင်မြိုင်ထွက်ပေါ်ခဲ့ပါသည်။

လူထဲကလူသားတစ်ဦးဖြစ်တဲ့ ကျွန်တော့်မှာလည်း ကြက်ခြေနီဆွေမျိုးသားချင်းတွေ ဝန်းရံနေပါတယ်။ အထူးသဖြင့် ၁၉၇၅ ခုနှစ်ကျန်းမာရေး ဝန်ကြီးဌာန၊ကျန်းမာရေးပညာဌာနမှာ စတင်တာဝန်ထမ်းဆောင်ပြီးတဲ့ နောက်ပိုင်းမှာ ကြက်ခြေနီသံယောဇဉ် နယ်နိမိတ် ပိုမိုကျယ်ပြန့်ခဲ့ပါတယ်။ ပင်စင်ယူပြီးတဲ့နောက် အခုအသက် ၆၇ နှစ်ရှိသည့် တိုင်အောင် ကြက်ခြေနီနှလုံးသားလန်းဆန်း နုပျိုနေဆဲဖြစ်တာကို အံ့သြစွာတွေ့ရပါတယ်။

သတိရလေတိုင်း၊ အတွေးလှိုင်းကို စီးမိပြီး ကြက်ခြေနီ ဆွေမျိုးတို့အကြောင်း တွေးမိတာလဲ အခါခါပါ။ မှတ်တမ်းတစ်ခု၊ သမိုင်းတစ်ဆောင်အဖြစ် ဂန္ထဝင်မမြောက်ခဲ့ပေမဲ့ လက်တွဲဖော်ကြက်ခြေနီမိသားစု အသိုင်းအဝိုင်းကို လေးစားစွာ ဂုဏ်ပြုနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

"ကြက်ခြေနီဘဝအစ မွန်ပြည်နယ်က"လို့ဆိုရလောက်အောင်၊ မွန်ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှာ လက်ထောက် ကျန်းမာရေးပညာအရာရှိအဖြစ် တာဝန်ထမ်းဆောင်ရင်း ကြက်ခြေနီလုပ်ငန်းများနဲ့ ၁၉၇၅ ခုနှစ်မှာ စတင်မိတ်ဆက်ခဲ့ရပါတယ်။ အခြေခံသင်တန်းတွေမှာ ကျန်းမာရေးပညာ မူမှန်ကျန်းမာရေး အလေ့အကျင့်တစ်ကိုယ်ရည် သန့်ရှင်းရေး အကြောင်းတွေ ပို့ချခဲ့ရပါတယ်။ မွန်ပြည်နယ်နေ့ ပြခန်းအပါအဝင် အခါကြီးနေ့ရက်တွေမှာ ပြုလုပ်တဲ့ ကျန်းမာရေးပြခန်းတွေမှာလဲ ကြက်ခြေနီညီ၊ ညီမငယ်များက ပူးပေါင်းပါဝင် ကူညီကြပါတယ်။ ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာလှရွှေ၊ မော်လမြိုင်မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမောင်မောင်လေး၊ ဒေါက်တာဘသန်း၊ တိုင်းကျန်းမာရေးမှူး နောင်တော်ကြီး ဦးဝင်းကြည် တို့ရဲ့ ဦးဆောင်မှုတွေနဲ့ သွေးလွန်တုပ်ကွေး၊ ဝမ်းရောဂါ ကာကွယ်ကုသရေး လှုပ်ရှားမှုတွေကိုလည်း ကြက်ခြေနီ အောင်လံဝင့်ကြွားကြွားနဲ့ ပြုလုပ်ခဲ့တာကိုလည်း မမေ့သေးပါဘူး။

၁၉၇၈ မန္တလေးတိုင်းကျန်းမာရေး ဦးစီးဌာနကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်တော့လည်း ကြက်ခြေနီ စေတနာရေစီးကြောင်းမှာ ဆက်လက်မျောခဲ့ပါတယ်။ တိုင်းကျန်းမာရေး ဦးစီးဌာနက ကြက်ခြေနီဥက္ကဋ္ဌ၊ အတွင်းရေးမှူးတွေနဲ့ အတူဆွဲဒင် – မြန်မာကြက်ခြေနီ သင်တန်း၊ မန္တလေး စက်မှုလက်မှုသိပ္ပံမှာလုပ်တော့ ကြက်ခြေနီ ဗဟိုဌာနချုပ်က ဆရာဦးကျော်စိုး၊ ဦးသက်ဆွေ တို့နဲ့အတူ ဟင်နရီဒူးနန့် ဆုတံဆိပ်ရှင် စိုင်းအောင်လှိုင်မြင့်ကိုပါ ရင်းနှီးခဲ့ရပါတယ်။ စိုင်းနဲ့တောင်ပြုံးပွဲတော်ကို အတူသွားခဲ့ပြီး ဆရာကြီး မင်းသိခ်ကို တွေ့ဆုံနှုတ်ဆက်ခဲ့ရတာ ကိုလည်း မမေ့ပါဘူး။ ဗထူးကွင်း ဘောလုံးပွဲမှာ ကြက်ခြေနီ ညီငယ်ကလေးတွေက ဒဏ်ရာရ ဘောလုံးသမားတွေကို ထမ်းစင်နဲ့ သယ်ကာ တာဝန်ကျဆေးဝန်ထမ်းနဲ့ တွဲဖက်ပြီး ကူညီပြုစုပေးနေတဲ့ မြင်ကွင်းကလည်း ရိုင်းပင်းကူညီ ကြက်ခြေနီ ဆောင်ပုဒ်ကို ပိုမိုထင်ရှားစေပါတယ်။

မန္တလေးမီးဘေးကြီး နှစ်ကြိမ်သင့်တော့လည်း ကိုယ့်အိမ် မီးထဲပါသွားတာကို အာရုံမပြုနိုင်ဘဲ ဒုက္ခရောက် သူအများစုကို ကယ်ဆယ်နှစ်သိမ့် မီးဘေးကယ်ဆယ်ရေး စခန်းတွေအတွက် ထမင်းထုပ်တွေကို မေတ္တာစိတ်အပြည့်အဝနဲ့ လှည့်လည်ဝေ အားလုံးစားပြီးမှ ကျန်တာတွေကို စားရှာတဲ့ ကြက်ခြေနီကလေးတွေပါ။

ဌာနချုပ်ကဦးထွန်းငြိမ်း (ကွယ်လွန်) မန္တလေးကို လာတော့ တိုင်းကြက်ခြေနီ အလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာမြဝင်း (ကွယ်လွန်သူ ဒုတိယညွှန် ကြားရေးမှူး) ဒေါက်တာငွေးလှိုင်တို့နဲ့အတူ ကျွန်တော်တို့ ကျန်းမာရေးပညာမိသားစုပါ ဝိုင်းဝန်းကူညီ ဆောင်ရွက် ခဲ့ပါတယ်။

၁၉၈၅ ဧရာဝတီတိုင်း ကျန်းမာရေးပညာ အရာရှိ တာဝန်နဲ့ ပုသိမ်မှာလုပ်ငန်းတွေ ဆောင်ရွက်တော့ ကြက်ခြေနီ မိသားစုပဲ ပိုပြီးထဲထဲဝင်ဝင်ရောက်ရှိခဲ့ပါတယ်။ ကျွန်တော်တို့ ကျန်းမာရေးပညာမိသားစုအဆက်ဆက်ဖြစ်တဲ့ ကျန်းမာရေး ပညာအရာရှိ ဆရာကြီးဦးကျော်တင့်၊ ဆရာကြီး ဦးတင်မောင် လွင် (နှစ်ဦးစလုံးကွယ်လွန်)၊ ဦးမောင်မောင်ကျော် (ယခု UNOPS) တို့တတွေဟာ ဧရာဝတီတိုင်း ကြက်ခြေနီ ကြီးကြပ်မှုကော်မတီမှာ တွဲဖက်အတွင်းရေးမှူး တာဝန်ယူခဲ့ ကြရပါတယ်။ ကျွန်တော်ရောက်တော့ ဒီတာဝန်ကို ဆက်လက်ယူရုံသာမက ရာသက်ပန် ကြက်ခြေနီအသင်းဝင် ပါဖြစ်ခဲ့ပါတယ်။ ဆရာဦးသက်ဆွေ ဦးဌေးအောင်တို့ ပုသိမ် လာတော့ ဆရာတို့နဲ့အတူ တိုင်းအတွင်းခရီးလှည့်ကာ ကြက်ခြေနီ ပြန်ကြားရေးနဲ့ အထွေထွေကိစ္စများ ပြုလုပ်ခဲ့ ပါတယ်။ ဦးလှသိန်း၊ ဦးမြင့်ငွေ၊ ဦးစိုးလှိုင် (မြောင်းမြ ကွယ်လွန်)၊ ဦးစန်းဝင်း၊ ဦးမိုးကျော်ထွန်း နဲ့ ဦးလှမြင့် အစရှိတဲ့ ဧရာဝတီတိုင်းနဲ့ မြောင်းမြ ကြက်ခြေနီ မိသားစုက သင်္ဘောမြုပ်တော့ ရေနစ်သူများကို ကယ်ဆယ်ရုံ သာမက ကွယ်လွန်သူများကိုပါ သက်စွန့်ကြိုးပမ်းရှာဖွေ ဖော်ထုတ်ခဲ့ တာကိုလည်း လေးစားစရာ၊ နမူနာယူစရာအဖြစ် ဂုဏ်ပြု မှတ်တမ်း တင်အပ်ပါသည်။ ဌာနချုပ်က ပံ့ပိုးတဲ့ နို့မှုန့်နဲ့ တကွ အခြားပစ္စည်းတွေကို ရန်ကုန်ကနေ သင်္ဘောနဲ့သယ်၊ ကြက်ခြေနီဂိုဒေါင်ထဲထည့် စနစ်တကျစ ာရင်းသွင်းပြီး ကြက်ခြေနီ ဥက္ကဋ္ဌနဲ့တကွ အတွင်းရေးမှူး ဆရာကြီးဦးစိန်ရီ၊ ဦးမောင်မောင်ရှိန်၊ ဦးလှတင် အစရှိတဲ့ တိုင်းကျန်းမာရေး ဦးစီးဌာနမှူးများရဲ့ ခွင့်ပြုချက်နဲ့ မြို့နယ်တွေကို ဖြန့်ဝေပေးခဲ့ပါတယ်။ ပုသိမ်တက္ကသိုလ်မှာ သွားရောက် ဆွေးနွေးပို့ချတဲ့အတွက် မေတ္တာနဲ့ပြန်ပေးအပ်တဲ့ငွေဒိုင်းကလေး ကလည်း ကျွန်တော့ဧည့်ခန်းမှာ ကနေ့ထက်ထိ အမှတ်တရ ရှိနေဆဲပါ။

၁၉၈၈ အရေးအခင်းအပြီးမှာတော့ ဝန်ထမ်း ကျွန်တော်ဟာ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနကို ပြောင်းရွှေ့ခဲ့ရပါတယ်။ တိုင်းကျန်းမာရေးဦးစီးဌာနမှူးတွေ ဖြစ်တဲ့ ဆရာကြီးဦးကျော်ဝင်း၊ ဆရာမကြီးဒေါ်နှင်းရီ (ကွယ်လွန်)တို့ရဲ့ တာဝန်ပေးချက်အရ ကြက်ခြေနီလုပ်ငန်း တွေဆက်လက်ပြုလုပ်ခဲ့ရပါတယ်။ အထူးသဖြင့် ကမ္ဘာ့ ကြက်ခြေနီနေ့ အထိမ်းအမှတ်စွမ်းရည်ပြိုင်ပွဲတွေ၊ အခြေခံ သင်တန်းတွေမှာ စဉ်ဆက်မပြတ်လှုပ်ရှားခဲ့ရပါတယ်။ ဗိုလ်တ ထောင်၊ ရန်ကုန်တက္ကသိုလ် ကြက်ခြေနီလှုပ်ရှားမှုတွေကို ထိုစဉ်က တိုင်းမှူးအဖြစ်တာဝန်ယူသော ဗိုလ်ချုပ်မျိုးညွန့် ကိုယ်တိုင် အားပေးခဲ့တာကိုလည်းတွေ့ရပါတယ်။

သက်ဆိုင်ရာရန်ကင်း၊ သဃ်္ာန်းကျွန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးများနဲ့ ညှိနှိုင်းပြီး ဖလော့ရင့် နိုက်တင် ဂေးလ်ဆုရ ဆရာမကြီး ဒေါ်အမ်ဂျာနန်ကို ရန်ကင်း၊ သဃ်္ာန်း ကျွန်း ဆရာအတတ်သင်(ယခုပညာရေးကောလိပ်) တွေကို ဖိတ်ခေါ်ပြီး ဂုဏ်ပြုပွဲ၊ ဟောပြောပွဲတွေ ပြုလုပ်ခဲ့ပါတယ် အဲဒီတုန်းက ကျွန်တော့်ကို အစ်မကြီး ဒေါ်ခင်စန်းကြည် (အငြိမ်းစားသူနာပြုအုပ်ကြီး)က အများဆုံးကူခဲ့ပါတယ်။

ကျွန်တော်တို့ ကျန်းမာရေးဝန်ထမ်းများရဲ့ မိဘ သဖွယ်လေးစားအားကိုးရတဲ့ ဆရာကြီးဒေါက်တာတင်ဦး (ကွယ်လွန်)၊ ဆရာကြီး ဦးကျော်ဝင်းအစရှိတဲ့ ညွှန်ကြားရေးမှူး ချုပ်များ အငြိမ်းစားယူပြီးတဲ့နောက် ကြက်ခြေနီ ဥက္ကဋ္ဌတာဝန် တွေယူတော့လည်း ဆရာကြီးများပေးအပ်တဲ့တာဝန်ကို ကျွန် တော်တို့ ကျန်းမာရေးပညာမိသားစုက ကျေပွန်စွာထမ်းဆောင် ခဲ့ကြပါတယ်။

၁၉၉၂ ခုနှစ်မှာ ကျွန်တော်ဟာ ဗဟိုကျန်းမာရေး ပညာဌာနကို ဒုတိယလက်ထောက်ညွှန်ကြားရေးမှူးအဖြစ် ရာထူးတိုးပြီးပြောင်းခဲ့ရပါတယ်။ ပညာပေးအထောက် အကူ ပစ္စည်းထုတ်လုပ်ရေးအတွက် ကြက်ခြေနီကတာဝန်ရှိသူများ နဲ့ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သလို ကြက်ခြေနီ ဦးဇော်ထူးဦး (စာရေးဆရာ တက္ကသိုလ်ဇော်ထူးဦး) ပန်းစကားဂျာနယ် ထုတ်ဝေတော့လည်းဝါသနာတူ ကြက်ခြေနီစိတ်ဓါတ်တူဖြစ် တဲ့ ဗဟိုကျန်းမာရေးပညာဌာနက ဒေါက်တာခင်မောင်လွင်



**ယော–ဘိက္ခဝေ မံ ဥပဋ္ဌေယျ**
**သောဂိလာနံ ဥပဋ္ဌဝေယျ**

ချစ်သားတို့ ငါဘုရားကို လုပ်ကျွေးပြုစုလိုသော ပုဂ္ဂိုလ်သည် နာမကျန်းသော ရဟန်းကို ပြုစုလုပ်ကျွေးလော

လွန်ခဲ့သောနှစ်ပေါင်း ၃၀၀၀ ကျော်ကတည်းက၊ ၂၂၇ သိက္ခာထိန်းရသော ရဟန်းတော်တို့ကို ဟောကြားတော်မူခဲ့သော ဩဝါဒကထာသည်၊

ယနေ့ကြက်ခြေနီ အခြေခံသဘောထားဖြစ်သော **ရန်သူမိတ်ဆွေ၊ လူမျိုးဘာသာမခွဲခြားဘဲ၊ ဒုက္ခရောက်နေသူများကိုပြုစုရမည်** ဟူသည့် သဘောထားနှင့်ထပ်တူဖြစ်လေသည်။

ထို့ကြောင့် ကြက်ခြေနီစိတ်ဓါတ်သည် မြတ်ဗုဒ္ဓ၏ အမွေပင်ဖြစ်ပေသည်။

(အငြိမ်းစားညွှန်ကြားရေးမှူး)၊ ဦးရှင်ဇာနန် (အငြိမ်းစားဒုတိယညွှန်ကြားရေးမှူး)၊ လုပ်ငန်းခွင်ကျန်းမာရေးဌာနက စာရေးဆရာ လင်း(ဆေး–၁) ဆရာဒေါက်တာသန်းထွဋ် (အငြိမ်းစားဒုတိယညွှန်ကြားရေးမှူး) ယခု **(SKY NET)** ကျန်းမာရေးတာဝန်ခံ)နဲ့ စာပေဝါသနာရှင်များ ဝိုင်းဝန်းကူညီခဲ့ကြပါတယ်။ ပန်းစကားဂျာနယ်ဟာ အကြောင်းအမျိုးမျိုးကြောင့် သက်ဆိုးမရှည်ခဲ့ပေမဲ့ မြန်မာ့ကျန်းမာရေးဂျာနယ် သမိုင်းဦးကို အတတ်နိုင်ဆုံးတန်ဆာဆင်ခဲ့ပါတယ်။ ကြက်ခြေနီမိသားစုဝင်တစ်ဦးရဲ့ ရဲရင့်စွန့်စားရဲတဲ့သတ္တိ၊ ကျန်းမာရေးပညာကို တန်ဖိုးထားလေးစားမှုကလည်း ချီးကျူးစရာကောင်းပါတယ်။

ဗဟိုကျန်းမာရေးပညာဌာနနဲ့ ကြက်ခြေနီတို့ရဲ့ ဆက်သွယ်ရေးလမ်းကြောင်း ဖြောင့်ဖြူးလာတာနဲ့အမျှ ဆရာကြီး ဦးလှဖေ (အငြိမ်းစား ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ ဦးခင်မောင်လှ၊ ဒေါက်တာဖေဝင်း၊ ဒေါက်တာမောင်မောင်လှ၊ မမ ဒေါက်တာ ဒေါ်မမရီ၊ မမ ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်၊ ဒေါက်တာစိန်မေချစ်(ကွယ်လွန်)၊ ဒေါက်တာဒေါ်ခင်မျိုးမြင့်၊ ဒေါက်တာစောမြင့်(ကွယ်လွန်)၊ ဒေါက်တာစောနီထွန်း၊ အစ်မကြီး ဒေါ်တင်အေး၊ ဆရာဦးလှမြင့်တို့ ဇနီးမောင်နှံ၊ ဦးကျင်ထွန်း၊ ဒေါ်ခင်မျိုးမြတ်သိန်း၊ ဒေါက်တာဌေးဝင်း၊ ဒေါက်တာဝင်းဝင်းအေး အစရှိတဲ့ ကြက်ခြေနီမိသားစုရဲ့ အေးမြတဲ့မေတ္တာရိပ်ကို ခိုလှုံခွင့်တွေပိုမိုရရှိခဲ့ပါတယ်။

ဗဟိုကော်မတီ အစည်းအဝေးအပါအဝင် အခြားအရေးကြီးတဲ့ ကြက်ခြေနီအစည်းအဝေးများကို ကြက်ခြေနီခန်းမမှာ တက်ရောက်ခဲ့ရတဲ့ အတွေ့အကြုံ ကမ္ဘာ့AIDSနေ့ တီဘီရောဂါတိုက်ဖျက်ရေးနေ့ အစရှိတဲ့ ကျန်းမာရေးနေ့ထူးနေ့မြတ်ကြီးတွေ ဆင်နွှဲခဲ့ပုံ၊ ကြက်ခြေနီမေတ္တာလက်ဆောင်ထီး၊ တီရှပ်၊ အိတ်၊ မှတ်စုစာအုပ်၊ လက်ကမ်းစာစောင် အစရှိတာတွေကို မြတ်မြတ်နိုးနိုးသုံးစွဲခဲ့တဲ့ အတိတ်ရဲ့ အရိပ်တွေဟာလည်း အခုလို စိန်ရတုကာလမှာ ပြန်လည်ရှန်းမြစိုပြေလာပါတယ်။

ကွယ်လွန်သူ ဟင်နရီဒူးနန့်ဆုရ စိုင်းအောင်လှိုင်မြင့်၊ ဖလော့ရင့်နိုက်တင်ဂေးဆု ပထမဦးဆုံးအကြိမ်ရခဲ့တဲ့ ဗိုလ်မှူးဒေါ်ခင်အုန်းမြ၊ ကမ္ဘာအေး ဖုံးပေါက်ကွဲမှုမှာ အသက်ပေးခဲ့တဲ့ ရဲဘော်သန်းဆိုင်၊ ဥက္ကဋ္ဌကြီး ဒေါက်တာတင်ဦး အပါအဝင် လေးစားချစ်ခင်သူ အားလုံးကိုလည်း သတိရမိပါတယ်။ ကောင်းရာမွန်ရာရောက်စေကြောင်း ဆုမွန်ကောင်းများတောင်းပြီး အမျှပေးဝေကာ စာပေရည်စူး ကုသိုလ်ပြုအပ်ပါတယ်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီး တည်တန့်ခိုင်မြဲရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာတွင် မျက်နှာပန်းလှရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းနေတဲ့ ဥက္ကဋ္ဌကြီး ဒေါက်တာသာလှရွှေ၊ အမှုဆောင်အတွင်းရေးမှူး ဒေါက်တာအောင်မွန်နှင့်တကွ တာဝန်ရှိသူအားလုံးရဲ့ ဦးဆောင်မှုဖြင့် လုပ်ငန်းများ ဆထက်ထမ်းပိုး တိုးချဲ့ဆောင်ရွက်နိုင်ကာ အောင်ပွဲအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းရင်း စိန်ရတုလွန်ရာပြည့် ကြက်ခြေနီအသင်းကြီးကို လှိုက်လှဲစွာကြိုဆိုလိုက်ရပါတယ်ခင်ဗျား။

အောင်ကျော်ကျော်
(ကျန်းမာရေးပညာ)

"ရှေ့ဦးပြုစုဆွဲဆောင်ရှင်၊ နေ့စဉ်ထိခိုက်ဘေးများတွင်၊ အမြဲကူညီကြက်ခြေနီ" ဆိုပါသော ကြက်ခြေနီဆောင်ပုဒ်ကတစ်မျိုး၊ နောက်တစ်မျိုးက "နေရာမရွေး၊ လူမျိုးမရွေး၊ မနေးကူညီ ကြက်ခြေနီ" ဆိုပါသည်ကတစ်မျိုး၊ ဈေးချိုနားကစ မီးလောင် မန္တလေးတောင်ခြေရောက်မှ ငြိမ်းဆုံးပါတဲ့ မန္တလေးမီးဘေးကြုံခဲ့စဉ် " မီးဘေးကြုံလေတိုင်း၊ ကြက်ခြေနီကူညီဝိုင်း" ဆောင်ပုဒ်တစ်မျိုးလည်းပေါ်ပေါက်ခဲ့ဘူးပါသည်။

# ပြည်သူ့ကျန်းမာရေးစီမံကိန်းကြီးနှင့် စိန်ရတု (၇၅) နှစ်မြောက် မြန်မာ့ကြက်ခြေနီ

ဒေါက်တာ စောဝင်းဝင်းဆွေ

## ဝန်ကြီးဌာနမှတာဝန်ပေး

ကျန်းမာရေး ဝန်ကြီးဌာန၏ တာဝန်ပေးချက်အရ၊ ကျွန်တော်ကိုယ်တိုင် ကျန်းမာရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးဘ၀တွင် ကြက်ခြေနီအသင်းကြီး၏ လုပ်ငန်းတခုတွင် ပါဝင်ကူညီပေးပြောပို့ချ သင်ကြားခဲ့ရဘူးသည့် အကြောင်းတစ်ရပ်ကို ကျွန်တော်တင်ပြလိုက်ပါရစေ။

## ကြက်ခြေနီလူငယ်စခန်း

နေရာမှာ စံပြကြက်ခြေနီ လူငယ်အင်းလျားလေးစခန်းဖြစ်သည်။ စံပြဆိုသည်နှင့်အညီ ပြည်နယ်တိုင်းနှင့် အမြို့မြို့အနယ်နယ်တို့မှ စံပြကြက်ခြေနီ လူငယ်မောင်မယ်များ ကြက်ခြေနီ အခြေစိုက်စခန်းတွင် စုစုဝေးဝေးရောက်နေကြပါသည်။( ခုနှစ်သက္ကရာဇ်နှင့်ပြောရပါလျှင် ၁၉၇၄ ခုနှစ်ဖြစ်ပါသည်)

## ကြက်ခြေနီနှင့် ပြည်သူ့ကျန်းမာရေး

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနမှ ဆုံးဖြတ်ချက်တစ်ခုချမှတ်ခဲ့သည်မှာ ကြက်ခြေနီမောင်မယ်များကို အရေးပေါ်လူနာပြုစုနည်း၊ အသက်ကယ်နည်း၊ အရိုးကျိုးပြုစုနည်းတို့လောက်နှင့်သာ အချိန်မကုန်စေဘဲ၊ တစ်မူထူးပြီးမူသစ်နှင့်သင်တန်းပေးရမည်။ သို့ပါ၍မူသစ်နှင့်အညီ ပြည်သူ့ကျန်းမာရေးစီမံကိန်းကြီး၏ အနှစ်သာရများကို လူငယ်တွေသိရှိပြီး ဗဟုသုတအပြည့်အ၀ရသွားသည်အထိ သင်တန်းဆရာကျွန်တော်က ကြိုးစားသင်ကြားရမည်ဟု ဆိုခဲ့သော စကားအရ တစ်မူထူးသော သင်တန်းတစ်ခုကို ပြုလုပ်ခဲ့ပါသည်။

လူငယ်များ နားလည်ရအောင် ကြိုးစားရသည်မှာ မလွယ်ပါ။ လူငယ်တို့သိပြီးဖြစ်သောအသိ ဗဟုသုတ တစ်ခုခုနှင့် နောက်ထပ်သိစေလိုသော အကြောင်းအရာ တစ်ခုခုတို့ ပူးတွဲတင်ပြလိုက်ပါက မှတ်မိလွယ်မည်ဖြစ်သည်ဟု ကျွန်တော် ယူဆမိသည့်အတိုင်း သင်ကြားမှုတစ်ခု ကြက်ခြေနီ လူငယ် အင်းလျားလေးစခန်းတွင် ကြိုးစားသင်ကြားခဲ့ဖူးပါသည်။

## ကြက်ခြေနီ၏လုပ်ငန်းစဉ်

"ရှေးဦးသူနာပြုစုခြင်း" ဆိုသော စကားကိုဖြင့် ကြက်ခြေနီမောင်မယ်တို့ သိပြီးဖြစ်သည်။ ရှင်းလင်းစွာသိရအောင် အဓိပ္ပါယ်ဖော်ထုတ်ပြောလိုက်မည်ဆိုပါက၊ ဦးစွာ ပထမ ဒုက္ခရောက်နေသူ တစ်ဦးဦးကို ပြုစုစောင့်ရှောက်ခြင်းအား ရှေးဦးသူနာပြုစုခြင်းဟုခေါ်ပါသည်။

## ပဏာမကျန်းမာရေးစောင့်ရှောက်မှု

ပြည်သူ့ကျန်းမာရေး စီမံကိန်းကြီးတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်မှာ ပဏာမ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းဖြစ်သည်။ ကြက်ခြေနီမောင်မယ်များ သိရလေအောင် ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို အဓိပ္ပါယ်ဖွင့်ဆိုလိုက်မည်ဆိုပါက ပြည်သူတို့ ကျန်းမာရေးအတွက် ဦးစွာ ပထမ ပြုစုစောင့်ရှောက်၊ ကာကွယ်၊ ကုသပေးပါသော လုပ်ငန်းတစ်ရပ်ဖြစ်သည်။ ဤနေရာတွင် သတိမူရမည်မှာ ရှေးဦးသူနာပြုစုခြင်းလုပ်ငန်းထက် ကျယ်ပြန့်လာသော ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း တစ်ရပ်ဖြစ်ကြောင်း သတိမူရပေမည်ဟု ကြက်ခြေနီမောင်မယ်များ သိရလေအောင် ကျွန်တော်ထပ်မံ ရှင်းလင်းဟောပြောခဲ့ပါသေးသည်။

ကြက်ခြေနီမောင်မယ်တို့ ပါဝင်နိုင်သော ပြည်သူ့ကျန်းမာရေးစီမံကိန်း၏ အဓိကလုပ်ငန်းကြီး (၆) ခုမှာ

၁။ ပဏာမကျန်းမာရေးစောင့်ရှောက်မှုနှင့် အခြေခံကျန်းမာရေးလုပ်ငန်း။

၂။ ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်း။

၃။ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း။

၄။ မိသားစုကျန်းမာရေးလုပ်ငန်း။

၅။ ရောဂါမျိုးသယ်ဆောင်သည့် ပိုးမွှားများမှ တဆင့်ကူးစက်တတ်သောရောဂါများ နှိမ်နှင်းခြင်းလုပ်ငန်း။

၆။ ကုသရေးလုပ်ငန်းတို့ဖြစ်သည်။

ပြည်သူ့ကျန်းမာရေးစီမံကိန်း၏ အဓိကရည်ရွယ်ချက်ကို ကြက်ခြေနီမောင်မယ်တို့ သိရဖို့အတွက် ပြောရမည်ဆိုပါက တောနှင့်မြို့ ကျန်းမာရေးစောင့်ရှောက်မှု ကွာဟချက်ကျဉ်းမြောင်းလာစေရန်ကြိုးစားသည့် စီမံကိန်း ကြီးတစ်ရပ်ဖြစ်သည်။

## ကျေးလက်အရောက် ကျန်းမာရေးခရီးပေါက်

မည်ရွေ့မည်မျှပင်ကြိုးစားစေကာမူ နှစ် ၂၀ အတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကျေးလက် တောရွာသို့ ရောက်ရှိနိုင်ဦးမည် မဟုတ်ပါ။ ခက်ခဲ၊ ဝေးလံ၊ တောခေါင်သည့် ကျေးလက်တောရွာများသို့ ကျန်းမာရေးစောင့်ရှောက်မှုနှစ် ၂၀ အတွင်း ရောက်နိုင်သည့် စီမံကိန်းမှာ ပြည်သူ့ကျန်းမာရေးစီမံကိန်းသာလျှင် ဖြစ်ပေသည်။(အားလုံးကျန်းမာသက္ကရာဇ် ၂၀၀၀မှာ ဆိုသည့် စီမံကိန်းဖြစ်ပါသည်)

ပြည်သူ့ကျန်းမာရေးစီမံကိန်းကြီး၏ လုပ်နည်းလုပ်ဟန်မှာ အစိုးရနှင့် ပြည်သူလူထု အတူလက်တွဲလုပ်ကိုင်သွားသော လုပ်ငန်းကြီးဖြစ်သည်။ အစိုးရမှတာဝန်ယူ လုပ်ကိုင်ရသည်မှာ တိုးချဲ့လုပ်ငန်းဖြစ်သည့် ဆေးအမှုထမ်းတို့ကို တိုး၍ ခန့်ထားခြင်း၊ ကျေးလက်ကျန်းမာရေးဌာနများ ထပ်မံဖွင့်လှစ်ခြင်းတို့ဖြစ်သည်။

## ကြက်ခြေနီမောင်မယ်တို့ပါဝင်

စီမံကိန်းဝင်လူငယ်များဖြစ်သည့် အရန်သားဖွားဆရာမနှင့် လူထုကျန်းမာရေးလုပ်သား ကြက်ခြေနီမောင်မယ်တို့သည် ရွာခံ ပါတီ၊ ကောင်စီတို့မှ ရွေးချယ်တင်မြှောက်ခန့်ထားခြင်းခံရသူတို့ဖြစ်သည်။ အကျင့်စာရိတ္တကောင်းပြီး တည်ကြည် အားကိုးရမည့်သူတို့ဖြစ်သည်။ စေတနာရှေ့ထားပြီး ကျန်းမာရေးဆိုင်ရာလုပ်ငန်းအဝဝကို မိမိရပ်ရွာရှိ ပြည်သူ့ကောင်စီ၊ တောင်သူလယ်သမားအစည်းအရုံး၊ ဒေသခံပါတီ တို့၏ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ခြင်း။ ကြီးကြပ်ညွှန်ကြားသူများဖြစ်သည့် ဆရာဝန်၊ ကျန်းမာရေးမှူး၊ အမျိုးသမီးကျန်းမာရေးဆရာမ၊ သားဖွား ဆရာမ၊ ကြီးကြပ် (၁)နှင့် (၂) တို့မှ စီစဉ်ညွှန်ကြားချက်အတိုင်း ကျန်းမာရေးဆိုင်ရာလုပ်ငန်းများကို လိုက်နာဆောင်ရွက်ခြင်း။

ကြက်ခြေနီအဖွဲ့ဝင်ဖြစ်သော လူထုကျန်းမာရေးလုပ်သားနှင့် အရန်သားဖွားဆရာမတို့သည် ပဏာမကျန်းမာရေးစောင့်ရှောက်မှုကိစ္စများတွင်သာမက၊ လူထုဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေးနှင့် သာသနာရေးစသည့် လုပ်ငန်းများကို ကျေးရွာ၌ ဆောင်ရွက်နေကြသူများနှင့် ပူးတွဲပါဝင် ကူညီလုပ်ဆောင်ရန်လိုပါသည်။ သို့မှသာ မိမိအပါအဝင် မိမိကျေးရွာရှိလူထုသည် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက် လာလိမ့်မည်ဖြစ်သည်။

## လူငယ်မောင်မယ်ကြက်ခြေနီ

ယနေ့ ကြက်ခြေနီမောင်မယ် လူထုကျန်းမာရေးလုပ်သားများနှင့်အရန်သားဖွားဆရာမတို့သည် ကျေးလက်တို့၌ ရှေးဦးသူနာပြုစုခြင်းလုပ်ငန်းများလောက်ကိုသာ ဦးစားပြုမနေကြတော့ဘဲ၊ ပြည်သူ့ကျန်းမာရေး စီမံကိန်းဝင်လူငယ်မောင်မယ်ကြက်ခြေနီများ ဖြစ်နေကြပြီဖြစ်ကြောင်း ကျွန်တော်ပို့ချခဲ့ဘူးပါသော စံပြကြက်ခြေနီ လူငယ်အင်းလျားလေးစခန်းတွင် ကျွန်တော်ဟောပြောပို့ချခဲ့ပါကြောင်းတင်ပြလိုက်ရပါသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီး၏ စိန်ရတု (၇၅) နှစ်မြောက် အချိန်အခါတွင် အမှတ်တရ မှတ်တမ်းဂုဏ်ပြုစာပေတစ်ခု ကျွန်တော်ပြုစုပေးပို့လိုက်ခြင်းပါခင်ဗျာ။

**ဒေါက်တာအောင်ခင်ဆင့်**

# မြန်မာစရိုက်နှင့်ထပ်တူ ကြက်ခြေနီအခြေခံမှု

**ဒေါက်တာအောင်စိုး(ခ) အောင်ကျော်မိုး**

**(အငြိမ်းစားပြည်နယ်ဆေးရုံအုပ်ကြီး)**

ဆင်းရဲနွမ်းပါးသူကိုထောက်ပံ့ခြင်း၊ ဒုက္ခရောက်နေသူကိုအားပေးကူညီခြင်း၊ မိမိပတ်ဝန်းကျင်နှင့်အများကောင်းကျိုးအတွက် ဝိုင်းဝန်းသယ်ပိုးဆောင်ရွက်ခြင်း တို့သည်မြန်မာတို့၏ ပင်ကိုယ်စိတ်ဓါတ်နှင့် ပရဟိတ လူမှုဝတ္တရားများဖြစ်နေပေရာ လူမှုကရုဏာနှင့် စာနာထောက်ထားခြင်း၊ ခွဲခြားမှုမရှိခြင်း၊ ကြားနေခြင်း၊ လွတ်လပ်ခြင်း၊ စေတနာ့ဝန်ထမ်း အကျိုးဆောင်ခြင်း၊ စည်းလုံးညီညွတ်ခြင်းနှင့် ကမ္ဘာတစ်လွှား ပျံ့နှံ့ခြင်းစသည့် ကြက်ခြေနီအဖွဲ့ကြီး၏ အခြေခံမူဝါဒ (၇)ချက်တို့သည် မြန်မာတို့၏ဓလေ့စရိုက်နှင့် နီးစပ်ဆင်တူလျက်ရှိသည်။ ကြက်ခြေနီလုပ်ငန်းစဉ်များကို ကမ္ဘာအနှံ့အပြားတွင် ဆောင်ရွက်နေသကဲ့သို့ စေတနာရှင် မြန်မာ့ကြက်ခြေနီ မောင်မယ်များသည်လည်း ပြည်သူများအာ နွေးထွေးပျူငှာစွာ ဆက်ဆံကူညီ ဆောင်ရွက်နေခြင်းကို ဂုဏ်ယူစွာ ဖော်ပြလိုပါသည်။

ကြက်ခြေနီလှုပ်ရှားမှုများသည် ကနဦးလာ စစ်ပွဲများအတွင်း ထိခိုက်ဒဏ်ရာရသူများ၊ နာမကျန်းဖြစ်သူစစ်သည်တော်များအား ပြုစုစောင့်ရှောက်ရန် ရည်ရွယ်ဖော်ဆောင်ခဲ့သော်လည်း နောင်ခေတ်အဆက်ဆက်တွင် လူသားအားလုံး၏ လူမှုဒုက္ခအဝဝ နည်းပါးသက်သာစေရန် တက်ညီလက်ညီ ဆောင်ရွက်လာခဲ့သည့် လူမှုကရုဏာ လုပ်ငန်းများဖြစ်လာခဲ့သည်။ ထိုကဲ့သို့သယ်ပိုး ဆောင်ရွက်ခဲ့သည်မှာ နှစ်ပေါင်း ၁၅၀ ခန့်ရှိခဲ့ပြီဖြစ်ကြောင်း သမိုင်းအထောက်အထားများက ဖော်ညွှန်းလျက်ရှိသည်။

အထက်တွင်ဖော်ပြခဲ့သည့် ကြက်ခြေနီ၏ အခြေခံမူဝါဒများကို မဏ္ဍိုင်ပြုကာ မြန်မာနိုင်ငံကြက်ခြေနီအသင်း အသင်းဝင်များ၏ ကိုယ်ကျိုးနှင့် အနစ်နာခံမှုနှင့် ထက်မြက်သော စွမ်းဆောင်ရည်များသည် နိုင်ငံတကာတွင်ပါ ထည့်ဝါဝင့်ကြွား ဂုဏ်ယူစရာဖြစ်သည်။ ကမ္ဘာ့ကြက်ခြေနီ အမြင့်ဆုံး ဟင်နရီဒူးနန့်တံဆိပ်ပိုင်ရှင် ကြက်ခြေနီတပ်ကြပ်ကြီး စိုင်းအောင်လှိုင်မြင့် (၁၉၇၇)၊ ဖလောရင့်နိုင်တင်ဂေးဆုပိုင်ရှင် သူနာပြုအုပ် ဒေါ်ခင်အုန်းမြ (၁၉၆၃)၊ သူနာပြုဦးစီးအရာရှိ ဒေါ်အမ်ယောနမ် (၁၉၉၃)နှင့် သားဖွားဆရာမ ဒေါ်သိန်းရီ (၁၉၉၅) တို့သည် မြန်မာနိုင်ငံသားများ မဟုတ်ပါလား . .။

မှတ်တမ်းများအရ မြန်မာနိုင်ငံကြက်ခြေနီအသင်းကို ၁၉၂၀ ပြည့်နှစ်တွင် စတင်ဖွဲ့စည်းခဲ့ကာ (၁၉၁၉)ခုနှစ် ဂျီနီဗာ သဘောတူစာချုပ်များကို (၁၉၉၂)ခုနှစ် ဩဂုတ်လ ၂၅ ရက်တွင် လက်မှတ်ရေးထိုးခဲ့သည်။ အသင်းကြီးသည် ဆင်းရဲဒုက္ခနည်းပါးသက်သာစေရန် ရည်ရွယ်ဖွဲ့စည်းထားခြင်းဖြစ်ရာဒေသအလိုက် ကျန်းမာရေးမြှင့်တင်ရေး၊ ရောဂါတားဆီးရေးနှင့် ဘေးဒုက္ခရောက်သူ များအားကူညီရေးလုပ်ငန်းစဉ်များကို ပြည်နယ် ပြည်မ တောင်ပေါ်မြေပြန့်၊ မြို့ပြကျေးရွာ၊ ဆင်းရဲချမ်းသာ၊ လူမျိုးဘာသာ၊ အသားအရောင်မခွဲခြားဘဲ၊ ကြီးကြပ်မှုကော်မတီအဆင့်ဆင့်ဖွဲ့စည်း ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးကြက်ခြေနီကော်မတီများ၊ ခရိုင်ကြက်ခြေနီကော်မတီများ၊ မြို့နယ် ကြက်ခြေနီအသင်းနှင့် ကောလိပ်သိပ္ပံအပြင် ရပ်ကွက်ကျေးရွာ နှင့်မူလတန်းကျောင်း များတွင်လည်း ကြက်ခြေနီအသင်းခွဲများ ဖွဲ့စည်းလှုပ်ရှား ဆောင်ရွက်လျက်ရှိသည်။ လူမှုကရုဏာလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ထူးချွန်ထက်မြက်စွာသယ်ပိုး ဆောင်ရွက်နိုင်သူကြက်ခြေနီမောင်မယ်များကိုလည်း ခေတ်အဆက်ဆက် ကပင်နိုင်ငံတော်က အဘက်ဘက်မှ အားပေးကူညီပံ့ပိုးလျက်ရှိသည်။

၂၀၀၈ ခုနှစ်ကမြန်မာနိုင်ငံတွင် လူတစ်သိန်းခွဲနီးပါး သေကြေပျက်စီး/ ပျောက်ဆုံးခဲ့သည်။ နာဂစ်မုန်တိုင်းကို မြန်မာမှာ မေ့ပျောက်လို့မရနိုင်ချေ။ ထိုစဉ်က မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့်လက်တွဲလျက် ကမ္ဘာ့ကြက်ခြေနီနှင့် လခြမ်းနီအဖွဲ့နှင့်တကွ ကမ္ဘာအနှံ့အပြားမှကြက်ခြေနီအဖွဲ့များ ၏ကယ်ဆယ်ရေး၊ ကူညီထောက်ပံ့မှုများကို မြန်မာများက အစဉ်အမြဲသတိရကျေးဇူးတင်လျက်ရှိကြမှာပါ။

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် နာဂစ်မုန်တိုင်း တွင် ရေဘေး၊ လေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေး လူမှုကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး စသည့် လုပ်ငန်းများကို ၂၀၀၈ခုနှစ် မေလ မုန်တိုင်းတိုက်ခတ်ပြီးခါစ အချိန်မှစတင်၍ အမျိုးသားသဘာဝဘေးကာကွယ်စောင့် ရှောက်ရေးဗဟိုကော်မတီ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် လူမှုဝန် ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စသည်တို့နှင့်အတူ ဆောလျင်စွာ စတင်ဆောင်ရွက်ခဲ့ကြောင်း အသင်းကြီး၏ အစီရင်ခံစာတွင်ဖော်ပြထားသည်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖြစ် မိုးရာသီ မကျရောက်မီ စံပြနေအိမ် Model House အစီအစဉ်နှင့် ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ် ၁၁ ခုမှ လေဘေးသင့်အိမ်ထောင်စု တစ်သောင်း အတွက် အမိုးအကာထောက်ပံ့သည့်အစီအစဉ်တို့ကို အမေရိ ကန်ဒေါ်လာသုံးသိန်း (တစ်အိမ်ထောင်လျှင် အမေရိကန်ဒေါ် လာ ၄၀၀ခန့်) အကုန်အကျခံပြီး ကနဦးအကောင်အထည် ဖော်ဆောင်ရွက်ခဲ့သည်။ လုပ်ငန်းစီမံချက်နှင့်အိမ်ထောင်စု အမည်စာရင်းများကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ကျေးရွာ အုပ်စု ပြည်လည်ထူထောင်ရေးကော်မတီများထံ တောင်းခံ ဆောင်ရွက်ခဲ့ကြောင်းသိရှိရသည်။

မုန်တိုင်းဒဏ်ကြောင့် လူအများအလုပ်လက်မဲ့ ဖြစ်နေချိန်တွင် ရပ်ရွာလူထုဝင်ငွေရရှိစေရန် အလုပ်အကိုင် ဖန်တီးပေးသည့် Cash for work အစီအစဉ်ကို ကြက်ခြေနီမှ ၂၀၀၈ခုနှစ် နိုဝင်ဘာလမှစ၍ မြို့နယ်ပေါင်း ၁၁ မြို့နယ်တွင် လုပ်ငန်း ၄၄ ခုဖြင့်၊ လေဘေးသင့် အိမ်ထောင်စု ၂၅၀၀ အားရက်သတ္တ ၄ ပတ်မှ ၆ ပတ်အထိဆောင်ရွက်ပေးခဲ့သည်။ ထိုလုပ်ငန်း ၄၄ ခုတွင် ရွာတွင်းလမ်းချင်းဆက်လမ်း၊ တာတမံ၊ လှေဆိပ်၊ တံတား၊ စိုက်ပျိုးမြေ၊ ရေသွင်းမြောင်းနှင့် ရေတံခါးပြုပြင်ခြင်းတို့ပါဝင်ခဲ့သည်။

ကျန်းမာရေးနှင့်လူမှုရေးလုပ်ငန်းအများအပြားကို လည်း ကြက်ခြေနီမှဆောင်ရွက်ခဲ့သည်။ မော်လမြိုင်ကျွန်း မြို့နယ်ဆေးရုံ၊ ကျိုက်ပိကျေးရွာ တိုက်နယ်ဆေးရုံတို့အတွက် ဆေးပစ္စည်းကိရိယာ Medical Equipment ၃၅ မျိုး ထောက်ပံ့ခြင်း၊ ကျိုက်ပိတိုက်နယ်ဆေးရုံ၏ အမိုးရေစီးစနစ်နှင့် အညစ်အကြေးစွန့်ပစ်မှုစနစ်ပြုပြင်ရေးလုပ်ငန်း၊ ၄က်ဖျား သွေးလွန်တုပ်ကွေး ကာကွယ်ရေးလုပ်ငန်း၊ စိတ်ပိုင်းဆိုင်ရာ အားပေးကူညီမှုလုပ်ငန်း၊ ငါးမြို့နယ်အတွင်း သောက်ရေသန့် များ၊ ရေသန့်စက်များဖြန့်ဖြူးခြင်း၊ ရေတွင်းရေကန်များသန့်ရှင်း ခြင်း၊ ရေလှောင်တိုင်ကီများတပ်ဆင်ခြင်း၊ မိုးရေခံယူစည်များ တည်ဆောက်ခြင်း၊ ယင်လုံအိမ်သာများဆောက်လုပ်ခြင်း၊ မြစ်ချောင်းများ၊ ရေကန်များ၏ ပင်လယ်ရေအငန်ဓါတ်ပါဝင်မှု Salinity Level တိုင်းတာခြင်း၊ ရေသန့်စက်မောင်းနှင်မှုနှင့် အင်္ဂတေကန် Cement tank တည်ဆောက်မှုသင်တန်းများ ပေးခြင်း၊ မြေရေစစ်အိုးများဖြန့်ဝေခြင်း၊ သဘာဝဘေး အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပို့ချခြင်းတို့ကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ဝိုင်းဝန်းဆောင်ရွက်ပေး ခဲ့သည်။

နာဂစ်မုန်တိုင်း အလွန်ကာလတွင် လေဘေးသင့် ပြည်သူများ လွတ်ရာကျွတ်ရာသို့ ခြေဦးတည့်ရာ ပြေးလွှား တိမ်းရှောင်ခြင်း၊ ရေနှင့်မျောပါသွားခြင်း၊ မျက်စိလည်၍ လမ်းပျောက်ခြင်းတို့ကြောင့် ကလေးလူကြီး အပါအဝင် မိသားစုဝင်များ သေကွဲကွဲခဲ့ကြသလို၊ ရက်လကြာရှည်စွာ ရှင်ကွဲ ကွဲခဲ့ကြသည်မှာ ရင်နင့်ဖွယ်ရာပင်။ မိသားစုပြန်လည် ဆက်သွယ်ခြင်းလုပ်ငန်းတစ်ရပ်ကို ကြက်ခြေနီမှဆန်းသစ်စွာ ဆောင်ရွက်ခဲ့သည်။ ပုသိမ်၊ ဘိုကလေး၊ လပွတ္တာ၊ ငပုတော မြို့နယ်များတွင် ၂၀၀၈ ခုနှစ် မေလ ၆ ရက်မှစတင်၍ အကြောင်းကြားစာ၊ တယ်လီဖုန်း၊ သတင်းအချက်အလက် ကြေညာခြင်း၊ ကျေးရွာအရောက်စာဖြန့်ဝေခြင်းတို့ဖြင့် ဆောင်ရွက်ခဲ့ရာ ၂၀၀၉ ခုနှစ် မတ်လအထိ ကလေးလူငယ် ၁၂ ဦး အပါအဝင် ကံမကုန်လို့ ပြန်ဆုံကြသူ ၄၄၇ ဦး ရှိခဲ့ကြောင်းသိရှိရသည်။

အသင်းကြီးသည် အမျိုးသားအဆင့် သဘာဝ ဘေးအန္တရာယ် ကာကွယ်ရေးဗဟိုကော်မတီ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာနတို့နှင့် ညှိနှိုင်းပြီး မူလတန်း ကျောင်းများ ကျန်းမာရေးဌာနများ Cyclone shelter များ တည်ဆောက်ရန်စီစဉ်ဆောင်ရွက်ခဲ့ကြောင်း၊ ကြက်ခြေနီ

လူသားချင်းစာနာထောက်ထားမှုဖြင့်၊ လူမှုကရုဏာလုပ်ငန်းများကို လုပ်ဆောင်ရာတွင်၊ အခြေခံမူ(၇)ချက်ကို လေးစားလိုက်နာရန်သတ်မှတ်ထား၏။ ကြက်ခြေနီလုပ်ငန်းများအတွက် အခြေခံမူများ လိုအပ်ကြောင်းကို၊ ၁၈၆၂ ခုနှစ်တွင် ဟင်နရီဒူးနန့် ရေးသားခဲ့သော ‘ဆိုဖာရီနိုသတိရဖွယ်’ စာအုပ်တွင် ဖော်ပြခဲ့သည်။

အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီသည် ၁၉၂၁ ခုနှစ်တွင်၊ ပြဋ္ဌာန်းသော စည်းမျဉ်းဥပဒေ၌ ဆင်းရဲနွမ်းပါးသူများကို ကူညီခြင်း၊ ကမ္ဘာတစ်ဝန်းပျံ့နှံ့ခြင်း၊ လွတ်လပ်ခြင်းနှင့် ခွဲခြားမှုမရှိခြင်း စသည့်အချက်များကို မူဝါဒအဖြစ်ရေးဆွဲရာတွင်ထည့်သွင်းခဲ့၏။

၁၉၄၈ ခုနှစ်တွင် အမျိုးသားကြက်ခြေနီအသင်းများ အသိအမှတ်ပြုရေးအတွက်၊ အခြေခံအချက်အလက်များကို ပြင်ဆင်သတ်မှတ်ရာ၌ ဖော်ပြပါအခြေခံမူ (၄)ချက်ကို ထည့်သွင်းခဲ့သည်။ ၁၉၄၉ ခုနှစ်၊ ဂျီနီဗာအများသဘောတူစာချုပ်များတွင်၊ ယင်း မူဝါဒများကို ပုဒ်မ ၄၄/၁ နှင့် ၆၃/၄ တို့တွင်ဖော်ပြထားရှိသည်။

၁၉၅၅ ခုနှစ်တွင် ဂျင်ပစ်တေးဆိုသူက၊ နောက်ထပ်အချက်အလက်များကို ဖြည့်စွက်၍၊ အခြေခံမူများကို ပြင်ဆင်သတ်မှတ်လိုက်သည့်အခါ၊ လက်ရှိကျင့်သုံးနေသော ကြက်ခြေနီလှုပ်ရှားမှု၏ အခြေခံမူ (၇)ချက် အဖြစ်ပေါ်ထွက်ခဲ့သည်။

အဆိုပါ အခြေခံမူ (၇) ချက်ကို ၁၉၆၅ ခုနှစ်၊ ဗီယင်နာမြို့တွင်ပြုလုပ်သော၊ အကြိမ် ၂၀ မြောက်၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီညီလာခံတွင်၊ ကြက်ခြေနီနှင့်လခြမ်းနီလှုပ်ရှားမှု၏ အခြေခံမူများအဖြစ် အတည်ပြုပြဋ္ဌာန်းခဲ့သည်။

၁၉၈၆ ခုနှစ်တွင်ကျင်းပသော ၂၅ ကြိမ်မြောက်၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီညီလာခံတွင် အဆိုပါမူများကို ကြက်ခြေနီနှင့်လခြမ်းနီလှုပ်ရှားမှု နည်းဥပဒေ၏ နိဒါန်းတွင်ထည့်သွင်းပြီး၊ အမျိုးသားကြက်ခြေနီနှင့်လခြမ်းနီအသင်းများအနေဖြင့် လေးစားလိုက်နာရန်၊ ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် အများသိရှိအောင် အသိပညာပေးရန်တာဝန်ပေးအပ်ခဲ့၏။



အစီရင်ခံစာ၌ဖော်ပြပါရှိသည်။ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီအသင်းများဖက်ဒရေးရှင်းနှင့်ပူးပေါင်း၍ မုန်တိုင်းသင့်(၇) မြို့နယ်မှအခြေခံပညာမူလတန်းကျောင်း ၂၄ ကျောင်း၊ ဂျပန်နိုင်ငံကြက်ခြေနီအသင်းနှင့်ပူးပေါင်း၍ Cyclone shelter အဖြစ်အသုံးပြုနိုင်မည့် ကျောင်းအချို့အပါအဝင် မူလတန်းကျောင်း ၇၀ တည်ဆောက်ရန်လည်းကောင်း၊ စင်ကာပူနိုင်ငံကြက်ခြေနီအသင်းနှင့်ပူးပေါင်း၍ ကျန်းမာရေးဌာန ၉ ခုနှင့် Cyclone shelter သုံးခု၊ တရုတ်၊ ထိုင်ဝမ် ကြက်ခြေနီအသင်းနှင့်ပူးပေါင်း၍ ဒေသကျန်းမာရေးဌာန ၁၀ ခု တည်ဆောက်ရန်လည်းကောင်း ၂၀၀၉ ခုနှစ် ဧပြီလမှစတင်ဆောင်ရွက်ပြီးစီးခဲ့ကြောင်း ကြက်ခြေနီအသင်းကြီး၏ ၂၀၁၂ ခုနှစ် အစီရင်ခံစာတစ်ခုအရသိရှိရသည်။

ပုဂ္ဂိုလ်ခင်ရင် တရားမင်သည် ဆိုရိုးစကားသည် အလွန်မှန်ပေစွ။ လွန်လေပြီးသော ဆယ်စုနှစ် လေးခုကျော် ကာလက ရောင်စုံလက်နက်ကိုင်အဖွဲ့များကြီးစိုးရာ ရခိုင်ရိုးမတောင်ခြေရှိ ဝေးလံခေါင်သီသောမြို့နယ်တစ်ခုတွင် မြို့နယ်ဆရာဝန်များ Transfer ခေါ် ပုခုံးလွှဲပြောင်း တာဝန်ထမ်းဆောင်ခြင်း ကွင်းစက် အဝင်အထွက်တွင် မိမိကြုံတွေ့ရသည့် ပုဂ္ဂိုလ်မှာ တခြားမဟုတ်ပေ။ မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီး၏ ဒေါက်တာဦးအောင်ထွန်း မတိုင်ခင်က အတွင်းရေးမှူး ဒေါက်တာလှဖေ (ယခင် ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်)ပင်ဖြစ်သည်။ နောက်နောင်တွင် ဗဟိုအဆင့် ကျောင်းကျန်းမာရေးအလုပ်ရုံဆွေးနွေးပွဲ၊ ကျန်းမာရေးဝန်ကြီးဌာန ၆ လပတ် ညှိနှိုင်းအစည်းအဝေးစသည်များတွင် ဆုံကြရင်း ရင်းနှီးရပါသော ဒေါက်တာလှဖေထံမှ ကြက်ခြေနီအသင်းကြီး၏ တိကျမှန်ကန်သော ကိန်းဂဏန်းများ အချက်အလက်များကို ရယူကာ မိမိကိုယ်ပိုင်အတွေ့အကြုံများနှင့် ပေါင်းစပ်ပြီး စာနယ်ဇင်းများ၌ ဆောင်းပါးများရေးသားခဲ့ပါကြောင်းတင်ပြရင်း မြန်မာနိုင်ငံကြက်ခြေနီအသင်း စိန်ရတုအထိမ်းအမှတ်မဂ္ဂဇင်းအား ကြိုဆိုလိုက်ပါသည်။

**ဒေါက်တာအောင်စိုး (ခ) အောင်ကျော်မိုး**

# အလှမ်းမဝေးခဲ့သည့် ကြက်ခြေနီ၏တီဘီလုပ်ငန်း

**ဒေါက်တာခင်မျိုးမြင့်**



လူထုအခြေပြု တီဘီစီမံချက်ကို ၂၀၀၄ ခုနှစ်မှအစပြု ရေးဆွဲခဲ့ပြီး၊ ၂၀၀၅ ခုနှစ်မှာ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ သာကေတမြို့နယ်နှင့် မရမ်းကုန်းမြို့နယ်များတွင် အဓိက ကျန်းမာရေးပြဿနာဖြစ်နေသော တီဘီရောဂါကာကွယ်ရေး လုပ်ငန်းကို ဝိုင်းဝန်းကူညီမည့် ရည်ရွယ်ချက်နှင့် ကြက်ခြေနီ စေတနာလုပ်အားရှင်များနှင့် ဆောင်ရွက်နိုင်ရန်အတွက် ရှေ့ပြေး စမ်းသပ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါသည်။ အဆိုပါမြို့နယ်များသည် တီဘီဆေးသောက်ရန် ပျက်ကွက်လူနာဦးရေများပြားခြင်းကြောင့် ရောဂါပျောက်ကင်းမှု ဦးရေနည်းပါးခြင်းနှင့် တီဘီရောဂါသည် ဆေးမှန်မှန်ကုသပါက ပျောက်ကင်းနိုင်ကြောင်း ပညာပေးစည်းရုံးရန် လိုအပ်နေခြင်းကို လေ့လာစုံစမ်းချက်အရ သိရှိရပါသဖြင့် ရွေးချယ်ခဲ့ခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း လူထုအခြေပြုတီဘီရောဂါစီမံချက်သည် အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးဖျက်ရေးစီမံကိန်း၏လမ်းညွှန်မှုဖြင့်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီအသင်း၏ ပံ့ပိုးမှုဖြင့်လည်းကောင်း၊ သက်ဆိုင်ရာ တိုင်း/မြို့နယ် ဆရာဝန်ကြီးများနှင့် ပူးပေါင်း၍ ရန်ကုန်တိုင်းအတွင်းရှိ ကြက်ခြေနီစေတနာလုပ်အားရှင် ၂၅၀ ဦးကိုစည်းရုံး၍ တီဘီရောဂါသိကောင်းစရာများကိုသင်တန်းပေးခြင်း၊ သင်တန်းဆင်းကြက်ခြေနီများက လူနာသစ်ရှာဖွေခြင်းနှင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ညွှန်းပို့ပေးခြင်း၊ လိုအပ်ပါကဆေးကုသမှုခံယူခြင်း၊ တိုက်ရိုက်ကြည့်ရှု အချိန်တိုကုထုံးဖြင့် လူနာများကိုစောင့်ကြပ်ကြည့်ရှုပေးခြင်း၊ ရပ်ကွက်လူထုအတွင်း အထူးသဖြင့်အတူနေထိုင်သည့် မိသားစုများကို ကျန်းမာရေးပညာပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

စီမံချက်၏တစ်နှစ်တာဆောင်ရွက်ချက်များ အပြီးတွင် ဆန်းစစ်ချက် ကိန်းဂဏန်းများအရ ပိုးတွေ့လူနာရှာဖွေမှုနှုန်း၊ ရောဂါကုသအောင်မြင်နှုန်း၊ရာခိုင်နှုန်းများသည် တိုးတက်လာသည်ကိုတွေ့ရှိရသဖြင့် ကြက်ခြေနီများ၏ ကြိုးစားမှုသည် ထိရောက်အောင်မြင်သည်ဟုသုံးသပ်နိုင်ခဲ့ပါသည်။ ထို့ကြောင့် တီဘီစီမံချက်ကို ဆက်လက်၍ လှိုင်၊ ဒလ၊ တွံတေးနှင့်သဃ်န်းကျွန်းမြို့နယ်များတွင်လည်း ဆောင်ရွက်ခဲ့ပြီး တီဘီလူနာများကို စောင့်ကြပ်ကြည့်ရှုပေးခဲ့ပါသည်။

၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းအပြီးတွင် ဧရာဝတီတိုင်းမြို့နယ်အများစုသည် ထိခိုက်ပျက်စီးသွားပြီး တီဘီလူနာများသည် တီဘီဆေးဝါးများ ပြတ်လပ်သွားသည်ကိုတွေ့ရှိရသည့်အတွက် တီဘီလူနာပျက်ကွက်မှုများသည့် တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဒေးဒရဲ၊ ဖျာပုံ၊ကျိုက်လတ်၊ ဘိုကလေး၊ ပုသိမ်၊ လပွတ္တာ၊ ငပုတောမြို့နယ် ၁၀ မြို့တွင် ဧရာဝတီတိုင်းမှ

ကြက်ခြေနီ ၃၅၀ ဦးသည် ကူညီစောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့ပါသည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်း လူထုအခြေပြု တီဘီရောဂါစီမံချက်သည် အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း၏ လမ်းညွှန်မှုဖြင့်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီအသင်း၏ ပံ့ပိုးကူညီမှုဖြင့်လည်းကောင်း၊ သက်ဆိုင်ရာပြည်နယ်တိုင်း /မြို့နယ် ဆရာဝန်ကြီးများနှင့်ပူးပေါင်း၍ တီဘီရောဂါအကြောင်း သိကောင်းစရာ





များကို သင်တန်းပေးခြင်း၊ သင်တန်းဆင်းကြက်ခြေနီများက လူနာသစ်ရှာဖွေခြင်းနှင့် နီးစပ်ရာကျန်းမာရေးဌာနများသို့ ညွှန်းပို့ပေးခြင်း၊ လိုအပ်ပါက ဆေးဝါးကုသမှုခံယူစေခြင်း တိုက်ရိုက်ကြည့်ရှုအချိန်တိုကုထုံးဖြင့် စောင့်ကြပ်ကြည့်ရှုပေးခြင်း၊ အတူနေမိသားစုများနှင့် ပတ်ဝန်းကျင်မှလူထုကို ကျန်းမာရေးပညာပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပါသည်။ စိတ်ပိုင်းဆိုင်ရာကျန်းမာရေးအထောက်အကူပြု ပညာပေးလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများကိုလည်းလုပ်နိုင်ခဲ့ပါသည်။ တီဘီလူနာတိုင်း HIV ပိုး ရှိ/မရှိ စစ်ဆေးရသလို HIV လူနာတိုင်းကိုလည်း တီဘီရောဂါပိုး ရှိ/မရှိ စစ်ဆေးရမည့် အခန်းကဏ္ဍတွင်လည်း ပါဝင်လှုပ်ရှားဆောင်ရွက်ရပါသည်။ ဇရာဝတီတိုင်းမှာ အထူးဆောင်ရွက်နိုင်ခဲ့တဲ့ လူထုဆက်သွယ်ရေးတွေ့ဆုံပွဲတွေမှာ လူထုနှင့်စေတနာလုပ်အားရှင်များ အင်တိုက်အားတိုက်ဆွေးနွေးခဲ့ကြပြီး မိမိတာဝန်ကျရာအပိုင်းမှ ကြက်ခြေနီများက အရင်ဦးဆုံးရှင်းပြကြရပါသည်။ လိုအပ်မှသာ စီမံချက်မှတာဝန်ရှိသူများက စုပေါင်းအဖြေထုတ်သည့် နည်းလမ်းဖြင့် အဖြေရှာဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

လူနာများအတွက် သလိပ်ခွက်၊ လက်ကိုင်ပုဝါ၊ သွားတိုက်ဆေး၊ သွားပွတ်တံ၊ ဆပ်ပြာ၊ ဆပ်ပြာခွက်၊ သောက်ရေခွက်၊ ထွေးခံ၊ ခြုံစောင်၊ တဘက်၊ အားဆေး တို့ကိုလည်း ကူညီပေးနိုင်ခဲ့သည့်အတွက် အားရကျေနပ်စရာကောင်းခဲ့ပါသည်။ လူနာများနှင့်အမြဲထိတွေ့နေရသော ကြက်ခြေနီများအတွက်လည်း ကြိုတင်ကာကွယ်ရေးနည်းလမ်းတွေ အထူးသဖြင့် လက်ဆေးပါဆိုတာလေးကို သတိပြုဖို့ ကြိုတင်သတိပေးခဲ့ပါသည်။ ထို့အတူ စေတနာလုပ်အားရှင်ကြက်ခြေနီလေးတွေကို အချိန်နှင့်တပြေးညီ အလုပ်လုပ်နိုင်ဖို့အတွက် စက်ဘီးများကိုလည်း ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လူထုအခြေပြုကျန်းမာရေးစီမံချက်ကို မန္တလေး၊ မကွေးတိုင်းတို့တွင် ဆောင်ရွက်လျက်ရှိရာ၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းကြက်ခြေနီများမှလည်း တီဘီရောဂါအကြောင်းကိုထည့်သွင်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လူထုအခြေပြု တီဘီရောဂါကာကွယ်ရေးစီမံချက်သည် တီဘီရောဂါကာကွယ်ရေးလုပ်ငန်းတွင် ကျန်းမာရေးဌာနအတွက် တစ်တပ်တစ်အားပါဝင်ဆောင်ရွက်နိုင်ခဲ့ခြင်းသည် ကြက်ခြေနီစေတနာ့စွမ်းအားရှင်များ၏ စေတနာထက်သန်မှုကြောင့်သာ အောင်မြင်ခဲ့ခြင်းဖြစ်ကြောင်း မှတ်တမ်းတင်ဂုဏ်ယူစွာဖြင့် ရေးသားလိုက်ရပါသည်။

**ဒေါက်တာခင်မျိုးမြင့်**

၂၀၀၈ ခုနှစ် မေလ ၂ ရက်နှင့် ၃ ရက်နေ့များက ဧရာဝတီတိုင်းဒေသအချို့နှင့် ရန်ကုန်တိုင်းဒေသအချို့သို့ တိုက်ခတ်ခဲ့သော နာဂစ်လေမုန်တိုင်းသည် မြန်မာ့သမိုင်းတွင် ပျက်စီးမှုအများဆုံး၊ အသေအပျောက်အများဆုံးဖြစ်ခဲ့သည်။ နာဂစ်လေဘေးကျရောက်ပြီး၊ ချက်ချင်းဆိုသလို မြန်မာနိုင်ငံကြက်ခြေနီအသင်းက ဘေးဒုက္ခတုန့်ပြန်ကယ်ဆယ်ရေးလုပ်ငန်းများကိုဆောင်ရွက်နိုင်ခဲ့ပါသည်။ လေဘေးသင့်ဒေသများရှိ ကြက်ခြေနီစေတနာလုပ်အားရှင်များကလည်းဘေးဒုက္ခတုန့်ပြန်ကယ်ဆယ်ရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။



# နာဂစ်လေဘေး
## ပြန်လည်ထူထောင်ရေးတွင် ကြုံခဲ့ရသည်များ

**စိုင်းဖေသိန်း(တောင်ကြီး)**

မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဝန်ထမ်းများနှင့် လေ့ကျင့်မှုပေးထားသော ကြက်ခြေနီစေတနာလုပ်အားရှင်များကို လေဘေးသင့်ဒေသများသို့ အဖွဲ့များခွဲကာ ပျက်စီးဆုံးရှုံးမှုနှင့် လိုအပ်ချက်များဆန်းစစ်ခြင်း(Damage and Need Assessment) ဆောင်ရွက်ရန်၊လေဘေးကျရောက်ပြီးရက်သတ္တပတ်အတွင်း စေလွှတ်ခဲ့သည်။ ထိုအဖွဲ့များသည် ဒေသအာဏာပိုင်များနှင့် သွားရောက်တွေ့ဆုံပြီး၊ ပျက်စီးဆုံးရှုံးသည့် စာရင်းဇယားများရယူခြင်း၊လေဘေးသင့်ကျေးရွာများအထိသွားရောက်ပြီး အခြေအနေကို ကြည့်ရှုမှတ်တမ်းတင်ခြင်း၊ လေဘေးသင့်ပြည်သူအချို့အားတွေ့ဆုံမေးမြန်းခြင်းဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ DANA အဖွဲ့များက ကောက်ယူရရှိလာသော စာရင်းဇယားများကိုအခြေခံကာ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်မှ ကယ်ဆယ်ရေးပစ္စည်းများကို လေဘေးသင့်ဒေသများသို့ မော်တော်ယာဉ်၊ သင်္ဘောများဖြင့်အရောက်ပို့ပေးခဲ့ကြသည်။ လေဘေးသင့်ဒေသရှိဒေသခံကြက်ခြေနီများသည် ဒေသအာဏာပိုင်များ၏ ခွင့်ပြုချက်ရယူ၍ ကယ်ဆယ်ရေးပစ္စည်းများကို အကျိုးခံစားခွင့်ရှိသူများ လက်ဝယ်အရောက်ဖြန့်ဝေခဲ့ပါသည်။ ကယ်ဆယ်ရေးပစ္စည်း ဖြန့်ဝေခြင်း များကို ကြီးကြပ်နိုင်ရန် ပြည်နယ်/တိုင်းဒေသ ကြီးအချို့မှ ကြက်ခြေနီတပ်ဖွဲ့ ဦးစီးမှူး(ပထမတန်း) အချို့အား မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ Focal Person များအဖြစ် နယ်မြေခွဲကာ တာဝန်ချထားခဲ့ပါသည်။

ကြက်ခြေနီကယ်ဆယ်ရေးပစ္စည်းများ ဖြန့်ဝေရာတွင် ကြုံတွေ့ရသောအခက်အခဲမှာပေးဝေရမည့် ကျေးရွာများသို့သွားရောက်သောအခါ မြို့နယ်အာဏာပိုင်ထံမှရရှိသော အိမ်ထောင်စုစာရင်းနှင့်ကွဲလွဲနေခြင်းဖြစ်ပါသည်။ ထိုသို့ဖြစ်ရသည်မှာ မူလက အိမ်ထောင်စုစာရင်းတွင် မိသားစုတစ်စုသည် အိမ်ထောင်စု ၂ စုပေါင်း၍ ရေးထားသော်လည်း၊ လေဘေးသင့်သူများအား ပစ္စည်းဝေသောအခါ သီးခြားအိမ်ထောင်စုခွဲထွက်၍ ပစ္စည်းရလိုမှုအတွက် အိမ်ထောင်စု ဖောင်းပွလာခြင်းဖြစ်ပါသည်။ ထို့ကြောင့် ပစ္စည်းများပေးဝေရာတွင် အဆင်မပြေမှုများကြုံခဲ့ရပါသည်။

နာဂစ်လေဘေးကျရောက်ပြီး ၃ လခန့်ကြာသောအခါ နာဂစ်လေဘေးပြန်လည်ထူထောင်ရေးရုံးခွဲ ၉ ခုကို ဖွင့်လှစ်ခဲ့ပါသည်။ ဧရာဝတီတိုင်းဒေသကြီးတွင် ပုသိမ်၊ ငပုတော(နောင်တွင်မအူပင်မြို့သို့ပြောင်းရွှေ့)၊ လပွတ္တာ၊ ဘိုကလေး၊ ဖျာပုံ၊ မော်လမြိုင်ကျွန်း၊ ကျိုက်လတ်၊ ဒေးဒရဲနှင့်ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့များတွင် ဖြစ်ပါသည်။ နာဂစ်လေဘေးပြန်လည်ထူထောင်ရေးအစီက



လုပ်ငန်းစဉ် ၅ ရပ်သတ်မှတ်ထားပါသည်။

(၁) ကျန်းမာရေးကဏ္ဍ

(၂) စိတ်ပိုင်းဆိုင်ရာအားပေးမှုအစီအစဉ်

(၃) ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(၄) အသက်မွေးဝမ်းကြောင်းဆိုင်ရာ အထောက်အပံ့ပေးရေး

(၅) အမိုးအကာအထောက်အပံ့ပေးရေး

အစီအစဉ်များဖြစ်ပါသည်။

ဖော်ပြပါအစီအစဉ်များအနက် ကျန်းမာရေး၊စိတ်ပိုင်းဆိုင်ရာအားပေးမှုအစီအစဉ်၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲကြီးကြီးမားမား မရှိခဲ့သော်လည်း၊ အသက်မွေးဝမ်းကြောင်းဆိုင်ရာ အထောက်အပံ့ပေးရေးနှင့် အမိုးအကာအထောက်အပံ့ပေးရေးအစီအစဉ်တို့ ဆောင်ရွက်ရာတွင် စိန်ခေါ်မှုများ ကြုံတွေ့ခဲ့ရသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီ အသင်းများဖက်ဒရေးရှင်းက ချမှတ်ထားသော အကျိုးခံစားခွင့်ရှိသူများကို ရွေးချယ်ရေးစံနှုန်းများနှင့်အညီ အထောက်အပံ့အမှန်တကယ် လိုအပ်သူများကိုရွေးချယ်ခဲ့ကြသည်။ ပွင့်လင်းမြင်သာမှုရှိစွာ အကျိုးခံစားခွင့်ရှိသူများ ရွေးချယ်ရေးအတွက် လေဘေးသင့်ကျေးရွာအလိုက် ရွာသူ/ ရွာသား တစ်အိမ်တစ်ယောက် ဖိတ်ကြားပြီး အစည်းအဝေး ကျင်းပခဲ့သည်။ အစည်းအဝေးတက်ရောက်လာသူများ ထဲမှအုပ်စု (၃) စု ပထမဦးစွာ ဖော်ထုတ်သည်။ ပထမအုပ်စု စီးပွားရေးကောင်းမွန် အဆင်ပြေသူများနှင့် ထိခိုက်ခံစားမှု မရှိသူများ၊ ဒုတိယအုပ်စု စီးပွားရေးသင့်တင့်ပြီး ပျက်စီးဆုံးရှုံးမှုအသင့်အတင့်ရှိသော သူများ၊ တတိယအုပ်စု စီးပွားရေးနလန်မထူသူများနှင့် ထိခိုက်ပျက်စီးမှု ကြီးမားစွာခံစားရသူများဟူ၍ဖြစ်ပါသည်။ ၄င်းအုပ်စုများကို ရွာသူ/သားများကိုယ်တိုင် နှုတ်ဖြင့်ဆန္ဒပေးရွေးချယ်စေခဲ့ပါသည်။

အထက်ပါအုပ်စုများထဲမှ ပထမအုပ်စုဝင်များအား အစည်းအဝေးမှပြန်ခွင့်ပြုပြီး၊ ဒုတိယအုပ်စုနှင့် တတိယအုပ်စုဝင်များထံမှ အောက်ပါအချက်နှင့်ကိုက်ညီသူများကို ထပ်မံရွေးချယ်စေခဲ့ပါသည်။

(၁) အသက်ကြီးရွယ်အိုဦးစီးသောအိမ်ထောင်စု

(၂) မုဆိုးမဦးစီးသော အိမ်ထောင်စု

(၃) ဒုက္ခိတမသန်မစွမ်းရှိသော အိမ်ထောင်စု

(၄) မိသားစုများသော အိမ်ထောင်စု

(၅) ဝင်ငွေနည်းလက်လုပ်လက်စားအိမ်ထောင်စု

(၆) ခိုကိုးရာမဲ့ အိမ်ထောင်စု

ထိုသို့သတ်မှတ်ချက်များနှင့် အဆင့်ဆင့်အကျိုးခံစားခွင့်ရှိသူများကိုရွေးချယ်ခဲ့ပါသည်။ ထို့အပြင် ပဏာမရွေးချယ်ထားသော အိမ်ထောင်စုများ၏အခြေအနေကို နာဂစ်လေဘေးပြန်လည်ထူထောင်ရေး ရုံးဝန်ထမ်းများက ကွင်းဆင်းမျက်မြင် လေ့လာကြည့်ရှုစိစစ်ခြင်း၊ ပဏာမအကျိုးခံစားခွင့်ရသူများ အမည်စာရင်းကို ကျေးရွာတွင်ကြော်ငြာကပ်ကာ၊ ကန့်ကွက်လိုသူများရှိက ကန့်ကွက်နိုင်ကြောင်း ကြေငြာခြင်းများဆောင်ရွက်ခဲ့ပါသည်။

သို့ရာတွင် လေဘေးသင့် အကျိုးခံစားခွင့်ရှိသူ အရေအတွက်များခြင်းနှင့် ကြက်ခြေနီမှထောက်ပံ့ပေးနိုင်သော အရေအတွက်မှာနည်းခြင်းတို့ကြောင့် မကျေလည်မှုများစွာ ရှိခဲ့ကြပါသည်။ အကျိုးခံစားခွင့်ရလိုသူများ၏ ဆွေမျိုးသားချင်း အချင်းချင်းဘက်လိုက်ကာ ဆန္ဒပေးခြင်း၊ ဒေသအာဏာပိုင်အချို့က မလျော်ဩဇာသုံးကာ ဝင်ရောက်ဖိအားပေးခြင်းအနည်းငယ်ပျက်စီးသူကအကူအညီများများလိုချင်ခြင်းများ ကြုံခဲ့ရပါသည်။



ထို့အပြင် လေဘေးသင့်ဒေသတစ်ခုတည်း တွင် အခြားအကူအညီပေးသော NGO, INGO, UN အဖွဲ့များ ရှိနေခြင်းကလည်း စိန်ခေါ်မှုတစ်ခုဖြစ်ပါသည်။ အခြားသောအဖွဲ့များကပေးသော အထောက်အပံ့ အမျိုးအစားတူသော်လည်း၊ တန်ဖိုးသတ်မှတ်ချက်၊ အရည်အသွေးမတူသဖြင့် နှိုင်းယှဉ်မှုများ၊ ဝေဖန်မှုများကြုံကြရသည်။ ဥပမာ အိမ်သာတစ်လုံးကို save the children မှ ကျပ်တစ်သိန်းသုံးစွဲပြီး၊ ကြက်ခြေနီမှပေးသော အိမ်သာတစ်လုံး၏ တန်ဖိုးမှာ ကျပ်သုံးသောင်း/လေးသောင်းတန်ဖိုးဖြစ်၍ နှိုင်းယှဉ်စရာဖြစ်ရပါသည်။

မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် နာဂစ်လေဘေး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ၂၀၀၈ ခုနှစ် ဇူလိုင်လမှ ၂၀၁၁ ခုနှစ် ဇူလိုင်လကုန်အထိ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဤသို့အောင်မြင်မှု ရရှိခဲ့ခြင်းမှာ နာဂစ်လေဘေးပြန်လည်ထူထောင်ရေးရုံးခွဲတွင် တာဝန်ထမ်းဆောင်သော ဝန်ထမ်းများနှင့် ကြက်ခြေနီရုံးချုပ်ဝန်ထမ်းများ၏ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုများ ကောင်းမွန်ခြင်း၊ လေဘေးသင့်ဒေသရှိ ကြက်ခြေနီစေတနာလုပ်အားရှင်များ၏ အားကြိုးမာန်တက် ပါဝင်ကူညီပေးမှုများကြောင့် ဖြစ်ကြောင်းမှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

**စိုင်းဖေသိန်း (တောင်ကြီး)**

---

(စာမျက်နှာ ၂၉ မှ)

ရှင်သန်ထက်မြက်နေအောင် ရှေ့ဆောင်လမ်းပြပေးခဲ့ကြတဲ့ မြန်မာနိုင်ငံအနှံ့က စေတနာ့ဝန်ထမ်း ကြက်ခြေနီလေးတွေရဲ့ ကျေးဇူးကို အစဉ်သတိရနေမှာပါ။ စေတနာ့ဝန်ထမ်း ကြက်ခြေနီရဲ့ဘော်၊ ရဲမေလေးတွေရဲ့ အဖြူရောင်မေတ္တာ၊ အနီရောင်နှလုံးသားနဲ့ မွန်မြတ်လှတဲ့ ကြက်ခြေနီပရဟိတစိတ်ဓါတ်ကို ထာဝရဂုဏ်ယူနေဦးမှာပါ။

လွန်ခဲ့တဲ့နှစ်ပေါင်း ၄၀ ကျော်က အတူလက်တွဲလုပ်ကိုင်ခဲ့ကြတဲ့ ဦးချစ်ဟန် (ကချင်ပြည်နယ်) လိုစွမ်းစွမ်းတမန်လုပ်ဆောင်ခဲ့ကြတဲ့ ကြက်ခြေနီစံပြ ကရုဏာရှင်တစ်ချို့လည်း အကြွေစောသွားကြပြီဖြစ်လို့ သတိတရလွမ်းဆွတ်ခြင်းနဲ့အတူ....

အတွေ့အကြုံရင့်ကျက်လာကြတဲ့ တပည့်ရောင်းရင်းတွေဟာ မျိုးဆက်သစ်ကြက်ခြေနီလူငယ်တွေနဲ့အတူ ယနေ့မှာ ကြက်ခြေနီဌာနချုပ်နဲ့ အဆင့်ဆင့် အသင်းအဖွဲ့တွေမှာ တာဝန်ယူလုပ်ကိုင်နေကြတာ တစ်ချိန်က လူနည်းနည်းနဲ့ ဝိုင်းဝန်းကြိုးပမ်း လုပ်ကိုင်ခဲ့ရာကနေ ယနေ့ဌာနကြီးတွေ၊ ဌာနခွဲတွေနဲ့ စနစ်တကျ တာဝန်အသီးသီးခွဲဝေ လုပ်ဆောင်နေကြတာ၊ နိုင်ငံအနှံ့မှာ ကြက်ခြေနီပန်းတွေပွင့်လန်းနေကြတာ ကြားရ၊ မြင်ရတော့ ဝမ်းသာကြည်နူးမိတာ မှန်သောသစ္စာစကားပါ။

သက်ဆွေ

## ဘေးဒုက္ခအန္တရာယ်ကျရောက်မှုများတွင် ကယ်ဆယ်ရေးအစီအစဉ် ဆောင်ရွက်နေကြသည့် ကြက်ခြေနီလှုပ်ရှားမှုနှင့် အစိုးရမဟုတ်သော အင်ဂျီအိုအဖွဲ့များလိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများ

Code of Conduct for The International Red Cross and Red Crescent Movement and NGOs in Disaster Response Programmes

သဘာဝ ဘေးအန္တရာယ် သို့မဟုတ် လူပယောဂ ကြောင့် ဘေးဒုက္ခကြုံတွေ့လာပါက၊ သက်ဆိုင်ရာ နိုင်ငံအစိုးရ များနှင့် အစိုးရမဟုတ်သော လူမှုကယ်ဆယ်ရေးအဖွဲ့များသည် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ပြုလုပ်ကြရသည်။

ထိုနေရာ၌ ကယ်ဆယ်ရေးသက်သက်ကို ဆောင် ရွက်သောအဖွဲ့များရှိသကဲ့သို့၊ ကယ်ဆယ်ရေးလုပ်ငန်းများတွင် တစ်ထောင့်တစ်နေရာက ပါဝင်ဆောင်ရွက်ပေးနေကြသည့် အဖွဲ့အစည်းများလည်းရှိကြသည်။ အစိုးရမဟုတ်သောအဖွဲ့ အစည်းများအနေဖြင့် မိမိတို့၏ ဦးတည်ချက်၊ ရည်ရွယ်ချက်၊ ရည်မှန်းချက်စသည့် mandate အတိုင်းလုပ်ဆောင်လျက်ရှိ ကြသည်။ သို့သော် ကယ်ဆယ်ရေးလုပ်ငန်းအစီအစဉ်တွင် ပါဝင်လုပ်ဆောင်မည်ဆိုပါက Code of Conduct ဟုခေါ် သော ကျင့်ဝတ်စည်းကမ်းများကို လေးစားလိုက်နာကြရန် လိုအပ်သည်။

၁၉၉၄ ခုနှစ်တွင် ကမ္ဘာ့အကြီးဆုံး ဘေးဒုက္ခတုံ့ပြန် ကယ်ဆယ်ရေးအဖွဲ့ကြီး ၈ ဖွဲ့ တွေ့ဆုံဆွေးနွေးကာ အပြည် ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီလှုပ်ရှားမှုနှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများအနေဖြင့်၊ ဘေးဒုက္ခတုံ့ပြန် ကယ်ဆယ်ရေးအစီအစဉ်များ ဆောင်ရွက်ရာတွင်၊ ကျင့်ဝတ် စည်းကမ်း ၁၀ ချက်ကို လေးစားလိုက်နာရန် သဘောတူညီ ခဲ့ကြပါသည်။

အဆိုပါ ကျင့်ဝတ်စည်းကမ်းများမှာ အဖွဲ့အစည်းများ ၏လုပ်ငန်းဆိုင်ရာ စံချိန်စံညွှန်းများကို ထိန်းကျောင်းပေးသည်။ ယင်းကျင့်ဝတ်စည်းကမ်းများသည် ရိက္ခာခွဲတမ်းများကို မည်ကဲ့ သို့ သတ်မှတ်ပေးမည်။ ဒုက္ခသည်စခန်းတစ်ခုကို မည်ကဲ့သို့ တည်ထောင်ပေးရမည် ကဲ့သို့သော လုပ်ငန်းဆိုင်ရာ အချက် အလက်များနှင့် မသက်ဆိုင်ပေ။ ယင်တို့သည် လုပ်ငန်းဆောင် ရွက်ကြသူများအနေဖြင့် မိမိတို့ဆန္ဒသဘောအလျောက် လိုက်နာစောင့်ထိန်းရသည့် ကျင့်ဝတ်စည်းကမ်းများဖြစ်ပြီး၊ ကျင့်ဝတ်များထဲတွင်ပါရှိသော စံနှုန်းများကို အဖွဲ့အစည်းဝင် များက ယင်းတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ စောင့်ထိန်းကြသည်။ လက်နက်ကိုင် ပဋိပက္ခရှိနေလျှင် လက်ရှိကျင့်ဝတ် စည်းကမ်း များကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ နိုင်ငံတကာ ဥပဒေနှင့်အညီ အဓိပ္ပါယ်ဖွင့်ဆိုပြီး လိုက်နာဆောင်ရွက်ကြရ မည်ဖြစ်သည်။

အဆိုပါကျင့်ဝတ်စည်းကမ်း (၁၀) ချက်မှာ

### ၁။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကိစ္စသည် ပထမဦးစားပေးဖြစ်သည်။

လူသားချင်းစာနာထောက်ထားမှု အကူအညီများကို လက်ခံနိုင်ခွင့်၊ ပေးကမ်းနိုင်ခွင့်သည် နိုင်ငံအားလုံးမှ ပြည်သူ လူထုနှင့်သက်ဆိုင်သည့် အခြေခံလူသားချင်းစာနာ ထောက် ထားမှုဆိုင်ရာမူဝါဒဖြစ်သည်။ လူသားချင်းစာနာထောက် ထားမှုဆိုင်ရာ အကူအညီများကို လိုအပ်သည့် နေရာတိုင်းတွင် ပံ့ပိုးထောက်ပံ့ရန်တာဝန်ရှိသည်။ ဘေးအန္တရာယ်ကြောင့် ဒုက္ခရောက်သူများထံသို့ ထိုအကူအညီများကို အဟန့်အတား အနှောင့်အယှက်မရှိပို့ဆောင်ပေးရမည်။ လူသားချင်းစာနာ ထောက်ထားမှုအရ အကူအညီပေးသောအခါ၊ ထိုပေးကမ်းမှု သည် တစ်ဖွဲ့တစ်အုပ်စုအတွက် သို့မဟုတ် နိုင်ငံရေးလှုပ်ရှားမှု အတွက် ပေးကမ်းခြင်းမျိုးမဟုတ်သည့်အပြင် ထိုကဲ့သို့ မရှုမြင် ရပေ။

### ၂။ လူမျိုးမရွေး ဘာသာမရွေး နိုင်ငံသားမရွေး ပေးကမ်းပြီး ခွဲခြားမှုမရှိစေရပါ။ အကူအညီ ပေးသင့်သူများကို ရွေးချယ်ရာတွင် လိုအပ်ချက် တစ်ခုတည်းပေါ်တွင်မူတည်ကာ ရွေးချယ်သည်။

ဘေးဒုက္ခဖြစ်ပွားရာဒေသရှိ ဒုက္ခသည်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်စွမ်းပေါ် အခြေခံကာ ကယ်ဆယ်ရေး အကူအညီများပေးရမည်။ ပံ့ပိုးမည့်အကူအညီ တို့ အချိုးအစားမျှတမှုရှိရန်လိုအပ်သည်။ လူသားတို့ခံစား နေရသည့် ဆင်းရဲဒုက္ခကို လျော့နည်းသက်သာစေရန် ရည်ရွယ် ကာ ဆောင်ရွက်ပေးရမည်။ ကူညီထောက်ပံ့မှု ဆောင်ရွက် ရာတွင် မျှမျှတတရှိပြီး ဘက်လိုက်မှုမရှိရပေ။

### ၃။ နိုင်ငံရေး သို့မဟုတ် ဘာသာရေးအမြင်တစ်ခုကို ပိုမိုခိုင်မာစေပြီး အများလက်ခံလာစေရန် ကြံဆောင်ရာတွင် ကယ်ဆယ်ရေးအကူအညီများ ကိုအသုံးမချရပါ။

အကူအညီပေးရာတွင် တစ်ဦးချင်းသော်လည်းကောင်း၊ မိသားစုအလိုက်သော်လည်းကောင်း၊ ရပ်ရွာအသိုင်းအဝန်းအလိုက်လည်းကောင်း လိုအပ်ချက်ပေါ်မူတည်၍ အကူအညီပေးရမည်။ အကူညီပေးရေးအဖွဲ့အစည်းများ၏ နိုင်ငံရေး သို့မဟုတ် ဘာသာရေးအယူအဆများ အမျိုးမျိုးရှိနိုင်သော်လည်း၊ ကယ်ဆယ်ရေးအကူအညီပေးရာတွင် လက်ခံသူအနေဖြင့် ထိုအယူအဆများကို ထောက်ခံကျင့်သုံးရန်မလိုပေ။ နိုင်ငံရေး သို့မဟုတ် ဘာသာရေးအယူအဆတစ်ခုခုကို သက်ဝင်ယုံကြည်မှ သို့မဟုတ် လက်ခံမှ ကယ်ဆယ်ရေးအကူအညီပေးမည် ပို့ဆောင်ပေးမည် ဖြန့်ဝေပေးမည်ဆိုသည့် ကတိကဝတ်မျိုး မတောင်းဆိုရပါ။

### ၄။ အစိုးရတစ်ရပ်၏ နိုင်ငံခြားရေးမူဝါဒကို အကောင်အထည်ဖော်ပေးမည့်သူများအဖြစ် အသုံးချခြင်းမခံရစေရန် ကြိုးပမ်းရမည်။

အင်ဂျီအိုများသည် အစိုးနှင့်မသက်ဆိုင်ဘဲ လွတ်လပ်စွာ ဆောင်ရွက်လုပ်ကိုင်သော အဖွဲ့အစည်းများဖြစ်သည်။ အစိုးရတစ်ရပ်၏ မူဝါဒတစ်ခုနှင့် မိမိအဖွဲ့အစည်း၏ မူဝါဒ တိုက်ဆိုင်တူညီနေသည့်ကိစ္စမှတစ်ပါး၊ မည်သည့်အစိုးရ၏ မူဝါဒကိုမှ အကောင်အထည်ဖော်မပေးပါ။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ သတင်းအချက် အလက်များမှတစ်ပါး အစိုးရများ သို့မဟုတ် အခြားအဖွဲ့အစည်းများအတွက် အကျိုးရှိစေမည့် သတင်းများကို စုဆောင်းခြင်းမပြုပါ။ အလှူရှင် အစိုးရ၏ နိုင်ငံခြားရေးမူဝါဒကို အကောင်အထည်ဖော်ပေးမည့်သူများအဖြစ် အသုံးချခံမည်မဟုတ်ပါ။ လက်ခံရရှိသော အကူအညီများကို ဘေးဒုက္ခကျရောက်မှုကြောင့် လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်အတွက်သာအသုံးပြုရမည်။ အလှူရှင်နိုင်ငံရှိ ပိုလျှံသော ကုန်ပစ္စည်းများကို ရှင်းပစ်ရန်လိုအပ်သောကြောင့် အကူအညီပေးခြင်းမျိုးကို လက်မခံပါ။ အလှူရှင်နိုင်ငံများ၏ နိုင်ငံရေး အကျိုးအမြတ်အတွက် အကူအညီပေးခြင်းမျိုးကို လက်မခံပါ။ လွတ်လွတ်လပ်လပ် လှုပ်ရှားနိုင်စေရန် တစ်နိုင်ငံ သို့မဟုတ် တစ်သင်းတစ်ဖွဲ့တည်းအပေါ် ရံပုံငွေအတွက် မှီခိုအားထားမှုမရှိအောင်ကြိုးပမ်းရမည်။

### ၅။ ယဉ်ကျေးမှုနှင့် လေ့ထုံးစံများကိုလေးစားရမည်။

မိမိတို့လုပ်ဆောင်ပေးနေသော နိုင်ငံ၏ လူမှုအဖွဲ့အစည်းများ၊ ယဉ်ကျေးမှုဓလေ့ထုံးစံများကို လေးစားလိုက်နာရမည်။

### ၆။ ဒေသတွင်းရှိစွမ်းဆောင်ရည်ပေါ်မူတည်၍ ဘေးအန္တရာယ်တုံ့ပြန်ကယ်ဆယ်ရေးကို ကြိုးပမ်းလုပ်ဆောင်ရမည်။

လူထုသည် ဘေးအန္တရာယ်ကို ကြုံတွေ့ခံစားကြရသကဲ့သို့ ဘေးအန္တရာယ်လျော့နည်းသက်သာစေရန်အတွက်လည်း စွမ်းဆောင်နိုင်သော စွမ်းအားများရှိသည်။ ယင်းစွမ်းအားများကိုမြှင့်တင်ပေးရမည်။ ထိုသို့ မြှင့်တင်ရာတွင် ဒေသခံများအား ဝန်ထမ်းအဖြစ်ခန့်ထားခြင်း၊ ဒေသထွက်ကုန်များအား ဝယ်ယူခြင်း၊ ဒေသခံကုမ္ပဏီများနှင့် ကုန်သွယ်ခြင်း၊ ဒေသအတွင်းရှိ အာဏာပိုင်အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်ရမည်။ အရေးပေါ်အခြေအနေတွင် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သင့်လျော်သလို ညှိနှိုင်းဆောင်ရွက်လုပ်ကိုင်ခြင်းကို အဓိကဦးစားပေးရမည်။

### ၇။ ကယ်ဆယ်ရေးအကူအညီများကို စီမံခန့်ခွဲရာတွင် အကျိုးခံစားခွင့်ရှိသူများ ပါဝင် ကူညီလာစေရန် နည်းလမ်းများကိုရှာကြံရမည်။

ကယ်ဆယ်ရေးလုပ်ငန်းအစီအစဉ်များ ရေးဆွဲရာတွင်လည်းကောင်း၊ စီမံခန့်ခွဲရေးတွင်လည်းကောင်း၊ အကောင်အထည်ဖော်ရာတွင်လည်းကောင်း၊ အကျိုးကျေးဇူး ခံစားရမည့်သူများ ပါဝင်စေခြင်းဖြင့် ထိရောက်အောင်မြင်သော ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကို ဆောင်ရွက်နိုင်မည်။ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး အစီအစဉ်များတွင် ရပ်ရွာလူထု ပါဝင်ဆောင်ရွက်လာစေရန် ကြိုးပမ်းရမည်။

### ၈။ ကယ်ဆယ်ရေးလုပ်ငန်းများသည် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးရုံသာမက အနာဂတ်ဘေးအန္တရာယ်လျော့ပါးရေး အတွက်လည်း ဦးတည်ဆောင်ရွက်ရမည်။

ကယ်ဆယ်ရေးလုပ်ငန်းများသည် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်းသဘောရော၊ အဆိုးသဘောပါ အကျိုးသက်ရောက်မှုရှိသည်။ ကယ်ဆယ်ရေး

အစီအစဉ်မှ အကျိုးခံစားရမည့်သူများအနေဖြင့်၊ နောင်တွင် ဘေးအန္တရာယ်ပေါ်ပေါက်ပါက ဘေးအန္တရာယ်ခံရမှု လျော့နည်းသက်သာစေပြီး၊ ရေရှည်တည်တံ့နိုင်သော လူနေမှုစနစ်ကို ဖန်တီးပေးနိုင်မည့် အစီအစဉ်များကို အကောင်အထည်ဖော်နိုင်ရန်ကြိုးပမ်းရမည်။

**၉။ အကူအညီပေးရမည့်သူများနှင့် ထောက်ပံ့ကူညီနေသူများအတွက်ပါ တာဝန်ခံရမည်။**

ထောက်ပံကူညီ လှူဒါန်းသူများနှင့် အကူညီလိုအပ်နေသူများအကြား ဆက်သွယ်ပေးသော အဖွဲ့အစည်း အဖြစ်ဆောင်ရွက်ရမည်။ နှစ်ဘက်လုံးအတွက် ပွင့်လင်းမြင်သာမှုရှိပြီး တာဝန်ခံနိုင်ရမည်။ လုပ်ငန်း၏ထိရောက်မှု အဟန့်အတားများ အထောက်အကူပြုချက်များကို ပွင့်ပွင့်လင်းလင်း အစီရင်ခံရမည်။ ငွေရေးကြေးရေးဆိုင်ရာနှင့် ပစ္စည်းများထောက်ပံ့ရာတွင် သင့်လျော်သလိုစောင့်ကြည့် စစ်ဆေးရန်နှင့် ထိရောက်မှုကို ပုံမှန်သုံးသပ်ရန်တာဝန်ရှိကြောင်း လက်ခံထားရမည်။ ဆုံးရှုံးမှုနှင့် အလဟဿဖြစ်မှု နည်းပါးစေရန်အတွက် လုပ်ငန်းကျွမ်းကျင်မှုနှင့် ပညာရပ်ဆိုင်ရာကျွမ်းကျင်မှုအပေါ်အခြေခံရမည်။

**၁၀။ ပြန်ကြားရေး လူထုဆက်သွယ်ရေး ကြော်ငြာစသည့် မီဒီယာတို့တွင် ဘေးဒုက္ခသည်များအား သိက္ခာရှိသောပုဂ္ဂိုလ်များအဖြစ် သဘောထားကာဖော်ပြရမည်။ သနားစရာလူသားများအဖြစ် သဘောမထားသင့်ပါ။**

ဘေးဒုက္ခသည်များအား လုပ်ဖော်ကိုင်ဖက် တန်းတူများအဖြစ် အမြဲလေးစားတန်ဖိုးထားရမည်။ သတင်းထုတ်ပြန်ရာတွင် ၎င်းတို့၏ အားနည်းချက်နှင့် စိုးရိမ်ကြောင့်ကြမှုများကိုသာအသားပေးမဖော်ပြဘဲ၊ ဒုက္ခသည်များ၏ စွမ်းဆောင်နိုင်မှုနှင့် မျှော်မှန်းချက်များကို အသားပေးဖော်ပြရမည်။ လူထု၏ တုံ့ပြန်မှုပိုမိုရရှိစေရန် စာနယ်ဇင်းများနှင့် ပူးပေါင်းဆောင်ရွက်သော်လည်း၊ ကယ်ဆယ်ရေးအကူအညီများစွာရရှိရေးအတွက် အသားပေးလုပ်ဆောင်ရန် အတွင်း သို့မဟုတ် ပြင်ပမှ တောင်းဆိုမှုများကို ခွင့်ပြုမည်မဟုတ်ပေ။ ကယ်ဆယ်ရေး လုပ်ဆောင်နေကြသောအဖွဲ့များသည် စာနယ်ဇင်းတွင်ပါရှိရေးအတွက် ယှဉ်ပြိုင်ခြင်းကို ရှောင်ရှားရမည်။ စာနယ်ဇင်းများတွင်ဖော်ပြချက်များသည် ပံ့ပိုးပေးသော လုပ်ငန်းများကိုထိခိုက်မှု သို့မဟုတ် ကယ်ဆယ်ရေးဝန်ထမ်းများနှင့် အကူအညီလက်ခံသူများ၏ လုံခြုံရေးကိုထိခိုက်မည် သတင်းများမဖြစ်စေရန်သတိပြုရမည်။

၂၀၁၄ ခုနှစ်၊ ဧပြီလ ၁၄ ရက်နေ့ထိ အဆိုပါကျင့်ဝတ်စည်းကမ်းများကို လိုက်နာပါမည်ဟု နိုင်ငံအသီးသီးရှိ ကယ်ဆယ်ရေးနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးနေကြသောအဖွဲ့အစည်းပေါင်း ၅၂၄ ဖွဲ့ က သဘောတူလက်မှတ်ရေးထိုးထားရှိသည်။

**ခြေတုလက်တုဆိုင်ရာ ပြန်လည်သန်စွမ်းရေးဌာန(ဖားအံ)**



ခြေတုကျွမ်းကျင်ဝန်ထမ်းတစ်ဦး ခြေတုထုတ်လုပ်နေစဉ်



ကလေးတစ်ဦးအား ခြေတုတပ်ဆင်ပေးနေစဉ်



# ဆိုဟာရီနို ရှေးဦးပြုစုခြင်းနှင့် ကျွန်တော်တို့

**တွတ်ပီဒူးနန့်**

တိုးတက်ခြင်းဟူသည် ကောင်းခြင်း၊ ဆိုးခြင်းနှင့် အပြီးမသတ်နိုင်သော လိုအပ်မှုများစွာနှင့် အတူ ပေါ်ပေါက်လာခြင်းဖြစ်သည်။ ဆင်းရဲဒုက္ခ၊ ဘေးအန္တရာယ်၊ ဘေးဒုက္ခတို့ဝန်းရံနေသော လူ့လောကတွင် စိန်ခေါ်မှုများ ရင်ဆိုင်လျက် ရှင်သန်နေကြရသည်။

မီးဘေး၊ ရေဘေး၊ ငလျင်၊ စစ်ဘေး၊ စသော ဒုက္ခများသည်လည်း ရာသီဥတု၊ အချိန်အခါ၊ နေရာဒေသတို့အပေါ်မူတည်လျှက် ကမ္ဘာလောကကြီးတွင် အချိန်နှင့် အမျှတွေ့ကြုံ ခံစားနေကြရသည်။

ကြိုတင်မမှန်းဆနိုင်သော မတော်တဆမှု ဘေးအန္တရာယ်သည် ဖြစ်ပေါ်လာပါက မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ "ဆင်းရဲ ဒုက္ခ နည်းပါးသက်သာစေရန်" ဆိုသည့် ဆောင်ပုဒ်လက်ကိုင် ထား၍ စေတနာကိုရှေ့တန်းတင် ကိုယ်ကျိုးမဖက် ကြက်ခြေနီစိတ်ဓါတ်အရင်းခံ ပရဟိတ အလုပ်များကို ဆောင်ရွက်နေကြသော ကြက်ခြေနီစေတနာလုပ်အားရှင်များတွင် ရန်ကုန်–မန္တလေး အမြန်လမ်းမကြီးတွင် ကြက်ခြေနီစေတနာလုပ်အားရှင်တို့လည်းပါဝင်ကြသည်။

၂၀၁၁ ခုနှစ် အမြန်လမ်းမကြီးစတင် ဖွင့်လှစ်ပြီး အကြောင်းအမျိုးမျိုးကြောင့် ယာဉ်မတော်တဆမှုများ ဖြစ်ပေါ်လာခဲ့ရာ တာဝန်ရှိ တာဝန်သိသော စေတနာလုပ်အားရှင်များအဖို့ ဆောင်ရွက်ရန် အခြေအနေတစ်ရပ်ဖြစ်တည်ခဲ့ပြီး ဖြူးမြို့နှင့် ၅ မိုင် ၆ ဖာလုံခန့် ဝေးကွာသော အမြန်လမ်းသို့ ဘေးဒုက္ခကျရောက်သည့် လူသားတို့အား ကူညီရန် တက်ညီလက်ညီ စိတ်ခိုင်မာစွာဖြင့် စက်ဘီးနှင့် တစ်မျိုး ဆိုင်ကယ်နှင့်တစ်ဖုံ သွားရောက်ဆောင်ရွက်သည်။ ဝန်ဆောင်မှုပေးကြသည်။

ကျွန်တော်ကျောင်းပြီးခါစ မိမိအိမ်၏ စီးပွားရေးကို ကူညီရင်း ကြက်ခြေနီအလုပ်ကိုလည်း တစ်ဖက်တစ်လှမ်းမှ ဆောင်ရွက်နေချိန် တာဝန်ကျသည့် အမြန်လမ်း ၁၁၅ မိုင်ယာဉ်ရပ်နားစခန်းသို့ ကြက်ခြေနီ စေတနာလုပ်အားရှင်တို့ စက်ဘီးနှင့်တစ်မျိုး ဆိုင်ကယ်နှင့်တစ်ဖုံ သွားရောက်ဆောင်ရွက်သည်။

ခရီးသည်များမှတဆင့်လည်းကောင်း၊ အမြန်လမ်းရဲတပ်ဖွဲ့မှလည်းကောင်း၊ တိုးဂိတ်မှလည်းကောင်း၊ ကားမှောက်



သည့်သတင်း ကားမီးလောင်မှု သတင်းကို ကြားလျှင် ကြားချင်း မည်သည့်အချိန်တွင်ပင်ဖြစ်ပါစေ အဆင်သင့် သွားရောက်နိုင်ခဲ့ကြသည်။ အကူအညီပေးခဲ့ ကြသည်။

တစ်ရက် မိုင်တိုင် ၁၂၇ တွင်ဖြစ်ပေါ်သော ယာဉ်မတော်တဆမှုသို့ သွားရောက်ကူညီပြီး နားရုံသာရှိသေးသည် မိုင်တိုင် ၉၀ တွင် ထပ်မံ ဖြစ်ပေါ်သဖြင့် ထပ်မံသွားရောက်ရသည်။ ကျွန်တော်၏ လုပ်ဖော်ကိုက်ဖက်များ၏ မျက်နှာများသည် ပင်ပန်းသည့် ပုံစံပေါက်သော်လည်း စိတ်ဓါတ်တစ်ခုတည်းဖြင့် တက်ကြွ လျှက်ရှိနေသည်ကို ခုထိမမေ့သေးပါ။ ရှေးဦးပြုစုခြင်း စခန်းသို့ ပြန်ရောက်သော်လည်း လူနာတင်ယာဉ် သန့်ရှင်းရေးလုပ်သူကလုပ်၊ ဆေးအိတ်၊ ဆေးသေတ္တာဖြည့်သူကဖြည့်၊ သတင်းပေးပို့သူက သတင်းပို့တာဝန်များကို မညည်းမညူဆောင်ရွက်ကြသည်။

၂၀၁၃ ခုနှစ် မေလ ပထမအပတ်၊ မနက် ၅း၃၀ နာရီခန့် "သဇင်ရှိလား သဇင်၊ သဇင်ရှိလား" ရဲတပ်ဖွဲ့မှ စကားပြောစက်ဖြင့် ကြက်ခြေနီသို့စကားဝှက်ဖြင့် ဆက်သွယ်သည်။ ရှိပါတယ်ပို့ပါ။ မိုင်တိုင် အမှတ် ၁၂၅/၂ ဖာလုံ မတော် တဆဖြစ် လူဦးရေများ။ သတင်း လက်ခံယူနေသည့် အချိန်တွင်ပင် တာဝန်ကျ တပ်ဖွဲ့ဝင် ၅ ဦး နိုးနေကြပြီး အားလုံးနားစွင့်နေကြသည် သတင်းပို့ပြီးအချိန်တွင် ထွက်ရန်အသင့်ပင်။ သွားရောက် သည့် လမ်းတလျှောက်အားလုံး အဆင်ပြေပါစေ၊ ထိခိုက်မှု အနည်းဆုံးဖြစ်ပါစေ၊ မေတ္တာပို့ရင်းနှင့်အတူ လုပ်ရမည့် အလုပ်တာဝန်များကို ညွှန်ကြားနေခဲ့သည်။ အခင်းဖြစ်ပွားသည့် နေရာသို့အရောက် မယုံနိုင်စရာမြင်ကွင်း (ရန်ကုန်မှ မန္တလေးသို့ သွားသည့်လမ်း၊ ဇောဓိကုန်းနယ်မြေ၊ ခရီးသည် တင်ယာဉ်သည် ပေ ၃၀ ခန့် မြင့်သောတံတားလက်ရန်းအား ကျော်ပြီး တစ်ဖက်အခြမ်းရှိ တံတားချည်းကပ်ဘောင်တွင် ပက်လက်အနေအထား ထက်ပိုင်းကျိုးပြီးတင်နေခြင်း) နှင့်အတူ သတိလစ်နေသူ၊ အော်ဟစ်ညည်းညူနေသူ၊ ထိခိုက် ဒါဏ်ရာ ပြင်းထန်/ အနည်းအငယ်စသည့် မြင်ကွင်းသည် ကျွန်တော် တစ်ကြိမ်တစ်ခါမှ မမြင်ဖူးသော မြင်ကွင်းလည်း ဖြစ် ဝမ်းနည်းခြင်းလည်းဖြစ်ရာ စက္ကန့်အနည်းငယ် ကြက်သေ သေနေခဲ့သည်။ ဒုတပ်ရင်းမှူး ဒေါ်သန်းသန်းမြင့်က စတင် လှုပ်ရှားပြီ။ ထိုချိန်မှ ကျွန်တော်လုပ်ရမည့်အလုပ်များ ခေါင်းထဲသို့ တန်းစီဝင်လာတော့သည်။ လူနာကို အဆင့် သတ်မှတ်ချက်အလိုက်ရွေးချယ်၊ အရေးကြီးလူနာဦးစားပေး၊ အားပေးခြင်းနှင့်အတူ ရှေးဦးပြုစုခြင်းများသည် ဆက်တိုက် လုပ်ဆောင်နေတော့သည်။

ခရီးသွားဆရာဝန်နှစ်ဦး နေပြည်တော် စစ်ဆေးရုံမှ ဓါတ်မှန်ဆရာဝန်ကြီးနှင့် ရန်ကုန်မှမြို့နယ်ဆရာန်ကြီး တို့နှစ်ဦးသည် ပူးပေါင်းပါဝင်ဆောင်ရွက်သည်။ လူနာသယ်ဆောင်ခြင်းနှင့် အန္တရာယ်ထပ်မံမပေါ်ပေါက်စေရန် အတွက် ဆောင်ရွက်ခြင်းတို့ကို အမြန်လမ်းရဲတပ်ဖွဲ့ဝင်များ ဆောက်လုပ်ရေးဝန်ထမ်းများက ဆောင်ရွက်ပေးနေသည်။

မီးသတ်တပ်ဖွဲ့နှင့် နာရေးကူညီမှု ကားများကို ပူးပေါင်းရန်အကူညီတောင်းခံခဲ့သည်။ အမြန်လမ်းတွင် ထိခိုက်ဒဏ်ရာရရှိသူများကို ကူညီမည်ဟူသော ရည်ရွယ်ချက်ဖြင့် ကိုယ်ပိုင်လူနာတင်ယာဉ်ဝယ်ယူပြီး ကြက်ခြေနီ တပ်ဖွဲ့နှင့်အတူ ပူးပေါင်းဆောင်ရွက်နေသော ဦးကိုကိုကြီး (ကြက်ခြေနီတပ်ဖွဲ့ဝင်ဟောင်း)သည် သူနာတင်ယာဉ်ဖြင့်

ရောက်ရှိပြီ။

သတိလစ်လူနာများကို ဘေးစောင်းထား၊ သွေးထွက်နေတဲ့ဒဏ်ရာတွေကို သွေးတိတ်အောင်လုပ်၊ အရိုးကျိုးသည့် အစိတ်အပိုင်းကို မလှုပ်အောင်ကြပ်စည်း၊ ဦးခေါင်းဒဏ်ရာစသည်တို့ကို အဆင့်ဆင့်လုပ်ဆောင်ပြီး အနီးစပ်ဆုံးဖြူး ပြည်သူ့ဆေးရုံသို့ပို့။ ဆေးရုံသို့သွားရာ လမ်းတစ်လျှောက်လမ်းတွင် လူနာတစ်ဦးဦးမှ တစ်ခုခုဖြစ်ခဲ့သော် ပြုစုပေးနိုင်ရန်အတွက် ရှေးဦးပြုစုသူတစ်ဦးစီ အလှည့်ကျလိုက်ကြသည်။ လမ်းတွင်အသက်ရှူရပ်၍ အသက်ရှူအားကူပေးရသည်။ သွေးမတိတ်၍ သွေးတိတ်အောင်ပြုစုသည်။ ထိခိုက်ဒဏ်ရာရရှိသူများကိုလည်းကောင်း၊ ပူးပေါင်းကူညီ ဆောင်ရွက်နေကြသောရဲတပ်ဖွဲ့နှင့် အခြားအဖွဲ့အစည်းများကိုလည်းကောင်း၊ မိမိတပ်ဖွဲ့ဝင်များကိုလည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာနှစ်သိမ့်မှု၊ အားပေးမှုများပေးသည်။ သက်ဆိုင်ရာတာဝန်ကျ ဆရာဝန်များသို့ ရှေးဦးပြုစုထားခြင်းကိုသတင်းပို့သည်။အခင်းဖြစ်သည့်နေရာသို့ အမြန်ဆုံးပြန်ကြသည်။

လူနာတင်ယာဉ် ဥဩသံများ ဖုံးလွှမ်းနေပြီး လမ်းဘေးဝဲယာမှ လူများ၏မျက်ဝန်းတွင် ကိုယ်ချင်းစာစိတ်၊ ကရုဏာသက်သည့်စိတ်နှင့် ဝမ်းနည်းသည့်အရိပ်အယောင်များနှင့်အတူ ဘာမျှမဖြစ်ကြပါစေနှင့်ဟု ဆုတောင်းမှုတစ်ပါးအခြားမရှိချေပြီ။ ကျွန်တော်တို့အတွက် ပိုမိုအားဖြစ်စေသည်။

ကားဝမ်းဗိုက်ပိုင်းအတွင်းမှ ညည်းညူသံတစ်ခု။ ကျွန်မကိုကယ်ပါ၊ ကယ်ကြပါ၊ အသံက ကြားတစ်ချက်မကြားတစ်ချက်၊ ထို့နောက် မကြားရတော့။ ရဲနှင့်မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ကားထဲသို့ဝင်ရောက်ဆွဲထုတ်ရန်ကြိုးပမ်းသည်။ မရ။ ကား၏ ခါးပိုင်းကျိုးပြီး ပေ ၃၀ အမြင့်တွင် တွဲလောင်းချိတ်နေပုံက ကယ်တင်သူများအဖို့အချိန်မရွေးအန္တရာယ်ကျရောက်နိုင်သည့်အခြေအနေ။ သို့သော်လက်မလျှော့။ ကြိုးများ ခါးပတ်တွင်စည်းကာ ဝင်ရောက်ကယ်ဆယ်သည်။ အပြင်ရောက်သည့်အချိန်တွင် အဆိုပါအသက် ၄၅ နှစ်ခန့် အမျိုးသမီးကြီး မလှုပ်မယှက်ဖြင့်ငြိမ်နေပြီ။ အသက်မရှူတော့။ သွားပါပြီဟုထင်နေကြသည့်အခိုက်အတန့် ကျွန်တော်ကသွေးခုန်နှုန်းစမ်းကြည့်ရာ အနည်းငယ်ခုန်နေသေးသည်။ သို့ဖြင့် ဆရာမဒေါ်သန်းသန်းမြင့်အား ဆရာမ ရနိုင်သေးသည်ဟု ဆိုကာ၊ လူနာ၏ ညာဘက်တွင် ကျွန်တော်ကနေရာယူ၊ ဘယ်ဘက်တွင် ဆရာမက နေရာယူပြီး CPR ပေးပြီ။နှလုံးနှိုးဆွခြင်း အကြိမ် ၃၀၊ အသက်ရှူအားကူခြင်း ၂ ကြိမ်ကို ပြုလုပ်ပြီးသည့်အခါ သွေးခုန်နှုန်းအသက်ရှူနှုန်း ပုံမှန်ဖြစ်လာခဲ့သည်။ သတိရလာသည်။ စိတ်ချရသောဘေးစောင်း အနေထားဖြင့်ထားပြီး ဆေးရုံသို့ပို့ဆောင်နိုင်ခဲ့သည်။ အသက်ရှင်ခွင့်ရသည်။

အရေးကြီး ပထမအဆင့် လူနာများပြီးစီး၍ ဒုတိယအဆင့်လူနာများ(အရိုးကျိုးထိခိုက်ဒဏ်ရာရလူနာများ)ကို စတင်ပြုစုပြီး တစ်ချိန်တည်းမှာပင် သတိထားမိသည်က နိုင်ငံခြားသားတစ်ဦး(အမေရိကန်–ဂလန်းဝက်ရှ်ဘန်) ဘယ်ဘက်လက်ကို ပိုက်လျက်နာကျင်စွာ ညည်းညူနေသည်။ ဆန်းစစ်ရာတွင် ညှပ်ရိုးကျိုးခြင်းဟုယူဆပြီး ပတ်တီးစည်းပေးထားသည်။ အဆိုပါနိုင်ငံခြားသားမှာ ၄င်း၏ ပတ်(စ်)ပို့နှင့် အရေးကြီးစာရွက်စာတမ်းများ ပျောက်ဆုံးလျှင် ၄င်းရင်ဆိုင်ရမည့်အခြေအနေကို ၄င်းကပြောပြသည်။ ထို့အတွက် ၄င်းတို့မှာအရေးမကြီးကြောင်း၊ အားလုံးက ဝိုင်းဝန်းကူညီပေးမည်ဖြစ်ကြောင်းနှင့် ဒဏ်ရာအခြေအနေသည်လည်း စိုးရိမ်ရမှုမရှိကြောင်း အားပေးစကားပြောပြီး အနားယူခိုင်းထားရသည်။

သို့ဖြင့် ပေါင်ရိုးကျိုး၊ ခြေသလုံးရိုးကျိုး လူနာတို့ကိုပြုစုပေးနေသည်။ ဆေးရုံသို့ပို့သည်။ ထို့နောက် တတိယအဆင့်လူနာများ (ပွန်းပဲ့၊ ထိခိုက်ရှနာလူနာများ)ကို ပြုစုပေးပြီး ဆေးရုံသို့လွှဲပြောင်းသည်။ နောက်ဆုံးအဆင့် သေဆုံးသူများကို ချောင်း (ရေအနည်းငယ်သာရှိသော) အတွင်းမှ ကားအတွင်းမှ ညပ်နေသော သေဆုံးသူများကို ဆယ်ယူ မတင်ပြီး နာရေးကူညီမှုကားဖြင့် ဆေးရုံသို့ပို့သည်။ ကျွန်တော်တို့၏ အလုပ်မပြီးပြတ်သေးပါ။ လူနာစာရင်းများပြုစုခြင်း၊ ဒဏ်ရာရ သေဆုံးလူနာများ၏ မိသားစုများဖြင့် အဆက်အသွယ်ရနိုင်ရန် စုံစမ်း၊ ဆက်သွယ်အသိပေးခြင်းဆောင်ရွက်ကြသည်။

နေ့လည် ၁ နာရီတိတိထိုးပြီ ဗိုက်ထဲတွင်အစာမရှိ၊ မညည်းမညူ ရှေးဦးပြုစုခြင်းလုပ်ငန်းများကို အားတတ်သရောဆောင်ရွက်ကြသော စေတနာလုပ်အားရှင်များက ကယ်တင်လိုက်နိုင်သော လူနာများအတွက်၊ ဝမ်းသာပီတိဖြစ်ခြင်းနှင့်အတူ ဆေးရုံသို့ရောက်ပြီးမှ ဆုံးပါးသွားသော လူနာတစ်ဦး၊ လမ်းတွင်ပင်သေဆုံးသော လူနာနှစ်ဦးနှင့် အခင်း ဖြစ်ပွားချိန်တွင်ပင် ဆုံးပါးသွားသော လူနာများအတွက် ဝမ်းနည်းနေကြသည်။ ဘေးဒုက္ခကျရောက်နေသောသူများကို ရှေးဦးပြုစုခြင်းဖြင့် ဝန်ဆောင်မှုပေးနေခြင်းသည် ဆာလောင်မှုကိုပင် မေ့ပျောက်ထားနိုင်ခဲ့သည်။ ထိုအချိန်တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌကြီးသည် ရန်ကုန်

မှ နေပြည်တော်သို့အသွား အခင်းဖြစ်ရာနေရာသို့ ဝင်ရောက်၍ လုပ်ဆောင်ရမည့် ညွှန်ကြားချက်များ၊ ဂုဏ်ပြုခြင်းများ ပြောဆိုပြီး သားတို့ ဘားစားပြီးပြီလဲ၊ ထိုအချိန်မှ သတိရသည်။ မနက်ဝေလီဝေလင်းအချိန်မှစပြီး နေ့လည်ထိ ဝမ်းထဲတွင် ရေသာရှိသည်။ သားတို့ဘာမှ မစားရသေးပါဘူး ဆရာကြီး။ သို့ဖြင့်၄င်းတွင်ပါလာသော အစားအသောက်များပေးပြီး သားတို့တာဝန်ကျေပါတယ်။ သားတို့အတွက် ဂုဏ်ယူပါတယ်ဟုဆိုကာ ဆက်လက်ထွက်ခွာသွားသည်။ ညနေ ၄နာရီအချိန်တွင် သေဆုံးသူတို့အတွက် ဘုန်းတော်ကြီးများပင့်ဆောင်၍ ကောင်းမှုကုသိုလ်များပြုပေးခြင်း၊ မေတ္တာပို့ပေးခြင်းနှင့်အမျှဝေသံများ ပျံ့လွင့်နေသည်။

ဘေးအန္တရာယ်များသည် အချိန်အခါမရွေး၊ နေရာမရွေး၊ လူအတန်းအစားမရွေး၊ ဖြစ်ပေါ်လာနိုင်သည်ဖြစ်ရာမည်သည့်နေရာဒေသတွင်ပင်မဆို ရှေးဦးပြုစုခြင်း ဘာသာရပ်သည် လူတိုင်းတတ်မြောက်ထားသင့်သော ဘာသာရပ်ဖြစ်ပြီး မိမိမိသားစုကိုလည်းကောင်း၊ ဘေးပတ်ဝန်းကျင်မှ လူများကိုလည်းကောင်း၊ မိမိကိုယ်တိုင်သော်လည်းကောင်း၊ သေးငယ်သောဒဏ်ရာမှသည် နာကျင်မှုသက်သာစေခြင်း၊ အသက်အန္တရာယ်ကို ကယ်တင်နိုင်ခြင်းသည် ကျွန်တော်၏ ကိုယ်တွေ့ဖြစ်ရပ်များပင်ဖြစ်သည်။

အဆိုပါ အခင်းစတင်ဖြစ်ပွားပြီး မိနစ် ၂၀ ခန့်၊ ရဲတပ်ဖွဲ့ဝင် ၄ ဦး၊ ကြက်ခြေနီ ၅ ဦးတို့သာ ရှိနေသေးသည့်အချိန် ထိုသတင်းကြားသောရွာနီးချုပ်စပ်မှ လူ ၂၀ ဦးထက်မနည်း ဝိုင်းအုံကြည့်နေကြသည်။ လူနာများသယ်ဆောင်ရန်နှင့် ကျွန်တော်တို့ကို အကူညီတောင်းသည့်အခါ မည်သူမှဝင်ရောက်ကူညီပေးနိုင်မှုမရှိပါ။ အကယ်၍ အဆိုပါ ရွာသူရွာသားများသည် ရှေးဦးပြုစုခြင်းအတတ်ပညာတတ်မြောက်ထားပါက......။

ယာဉ်ကြံ့ခိုင်မှု မရှိခြင်း၊ အိပ်ငိုက်ခြင်း၊ မိမိမောင်းနှင်သည့် အရှိန်နှုန်းကို သတိမပြုမိခြင်း၊ အဲယားကွန်းဖွင့် သီချင်းဖွင့်ပြီး မိမိအရှိန်ကိုသတိမမူဘဲ အန္တရာယ်ကွေ့ကဲ့သို့သောနေရာများသို့ ရောက်သည့်အချိန်တွင် အဆိုပါ ဘေးအန္တရာယ်များ ပေါ်ပေါက်လာနိုင်သည်။ ကားလမ်းပေါ်တွင် Single မီးတစ်စုံတစ်ရာမပြဘဲ ခေတ္တရပ်ခြင်းသည်လည်း အန္တရာယ်ကိုဖိတ်ခေါ်ခြင်းတစ်မျိုးဖြစ်သည်။

ထိုကဲ့သို့ မတော်တဆမှုများကြောင့် တန်ဖိုးရှိသောလူ့စွမ်းအားအရင်းအမြစ် နောင်တစ်ချိန်တွင် နိုင်ငံ၊ တိုင်းပြည်အတွက် အားကိုးအားထားရမည့်လူငယ်၊ လူကြီးများ မဆုံးရှုံးသင့်ပဲဆုံးရှုံးသည်။

သို့ဖြစ်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာလျှက် ယာဉ်မောင်းသူများမှ သော်လည်းကောင်း၊ ကျွဲ၊ နွား၊ စသောတိရစ္ဆာန် လမ်းသို့မဝင်ရောက်ရန် တာဝန်ရှိသူများ (ပြည်သူလူထု+လမ်းပိုင်းဆိုင်ရာလုံခြုံရေး)၊ ပူးပေါင်းပါဝင်ပြီး လိုက်နာဆောင်ရွက်မှသာလျှင် အဆိုပါဘေးအန္တရာယ်ဆိုးကြီးကို အားလုံးတွန်းလှန်နိုင်ကြမည်။

တာဝန်ရှိသူများလည်း လမ်းစည်းကမ်းပိုင်းဆိုင်ရာများကို သတ်မှတ်ခြင်း၊ လိုက်နာမှုမရှိပါက အရေးယူခြင်း၊ အသိပညာပေးခြင်း၊ ကြက်ခြေနီအသင်းမှ စဉ်ဆက်မပြတ် (ရဲတပ်ဖွဲ့ဝင်များ၊ ဆောက်လုပ်ရေးဝန်ထမ်းများ၊ လိုအပ်ပါက ကူညီဆောင်ရွက်ပေးပါမည်ဟုဆိုသည့် ၁၁၅ မိုင်ရှိ စားသောက်ဆိုင်များမှ ဆိုင်ရှင်များနှင့်ဝန်ထမ်းများ၊ ပြည်သူလူထုအားလုံး) တို့အား ရှေးဦးပြုစုခြင်းပညာရပ်များကို သင်ကြားပို့ချပေးခြင်း၊ လိုက်နာရမည့်စည်းကမ်းများကို လိုက်နာခြင်း၊ ထိုကဲ့သို့အားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ပြီး၊ ဟန်ချက်ညီညီ လက်တွဲလုပ်ဆောင်ကြမှသာလျှင် ကျွန်တော်တို့၏ ဘေးအန္တရာယ်၊ ဘေးဒုက္ခများ အနည်းဆုံးအခြေအနေသို့ရောက်ရှိလာပါလိမ့်မည်။

အချုပ်အားဖြင့်ဆိုရသော် ဘယ်သူမပြု မိမိမှုဟူသော စကားနှင့်အညီ မိမိလုပ်ဆောင်လိုက်သော ကိစ္စတစ်ခုသည် အသက်ပေါင်းများစွာကို ထိခိုက်နစ်နာစေနိုင်သည်။ သို့ဖြင့် ဘုရားဟောဖြစ်သော အပမာဒေန သမာဒေထ–မမေ့မလျော့သောသတိတစ်ခုကို အစဉ်အမြဲ အောက်မေ့လျှက် ဆင်ခြင်သုံးသပ်ကြလျှင် မိမိကောင်းကျိုး၊ အများကောင်းကျိုး၊ နိုင်ငံ့ကောင်းကျိုးများကို ခံစားရမည်မှာ ကျွန်တော်တိုပင် မဟုတ်ပါလား။

တွတ်ပီဒူးနန့် Tuppe Dunant

(ကျွန်တော်ကြက်ခြေနီသို့ စတင်ဝင်ရောက်သည့် ၂၀၀၁ ခုနှစ်တွင် မြွေအန္တရာယ်ကို Role Play ဖြင့် ပြသရရာ တွတ်ပီနေရာမှပါဝင်ခဲ့ပြီးမှစတင် ယခုအချိန်ထိ တွတ်ပီဟု အမည်တွင်ခြင်းဖြစ်သည်။ ဒူးနန့်မှာ Henirry Dunant အားကိုယ်စားပြုပါသည်။)

# စာနာမှုဖြင့်ကူညီ တို့ကြက်ခြေနီ

ဒေါက်တာအောင်ကျော် (သွား/ဆရာဝန်)

'ဘွားလေးအေး ... ရှူးရှဲသုပ် ကျွေးနော်'

'မြေးစုစုက လက်ဖက်သုပ် စားချင်လို့လား။ ရှူးရှဲ အသင့်ထုပ်တွေက စပ်လွန်း၊ ပူလွန်းတယ်။ ဗိုက်နာ လိမ့်မယ်ကွယ့်။ အပူအစပ်စားများရင် အစာအိမ်နာဖြစ်တတ်တယ် မြေးလေးရဲ့'

'ဒေါ်လေးစပယ် လက်ရာက စပ်တော့စပ်တယ်။ စားလို့တော့ ကောင်း တယ် ဘွားလေး အေး'

'မြေးစုစုစားချင်ရင် ဘွားလေး က ကြက်ခြေနီ သုပ်လုပ်ကျွေးမယ်ကွယ့်'

'ကြက်ခြေနီဆိုတာ ဆေးခန်းကို ပြောတာမဟုတ်ဘူးလား ဘွားလေးအေး'

'ဟုတ်တယ်လေ ဆေးရုံ၊ ဆေးခန်းတွေနဲ့ ပတ်သက်ရုံမကဘူး၊ ကြက်ခြေနီတပ်ဖွဲ့ဆိုတဲ့ ရှေးဦးသူနာပြု အဖွဲ့အစည်းတွေရဲ့ အမှတ်တံဆိပ်လည်း ဟုတ်တာဘဲကွယ့်'

'ဘွားလေးအေးကို ပြောပြရ အုံးမယ်၊ စုစုတို့ ပညာရောင်ခြည် အဆင့်မြင့် ကိုယ်ပိုင်ကျောင်းမှာလည်း ရှေ့ပြေးပြုစုပေးနိုင်ဖို့တဲ့ အရေးပေါ် ဆေးသတ္တာဖြူဖြူပေါ်မှာ ကြက်ခြေနီ အမှတ်တံဆိပ်ပါတယ်ရှင့်'

'ကျောင်းတိုင်း၊ ဌာနတိုင်း၊ စက်ရုံအလုပ်ရုံတိုင်းတွေမှာတင် ဘယ်က မလဲ၊ တစ်ကမ္ဘာလုံးမှာရှိတဲ့တိုင်းပြည် များမှာလည်း၊ ကြက်ခြေနီ အဖွဲ့အစည်း တွေရှိနေတော့၊ ကြက်ခြေနီတံဆိပ်ကို မြင်လိုက်တာနဲ့ စာမတတ်တဲ့သူတွေ တောင် ဒါဆေးခန်း၊ ဆေးရုံ၊ လူမှု ကရုဏာ ကြက်ခြေနီအဖွဲ့တွေနဲ့ ပတ်သက်တဲ့ ကျန်းမာရေးဌာနတစ်ခုပဲ လို့ သိပြီးသားပေါ့ကွယ်'

'နေပါအုံး ဘွားလေးအေးရဲ့ လက်ဖက်သုပ်နဲ့ ကြက်ခြေနီ ဆေးခန်း တံဆိပ်နဲ့ ဘာဆိုင်လို့လဲရှင့်'

'ဆိုင်လို့ပေါ့ မြေးစုစုရယ်၊ ကြက်ခြေနီသုပ်ဆိုတာ ချဉ်စပ်လက်ဖက် သုပ် ကိုပြောတာကွယ့် အဲဒီအသုပ်မျိုး ခေတ်စားလာတာလည်း တိုက်ဆိုင်မှုလို့ ဆိုနိုင်တယ်လေ။ တိုက်ဆိုင်ဖြစ်ဖို့ ဆိုတာ ကလည်း စေတနာဖြူဖြူ မေတ္တာ ကြီးကြီးစိတ်အခြေခံကနေပြီး ပေါက်ဖွား လာတာကွယ့်'

'ရှင်းပြပါဦး ဘွားလေးအေး ရေ။ စုစုဖြင့်ဘယ်လိုမှ ဆက်စပ်တွေးလို့ မရပါဘူး'

'ဒီလိုကွယ့် . .မန္တလေးက နာမည်ကြီး အရိုးတောင်းလက်ဖက် ဆိုတာ စုစုကြားဖူး၊ စားဖူးတယ်နော်၊ နှစ်ပေါင်း သုံးလေးဆယ်တော့ ရှိရော့ မယ်၊ ဈေးချိုတော်မှာ လုပ်အားပေးတွေနဲ့ သန့်ရှင်းရေး ဆောင်ရွက်ကြတာမှာ ကြက်ခြေနီတပ်ဖွဲ့ဝင် မောင်မယ်တွေလဲ ပါတာပေါ့၊ အဲဒီလုပ်အားပေးတွေကို အရိုးတောင်းမိသားစုက အမောပြေစားဖို့ ကြွေဇလုံကြီးတွေနဲ့ လက်ဖက်သုပ်ပြီး ကျွေးမွေးခဲ့တာတဲ့ ချဉ်ချဉ်စပ်စပ်လေး သုပ်ပေးလိုက်တော့ အရသာတွေ့သွား ကြတယ်ဆိုကိုး၊ မောမောဆာဆာနဲ့ သူတစ်ဇွန်း၊ ကိုယ်တစ်ဇွန်း အလုစား မဟုတ်ဘဲ၊ ဟန်မဆောင်တမ်း အဝစား ကြရတာတဲ့၊ ရေနွေးကြမ်းနဲ့ လိုက်မှ လိုက်ဆိုတော့ နာမည်ကိုကြီးသွားရော တဲ့လေ၊ နောက်နေ့မှာ လက်ဖက်သုပ် လာဝယ်ကြတဲ့ မိတ်ဆွေတွေကဟိုနေ့က လုပ်အားပေးကြက်ခြေနီတွေကို သုပ်ပေး တဲ့ လက်ဖက်သုပ်မျိုးလေး ရောင်းပေး ပါလို့ ပွဲတောင်းကြသတဲ့၊ ဒါနဲ့ပဲ ကြက်ခြေနီသုပ်ရယ်လို့ နာမည်တစ်လုံး တွင်ကျန်ရစ်ပြီး သိပ်ရောင်းကောင်းတာ မှ လက်မလည်ဘူးတဲ့ မြေးလေးရဲ့'

'စေတနာကောင်းကောင်း၊ မေတ္တာကြီးကြီးနဲ့ သုပ်ကျွေးလို့ စား ကောင်းတာနေမှာနော် ဘွားလေး အေး'

'ဟုတ်တာပေါ့ကွယ်၊ ကြက် ခြေနီတပ်ဖွဲ့အပါအဝင် လုပ်အားပေးတွေ ကလည်း အများအကျိုးရွက်ဆောင်ပိုး တဲ့နေရာမှာ စေတနာဖြူ မေတ္တာကြီးမား ကြသလို မေတ္တာရှိ ကျွေးမွေးကြသူတွေ ကလည်း စေတနာ ပြည့်ဝ မေတ္တာလှလှ ဆိုတော့ အကောင်းအကောင်းချည်း တိုက်ဆိုင်ပြီး အကျိုးရှိတဲ့ ပွဲလို့ဆိုနိုင် တာပေါ့ မြေးလေးရယ်'

'ဘွားလေးအေးက သမိုင်းနဲ့ ချီပြီး ဇာတ်လမ်းပြောပြတာ နားထောင် လို့ကောင်းလိုက်တာ လက်ဖက်သုပ်က ဘယ်တော့မှ ဘွားလေးအေးက သုပ်မှာ လဲဟင်'

'မနက်ဖြန်နေ့ခင်းကျမှ စားပေတော့၊ ဒီနေ့ချဉ်စပ်လက်ဖက် နှပ်ထားရဦးမှာ မြေးစုစုရေ'

နောက်နေ့တွင် သုပ်ကျွေးဖို့ရာ ဘွားလေးအေးက လက်ဖက်ကို ကျကျနနနှပ်ပါသည်။ လုပ်ရင်းကိုင်ရင်း ကျောင်းသူဘဝကို ပြန်လည်အမှတ်ရနေ၏။ ၁၉၆၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့၊ (၁၉) နှစ်မြောက် ပြည်ထောင်စုနေ့ကို ရှမ်းပြည်နယ် မြို့တော် တောင်ကြီး၌ နိုင်ငံတော်ပွဲကြီးအဖြစ် ကျင်းပရန်အလှည့်ကျ၏။ ၁၉၆၅ ခုနှစ်၊ မတ်လကုန်လောက်မှာ တစ်နိုင်ငံလုံးရှိ ပုဂ္ဂလိကပိုင် စာသင်ကျောင်းတွေ အားလုံးပြည်သူပိုင်သိမ်းသဖြင့် ဘွားလေးအေးတို့နေခဲ့သည့် စိန့်အင်းကွန်ဗင့်ဟိုက်စကူးသည်လည်း အမှတ် (၃) အထက ဖြစ်သွားခဲ့ရပြီး ပြည်ထောင်စုပွဲကြီး၌ ကြက်ခြေနီတပ်ဖွဲ့ဝင်များစွာ လိုအပ်၏။ အင်အားဖြည့်ရန်တောင်ကြီးမြို့နယ်အတွင်းရှိကျောင်းများ၌ ဦးစွာစာတွေ့သင်တန်းလာပေး၏။ တောင်ကြီးသူ ဒေါက်တာဒေါ်အေးကြည်က သင်ကြားပို့ချပေး၏။ သင်ညွှန်းကုန်လျှင် စာမေးပွဲစစ်၏။ ရေးဖြေအောင်မြင်သူများ အနက်အမှတ်ကောင်းသူများကို သီးသန့်ရွေးချယ်ကာ လက်တွေ့သင်တန်းပို့ချလေ့ကျင့်ပေး၏ လက်တွေ့စာမေးပွဲ အောင်မြင်သူများကိုသာ ကြက်ခြေနီတပ်ဖွဲ့ဝင်အဖြစ်လက်ခံပါသည်။

စာတွေ့ကို သူ့ကျောင်း ကိုယ့်ကျောင်း၌ သီးခြားစီ သင်ကြားဖြေဆိုကြသော်လည်း၊ လက်တွေ့သင်တန်းကိုမူ ဘောလုံးကွင်းကြီးထဲ၌ ကျောင်းပေါင်းစုံမှ ရေးဖြေအဆင့်ဆင့်အောင်မြင်ခဲ့သူများ အားလုံး စုစည်းကာ တစ်ပြိုင်တည်း သင်ကြားလေ့ကျင့်ကြရ၏။ တပ်စု တပ်စိပ်တွေဖွဲ့ကာ အဖွဲ့အချင်းချင်း ယှဉ်ပြိုင်ကြရ၏။ ဘွားလေးအေး မှာ စာတွေ့အောင်မြင်ခဲ့ပြီး လက်တွေ့ကျရှုံးခဲ့၏။ ကိုယ်ခန္ဓာအနည်းငယ် ပြည့်ဖြိုးနေးကွေးခြင်းက တစ်ပန်းရှုံးချေပြီ။ အောင်သူတွေပြုံး၍ ရှုံးသူတွေ မှိုင်ရသည့်ပွဲပါ။ ကြက်ခြေနီဝတ်စုံမှာ စစ်ဝတ်စုံနှင့်တူ၏။ ကာကီရှပ် လက်ရှည်၊ ဇင်စနက်ပြာဘောင်းဘီရှည်၊ ခါးပတ်ကို စစ်တပ်က ထုတ်ပေး၏။ မြသုခရုပ်ရှင်ရုံအောက်ထပ်၊ ဂျိုးဇက်အပ်ချုပ်ဆိုင်မှာ ကိုယ်တိုင်းပေးရ၏။ ကျသင့်ငွေထက်ဝက်သာပေးသွင်းရ၏။ ကျန်ထက်ဝက်ကို နိုင်ငံတော်ကကျခံပေး၏။ လည်စည်းအဖြူ သုံးထောင့်အစကြီးမှာအရေးပေါ်ပတ်တီးအဖြစ် အသုံးပြုနိုင်သည်။ ကက်ဦးထုပ်ပျော့၊ ကင်းပတ်ဖိနပ်အဖြူ၊ ခြေစွပ်အဖြူဆိုလျှင် ဝတ်စုံပြည့်ဖြစ်ပြီး ရင်ဘတ်မှာထိုးထားဖို့ ကြက်ခြေနီတံဆိပ်ငယ်လေးကို တစ်ကျပ်ပြားခြောက်ဆယ်နှုန်းဖြင့် အဖွဲ့ဝင်တိုင်းကို ရောင်းချပေးပါသည်။

ပြည်ထောင်စုနေ့ကျင်းပသည့် ပွဲခင်းကြီးမှာ မြို့တောင်ဘက်အစွန်ဆုံးမှာဖြစ်၏။ သဲတွင်းများ၏ မြောက်ဘက်နှင့် ၂၁၂ ဆက်သွယ်ရေးတပ်ဝင်းကြီး၏ တောင်ဘက်ကြားရှိ ဂေါက်ကလပ်အနီး၊ တောင်ကြီးတက္ကသိုလ်အဖြစ် နောင်တွင် တည်ဆောက်မည့် ကွင်းပြင်ကျယ်ကြီးနေရာဖြစ်၏။ နိုင်ငံတော်ပွဲကြီးမို့ နိုင်ငံကျော်အဆိုတော်ကြီးများ နာမည်ကြီးရုပ်ရှင်မင်းသား၊ မင်းသမီးများ၊ နာမည်ကျော် ဇာတ်သဘင်အဖွဲ့များစုံလင်လှ၏။ ပွဲပြီး၍ ဆင်တောင်နှင့် ခွေးရုပ်ဘူတာအကြားရထားဘီးချော် တိမ်းမှောက်ရာ သတင်းစာမျက်နှာဖုံးပေါ်၌ ဖော်ပြရသော စက်ရုပ်သတင်းဖြစ်သွားတော့၏။ ကြက်ခြေနီတပ်ဖွဲ့ဝင်မောင်မယ်များ အရန်သင့်လေ့ကျင့်သင်တန်းပေးထား၍ များစွာမှ အထောက်အကူရရှိခဲ့ပါ၏။ ဒဏ်ရာရရှိသောလူနာများကို ရှေးဦးပြုစုခြင်းဖြင့် ကူညီပံ့ပိုးပေးပြီးမှ ကလောပြည်သူ့ဆေးရုံနှင့်တောင်ကြီး စဝ်စံထွန်းဆေးရုံကြီးသို့ ဆက်လက်ကုသမှုခံယူနိုင်ရန် ပို့ဆောင်ပေးရကြောင်းကို မှတ်မိနေပါသေးသည်။

မူလသင်တန်းပေးစဉ်က ပွဲတော်ရက်အတွင်း ရွှေပွဲတော်လာပရိတ်သတ်များအနက် မူးမော်ခြင်း၊ အော့အန်ခြင်း၊ ထိခိုက်မိ၍ ဒဏ်ရာအသေးအဖွဲ့ရခြင်းများအတွက်သာ ရည်ရွယ်ရင်းဖြစ်သော်လည်း ကားမှောက်၊ ရထားမှောက်စသည့် မျှော်လင့်မထားသော ကြီးကြီးမားမား မတော်တဆမှုများနှင့် ကြုံဆုံကြရသည့်အခါ ကြက်ခြေနီတပ်ဖွဲ့ဝင်များကို အလွန်မှအားကိုးကြရ၏။ အားကိုးလောက်အောင်လည်း သင်ကြားလေ့ကျင့်ပေးထား၍ မျက်နှာပန်းလှကြရ၏။ ရှေးဦးပြုစုနည်းစနစ်ကျကျဖြင့် ဝေဒနာဒဏ်ရာ သက်သာမှုပေးနိုင်ပြုစုနိုင်၍ စိတ်လက်သက်သာမှုရရှိစေပြီးနောက်၊ ဆေးရုံ၊ ဆေးခန်းများသို့ဆက်လက်ပြသရန် စီစဉ်ပေးကြရ၏။ အချို့သေးငယ်သော ကိစ္စများကား ရှေးဦးပြုစုမှု ခံယူရရှိပြီးနောက် ဆေးရုံ၊ ဆေးခန်းသို့ပင် ဆက်လက်ပြသဖို့ မလိုအပ်တော့ဘဲ နေအိမ်သို့ စိတ်ချလက်ချ ပြန်နိုင်ကြပါပြီ။

ပွဲကြီးပွဲလမ်းကြီးများ ရှိသောအခါကျမှမဟုတ်ပါ။ ရပ်ရွာတွင်း၌ အချိန်မရွေး ဖြစ်ပေါ်နိုင်သော လေပြင်းမွှေ့ခံရခြင်း၊ မြေငလျင်ကြီးများလှုပ်ခြင်း၊ ရေကြီးခြင်း၊ မီးလောင်ခြင်းစသော သဘာဝဘေးအန္တရာယ်များ၊ ကပ်ရောဂါ

ကျရောက်ခြင်းနှင့် ရပ်မှုရွာမှု အများအကျိုးသယ်ပိုးပေးရခြင်းများဟူသည် တစ်ချိန်ချိန်၌ အမှန်တကယ် လိုအပ်လာနိုင်သော ရှေးဦးပြုစုနည်း အခြေခံပညာရပ် တတ်မြောက်ထားမှုတို့ကြောင့် ကြီးမည့်အမှုကို ငယ်စေနိုင်၏။ ငယ်သည့်အမှုကို ပြေငြိမ်းစေနိုင်၏။ မထိတ်မလန့်စေရန်နှင့် သွေးထွက်မလွန်စေရန် ကြိုတင်ကာကွယ်ပြုစုပေးနိုင်၍ အသက်အန္တရာယ်မှ လွတ်ကင်းချမ်းသာစေသည့် အပြင် အများပြည်သူတို့၏စိတ်လုံခြုံမှုကိုလည်းပေးစွမ်းနိုင်ပါသေးသည်။ ဓိဝိတဒါနလည်းဖြစ်၊ ရပ်ရွာလူထုအကျိုးဆောင်လုပ်ငန်းလည်းဖြစ်၍ လူတိုင်းသင်ကြားတတ်မြောက်ထားရန် လိုအပ်လှပါတော့သည်။

'ဘွားလေးအေးရဲ့ လက်ရာကြက်ခြေနီသုပ်ကတော့ လျှာလည်အောင် သိပ်ကောင်းတာကိုးရှင်'

'လက်ဖက်ညွှန့်နဲ့ ကြက်သွန်ဖြူကို ဆားအသင့်အတင့်နဲ့ ညက်အောင်ထောင်း၊ မိုးမျှော်ကုလားအော်သီးကို ရိပ်ရိပ်လှီး၊ သံပုရာရည်ညှစ်ထည့်၊ နှမ်းဆီနိုင်နိုင်နဲ့ နှပ်ထားတာ မြေးစုစုရေ'

'အစပ်ကလဲမကြမ်းဘူး။ မပူဘူး၊ ဘယ်လိုလုပ်ထားတာလဲဘွားလေးအေး'

'ကုလားအော်သီးက ဗိုက်မနာဥပါဒ်မပေးဘူး၊ ရက်ရှည်ထားနိုင်တယ်၊ ခုလုပ်ခုစားတာက ပိုလတ်ဆတ်တာပေါ့ကွယ်'

'စုစုကြီးလာရင် ကြက်ခြေနီသုပ်ကောင်းကောင်း လုပ်တတ်အောင် သင်မှာ ဘွားလေး အေး'

'လက်ဖက်သုပ်ထက် အရေးကြီးတာက ကြက်ခြေနီသင်တန်းတက်ဖို့ဘဲ စုစုမြေးလေးရေ'

'အို..အများအကျိုးဆောင်ရွက်ပေးနိုင်ဖို့ စုစုက ကြက်ခြေနီသင်တန်းကိုလည်းတက်မှာပါ။ စိတ်ချပါနော်'

'စာနာစိတ်ထားနဲ့ ကူညီပေးချင်တဲ့ဝါသနာအထုံလေးက တန်ဖိုးမဖြတ်နိုင်ဘူးကွယ့်။ ခုဘဝမှာလည်းကောင်း၊ နောင်သံသရာဘဝများမှာလည်းအကျိုးပေးကောင်းမယ် မြေးလေး မှတ်ထား ဟုတ်ပီလား'

'ကြက်ခြေနီသင်တန်းက ဘယ်မှာတက်ရတာလဲ ဘွားလေး အေး'

'ကျောင်းတွေမှာ စာတွေ့လက်တွေ့ သင်တန်းပေးတတ်တယ်၊ ဘွားလေးတောင် တက်ခဲ့ဘူးသေးတာပေါ့ကွယ်'

'လူရည်ချွန်လို ထူးချွန်တဲ့သူတွေကို ရွေးချယ်ဂုဏ်ပြုတာမျိုး ရှိသလား သိချင်လိုက်တာ'

'ကြက်ခြေနီလူရည်ချွန် ဆိုတာရှိခဲ့ဘူးတာပေါ့။ ကမ္ဘာမှာအမြင့်ဆုံးဆုက 'ဟင်နရီဒူးနန့်' ဆုတံဆိပ် လေ မြေးလေးရဲ့'

'အဲဒီဆုတံဆိပ်ကို စုစုတို့မြန်မာနိုင်ငံက ရဖူးသလား ဘွားလေး အေး'

'သိပ်ရဖူးတာပေါ့ကွယ်၊ စိုင်းအောင်လှိုင်မြင့်ထင်ပါရဲ့၊ ဘွားလေးလည်း အသက်ကြီးလာတော့ မေ့တေ့တေ့ရယ်'

'သူ့အကြောင်းသိချင်လိုက်တာ ပြောပြပါလားရှင်'

'မြန်မာနိုင်ငံကြက်ခြေနီအသင်းက စိန်ရတုမင်္ဂလာဇင်းထုတ်မှာတဲ့၊ ထွက်တဲ့အခါကျမှ မြေးစုစု တစ်ဝကြီးကို ဖတ်ပေတော့နော်၊ အခုတော့ ကြက်ခြေနီသုပ်ရယ် ရေနွေးကြမ်းရယ်ကိုပဲ အားပေးလိုက်ပါဦး'

ကြက်ခြေနီလုပ်ငန်းသည် လူမှုကရုဏာလုပ်ငန်းများကို အဓိကထားဆောင်ရွက်ကြရသည်ကို ဘွားလေးအေးသိထား၏။ ကရုဏာထားနိုင်ဖို့ စိတ်ကောင်း၊ စေတနာကောင်း၊ စာနာထောက်ထားတတ်မှု၊ မေတ္တာကြီးကြီးရှိရန်လိုအပ်ပါသည်။ ဤလူမှုရေးစိတ်ဓာတ်ကို ကျောင်းသားလူငယ်ဘဝတည်းက မိတ်ဆက်ပေးထားခြင်းအားဖြင့် အလေ့အကျင့်ကောင်းများရရှိစေဖို့ အရေးကြီးပါသည်။ ကြက်ခြေနီစိတ်ဓာတ်လေး ကိန်းအောင်းသွားခဲ့လျှင် တစ်သက်တာ ပတ်လုံးလူကောင်းသူကောင်းဖြစ်နိုင်ပါပြီ။ သူ့၌ စာနာစိတ်နှင့် ကူညီပေးလိုစိတ်တို့ ယှဉ်တွဲစွဲမြဲနေတော့မည် ဖြစ်ပါသောကြောင့်ပါ။ ယနေ့တွင် လူငယ် နောင်တစ်ခေတ်ဝယ် တိုင်းပြည် ခေါင်းဆောင်ကောင်းကြီးများဖြစ်လာနိုင်သဖြင့် အလွှာအသီးသီးရှိ လုပ်သားပြည်သူတိုင်း၌ စာနာစိတ်ကောင်းတစ်ခု စွဲမြဲကျင့်သုံးနိုင်ရန်၊ ကျောင်းသားဘဝတွင် မသင်မနေရ ကြက်ခြေနီပညာပြဌာန်းပေးနိုင်လျှင် ကောင်းပေစွဟူ၍ ဘွားလေး အေး တစ်ယောက်ဆက်တွေးပြီး တောင့်တနေမိပါတော့သည်။

**ဒေါက်တာအောင်ကျော်**

(သွား/ဆရာဝန်)

# မိသားစုပြန်လည်ဆက်သွယ်ပေးရေးဆိုသည်မှာ

ကွဲကွာနေခြင်း၊ ပျောက်ဆုံးနေခြင်းတို့ကို ရပ်တန့်စေရန် ၊မိသားစုဝင် အချင်းချင်း အဆက်အသွယ် ပြန်လည်ရရှိစေရန်နှင့်ပျောက်ဆုံးနေကြောင်း သတင်းပေးပို့ထားသူများ၏ အခြေအနေတို့ကိုသိရှိနိုင်ရန် ရည်ရွယ်သည့် လုပ်ငန်းစဉ်များကို မိသားစုပြန်လည်ဆက်သွယ်ပေးရေးဟုခေါ်သည်။

ယင်းသို့ဆောင်ရွက်ရာတွင် ပျောက်ဆုံးနေသူများ၊ သေဆုံးသူများ၊ ဘေးဒုက္ခကျရောက်လွယ်သူများနှင့် ပတ်သက်သော သတင်းအချက်အလက်များ စုဆောင်းကောက်ယူခြင်းတို့ပါဝင်သည်။

ဘေးဒုက္ခကျရောက်လွယ်သူများဆိုသည်မှာ (ဥပမာ– မိသားစုနှင့်တစ်ကွဲတစ်ပြားဖြစ်နေသော ကလေးသူငယ်များနှင့် လွတ်လပ်စွာလှုပ်ရှား သွားလာခွင့် ပိတ်ပင်ခံထားရသူ) တို့ကို ဆိုလိုသည်။

ပျောက်ဆုံးနေသူများအား ခြေရာခံခြင်း၊ သာမန်ဆက်သွယ်ရေးလမ်းကြောင်းများ ပြတ်တောက်နေချိန်တွင် မိသားစုသတင်းစကားများ လဲလှယ်နိုင်ရေးနှင့် စာရွက်စာတမ်းများလွှဲပြောင်းပေးပို့နိုင်ရန် ဆောင်ရွက်ပေးခြင်း၊ နိုင်ငံရပ်ခြားသို့ရောက်ရှိနေပါက မိခင်နိုင်ငံသို့ ပြန်လည် ပို့ဆောင်ပေးပြီး မိသားစု ပြန်လည်ပေါင်းစည်းနိုင်ရေးအတွက် ဆောင်ရွက်ပေးခြင်းနှင့် ခရီးသွားလာရာတွင် လိုအပ်သော စာရွက်စာတမ်း၊ ထောက်ခံစာများထုတ်ပေးခြင်းတို့ပါဝင်သည်။

## သမိုင်းမှတ်တမ်း

၁၉၁၄–၁၉၁၈ ပထမကမ္ဘာစစ်တွင် သန်း၂၀ သော ကြက်ခြေနီအကြောင်းကြားစာများနှင့် သတင်းများ လဲလှယ်ပေးခဲ့သည်။

၁၉၃၉–၁၉၄၅ ဒုတိယကမ္ဘာစစ်တွင် သန်း ၁၂၀ သော ကြက်ခြေနီအကြောင်းကြားစာများနှင့် မိသားစုသတင်းစကားလဲလှယ်နိုင်ခဲ့သည်။

၁၉၈၉၀–၁၉၈၈ အီရန်–အီရတ်စစ်ပွဲတွင် လူသိန်းပေါင်းများစွာပျောက်ဆုံးခဲ့သည်။

၁၉၉၂–၁၉၉၅ ဘော့စနီးယား ပြည်တွင်းစစ်တွင် ပျောက်ဆုံးနေသူပေါင်း ၂၁၀၀၀ ဦးအတွက် ခြေရာခံရှာဖွေပေးရန် တောင်းခံစာများလက်ခံရရှိခဲ့သည်။ လူဦးရေ ၁၄၀၀၀ မှာပျောက်ဆုံးနေဆဲဖြစ်သည်။

## အာရှပစိဖိတ်ဒေသ

၂၀၀၀ ပြည့်နှစ် ဖီဂျီတွင် ဆန့်ကျင်ဘက်အုပ်စုများအကြား အာဏာလုပွဲဖြစ်ပွားရာ ဖီဂျီကြက်ခြေနီအသင်းက ဓါးစာခံ ဖမ်းဆီးခံထားရသူများထံသို့ သွားရောက်ပြီး ကြက်ခြေနီအကြောင်းကြားစာများကောက်ခံခြင်း၊ ဖလှယ်ခြင်းများပြုလုပ်ခဲ့သည်။

၂၀၀၄ ခုနှစ် အိန္ဒိယသမုဒ္ဒရာတွင် ဖြစ်ပေါ်ခဲ့သော ဆူနာမီခံစားရသည့် သောင်းပေါင်းများစွာရှိသော ရုပ်အလောင်းများကို အမျိုးသားကြက်ခြေနီအသင်းများက ရွှေ့ပြောင်းပေးခဲ့သည်။

၂၀၀၆ ခုနှစ် အရှေ့တီမောနိုင်ငံတွင် အကြမ်းဖက်မှုကြောင့် ထွက်ပြေးလာသူ တစ်သိန်းနှစ်သောင်းအား အရှေ့တီမောကြက်ခြေနီအသင်းက နေရာချထားပေးခဲ့ပြီး တစ်ကွဲတစ်ပြားဖြစ်နေသော မိသားစုများကို ပြန်လည်ပေါင်းစည်းနိုင်စေရန်ဆောင်ရွက်ပေးခဲ့သည်။

၂၀၀၉ ခုနှစ် ပစိဖိတ်ဆူနာမီရေဘေးသင့်ခဲ့သော ဆာမိုအာနှင့်တွန်ဂါနိုင်ငံများတွင် လူပေါင်း ၁၅၂ ဦး သေဆုံးခဲ့သည်။ တယ်လီဖုန်းဖြင့် စုံစမ်းမှုပေါင်း ၁၇၀ ကို လက်ခံရရှိခဲ့သည်။ ဆာမိုအာကြက်ခြေနီအသင်း စေတနာလုပ်အားရှင်များက ဘေးရန်ကင်းကွာရှိနေကြောင်း သတင်းစကားများကောက်ခံခဲ့ပြီး သတင်းစာ၊ ဂျာနယ်၊ ရေဒီယို တို့မှတဆင့် ပျောက်ဆုံးသူများအား ရှာဖွေခဲ့ပါသည်။ တွန်ဂါကြက်ခြေနီအသင်းက ဂြိုလ်တုဖုန်းဖြင့် မိသားစုအဆက်အသွယ် ရရှိနိုင်ရန် ပြုလုပ်ပေးခဲ့သည်။

၂၀၁၁ ခုနှစ် နယူးဇီလန်နိုင်ငံတွင် လှုပ်ခတ်ခဲ့သော မြေငလျင်နှင့်ပတ်သက်၍ နယူးဇီလန်ကြက်ခြေနီအသင်းအရေးပေါ် လူပျောက်ရှာဖွေရေး တယ်လီဖုန်းလိုင်းသည် ပျောက်ဆုံးနေသူများနှင့် သက်ဆိုင်သော ဖုန်းခေါ်ဆိုမှုပေါင်း နှစ်သောင်းကျော် လက်ခံရရှိခဲ့သည်။ ပျောက်ဆုံးနေသူများနှင့် ပြန်လည်တွေ့ရှိနိုင်ရန် လူမှုရေးကွန်ရက်ကိုအသုံးပြုခဲ့သည်။

၂၀၀၈ ခုနှစ်။ ဧပြီလ ၃၀ ရက်နေ့ မန္တလေးတိုင်း မဟာအောင်မြေမြို့နယ်မှာ မြန်မာနိုင်ငံကြက်ခြေနီအသင်းနဲ့လခြမ်းနီအသင်းများဖက်ဒရေးရှင်းတို့ ပူးပေါင်းဆောင်ရွက်တဲ့စီမံချက်ရဲ့Life Skill Training ဖွင့်နေတုန်း မုန်တိုင်းရှိတယ်၊ အားလုံးရန်ကုန်ပြန်လာဖို့ အကြောင်းကြားလို့ ၃၀ ရက်နေ့ ညကားနဲ့ ပြန်လာခဲ့ပါတယ်၊ ၁ ရက်နေ့မနက်စောစော ရန်ကုန်ရောက်တယ် ရုံးရောက်တာနဲ့ ၂ ရက်နေ့မှာ မုန်တိုင်းနှင့်ပတ်သက်ပြီးဖြစ်လာရင်တုန့်ပြန်ဖို့ ကြိုတင်ပြင်ဆင်ရေးအတွက် အစည်းအဝေးတွေလုပ်တယ် Team တွေဖွဲ့ပြီး တာဝန်တွေခွဲခဲ့ကြပါတယ်။



# ရင်ထဲကမေ့မရသော နာဂစ် အမှတ်တရများ

**မီးအိမ်ရှင်**

မေလ ၂ ရက်နေ့က သောကြာနေ့ပါ။ လခထုတ်ပြီး ပေမယ့် စနေနေ့မှ အိမ်အတွက် တစ်လစာ ဈေးဝယ်မယ် စိတ်ကူးထားခဲ့ပါတယ်။ အဲဒီညနေမှာပဲ ရန်ကုန်မှာ လေတွေ မိုးတွေ တအားကျတယ်၊ ကိုယ့်အိမ်လေးက တိုက်တွေကြားမှာ ညှပ်နေလို့သာပေါ့၊ ည ၁၁ နာရီလောက်တော့ လေတွေ တအားတိုက်လာတယ်၊ အဲဒီ အချိန်မှာ တစ်ပြိုင်နက်တွေးမိတာက

အော် လှိုင်သာယာ ကမ်းနားက တဲလေးတွေနဲ့ နေနေရတဲ့ မိသားစုတွေ ဘယ်လိုများနေကြပါမလဲလို့…။

မနက်ကျတော့ ကိုယ်အိမ်ရှေ့မှာ သစ်ကိုင်းတွေ၊ သွပ်တွေ၊ တီဗွီစလောင်းတွေ မွစာကျဲလို့ပေါ့ … အိမ်က ကန်တော်လေးမှာ အောက်ဆုံးထပ်၊ မကြာခင် ရေတွေဝင်လာတော့ ပစ္စည်းတွေရွှေ့ရ မျောတာတွေကောက်ရနဲ့ အပြေးအလွှားဖြစ်ရပါတယ်။ လေနဲ့မိုးနဲ့ ခဏငြိမ်သွားပြီး ၁၀ နာရီလောက်ကျတော့ ပြန်ပြီး တိုက်လာပါတယ်။ ရေက တောက်လျှောက်တက်တာ နေ့လည် ၁ နာရီကျော်မှရေက ဒူးကျော်ကျော်ရှိသေးလို့ ရုံးကို ထွက်လာခဲ့ပါတယ်။ မိုးလင်းကတည်းက မန္တလေးတိုင်းကြက်ခြေနီက တပ်ဖွဲ့ဝင်တွေဖြစ်တဲ့ မနန်းဇင်ငြိမ်းအေးနဲ့တကွ Life Skill နည်းပြတွေနဲ့ အဆက်မပြတ်ခဲ့ပါ။ ပြည်ကြီးတံခွန်မြို့ Life Skill Peer Educator ကလေးများနှင့်လည်း အဆက်အသွယ်ရခဲ့ပါတယ်၊ ရန်ကုန်က အခြေအနေတွေကို သိချင်ကြတယ်လေ။

သမီးလေး ၁ နှစ်ကျော် ကျော်လေးပဲရှိပါသေးတယ်၊ သမီးနဲ့ အသက် ၇၀ ကျော် ယောက်ခမစားဖို့ မုန့်ကို ရေတွေခါးလောက်ကိုဖြတ်ပြီး ပိတ်ထားတဲ့ဈေးဆိုင်မှာ တောင်းပန်ပြီးဝယ်ခဲ့ရတယ်။ နေ့လည် ၂ နာရီလောက်ရောက်တော့ ရေက ဒူးခေါင်းလောက်ရှိသေးတယ်၊ရုံးကိုသွားဖို့ပြင်ပါတယ်.. ကယ်ဆယ်ရေးလုပ်ငန်းတွေ လုပ်ဖို့လေ..ရေကျအောင်မစောင့်နိုင်တော့ပါဘူး၊ ပိတ်နေတဲ့ သစ်ပင်တွေ အပျက်အစီးတွေကြားကပဲ ခင်ပွန်းသည်နဲ့အတူ ရုံးကိုသွားပါတယ်

ကျမတို့ရောက်ပြီး မကြာမီ ဗိုလ်မှူးကြီး ရောက်လာပါတယ် (အဲဒီအချိန်အခေါ်) နောက်တော့ သင်တန်း

ဌာနက ကိုထွန်းထွန်းဝင်းရောက်လာပါတယ်.. ရုံးရဲ့ အခြေအနေကို ကြည့်တော့ ရုံးဘာမှ အပျက်အစီး မရှိပါဘူး၊ အဲဒီအချိန်မှာ သာကေတ က အကိုဆီက ဖုန်းလာပါတယ်.. အိမ်ရောက်တော့ မေမေကကျမကို ကြောင်တောင်တောင်လေးနဲ့ လှမ်းကြည့်တယ်...

ကျမအမေ့ကိုဖက်ပြီးတော့ အမေသမီး ရောက်လာပြီ ဘာမှ အားမငယ်နဲ့နော်ဆိုပြီး တူလေးတွေနဲ့ အတူ အိမ်ကို အချိန်မီပြင်ဖို့ ပျက်နေတာတွေကို ပြင်ဖို့လုပ်ရပါတယ်.. အိမ်ဆောက်ပစ္စည်း တွေကလည်း ပိုက်ဆံပေးဝယ်တာတောင် ဝယ်ဖို့ အဆင်မပြေပါဘူး... ၂ရက်အတွင်း အိမ်ကို ပြင်နေတုန်းမှာ ရုံးကိုလည်း သွားရပါတယ် . .ဒါပေမယ့် အိမ်မပြီးခင်မှာပဲ ကယ်ဆယ်ရေးလုပ်ငန်းတွေက အရေးကြီးလာလို့ မပြီးသေး တဲ့ အိမ်ပြင်ဆင်ခြင်းကို ရှိတဲ့သူတွေကို တာဝန်ပေးခဲ့ပြီး အမေနဲ့ သားလေး သမီးလေးတွေကို ပစ်ထားခဲ့ပြီး ကယ်ဆယ်ရေး လုပ်ငန်းတွေဆီကို ဦးတည်ခဲ့ရပါတယ်...

စီမံချက် လုပ်ငန်းတွေ အားလုံးရပ်ပြီး ဝန်ထမ်းအားလုံး ကယ်ဆယ်ရေး လုပ်ငန်းတွေမှာ အဖွဲ့တွေဖွဲ့ပြီး စနစ်တကျ ပါဝင်ဆောင်ရွက်ကြပါတယ် . . .

မြန်မာနိုင်ငံကြက်ခြေနီ အသင်းက လေ့လာ ဆန်းစစ်ရေးကို ပထမဆုံးဆင်းနိုင်ခဲ့ပါတယ် .. အဲဒီအချိန်က ကျမက Reporting Team မှာ ပါဝင်ဆောင်ရွက်ရပါတယ် Assessment Team ကရလာတဲ့ အချက်အလက်တွေကို စုစည်းပြီး အစီရင်ခံစာတွေ ရေးရပါတယ်.. ဒါပေမယ့် ကျမက အဆင်မပြေဘူး ရောက်လာတဲ့ဓါတ်ပုံတွေကို ကြည့်ရင်း စိတ်ထိခိုက်ပြီး ခေါင်းတွေ ကိုက်တာနဲ့ Reporting Team ကနေ Relief Team ကို ပြောင်းပြီး တာဝန်ထမ်းဆောင်ခဲ့ပါတယ် . .

မနက်ရောက်ရင် Relief Team Leader ဆရာထွဋ္ဌေး ဆီက Reporting Team ရဲ့ အစီရင်ခံစာအရ ရေးဆွဲထားတဲ့ distribution အရ ဆရာဦးအုန်းသွင်ဆီမှာ တာဝန်ခွဲထားတဲ့ မြို့အလိုက် ပစ္စည်းဖြန့်ရမဲ့ စာရင်းကို ယူရ ပါတယ်။ ကိုယ့်မြို့ကို ဝေရမဲ့ အိမ်ထောင်စုနဲ့ ပစ္စည်းစာရင်း အရေအတွက်အရ ကားစာရင်းနဲ့ ကားနံပါတ် ယူရပါတယ်။ အဲ့ဒီ မနက် ပစ္စည်းတွေကိုစက်ဆန်း၊ ကြည့်မြင်တိုင်၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ အစရှိတဲ့ ဂိုဒေါင်တွေမှာ ပတ်ပြီးထုတ်တာ ညနေ (၄း၀၀)နာရီ လောက်မှ ပြီးပါတယ်။ အဲ့ဒီနေ့က မြောင်းမြကို မိသားစု (၅၀၀) အတွက် Tarpoulin, Kitchenset, Hygiene Kit နဲ့ Shelter ပို့ရပါတယ်။

ရန်ကုန်နဲ့ မြောင်းမြကို ပုသိမ်လမ်းကနေ တစ်ဆင့် ကျောင်းကုန်းကနေသွားရပါတယ်။ နာဂစ် ဖြစ်ပြီးခါစ ဆိုတော့ လမ်းတွေကပျက် ကားကြီးတွေက သွားတော့ လမ်းကတော်တော်ဆိုးပါ တယ်။ ရန်ကုန်ကနေ ကျောင်းကုန်း ကို (၇၉)မိုင်အထိက နည်းနည်း အဆင်ပြေတယ်။ ကျောင်းကုန်း အိမ်မဲက (၁၅)မိုင် အဲဒါက လမ်းမကောင်းတော့ (၂)နာရီလောက် မောင်းရပါတယ်။ အိမ်မဲကနေ မြောင်းမြကို (၂၉) မိုင်ဝေးပါတယ်။ မြောင်းမြရောက်ရင် ညမိုးချုပ်ပြီလေ။ ညရောက်တော့ ပစ္စည်းတွေချပြီး မနက်မှ ရန်ကုန်ကို ပြန်ရပါတယ်။

အဲဒီအချိန်က မြောင်းမြမှာ လပွတ္တာမြို့က ရောက်လာသူတွေကို ကယ်ဆယ်ရေးစခန်း (၁၂)ခုကို စာသင်ကျောင်း၊ ဘုရား၊ ဘုန်းကြီးကျောင်း၊ တန် ၂၅၀ ဆန်စက် တွေမှာ ဖွင့်ပြီး မြောင်းမြက မြို့ခံတွေ က တကယ်ကို စေတနာနဲ့အပင်ပန်းခံပြီး ကျွေးမွေးစောင့်ရှောက် ထားပါတယ်။

ညပိုင်းမှာ သာသနာ့ ဗိမ္မာန်စခန်းကို ရောက်ခဲ့ပါတယ်။ အဲ့ဒီစခန်းမှာ နောက်နေ့ကို လပွတ္တာမြို့ နေရပ်ကို ပြန်ကြမယ့် မိသားစုတွေကို မြန်မာနိုင်ငံကြက်ခြေနီအသင်း က ကယ်ဆယ်ရေး ပစ္စည်းတွေ ညဘက်ဝေနေတာကို တွေ့ရပါတယ်၊ ဝေတဲ့ အထဲမှာ Jerry Can ပါပါတယ်၊ အရေးပေါ် ဝေရတာဆိုတော့ Jerry Can ကိုဘယ်လိုသုံးရမယ်ဆိုတာ မရှင်းပြနိုင်ဘူးလေ။စခန်းမှာရှိတဲ့ မိသားစုတွေကလဲ Jerry Can က တစ်ခါမှ မမြင်ဘူးတော့ ဘာမှန်းမသိဘူး၊ ဒါကြောင့် စခန်းကမိသားစုတွေ နေထိုင်ရာ အဆောင်အလိုက် Jerry Can အသုံးပြုပုံကို လိုက်ရှင်းပြပါတယ်။

နောက်ဆုံးအဆောင်ရောက်တော့ အခန်းထောင့်မှာ အဖွားတစ်ယောက် ထောင့်လေးမှာထိုင်ပြီး ငိုနေတာကို တွေ့ရပါတယ်၊ ကျွန်မရင်ထဲ

နင့်သွားပါတယ်၊ အဲ့ဒါနဲ့ အဖွားနားမှာ သွားထိုင်တော့ အဖွားက ကျွန်မကို အရမ်း ဝမ်းနည်းနေတဲ့မျက်နှာနဲ့ မော့ကြည့်ရှာပါတယ်။

ကျွန်မက "အဖွားကဘယ်က ပါလဲ" လို့မေးလိုက်တော့ လပွတ္တာ မြို့နယ်၊ ဇီးဖြူရွာကလို့ ဖြေပါတယ်။ အဖွား ဘာလို့ငိုနေတာလဲမေးတော့ ကျွန်မကို တွေတွေကြီးနဲ့ စိုက်ကြည့် နေပါတယ်။ အဖွားရင်ထဲက သောက ကို မျက်လုံးကနေတဆင့် ခံစား နားလည် ရပါတယ်။

ကျွန်မက"အဖွားရယ်သမီး က ကြက်ခြေနီကပါ အဖွားရင်ထဲက ခံစားရတာတွေပေါ့သွားအောင် ပြီးတော့ သမီးအကြံဉာဏ်ပေးလို့ ရ အောင် ဖွင့်ပြောပါလား"လို့ ပြောလိုက် တော့ အဖွားမျက်နှာမှာ အရိပ်ကလေး တစ်ခု ဖြတ်ပြေးသွားတာ တွေ့ရတယ်။

အဲ့ဒါနဲ့ "ပြောပါအဖွားရယ် သမီးကို ပြောပြလိုက်ရင် အဖွားရင်ထဲ ပေါ့သွားမယ်ထင်ပါတယ်" ဆိုတော့ "အဖွားက လပွတ္တာမြို့၊ ဇီးဖြူရွာကပါ အဖွားမှာသားသမီး(၆ယောက်)ရှိပါ တယ်။ မုန်တိုင်းလာမယ်ဆိုတာကိုတော့ သိတယ်။ဒါပေမယ့် အဖွား တို့ရဲ့ဆီမှာ ဒီလိုပဲလေပြင်းတိုက်နေကြပဲလေ ညနေ (၃) နာရီလောက်ကျတော့ မိုးမှောင် ကျလာပြီး လေပြင်းတွေ တိုက်လာ တော့ အဖွားတို့တွေက ယောက္ခမ အိမ်ကို ပြောင်းပြီး စုနေကြပါတယ်။ သားသမီးတွေ၊ ချွေးမတွေ၊ ကလေး တွေ စုပြီးနေကြပါတယ်။ ညကျတော့ မိုးရောလေရော တလဟော တိုက်ပြီး ရေတွေလည်းတက်လာပါတယ်။ အဲ့ဒါနဲ့ အိမ်ကြီး ကလည်း အခြေအနေ မကောင်းတော့ဘူးဆိုပြီး ယောက်ျားနဲ့ ယောက္ခမအသက်ရှစ်ဆယ်ကျော် နဲ့ သားအငယ်ဆုံးလေးနဲ့ လှေပေါ်တက် ပြီး ထွက်ကြတော့မယ့် အချိန်မှာပဲ အိမ်ကပြို ကျသွားတယ်"

"အဲ့ဒါနဲ့ လှေကလည်းမြုပ် လူတွေလည်း တစ်ကွဲတစ်ပြား ဖြစ်ကုန် ကြတာပေါ့ ... မိုးကလည်းမှောင် လေကလည်းတိုက် လှိုင်းကလည်းကြီး လူတွေကမျောနဲ့ ငရဲပွက်နေသလိုပါပဲ"

"ဒါနဲ့ အဖွားယောက်ျားရယ်၊ ယောက္ခမရယ်၊ အဖွားရယ်၊ သားလေး ရယ် ဘယ်လိုပြန်တွေ့လဲ"

"သိပ်အဝေးကြီး မရောက်ကြသေးတော့ ပြန်တွေ့တယ် အဖွားကယောက်ျားကို ပြောလိုက်တယ် ကျုပ်ကိုမကြည့်နဲ့ ရှင့်အမေကိုပဲတွဲကူ ကျုပ်နဲ့သားငယ်နဲ့ တစ်တွဲရှိတယ်လို့ ပြောပြီး သားငယ် လေး နဲ့ လှိုင်းကြားထဲမှာ ကူးတာပေါ့။

"အဖွားယောက်ျားနဲ့ ယောက္ခ မ ကတစ်တွဲ သားနဲ့ အဖွားကတစ်တွဲ လှိုင်းထဲလေထဲမှာ ကူးနေကြတာပေါ့ ကြာလာတော့ ယောက္ခမက ခြေကုန် လက်ပန်းကျလာတော့ သူ့သားကို သားရယ်အမေ့ကို ထားခဲ့ပါတော့ သား ရယ်. . သားပဲလွတ်အောင်ကူးပါတော့ လို့ပြောရှာတယ်။ အဖွားလေအဲ့ဒီအချိန် မှာ မိခင်တစ်ယောက်ရဲ့ သားသမီး အပေါ်ထားတဲ့ စေတနာက ရင်ကိုနင့် စေတယ်။ နောက်လှိုင်း တစ်လုံးလဲကျ ရော အဖွားယောက္ခမ ကလည်း အသက်ပါသွားရောသမီးရယ်" . . .

"ဒါဆို အဖွားတစ်ယောက်ပဲ ကူးနေတာပေါ့.."

"အဖွားယောက်ျားနဲ့ လူချင်း ကွဲသွားတယ်။ ရေထဲမှာ ကူးနေရင်း သားနဲ့လဲ ကွဲတဲ့အခါ ကွဲသွားပြန်ရော ပေါ့ မှောင်နေတော့ လူချင်းကလည်း မသဲကွဲဘူးလေ... သားလေးနဲ့ ကွဲသွား ရင် သားရေ အမေရေ နဲ့ခေါ်တာပေါ့.. ဒီလိုနဲ့ပဲ ကောက်ရိုးပုံကြီးမျောလာလိုက် ဖက်ထားလိုက် လှိုင်းကပုတ်လိုက် လွတ်ချလိုက်ပေါ့..နောက်တော့ သစ်သားတုံးကြီး တစ်တုံး မျောလာ တယ်။ သားအမိနှစ်ယောက် အဲ့ဒီ သစ်သားတုံး ကို ကျစ်ကျစ်ပါအောင် ဖက်ထားပြီး လှိုင်းထဲမှာ ကူးနေရတာ တစ်ညလုံးပါပဲ .. မိုးလင်းခါ နီးတော့ လှိုင်း၊လေငြိမ်သွားတဲ့အချိန်မှာ အဖွားတို့ သားအမိ ရွာတစ်ရွာနားကို ရောက်သွားတယ်။ ဘယ်ရွာကို ရောက် လို့ ရောက်နေမှန်းတော့ မသိဘူးပေါ့။ ရွာထဲကို သားအမိ နှစ်ယောက် လျှောက်သွားကြတယ်.... တစ်ယောက် ကို တစ်ယောက် မသိကြဘူးလေ။ ရွာနားကျတော့ ပြိုပျက်နေတဲ့ ဘုရားလေး တွေ့တယ်။ အဲ့ရွာမှာ ရေတံခါးရှိတယ် ရေတံခါးလဲပွင့်သွား တော့ အလောင်းတွေ အများကြီး တင်ကျန်ခဲ့တယ် အဖွားလည်း အဖွားယောက်ျားကို ရှာရတာပေါ့ သားသမီးတွေလည်း ရှာရနဲ့ မမောနိုင် ဘူး သောကတွေနဲ့ပေါ့။ ဘယ်သူ့ကိုမှ မတွေ့ပါဘူးသမီးရယ်...ဆိုပြီး အဖွား က ငိုပြန်တယ် .."

"အဲ့ဒီကနေ အဖွားတို့ဘယ်လို ဒီမြောင်းမြကို ရောက်လာတာလဲ" လို့ မေးတော့ "ကယ်ဆယ်ရေး သင်္ဘောနဲ့ ရောက်လာပါတယ်လို့" အဖွားက

ပြန်ဖြေပါတယ် ...

"အဖွားရဲ့ သားသမီးရော တွေ့သေးလား"

"သားအကြီးကဆုံးတယ် ချွေးမနဲ့မြေးတစ်ယောက် က ရှင်တယ်။ ကျန်တဲ့လူတွေကို မတွေ့ရသေးပါဘူး။ ဘယ်သူတွေ ဘယ်ရောက်ပြီး ဘယ်သူတွေ သေလဲရှင်လဲ မသိပါဘူး သမီးရယ်။ အဖွားယောကျ်ား အလောင်းကို တွေ့တယ်လို့တော့ ပြောကြတယ်။ အဖွားတို့ မိသားစုတွေ တစ်ကွဲတစ်ပြားဖြစ်ကုန်ပြီ သမီးရယ်" လို့ပြောပြီး အဖွားက ထပ်ငိုပြန်ပါတယ်။

အဖွားအားရပါးရ ငိုပြီးတဲ့အခါမှ ကျွန်မက အဖွား အမောပြေအောင် ရေတစ်ခွက်ကို ဘေးနားက ရေအိုးထဲ ကခပ်တိုက်ပြီး မျက်ရည်တွေ သုတ်ပေးလိုက်ပါတယ်။ အဖွားအမောပြေသွားတော့မှ ကျွန်မကမေးပါတယ်။

"ဒီစခန်းမှာ အဖွားတို့ ရွာက ချည်းပါပဲလား"

"မဟုတ်ဘူးသမီး လပွတ္တာကနေ အများကြီး ရောက်လာတာပါ"

"ဒီမြို့မှာ စခန်း (၁၂) ခုရှိပါတယ်။ အဲ့ဒီစခန်း (၁၂)ခုမှာ လူဦးရေ (၁၃၀၀၀)လောက်ရှိတယ်။ အဖွားဘေးနားက မိသားစုတွေရော အားလုံး အသက်ရှင်ကြလား" လို့မေးတော့...

"ဟင့်အင်း သူတို့လည်း အဖွားလိုပဲ မိသားစုဝင်တွေ သေကြပါတယ်လို့ ပြန်ဖြေပါတယ်။" ကျွန်မက ဆက်မေးပါတယ်။

"ဒါဆိုရင် တစ်ခြားမြို့နယ်က အဖွားတို့လို မုန်တိုင်းဒဏ် ခံရသူတွေရော အားလုံးရှင်နိုင်လား" လို့မေးတော့ ဘယ်ရှင်မလဲသမီးရယ် အဖွားလိုပဲ ဆုံးရှုံးကြမှာပေါ့လို ပြန်ဖြေပါတယ်။

"ဒါဆိုရင် အဖွားတစ်ယောက်ထဲဆုံးရှုံးတာလား၊ အဖွားတို့ တစ်ရွာထဲ ဆုံးရှုံးတာလား အဖွားတို့ လပွတ္တာတစ်မြို့ထဲဆုံးရှုံးတာလားလို့ မေးတော့"

"ဘယ်ဟုတ်မလဲ သမီးရယ် မုန်တိုင်းဒဏ် ခံရတဲ့ မိသားစုတွေ၊ ရွာတွေ၊ မြို့နယ်တွေအားလုံး ဆုံးရှုံးကြမှာပေါ့ ဒါပေမဲ့သမီးရယ် အဖွားမှာ အိမ်လည်းမရှိတော့ဘူး။ မိသားစုတွေလည်းဆုံး၊ရွာတွေလည်းဆုံးနဲ့ ဘာမှမရှိတော့ပါဘူး။ မြေးတွေ၊သမီးတွေလည်း ဘယ်ရောက်မှန်း မသိတော့ပါဘူး" လို့ ဆက်ပြောပါတယ်။

အဲတော့မှ ကျွန်မကဆက်ပြောပါတယ်။

" အဖွားရယ် သမီးက မြန်မာနိုင်ငံကြက်ခြေနီ အသင်းက ပါနာဂစ်မုန်တိုင်း ဒဏ်ခံရတဲ့ သူတွေအတွက် ကယ်ဆယ်ရေးပစ္စည်းတွေ ကို မြို့နယ်တွေကို လိုက်ပို့နေရတာပါ။ သမီးရောက်တဲ့မြို့နယ်တိုင်း မှာ ဆုံးရှုံးကြတဲ့သူတွေအများကြီးတွေ့ရပါတယ်။ အဖွားတို့ ဧရာဝတီတိုင်းမှာ (၁၀) မြို့နယ်၊ ရန်ကုန်တိုင်းမှာ (၃)မြို့နယ်၊ ထိခိုက်ခံစားရပါတယ်။ အဖွားတို့ မိသားစု တွေ လိုပဲ ဆုံးရှုံးကြပါတယ်"

" အင်း ဟုတ်မှာပါ ...သမီးရယ်"

" အခုဖြစ်တာကတော့ သဘာဝဘေးပေါ့ အဖွားရယ်။ လောကဓံ တရားပါ...။ ရှေးကပြုခဲ့တဲ့ ကံတွေကြောင့် သေကွဲရှင်ကွဲ ကွဲကြတာ မဓမ္မတာပါပဲ။ အခုလည်း အဖွားတစ်ယောက်တည်း ခံစားရတာ မဟုတ်ပဲ အဖွားထက် ဆိုးတဲ့သူတွေလည်း ရှိပါသေးတယ်။ အဖွားက သားငယ်လေးရယ်၊ သမီးတွေ မြေးတွေ ကျန်ပါသေးတယ်။ သမီး ဟိုဘက်မြို့မှာ တွေ့ခဲ့တဲ့အဖွားဆို တစ်ယောက်တည်း ကျန်ခဲ့တာ အဖွားထက် အဖြစ်ဆိုးတာပေါ့။လူတွေက တစ်နည်းနည်းနဲ့ ကွဲကြ ... ခွဲခွာကြရပါတယ်"

အဲဒါကို အဖွားလက်ခံလား" လို့မေးတော့အဖွားက "လက်ခံပါတယ် သမီးရယ် ဟိုဘက်အဆောင်မှာ အဖွားထက်ဆိုးပြီး ဆုံးရှုံးတဲ့သူတွေ ရှိပါသေးတယ်"ဒါဆိုရင် "အဖွား ဆက်ငိုနေဦးမှာလား" လို့မေးတော့ ...သမီး ပြောပြလို့ တခြားကျေးရွာတွေ၊ မြို့နယ်တွေမှာလည်း အဖွားတို့လိုပဲ ခံစားကြရမယ်ဆိုတာ အဖွားသိရတယ်။ အဖွားတစ်ယောက်တည်း ဆုံးရှုံးတာမဟုတ်ဘူး အဖွားတို့ အတိတ်က ပြုခဲ့တဲ့ ကံတွေကြောင့် အဖွားတို့မြို့နယ်တွေ၊ ကျေးရွာတွေက လူတွေ ဒီလိုခံကြရတယ်လို့ အဖွားနားလည် လာပြီ ..."

"ဒါဆိုအဖွား ဘာဆက်လုပ်မလဲ"

" လောလောဆယ်တော့ ဘာလုပ်ရမှန်း မသိဘူး၊ သမီးမလာခင်အထိ အဖွားတစ်ယောက်ထဲ ခံစားပြီး ငိုနေရတာ၊ သမီးရောက်လာပြီး ပြောပြလိုက်ရတော့ရင်ထဲ လည်း ပေါ့သွားတယ် သမီးပြောပြလို့ အဖွားတစ်ယောက်တည်း ဒီလိုဆုံးရှုံးပြီး ခံစားနေရတာမဟုတ်ဘူး၊ အဖွားထက် ဆိုးပြီး ခံစားရတဲ့လူတွေလည်း ရှိသေး

တယ်ဆိုတာ သိလိုက်ရတယ်။ ကိုယ့်လိုလူတွေ ရှိသေးတာပဲလို့ သိလိုက်ရတော့ စိတ်ထဲမှာ နည်းနည်း ပြေသွားတယ် ..”

“အခုအဖွားက အသက်ရှင် ကျန်ခဲ့တဲ့ လူဆိုတော့သေသွားတဲ့ အဖွားယောက်ျား၊ ယောက္ခမ၊ သားတွေ သမီးတွေ မြေးတွေအတွက် အဖွား ဘာလုပ်ပေးနိုင်မလဲ”

“အဖွားကအသက်ရှင် ကျန် တာ ဆိုတော့ သူတို့ အတွက်ကောင်းမှု ကုသိုလ်တွေ လုပ်ပြီး သာခုခေါ်နိုင် အောင် အမျှအတန်း ပေးဝေရမှာပေါ့။ “ဒါဆို အဖွားကျန်နေတဲ့ဘဝကို အဲဒီလို ကောင်းမှု ကုသိုလ်တွေလုပ်ပြီ အမျှ အတန်း ဝေနိုင်အောင် ဘယ်လိုလုပ်ရ မလဲ”

“အဖွားကျန်းမာအောင် နေရမှာပေါ့ သမီးရယ်”

“ဒါဆိုအဖွားတွေးပြီး ငိုနေဦး မှာလား”

“မငိုဖြစ်အောင် ကြိုးစားမယ် သမီးရယ်၊ တစ်ခါတစ်လေတော့ သတိရမှာပေါ့”

“တွေးပြီး ငိုနေဦးမှာလား အဖွား”

“တွေးပြီးတော့ မငိုတော့ပါ ဘူး” လို့အဖွားကပြုံးပြီး ပြောပါတယ်။

“သမီးနဲ့ အခုလိုစကားပြောရ တာ အဖွားအရမ်း ဝမ်းသာတယ် ကျေးဇူးလည်းတင်ပါတယ်။ စဖြစ်ပြီး ကတည်း က အဖွားမှာ တစ်ယောက် တည်းတွေးပြီး ငိုနေရတာ.... သမီး အခုလိုအချိန်ယူပြီး နားထောင်ပေးလို့ အဖွားရင်ထဲပေါ့ပါးသွားတယ်” လို့ အဖွားက ကျွန်မရဲ့လက်ကလေးကို ဆုပ်ကိုင်ပြီး ပြောရှာတယ်။

“ရပါတယ်အဖွားရယ် သမီး အချိန်ပေး နားထောင်လိုက်လို့ အဖွား ရင်ထဲ ပေါ့သွားတယ် မငိုတော့ဘူး ဆိုရင် သမီး နားထောင်ရ ကျိုးနပ်ပါ တယ်”

“ဟုတ်တယ်အဖွားရယ် ကျွန်မတို့ဆိုလည်း အဖေလည်း ဆုံး တယ် သားလေးတစ်ယောက် လည်း ဆုံးတယ် လှေတွေ၊ အိမ်တွေ၊ နွားတွေ၊ ငါးဖမ်းပိုက်တွေအားလုံး ဆုံးရှုံး ခဲ့ကြ တာပါ .... ကိုယ်လည်းကိုယ့်အပူနဲ့ ကိုယ်ဆိုတော့ အဖွားကို လှည့်မကြည့် မိဘူး ဖြစ်နေတာပါ” လို့ ဘေးမိသားစု မှ အမတစ်ယောက်ကဝင်ပြောပါတယ်။

“ဟုတ်ကဲ့ပါအမရယ် အဖွား ကိုလည်း ကြည့်ပေးပါနော် နောက် ရက်ပြန်လာရင် ညီမ လက်ဖက်သုပ် ယူလာ ပေးခဲ့မယ် စားရင်း အတွေ့ အကြုံတွေ ဖလှယ်ကြတာပေါ့နော်”

“အဖွားကို သမီးအသိချင်ဆုံး လေး တစ်ခုမေးချင်ပါတယ်။“အဖွား တစ်ညလုံး တောက်လျှောက် လှိုင်းထဲ လေထဲမှာ ကူးခတ်ပြီး အခက်အခဲတွေ ကြားထဲက အသက်ရှင်လာပါတယ်။ အဲဒီ အခြေအနေမှာ အဖွားထဘီ ပါပါ သလား”လို့မေးတော့ အဖွားက ရယ် လျက် “ ပါပါတယ် သမီးရယ် အဖွား ထဘီမကျွတ်ပါဘူး အဖွားတို့ မိဘ ဘိုးဘွားလက်ထပ်ထဲက မြစ်ကမ်းဘေး မှာ နေခဲ့တာဆိုတော့ ရေထဲမှာ ဘယ်လောက် ကူးကူး ထဘီမလွတ် အောင် ငယ်ငယ်ကလေးထဲက လူကြီးတွေက သင်ပေးခဲ့ပါတယ်....”

“ဟင်ဟုတ်လား ကောင်း လိုက်တာ အဖွား သမီးကို ဝတ်ပြလို့ ရမလား”လို့မေးတော့ အဖွားက ပြုံးလျက် ဝတ်ပြပါတယ် ...

“ ဒါကသမီးအတွက် တန်ဖိုး ရှိတဲ့ထဘီဝတ်နည်းလေးပါ၊ ကိုယ်တိုင် လည်း ကျင့်သုံးလို့ရတယ် သူများ ကိုလည်း သင်ပေးလို့ရပါတယ် အဖွား ကိုလည်း သမီးကျေးဇူးတင်ပါတယ်။ မိုးလည်းချုပ်ပြီမို့ သမီးပြန်ပါ ဦးမယ် လို့ နှုတ်ခွန်းဆက်ပြီး မြောင်းမြ ကြက်ခြေနီကလေးတွေနဲ့ တည်းခိုခန်း ကို ပြန်ခဲ့ပါတယ်၊ နံနက်ပြန်ဖို့ ရှိသေးတာမို့လေ ......

(အခါအခွင့်ကြုံပါက ရေထဲ မှာ ထဘီမကျွတ်အောင် ဝတ်နည်း လေး မျှဝေပါမယ်)

ဒီလိုနဲ့ နောက် (၄) ရက် ကြာတော့ Relief Team Leader ဆရာထွန်းရဲ့ ရေးဆွဲထားတဲ့ distribution Plan အရ မြောင်းမြ ကို ကယ်ဆယ်ရေး ပစ္စည်းဖြန့်ဖို့ ဆရာဦးအုန်းသွင်ဆီမှာ (Requisition) ယူပြီး ထုံစံအတိုင်း ဂိုဒေါင်တွေ ကို ပတ်ပြီး ပစ္စည်းထုတ် ရပါတယ်။ ကျမနဲ့ကြက်ခြေနီ စေတနာ့လုပ်အားရှင် (၁)ဦးနဲ့အတူ ကျောင်းကုန်း အိမ်မဲ လမ်းကနေ လာခဲ့ပါတယ်.... ဒီတစ်ခါ တော့ စခန်းထဲကအဖွားနဲ့ ဘေးကပ် လျက် အိမ်နီးချင်းတွေစားဖို့ လက်ဖက် လည်း သတိတရ ဝယ်ခဲ့ ပါတယ်.... ရောက်နေကျအချိန်ပဲ ညပိုင်းရောက် ပါတယ်... ထုံးစံအတိုင်းပဲ ကယ်ဆယ်ရေး စခန်းက သူတွေကဘဲ ပစ္စည်းတွေကို ကူချပေးပါတယ်....

အလုပ်တွေ အားလုံး ပြီးတော့ လက်ဖက်ထုပ်ကလေး ယူပြီး ကယ်ဆယ်ရေး စခန်းကို လာခဲ့ပါတယ်... အဖွားက ပြုံးပြုံးကြီးပါတယ်... ဘေးက အမတွေကို လက်ဖက်ထုပ် ပေးပြီး အဖွားနဲ့ထိုင်ပြီး စကားပြော ပါတယ်..

"အဖွားနေကောင်းလား" ဆိုတော့..."ကောင်းပါတယ် သမီးရယ်" တဲ့ "ငိုနေသေးလား"ဆိုတော့ ... "စိတ်ထဲမှာတော့ ရှိနေသေးတယ်.. ဒါပေမယ့် မငိုဖြစ်တော့ပါဘူး .. သမီးပြောခဲ့တာတွေကြောင့် အဖွား စိတ်တွေ အေးချမ်းလာပါတယ် .. အဖွားအားရင် တရားနှလုံးသွင်း နေတာ... သမီးကျေးဇူးကြောင့်ပါ" လို့ပြောရှာပါတယ်..

အဲဒီအချိန်မှာပဲ ဘေးကအမ မိသားစုတွေက လက်ဖက်သုပ် ပန်းကန်နဲ့ ဝိုင်းလာကြပါတယ်..."

ကျမက အမတို့လည်းပြော ပါဦး.. အတွေ့အကြုံ တွေကို...ဆိုတော့ အလုအယက်ဝိုင်း ပြောကြတယ် .... တစ်ဖြည်းဖြည်းနဲ့ လူများလာပါတယ်.. သူတို့အတွေ့အကြုံတွေထဲမှာ ရယ်စရာ တွေလဲပါပါတယ်... ဒီအချိန်မှာတော့ အဖွားလည်း ပေါ့ပေါ့ပါးပါး ပြုံးနိုင် လာပါပြီ... ကျမ အဖွားဖက်လှည့်ပြီး...

"ကဲအဖွား ဒီစခန်းမှာရှိတဲ့ သူတွေလည်း အဖွားလိုပဲ ပုံစံ အမျိုးမျိုး နဲ့ ဆုံးရှုံးကြတယ် ဆိုတာ အဖွား လက်ခံပြီလား..." ဆိုတော့–

"လက်ခံပါပြီ သမီးရယ်.. အဖွားတို့ မိသားစုလည်း မနက်ဖြန်ဆို လပွတ္တာမြို့ကို မနက်(၉)နာရီမှာ ပြန်တော့မှာ... သမီးကိုလည်း နှုတ်ဆက်ခဲ့ ပါတယ်.. လပွတ္တာမြို့ကို ရောက်ရင် ဇီးဖြူရွာကို လာခဲ့ပါနော်" လို့ပြောပါတယ်..

ဟုတ်ကဲ့ပါ အဖွားရယ်.. သမီးရောက်ရင် ဆက်ဆက် လာခဲ့ ပါမယ်နော် ..တော်တော်မိုးချုပ် နေပြီမို့ သမီး ပြန်ပါဦးမယ်လို့ နှုတ်ဆက်ပြီး ပြန်ခဲ့ပါတယ်...

တကယ်တော့ အခုလို နာဂစ်မုန်တိုင်းဒဏ်ကြောင့် ထိခိုက် ခံစားခဲ့ရတဲ့ အဖွားကိုအခုလို စိတ်ပိုင်း ဆိုင်ရာ စောင့်ရှောက်မှုပေးနိုင်တာဟာ အသုံးချစိတ်ပညာဘွဲ့ အတန်းမှာ ကျမ ရဲ့ဆရာမကြီး စိတ်ပညာပါမောက္ခ ဒေါက်တာ ခင်အေးဝင်းရဲ့ သင်ပြမှု၊ အရင်ကသင်တန်းဌာန (ယခု ရှေးဦး ပြုစုခြင်းနှင့် ဘေးအန္တရာယ် ကင်းရှင်းရေး ဌာန) က ပြုလုပ်ခဲ့တဲ စိတ်ပိုင်းဆိုင်ရာ စောင့်ရှောက်မှု သင်ရိုးညွှန်းတမ်း ရေးဆွဲဖို့အတွက် ပြုလုပ်တဲ့ အလုပ်ရုံ ဆွေးနွေးပွဲ၊ စိတ်ပိုင်းဆိုင်ရာ စောင့်ရှောက်မှု သင်ရိုး ညွှန်းတမ်း ရေးဆွဲတဲ့ လုပ်ငန်းတွေမှာ ပါဝင် ဆောင်ရွက်ခဲ့တာရယ်ကြောင့် ပါ.....

ကယ်ဆယ်ရေးစခန်းက အပြန်မှာတော့ အော် အဖွား ခံစားနေရ တာကို သက်သာအောင် လုပ်ပေးခွင့် ရတဲ့ အတွက် မြန်မာနိုင်ငံ ကြက်ခြေနီ အသင်းက ဝန်ထမ်းတစ်ယောက်ဖြစ် ခဲ့တဲ့ ကိုယ့်ကိုကိုယ်ဂုဏ်ယူစွာဖြင့် တည်းခိုခန်းကို သွက်သွက်ကလေး လျှောက်ပြန်ခဲ့ပါ တော့တယ်....

မီးအိမ်ရှင်



နာဂစ်ပြန်လည်ထူထောင်ရေး
စာသင်ကျောင်းနှင့်
ကြက်ခြေနီ
အဆောက်အဦးများ











# မိသားစုအတွက်မျှော်လင့်ချက်မပျောက်ကွယ်နိုင်ပြီ

**စုစုလင်း (RFL)**

လွန်ခဲ့သော (၉) နှစ်ခန့်က အသက်(၁၈) နှစ်ကျော် အရွယ်ရပြီဖြစ်သော ဇော်ကိုကိုအောင် တစ်ယောက် တက္ကသိုလ် ဝင်တန်းစာမေးပွဲကျရှုံးလေရာ ဖခင်ဖြစ်သူက ဆူပူကြိမ်းမောင်းလေရာ ကာယကံရှင်ပင် ယူကျုံးမရ ဖြစ်သည့်အချိန် အနာကို တုတ်နှင့်ဆွလိုက်သည့်ပမာ ခံစားကာ မိသားစုနှင့်ဝေးရာကို ရှောင်ထွက်ရာမှ ထိုင်းနိုင်ငံတွင် တရားမဝင် ရွှေ့ပြောင်း အလုပ်သမားအနေဖြင့် သွားရောက်အလုပ်လုပ်ကိုင်ဖြစ်ခဲ့သည်။

ထိုစဉ်အချိန်မှစတင်ပြီး မိသားစုနှင့်အဆက်အသွယ် ပြတ်တောက်သွားခဲ့သည်။၎င်းအနေဖြင့် ကံများကောင်းချင်တော့ ထိုင်းနိုင်ငံရှိ တရားမဝင်ရွှေ့ပြောင်း အလုပ်သမားများအတွက် တရားဝင်ယာယီအလုပ် လုပ်ကိုင်ခွင့်လက်မှတ်များ ထုတ်ပေးရာတွင် ဇော်ကိုကိုအောင်အဖို့ ပိုမို၍ ဘဝလုံခြုံမှုရရှိကာ မြန်မာနိုင်ငံရှိ မိသားစုဝင်များကို လုံးဝအဆက်အသွယ် မပြုလုပ်တော့ပေ။ ဇော်ကိုကိုအောင်သည် မိမိကံကြမ္မာ မိမိဖန်တီး၍ မိမိကိုယ်တိုင် အိမ်ထောင်တည်ထောင်ရန်အထိ စိတ်ကူးကာ ဘဝကြင်ဖော်ရှာခဲ့လေသည်။ မိသားစုဝင်များခမျာ စာမလာသတင်းမကြား ဘယ်ရောက်လို့ ဘာဖြစ်မှန်းမသိရသော်လည်း သားလေးပြန်လာမည့် နေ့၊ ရက်၊ လ မျှော်ကိုးရင်း ဆယ်စုနှစ်တစ်ဝက်ကျော်လာခဲ့လေပြီ။

၂၀၁၂ ခုနှစ်၏ မမျှော်လင့်သောနေ့တစ်နေ့ ဇော်ကိုကိုအောင်တစ်ယောက် သူ၏အိမ်သူသက်ထား ဇနီးမယားနှင့်အတူ မိသားစုဝင်များထံသို့ ပြန်လည်ရောက်ရှိလာခဲ့လေသည်။ မိသားစုဝင်များအားလုံး အံ့သြဝမ်းသာမဆုံး ဖြစ်ကြရလေသည်။ ပျောက်ဆုံးနေသော သားတစ်ယောက်ပြန်လည်ရောက်ရှိလာရုံမက ကြင်ရာပါ ခေါ်လာခဲ့သည့်အတွက် ပျော်မဆုံးဖြစ်ကြလေသည်။ ပိုဝမ်းသာပျော်ရွှင်ကြသည်မှာ မြေးကလေးလွယ်ထားသည့် သမီးချွေးမ ရရှိလေပြီ။ အဘွားဖြစ်သူနှင့်တကွ ဖခင်ဖြစ်သူ ဦးကြည်မောင်ဝင်း၊ မိခင် ဒေါ်ခင်ခင်ဝင်း အစ်မ မသန်းသန်းဦးနှင့် ညီမတို့ အတွက်မူ မချမ်းသာရင်နေ မိသားစုများ စုံစုံလင်လင်နေရခြင်းသည်ကိုပင် ပြည့်စုံနေပြီဟု ဝမ်းသာပီတိ ခံစားနေကြရသည်။

သို့သော် ဇော်ကိုကိုအောင်တစ်ယောက် ကိုယ်ပိုင်အလုပ်အကိုင်မရှိ မိသားစုဝင်များ၏ ထောက်ပံ့ပေးမှုဖြင့် ရပ်တည်နေခြင်းထက် မိမိ၏ကိုယ်ပိုင်မိသားစုလေးကို အိမ်ဦးနတ်ပီပီ စောင့်ရှောက်ပြုစုလိုသည့် စိတ်ဖြင့် ရင်သွေးလေး ကိုယ်ဝန်ဆောင်ထားသော ဇနီးသည်အား မိဘများထံအပ်နှံကာ ထိုင်းနိုင်ငံတွင်အလုပ်လုပ်ရန် ပြန်လည်ထွက်ခွာ သွားခဲ့လေသည်။ ပြည်ပနိုင်ငံတွင် အလုပ်လုပ်ရန် မိသားစုဝင်များမှ ပြန်မလွှတ်ချင်သောလည်း ဇော်ကိုကိုအောင်တစ်ယောက် မိသားစုဘဝရှေ့ရေးအတွက် မခွဲချင်သော်လည်း ခွဲခဲ့ရလေသည်။

ဇော်ကိုကိုအောင် အိမ်မှထွက်ခွာသွားပြီး ဆယ်ရက်ခန့်အကြာ သတင်းဆိုးတစ်ခု လူကြုံမှတဆင့် မိသားစုဝင်များလက်ခံရရှိလေသည်။ ဇော်ကိုကိုအောင်တစ်ယောက် ထိုင်းရဲတပ်ဖွဲ့မှ ဖမ်းဆီးထိန်းသိမ်းထားကြောင်း သိရှိရသည့်အတွက် ဇနီးသည်နှင့်မိသားစုဝင်များအဖို့ ကမ္ဘာပျက်သကဲ့သို့

ပူဆွေးသောကခံစားရလေသည်။ ဘာကြောင့် အဖမ်းခံရမှန်းမသိ ဘယ်လိုနေမယ်မသိ ငါ့သားလေး ဒုက္ခရောက်နေပြီဆိုသော စိတ်ဖြင့် မိခင်ကြီး ဒေါ်ခင်ခင်ဝင်းသည် ကျန်းမာရေးချို့တဲ့၍ နေ့နှင့်ညပင် ဝေခွဲမရဖြစ်ကာ နောက်ဆုံး ဆရာဝန်ကြီးများက လက်လျှော့လိုက်ရသည်အထိ ဝေဒနာခံစားရလေပြီ။ မိခင်ကြီး၏ဆန္ဒရှိသည့်အတိုင်းသာ လိုက်လျောပေးရန် ဆရာဝန်ကြီးများက မိသားစုအား အကြံပြုလေသည်။

အစ်မဖြစ်သူ ရွှေနေမကလေးမှာလည်း တစ်ဦးတည်းသော မောင်ငယ်လေးအတွက် ယူကြုံးမရဖြစ်ခြင်းကတစ်မျိုး မိခင်ဖြစ်သူအတွက် ပူပန်မှုကတစ်ဖုံ သောကပရိဒေဝမီးများ တောက်လောင်ကာ တည်ငြိမ်အေးချမ်းစွာဖြင့် တောင်းဆုပြုနိုင်ရေးအတွက် တရားစခန်းဝင်ခဲ့သည်။ အဘွားဖြစ်သူမှာလည်း တစ်ဦးတည်းသော မြေးကလေးအတွက် နေ့စဉ်နှင့်အမျှ ငိုကြွေးနေရရှာလေသည်။

ဖြစ်စဉ်မှာ ဇော်ကိုကိုအောင်တစ်ယောက် မူးယစ်ဆေးဝါးလုပ်ကိုင်နေသောအိမ်သို့ အလည်အပတ်သွားရောက်ချိန်တွင် ထိုင်းရဲတပ်ဖွဲ့ဝင်များ ဝင်ရောက်ဖမ်းဆီးမှုနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။ ပစ်ခတ်ဖမ်းဆီးမှုများ ကြောင့် လူအများထွက်ပြေးလွတ်မြောက်သွားသော်လည်း အခြေအနေမှန်ကိုမသိရှိသော ဇော်ကိုကိုအောင်တစ်ယောက် မယောင်မလည်ဖြင့် အဖမ်းခံရလေသည်။ မိသားစုဝင်များအဖို့ နိုင်ငံရပ်ခြားတွင် ဖမ်းဆီးထိန်းသိမ်းထားရသော သားကလေး သေရွာရောက်၍ ပြန်လမ်းမရှိတော့သကဲ့သို့ သောကဗျာပါဒ တောက်လောင်ကြလေသည်။

သားလေးဇော်ကိုကိုအောင် ဖမ်းဆီးထိန်းသိမ်းခံထားရသည်ဆိုသော သတင်းမှလွဲ၍ဘာတစ်ခုမှ မသိရှိသော မိသားစုများအတွက် အဆက်အသွယ်ရရှိလေပြီ။ ၂၀၁၄ ခုနှစ် ဇူလိုင်လ (၂၂)ရက် ‘ဒါ ဦးကြည်မောင်ဝင်း အိမ်ပါလားခင်ဗျား’ ကျွန်တော် မြန်မာနိုင်ငံကြက်ခြေနီအသင်း ပဲခူးမြို့ကမိသားစုပြန်လည် ဆက်သွယ်ပေးရေး လုပ်ငန်းတာဝန်ခံ ဦးခင်ဇော်သန့်ပါ ဦးလေးရဲ့သား ကိုဇော်ကိုကိုအောင်က မိသားစုနဲ့ အဆက်အသွယ်လုပ်ပေးဖို့ ကြက်ခြေနီကို အကူအညီတောင်းခဲ့ပါတယ် အဲဒါကြောင့် ကျွန်တော်လာရောက်တွေ့ဆုံ ရခြင်းဖြစ်ပါတယ်။ ဒီမှာဦးလေးသားပေးပို့တဲ့ မိသားစုသတင်းလေးတွေပါ ဦးလေးသူ့ဆီကို အကြောင်းပြန်စာရေး ရေးလို့ရပါတယ်ခင်ဗျာ။

နေအိမ်တွင် တစ်ယောက်တည်းရှိနေသော ဦးကြည်မောင်ဝင်းတစ်ယောက် ဝမ်းနည်းဝမ်းသာမှုများစွာဖြင့် သားထံသို့အကြောင်းပြန်စာရေးသားလေသည်။ တစ်ခုတည်းသော အဆက်အသွယ်ဖြစ်သည့် သား၏စာလေးကို ယူဆောင်၍ ဆေးရုံပေါ်ရှိ မျှော်လင့်ချက်ကုန်ဆုံးနေသော ဇနီးဖြစ်သူအား ပြသလေသောအခါ ထမင်းမဝင် ဆေးမတိုးသော မိခင်ကြီး ကျန်းမာရေးပြန်လည်ကောင်းမွန်လာပါတော့သည်။တရားစခန်းသို့ရောက်ရှိနေသော အစ်မဖြစ်သူမှာလည်း ချစ်လှစွာသော မောင်ငယ်လေးထံမှ သတင်းရရှိသည့်အတွက် အားအင်သစ်များဖြစ်ပေါ်လာကာ မိမိလုပ်ငန်းတွင် ပြန်လည် အာရုံစိုက်နိုင်လာတော့သည်။

သတင်း အဆက်အသွယ် ပြတ်တောက်နေသော မိသားစုဝင်များသည် သားလေး ထိုင်းနိုင်ငံရှိ ဖူးခက်အကျဉ်းစခန်းတွင် ကျန်းမာစွာရှိနေကြောင်းနှင့် တရားရုံးတွင် အမှုရင်ဆိုင်နေရကြောင်း ကြက်ခြေနီအကြောင်းကြားစာမှတစ်ဆင့် သိရှိရသောအခါ၊ သားလေး မိဘရွှေ့မှောက်ပြန်လည်ရောက်ရှိသကဲ့သို့ ဝမ်းသာကြည်နူးမဆုံးဖြစ်ကြရသည်။ အစ်မဖြစ်သူမှာလည်း လုပ်ငန်းခွင်ရှိ အမှုသည်များနှင့် ရင်ဆိုင်ကြုံတွေ့ရသည့်အခါ တိုင်းဌွေကြေးကိုပဓာနမထားကိုယ်ချင်းစာနာသော စိတ်များဖြင့် ဆောင်ရွက်ဖြစ်လာခဲ့သည်။ မိမိရရှိသော လုပ်အားခငွေများကို မောင်ငယ်လေးအတွက် ကျစ်ကျစ်ပါအောင် စုဆောင်းထားရှိပြီး အကူအညီပေးနိုင်သည့် သူများအား စောင်မျှော်ရင်း နည်းလမ်းမျိုးစုံဖြင့် လိုအပ်သည်များ တတ်စွမ်းသမျှ ဆောင်ရွက်လျှက်ရှိသည်။

၂၀၁၄ ခုနှစ် စက်တင်ဘာလ ၂၁ ရက်တွင် မိသားစုပြန်လည်ဆက်သွယ်ပေးရေးအဖွဲ့ ဦးကြည်မောင်ဝင်း၏နေအိမ်သို့ ကြက်ခြေနီအကြောင်းကြားစာဖြင့် ထပ်မံရောက်ရှိခဲ့လေသည်။ မိသားစုစုံလင်စွာဖြင့် ရှိနေသော အိမ်ကလေးသို့ ကျွန်မတို့အဖွဲ့ သွားရောက်ပေးပို့ခဲ့သည့် အကြောင်းကြားစာလေးမှာ “သားအမှုက အပြစ်မရှိတဲ့အတွက် နိုင်သွားပါပြီ နောက် ၃/၄ လနေရင် အားလုံးပြီးပြီ စိတ်မပူကြပါနဲ့”……ဒီတစ်ခါ မိသားစုတွေကျတဲ့ မျက်ရည်ကတော့ ဝမ်းသာလွန်းလို့ကျတဲ့ မျက်ရည်များသာ ဖြစ်ပါတော့တယ်။ ကြက်ခြေနီက ပေးပို့လို့ရတဲ့ ကြက်ခြေနီအကြောင်းကြားစာတစ်စောင်ကလွဲရင် အဆက်အသွယ်လုံးဝမရှိရှာတဲ့ မိသားစုများအတွက် ဝမ်းသာစရာ သတင်းစကားကြောင့် ကူညီဆောင်ရွက်ပေးသူများအားလုံးအတွက် မေတ္တာပို့သံများသည်ကား–

**စုစုလင်း**



# ပြုစုမှိုင်တိုင်

## လင်း ဆေး(၁)

အသံအမျိုးအစားမခွဲခြားသာ။ ထိုအသံထုထဲတွင် စရိုက်လက္ခဏာမျိုးစုံပါနေတော့သည်။ အဓိကစရိုက်မှာ အားမလိုအားမရဖြစ်ကြခြင်း သဘာဝ။ စင်စစ်မူ ကြားဘူးနေကျ။ မီးပျက်သော ညခင်း တစ်ခင်းတွင် မီးပြန်အလင်း ရပ်မိရပ်ဖ လက်ဖက်ရည်ဆိုင် ဘောလုံးပွဲပရိတ်သတ် ထအော်လိုက် ကြသံ နှင့် မနီးရိုးစွဲ။

ဘာဖြစ်လို့လဲထုံးစံအတိုင်းအဖိုး၏လေမရဲတရဲနှင့် ဒိုင်ပွဲရပ်၊ အဖြတ်၊

"ယောကျ်ားလေးပဲတဲ့ ပါပါးရဲ့"

သမီးငယ်ကအာလ်ထရာဆောင်း အဖြေစာရွက် ကလေးကိုင်ကာ မချိသွားဖြဲကလေးနှင့် ဆွေစုမျိုးစု အလယ်တွင် ကိုယ်ဝန်ဆောင် မော်ဒယ်လ်ဂဲလ်လုပ်နေသည်။ အဖိုးတို့ဖက်က ယောကျ်ားသား အမွေးများသည် အဖွားကား

မိန်းခလေးမြေးမ အလွန်တောင့်တသည့် ဘဝဇယားအရအဖွားအာသီသ အလှည့်မကျ လာပြန်ပတဲ့အထီးလေး။

တုန်နှုန်းနိမ့်ပဲတင်သံ၊ နားဖြင့်မကြားရသောအသံ၊ ဝမ်းကြာတိုက်ကို ပွဲတင်ထပ်ပြီးနောက် ခါတ်ပုံ လေးပုံအဖြူ အမည်းသဲကွဲစေခဲ့သည်။ မြင်ရပြီးမကြားလိုက်ရသည့် ဝမ်းကြာတိုက်ရိုက်ခတ်သံ ဆွေစုံ မျိုးစုံအလယ်တွင် ဘုံဆန္ဒမပြည့်သံ ကျယ်ဟိန်းစေခဲ့ပြန်သည်။ ထိုကျယ်ဟိန်းသံ၏နောက်မြီးများမှာ တစ်ဦးချင်းစီ၏ သဘောထားဆန္ဒမှတ်ချက်ချ ခြုသံများ ခလောက်ဆန်နေကြပြန်သည်။ ထို တုန်နှုန်းကွဲပြားသည့် အသံလုံးရောင်စုံခုန်ပေါက်နေသော ရပ်ဝန်းထဲသို့ ကားသံတစ်သံစွက်ဖက်လွှမ်းမိုးလာပြန်သည်။ ကားသံအဆုံးတွင်–

"ဖိုးဖိုးရေ .. ဖိုးဖိုး"

ပွဲသွက်လာပြန်ပြီ။ သမီးကြီးကမွေးသော၊ မြေးယောကျ်ားကလေးနှစ်ယောက်၏ အဖိုးကိုခေါ်ထူး နှုတ်ဆက်သံ။ ဆွေစုံမျိုးစုံ သတင်းကျွတ်ညဉ်ယံ၊ ထိပ်ပိတ်နောက်ပိတ် အသံအိတ် စကြိန်အားလုံး လှုပ်လှုပ်ရွရွကားနားသို့ ထပြေးသည်။ ထိုအဆီအနှစ်က အဦးအစ ရစ်ဖွဲ့မှုမိုးတိမ်ယံ။ ထိုအသံများ လှုပ်ရှားမှုများ အားလုံးကို အပြုံးစိတ်ထပ်၊တတ်ဆင်ပေးလိုက်သည်က မြေးဦး အကြီးကလေး၏ ညံ့စာသံ။

"ဖိုးဖိုးရေ ..သား ဒိုင်အေပါထဲမှာ အီးတွေပါထားတယ်"

သူ့အဖေကချိုင်းမှ မ၍ ကားထဲက ထုတ်လာသည်။ သည်ကောင်မျက်နှာစပ်ဖြဲဖြဲ။ သူတို့ သားအဖနောက်မှ အီးအိုးကိုင်ကာ အဖွားကလိုက်သွားသည်။ မိသားစုဆိုသည်မှာ ယင်းကဲ့သို့ပင် ဝရုန်းသုံးကား နိုင်နေကြ။ သို့မှ သံယောဇဉ် ရုပ်လုံးကြွသည်။

အဖိုးက တွေးတွေး ဆဆ၊ အမိန့်ပေးနေခြင်းမဟုတ်။ ဒီ မိသားစုထဲမှာ အဖိုး– အိမ်ဦးခန်း မှာပင်ရှိနေသေးသည်။ မိသားစုအရွယ်အစား မကြီးခြင်း ရှိသမျှသားနှစ်ဦး ကလည်း သူ့မိသားစုကိုယ်စီနှင့် အိမ်ခွဲနေကြခြင်း၊ အဖိုးကိုယ်တိုင်က ယခုတိုင် အင်္ဂလိပ်အခေါ် BREAD WINNER ငွေရှာနိုင်သေးသူ ဖြစ်နေခြင်းကြောင့် အာဏာတည်နေခြင်းလည်း ပါနိုင်သည်။ စင်စစ်မူ အဖိုးကို လေပျော့သံသာဖြင့် အမိန့်လာပေးနေပုံပင် ပေါက်နေသေးတော့။

အစ်ကိုကြီးရာ ကျွန်တော်ကလည်း အဝေးမှာဆိုတော့ ကျွန်တော့သမီးလေး မွေးမယ့်ဖွားမယ့်ကိစ္စ။အစစအရာရာအားလုံး အစ်ကိုကြီးတို့ အစ်မကြီးတို့ကိုပဲ အပ်ပါတယ်နော်"

သမီးငယ်၏ အဖေ ခမည်းခမက်၏ ချိုဆိမ့်ကျရည်ကဲ လက်ဖက်ပွဲ။ သမီးငယ်အဖေက နိုင်ငံရပ်ခြားမှာ အမေလုပ်သူက ရန်ကုန်မှာ။ သို့သော် ထို အမျိုးသမီးက သမီးငယ်အဖေနှင့် မပေါင်းတော့။ သို့သော် သူ့သမီး ဝေယျာဝစ္စ တတ်နိုင်သမျှ လုပ်ပေးနေသည်။ သို့သော် ထိုအမျိုးသမီးမှာ သူ့မိဘနှင့် အတူနေကာ မိအိုဖအိုလည်းပြုစုရ၊ နောက်အိမ်ထောင်နှင့်ရသော သားကိုလည်း ပျိုးထောင်ရ၊ သမီးငယ်အတွက်လည်း တတ်နိုင်သမျှ စောင့်ရှောက်ရသည်။ ထိုအခါ အဖွားက သားငယ်၏မိန်းမ၊ ထိုသမီးငယ် ကိုယ်ဝန်စရှိပြီဆိုကတည်းက။ မြေးမ ကလေးလားဆိုသော အိပ်မက်နှင့်အတူ စကားဦး သမ်းခဲ့ဖူးသည်။

"ဒီကလေးကတော့ ကျုပ်တို့ဆီရောက်လိမ့်မယ်"

သည်တစ်ခါ အဖိုး အတော်ငြိမ်ကျသွားသည်။ အဖိုးနှင့်အဖွားမှ သားနှစ်ဦးထွန်းကားသည်။ ထို့ကြောင့် ဦးစွာပထမ ရှေးဦးကလေးပြုစုမှုပညာ အဖွားထံတွင် ရင်ဘတ်ကြီးနှင့်အပြည့်အမောက်ရှိသည်။ ပြီး– အဖွားက သူ့အမေအမွေဆက်ခံသည်။ အဖွားသားနှစ်ဦးအတွက် ပြုစုမှုအဝဝ အဖွားအမေက နည်းပေးလမ်းပြ ကိုယ်တိုင်ကိုယ်ကျ စဦးတီထွင်သမားစဉ်။ ထိုအနုစိတ်က နုတ်ကွက် အဖွားအမွေလက်ထွက် အဖွားအသားကျရေးထွင်းနိုင်စွမ်းရှိသည်။

"တစ်ခု ကွာသွားတာတော့ရှိတာပေါ့ကွာ"

"ဘာလဲ"

" တို့က မငယ်ကြတော့ဘူး အမေကြီးရ"

ဆင့်ကဲပေါက်ဖွား လာသောဘဝသမိုင်းထဲတွင် မိုင်တိုင်လေးများကို တွေ့နေရသည်။ ထိုမိုင်တိုင်လေးများ၏ကမကထ ခါးမဦးချကားအဖိုးနှင့်အဖွား။ တစ်ခါသား၊ သားအကြီး၊ ကျောင်းကပြန်အလာ မလှုပ်မရှား၊ ဘာမှမစား၊ ဘာသံမှမမြည်။ ပကတိငြိမ်နေသည်။ အဖွားထိတ်လန့်တကြား အဖိုးကိုလှမ်းခေါ်ရသည်။ အဖိုးအလုပ်

ထဲကအပြေးပြန်လာကြည့်ရသည့်အခါ အဖြေထွက်သွားသည်။ သားကြီး၊ အသားဝါအသည်းရောင်စပြုပြီ။

သားငယ်အမှတ်တရ ပြန်ပြန်ပြောပြတတ်သည်ကား မြေနီကုန်းအရေးအခင်းကိစ္စ။ သည်တုန်းကလည်းအဖိုးရော၊ အဖွားပါအလုပ်ထဲမှာ အဖွားကထွက်မရ ရုတ်ရုတ် ရုတ်ရုတ်ဆို အဖွားတို့ရုံးက ဂိတ်တံခါးအကုန်ပိတ်ရသည့် လုံခြုံရေးဦးစားပေးဒေသ။

အဖိုးက လေးဘီးတက္ကစီ တစ်စီးငှားကာ ဗိုလ်တစ်ထောင်ကနေ ကမာရွတ်ကို ပြေးရသည်။ သားငယ်တို့ကျောင်းက ကျောင်းအုပ်ဆရာမကြီးက ရပ်ဆွေရပ်မျိုး။ သားငယ်ကိုခေါ် အဖိုးသူငယ်ချင်း အဖွားသူငယ်ချင်း ကားနှင့် သားအဖနှစ်ယောက် လိုက်လာကြသည်။ အဖိုးရော၊ အဖွားသူငယ်ချင်း ကားရှင်ရော ယာဉ်မောင်းပါ စမ်းတဝါးဝါး၊ ကမာရွတ်မှ စမ်းချောင်းသို့ ပြန်သည့်အခါ မြေနီကုန်းကို ဖြတ်ရမည်။ ထိုအခါ ဘေးရန်အကင်းဆုံးဖြင့် ဖြတ်သန်းရမည့် လမ်းကြောင်းကို အဖိုးတို့လူကြီးများ ရှေ့တိုး နောက်ဆုတ်၊ ဘယ်ကွေ့ညာကွေ့ စိတ်ကူးတည့်ရာ လျှောက်ရွေ့ဝေ့လည်နေချိန်မှာ သားငယ်တို့ ကလေးတစ်သိုက် လော်လီပေါ့(ပ်) တုတ်ထိုး သကြားပြား အစားမပျက်။ သားငယ်ကို ထိုသို့ အဖိုးတို့ စွန့်စားခေါ်လာ အိမ်မှာဝင်ထားအပြီး အဖိုးအလုပ်ပြန်သွားသောအခါ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ရှေ့တွင်လုံထိန်းများ ခေါ်တင်လာသော တီအီးအလဲဗင်း ကားစိမ်းကြီး တစ်စောင်းလဲ၍ မီးစွဲနေပြီ။

အဖိုးနှင့်အဖွား နှစ်ပေါင်းသုံးဆယ်ကျော် လေးဆယ်နီးပါး စိုက်ထူထားခဲ့ကြသော မိုင်တိုင်အသီးသီး၏ အမြီးများမှာ နောက်တိုး မိုင်တိုင်လေး စိုက်ရန်မြေသန့်၊မြေပြင်နေကြရပြန်ပြီ။

မြေးအရေး၊ ဟိုးအဝေးနေ၊ သမီးငယ့်အဖေ၊ အဖိုး ခမည်းခမက်အိမ်ပြန်လာသည်။ အဖေ၊အမေ တိမ်းပါးစဉ်က၊ ခများလာခွင့်မသာ အဖိုးခမည်းခမက်အဖေ တိမ်းပါးသွားသည်မှာ မကြာသေး။ သို့သော် သူ့အဖို့ လာရေးခက်ခက်။ သူရို့အတိတ်ကံဟု အဖိုးနှင့်အဖွားက ကောက်ချက်ချသည်။ ယခု သူ့မြေးဦး ကိုယ်ဝန်ငါးလအရ၊ အစစအရာရာ အဆင်ပြေချောမွေ့စွာ ပြည်တော်ဝင်လာသည်။ လာသမျှ တန်ပိုဆောင်ရသောအရင်းခံအကြောင်းမှာ မြေးအတွက် ရည်မှန်းအသုံးအဆောင် တောင်ပုံရာပုံ သယ်ယူလာခြင်း၊ တွန်းလှည်းပါ မချလာမည် တစ်ကကဲမို့ သမီးလုပ်သူနှင့်စကားများယူကြရသေးသည်။

"ဒါ...အစ်ကိုကြီးတို့ ကျွန်တော်တို့ရဲ့ တတိယမျိုးဆက် အစ်ကိုကြီးရ"

သူပြောမှ အဖိုးနှင့်အဖွား မျိုးဆက်ပွားကိစ္စ အာရုံရသွားသည်။

"အစ်ကိုကြီးတို့ ကျွန်တော်တို့ ပထမမျိုးဆက်က ပင်မမျိုးရင်းဖြစ်တဲ့၊ ကျွန်တော်တို့ မိဘများက မဆလ ခေတ်ဆိုး ခေတ်ကြပ်ကြီးထဲမှာ၊ ချို့ချို့ငဲ့ငဲ့နဲ့ ရုန်းကန်ပြီး ကျွန်တော်တို့ကို ပြုစုပျိုးထောင်ခဲ့ကြရတာ .. မဟုတ်ပါလား"

အဖိုး ရုတ်တရက် ပြန်မပြောနိုင် ပါးစပ်ထဲမှာ ခါးလာသည်ကိုတော့ သတိထားလိုက်မိသည်။ ခမည်းခမက်က ရပ်၍ရတော့ဟန် မတူ။

"ကိုင်း-စစ်အစိုးရခေတ်ကြတော့၊ ကျွန်တော်တို့ မိသားစုဆိုသည်ဘဝရောက်သွားရော၊ တစ်ကွဲတစ်ပြားစီ ဖြစ်ပြီး အခုမှပြန်ဆုံကြရတာ"

သူ့ထက်စာပါက အဖိုးတိုအဖွားတို့ ဘဝအပုံကြီး အိန္ဒြေရလှသည်ဟု ဆိုရတန်ကောင်းသည်။

"အစ်ကိုကြီးအဖို့ကတော့၊ အခုမြေး နှစ်ယောက်၊ တတိယမျိုးဆက် နှစ်ယောက်နဲ့ ဟန်ကျပန်ကျ။ ကျွန်တော်က အခုမှ တတိယမျိုးဆက်ကိုစပြုစုပျိုးထောင်နေတာ"

ထိုကိစ္စ အတွက်တော့ သူ ရန်ကုန်ရောက်ခိုက် အကုန်ထောင့်စေ့အောင်စီမံတော့သည်။

"အစ်ကိုကြီးတို့နဲ့မတူ ပြန်တာ နောက်တစ်ချက်က အခု ကျွန်တော် တတိယမျိုးဆက် ထူထောင်တဲ့နိဒါန်းမှာ ကျွန်တော်ပဲ အဖေ၊ ကျွန်တော်ပဲအမေ။"

"သမီးကို ခွဲမွေးရမလားအစ်ကိုကြီး"

"အစ်ကိုကြီးတို့ဘက်နဲ့တူရင်တော့ ကျွန်တော့်မြေးဦးလေးက အစ်ကိုကြီးသားသူ့ အဖေဂိုက်ဆိုက်နဲ့ဆို ဖြူတုတ်အုပ်စုဝင်မှာ ကျွန်တော့်သမီးနဲ့ တူရင်တော့ မဲလုံး အုပ်စုဝင်မှာ"

"ဒီနေ့တော့ကျွန်တော်ပါးသွားတယ် အစ်ကိုကြီးရေ ပန်းလှိုင်

## Fleet Training





မြန်မာနိုင်ငံကြက်ခြေနီအသင်း ထောက်ပံ့ပို့ဆောင်ရေးနှင့်ဝယ်ယူဖြည့်တင်းရေးဌာနမှ ယာဉ်မောင်းနှင့် မော်တော်ယာဉ်စီမံခန့်ခွဲသူများအတွက် Fleet Training များကို၊ အပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီအသင်းများဖက်ဒရေးရှင်း၏ အကူအညီဖြင့် ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

---

ဆေးရုံလည်းရောက်တယ် SSC ပါရမီ–ဝိတိုရိယ–ပင်လုံ အကုန်လျှောက်ကြည့်တာ ပန်းလှိုင်ကတော့ ဒီ TRAFFIC JAM နဲ့ အိုဂျီလာကြည့်နိုင်မှာမဟုတ်ဘူး။ ပါရမီက အခန်းကျဉ်းတယ်။ ကျွန်တော် ဝိတိုရိယ ကြိုက်တယ်။ အစ်ကိုကြီး”

အဖိုးပါရတော့မည့်ကိစ္စ ဖြစ်လာရကား အဖိုးထုံးစံအတိုင်း ရှဉ့်လျှောက်သာ၊ ပျားစွဲသာ၊ ဗျူဟာလက်တံဆန့်ပြရတော့သည်။

အခုခေတ်စားတဲ့ ထုံးစံကတော့ ပက်ကေ့(ချ်)နဲ့ ယူလိုက် ကျွန်တော့်မြေးနှစ်ယောက်စလုံး အဲဒီလိုမွေးတာ နိုင်ငံခြားဆေးသွားကုရင်လဲ အဲဒီလိုပဲ ပက်ကေ့ချ်နဲ့ကုတာ

“အဲဒါဘယ်လိုလဲ”

သမီးငယ်ကဝင်ပြောပြသည်။

“ဒီလိုပါပါးရာ အဖေနဲ့ အဲဒီရီဆက်ပရှင်က မိန်းမတွေနဲ့ တောင်နဲနဲ ဖုလာသေးရောလား”

သူ့အဖေ အဖိုးခမည်းခမက်က “ဟဲ့ အဲ့ဒါနာစ်မတွေ မဟုတ်ဘူးလား”

“မဟုတ်ဘူးအဖေရဲ့ အဲဒီပက်ကေ့ချ်နဲ့မွေးရင် အဲဒီသူနာပြုကိစ္စပါ ပါတယ်

“ကျွန်တော့်အလိုအရတော့ အပြီးအစီးပါတဲ့ ပရိုဂရမ်ဆို ကောင်းမယ်နော်” ဒါပေမယ့် စောစောကသူနာပြုကျတော့ တစ်ကယ့် သူနာပြုအစစ်ရမှာလား”

အဖိုးက ရယ်သည်။ အဖွားကဝင်ရှင်းပြသည်။

“သူနာပြုအစစ်တွေက အားလုံး စကၤာပူရောက် ကုန်ပြီရှင့်၊ အခုဆေးရုံတွေမှာရှိနေတဲ့ သူနာပြုဆိုတဲ့ကလေးမလေးတွေ အများစုက သူနာပြုအကူသင်တန်းဆင်း NURSE AID အကူ သူနာပြုတွေ။

“ကျွန်တော်အဲဒါကို စိုးရိမ်တာ အစ်ကိုကြီးရ၊ ကျွန်တော်တို့ဆီမှာတော့ သူနာပြုဆိုတာရယ်၊ MEDIC ဆိုတာရယ်၊ FIRST AIDERဆိုတာရယ်က သူ့အဆင့် သူကျွမ်းကျင်မှုနဲ့ သူ အစ်ကိုကြီးရ”

အဖိုးက ခေါင်းတစ်ဆတ်ဆတ်ငြိမ့်နေသည်။ ထိုစဉ် အဖိုးခါးရှိ တယ်လီဖုန်းက မက်ဆေ့(ချ်) ဝင်သံမြည်လာသည်။ အဖွားက လှမ်းမေးနေသေးသည်။

“ ဘယ်ကမက်ဆေ့ချ်လဲ”

“မောင်တိုးဆီက ရွှေပြည်သာစက်မှုဇုန်မှာ FIRST AID သင်တန်းဖွင့်ဖြစ်တယ်တဲ့။”

အဖိုးခမည်းခမက်က အဖိုးကို နားမလည်စွာဖြင့် ကြည့်နေသည်။ စပ်စုခြင်းမရှိ။ အဖိုးတို့ မြေးမီးပွားရေးစကားဝိုင်း လေလှိုင်း အတန်ငယ်ဆိုင်းသွားသည်။

“အဲဒါပါပဲဗျာ ဟင်နရီဒူးနန့်ဆု မပေးပေမယ့် ရှေးဦးပြုစုမှုဆိုတာ မိသားစုကစတာပါပဲဗျာ”

**လင်း ဆေး(၁)**



# ကြိုတင်ကာကွယ်ခြင်းသည် ရှေးဦးပြုစုခြင်းပင်မည်၏

ရှင်ဇာနန်(မဟာသိပ္ပံ)

အံ့ဖွယ်ကောင်းသည့် ဖြစ်ရပ်များစွာရှိပါသည်။ သို့သော် နေ့စဉ်သတင်းစာ၊ ဂျာနယ်များကို ဖတ်ရှုမိလေတိုင်းအံ့ဩမိရသည်။ မယုံနိုင်စရာပင်ဖြစ်သည်။ ချစ်သည်ဆို၍သတ်သည်။ တူက ဦးလေးကိုသတ်၏။ သတ်ကြဖြတ်ကြသည့်သတင်းများသည် သတင်းစာရက်သတ္တပတ်စာကို လေ့လာခဲ့ရာ အောက်ပါ မှုခင်းသတင်းများတွေ့ရ၏။

၁၂-၉-၁၄ နေ့ထုတ်စံတော်ချိန်သတင်းစာတွင် 'သေကြောင်းကြံစည်ခြင်း ငါးကြိမ်ပြုလုပ်ဖူးသူ နွားတဲထုတ်တန်းတွင် ကြိုးဆွဲချသေ။' ၁၃-၉-၁၄ နေ့တွင် 'ရန်ငြိုးရန်စကြောင့် တစ်ရွာချင်းသားချင်း ဓါးခုတ်မှုဖြစ်' 'နာရေးအိမ်တွင် အရက်အတူ သောက်ရာက ဓါးထိုးမှုဖြစ်' ဟူ၍ပါရှိသည်။ ၁၄-၉-၁၄ နေ့တွင် 'သမီးရည်းစားကိစ္စ စကားများရာမှ ဓါးထိုးမှုဖြစ်၊' 'ခင်ပွန်းသည်ပျောက်ဆုံးနေရာမှ ဦးခေါင်းဒဏ်ရာဖြင့် လဲကျနေ' 'အမှိုက်ပုံအနီး အမည်မသိအမျိုးသားတစ်ဦးသေဆုံး'ဟူ၍သတင်းများပါရှိသည်။ ၁၆-၉-၁၄ ရက်နေ့တွင် 'တောလိုက်မုဆိုးဇနီး ထိုးသွင်းဒဏ်ရာ တစ်ချက်ဖြင့်သေဆုံးခဲ့' 'အငိုလွန်သည့်ကလေး ဖခင်ဖြစ်သူကစောင်ဖြင့်အုပ်ထား၍ ကလေးသေဆုံး' 'ချေးယူသည့်ငွေပြန်မပေး၍ ပေါက်တူးဖြင့်ခုတ်သတ်' 'ဘိလိယက်ခုံရန်ငြိုးရန်စဓါးထိုးမှုဖြစ်' ဟူ၍လည်းကောင်း ဖော်ပြထားကြသည်ကို စိတ်မကောင်းဖွယ်ရာတွေ့ရသည်။ ဖော်ပြမည်ဆိုပါက ဤမျှမကရှိမည်မှာသေချာသည်။ နိုင်ငံတစ်နံတစ်လျား၌ဖြစ်ပွားသော လူသတ်မှု၊မှုခင်းသည် နေ့စဉ်နှင့်အမျှ ဖြစ်ပွားလျက်ရှိနေပါသည်။

အဘယ်ကြောင့် သတ်ကြ ဖြတ်ကြပါသနည်း၊ တစ်ဦးနှင့်တစ်ဦး ရန်သူသဖွယ် သတ်သင့်သော အခြေအနေအမှန်ဖြစ်နေပါသလော။ အချို့မှာ မူးယစ်ဆေးဝါးကြောင့် စိတ်ဖောက်ပြန်၍ ကျူးလွန်ကြသည်။ အချို့မှာ ရန်ငြိုးရန်စကြောင့်ဖြစ်သည်။ အများစုမှာ ဒေါသအလျှောက်မထိန်းနိုင်၍ ကျူးလွန်ကြခြင်းဖြစ်သည်ဟုဆိုသည်။ မည်သည့် အကြောင်းပြချက်ပင်ဖြစ်စေ၊ ပြစ်မှုကျူးလွန်သူများသည် လူ့အသက်ကို တန်ဘိုးထားကြဟန်မတူပေ။ ဒေါသ အလျှောက် စိတ်ရှိတိုင်းရရိုးမှန်လျှင် လူတိုင်းပြုကြပေမည်။

လူသတ်မှုတိုင်း၌ ဒဏ်ရာဒဏ်ချက်များရှိ၏။ ရှေးဦးသူနာပြုစုရန် အလျှင်မှီလျှင်ကံကောင်း၏။ အလျှင်မမှီနိုင်သော လူသတ်မှုပို၍များ၏။ သို့သော် အချို့ကိုမှီနိုင်၏ ဦးစွာပထမ သွေးတိတ်အောင်လုပ်ပေးတတ်ဖို့ အရေးကြီး၏ အထူးသဖြင့်ကျေးလက်ဒေသများ၌ ရှေးဦးသူနာပြုစုနည်းသည်အရေးကြီး၏။

ဆေးရုံ ဆေးခန်းများနှင့် အလှမ်းဝေးသဖြင့် ကျေးရွာအလိုက် ရှေးဦးသူနာပြုတပ်ဖွဲ့များဖွဲ့စည်းထား သင့်ပေသည်။ ဖတ်မှတ်မိသမျှကို မှီ၍ဆိုရသော် ဓါးခုတ်၍ပြတ်ရှဒဏ်ရာများ၊ အချွန်အတက်ဖြင့် ထိုးသည့်ဒဏ်ချက်များ၊ ကြေမွသောဒဏ်ရာ ဒဏ်ချက်များကြောင့် အသက်ဆုံးရှုံးကြခြင်းက အများစုဖြစ်၏။ ဤဒဏ်ရာများအတွက် ရှေးဦးပြုစုနည်းပညာရပ်များ တတ်မြောက်ထားကြရပေမည်။

အမှန်မှာ ရှေးဦးသူနာပြုစုနည်းဟု ဆိုရာ၌ ဒဏ်ရာ ဒဏ်ချက်များကို သက်သာမှုရရှိစေရန် လိုအပ်သလို ခိုက်ရန်သတ်ဖြတ်မှုများ မပေါ်ပေါက်စေရန် လက်တွေ့ကျသော ကြိုတင်ကာကွယ်မှုများလည်း အရေးကြီးလှသည်။ ရှေးဦးကာကွယ်မှုကို ရှေးဦးပြုစုမှုဟုမှတ်ယူနိုင်ပါသည်။ ဒဏ်ရာကြောင့် အသက်မရှုံးစေရန် ရှေးဦးသူနာပြုစုနည်းဖြင့် ကာကွယ်ကြသလို အသက်အန္တရာယ်မရှိစေရန် ရှေးဦးပြုစုမှုများကို လုပ်ဆောင်ကြရန် အလွန်အရေးကြီးသည်။ အုပ်စုလိုက်သတ်ဖြတ်မှု၊ ခိုက်ရန်ဖြစ်ပွားမှုများ၊ အုပ်စုလိုက်ဆိုင်ကယ်စီး၍ ရမ်းကားမှုများသည် မင်းမဲ့စရိုက်ဆန်ဆန် မြို့ကြီးပြကြီးများ၌တွေ့ကြရသည်အထိ ပြစ်မှုထုပြောလျှက်ရှိသည်။ ပို၍ဆိုးဝါးသည်မှာ သွေးသားနီးစပ်သူများ ရန်ငြိုးရန်စမရှိ လမ်းသွားရင်းတိုက်မိသူများ၊ သူငယ်ချင်းအတူအရက်သောက်သူများ၊ သတ်ဖြတ်မှုတွင် ပါဝင်နေကြသည်ကိုတွေ့ရ၏။

လူကို သတ်ဝံ့သောစိတ်သည် မူမမှန်ဟုပြောဆိုရန်ခက်လှသည်။ အသိနှင့်ယှဉ်၍ ပြုရမည်ဆိုပါက အသက်ကို နှုတ်ယူရန်အထိ မည်သူ့တွင်မျှ တာဝန်နှင့် လုပ်ပိုင်ခွင့်မရှိသလို လိုအပ်မှုလည်း မရှိကြောင်း တွေ့ကြရမည်ဖြစ်သည်။ လူ့အသက်ကို ကျွန်ုပ်တို့ဖန်ဆင်းခြင်းမဟုတ်သဖြင့် နှုတ်ယူခွင့်လည်းမရှိသည်မှာအမှန်ပင်သည်။ ထို့ကြောင့် မလိုလားအပ်သော လူသတ်မှုကို ကြိုတင်ကာကွယ်ကြရန် အခြေအနေကတောင်းဆိုလာပြီဖြစ်သည်။ ထို့ကြောင့် အောက်ပါအတိုင်း ရှေးဦးကြိုတင်ကာကွယ်မှုကို ပြုလုပ်သင့်သည်ဟုအကြံပြုလိုပေသည်။

၁။ လူသတ်မှု ကျူးလွန်လျှင် မိမိလည်း အသေသတ်ခြင်းခံရနိုင်ကြောင်း၊ အသိပညာပေးရမည်။ ထိုသို့အသိပညာပေးရာတွင် နည်းမျိုးစုံအသုံးပြုရမည်။ သတင်းစာ၊ ဂျာနယ်၊ ရုပ်သံလွှင့်အစီအစဉ်များမှ လည်းကောင်း၊ ဘာသာရေးအသင်းအဖွဲ့အသီးသီးမှ တစ်ဆင့်လည်းကောင်း၊ အသိပညာဖြန့်ဝေရမည်။ ပိုစတာဆိုင်းဘုတ်များမှတစ်ဆင့် အသိပေးရမည်။

၂။ မူးယစ်ဆေးဝါး ရောင်းချသည့်နေရာ ပင်ရင်းများကို မြေလှန်ရှာရပါမည်။ မြစ်ဖျားခံရာအရပ်ကိုမသိလျှင် မူးယစ်ဆေးဝါးများသည် စီးဆင်းမြဲစီးဆင်းလာမည်ဖြစ်သည်။ ထို့ကြောင့် ဆေးကြောင်း၍လည်းကောင်း မူးယစ်ဆေးအတွက်လည်းကောင်း၊ သတ်ဖြတ်မှုများ ဖြစ်မြဲဖြစ်မည်ဖြစ်သည်။

၃။ အရက်ရောင်းသူများသည် အရက်ထဲ၌ မူးယစ်ဆေးများ ရောနှောမှုရှိမရှိ စီစစ်စုံစမ်းရမည်။ အရက်သည် ပင်ကိုယ်အားဖြင့် မူးယစ်ဆေးဟုဆိုရမည်ဖြစ်သော်လည်း အခြားမူးယစ်ဆေးများ ထပ်မံအရောအနှော လုပ်တတ်ကြ သည်ဟုဆိုသည်။ ထို့ကြောင့် သတိပေးစာတမ်းများ ပိုစတာများကို အရက်ဆိုင်များ၌ ကပ်ထားရမည်။ အသိပညာပေး သတင်းစကားများကို ကပ်ထားရမည်။

၄။ လမ်းမများပေါ်တွင်လည်းကောင်း၊ အခြားမသင့်လျော်သောနေရာများ၌ အရက်ဘီယာများရောင်းချခြင်း၊ သောက်စားခြင်းကို လုံးဝပိတ်ပင်ရမည်။ လူသတ်မှုသည် လမ်းမပေါ်အမူးသမားနှင့်တိုက်မိရာမှ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

၅။ လူငယ်လူရွယ်များ၌ အသင်းအဖွဲ့များရှိရာ မိမိတို့အသင်းအတွင်း၌ ဥပဒေရေးရာများ၊ အသိပညာပေး ဆွေးနွေးပွဲ၊ ဟောပြောပွဲများပြုလုပ်သင့်သည်။ လူငယ်အချင်းချင်းအတွေးအခေါ်မြော်မြင်မှုသဘောတရားများ ဖလှယ်ရန်

အခြေအနေများ ဖန်တီးကြရမည်။

၆။ ဘာသာရေးအသင်းအဖွဲ့များသည် ဘာသာရေးအဆုံးအမများ၊ လူမှုကျင့်ဝတ်များ၊ ဥပဒေရေးရာများကို မိမိတို့ အသင်းသူ/သားများ သိရှိစေရန် မကြာမကြာဟောပြောမှုများ ပြုလုပ်ရန်လိုသည်။

၇။ လူထုဆက်သွယ်ရေးလမ်းကြောင်းများ ဖြစ်သည့် ရုပ်သံလွှင့်၊ ရေဒီယို၊ FM များ၊ သတင်းစာ၊ ဂျာနယ်များမှတစ်ဆင့် အသိပညာပေး ထုတ်လွှင့်သင့်ပေသည်။ ဥပမာ 'လူသတ်မှုများအပေါ် ပညာရှင်များ၏ အမြင်သုံးသပ်ချက်များ' စသည်ဖြင့် တင်ဆက်နိုင်ပါသည်။

အစ္စလာမ်ဘာသာဝင်နိုင်ငံများ၌ မှုဒိမ်းမှုဖြင့် လူသတ်တရားခံများအား လူမြင်ကွင်း၌ ကွပ်မျက်ခြင်းမျိုး မပြုနိုင်သည့်တိုင်၊ လူသတ်ဝံ့သော ဒုစရိုက်သမားများ အသိတရားရရန် တစ်နည်းနည်းဖြင့် လုပ်ဆောင်သင့်သည့် ပြစ်မှုဆိုင်ရာများအနက် လူသတ်မှုသည် အဆုံးစွန် အဆိုးဝါးဆုံးဖြစ်သည်။ မော်ဒယ်အမျိုးသမီးကိုလည်း တစ်ဖက်သတ်ကြိုက်သူကသတ်သည်။ ၃ ရက်ခန့်သတ်ရန်ကြံစည်ခဲ့သည်။ အခြားဖြစ်ရပ်များစွာရှိသည်။ လူမြင်ကွင်း၌သတ်ကြသည်။ အနုပညာရှင်တစ်ဦးကို ကားဖြင့်ဆွဲ၍ သတ်ပြကြသည်။ သို့သော် ဤလူသတ်သမားများကို မည်ကဲ့သို့ အရေးယူခံရသည်ကိုပြည်သူလူထုအတွင်း အသိပေးမှုရေးရာ တိကျမှု မရှိပေ။

ဥပဒေအရာ၌ မိမိကိုယ်ကို ကာကွယ်မှုကြောင့် လူ့အသက်သေစေနိုင်သည်မှန်သော်လည်း မိမိကိုယ်၌ အခြားသူများ၏ အသက်ကို ရန်မရှာလျှင် များစွာသက်သာရာရနိုင်သည်။ သတ္တလောက၌ လူလူချင်းသာ သတ်ဖြတ်လေ့ရှိပြီး၊ အခြား တိရစ္ဆာန်များ၌ သတ်ဖြတ်လေ့မရှိပေ။ ရန်ဖြစ်လျှင် ရှုံးသူထွက်ပြေးခြင်းဖြင့် ပြီးမြောက်လေ့ရှိသည်။ စာရေးသူ ငယ်စဉ်ကကြားဘူးသည်မှာ ရှေးလူကြီးများ ရန်ဖြစ်တော့မည်ဆိုလျှင် သတ္တိရှိရင်ချမယ်ဟုပြောပြီး ခါးမှ ဓါးကို ချွတ်ကာ လက်ချည်းဗလာ တိုက်ခိုက်ကြသည်။ ရှုံးသူက ရှုံးကြောင်း လက်ခံလျှင် ပွဲပြီး၍ နှစ်ဦးနှစ်ဖက် ကြေအေးသည်။ ရန်မဖြစ်လိုလျှင် အမှုဆိုင်ကြသည်။ ကျိန်ဆိုပြီးကျောက်ကိုကိုက်ကြသည်။ အပြစ်ရှိလျှင် ကျိန်သည့်အတိုင်းခံရမည်ဟုသိကြသည်။ အပြစ်ရှိမည်မှားနိုင်သည်ဟု သံသယရှိလျှင် ကျိန်ခြင်းအမှုကို ရှောင်တတ်ကြသည်။ အချိန်ကိုစောင့်ခိုင်းတတ်ကြသည်။ တောင်းပန်သင့်လျှင်တောင်းပန်သည်။ စိတ်နှလုံးအကြွင်းမဲ့ ကြေအေးကြသည်။ အငြိုးအတေးမထားကြ။

လောကကြီးတွင် အမှားအမှန် သတ်မှတ်ချက်ရှိ၏။ ကုသိုလ်၊ အကုသိုလ်ရှိ၏။ တရားမှု၊ မတရားမှုရှိ၏။ လူတစ်ဦးသည် လူတစ်ဦးအပေါ် မတရားပြုပိုင်ခွင့်မရှိ။ လူတစ်ဦး၏ ခွင့်လွှတ်ခြင်းကို ရယူလိုလျှင် မိမိက သူတစ်ပါးတို့ကိုခွင့်လွှတ်နိုင်ရမည်။ ဤကားတရားမျှတမှုဖြစ်၏။ လူ့အသက်ကို မဖန်ဆင်းပေးနိုင်သလို နုတ်ယူရန်လည်း အခွင့်အလမ်းမရှိပေ။ စဉ်းစားတွေးခေါ်မျှော်မြင်တတ်သူတိုင်းသည် မိမိကိုယ်ကို တန်ဘိုးထားသကဲ့သို့ အခြားသူများကိုလည်း တန်ဘိုးထားပေးတတ်ကြ၏။ ချုပ်၍ဆိုရသော် ခိုက်ရန်ဖြစ်လျှင် လူ့ဂုဏ်သိက္ခာသည် ကြီးမားစွာ ကျဆင်းရပြီဖြစ်သည်။ ရှောင်ရမည် မရှောင်နိုင်လျှင် တရားသဖြင့် ဖြေရှင်းနိုင်ရမည်။ စိတ်နှလုံးထဲ၌ အထူးအမှတ်ရရမည်မှာ မိမိအပေါ် သူတစ်ပါးတို့ ပြုမူစေလိုသည့်အတိုင်း သူတစ်ပါးတို့ပြုမူစေလိုသည့်အတိုင်း သူတစ်ပါးတို့အပေါ်ပြုမူလေ့ဟူသော သမ္မာကျမ်းစာလာ ဆိုဆုံးမစကားကို စိတ်နှလုံးနိုးဆွရန်ဖြစ်ပါကြောင်း။

**ရှင်ဇာနန်**

# ကြက်ခြေနီလှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံ များ









## Myanmar Red Cross Activities Photo Section





အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆေးဘက်ဆိုင်ရာကူညီမှုများ

**ရပ်ကွက်** ထဲမှာတော့ ပွက်လောရိုက်လို့ပါပဲ။ ပထမဆုံးသတင်းကြားတာကတော့ လမ်းထိပ်မှာကွမ်းယာရောင်းတဲ့ 'ခင်မျိုးဆင့်'တဲ့။ ခင်မျိုးဆင့်က ညနေခင်းသူ့ဆိုင်ရှေ့ ခုံတန်းလျားမှာထိုင်ရင်း ငေးမောနေတဲ့အချိန် ဖျတ်ခနဲဆို သူ့ပါးကို ထုံးနဲ့တို့သွားသတဲ့လေ။ သူကတော့ အတိအကျပြောတယ်။ သူ့ပါးကိုတို့တာ 'ကျော်ကြီး'ပဲတဲ့။

နောက်တစ်ယောက်က သင်းသင်းအေး၊ သင်းသင်းအေး ကလည်း ဒီလိုပါပဲ။ သူက နောက်ဖေး ရေကပြင်မှာထိုင်ရင်း အဝတ်လျှော်နေတုန်း သူ့ကျောကို လက်ဝါးနဲ့ရိုက်ချလိုက်တာ တော်တော်နာသွားတယ်ဆိုပဲ။ သူလန့်ပြီးအော်တော့သူ့ယောကျ်ား ကိုမောင်လတ်ပြေးလာတယ်။ ဘာဖြစ်တာလဲမိန်းမဆိုတော့ သင်းသင်းအေးက ရှိုက်ကြီးတငင်ငိုရင်းပြောပြတယ်။ ကိုမောင်လတ်လည်း နားထောင်ရင်း မျက်ရည်ဝဲနေတယ်။ ပြီးတော့ သေချာတယ်ကွာ ကျော်ကြီးပါပဲ။ ငါစိတ်မကောင်းလိုက်တာလို့ပြောရင်း ခေါင်းငိုက်စိုက်ချထွက်သွားတယ်။

# နာမည်ကျန်ခဲ့တယ်

**ဆွဲ့ထားညို (သဏ္ဍလ)**

အဲဒီညနေ နေဝင်ရီရီးမှာပဲ ကိုကျော်မင်းတို့လင်မယား ထမင်းစားနေတုန်း ဖြုန်းဆို ထမင်းဝိုင်း အလယ်ခေါင်ကို ခဲလုံးတွေကျလာတယ်။ ဒီမှာတင် ကိုကျော်မင်းလည်း ထပြေး၊ ကိုကျော်မင်း မိန်းမ မနွယ်က ကိုမင်းရေလုပ်ပါဦးဆိုပြီး အနားမှာရှိတဲ့ ထမင်းစားပွဲအုပ်ဆောင်းကြီး အောက်ကိုအတင်းတိုးဝင်တာ၊ ကလေး နှစ်ယောက်လည်း ကျွက်ကျွက်ဆူလို့ပေါ့။ ခဏနေမှ ကိုကျော်မင်းက အရှက်ပြေပြန်လာရင်း သူ့မိန်းမ မနွယ်ကို ပြောတယ်။

'မင်းကလည်း ကြောက်တတ်လိုက်တာ၊ ကလေးတွေ ပစ်ပြီး ဘာဖြစ်လို့ဝင်ပုန်းရတာလဲ'

မနွယ်ကလည်း အားကျမခံ ပြန်ပြောတယ်

'တော်ကရော ဘာဖြစ်လို့ ယောကျ်ားတန်မဲ့ ဝင်ပြေးရတာလဲ'

ဒီတော့မှ လင်မယား နှစ်ယောက်ငိုအားထက် ရယ်အားသန်ရတယ်။ ကိုကျော်မင်းကတော့ မျက်ရည်လေး တလည်လည်နဲ့ အမှောင်ထဲကို ကြည့်ပြီးပြောတယ်။

'ကျော်ကြီးရာ၊ ငါရော၊ ငါ့မိန်းမရော ကြောက်တတ်တာ မင်းလဲ သိသားနဲ့ကွာ' တဲ့။

ညရှစ်နာရီလောက်မှာ တော့ အဖြစ်အပျက်က တကယ့်ရယ်စရာ။ ဇော်ဇော်နဲ့မောင်ထူးဆိုတဲ့ နှစ်ယောက်ပေါ့၊ အလုပ်ကပြန်လာပြီး အိမ်ဆီရောက်ချင်ဇောနဲ့ ခြေလှမ်းသွက်သွက်လှမ်းအလာ၊ လမ်းထိပ်က ဓမ္မာရုံနားလည်းရောက်ရော ဇော်ဇော့် ပုဆိုးစကို တစ်ယောက်ယောက်က ဆွဲထားလိုက်တယ်၊ ဆွဲရုံတင်မဟုတ်ဘူး၊ သူ့ပုဆိုးကို ရစ်ပြီး နှစ်ပတ်၊ သုံးပတ်လှည့်သေးတယ်ဆိုပဲ၊ ဒီမှာတင် အသံနက်ကြီးနဲ့ ဇော်ဇော်အော်ပါလေရော၊ မောင်ထူးကလည်း အဖော်ကိုကူမယ်မရှိဘူး၊ အသံကုန်ဖြစ်အော်ရင်း အိမ်ဆီပြေးလာတယ်။ သူတို့နှစ်ယောက် အသံကြားတော့ ရပ်ကွက်ထဲက အိမ်အချို့က ဓာတ်မီးလေးတွေ ကိုယ်စီကိုင်ပြီး ထွက်လာကြတယ်၊ လူတွေဝိုင်းလာတော့ မောင်ထူးလည်း မနေသာဘူး။ပြန်လိုက်လာတယ်။ဇော်ဇော်ကတော့ ကတုန်ကရီကြီးနဲ့ကျော်ကြီး၊ ကျော်ကြီးနဲ့ပြောနေပါရော။ မောင်ထူးကိုလည်း မင်းတော်တော် အားကိုးရတဲ့ကောင်လို့ ဒေါသနဲ့ပြောသေးတယ်။

'မင်းကအော်တော့ ငါလည်း ပြေးမိပြေးရာ ပြေးတာပါကွာ' လို့ မောင်ထူးကလည်း ချွေးစေးတွေ ပြန်နေတဲ့မျက်နှာကြီးနဲ့ တောင်းပန်တော့ ဇော်ဇော် ခေါင်းကြီးငုံ့ပြီး ရှက်နေပါရော။ နောက်ဆုံးဒီအဖြစ်အပျက်တွေက တစ်ရပ်ကွက်လုံးကိုပွနေတော့

တာ။နေဝင်မိုးချုပ်ဆို အားလုံးမျက်နှာငယ်လေးတွေနဲ့ သူ့အိမ်၊ ကိုယ့်အိမ် တောင်အော်သံ၊ ခေါ်သံမကြားရဘူး။ ဆင်ခြေဖုံး ရပ်ကွက်လည်းဖြစ်တော့ ပိုဆိုးတယ်။ ဒီတော့ ရပ်မိရပ်ဖ ဦးခင်မောင် ကမနေသာဘူး။ ဝါတွင်းဆိုတော့ ဥပုသ်နေ့ ဆွမ်းလောင်း အလှည့်ကျရင်ခက်မယ်လေ။ အရက်ဆွမ်းလောင်းမဲ့သူတောင် ရှိမှာမဟုတ်ဘူး။

ဦးခင်မောင် ရပ်ကွက်ထဲက ယောကျ်ားသားအချို့ကို ရေနွေးကြမ်းသောက် ဖိတ်လိုက်တယ်။ဦးခင်မောင်က စကားသိပ်မပြောပါဘူး။ရပ်ကွက်ထဲမှာ အကြောင်းကြီးငယ် ရှိမှလူကြီးရယ်လို့ မားမားမတ်မတ် ရပ်တဲ့သူ အခုလည်းခမ္ဘာရုံမှာလူစုံတော့ ဦးခင်မောင် ကပြောတယ်။

'မင်းတို့ကွာ၊ ကျော်ကြီးကို နာမည်မဖျက်ကြပါနဲ့၊ ကျော်ကြီးက ရေကြည်သောက်တဲ့သူပါ။ သူ့မှာ မကောင်းမှု အကုသိုလ်မကြီး လုပါဘူး'

ဒီလောက်လေး ပြောလိုက်ရုံနဲ့ အားလုံး သဘောပေါက်ပြီး ခေါင်းတညိတ်ညိတ် လုပ်သူလုပ်၊ မျက်ရည်လေးစမ်းစမ်းဖြစ်သူဖြစ်၊ သက်ပြင်းရှိုက်သူရှိုက်၊ ဖြစ်ကုန်ကြတာ။ ဟုတ်တယ်လေ။ ကျော်ကြီး ဘယ်လိုလူလဲ ဆိုတာတစ်ရပ်ကွက်လုံးသိနေတဲ့ဟာ။

အမှန်တော့ ကျော်ကြီးက အရက်သောက်တယ်၊ သူသောက်တာကတစ်မျိုး၊ အရက်ကို ညနေတိုင်း ပုံမှန် သောက်တာ၊ အရက်သမားစစ်စစ် လို့တောင် ပြောလို့ရတယ်၊ ဒါပေမယ့် ကျော်ကြီး အရက်မူးလို့ ဘယ်သူ့ကိုမှ မထိခိုက်ဘူး၊ တစ်နေ့ကို အရက်ကြမ်းလေး နှစ်ရာဖိုးလောက်သောက်ပြီး သေအောင် အလုပ်လုပ်တဲ့သူ။ ကျော်ကြီး အရက်သောက်လို့ မူးတာ၊ ရစ်တာ လုံးဝ မရှိဘူး။ ပြုံးပြုံး၊ ပြုံးပြုံးနဲ့အလုပ်တွေ ကုန်းရုန်းလုပ်တော့ အလုပ်ရှင်တွေဆိုတာ ကျော်ကြီးမှ ကျော်ကြီး၊ ကျော်ကြီးကြောင့် သူ့အမေ မုဆိုးမကြီးလည်း စိတ်မညစ်ရဘူး၊ သူ့အစ်မအပျိုကြီးတွေလည်းအရှက်မရကြဘူး။

နောက်တစ်ချက်က ကျော်ကြီးမှာ ညဥ့်ကောင်း တစ်ခုရှိတယ်။ ရပ်ကွက်ထဲမှာ အရေးအကြောင်းကိစ္စတစ်ခုရှိရင် မျက်နှာစိမ်း၊ မျက်နှာကျက် မရွေးဘူး၊ ကူညီတတ်တာ။ တစ်ရပ်ကွက်လုံး ကျော်ကြီး မရင်းနှီးတဲ့ အိမ်လည်း မရှိဘူး။ ဘယ်လောက်ပဲ ရင်းနှီးတယ် ဆိုပေမယ့်လည်း ကျော်ကြီးက စည်းကမ်းထားတယ်။ စားတာ၊ သောက်တာ ဝင်တာ၊ ထွက်သွားလာတာမှအစ အိမ်ရှင်မျက်နှာကို ကြည့်တယ်။ အိမ်ရှင် စိတ်မချမ်းသာဘူး ထင်ရင် ကူညီရုံ သက်သက်ပဲ။ ထမင်းတောင် ကျွေးလို့ စားတဲ့သူမဟုတ်ဘူး။

အထူးသဖြင့် ရပ်ကွက်ထဲမှာ နေထိုင်မကောင်း ဖြစ်တဲ့သူရှိရင် ကျော်ကြီး အရောက်သွားတယ်၊ ညဘက်လူ အစောင့်က ကျော်ကြီးဘဲ။ သက်ကြီးရွယ်အိုတွေ၊ ကလေးတွေ ဆို ပိုပြီးဂရုစိုက်တယ်။ ကိုယ်ဖိရင်ဖိပြုစုတယ်။ ဆေးရုံတင်ရမယ် ဆိုလည်း ကျော်ကြီး ပါသွားတာပဲ။ သွေးလိုတာတို့၊ ငွေလိုတာတို့ဆိုလည်း ကျော်ကြီး ရအောင် ရှာပေးတယ်။ ဒီတော့ တစ်ရပ်ကွက်လုံး ကျော်ကြီးမှ ကျော်ကြီး ဖြစ်နေတော့တာပဲ။

ဒါတင် မကသေးဘူး။ ကျော်ကြီးမှာ ကောင်းတဲ့ အချက်တွေရှိသေးတယ်။ မိုးတွင်းအခါ ရပ်ကွက်ထဲမှာ ရေကြီးရေလျှံမျိုး၊ လမ်းတွေ ကျိုးပေါက် ပျက်စီးတာမျိုးဆို ကျော်ကြီး တာဝန်ပဲ။ ရပ်ကွက်ထဲက ကလေးတွေကိုချီပိုးပြီး ကျောင်းပို့တာ လည်းရှိတယ်။ လမ်းတွေကို မချော်အောင် တိုက်ချွတ်ဆေးကြောတာလည်း ကျော်ကြီးလုပ်တယ်။ ဒီလိုလုပ်တဲ့နေရာမှာ ကျော်ကြီးက အဖော်မရှာဘူး။ သူတစ်ယောက်တည်း အားတဲ့အချိန်ထလုပ်တာ။ သူများက အမြင်မတော်လို့ ဝိုင်းကူရင်လည်း ရတယ်။ မကူရင်လည်း ကျော်ကြီးက ဘယ်သူ့ကိုမှ အပြစ်မပြောဘူး။ တစ်ယောက်တည်း သီချင်းတအေးအေးနဲ့လုပ်တာ။ ကျော်ကြီးက သီချင်းဆိုလည်း တော်တော်ကောင်းတာ။ သူဆိုတဲ့သီချင်းကိုလည်း ရပ်ကွက်က အလွတ်ရနေတယ်။

မိုးရေ× × တက်ရေတဖွေးဖွေး× ×
ကွင်းကျယ်အဝေးဝေး × × ×
လယ်စောင့်တဲလေး× × ×
ခြေတံရှည်× × × မိုးကုပ်အောက်
မှာနေ× × × ကြာနီတစ်ပွင့်
× × ဖြူတစ်ပွင့်× × × တဲနဲ့ပနံတင့်
ရယ်လို့× × × ကျောင်းစာတွေ
အော်ကျက်ရင်းနဲ့× × × မိအေးနဲ့
တို့ဘဝတွေ× × × တဲ့။

ကျော်ကြီး မိုးသီချင်းဆိုရင်

တစ်ရပ်ကွက်လုံး မျက်ရည်စို့တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျော်ကြီးက သူနဲ့ ကျောင်းအတူတူတက်ခဲ့တဲ့ သူငယ်ချင်းမကို လွမ်းနေတာအားလုံး သိတယ်လေ။ ဒါပေမယ့်ဟိုက ကျော်ကြီးကို အရေး မလုပ်တော့ ပါဘူး။ ကျော်ကြီးသီချင်းထဲကလို အရာရှိမကြီး ဒေါ်မိမိအေး ဖြစ်သွားတာကိုး။ ကျော်ကြီးကသာ သူ့အဖေ ဆုံးတော့ သားဖြစ်နေတဲ့ အတွက် အဖေ့တာဝန်ကို ပခုံးပြောင်းယူ ခံရတာ။ ကျော်ကြီးက သီချင်းသာဆိုတာ၊ မိအေးကိုတော့ မမုန်းတော့ပါဘူးတဲ့။ သူနဲ့ ကိုယ့်ဘဝက ကောင်းကင်နဲ့ မြေကြီး၊ အီးနဲ့ နံ့သာဆီလို ကွာခြားသွားပြီလို့ ကျော်ကြီးက ရယ်စရာ ပြောတတ် သေးတာ။

အဲဒီ့ကျော်ကြီးပေါ့။ မကြာသေးခင်က ရပ်ကွက်ထဲက အဘိုးတစ်ယောက် နေမကောင်းဖြစ်လို့ ဆေးရုံတင်ရတာကို သူကလူနာစောင့် အဖြစ်ပါသွားတယ်။ အိမ်သားတွေကလည်း သိပ်ပြီးများများစားစား မရှိလှဘူး။ဆိုတော့ နေ့ဘက်မှာပဲ ဝိုင်းဝန်းလုပ်ပေးပြီး ညဘက်ဆိုရင်တော့ ကျော်ကြီးဒိုင်ခံပေါ့။ ဒါပေမယ့် အသက်ခြောက်ဆယ်ကျော် ရှိနေတဲ့ အဘိုးရဲ့သားကတော့ ကျော်ကြီးနဲ့ နေပေးတယ်။ ဆေးရုံကလည်း နယ်ဆေးရုံဆိုပေမယ့် လူနာများနေတဲ့ အချိန်ဆိုတော့ လူနာစောင့် အိပ်စရာ ခုတင်မရှိဘူး။ နေ့ခင်းနေ့လည် သတင်းမေးလာသူတွေ ထိုင်ဖို့ခုံလေး နှစ်လုံးပဲရှိတယ်။ ညရောက်တော့ ကျော်ကြီး ဒီခုံနှစ်လုံးကိုဆက်ပြီး အဘိုးရဲ့သားကို အိပ်စေတယ်။ သူကတော့ တမံတလင်းပေါ် ဖျာကြမ်းလေးခင်းပြီးအိပ်တယ်။ ကျော်ကြီးက ပြောသေးတယ်။

'ဦးလေး အိပ်ရေးဝဝအိပ်နော်၊ အဘိုးနိုးရင် ကျွန်တော် လုပ်ပေးမယ်၊ ဦးလေးအသက်ကလည်း ငယ်တော့တာ မဟုတ်ဘူး၊ အိပ်ရေးပျက်လို့ မကောင်းဘူး' ဒီလိုပြောပြီး လူနာကို သူ့ပဲဂရုစိုက်လုပ်ပေးတယ်။ မနက်ရောက်တော့လည်း ကျော်ကြီး ကစောစောထတယ်၊ လူနာအဘိုးရဲ့ ပေါ့အပါးကိစ္စတွေတောင် သူက လုပ်ပေးလိုက်သေးတယ်။ အဘိုးကိုလည်း ဗိုက်ဆာနေမယ်ဆိုပြီး အိုဗာတင်း တစ်ခွက်ဖျော်တိုက်တယ်။နောက်တော့ အဘိုးက ပြန်မှိန်းနေတယ်။ကျော်ကြီးနဲ့အဘိုးရဲ့သားကတော့ မနက်ငါးနာရီ လောက်ရှိပြီဆိုတော့ မအိပ်တော့ဘဲ ဆေးရုံရှေ့ ခုံတန်းလျားလေးမှာ နှစ်ယောက်သား ရောက်တတ်ရာရာ ပြောနေကြတယ်၊ ကျော်ကြီးကပြောသေးတယ်တဲ့။

'ဦးလေးအဖေက လူကြီးနာဆိုတော့ ဆေးရုံပေါ်မှာ ကြာဦးမှာပဲ၊ စိတ်မညစ်ပါနဲ့ ဦးလေးရာ ကျွန်တော် ညတိုင်းလာစောင့်ပေးပါ့မယ်။ငွေကြေး အဆင်မပြေလည်းပြောပါ။ ကျွန်တော် ဆွဲပေးပါမယ်။ ဒါပေမယ့် နေ့ခင်းကတော့ ကျွန်တော်မနေနိုင်ဘူး။ အလုပ်သွားရဦးမယ်၊ ကျွန်တော့် အမေကို လုပ်ကျွေးရဦးမယ်။

ဒီလိုပြောပြီး ကျော်ကြီးက ကွမ်းယာလေးတစ်ရာကို ပါးစပ်ထဲ ထည့်ဝါးတယ်။ ခဏလေးပါပဲ။ ကျော်ကြီးရဲ့ ခေါင်းကဘေးမှာထိုင်နေတဲ့ လူနာရှင်ရဲ့ပခုံးပေါ်ကို စောင်းကျသွားတယ်။ ဟိုတစ်ယောက်က အံ့သြပြီး....

'ကျော်ကြီး မင်းဘာဖြစ် တာလဲ'

'ကျော်ကြီး ...ကျော်ကြီး'

ဘယ်လိုခေါ်ခေါ် ကျော်ကြီး မထူးနိုင်တော့ဘူး။ ဆရာဝန်ကို ပြေးခေါ်တော့ ကျော်ကြီးအသက် မရှိတော့ဘူး။ တစ်ရပ်ကွက်လုံး ငိုလိုက်ကြတာဆိုတာ ကမ္ဘာပျက်သလိုပဲ၊ ဟိုကလည်း ကျော်ကြီးရဲ့ နင်ဘယ်လို လုပ်သွားတာလဲ။ ဒီကလည်း ကျော်ကြီးရဲ့ နင်မရှိတော့ ငါတို့ အားငယ်တယ်ဟဲ့နဲ့ ငိုလိုက်ကြတာ ဆိုတာ မိန်းမ၊ ယောကျ်ား အကုန်ပဲလေ။ အသုဘပို့တော့လည်း ရပ်ကွက်ထဲက မျက်နှာကြီးမသာ ထက်တောင်စည်သေးတယ်။ မကြာသေးခင်က သေသွားတဲ့ ဦးအောင်တင် ဆိုတဲ့လူဆို တကယ့်သူဌေး၊ ကုန်စုံဆိုင်ကြီးနဲ့ အရပ်ထဲကိုလည်း ပေးကမ်းစားနေတာ လူကလည်း အသက်ငါးဆယ်ကျော်ပဲရှိသေးတယ်။ သူလည်း ဘာမှမဖြစ်ဘဲ ဗိုက်အောင့်တယ်ဆိုရုံနဲ့ သေတာပါပဲ။ သူ့တုန်းကတော့ ဘယ်သူမှ ငိုတယ်လည်းမရှိ။ ဝမ်းနည်းကြေကွဲပြီး အသသ ပြောနေတာမျိုးလည်း မရှိ။ အခုကျော်ကြီးဆိုမှ တစ်ရပ်ကွက်လုံး တသသနဲ့ ပြောမဆုံးဘူး။ ဒီကြားထဲကျော်ကြီး

**စာမျက်နှာ ၁၆၈ သို့**

# အာဆီယံနိုင်ငံ အမျိုးသားကြက်ခြေနီနှင့် လခြမ်းနီအသင်းများ

**Brunei Darussalam**

**Red Crescent Society**

ဘရူနိုင်းဒေရူဆလင်လခြမ်းနီအသင်း

တည်ထောင်သည့်နှစ် ၁၉၉၇

မြို့တော် ဘန်ဒါဆီရီ ဘီဂါဝမ်

**Cambodian Red Cross**

ကမ္ဘောဒီယားကြက်ခြေနီအသင်း

တည်ထောင်သည့်နှစ် ၁၉၅၅

မြို့တော် ဖနွမ်းပင်

**Indonesian Red Crescent Society**

အင်ဒိုနီးရှားကြက်ခြေနီအသင်း

တည်ထောင်သည့်နှစ် ၁၉၄၅

မြို့တော် ဂျကာတာ

**Laos Red Cross**

လာအိုကြက်ခြေနီအသင်း

တည်ထောင်သည့်နှစ် ၁၉၅၅

မြို့တော် ဗီယက်တင်

**Malaysian Red Crescent Society**

မလေးရှားလခြမ်းနီအသင်း

တည်ထောင်သည့်နှစ် ၁၉၄၈

မြို့တော် ကွာလာလမ်ပူ

**Myanmar Red Cross Society**

မြန်မာနိုင်ငံကြက်ခြေနီအသင်း

တည်ထောင်သည့်နှစ် ၁၉၃၇

မြို့တော် နေပြည်တော်

**Philippine National Red Cross**

ဖိလစ်ပိုင်အမျိုးသားကြက်ခြေနီအသင်း

တည်ထောင်သည့်နှစ် ၁၉၄၇

မြို့တော် မနီလာ

**Singapore Red Cross Society**

စင်ကာပူကြက်ခြေနီအသင်း

တည်ထောင်သည့်နှစ် ၁၉၄၉

မြို့တော် စင်ကာပူ

**Singapore Red Cross Society**

ထိုင်းကြက်ခြေနီအသင်း

တည်ထောင်သည့်နှစ် ၁၈၉၃

မြို့တော် ဘန်ကောက်

**Timor Leste Red Cross**

တီမောကြက်ခြေနီအသင်း

တည်ထောင်သည့်နှစ် ၂၀၀၁

မြို့တော် ဒိုင်လီ

**Viet Nam Red Cross**

ဗီယက်နမ်ကြက်ခြေနီအသင်း

တည်ထောင်သည့်နှစ် ၁၉၄၆

မြို့တော် ဟနွိုင်း




အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီ လှုပ်ရှားမှုကြီးသည် မဆုတ်မနစ် ဇွဲလုံ့လအပြည့်ဖြင့် သဘာဝဘေးဒုက္ခများ၊ ပဋိပက္ခများ၌ လူသားချင်းစာနာ ထောက်ထားသောအားဖြင့် ဘေးဒုက္ခဒဏ်ခံရသူများကို လိုအပ်သော လူမှု ကရုဏာ အကူအညီများ ပေးလာခဲ့သည်မှာ နှစ်ပေါင်း ၁၅၀ ခရီးတိုင်ခဲ့ပြီ ဖြစ်ပေသည်။

လွန်ခဲ့သည့်နှစ်ပေါင်း ၁၅၀က ကြက်ခြေနီလူမှုကရုဏာလုပ်ငန်းအစပျိုးခဲ့သူ တစ်နည်းအားဖြင့် ကိုယ်ကျိုးစွန့် အနစ်နာခံကူညီတတ်တဲ့ ကြက်ခြေနီစိတ်ဓါတ်ကို လူသားတွေများ၏ နှလုံးသားတွင် ပေါက်ဖွားစေခဲ့သူ (သို့မဟုတ်) ကြက်ခြေနီလှုပ်ရှားမှုကို အစပြုခဲ့သူ ဟင်နရီဒူးနန့်ကို ဂုဏ်ပြုသောအားဖြင့် ဟင်နရီဒူးနန့်၏မွေးနေ့ဖြစ်သော မေလ(၈)ရက်ကို ကမ္ဘာ့ကြက်ခြေနီနေ့ အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ကြက်ခြေနီအသင်းများနှင့် ကြက်ခြေနီ လုပ်ငန်းများကို လူသားများ ဂရုပြုအမှတ်ရစေရန် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်းမှ ဦးဆောင်ပြီး ၁၉၄၈ခုနှစ်မှစတင်၍ နှစ်စဉ်နှစ်တိုင်း နိုင်ငံအသီးသီး၌ ဖွဲ့စည်းထားသော အမျိုးသားကြက်ခြေနီအသင်းတိုင်း က ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် အခမ်းအနားများကို နှစ်စဉ်ကျင်းပလျက်ရှိပေသည်။

## ကြက်ခြေနီသမိုင်းနောက်ခံ

ကြက်ခြေနီနှင့် လခြမ်းနီ လှုပ်ရှားမှုသည် စစ်ပွဲအတွင်း မွေးဖွားလာခဲ့ပါသည်။ ၁၈၅၉ခုနှစ်တွင် ဆွစ်ဇာလန်နိုင်ငံသား ဟင်နရီဒူးနန့်သည် ပြင်သစ်ဧကရာဇ် တတိယမြောက် နပိုလီယံထံ သွားရောက် စဉ် ဆိုလ်ဖာရီနိုအရပ်၌ ပြင်သစ် – အီတလီ စစ်တပ်များ နှင့် ဩစတြီးယားစစ်တပ်တို့အကြား ဖြစ်ပွားသည့်စစ်ပွဲ၏ အနိဋ္ဌာရုံများ ကို မျက်မြင် ကြုံတွေ့ခဲ့ရပြီး စစ်ပွဲအတွင်း ဒဏ်ရာရစစ်သည်များကို တတ်စွမ်းသမျှ ကူညီပြုစု စောင့်ရှောက်ခဲ့သည်။ စစ်ပွဲပြီးဆုံး ၍ နေရပ်ပြန်ရောက်သည့် အခါ ဟင်နရီဒူးနန့်သည် ..ဆိုလ်ဖာရီနို အောက်မေ့ဖွယ် အမည်ဖြင့် မိမိ၏ အတွေ့အကြုံများကို စာအုပ်ရေးသား ထုတ်ဝေခဲ့သည်။ စစ်ဖြစ်ပွားချိန်တွင် ဒဏ်ရာ ရသူများအား ပြုစုစောင့်ရှောက်ရန်အတွက် နိုင်ငံတိုင်း၌ စေတနာ့ဝန်ထမ်းအဖွဲ့များ ဖွဲ့စည်းထားရန်နှင့် ထိုစေတနာ့ ဝန်ထမ်းများအား အကာအကွယ်ပေးရန်အတွက် နိုင်ငံများ၏ သဘောတူညီချက်ရယူရန်ဆိုသည့် အချက်နှစ်ချက်ကို ၄င်း၏ စာအုပ်တွင် ထည့်သွင်းအဆိုပြုခဲ့သည်။ ထိုအချက်များသည် ပထမ ဂျီနီဗာသဘောတူညီချက်ဖြစ်သော လက်နက်ကိုင်တပ်ဖွဲ့များမှ စစ်မြေပြင်တွင် ဒဏ်ရာရသူများနှင့် နာမကျန်း

ဖြစ်နေသူများအား ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ သဘောတူညီချက်ကို အတည်ပြုလက်ခံခြင်းနှင့်အတူ ၁၈၆၄ခုနှစ်တွင် အကောင်အထည် ပေါ်လာသည်။ ၁၈၆၃ ခုနှစ်တွင် ငါးဦးကော်မတီကို ဖွဲ့စည်းနိုင်ခဲ့သည်။ ထိုကော်မတီကို ကနဦးတွင် အပြည်ပြည်ဆိုင်ရာ ဒဏ်ရာရသူများ ကယ်ဆယ်ရေးကော်မတီ (International Committee for Reliet to the Wounded) ဟုခေါ်ခဲ့ပြီး နောက်ပိုင်းတွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) ဟု ပြောင်းလဲသတ်မှတ်ခဲ့သည်။ အမျိုးသားကြက်ခြေနီအသင်းများ ပေါ်ပေါက်လာခဲ့ခြင်းနှင့်အတူ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (IFRC) ကိုလည်း ဖွဲ့စည်းတည်ထောင်ခဲ့သည်။

## အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှု

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (အိုင်စီအာရ်စီ)နှင့် အမျိုးသားကြက်ခြေနီနှင့်လခြမ်းနီအသင်းများသည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီအသင်းများဖက်ဒရေးရှင်း (ဖက်ဒရေးရှင်း) နှင့်အတူတကွ စုပေါင်း၍ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီလှုပ်ရှားမှု (လှုပ်ရှားမှု) ကိုဖော်ဆောင်ထားခြင်းဖြစ်ပါသည်။ ထုံးစံအားဖြင့် ထိုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များသည် ဂျီနီဗာသဘောတူညီချက်ကို လက်မှတ်ရေးထိုးထားသောနိုင်ငံများမှ ကိုယ်စားလှယ်များနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီညီလာခံ၌ လေးနှစ်တစ်ကြိမ် တွေ့ဆုံကြပါသည်။

## ကြက်ခြေနီနှင့်လခြမ်းနီအသင်းများ

ယခုဆိုလျှင် ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း (၁၈၉)တွင် အမျိုးသားကြက်ခြေနီနှင့်လခြမ်းနီအသင်းပေါင်း (၁၈၉) သင်းရှိနေပြီဖြစ်သည်။ ထိုအမျိုးသားအသင်းများ၏ တစ်ခုတည်းသော ခံယူချက်မှာ အမျိုးသားအသင်းတစ်သင်းနှင့် တစ်သင်းအတူအကွ ပူးပေါင်းလက်တွဲ၍ ဘေးအန္တရာယ်ကြုံတွေ့လာပါက တစ်သင်း၏ အခက်အခဲကို တစ်သင်းက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် တာဝန်ရှိသည်ဟု လက်ခံယုံကြည်ထားကြပေသည်။

## အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီလှုပ်ရှားမှု

အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီ လှုပ်ရှားမှု၏အမိုးအောက်တွင် မိသားစုဝင် ၃ ဦးရှိပါသည်။ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (အိုင်စီအာရ်စီ)၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (အိုင်အက်ဖ်အာရ်စီ) နှင့် ၁၈၉ သင်းသော အမျိုးသားကြက်ခြေနီ/လခြမ်းနီအသင်းများဖြစ်ပေသည်။ ကွန်ရက်တို့အနေဖြင့် ကြက်ခြေနီ/လခြမ်းနီ လှုပ်ရှားမှုများကို ဆောင်ရွက်ရာ၌ ကြက်ခြေနီလှုပ်ရှားမှုကြီးမှ လက်ကိုင်ထားရှိသော အခြေခံမူ (၇) ချက်နှင့်အညီ လူမျိုး၊ ဘာသာ၊ အဆင့်အတန်းခွဲခြားမှုမရှိ၊ ဘက်လိုက်မှု မရှိ၊ ကြားနေလျက် ဘေးအန္တရာယ်ကျရောက်လွယ်သူနှင့် ကျရောက်နေသူ မည်သူ့ကို မဆို ကြက်ခြေနီ၏အခြေခံမူများ၊ စည်းမျဉ်းစည်းကမ်းများနှင့် အညီ လိုအပ်ချက်အလိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

## မြန်မာနိုင်ငံကြက်ခြေနီအသင်း

အမျိုးသားအသင်း (၁၈၉)သင်း၏ အသင်းဝင်တစ်သင်းဖြစ်သော မြန်မာနိုင်ငံကြက်ခြေနီအသင်းကို အိန္ဒိယနိုင်ငံ ကြက်ခြေနီအသင်း၏ အသင်းခွဲအနေဖြင့် ၁၉၂၀ ပြည့်နှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။ ထို့နောက် ၁၉၃၇ ခုနှစ်တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းအဖြစ် သီးခြားရပ်တည်ခဲ့သည်။ ၁၉၃၉ ခုနှစ် ဧပြီလ ၂၀ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီမှ အမျိုးသားကြက်ခြေနီအသင်းအဖြစ်အသိအမှတ်ပြုခဲ့သည်။ ၁၉၄၆ ခုနှစ်၊ မေလ ၂၃ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီအသင်းများဖက်ဒရေးရှင်း၏အဖွဲ့ဝင် အသင်းတစ်သင်း ဖြစ်လာသည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်း အက်ဥပဒေကို ၁၉၅၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည်။ ၎င်းအက်ဥပဒေကို ၁၉၆၄၊ ၁၉၇၁ နှင့် ၁၉၈၈ ခုနှစ်များတွင် ထပ်မံပြင်ဆင်ခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် ပြောင်းလဲလာသောခေတ်၊ စနစ်နှင့်အညီ ပြန်လည်ရေးဆွဲလျက်ရှိပြီး လွှတ်တော်သို့တင်ပြ အတည်ပြုချက်ရယူရန် စီစဉ်ဆောင်ရွက်လျက်ရှိပေသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် အမျိုးသားအသင်း၏တာဝန်ဝတ္တရားများဖြစ်သည့် လူမှုကရုဏာလုပ်ငန်းများကို .. ဆင်းရဲဒုက္ခနည်းပါးသက်သာစေရန် ဆိုသော ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ အဆိုပါရည်ရွယ်ချက်အောင်မြင်ရန်အတွက် ကျန်းမာရေးမြင့်တင်ရန်၊ ရောဂါ

ဘေးတားဆီးရန်နှင့် ဘေးဒုက္ခကျရောက်သူများကို ကူညီပေးရန် အစရှိသည့် လုပ်ငန်းစဉ် (၃)ရပ် ချမှတ်ထားသည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ကြက်ခြေနီ စေတနာလုပ်အားရှင် လေးသောင်းကျော် ကွန်ယက်မှတဆင့် တစ်နိုင်ငံလုံးဖြန့်ကျက်၍ လူမှုကရုဏာလုပ်ငန်းများကို ရှေ့ဆောင်ဦးရွက်ဆောင်ရွက်နေသော လူမှုရေးအသင်းကြီးဖြစ်သည်နှင့်အညီ ဘေးဒုက္ခကျရောက်လွယ်သူများ၏ ကျန်းမာရေးနှင့် စားဝတ်နေရေးကို တိုးတက်ကောင်းမွန်အောင် ကူညီဆောင်ရွက်ပေးသည်။ အသင်းကြီးသည် အခြားသော ဝန်ကြီးဌာနများ၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ သတင်းနှင့်ပြန်ကြားရေးမီဒီယာများ၊ ရေဒီယိုနှင့်ရုပ်မြင်သံကြားစသည့် အဖွဲ့အစည်းအသီးသီးတို့ ဖြင့်ပူးပေါင်းလျက် လူမှုကရုဏာလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။





အသင်းကြီး၏ မျှော်မှန်းချက်မှာ မြန်မာနိုင်ငံတစ်ဝန်းရှိ ဘေးဒုက္ခကျရောက်လွယ်သူများနှင့် ဘေးအန္တရာယ်ကျရောက်နေသူများအတွက် အများပြည်သူတို့ကိုယ်တိုင်ပါဝင်ဆောင်ရွက်သည့် လူမှုကရုဏာလုပ်ငန်းများကို အချိန်အခါမရွေး လုပ်ဆောင်သော ထိပ်တန်းအဖွဲ့အစည်း ဖြစ်လာစေရန်ဖြစ်သည်။ လုပ်ဆောင်ချက်အနေဖြင့် အသင်းသည် နိုင်ငံတစ်ဝန်းရှိ စေတနာလုပ်အားရှင်များ၏ စွမ်းပကားဖြင့် အန္တရာယ်ကျရောက်လွယ်သူများ၏ လူမှုအဖွဲ့အစည်းများအတွင်းလည်းကောင်း၊ တစ်ဦးချင်းအတွက်လည်းကောင်း၊ ကျန်းမာရေးမြှင့်တင်ရန်နှင့် ဘေးအန္တရာယ်ကင်းဝေးသောပတ်ဝန်းကျင်ထူထောင်ရန် ကြိုးပမ်းဆောင်ရွက်မည်ဖြစ်သည်။ ဘေးဒုက္ခကျရောက်နေချိန်တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ဘေးဒုက္ခကျရောက်နေသူများ ၎င်းတို့၏ ပုံမှန်ဘဝပြန်လည်ရောက်ရှိစေရန် ကူညီဆောင်ရွက်မည်။

နိုင်ငံတစ်ဝန်း ကြုံတွေ့နေရသည့် နာဂစ်မုန်တိုင်းကာလ၊ ဂိရိမုန်တိုင်းကာလ၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်မငြိမ်သက်မှုများအစရှိသည့် သဘာဝဘေးအန္တရာယ်ကျရောက်ချိန် နှင့် ပဋိပက္ခဖြစ်ပွားချိန်များတွင် ကြက်ခြေနီစေတနာလုပ်အားရှင်များသည် အခြေခံမူ (၇)ချက်နှင့်အညီ ဘေးဒဏ်သင့်သူများ၏ ကျန်းမာရေး၊ စိတ်ပိုင်းဆိုင်ရာအားပေးမြှင့်တင်ရေး၊ အမိုးအကာရရှိရေး၊ ရေကောင်းရေသန့်ရရှိရေး၊ မိသားစု ပြန်လည်ဆက်သွယ်ပေးရေး၊ သွေးသန့်သွေးလှူရှင်များစုဆောင်းပေးခြင်းနှင့် အရေးပေါ်သွေးလှူဒါန်းပေးခြင်း အစရှိသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများကို အချိန်နှင့်တပြေးညီ ကိုယ်ကျိုးမဖက် တက်ကြွစွာဆောင်ရွက်ခဲ့ပေသည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် ပြည်နယ်/တိုင်းဒေသကြီးများရှိ ကြက်ခြေနီစေတနာလုပ်အားရှင်များ၏ ကိုယ်ကျိုးစွန့် ပါဝင်ကူညီမှုများနှင့်အတူ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီအသင်းများဖက်ဒရေးရှင်း၊ မိတ်ဖက်အမျိုးသားကြက်ခြေနီ/လခြမ်းနီအသင်းများ၏အကူအညီဖြင့် နိုင်ငံတစ်ဝန်း ဘေးဒုက္ခကျရောက်ရာနေရာဒေသများသို့ အခက်အခဲအတားအဆီးများအကြားမှသွားရောက်ကာ လူမှုကရုဏာလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ ၂၀၁၂ ခုနှစ်အတွင်း လူပေါင်း တစ်သန်းကျော်အတွက်လုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

အလားတူ ဆယ်စုနှစ်ကာလအတွင်း ကမ္ဘာတစ်ဝန်း ဘေးဒုက္ခကျရောက်ခံရသည့် လူသား သန်းပေါင်းများစွာကို ကြက်ခြေနီစေတနာလုပ်အားရှင်များက ဖေးမကူညီပေးခဲ့ပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီးမှ တစ်ဘီလီယံနီးပါးသော စေတနာလုပ်အားရှင်များသည် မိမိတို့နိုင်ငံ၊ လူမျိုး၊ ဒေသ

အတွက် လူမှုကရုဏာလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ထိုအထဲမှ ၁၃ သန်းကျော်သည် ကြက်ခြေနီ/လခြမ်းနီ စေတနာလုပ်အားရှင်များဖြစ်ပြီး ၅၀ ရာခိုင်နှုန်းသည် ကြက်ခြေနီ/လခြမ်းနီ လူငယ်အင်အားစုများဖြစ်ကြသည်။ အပြည်ပြည်ဆိုင်ရာကြက်ခြေနီ/လခြမ်းနီလှုပ်ရှားမှု၌ ဘေးအန္တရာယ်ကျရောက်လွယ်သော၊ ကျရောက်နေသော ပြည်သူများအတွက် အကျိုးအမြတ်တစ်စုံတစ်ရာ မျှော်ကိုးခြင်းမရှိဘဲ စိတ်စေတနာအလျောက် ပြည်သူများ၏ လိုအပ်ချက်ကို နိုင်ငံတော်၏ လူမှုကရုဏာလုပ်ငန်းများဆောင်ရွက်ရာတွင် အရန်အင်အားအဖြစ် ကျန်းမာရေး၊ ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိပေသည်။

ကြက်ခြေနီ/လခြမ်းနီလှုပ်ရှားမှု စတင်ခဲ့သည့် နှစ်ပေါင်း ၁၅၀ အတွင်း လူမှုကရုဏာလုပ်ငန်းများကို စစ်မက်ဖြစ်ပွားချိန်နှင့် ပဋိပက္ခဖြစ်ပွားချိန်အတွင်း လုပ်ဆောင်ရာတွင် စိန်ခေါ်မှု အသစ်အသစ်များနှင့် အစဉ်အမြဲကြုံတွေ့ရသော်လည်း ကူညီဆောင်ရွက်လိုစိတ်ဆန္ဒတစ်ခုတည်းဖြင့် အခက်အခဲ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ခဲ့ကြသည်။ ကြက်ခြေနီ/လခြမ်းနီအသင်းများအနေဖြင့် အကူအညီ လိုအပ်နေသူများကို ခွဲခြားမှုမရှိဘဲ ကူညီဆောင်ရွက်နေသူများဖြစ်ကြောင်း၊ ဘက်လိုက်မှုမရှိသော လူမှုကရုဏာလုပ်ငန်းများ ဆောင်ရွက်နေကြောင်းကို ပြည်သူလူထုမှအသိအမှတ်ပြုပေးရန် လိုအပ်သလို ကြက်ခြေနီလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ရန် လိုအပ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ကြက်ခြေနီ/လခြမ်းနီအသင်းများ၏ သင်္ကေတအမှတ်အသားသည်လည်း အရေးကြီးသည့် အဓိကအခန်းကဏ္ဍတွင်ပါဝင်ပါသည်။ ကြက်ခြေနီမဟုတ်သော အဖွဲ့အစည်းများအနေဖြင့် ကြက်ခြေနီ အမှတ်အသားကို အသုံးပြုခြင်းသည် လွဲမှားစွာအသုံးပြုခြင်းဖြစ်သည့်အတွက် ကြက်ခြေနီအခြေခံမူနှင့်အညီ နှစ်ပေါင်းများစွာစောင့်ထိန်းလှုပ်ရှားခဲ့သည့် ကြက်ခြေနီလူမှုကရုဏာ လုပ်ငန်းများကိုထိခိုက်နိုင်ပါသည်။ အထူးသဖြင့် ပဋိပက္ခအခြေအနေများတွင် ကယ်ဆယ်ရေးလုပ်ငန်းများကို သက်စွန့်ဆံဖျား ဆောင်ရွက်ပေးရသော ကြက်ခြေနီစေတနာလုပ်အားရှင်များနှင့်လူမှုကရုဏာလုပ်ငန်းများအားလုံး၏ လုံခြုံရေးကို ထိခိုက်စေနိုင်သည့်အတွက် တစ်ဦးချင်းအလိုက်၊ အဖွဲ့အစည်းအလိုက် လေးစားလိုက်နာဆောင်ရွက်ခြင်းအားဖြင့် ကြက်ခြေနီလုပ်ငန်းများကို ပံ့ပိုးကူညီကြရန်တိုက်တွန်းအပ်ပေသည်။

အသင်းအနေဖြင့် ဘေးအန္တရာယ်ကြိုတင် ပြင်ဆင်ရေးနှင့်တုန့်ပြန်ဆောင်ရွက်ရေး လုပ်ငန်းများကို အချိန်နှင့်တပြေးညီ ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာကြက်ခြေနီလှုပ်ရှားမှုများတွင် ပါဝင်နေသည့်အတွက် နိုင်ငံတကာကြက်ခြေနီအဖွဲ့အစည်းများ၊ မိတ်ဖက်အမျိုးသားအသင်းများ၊ ပြည်တွင်းအစိုးရမဟုတ်သည့်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆက်သွယ် ဆောင်ရွက်ရာတွင် နိုင်ငံတော်ကချမှတ်ထားသည့် ဥပဒေဘောင်အတွင်း ကြက်ခြေနီအခြေခံမူ (၇) ချက်ကို လက်ကိုင်ထား၍ လွတ်လပ်စွာဆောင်ရွက်လျက်ရှိပါသည်။

---

**စာမျက်နှာ ၁၆၃ မှ**

သရဲဆိုတာကလည်း လာသေးတယ်။ ဟိုအိမ်ကလည်း သူတို့အိမ် ကျော်ကြီးလာတယ်။ ဒီအိမ်ကလည်း သူတို့အိမ် ကျော်ကြီးလာတယ်နဲ့ကိုဖြစ်နေတာ အသက်ရှင်စဉ်ကလည်း ကျော်ကြီးက ဒီလိုပဲသွားလာနေကြကိုး။ နောက်ပြီးကျော်ကြီးက အစအနောက်လည်းသန်တယ်လေ။ ဦးခင်မောင်ကတော့ပြောတယ်။

ကျော်ကြီးကို စိတ်စွဲနေကြတာဆိုတော့ ဘာဖြစ်ဖြစ် ကျော်ကြီးသရဲလို့ ပြောကြတာပေါ့ကွာ၊ ကျော်ကြီးက သရဲမဖြစ်ပါဘူး။ ဖြစ်ခဲ့ရင်တောင် ဘယ်လူနာကို ဘယ်လို ကူညီစောင့်ရှောက်ရမလဲလို့ ချောင်းနေတဲ့ ကြက်ခြေနီ သရဲပဲဖြစ်တော့မှာပေါ့။

ဦးခင်မောင်ပြောတော့ အားလုံးပြုံးစိစိ ဖြစ်သွားကြတယ်၊ ဟုတ်တယ်၊ ကျော်ကြီးက လူနာပြုစုတဲ့နေရာမှာတော့ တကယ်စိတ်ရှည်တယ်။ သူ့အလှည့်မှာတော့ ဘယ်သူ့အပြုအစုမှ မခံသွားရရှာဘူး။ ဒါလည်း ကုသိုလ်တစ်မျိုးလို့ပြောရမှာပဲ။

ဘာပဲဖြစ်ဖြစ် ကျော်ကြီး ကံကောင်းပါတယ်။ သေသောသူကြာရင်မေ့ဆိုပေမယ့် ကျော်ကြီးကိုတော့ ဘယ်သူမှမမေ့ကြပါဘူး။ အထူးသဖြင့် ရပ်ကွက်ထဲမှာ နေထိုင်မကောင်းဖြစ်တဲ့အခါမျိုးပေါ့။

**သွဲ့ထားညို**
**(သက္ကလ)**

" ABCD မတတ်ဘဲနဲ့ အရပ်ထဲကိုဝင် × ဖိနပ်ခိုးတာနင်"လို့ ငယ်ငယ်တုံးက တို့တစ်တွေစကြ၊ နောက်ကြ ပြောင်ကြတယ်။ ဒီနေ့ခေတ်မတော့ABC ကိုဆောင် အိုတောင် မဆင်းရဲ လို့ပြောရမယ်။"

အလွန်နာမည်ကြီးလှကြောင်း ကြားဖူးနားဝရှိခဲ့ပါသည်။ ယခုကိုယ်တွေ့ကြုံမှ ကျွန်တော်ယုံရပါတော့သည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌကြီး (၁၄)ဦး ရှိခဲ့ကြောင်း ကျွန်တော်လေ့လာ မှတ်သားခဲ့ရပါသည်။

## ကြက်ခြေနီဥက္ကဋ္ဌကြီးတစ်ဦး

# ကြုံဖူးသည့်ရုပ်ပုံလွှာ

ချစ်ဦး

" အခိပ္ပါယ်ကိုရှင်းပြပေးပါလား ... ဆရာ။"

" A ဆိုတာက Abstain from sex ကွ။ ဖြစ်နိုင်ရင် လိင်မဆက်ဆံနဲ့။ လိင်ဆက်ဆံမှုကို ဝေါင်ဝေါင် ရှေး ဝေးဝေးရှောင်ပါ။ B ဆိုတာက Be faithful to your wife or husband ဇနီးခင်ပွန်းစတဲ့ မိမိ ချစ်သူအပေါ်မှာ နှစ်တစ်ရာအတိ၊ သစ္စာကတိနဲ့ မေတ္တာရှိရမယ်။ လိင်ဆက်ဆံ ဖက်မများစေနဲ့ပေါ့ကွာ။ C ဆိုတာကတော့ Use Comdom မလွဲမရှောင်သာလို့ ဟဝ္ဂပြုရတော့မယ် ဆိုရင်တော့ အကာအကွယ်သုံးပေါ့။"

"ဆရာကလဲ အကာအကွယ် ကွန်ဒုံးသုံးတော့ သကြားလုံးကို အခွံမခွာဘဲ စုပ်သလို၊ မိုးကာဝတ်ပြီး ရေချိုး သလို မစိုမချိုကြီးဖြစ်နေမှာပေါ့ ဆရာရဲ့ ကျွန်တော်က ချိုလဲချို စိုလဲစိုမှကြိုက်တာဗျ အဟီး..."

အမက (၂) ကမာရွတ် (တက္ကသိုလ်နယ်မြေ) ကျောင်းအုပ်ကြီး ဦးခင်လတ်နှင့် ကြက်ခြေနီဌာနချုပ် သင်တန်းဌာနအရာရှိ ဦးအုန်းသွင်တို့ ကြိုတင်လေ့ကျင့် နေသော ဇာတ်ဝင်ခန်းကိုကြည့်ကာ ကျွန်တော်အပါဝင် ပရိသတ်အားလုံး တဟားဟားရယ်မောနေကြရပါသည်။ ထိုနာမည်ကျော်ကြား လူကြိုက်များလှသော "ခုခံအား မကျစေလိုပါ" AIDS ပညာပေးဇာတ်လမ်းကို ကိုယ်တိုင် ရေး၍ ကိုယ်တိုင် ဇာတ်တိုက်ပေးနေသူကား မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌကြီး ဒေါက်တာကျော်ဝင်း (၁၉၉၉–၂၀၀၅)ဖြစ်ပါ၏။ ဆရာကြီးသည် ကျန်းမာရေး ပညာပေးတစ်ခန်းရပ်ပြဇာတ်များရေးသား တင်ဆက်ရာတွင်

ဘုရင်ခံချုပ် ဆာရယ်ဂျီနယ် ကရက်ဒေါက် (၁၉၂၀–၁၉၄၅)၊ ဘုရင်ခံချုပ် ဆာအော်စကာဒီဂလန်မီး (၁၉၄၅–၁၉၄၈)၊ ဒေါက်တာဘဦး (၁၉၄၈–၁၉၅၂)၊ တရားရေးဝန်ကြီး ဦးအောင်ခိုင် (၁၉၅၂–၁၉၅၉)၊ ဗိုလ်မှူးချုပ်အောင်ကြီး (၁၉၅၉–၁၉၆၀)၊ ဗိုလ်မှူးချုပ် သရေစည်သူသန်းဖေ (၁၉၆၀–၁၉၆၁)၊ ဒုတိယဗိုလ်မှူးကြီး မောင်လူ (၁၉၇၉–၁၉၇၉) ဦးကြည် (၁၉၇၉–၁၉၈၈) ဒုတိယဗိုလ်မှူးကြီး လှန္တဲ့ (၁၉၈၉–၁၉၉၂)၊ ဒေါက်တာတင်ဦး (၁၉၉၃–၁၉၉၅)၊ ဗိုလ်မှူးကြီး လှဘူး (၁၉၉၅–၁၉၉၉)စသည့် ဥက္ကဋ္ဌကြီးများနှင့် မကြုံဘူး၊ မဆုံဘူးခဲ့ပါ။ ဆရာကြီး ဒေါက်တာကျော်ဝင်းကိုမူ အနီးကပ်ကြုံခွင့်၊ ဆုံခွင့်၊ သွန်သင် ညွှန်ကြားသမျှ နာယူ မှတ်သားခွင့်ရခဲ့ပါသည်။

ဆရာကြီး ဒေါက်တာကျော်ဝင်း၏ အမြင်ဖွင့် ဆွေးနွေးသွန်သင်ချက်များက ကျွန်တော် ကြက်ခြေနီဘဝ၏ တွေးခေါ်မြော်မြင် ဆင်ခြင်တုံတရားများ ထူးခြားစွာပြောင်းလဲ သွားစေခဲ့ပါသည်။

ကြက်ခြေနီဌာနချုပ်အရာရှိများ၊ ဌာနမှူးများ ဥက္ကဋ္ဌကြီး စာမေးမည်ကို ဖိန့်ဖိန့်တုံအောင် ကြောက်ကြသည်။ မေးခွန်းကိုမဖြေနိုင်လျှင်၊ ကဘောက်တိကဘောက်ချာ ဖြေလျှင် ဆရာကြီးက အိမ်စာတွေပေးလေ့ရှိသည်။ နောက်တစ်နေ့တွင် တကူးတက မေးတော့သည်။ ဌာနချုပ်မှ ပုဂ္ဂိုလ်များသာမက၊ ပြည်နယ်တိုင်းများမှ ဦးစီးမှူး(ပထမတန်း) (ဒုတိယတန်း)များ လည်းမလွတ်။ အလုပ်ရုံဆွေးနွေးပွဲတိုင်း၊ လှုပ်ရှားမှုတိုင်း စာမေးခံရလေ့ရှိသည်။

"ကြက်ခြေနီဥက္ကဋ္ဌကြီးကို သွားတွေ့မည့်အစား ကျားဖင်ကိုသာပြေးနှိုက်လိုက်ချင်သေးသည်" ဆိုသော ရယ်ရွှန်းဖတ်ရွှန်းစကားလည်း ကျွန်တော်ကြားဖူးသည်။ ကျွန်တော်လည်း မိမိကိုယ်မိမိ သတ္တိရှိ မရှိ စမ်းကြည့်သည့်အနေနှင့် ပန်းတနော် အင်းမမှ ရန်ကုန် ကြက်ခြေနီဌာနချုပ် ဥက္ကဋ္ဌကြီးရှေ့သို့သွားရောက်ကာ ဂါရဝပြုမိသည်။

"ကိုချစ်ဦး ခင်ဗျားက ဆိုက်ကား အင်ဗျူးလင့် ထော်လဂျီ လူနာတင်ယာဉ်တီထွင်တဲ့ ကျေးလက်ကြက်ခြေနီခေါင်းဆောင်ဆိုတော့ ကြက်ခြေနီစိတ်ဓါတ်ဆိုတာ သိသလား"။

" သိပါတယ် ဥက္ကကြီး မေတ္တာရှေ့ထား(Loving kindness) အကြင်နာပွား (Sympathy) စာနာပေးရာ (Empathy) မြတ်စေတနာ (Good-will) ပါဆရာကြီး"

"ကြက်ခြေနီလုပ်အားရှင်ဆိုတာကောဗျာ"

"သနားကြင်နာ (Sympathy) ကိုယ်ချင်းစာ (Empathy) ပြုစုပေးရာပညာရှာ (Capacity) ပါဆရာကြီး"

"တော်တယ်ဗျာ။ ဒီလိုဆိုကြက်ခြေနီဆိုတာ ဘာလဲ"

"ကြက်ခြေနီဆိုတာ အတ္တကိုယ်ကျိုးမမျှော်ကိုးပဲ၊ အန္တရာယ်ကြုံတွေ့နိုင်သူတွေနဲ့ ဘေးဒုက္ခကျရောက်နေသူတွေကို ကြက်ခြေနီလှုပ်ရှားမှုအခြေခံမူ(၇)ချက်နဲ့အညီ၊ သက်ဆိုင်ရာနိုင်ငံရဲ့ ဥပဒေဘောင်အတွင်းကနေ လူမှုကရုဏာလုပ်ငန်းတွေကို စာနာစိတ်နဲ့ဆောင်ရွက်ပေးနေတဲ့ စေတနာလုပ်အားရှင်ဖြစ်ပါတယ်"။

"အံမယ်တယ် ပြည့်စုံပါလား။ မေးသမျှဖြေနိုင်ရင်တော့ ထပ်မေးရဦးမယ်။"

ဖက်ဒရေးရှင်းရဲ့ မဟာဗျူဟာမျှော်မှန်းချက် Strategy -၂၀၁၀ ကို အင်္ဂလိပ်လိုရွတ်ပြစမ်းဗျာ။

"To improve the lives of vulnerable people by mobilinzing the power of humanity ပါ ဆရာကြီး"

"တယ်တော်ပါလားဗျာ။ ကျွန်တော်ကလည်း မေးစရှိရင် မေးချင်ချင်ဗျာ။ ခင်ဗျားကလဲ တော်တော်ဖြေနိုင်တော့ Humanity ရဲ့အင်္ဂလိပ်လို အဓိပ္ပါယ်ကိုရှင်းပြဗျာ"။

"ဥက္ကကြီးခင်ဗျာ Humanity ရဲ့အဓိပ္ပါယ်ကိုတော့ ကျွန်တော်ဖတ်မှတ် လေ့လာနေဆဲဖြစ်ပါတယ်။ ဆရာကြီးရှင်းပြမှ နားလည်နိုင်မယ့် ကျေးလက်က တပည့်ပါခင်ဗျာ"

"အေး အဲဒီလို ဖြောင့်ဖြောင့်မတ်မတ် ဝန်ခံတာကြိုက်တယ်။ မေးခွန်းတွေအများကြီး ဖြေနိုင်တာရယ်နဲ့ ဆိုက္ကား၊ ထော်လာဂျီ လူနာတင်ယာဉ်တီထွင်တာ အတွက် ကျွန်တော် နိုင်ငံခြားကရလာတဲ့ လက်ဆောင်တွေ ဆုချမယ် ရော့ဗျာ။ ကဲ စာရွက်နဲ့ဖောင်တိန်ယူပြီး Humanity ကို မှတ်ပေတော့။"

ကြက်ခြေနီဥက္ကဋ္ဌကြီး မေးလေ့ရှိသောမေးခွန်းများကို ကြိုတင်ကျက်မှတ်ထားသဖြင့် စာမေးပွဲကိုမူ အောင်ခဲ့ပါ၏။ သို့သော်ဂုဏ်ထူးမထွက်။ ဥက္ကဋ္ဌကြီးအခန်းမှ ထွက်လာသောအခါ တစ်ကိုယ်လုံးချွေးပြန်သည်မှာ ရေညှစ်၍ရသည်။ ကျွန်တော်၏ ကြက်ခြေနီဘဝသက်တမ်းတွင် မော်ကွန်းသစ်တင်ရမည့်နေ့အဖြစ် ထိုနေ့ကို ယနေ့တိုင်မမေ့နိုင်ခဲ့။

× × × × ×

အပြည်ပြည်ဆိုင်ရာကြက်ခြေနီအသင်းအဖွဲ့ ဌာနကိုယ်စားလှယ်များ၊ နိုင်ငံတကာလူမှုကရုဏာ INGO အဖွဲ့များနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းအမှုဆောင်များ အစည်းအဝေး ကျင်းပသော နေ့တစ်နေ့။ ICRC ကိုယ်စားလှယ်တစ်ဦးကအစည်းအဝေးမစမီ ဥက္ကဋ္ဌကြီး ဒေါက်တာကျော်ဝင်းအား အလွတ်သဘောဆွေးနွေးနေသည်။

"ဥက္ကဋ္ဌကြီးတို့ မြန်မာနိုင်ငံကြက်ခြေနီအသင်းက တပ်မတော်နေ့ချီတက်ပွဲ ပါဝင်ဆင်နွှဲနေတာ ကြက်ခြေနီလှုပ်ရှားမှုအခြေခံမူ (၇)ချက်နဲ့ ကိုက်ညီတယ်လို့ ဆိုနိုင်ပါသလား။ နိုင်ငံတကာကြက်ခြေနီအသင်းအဖွဲ့တွေရဲ့ စံနှုန်းနဲ့ ကိုက်ညီပါရဲ့လား။" ဟုမေးလေသည်။ ထိုအခါ ဥက္ကဋ္ဌကြီးက

"ကြက်ခြေနီဆိုတာ ဆိုဖာရီနိုစစ်မြေပြင်က သန္ဓေတည် ပေါက်ပွားလာတာမဟုတ်ပါလား။ စစ်ပွဲဆိုင်ရာ အတွေ့အကြုံတွေကို နှောင်းခေတ်ကြက်ခြေနီတွေမကြုံဘူး မသိဘူး၊ အတွေ့အကြုံမရှိဘူးဆိုရင် 4 Gevener Coventions (ဂျီနီဗာသဘောတူညီချက် ၄ ချက်)ကို ဘယ်လို လိုက်နာကျင့်သုံး ဖော်ဆောင်နိုင်မှာလဲ" ဟု ပြန်လည် မေးခွန်းထုတ်ခဲ့သည်။

တစ်နေ့၊ ထိုတစ်နေ့ကို ကျွန်တော်မမေ့ မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်တွင် အခြေစိုက်သော အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီအသင်းမှ ဌာနေကိုယ်စားလှယ်တစ်ဦး ဥက္ကဋ္ဌကြီး ရုံးခန်းအတွင်းသို့ ဝင်လာသည်။

"အလုပ်ရုံဆွေးနွေးပွဲလုပ်ဖို့ စီစဉ်ပြီးပါပြီ ဥက္ကဋ္ဌကြီး"

"အဲဒီအတွက် ခင်ဗျားတို့မှာ ရန်ပုံငွေရှိရဲ့လား။"

"ရှိပါတယ် ဥက္ကဋ္ဌကြီး။"

"အဲဒါခင်ဗျားပိုင်ငွေလား။"

"မဟုတ်ပါဘူး ဥက္ကဋ္ဌကြီး ဖက်ဒရေးရှင်းပိုင်ငွေပါ"

"ခင်ဗျားတို့ ဖက်ဒရေးရှင်းက ပိုင်တာလား၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းကို နိုင်ငံတကာက လှူဒါန်းတာတွေကို ထိန်းသိမ်းထားရတာလား။"

"ဥက္ကဋ္ဌကြီး ပြောတဲ့အချက်က မှန်ပါတယ်။"

"ခင်ဗျားတို့ Donar တွေ ကျွန်တော်တို့ကို လှူတဲ့ အလှူငွေတွေထဲက Salary(လစာ) လဲယူတယ်ဗျာ။ ခင်ဗျားတို့ရဲ့ Capcity နဲ့ Facality အတွက်လဲ သုံးတယ်ဗျာ။ ခုလဲ စီမံချက်အရ ကုန်သည်ကြီးများဟိုတယ်မှာ အလုပ်ရုံဆွေးနွေးပွဲ ၅ ရက်လုပ်ဦးမယ်ဗျာ။ ဒီလိုဆို အလှူရှင် Donar တွေ ရည်မှန်းလှူဒါန်းတဲ့ ဘေးဒုက္ခကျရောက်နိုင်တဲ့သူ Vulnerable နဲ့ဘေးအန္တရာယ်ကျရောက်နေသူ Victims တွေအတွက် ဘာကျန်သေးသတုံး။"

"ဒီလိုဆိုရင် အကုန်အကျသက်သာအောင် ဝင်ဒါမီယာထဲက ကျွန်တော်ငှားထားတဲ့ အိမ်မှာဖွင့်ပါမယ်"

"ခင်ဗျားအိမ်က ရုံးလား...ရုံးဖွင့်လို့မရဘူးလား။"

"ဒီလိုဆိုရင် ကြက်ခြေနီဌာနချုပ် အပေါ်ထပ်သင်တန်းခန်းမမှာဖွင့်ပါမယ်။"

"အဲဒါပေါ့ဗျာ။ အဲဒါမှ လုပ်ငန်းမှန်တာ ..."

ဇဝ်မေသုတံ ဤသို့ကြားလိုက်ရပါ၏။ ဥပလက္ခိတံ ဤသို့ ကျွန်တော်မှတ်လိုက်ရပါ၏။ ဥပဒါရိတံ ဤသို့ဆောင်လိုက်ရပါ၏။

× × × ×

"ကြက်ခြေနီဆိုတဲ့ အဓိပ္ပါယ်ဟာ ကဿပဘုရားရှင်လက်ထက် မဟာသုတသောမသုတ္တံမှာ ဖွင့်ဆိုထားတဲ့"

"မိမိမျက်မှောက်၊ ဒုက္ခရောက်သဖြင့်၊ ပုံထောက်မဲ့ပျူဆင်းရဲသူအား၊ အစာရေအေး၊ ဆေးဝါးပေး၍၊ လုပ်ကျွေးသမှုကိစ္စအစုစုကို၊ ကိုယ်ချင်းစာနာ၊သနားညှာ၍၊ များစွာပုံသေ၊ ပြုစုတတ်ပေ၏။" ဆိုတဲ့ သူတော်ကောင်းအဓိပ္ပာယ်ဖွင့်ဆိုချက်နဲ့အတူတူဘဲ။ဒါကြောင့် ကြက်ခြေနီဆိုတာ သူတော်ကောင်းဘဲကွဲ့ မောင်ချစ်ဦးရဲ့။"

ကျွန်တော့ တွေးခေါ်မြော်မြင်ဆင်ခြင်တုံတရားများ ဝင်းလက်တောက်ပြောင်သွားသည်။

"သူတော်ကောင်းဆိုတဲ့ အဓိပ္ပါယ်ကို အနှစ်ချုပ်ဖွင့်ဆိုထားတဲ့ မဟာသုတသောမသုတ္တံလာ နောက်လင်္ကာတစ်ခုက –

"နဂိုမူလ ဓါတ်ခံရသဖြင့်၊ ဘဝနောက်နှောင်း၊ ကောင်းထက်ကောင်းဖို့ လမ်းကြောင်းတီထွင် ပညာရှင်" တဲ့၊ နဂိုမူလဓါတ်ခံရသဖြင့်ဆိုတာက Heart Skill၊ ဘဝနောက်နှောင်းကောင်းထက်ကောင်းဖို့ဆိုတာက Head Skill လမ်းကြောင်းတီထွင်အကြင်ပညာရှင်ဆိုတာက Hand Skill ဘယ်သူတွေအတွက် အကြင်ပညာရှင်လည်း လူသားတွေအတွက် ကျွမ်းကျင်ပညာရှင်ဆိုတော့ Human Skill ပေါ့။ အမေရိကန်လူငယ်တွေက အဲဒီ 4H ဟာ သူတို့ဟာတဲ့။ တို့ဆီမှာက ကဿပဘုရားရှင် လက်ထက်ထဲက အစဉ်အဆက်ရှိခဲ့တာ။ စဉ်စစ် 4H ဟာတို့ဟာ။ ဒီတော့ ပြန်ကောက်ရရင် သူတော်ကောင်းဟာ ကြက်ခြေနီ၊ ကြက်ခြေနီဟာ သူတော်ကောင်း။ Skill ဆိုတာကျွမ်းကျင်မှု။ ဒါ့ကြောင့် ကြက်ခြေနီပညာရပ်တွေဟာ တတ်သိပညာ။ ကြက်ခြေနီဟာ တတ်သိပညာရှင်ဖြစ်မှ လူသားတွေအကျိုးအမှန်တကယ်သယ်ပိုးနိုင်မှာ။

ခရစ်ယာန်တရားတော်မှာ Profect of Red Cross, Hinary Dunant လို့ ညွှန်းဆိုထားတဲ့အတွက် ခရစ်ယာန်ဘာသာဝင်တို့က ကြက်ခြေနီကို သူတော်စင်တို့ရဲ့လုပ်ငန်းလို့ ယူဆကြပါတယ်။ ဘာသာတရားကို အင်မတန်အလေးဂရုပြုကြတဲ့ အစ္စလာမ်ဘာသာဝင်တွေကလည်း In the Name of God, Hinany Dunnant လို့ ညွှန်းဆိုထားတဲ့အတွက် "ဟင်နရီးဒူးနန့်ဟာ ဘုရားသခင်ရဲ့ နာမံတော်ထဲက တစ်ခုလို့ အလေးအမြတ် ခံယူထားကြပါတယ်။

ဒါကြောင့် ကမ္ဘာပေါ်မှာ ထင်ရှားတဲ့ ဘာသာတရားကြီး အသီးသီးက လူမှုကရုဏာရှင် ကြက်ခြေနီကို သူတော်ကောင်း၊ သူတော်စင်၊ ဘုရားသခင်ကိုယ်စားကိုယ်ပွားလို့ ခံယူထားကြတာကြောင့် ကိုယ့်ရဲ့နေရာဘယ်မှာဆိုတာ ကိုချစ်ဦးသိလောက်ရောပေါ့။" ဟု ဆုံးမပဲ့ပြင်သွန်သင်ခဲ့သည်။

× × × ×

၂၀၀၅ခုနှစ် ဧပြီလ၏ တစ်ခုသော ညနေခင်း။

ကြက်ခြေနီဌာနချုပ်၏ သောကြာနေ့ ဒါဘာပွဲတွင် မမေ့နိုင်သော နှုတ်ခွန်းဆက် မိန့်ခွန်းတစ်ရပ်ကို ဆရာကြီး ဒေါက်တာကျော်ဝင်းမိန့်ကြားခဲ့ပါသည်။

"ဆရာတို့ ကြက်ခြေနီဌာနချုပ် အမှုဆောင်အဖွဲ့ဟာ ဖော်လန်တီယာပါပဲ။ လကုန်လို့ ဌာနချုပ် ဝန်ထမ်းအရာရှိတွေ FEC ရာနဲ့ချီရပေမယ့် ဆရာတို့ အလုပ်အမှုဆောင်အဖွဲ့ ရတာတစ်လ FEC ၂ ကျပ်ပါ။ ဆရာဥက္ကဋ္ဌ အနေနဲ့ ရတဲ့ကားကို ဘယ်သောအခါမှ အိမ်နဲ့ ကိုယ်ရေးကိုယ်တာအတွက် မသုံးဘူး။ ဆရာနဲ့ပတ်သက်တဲ့သူတွေကို ဌာနချုပ်ရုံးမှာဖြစ်စေ၊ စီမံချက်လုပ်ငန်းတွေမှာ ဖြစ်စေမခန့်ဘူး။

ခင်ဗျားတို့ စီမံချက်လုပ်ငန်းတွေမှာရတဲ့ လုပ်အားခ FEC တွေ၊ နိုင်ငံခြားကပံ့ပိုးပစ္စည်းတွေကို အလှူရှင် Donar တွေကလှူတာ။သူတို့စားရမယ့် အစားအစာတွေ လျှော့စားပြီး၊ ဖိမ်ခံရမှာတွေကိုလျှော့ပြီး၊ မိသားစု အစစချို့ခြိုးပြီးမှ လှူကြတာ။ အဲဒီမွန်မြတ်တဲ့ အလှူငွေနဲ့ပစ္စည်းတွေကို ဘေးအန္တရာယ်ကျရောက်နိုင်သူ Vulnerable နဲ့ ဘေးဒုက္ခကျရောက်နေသူ Victims တွေကို လှူတာ။ ခင်ဗျားတို့ တစ်တွေက ကူညီကာကွယ်ဆယ်စောင့်ရှောက်သူ ပညာရှင်တွေအဖြစ် အခကြေးငွေယူကြရတာ။ တာဝန်မကျေရင်၊ မဖြောင့်မသား မတရားလုပ်ရင်တော့ သံတွေခဲတွေမြိုချရသလို ဒုက္ခပင်လယ်ဝေကြရမှာ။ နောင်ဘဝမှာလဲ အဝီစိချိုးကပ်ဦးမှာကို အသိတရားနဲ့သတိထားဖို့မှာချင်ပါတယ်" ဟုမိန့်မှာခဲ့သည်။

နာဂစ်မုန်တိုင်းလေပွေရိုင်းကြီးကြောင့် မြစ်ဝကျွန်းပေါ်ဒေသတွင် ၉ မြို့နယ်တွင် သဘာဝဘေးဒဏ် ခါးစည်းရှခံခဲ့ရသည်။ ကျွန်တော်တို့ အင်းမစံပြရွာ ကြက်ခြေနီတပ်ဖွဲ့သည်လည်း ထော်လာဂျီလူနာတင်ယာဉ် စင်းလုံးပြည့်အင်းအားဖြင့် လပွတ္တာနှင့် ဘိုကလေးမြို့နယ် ကျေးလက်ဒေသများသို့ သွားရောက်ကာ လူမှုကရုဏာလုပ်ငန်းများကို စာနာစိတ်ဖြင့် ဆောင်ရွက်ခဲ့ကြသည်။

ကျွန်တော်ကိုယ်တိုင် မအူပင်မြို့နယ် နာဂစ်ပြန်လည်ထူထောင်ရေးရုံးခွဲတွင် ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးပညာရှင်အဖြစ် ၃ နှစ်တာ၊ တာဝန်ထမ်းဆောင်စဉ်က ဥက္ကဋ္ဌကြီး ဒေါက်တာကျော်ဝင်း၏ ဩဝါဒမိန့်ခွန်းကို အလုပ်လမ်းညွှန် ဘဝလမ်းညွှန်အဖြစ်ခံယူကာ လုပ်ငန်းဆောင်ရွက်ခဲ့ရပါသည်။

× × ×

ဆရာကြီး ဒေါက်တာကျော်ဝင်း ကြက်ခြေနီဌာနချုပ်မှ အငြိမ်းစားယူသွားသည်မှာ သုံးနှစ်ကျော်ကြာခဲ့ပါပြီ။ ထိုင်းနိုင်ငံ ချင်းမိုင်မြို့သို့ ဆရာကြီးသွားရောက်ကာ ကြက်ခြေနီဆိုင်ရာပညာရပ်များ ပို့ချနေသည်။ FXB အဖွဲ့၏ အဝေးပြေးယာဉ်လုပ်သားများအတွက် အိတ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက် ကာကွယ်တားဆီးရေးစီမံချက် တွင် ယာယီဌာနမှူး တာဝန်ကူညီထမ်းရွက်နေသည်။ မြေးတွေကို ထိန်းကျောင်းရင်း၊ တရားဘာဝနာပွားများရင်း စမ်းချောင်းမြို့နယ် ကျွန်းတောလမ်း နေအိမ်တွင်ရှိနေသည် စသည်ဖြင့် ကောင်းသတင်းစကားကျွန်တော်ကြားရသည်။

ကျေးဇူးရှင် ဆရာကြီးအား မေ့လျော့ပေါ့ဆနေမိသည်မှာကြာခဲ့ပြီ။ ထိုကြောင့် ချွေးနည်းစာဖြင့် စုဆောင်းထားသော ငွေနှစ်သောင်း၊ စားဖွယ်သောက်ဖွယ် အာဟာရများ၊ လက်ဆတ်သော သစ်သီးများဖြင့် ဆရာကြီးအား သွားရောက်ကန်တော့သည်။

ထိုအခါ ဆရာကြီးဒေါက်တာကျော်ဝင်းက နှစ်ရှည်လများထုပ်ထားဟန်ရှိသော အထုပ်ကလေး တစ်ထုပ်ကို ကျွန်တော့ လက်ထဲသို့ထည့်လျက် "ခင်ဗျားကလေးနှစ်ယောက်ကိုပေးဖို့ ကျွန်တော်ရည်စူးထားတာ။ ကလေးတွေလက်ထဲရောက်အောင် ထည့်ပေးပါဗျာ။ ဒါမှကျွန်တော်စိတ်ကောင်း မှာ" ဟုမှာကြားသည်။

ဆရာကြီး၏မိန့်မှာချက်ကို မြေဝယ်မကျ နားထောင်ခဲ့သောကျွန်တော်။ အိမ်ရောက်၍ ဖွင့်ကြည့်လေသော် ငွေငါးသောင်းကျပ် ဖြစ်နေသည်ကို အံ့သြစွာတွေ့ရပါတော့သည်။

အသက်အရွယ်ကြီးမား၍ အငြိမ်းစားဘဝသို့ပင်ရောက်သော်လည်း ဘဝတစ်ကွေ့ခဏတွေ့သော တပည့်ကို စာနာထောက်ထား ညှာတာသနားသော ဆရာကြီးဒေါက်တာကျော်ဝင်းကို ရည်မှန်း၍ ဦးသုံးကြိမ်ချ ကန်တော့လိုက်ရပါတော့သည်။

**ချစ်ဦး**

# ဝက်သက်ရောဂါနှိမ်နင်းရေးကြိုးပမ်းမှုများ

## ဒေါက်တာရဲလှ (WHO)

အရှေ့တောင်အာရှဒေသနိုင်ငံများတွင် ဝက်သက်ရောဂါကင်းစင်ရေးနှင့် ဂျိုက်သိုးရောဂါနှင့် မွေးရာပါဂျိုက်သိုးရောဂါထိန်းချုပ်ရေး ရည်မှန်းချက်ပန်းတိုင်ကို ၂၀၂၀ ခုနှစ်တွင် ချမှတ်ပါသည်။

မြန်မာနိုင်ငံသည် ဝက်သက်ရောဂါသေဆုံးမှုလျော့ချရေး ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိစေရန် အားကြိုးမာန်တက်ဆောင်ရွက်ခဲ့ပါသည်။ ပုံမှန်ကာကွယ်ဆေးထိုးခြင်းနှင့် အပိုဆောင်း ကာကွယ်ဆေးထိုးခြင်းကို ၂၀၀၂ ခုနှစ်မှ ၂၀၀၄ ခုနှစ်ထိ ပထမအကြိမ်၊ ၂၀၀၇ ခုနှစ်တွင် ထပ်မံတစ်ကြိမ် နိုင်ငံတစ်ဝှမ်းလုံး ဆောင်ရွက်ခဲ့ပါသည်။ တစ်ဖန် ၂၀၁၂ ခုနှစ်တွင် အစုလိုက်ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းကို နိုင်ငံတစ်ဝှမ်းလုံးတွင် ဆောင်ရွက်ခဲ့ရာ လွှမ်းခြုံမှု ( ၉၇ ) ရာခိုင်နှုန်းရရှိခဲ့ပါသည်။ ယင်းနှစ်တွင်ပင် ဝက်သက်ဒုတိယအကြိမ် ကာကွယ်ဆေးကို ပုံမှန်ကာကွယ်ထိုးအစီအစဉ်တွင်ထည့်သွင်း ထိုးနှံခဲ့ ပါသည်။ လူနာတစ်ဦးချင်းစီအလိုက် ဝက်သက်ဂျိုက်သိုးရောဂါ စောင့်ကြပ်လေ့လာခြင်းလုပ်ငန်းကို ၂၀၀၉ ခုနှစ်တွင် စတင်ခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် ပထမအကြိမ် ကာကွယ်ဆေးထိုးလွှမ်းခြုံမှု (၈၆) ရာခိုင်နှုန်းနှင့်ဒုတိယအကြိမ် ကာကွယ်ဆေးထိုးလွှမ်းခြုံမှု (၈၀) ရာခိုင်နှုန်းရရှိအောင်မြင်ခဲ့ပါသည်။

ဝက်သက်ရောဂါ အောင်မြင်မှုကို အခြေခံအသုံးပြုလျက် အသက်အရွယ်ကျယ်ပြန့်စွာ ဦးတည်သော ၉ လမှ အသက် ၁၅ နှစ်အောက်ကလေးများကို နိုင်ငံတစ်ဝှမ်း ဝက်သက်ဂျိုက်သိုး ကာကွယ်ဆေးထိုးခြင်း ဆောင်ရွက်ပြီးနောက် ဂျိုက်သိုးကာကွယ်ဆေးကို ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် ထည့်သွင်းထိုးနှံမည်ဖြစ်ပါသည်။

နိုင်ငံတစ်ဝှမ်း ဝက်သက်ဂျိုက်သိုး ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းအကျိုးကျေးဇူးကြောင့် ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါ ကူးစက်ခံရဘွယ်ရာရှိသော ကလေးများကို ကာကွယ်လွှမ်းခြုံပြီးဖြစ်ပါမည်။ လက်ရှိရောဂါဖြစ်ပွားနေသော လူနာများမှာ အသက်ကြီးပိုင်းတွင် တွေ့နေရပါသည်။ တစ်နှစ်အောက် ကလေးများတွင် ဝက်သက်ရောဂါဂျိုက်သိုးရောဂါကာကွယ်ဆေး စတင်ထိုးပေးခြင်းဖြင့် မွေးရာပါဂျိုက်သိုးရောဂါဖြစ်ပွားနိုင်သည့်အန္တရာယ်ရှိသော အပျိုပေါက် မိန်းကလေးများကို ပြောင်းရွှေ့သွားကာ ကူးစက်ဝင်ရောက်နိုင်ပါသည်။ ထို့ကြောင့် နိုင်ငံတစ်ဝန်းဝက်သက် ရောဂါဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးခြင်းလုပ်ငန်းဖြင့် စတင်လျက်ဆောင်ရွက်ရခြင်းဖြစ်ပါသည်။ ဝက်သက်ရောဂါ၊ ဂျိုက်သိုးရောဂါ ပေါင်းစပ် ကာကွယ်ဆေးကို ထိုးနှံပေးမည်ဖြစ်ရာ ဆက်လက် ပုံမှန်ကာကွယ်ဆေးထိုး အစီအစဉ်တွင် အသက် ၉ လ၌ ထည့်သွင်း ထိုးနှံမည်ဖြစ်ပါသည်။ဂျိုက်သိုးရောဂါနှင့် မွေးရာပါ ဂျိုက်သိုးရောဂါပြဿနာ ဂျိုက်သိုးရောဂါနှင့် မွေးရာပါဂျိုက်သိုးရောဂါဖြစ်ပွားမှု ရောဂါပြဿနာ အတိမ်အနက်ကို ယခင်ကနှင့် မကြာသေးမီက လေ့လာခဲ့သော ပဋိပစ္စည်းတွေ့ရှိခြင်းနှင့် အဓိကဆေးရုံကြီးများတွင် စောင့်ကြည့် လေ့လာချက်များအရ ခိုင်လုံထင်ရှားစွာတွေ့ရှိခဲ့ပါသည်။ ဂျိုက်သိုးရောဂါကာကွယ်ဆေးကို ပုံမှန်ထိုးနှံပေးခြင်းဖြင့် အသက်ပေါင်းများစွာ ကယ်တင်နိုင်ပြီး နာတာရှည်မသန်စွမ်းမှုများကိုကာကွယ်နိုင်ပါမည်။ ဂျိုက်သိုးရောဂါသည် ကလေးများနှင့်လူငယ်များတွင် ဖြစ်တတ်သော မပြင်းထန်သည့် ဗိုင်းရပ်ရောဂါပိုးကြောင့်ဖြစ်သော ကူးစက်ရောဂါ တစ်မျိုးဖြစ်သည်။ ကလေးများတွင် အဖုအပိန့်ထွက်ခြင်းသည် သိသာထင်ရှား

သော ရောဂါလက္ခဏာဖြစ်သည်။ အပိန့်များသည် အရောင်ဖျော့သည်။ ဂျိုက်သိုးရောဂါကြောင့် နောက်ဆက်တွဲပြဿနာဖြစ်ခဲသည်။ ဤရောဂါပိုးသည အသက်ရှူလမ်းကြောင်းမှ တစ်ဆင့် ကူးစက်ပျံ့နှံ့သည်။ ရောဂါပိုးချိန် ၁၂ ရက်မှ ၂၃ ထိကြာသည်။ ပျမ်းမျှ ၁၈ ရက်ကြာသည်။ အပိန့်မထွက် မီတစ်ပတ်၊ အပိန့်ထွက်ပြီး ၂ ပတ်အတွင်းတွင် ရောဂါပိုးကို နှာခေါင်း၊ လည်ချောင်းအရည်များတွင် တွေ့ရသည်။ အပိန့်ထွက်ပြီး တစ်ရက်မှ ၅ ရက် အတွင်း အများဆုံး ပိုးပါသည်။

အနည်းငယ်ဖျားခြင်း၊ မအီမသာဖြစ်ခြင်း၊ မျက်စိနာခြင်း၊ နှာရည်ယိုခြင်းစသော ရှေ့ပြေးလက္ခဏာပြသည်။ နားရွက်နောက်၊ နောက်စေ့၊ လည်ပင်းနောက်ဘက် အကျိတ်များထွက်ခြင်းသည် ထူးခြားသည်။ ပြည်သူ့ကျန်းမာရေးပြဿနာမှာ ကိုယ်ဝန်ဆောင်မိခင်များ ဂျိုက်သိုးရောဂါကူးစက်ခံရပါက၊ ကလေးသေဆုံးခြင်း သို့မဟုတ် မွေးရာပါ ချွတ်ယွင်းချက်များဖြစ်ခြင်း အစရှိသည့် ဆိုးရွားသော နောက်ဆက်တွဲ ပြဿနာများ ဖြစ်တတ်သည်။ နားလေးခြင်း၊ မျက်စိတိမ်စွဲခြင်းနှင့် မွေးရာပါနှလုံးရောဂါများအပြင် ဘေလုံးကြီးခြင်း၊ အရေပြားအောက်သွေးအနီစက်များထခြင်း၊ ဦးခေါင်းခွံသေးငယ်ခြင်းများပါတွေ့ရှိရပါသည်။

### ဂျိုက်သိုးရောဂါနှင့်မွေးရာပါဂျိုက်သိုးရောဂါ စောင့်ကြပ်ကြည့်ရှုခြင်း

#### သံသယဂျိုက်သိုးရောဂါ

အသက်အရွယ်မရွေး လူနာတစ်ဦးသည် ဖျားခြင်း၊ အဖုအပိန့်ထွက်ခြင်း၊ လည်ပင်း၊ နောက်စေ့၊ နားနောက်ရှိ အကျိတ်ရောင်ရမ်းခြင်း ၊ အဆစ်အမျက်နာခြင်း၊ အဆစ်ရောင်ခြင်းများ၊ ဖြစ်ပွားလျှင် ကျန်းမာရေးဝန်ထမ်းက ဂျိုက်သိုးရောဂါသံသယရှိသူဟု သတ်မှတ်နိုင်သည်။

#### သံသယမွေးရာပါဂျိုက်သိုးရောဂါ

တစ်နှစ်အောက် ကလေးတစ်ဦး နှလုံးရောဂါ သို့မဟုတ် နားလေးခြင်း ဖြစ်ပွားလျှင် သို့မဟုတ် အောက်ပါမျက်စိလက္ခဏာများ တစ်ခု /တစ်ခုထက် ပိုပြီး ဖြစ်လျှင် (သူငယ်အိမ်ပေါက်အဖြူရောင် (တိမ်စွဲခြင်း) အမြင်မှုန်ဝါးခြင်း၊ ချိန်သီးကဲ့သို မျက်လုံးလှုပ်ရှားခြင်း၊ မျက်စိစွေခြင်း၊ မျက်လုံးသေးငယ်ခြင်း၊ မျက်လုံးကြီးခြင်းများတွေ့ရှိလျှင်) ကျန်းမာရေးဝန်ထမ်းက သံသယမွေးရာပါဂျိုက်သိုးရောဂါရှိသူဟု သတ်မှတ်နိုင်ပါသည်။ တစ်နှစ်အောက်ကလေးမိခင် ကိုယ်ဝန်ဆောင်စဉ် သံသယ/အတည်ပြု ဂျိုက်သိုးရောဂါ ဖြစ်ပွားသော ရာဇဝင်ရှိလျှင် ကလေးတွင် မွေးရာပါ ဂျိုက်သိုးရောဂါလက္ခဏာမရှိသော်လည်း ကျန်းမာရေးဝန်ထမ်းက မွေးရာပါဂျိုက်သိုးရောဂါသံသယရှိသူဟု သတ်မှတ်နိုင်ပါသည်။

### ဝက်သက်ရောဂါ၏အဓိပ္ပါယ်

မည်သူမဆို အောက်ပါရောဂါလက္ခဏာများကို တွေ့ရလျှင်

- ကိုယ်ပူခြင်း (နှင့်)
- တစ်ကိုယ်လုံး(အရည်ကြည်ဖုများမဟုတ်သော) အနီအဖုအပိန့်များပေါ်ခြင်း (နှင့်)
- ချောင်းဆိုးခြင်း၊နှာရည်ယိုခြင်း(သို့)မျက်စိနာခြင်း

ဝက်သက်ရောဂါ၏အဖြစ်များသော နောက်ဆက်တွဲပြဿနာများမှာ နားပြည်ယိုခြင်း၊ လေပြွန်များရောင်ခြင်းနှင့် နမိုးနီးယားအဆုတ်ရောင်ခြင်းတို့ဖြစ်သည်။

- ဝမ်းလျောခြင်းနှင့် အာဟာရချို့တဲ့ခြင်းတို့ကို တစ်နှစ်အောက်ကလေးများတွင် အထူးသဖြင့် တွေ့ရတတ်သည်။


ဦးနှောက်ရောင်ခြင်းကိုလူနာ ၁၀၀၀ မှ ၁၀၀၀၀၀ ခန့်တွင် (၁) ဦးဖြစ်သည်။ ဗီတာမင်အေချို့တဲ့ခြင်းသည် ဝက်သက်ရောဂါမှ ပြန်လည်နာလန်ထမှုကို ကြာမြင့်စေသည့်အပြင် ဝက်သက်ရောဂါ၏နောက်ဆက်တွဲပြဿနာများကို လည်းအဖြစ်များစေသည်။

### မြန်မာနိုင်ငံအတွင်း ဝက်သက်ရောဂါအခြေအနေ


၂၀၀၁-၂၀၁၄ ခုနှစ်အတွင်း ဝက်သက်ရောဂါကာကွယ်ဆေးထိုးလွှမ်းခြုံမှု ရာခိုင်နှုန်းသည် ၂၀၀၁ ခုနှစ်

## ၂၀၁၂ –၂၀၁၃ ခုနှစ်များတွင်ဝက်သက်ရောဂါဖြစ်ပွားမှု အခြေအနေပြမြေပုံ

၂၀၁၂ နှစ် ၂၁၈၉



၂၀၁၃ နှစ် ၁၀၁၀



တွင် ၈၄ ရာခိုင်နှုန်း၊ ၂၀၀၅ ခုနှစ်တွင် ၈၄ ရာခိုင်နှုန်း ၂၀၁၁ ခုနှစ် တွင် ၈၈ ရာခိုင်နှုန်း ၂၀၁၃ ခုနှစ်တွင် ၈၆ ရာခိုင်နှုန်းသာရှိသည်၊ ၎င်းသည် ရည်မှန်းထားသော ၉၅ ရာခိုင်နှုန်း ထက်နည်းသည်။

ပုံမှန်ဝက်သက် ကာကွယ်ဆေးထိုးနှံခြင်းသည် ဝက်သက်ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုတို့ကို ကျဆင်းစေပါသည်၊ ၂၀၀၇ ခုနှစ်တွင် နိုင်ငံတစ်ဝန်း အစုလိုက်ဝက်သက် ကာကွယ်ဆေးထိုးလုပ်ငန်းပြုလုပ်ခဲ့ပါသည်။ သို့ရာတွင် အသက်ငါးနှစ်ထိသာ လွှမ်းခြုံနိုင်ခဲ့သောကြောင့် အသက်ကြီးပိုင်းကလေးများသည် ကာကွယ်မှုမရှိသော အခြေအနေများဖြစ်ပေါ်နေပါသည်။ သို့ပါသောကြောင့် ဝက်သက်ရောဂါသည် သုံးလေးနှစ်လျှင်တစ်ကြိမ် ကပ်ရောဂါအသွင် ဆက်လက်ဖြစ်ပွားနေသေးသည်။

လာမည့်နိုင်ငံတစ်ဝှမ်းတွင် ဝက်သက်ရောဂါ၊ ဂျိုက်သိုးရောဂါ အစုလိုက် ကာကွယ်ဆေးထိုးနှံခြင်းဖြင့် ဝက်သက်ကာကွယ်ဆေးကို အသက်အုပ်စုကျယ်ပြန့်စွာ ၉ လမှ ၁၅ နှစ်ထိ အပိုဆောင်းတစ်ကြိမ်ရရှိမည်ဖြစ်ပြီး ရောဂါဖြစ်ပွားမှုနှင့် ကပ်ရောဂါအသွင်ဖြစ်ပွားမှုများကို သိသိသာသာ ကျဆင်းသွားနိုင်မည်ဖြစ်ပါသည် ဝက်သက်ရောဂါအစုလိုက် ကပ်အသွင်ဖြစ်ပွားမှုသည် ၂၀၁၂ ခုနှစ်တွင် ဆက်လက်ဖြစ်ပွားခဲ့ရာ မတ်လတွင်တစ်နိုင်ငံလုံး အစုလိုက် ဝက်သက်ရောဂါကာကွယ်ဆေးထိုးခြင်းလုပ်ငန်း ဆောက်ရွက်ခြင်းကြောင်း

# First Aid Mobile Application

၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်၊ စနေနေ့ ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့တွင် မိုဘိုင်းဖုန်းများအတွက် First Aid Moblie Application ကို စတင် မိတ်ဆက်ခဲ့သည်။ အဆိုပါ Application မှာ မိုဘိုင်းဖုန်း အသုံးပြုသူများ အတွက် ရှေးဦးပြုစုခြင်းဆိုင်ရာ သတင်းအချက်အလက်များကို ဖော်ပြပေးထားခြင်းဖြစ်သည်။

အရေးပေါ်ထိခိုက်အနာတရဖြစ်မှုများ ဖြစ်ပွားပါက အလွယ်တကူ မှန်မှန်ကန်ကန် ပြုစုပေးနိုင်ရန်ဖြစ်သည်။ အဆိုပါ Application တွင် အပူလောင်ခြင်း၊ အရိုးကျိုး ခြင်း၊ ကြွက်သားများထိခိုက်ခြင်း၊ ဆိုနင်ခြင်း စသည့်ပြုစုနည်း ၂၀ ကျော်ကိုဖော်ပြပေးထားသည်။ ထို့အပြင် ရေကြီးခြင်း၊ မီးလောင်ခြင်း၊ ရေပြင်အသက်ကယ်နည်းစသည့် အရေးပေါ် အခြေအနေများအတွက် မည်သို့ကြိုတင် ပြင်ဆင်ထားရမည်၊ ဆိုသည့် အကြံပြုချက်များကိုလည်း ဖော်ပြထားသည်။

ရှေးဦးပြုစုခြင်းဆိုင်ရာ Application ကို Google PLay Store တွင် ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့မှ စတင်ကာ အခမဲ့ရယူနိုင်ပြီဖြစ်ပါသည်။




---

ကူးစက်မှုများကို ထိန်းချုပ်နိုင်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ်တွင် ဝေးလံခက်ခဲသော ဒေသများ၌ အသက်ကြီးအုပ်စုများတွင် ကပ်အသွင်ဖြစ်ပွားမှု ၁၅ ကြိမ်ရှိခဲ့ပါသည်။ မြန်မာနိုင်ငံ အရှေ့ဘက် နယ်စပ်ဒေသများတွင် ကာကွယ်ဆေးမထိုးရသော အုပ်စုများ၌ ဖြစ်ပွား သေဆုံးမှုများရှိခဲ့ပါသည်။ သို့ရာတွင် ၂၀၁၄ ခုနှစ် နှစ်ဝက်ထိ သိသိသာသာ လျော့နည်းကျဆင်း သွားပါသည်။ ဖျားပြီးအပိန့်ထွက်သူ ၂၄၇ ဦးတွင် ဝက်သက် ရောဂါအတည်ပြုသူ ၁၁၀ ဦး ဂျိုက်သိုးရောဂါ ၂၅ ဦးတွေ့ရှိ ခဲ့ပါသည်။

မြန်မာနိုင်ငံတစ်ဝှမ်း ဝက်သက်ရောဂါ၊ ဂျိုက်သိုးရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းကို ကျန်းမာရေးဝန်ကြီးဌာနမှ ဦးဆောင်ပြီး ကျောင်းများနှင့် ပြည်သူလူထုအတွင်း အခြေပြု စုရပ်များ၌ နှစ်ဆင့်ခွဲလျက် ၂၀၁၅ ခု ဇန်နဝါရီလနှင့်ဖေဖော် ဝါရီလများတွင် အသက်အုပ်စု အသက်(၉)နှစ်မှ (၁၅)နှစ် အထိဆောင်ရွက်မည်ဖြစ်ပါ၍ နိုးနွယ်ဝန်ကြီးဌာနများ၊ UN အဖွဲ့အစည်းများ၊ INGO များ၊ Local NGO များ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြပါရန်တိုက်တွန်းအပ်ပါသည်။

**ဒေါက်တာရဲလှ**

# 75th Anniversary of
# Myanmar Red Cross Society
## Magazine



## English Section

# Recognition Letter from ICRC, April 20, 1939

To the Central Committees of the National Societies of the Red Cross.

Ladies and Gentlemen,

We have the honor to announce to you the official reconition by the International Committee of the Society of Burma Red Cross (Burma Red Cross Society).

As the result of the information that we have learnt that Mynamar is separated from India on the 1st of April 1937 to form as oversea terriory of the British Empire. The government of her majesty considers this country as being part of the Geneva Convention of 27th July 1929, as Great Britain has signed and ratified this convention for the amelioration of the fate of the injured and the sick men in the army in the field.

The Burma Red Cross section of India being dissolved on the 1st of April 1937, a nationl independent society, in which the former menber of the section if desired to be part of it, was formed and has been recognized by the government of Burma as the only existing Red Cross in this country. Moreover, the government of her majesty has reconized the Burma Red Cross officially and authorized her to lend their support to the health service of the British army.

According to her status since 1938, the Burma Red Cross has an aim: the care for the injured and sick people in the army, the fight against tuberculosis, assistance to the children, help for hospitals and sanitary eatabilishments, etc. Formed according to the principles of Geneva Convention and the resolutions of the Geneva Conference in 1863, the society extends its sphere of action in all the territories of Burma and adheres to the principles of moral solidarity which inite all the national societies of Red Cross. The president of the Society is statutorily the Governor of Burma, and his vice president, the Minister of the Public Health.

The secretary is Doctor J.A. Anklesaria, K.I.H, M.B.,B.S., D.P.H, and the treasurer M.A.W. Canmeron.

This Headquqrters of the Society in Rangoon.

The International Committee of the Red Cross is delighted to be able to recognize this new Society of Red Cross and accreit it to different Central Committees by recommending their benevolent welcome.

Please accept Madams and Messieurs, the assurance of our highest condideration.

Your sincerely

On behalf of International Committee of Red Cross

Max Huber
President

ICRC

The President

Geneva, 4 November 2014
DIR_GEN_MOUV 14_221 – MFAI/adi

Dear Prof. Tha Hla Shwe,

I am writing on behalf of the International Committee of the Red Cross (ICRC) to congratulate all the volunteers and staff of the Myanmar Red Cross Society on the 75th anniversary of its formal recognition.

The Myanmar Red Cross's commitment to alleviating human suffering has been unwavering from the outset. In the years since its inception, it has conducted a broad range of programmes to help people throughout the country – in such areas as disaster preparedness, emergency response, tracing and information services, and securing supplies of safe drinking water. Its role within the International Red Cross and Red Crescent Movement, particularly in relation to such crucial issues as 'health care in danger' and strengthening Movement coordination and cooperation – it is a member of the reference group on the latter subject – continues to grow.

Over the years, the ICRC has been able to count on its partnership and friendship with your National Society, and on the skills of your staff and volunteers.

I would like to take this opportunity to pay tribute to the dedication and selflessness of the volunteers and staff of the Myanmar Red Cross, and express my appreciation for the humanitarian work carried out by them.

Personally, and on behalf of the ICRC, I wish the Myanmar Red Cross continued success in all its humanitarian endeavours.

Yours sincerely,

Peter Maurer

## Vision of the IFRC

To inspire, encourage, facilitate, and promote at all times all forms of humanitarian activities by National Societies, with a view to preventing and alleviating human suffering, and thereby contributing to the maintenance and promotion of human dignity and peace in the world.

## Insight on MRCS

The Myanmar Red Cross Society (MRCS) having been in existence since 1937 has been through enormous challenges in carrying out its mandate as auxiliary to the Union Government of Myanmar, but has withstand all, with its commitment and dedication as a humanitarian organization, to save life and improve the situation of the most vulnerable, and has evolved through the years.

This year, MRCS has turned 75 years in existence. While it has achieved a great deal of accomplishment in serving humanity, it is still growing and doing its utmost best to be a far- improved humanitarian organization helping communities to be more resilient against disaster and health risks and threats.

The International Federation of the Red Cross and Red Crescent Societies (IFRC), being the membership organization of the Movement, of which MRCS is a member, renews its commitment and zeal, during this remarkable event in the history of MRCS, to support the national Society the utmost best way it can, to be a primary humanitarian organization in Myanmar, according to its Mission and Vision.

On behalf of the IFRC worldwide and the Myanmar Country Delegation, let me extend our sincerest congratulations and well wishes to MRCS on its 75th anniversary.



UDAYA REGMI

Head of Myanmar Delegation

International Federation of Red Cross and Red Crescent Societies

**Message for MRCS Diamond Jubilee from UNHCR**

မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီး၏၇၅နှစ်မြောက်စိန်ရတုနှစ်ပတ်လည်အခါသမယတွင် ကျွန်ုပ်တို့အနေဖြင့်လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ကြောင်းပြောကြားလိုပါသည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဘေးဒုက္ခကျရောက်သူများ၏ ဆင်းရဲဒုက္ခနည်းပါးသက်သာစေခြင်းအကျိုးငှာ နစ်မြုပ်ဆောင်ရွက်မှုနှင့်ရရှိသည့် အောင်မြင်မှုများအပေါ် အထူးပင် ချီးကျူးဂုဏ်ပြုလိုကြောင်းနှင့် လွန်စွာနှစ်ထောင်းအားရဝမ်းမြောက်ကြောင်း ပြောကြားလိုပါသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည်မြန်မာနိုင်ငံတွင်သက်တမ်းအရှည်ကြာဆုံးလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းတစ်ဖွဲ့ဖြစ်ပြီး ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးနှင့် ရင်းနှီးစွာအတူတကွလက်တွဲဆောင်ရွက်နေသော မိတ်ဖက်အဖွဲ့အစည်းလည်းဖြစ်ပါသည်။ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးအနေဖြင့် လေးစားယုံကြည်ရသော၊ အားကိုးအားထားပြုနိုင်သောအသင်းကြီးနှင့် ပူးပေါင်းဆောင်ရွက်မှုများမှ အကျိုးကျေးဇူးများစွာရရှိခဲ့ပါသည်။

ကျွန်ုပ်တို့အနေဖြင့်မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးနှင့်ကောင်းကျိုးဆောင်သည့်အတူတကွလက်တွဲဆောင်ရွက်မှုများကိုနောင်လာမည့်နှစ်များတွင်လည်း ဆက်လက်ဆောင်ရွက်ရန်မျှော်မှန်းကြိုဆိုပါသည်။ လူသားများ၏ဒုက္ခဆင်းရဲများကို နည်းပါးသက်သာစေရန်နှင့် ရပ်ရွာများ၏ခံနိုင်မှုစွမ်းရည်၊ အထူးသဖြင့်တစ်နေရာရာ ကျရောက်သည့်ကြုံတွေ့ရလေ့ရှိသည့် သဘာဝဖြစ်ရိုးဖြစ်စဉ်၏အကျိုးဆက်များကို ရင်ဆိုင်ရန်ကြိုတင်ပြင်ဆင်မှုများပြုလုပ်ရာ၌ ပိုမိုခိုင်မာတောင့်တင်းစေရန်တို့အတွက်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီး၏ အရေးပါလှသောအထူးတာဝန်ကို ဆက်လက်ဆောင်ရွက်ရာ၌ အောင်မြင်မှုအပေါင်းရရှိစေရန် ကျွန်ုပ်အနေနှင့်ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

I wish to express my sincere congratulations on the occasion of the Diamond Jubilee of the Myanmar Red Cross Society (MRCS). The commitment and achievements of the MRCS to alleviate the suffering of the most vulnerable are highly commendable and deserve the greatest admiration.

MRCS is among the oldest humanitarian organisations established in Myanmar and it has been and continues to be a close partner of the Office of the High Commissioner for Refugee (UNHCR). The UNHCR has benefitted enormously from the partnership with such a reliable and estimable organisation.

I look forward to continuing the fruitful collaboration with the MRCS in the years to come and I wish the MRCS every success in continuing to carry out its crucial mission to alleviate human suffering and to strengthen the resilience of communities, particularly in preparedness for the consequences of natural phenomenon, which are a reality in this corner of the world.

Sincerely,

Giuseppe de Vincentiis, Representative for UNHCR Myanmar

**Message from H.E. Mr. Pisanu Suvanajata**
**Ambassador of Thailand to Mynamar**
**on the occasion of 75th Anniversary of Myanmar Red Cross Society**

Who never heard of the Red Cross or Red Crescent ? I believe only very few pepole. Why? This is because this organization has been tasked with wide ranging duties, all of which are to make our lives better. Their missions are protect human life, to ensure respect for all human beings, to promote good health and wellbeing, and to prevent and alleviate human suffering. Their works have been well reconized and honoured worldwide. They have played very important roles in ever society by protecting and helping the disadvantaged, underprivileged, and the poor. Because of them, our society has become a better place to live.

Since this humanatarian movement was set up in 1863, or over 150 years ago in Geneva, Switzerland, it still stands high to this day, continuing to carry out noble missions around the world. Without them, the poor and the suffering would be abandoned and left behind. Therefore, our support is vital, not for the existence of the Red Cross itself, but for the survival and wellbeing of the disadvantaged. Now National Red Cross and Rec Crecent Societies in nearly every country in the world, including Myanmar and Thailand

In Thailand, the Thai Red Cross Society, previously known as the Red Unalom Society, was set up in 1893 in the region of King Rama V to care for injured coldiers who fought in the territorial dispute between the then Siam and France on the left bank of the Mekong River. At the time, there was no charitable organization to care for the suffering. And that was how the Thai Red Cross Society came into existence, and later in 1920, it was recognized by the International Committee of the Red Cross, and accepted as member of the International Federation of Red Cross and Red Crescent Societies in 1921.

Over 121 years of establishment, the Thai Red Cross Society has grown to become a humanatarian organization with various tasks from provision of healthcare and medical care, and blood transfusion services, to emergency relief and promotion and improvement of quality of life of the people. With Her Majesty Queen Sirikit as the President and H.R.H. Princess Maha Chakri Sirindhorn the Executive Vice President, they have played central roles in uniting the Thai pepole nationalwide for their support to the Thai Red Cross Society, marking its mission successful. It has creative ways to reach out to the pepole and to mobilize their support. including the Red Cross Fair, an annual event which is much-awaited to the Thai pepole.

*to next page*

The Thai and the Mayanmar Red Cross Society have been close, and Royal Thai Embassy has been working with the Myanmar Red Cross Society on many humanitarian mission including the earthquake in Shan State in March 2011. Last year when the two countries celebrated the 65th Anniversary of the Establishment of Thailan-Myanmar Diplomatics Relations, the Royal Thai Embassy initiated the ''Textiles of Two Lands'' The theme of textile was chosen as it is one of culturel heritage that can demonstrate strong bond of friendship and tradetional ties between the to countries. This commemorative event brought the Embassy and the Myanmar Red Cross Society ever closer as we share the common goals of promoting peace and proaperity, by strengthening the bonds of friendshp between peoples, creating mutual understanding, and improving their lives.

Having said that, the Embassy and the Myanmar Red Cross Society are currently working on a hygiene project at Myittawadi Monastery where around 500 orphans and novices live in deteriorated conditions. The Embassy has mobilized some funds to support the construction of new kitchen as well as the procurement of items for dental care and personal hygiene for children and kichen utensil. This project will not be possible without the support from the Myanmar Red Cross Society which helped train the orphans on how to properly take care of their personal hygiene.

In addititon to this, the Royal Thai Embassy continues to stay engaged with the Myanmar Red Cross Society for all possible support from Thailand and Thai Community in Myanmar with a view to realizing our joint objective to make the society we live in a better place.




On this grand day of jubilee
When debts were paid and slaves set free
We think about our history
of all Red Cross inclusion.

We aim to serve and aim to be
For fairness and for dignity
Regardless of ethnicity
To combat all exclusion.

Divisions and dissent abide
Red Cross turns no one aside
From Melbourne to Yangon we've tried
To keep alight this vision.

So light a candle for our road
Together as we bear the load
And reap the seeds that we have sowed
Today, in jubilation!







International Federation
Of Red Cross And Red Crescent Societies
ICRC
ကြက်ခြေနီနှင့်လခြမ်းနီလှုပ်ရှားမှု၏ အခြေခံမူ(၇)ချက်
လူသားချင်း စာနာထောက်ထားခြင်း
ကမ္ဘာပေါ်ရှိ မည်သည့်နေရာတွင်မဆို လူမှုဒုက္ခများကို တားဆီးရန်နှင့်ကြုံတွေ့ရပါကလည်း လျော့နည်းသက်သာစေရန် ဆောင်ရွက်သည်။
ခွဲခြားမှု မရှိခြင်း
တစ်ဦးချင်းစီ၏ ဆင်းရဲဒုက္ခနည်းပါးသက်သာစေရန် ဆောင်ရွက်ရာတွင် နိုင်ငံသား၊ လူမျိုး၊ ဘာသာရေး ယုံကြည်မှု၊ လူတန်းစား၊ နိုင်ငံရေး ခံယူချက်တို့နှင့် ပတ်သက်၍ ခွဲခွဲခြားခြား မပြုပါ။
ကြားနေခြင်း
စစ်ပွဲများ၌လည်းကောင်း၊ နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေး သို့မဟုတ် ဝါဒရေးရာ အငြင်းပွားမှုများ၌လည်းကောင်း ဘက်လိုက်မှု မရှိဘဲ ကြားနေသည်။
လွတ်လပ်ခြင်း
ကြက်ခြေနီသည် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများတွင် အစိုးရ၏ အရန်အင်အားသဖွယ် ဆောင်ရွက်ပြီး နိုင်ငံ၏ ဥပဒေများကို လေးစားလိုက်နာလျက် မိမိ၏ လွတ်လပ်မှုကို ထိန်းသိမ်းထားသည်။
စေတနာ့ဝန်ထမ်း အကျိုးဆောင်ခြင်း
လုပ်ငန်းဆောင်ရွက်မှုအတွက် အကျိုးအမြတ် ရရှိရေးဆန္ဒ အလျဉ်းမရှိသော စေတနာ့ဝန်ထမ်း ကယ်ဆယ်ရေး လှုပ်ရှားမှုဖြစ်သည်။
စည်းလုံးညီညွတ်ခြင်း
နိုင်ငံအတွင်း တစ်ခုတည်းသော ကြက်ခြေနီ သို့မဟုတ် လခြမ်းနီအသင်းအဖြစ် စည်းလုံးညီညွတ်စွာ ဆောင်ရွက်ပြီး လူတိုင်းပါဝင်ခွင့်ရှိသည်။
ကမ္ဘာတစ်ဝန်း ပျံ့နှံ့ခြင်း
ကမ္ဘာတစ်ဝန်းတွင် လှုပ်ရှားဆောင်ရွက်သည့် လုပ်ငန်းဖြစ်သည်။

# THE FUNDAMENTAL PRINCIPLES

## Humanity

The International Red Cross and Red Crescent Movement, born of the desire to bring assistance without discrimination to the wounded on the battlefied, endeavours, in its international and national capacity, to prevent and alleviate human suffering whenever it may be found. Its purpose is to protect life and health and to ensure respect for the human being. it promotes mutual understanding, friendship, cooperation and lasting peace among all peoples.





## Impartiality

It makes no discrimination as to nationality, race, religious beliefs, class or policy opinions. It endeavours to relieve the suffering of individuals, being guided solely by the needs, and to give priority to the most urgent cases of distress.




## Neutrality

In order to continue to enjoy the confidence of all the movement, the movement may not take sides in hostilities or engage at any time in controversies of a political, racial religion or ideological nature.



## Independence

The movement is independent. The National Societies, while auxiliaries in the humanitarian services of their goverments and subject to the laws of their respective countries, must always maintain their autonomy so that they may be able at all times to act in accordance with the principles of the movement.



## Voluntary Service

It is a voluntary relief movement not prompted in any manner by desire for gain.



## Unity

There can be only on Red Cross and Red Crescent Society in any one country. It must be open to all. It must carry on is humanitarian work throughout its territory.



## Universality

The International Red Cross and Red Crescent Movement, in which all societies have equal status and share equal responsibilities and duties in helping each other, is worldwide.

# Red Cross Emergency Response to Myanmar Cyclone Nargis

**Prof. Tha Hla Shwe**



Cyclone Nargis struck Myanmar on 2 and 3 May 2008, coming into the delta region from the Indian Ocean. It was a cyclone of Category 3 to 4 intensity never before experienced in Myanmar. The full force of the cyclone was felt in Ayeyarwady and Yangon Divisions, with the storm crossing directly over Yangon city. The greatest strength and impact of the cyclone was felt in Ngapudaw, Bogale, Labutta, Mawlamyinegyun townships, while Pyapon, Dedaye, and Kyaiklat townships in Ayeyarwady Division. Kungyangone, Twantay, Kawhmu and Kyauktan townships in Yangon division were also devastated.
The damage was the result of wind, water and storm surge coming in together. The storm surge was reported to be as high as 7 metres in some places. The greatest damage and loss of lives were observed in the rural villages, with some small villages of less than 100 households being completely swept away in the storm surge. The loss of lives were less in large villages and urban areas where there were more permanent structures, but the damage to houses and properties remained high, going up to 95% in some areas. The official figures

on 2 July 2008 reported 84,537 people dead, 53,836 people missing, 19,359 injured and 1,064,623 people displaced. According to Myanmar Red Cross Society (MRCS) assessment teams' reports the number of affected people stood at 2,895,842.

## Disaster Preparedness

MRCS received Nargis Cyclone alert on the evening of 29th April 2008 at 8 pm. The Disaster Management (DM) division of MRCS informed Red Cross branches in Rakhine, Ayeyarwady, Yangon and Bago divisions immediately. The instructions given were: to alert local people about the impending cyclone; to respond to cyclone if necessary in cooperation with local health and administrative authorities; to prepare relief supplies as ready-to-send cargo; to keep in contact with MRCS head quarters (HQ) by phone or through designated contact persons.

Starting from 30th April, preparations were made at MRCS HQ to form Assessment Teams (AT), with people who have had training in Regional Disaster Response Team (RDRT) training abroad as team leaders. Relief supplies available in Yangon MRCS warehouses were prepared to be able to send them out to required areas quickly. On 2nd May afternoon Dr Tun Myint, MRCS Executive Committee member in charge of DM, together with Ms Bridget Gardner, Head of Delegation, International Federation of Red Cross & Red Crescent Societies (IFRC), attended a meeting with United Nations (UN) agencies to plan possible responses to the Nargis Cyclone as necessary.

## Disaster Response

Disaster Assessment

MRCS Executive Committee members and staff, together with delegates from IFRC, International Committee of the Red Cross (ICRC), French Red Cross

(FRC) and Danish Red Cross (DRC), started planning from Day1 of the cyclon (3rdMay 2008) to send assessment teams to the affected areas as soon as possible. Five teams were formed with Red Cross (RC) staff and volunteers (RCV), those being trained as Regional Disaster Response Team (RDRT) leading them. They were sent out on 4th May morning – two teams to Ayeyarwady Division, one team to Yangon Division, one team to Bago Division, and, one team to Kayin and Mon States.

The teams met with township local authorities, RC supervisory committee members and community members collecting data relating to number of buildings damaged; number of families/people injured, missing and deaths; status of existing health infrastructure; etc., according to Disaster Assessment and Needs Assessment (DANA) format. They also visited some villages for assessment. The reports were phoned in daily and also in person and were completed by 7th May 2008.

<u>Disaster Monitoring</u>

A monitoring room was set up at the MRCS HQ with the FRC delegate, who have had experience in disaster management, leading the activities. The team compiled the reports from the field and fed the data to the Operations Management Team (OMT) day to day.



<u>Operations Management</u>

The operation was managed by the MRCS fulltime EC member in charge of Disaster Management (DM) together with the counterpart from IFRC. The OMT initially made plans to assist 30,000 families in the disaster affected area on 6 May 2008. This was revised to 100,000 families on 16 May 2008 after reviewing the assessment reports from the MRCS assessment teams.
The operations planned to provide assistance in three phases:

**Phase 1** – Short term phase, 0 to 6 months. This phase is concerned with **rescue, relief** and **early recovery** activities in the later months for the affected people. The focus will be on meeting survival needs of the affected people, on preventing and controlling outbreaks of communicable diseases and on scaling up to meet the needs of large target population while laying ground for early recovery.

**Phase 2** – Medium term phase, 6 to 12 months.This phase will put emphasis upon providing **recovery** support to strengthen the resilience of the most vulnerable people in the cyclone affected areas while enhancing the operational efficiency and effectiveness of MRCS public services, volunteer base and branch structures.

**Phase 3** – Long term phase, 12 to 36 months. There will be inputs to strengthen **rehabilitation and Disaster Risk Reduction** through the development and expansion of community-based programmes and activities while conducting ongoing assessment to identify and support households not achieving recovery.

The operation is being carried out by 258 MRCS staff together with 21 – 30 expatriate delegates from IFRC, DRC, FRC, Malaysian Red Cross, Singapore Red Cross, Indonesian Red Cross, American Red Cross, British Red Cross, German Red Cross, Austrian Red Cross, Australian Red Cross, Korean Red Cross,



Japanese Red Cross, among others. They are helped in the field by over 2000 Red Cross Volunteers (RCV), including volunteers from Kachin, Mon, Mandalay, Magway, Shan (South) branches and also from non-affected townships in Ayeyerwady Division.

<u>Rescue & Relief work</u>

Rescue work started from the very first day of the cyclone with the RCVs out on the streets of Yangon in the rain and winds helping the victims. The RCVs were removing fallen trees blocking the roads, helped disaster affecter affected people to find appropriate shelters, helped injured persons, giving first aid and referring them to hospitals or nearest

health centres. They were not only recruiting blood donors but also donating blood as the need arises.

The RCVs were also instrumental in providing relief supplies to all of the affected areas. These volunteers have tried to reach the most remote villages, sometimes at their own peril and had to be told not to take risks. Up to middle of September 2008, 56 relief items, including tarpaulins, shelter tool kits, kitchen sets, hygiene kits, etc., were distributed to 236,100 families or over 1 million vulnerable people in the affected areas.

A total of 8 water purification equipment, producing 5000 - 20000 litres per hour, were established in Bogale, Labutta, Mawlamyainggyun and Dedaye townships. Two 1000 litre water tanks were also set up in Kyaiklat township, while a total of 8 ponds were cleaned of salt water in Kyaiklat and Dedaye townships. These units were donated by German, Australian, Austrian, French and British Red Cross Societies together with technicians and experts



who set up these machines and help train MRCS staff and RCVs.

In the later part of the relief phase, Psycho-social Support Programmes (PSP) and Restoring Family Link (RFL) activities were included in the work of RCV teams. The activities are now planned and implemented by MRCS staff stationed at 9 "Hubs" or MRCS Nargis Rehabilitation Offices set up in the most affected townships assisted by local RCVs. These "Hubs" are required to collaborate and coordinate their activities with the local authorities, other Non-Governmental Organizations (NGO), International NGO and United Nations agencies working in the areas.

Challenges met by the MRCS

1. Difficulty in reaching villages especially in remote areas (boats required to gain access to many villages).

2. Difficulty in communicating, sending/sharing information between townships and HQ.

3. Need for more water purification (WATSAN) facilities especially in village tracts and villages.

4. Developing human resources for disaster risk reduction, especially among local RCVs and retaining them.

5. Meeting needs for livelihood and emergency financial needs of affected people.

Future Plans of MRCS for Cyclone Nargis Recovery and Rehabilitation phases

MRCS have identified 13 priority townships from the affected townships in the Ayeyarwady and Yangon Divisions based upon criteria specified for worst hit areas. MRCS is now in the process of assessing and selecting approximately 150 most vulnerable village tracts out of 1912 village tracts in the affected areas. Each village tract, on the average, consists of 5 – 15 villages bringing the total to approximately 1000 villages. The following Recovery and Rehabilitation work will be carried out in all villages of the selected village tracts.

Activities to be carried out for the selected villages/households after needs assessment will include:

1. Distribution of relief items will continue for families not receiving any items as yet or to those families which has not achieved satisfactory recovery.



2. Setting up communication facilities like early warning system together with other telecommunication facilities.

3. Capacity building of local RCVs in towns and villages for disaster risk reduction have been carried out with the aim of these RCVs helping local population acquire knowledge and skills in disaster risk reduction activities.



4. Continue providing WATSAN facilities up to village tract levels.

5. Provide or help in primary health care services, especially those fitting the capacity of RCVs.

6. Continue and expand PSP and RFL activities with Partner National Societies (PNS) and, or, international and local organizations.

7. Provide support for food security and livelihoods of the identified affected families which may include supply of livestock, grains, seeds, fertilizers, fishing boats, nets, basic equipment for cottage industries and household jobs like tailoring, hair dressing, etc.

8. Consideration for small financial loans if possible.

9. Renovate or build and equip some Rural Health Centres, the numbers to be based upon available resources.

10. Strengthen some existing buildings which can be used as 'safe havens' in time of disasters or build RC training centres cum disaster shelter, based upon available resources.

**Conclution**

MRCS has responded to its fullest capacity during the relief phase of the operation with help from many PNS, IFRC, and ICRC, the three components of the Red Cross Movement, together with the participation and involvement of the local Red Cross Volunteers (RCVs). MRCS will also carry out the recovery and rehabilitation activities together with these partners. All of the activities would not be possible without the RCVs who really are the "Heroes" of MRCS response. These RCVs are the sons and daughters of people in the communities and they should take pride in producing such humanitarian workers. The author would like to pay tribute to them through this article.

Thank you RCVs for all of your selfless humanitarian work in responding to the cyclone.



---

## MY WISH II



If can foster the Volunteering Spirit in a person
And show the merits he/she can gain
If I can prevent that Spirit from fading
I would not have been a Red Cross President in vain

Tha Hla Shwe
President
Myanmar Red Cross Society
2014 September

**Structure of MRCS**

The structure of the society's national headquarters consists of seven divisions and eight units. They are the Administrative Division, Disaster Management Division, Finance Division, Health Division, Communication Division, First Aid and Safety Services Division and Organizational Development Division, Human Resource Unit, Resource Mobilization Unit, Logistic Unit, Restoring Family Links Unit, Engineer Unit, International Relation Unit, Disaster Risk Reduction Unit and Operations Management Unit . The management is headed by the Executive Director/Secretary-General, who is also the full-time Executive Committee member of the National Society. The Executive Director/Secretary-General carries out his functions under the authority of the Central Council and the Executive Committee.

